www.burmeseclassic.com

တကောင်းစာအုပ် (၁၀)

# သိပ္ပံမောင်ဝ

( ဦးဖေမောင်တင် တည်းဖြတ်သည် )

# အောက်စ်ဖို့ဒ်တက္ကသိုလ် ခရီးသွားမှတ်တမ်း

**ဖြန့်ချိရေး**

❖❖ တကောင်းစာအုပ်တိုက်
အမှတ်၅(ခ)၊ စေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၇၂၃၆၈၅

❖❖ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၂၂၅၇၄၅

www.burmeseclassic.com



## စီစဉ်သူ၏စကား

သိပ္ပံမောင်ဝ၏ အောက်စ်ဖို့ဒ်တက္ကသိုလ်ခရီးသွားမှတ်တမ်းစာအုပ်အား ယခုစတုတ္ထအကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရာ၌ တတိယအကြိမ်ရိုက်နှိပ်ခဲ့သော စာအုပ်ကို မူရင်းယူ၍၊ တတိယအကြိမ်၌မပါဝင်ခဲ့ပဲ ပထမအကြိမ်-ဒုတိယအကြိမ် တို့တွင်ပါဝင်ခဲ့သော အောက်စ်ဖို့ဒ်တက္ကသိုလ်၌ပညာသင်ကြားခဲ့သည့် ကျောင်းသား(၂၄)ဦးစာရင်းကို ထည့်သွင်းဖော်ပြထားပါသည်။

ဤစာအုပ်ကို ထုတ်ဝေခွင့်ပြုသည့် စာရေးဆရာသိပ္ပံမောင်ဝ ၏သမီး ဖြစ်သူ ဒေါ်တင်မွေမြင့် ၊ အကူအညီပေးခဲ့သူ ဦးမြင့်ကြိုင်( ဒုတိယ ညွှန်ကြား ရေးမှူးချုပ် ၊ ယဉ်ကျေးမှုဝန်ကြီးဌာန )တို့အားကျေးဇူးတင်ရှိပါသည်။

စာပေလောကသို့ စာအုပ်ထုတ်ဝေစီစဉ်သူအဖြစ် စတင်ဝင်ရောက်ခဲ့ သည့် လွန်ခဲ့သောတစ်နှစ်ကျော်ကာလမှသည် ယနေ့အထိ ကျွန်တော့်အား စိတ်အား လူအားဖြင့် အကြံဉာဏ် အကူအညီများပေးခဲ့သည့် စေတနာစာပေမှ ကိုကျော်လှိုင် ၊ **Unity** စာပေမှ ကိုသန်းဆွေ ၊ ကိုရွေး တို့နှင့် စာပေမြတ်နိုးသူ စာဖတ်ပရိသတ်များအား အထူးကျေးဇူးတင်ရှိပါသည်။

နေမျိုးသူရ

တကောင်းစာအုပ်တိုက်။

www.burmeseclassic.com



ကျွန်တော့်အား ငယ်စဉ်ကပင် ကောင်းစွာပြုစု စောင့်ရှောက်ခဲ့သော ကွယ်လွန်သူ ဘွားဒွေးအား ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

သိပ္ပံမောင်ဝ

# နိဒါန်း

ဗု - ခံ - သံ - န

ကျွန်တော်သည် အင်္ဂလန်ပြည်တွင်သာမဟုတ်၊ တစ်ကမ္ဘာလုံးတွင်ပင် ထင်ရှားကျော်စောသော အောက်စ်ဖို့ဒ်တက္ကသိုလ်ကြီးတွင် ကျောင်းသားအဖြစ်ဖြင့် နှစ်နှစ်တိုင်တိုင် နေထိုင်ခဲ့ဖူးလေသည်။ ထိုတက္ကသိုလ်သို့ ပညာသင်ကြားရန် သွားလိုကြသောကျောင်းသားတို့၏ အကျိုးငှာလည်းကောင်း၊ နောင်လာနောက်သားများ၏ အကျိုးငှာလည်းကောင်း၊ ဒေသန္တရ ဗဟုသုတလိုက်စားသူတို့၏အကျိုးငှာလည်းကောင်း၊ ကျွန်တော်တွေ့မြင်ကြုံကြိုက်ခဲ့ရသော အကြောင်းများကို မှတ်တမ်းတင်ထားထိုက်သည်ဟု ထင်မှတ်မိပေသည်။ ဤသို့ မှတ်တမ်းတင်ထားရန်မှာလည်း များစွာမှပင်လိုအပ်သောအချက်ဖြစ်၏။ ပညာအမျိုးမျိုးတို့ကို သင်ကြားရန်အလို့ငှာ အနောက်နိုင်ငံများသို့ လုလင်ပျိုအများသွားခဲ့ကြလှလေပြီ။ ပညာတတ်မြောက်ကြပြီးနောက် မြန်မာပြည်သို့ ပြန်ရောက်လာကြသော ဘိလပ်ပြန်တို့လည်း အတော်အတန်ပင်များလေပြီ။ သို့ရာတွင် အနောက်နိုင်ငံများ၌ မိမိတို့တွေ့ကြုံခဲ့ရသော အကြောင်းများကိုမူကား မည်သူတစ်စုံတစ်ယောက်ကမျှ ကျကျနန မှတ်တမ်းတင်ထား ခဲ့ကြသေးသည် မရှိပေ။ သို့ဖြစ်သောကြောင့် အနောက်နိုင်ငံများသို့သွားကာ ပညာသင်ကြားလို သူတို့မှာ စမ်းတဝါးဝါးနှင့်သာ မေးမြန်းစုံစမ်းကြရရှာပေသည်။ ဤသို့ မေးမြန်းပြန်သော အခါများတွင်လည်း စုံစုံလင်လင်မသိရ၊ မလိုသည်ကိုမေးမိ၊ လိုသည်ကို မမေးမိကြသောကြောင့် အချက်ထဲကျသောအခါ အမှားမှားအယွင်းယွင်းတို့နှင့် ကြုံတွေ့တတ်ကြလေသည်။

ထိုမှတစ်ပါးလည်း မြန်မာစာပေတွင် နိုင်ငံခြားဒေသန္တရ ဗဟုသုတနှင့်

ပတ်သက်၍ ရေးသားထားသော စာအုပ်စာတမ်းများမှာ လွန်စွာမှပင် ရှားပါးလှပေ၏။ မခံချင်သူတို့က ကင်းဝန်မင်းကြီး ရေးသားထားခဲ့သော လန်ဒန်သွားမှတ်တမ်း၊ ပါရစ်သွားမှတ်တမ်းတို့ကို ညွှန်ကြားကြပေလိမ့်မည်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ၎င်းမှတ်တမ်းကြီးများကို ဖတ်ဖူးပါ၏။ သို့ရာတွင် ကင်းဝန်မင်းကြီး တို့သွားစဉ်ကနှင့် ယခုအချိန်ကမတူတော့ပေ။ နေရာတကာတွင် အမျိုးမျိုးပြောင်းလဲလျက်နေချေပြီ။ ကင်းဝန်မင်းကြီးတို့သွားသောအခါနှင့် ယခုခေတ်ကို မဆိုထားဘိ၊ တစ်နှစ်နှင့်တစ်နှစ်ပင်လျှင် မတူတော့ပေ။ အနောက်နိုင်ငံများတွင် အပြောင်းအလဲ အလွန်လျင်မြန်လှပေ၏။ ထို့ပြင်လည်း ကင်းဝန်မင်းကြီးတို့ သွားကြသည်မှာ သံအမတ်အဖြစ်ဖြင့် မဟာမိတ်ဖွဲ့စည်းရန် သွားကြခြင်းဖြစ်လေသည်။ ရောက်ရာရောက်ရာ အရပ်တို့တွင် ကြိုဆိုသူများ၊ နေရာထိုင်ခင်းစီမံပေးသူများ၊ ပွဲလမ်းသဘင် ပြသသူများနှင့်အသင့်၊ အခန့်စား သွားကြခြင်းဖြစ်လေသည်။ ကျွန်တော်တို့ ယခုသွားကြ သူတို့မှာကား ရိုးရိုးဆင်းရဲသားများကဲ့သို့ သွားကြရသောကြောင့် အဘယ်မှာလျှင် ကင်းဝန်မင်းကြီးတို့ သွားပုံမျိုးနှင့်တူနိုင်ပါအံ့နည်း။ နေရာထိုင်ခင်းမှစ၍ နေရာတကာတွင် ကိုယ်တိုင်စီမံကြရလေသည်။ အင်္ဂလန်၌ အသိမိတ်ဆွေရှိကြသူတို့မှာ တော်ပေသေး၏။ အသိမိတ်ဆွေ မရှိသူတို့၏ အဖို့ကား ယောင်လည်လည်နှင့် များစွာစိတ်ပျက်စရာ ကောင်းလှပေသည်။ ဤအကြောင်းများကို ထောက်ခြင်းအားဖြင့် ယခုကာလ ပညာသင်ကြားရန် သွားလိုသူတို့အဖို့ မှတ်တမ်းတစ်စောင် အမှန်ပင်ရှိသင့်ပေသည်။

တက္ကသိုလ်အကြောင်းသက်သက်ကိုသာ မရေးသားလို။ မြန်မာပြည်မှ ထွက်ကတည်းကတွေ့မြင်ရပုံ၊ ကြုံကြိုက်ရပုံ၊ နေထိုင်ရပုံအကြောင်းများကို ရေးသားလိုရင်းဖြစ်၏။ သို့မှသာလျှင် အင်္ဂလန်ပြည်သို့သွားကာ ပညာသင်ကြားလိုသူတို့အဖို့ အကျိုးများပေလိမ့်မည်။ အင်္ဂလန်သို့ သွားရပုံအကြောင်း၊ အင်္ဂလန်၌ တွေ့ကြုံရပုံ အကြောင်း၊ အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်းများကို ရေးသားရာတွင် ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ဘူးသော အကြောင်းအရာများကိုသာလျှင် ရေးသားပါမည်။ ကျွန်တော်ကိုယ်တိုင် မတွေ့ကြုံခဲ့ရသော အကြောင်းအရာတို့လည်း အများပင်ကျန်ပေဦးမည်။ ၎င်းအကြောင်းများနှင့် ပတ်သက်၍ကား ဤမှတ်တမ်းတွင် ရေးသားဖော်ပြနိုင်မည် မဟုတ်ကြောင်း ။ ။

**သိပ္ပံမောင်ဝ**

**၁၂၉၅ ခု၊ တပေါင်းလဆန်း ၁၂ ရက်**

**ညောင်တုန်း**

# မာတိကာ

## အခန်း ၁
## လန်ဒန်သို့အသွား


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သိပ္ပံမောင်ဝ၏ အတ္တုပ္ပတ္တိ | ၁၂ |
| စိတ်ကူး | ၂၁ |
| ဆာဟာကုတ်ဘတ္တလာ | ၂၂ |
| ပညာတော်သင် | ၂၃ |
| ရှုပ်လိုက်ပါဘိ | ၂၄ |
| သင်္ဘောဆိပ် | ၂၅ |
| စစ်ကိုင်း | ၂၇ |
| ပညာတော်သင်မိတ်ဆွေများ | ၂၈ |
| သံယောဇဉ် | ၂၈ |
| လှိုင်းမူးပြီ | ၂၉ |
| မစားနိုင်မသောက်နိုင် | ၃၀ |
| ၃ ရက်ကြာသော် | ၃၁ |
| သီဟိုဠ်ကျွန်း | ၃၁ |
| သီဟိုဠ်ကျွန်းလွန်လေသော် | ၃၂ |
| ကစားအမျိုးမျိုး | ၃၂ |
| နေ့စဉ်အလုပ် | ၃၂ |
| နံနက်စာ | ၃၃ |
| နေ့ခင်း | ၃၄ |
| ညနေ | ၃၄ |
| ညဉ့်ဦး | ၃၄ |
| အာဖရိကတိုက် | ၃၅ |
| ပင်လယ်နီ | ၃၆ |
| ပို့ဆူဒန်း | ၃၆ |

ဆူးအက်တူးမြောင်း ၃၇
တူးမြောင်းထဲ ဝင်ပြီ ၃၇
ပို့ဆက်မြို့ ၃၈
အမျိုးမျိုးပြောကြ ၃၉
ခရိ (တ်) ကျွန်း ၄၀
အီတလီ ၄၁
ဆာဒီနီးယားနှင့် ကောဆီးကား ၄၂
မာဆေးမြို့ ၄၃
မြို့ကိုလှည့်၍ ကြည့်ကြခြင်း ၄၄
ထွက်ခဲ့ပြန်သော် ၄၅
စပိန်ကမ်းခြေ ၄၆
ဘစ်စကေပင်လယ်အော် ၄၆
အင်္ဂလန်ကမ်းခြေ ၄၇
ပလိုင်မတ် (သ်) ၄၇
အေးလိုက်ပါဘိ ၄၇

## အခန်း ၂
## လန်ဒန်မြို့

လန်ဒန်ပါတကား ၄၉
တည်းအိမ်သို့ရောက်ခြင်း ၅၁
မြေထဲ မီးရထား ၅၂
ကိုဖေသန်း ၅၃
လန်ဒန် ပုလိပ် ၅၃
မဲဇာတောင်ခြေ ၅၄
သောမတ် (စ်) ကွတ် (က်) ၅၄
တရုတ်ထမင်းဆိုင် ၅၅
အသိဟောင်း ၅၅
မြန်မာပြည်အသင်း ၅၆
မြန်မာထမင်း မြန်မာဟင်း ၅၆
ဂျော်လီကြွေ ၅၇
ဦးဘိုးလူကြီး ၅၇

မာနခဲတွေ ၅၈
ဗြိတိသျှပြတိုက် ၅၈
အိန္ဒိယ ဝိုင်-အမ်-စီ-အေ ၅၉
ဟိုက်ပတ်ဥယျာဉ် ၅၉
စကားပွဲများ ၆၀
အောက်စ်ဖို့ဒ်သို့ ၆၂
မီးရထားလမ်းတွင် ၆၃
ရက်ဒင်းမြို့ ၆၃
အောက်စ်ဖို့ဒ် ၆၃
ဝပ်ဒမ်ကျောင်းတိုက် ၆၆
ခရိုက်ချပ်ချ် ၆၆
ခပ်အေးအေးမို၊ ကွေးနေချင် ၆၇
အိမ်ပြောင်းခြင်း ၆၈
ငှားအိမ်များ ၆၈
အိမ်သစ်တွင် ၇၀
မြူနှင်းဝေဝေ ၇၁
စနစ်ကောင်း ၇၂
မြန်မာသတင်းစာ ၇၃
မြန်မာပြည်အသင်း၏အခြေအနေ ၇၃
တယောရှင် ၇၄
အမျိုးသားပန်းချီကားပြတိုက် ၇၅
မြန်မာနှင့်ငါးပိ ၇၆
အိန္ဒိယနိုင်ငံတော်ဆိုင်ရာ အတွင်းဝန်ကြီးရုံး ၇၇
ခွဲရတော့မည် ၇၈
မီးရထားခရီးသည်များ ၇၈
ဆရာဦးဘဇော် ၇၉
အောက်စ်ဖို့ဒ်သို့မသွားမီ ၈၀
နှုတ်ဆက်ပွဲ ၈၁

## အခန်း ၃
## ပထမပိုင်း

ထိုနေ့ ၈၂

| | |
|---|---|
| အောက်စ်ဖို့ဒ်တက္ကသိုလ်သားများ | ၈၂ |
| မီးရထားထဲတွင် | ၈၃ |
| ငှားအိမ်အတွက်ဒုက္ခ | ၈၃ |
| ခရိုက်ချပ်ချ်ကျောင်းတိုက်သားများကိုအုပ်ချုပ်သူ | ၈၄ |
| အိန္ဒိယနိုင်ငံဝန်ထမ်းကျောင်းသားများပညာသင်ကြားရေးအဖွဲ့ | ၈၄ |
| အိမ့်ရှင် | ၈၄ |
| အိမ့်ရှင်သစ်များ | ၈၅ |
| တက္ကသိုလ်ကျောင်းသားတို့၏အသုံးအဆောင် | ၈၆ |
| အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့်အကြွေး | ၈၇ |
| ၃၇ မင်းနတ်များ | ၈၈ |
| အိန္ဒိယကျောင်းဆောင်ပိဋကတ်တိုက် | ၈၈ |
| အိန္ဒိယကျောင်းဆောင်ရှိအခြားအခန်းများ | ၈၉ |
| ကိုရွှေဘော်၏အခန်း | ၈၉ |
| နယူးကောလိပ် | ၉၀ |
| ခရိုက်ချပ်ချ်ကျောင်းဝင်သောအခမ်းအနား | ၉၀ |
| ကျောင်းသားများစုဝေးရာအခန်း | ၉၅ |
| ကျောင်းတိုက်လက်ဖက်ရည်ဆိုင် | ၉၅ |
| ခရိုက်ချပ်ချ်ပိဋကတ်တိုက် | ၉၆ |
| ကျောင်းအုပ်ကြီး၏ ဩဝါဒ | ၉၆ |
| ကီဘယ်လ်ကျောင်း | ၉၇ |
| ခရိုက်ချပ်ချ်ညစာစားခန်းမကြီး | ၉၈ |
| တက္ကသိုလ်ဝင်အခန်းအနား | ၁၀၀ |
| တက္ကသိုလ်လစ်ဘရယ်အသင်း | ၁၀၃ |
| အိန္ဒိယရာဇဝင် | ၁၀၄ |
| ဘဏ်တိုက်များ | ၁၀၄ |
| အိန္ဒိယကျောင်းသားများအသင်း | ၁၀၅ |
| ကျောင်းသားမဂ္ဂဇင်းများ | ၁၀၇ |
| မြန်မာသတင်းစာဂျာနယ်များ | ၁၀၈ |
| မာစ်တန်ရွာကလေး | ၁၀၉ |
| မြန်မာပြည်သား | ၁၁၀ |
| ဂိုင်ဖောက်စ်နေ့ | ၁၁၁ |
| ဆရာဒန်းဒပ်စ် | ၁၁၂ |

အောက်စ်ဖို့ဒ်တက္ကသိုလ်သမဂ္ဂအသင်း ၁၁၄
လမ်းလျှောက်ထွက်ခြင်း ၁၁၇
မြန်မာပြည်မှစာ ၁၂၂
ဒဂုန်မဂ္ဂဇင်း ၁၂၃
မဂ္ဂဇင်းဆောင်းပါး ၁၂၄
သမဂ္ဂအသင်းဥက္ကများ၏စကားစစ်ထိုးပွဲ ၁၂၄
အင်္ဂလန်တွင်ရေချိုးရပုံ ၁၂၇
မာတန်ကျောင်းတိုက် ၁၂၇
မြင်းစီးစစ်ဆေးပွဲ ၁၂၈
မြင်းစီးအတတ်သင်ခြင်း ၁၂၉
မြင်းစီးသူရဲကောင်း ၁၃၀
လက်လျှော့ရခြင်း ၁၃၁
မိတ်ဆွေသစ် ၁၃၂
စက်ခုတ်သံလား၊ မိုးသံလား ၁၃၂
ကျောင်းမပိတ်မီ ၁၃၃
အောက်စ်ဖို့ဒ်မြန်မာကျောင်းသားများ ၁၃၄
ကျောင်းအုပ်ကြီး၏ဩဝါဒ ၁၃၅


## အခန်း ၄
## နှစ်သစ်ကူးကျောင်းပိတ်ရက်
## လန်ဒန်မြို့တွင်


ရည်ညွှန်းချက် ၁၃၇
လန်ဒန်ပုလိပ်ရုံးများ ၁၃၇
ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍ ၁၃၉
အင်္ဂလိပ်ခရစ်စမတ်ပွဲနေ့ ၁၄၁
အယ်ဘတ်နှင့်ဝိတိုရိယပြတိုက် ၁၄၁
လောကဓာတ်ပြတိုက် ၁၄၂
စစ်ဘက်ဆိုင်ရာပြတိုက် ၁၄၂
သဘာဝဆိုင်ရာပြတိုက် ၁၄၃

အင်္ဂလိပ်နှစ်သစ်ကူးပွဲ ၁၄၃
နှစ်ဆန်းစတွင် ၁၄၅
ပါလီမန်လွှတ်တော် ၁၄၅
ဝက်မင်းစတားဟော ၁၄၅
ဝက်မင်းစတား ဘုရားရှိခိုးကျောင်း ၁၄၆
နန်းရင်းဝန်အမတ်ကြီးအိမ် ၁၄၆
လန်ဒန်မျှော်စင် ၁၄၇
လန်ဒန်တိရိစ္ဆာန်ရုံ ၁၄၈
သစ်ပင်ပန်းပင်အမျိုးမျိုး ၁၄၉
ဟမ်တန်နန်းတော် ၁၅၀
အောက်စ်ဖို့ဒ်သို့မပြန်မီ ၁၅၁


## အခန်း ၅
## ဒုတိယပိုင်း


ကျောင်းသို့အပြန် ၁၅၃
စကောက်ဟန်းဖရီ ၁၅၅
ယောင်တိယောင်တ ၁၅၅
ဘဝသစ် ၁၅၆
ကျောင်းတိုက်ဥပဒေ ၁၅၆
အလည်အပတ်ထွက်ခြင်း ၁၅၇
အိုက်ဆစ်မြစ်ကလေး ၁၅၇
အိမ်ထောင်ပစ္စည်း ၁၅၈
နာမည်ရေးထိုးရခြင်း ၁၅၉
ခရိုက်ချပ်ချ်မြက်ခင်းပြင်ကြီး ၁၆၀
ဈေးဝယ်ထွက်ခြင်း ၁၆၁
တောမ် ၁၆၁
စာရောက်သောနေ့ ၁၆၃
အယူရှိလျှင်အပေးရှိရမည် ၁၆၅
အခန်းနီးချင်း ၁၆၆
မိတ်ဖွဲ့ပွဲ ၁၆၈
ဒုတိယမိတ်ဖွဲ့ပွဲ ၁၆၉

မြန်မာဘုန်းကြီးကျောင်းများ ၁၆၉
အသွားရှိလျှင်အလာရှိရမည် ၁၇၀
အောက်စ်ဖို့ဒ်ခြင်းဝိုင်း ၁၇၁
ရေခဲခြင်း ၁၇၁
စကိတ်စီးခြင်း ၁၇၂
ကစားပွဲများ ၁၇၃
ကရဝိတ်ဖေါင်များ ၁၇၅
ပွဲမဝင်ခင်အပြင်မှကျင်းပ ၁၇၆
လူသစ်များ၏လှေပြိုင်ပွဲ ၁၇၇
လှေပွဲပြီးသောည ၁၈၁
ကျောင်းအုပ်ကြီးနှင့်ကျောင်းအုပ်ကြီးကတော် ၁၈၂
တစ္ဆေရှိ မရှိ ၁၈၃
ပျော်ပွဲစား ၁၈၅
ပြဇာတ်ရုံ ၁၈၆
သိမ်းရဆည်းရ ၁၈၇
စာသေတ္တာ ၁၈၈
နှုတ်ဆက်ပွဲ ၁၈၉
ဘောက်ရှူး ၁၉၀
ကျောင်းပိတ်သောနေ့ ၁၉၁
ခရီးဖော်များ ၁၉၁
ပျော်ပျော်ရွှင်ရွှင် ၁၉၂

## အခန်း ၆
## ဒုတိယပိုင်းကျောင်းပိတ်ရက်
## (လန်ဒန်နှင့်ပင်လယ်ကမ်းခြေမြို့များ)

ကျောင်းပိတ်ခါစတွင် ၁၉၄
ပြင်သစ်အမယ်ကြီး ၁၉၄
မီးနား ကွေးရ၊ နွေးလှပေသည် ၁၉၅
အလည်ထွက်ခြင်း ၁၉၆
အလုပ်ချိန်နှင့်အပျော်အပါးအချိန် ၁၉၆
စိန့်လီရိုနာဒ်သို့အသွား ၁၉၇
စိန့်လီရိုနာဒ် ၁၉၈

ဒွိယံ-ဒွိယံ၊ စုံတွဲ-စုံတွဲ ၁၉၉
ဟော့ စတင်းစ် ၂၀၀
အိုစ်ဗေါန်းမြို့ ၂၀၁
ရောက်ပါသော်လည်း ပျော်ပါဘဲ ၂၀၂
လန်ဒန်သကြ်န် ၂၀၃
ပန်းချီပညာ ၂၀၄

## အခန်း ၇
## တတိယပိုင်း

ကျောင်းတော်ပြန် ၂၀၆
နွေဦးပေါက်သော် ၂၀၆
ငှက်အပေါင်းတို့၏မြည်သံ သောင်းသောင်းညံ ၂၀၇
သစ်ပင်များ ၂၀၇
မြစ်ကလေးများ ၂၀၈
လှေငှားရန် ၂၀၉
ကြည်နူးဖွယ် ၂၁၀
မိတ်ဆွေများ ၂၁၁
စာမေးပွဲများ ၂၁၂
နံနက်ခင်း၏အရသာ ၂၁၃
တနင်္ဂနွေနေ့ ၂၁၄
နွေဥတု လှေပြိုင်ပွဲများ ၂၁၄
လှေပွဲပြီးသောနေ့ ၂၁၇
ဘောလုံးရိုက်ပွဲများ ၂၁၈
ဥယျာဉ်ပွဲ ၂၁၈
တွေးပူမိသည် ၂၁၉
ဇွဲညှို့သူ ၂၂၀
နွေဥတုကျောင်းမပိတ်မီ ၂၂၀

## အခန်း ၈
## နွေဥတုကျောင်းပိတ်ရက်

စာမေးပွဲမဝင်မီ ၂၂၂
စာမေးပွဲ ၂၂၂
စာမေးပွဲပြီးသော် ၂၂၃

အက်ဒင်ဗရာသို့ ၂၂၃
ဂျပန်များ ၂၂၄
နေ့စာ ၂၂၄
ရှုမျှော်ခင်း ၂၂၅
ဖို့သ်တံတား ၂၂၅
အက်ဒင်ဗရာရဲတိုက် ၂၂၆
ဆာဝေါ်တာစတော့၏အိမ် ၂၂၇
ဝေဗာလီဟော်တယ် ၂၂၈
ဆာဝေါ်တာစတော့၏သင်္ချိုင်း ၂၂၉
ကဲဆိုးရွာ ၂၂၉
စကော့တလန်အင်းအိုင်များ ၂၃၀
ထရော့ဆက်စ် ၂၃၀
ဂွန်နေ့စ် ၂၃၁
စကော့လန်အမျိုးသားပြတိုက် ၂၃၁
ဟိုလီရုဒ်နန်းတော် ၂၃၂
လန်ဒန်သို့အပြန် ၂၃၃
ခွဲရဦးမည် ၂၃၃


## အခန်း ၉
## ဒုတိယနှစ်


အမှာ ၂၃၄
နှစ်ကြီးသမား ၂၃၄
တက္ကသိုလ်လှေပြိုင်ပွဲ ၂၃၇
တက္ကသိုလ်ကျောင်းသူများ ၂၃၉
အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ် ၂၄၁
အောက်စ်ဖို့ဒ်တွင် နေ့တစ်နေ့ ၂၄၄
ကိုယ်ပိုင်အုပ်ချုပ်ရေး ၂၄၆
အောက်စ်ဖို့ဒ်သွားလိုသူတို့အဖို့ ၂၄၇
နိဂုံး ၂၄၉
အောက်စ်ဖို့ဒ်တွင်ပညာသင်ကြားခဲ့ဖူးသော
မြန်မာကျောင်းသားများ ၂၅၁

သိပ္ပံမောင်ဝ
အရှေ့ကို မျှော်မှန်းတော့
မော်ရှမ်း တောင်ထွေထွေ
လှိုင်းထလို့ နေ ။
တောင်ခိုးရယ်ဝေ ၊ တောင်ခြေကမြူတန်း ။
ဖွားစော မာယာဆင်လို့
ပုဂံရှင် တောင်ခါးပန်းမှာ
စည်းရ သက်န်း ။

အနောက်ကိုတဲ့ မျှော်ပြန်လျှင်
ပုပ္ပါးဆို တောင်မြင့်ချွန်း
လွမ်းစေတို့ သွင် ။
ကိုယ်ထီးငယ်ထင် ၊ လွင်ပြင်၌မတ်မား ။
ယက္ခ မောင်မယ်ကြင်နဲ့
စကား လှော်ရွှေစင်နဲ့
ခြေလျင်ကို တောင်ထွတ်ဖျားမှာ
ပန်းလက်ဆောင်ပါး ။

မော်ရှမ်းက အပြာရောင်
ပုပ္ပါးဆို တောင်မြင့်ကျိုင်း
မှိုင်းညိုလို့ မှောင် ။
တို့ညီနောင် ၊ လယ်ခေါင်ကနေနား ။
နောင်လည်း မျှော်တော်ယောင်နဲ့
ညီလည်း မျှော်တော်ယောင်နဲ့
သည်နှစ်တောင် တောင်စပ်ကြားမှာ
လွမ်းဖွယ်ကများ ။ ။

သည်ကဗျာ၏အမည်မှာ "တို့ညီနောင်" ဖြစ်သည်။ ဖွဲ့ဆိုသူကား ဆရာဇော်ဂျီပင်။ "တို့ညီနောင်" မှာသိပ္ပံမောင်ဝနှင့်ဆရာဇော်ဂျီကို ဆိုလိုသည်။ "နောင်" မှာသိပ္ပံမောင်ဝဖြစ်ပြီး "ညီ" မှာဆရာဇော်ဂျီပင် ဖြစ်လေသည်။

စစ်မဖြစ်မီကာလက သိပ္ပံမောင်ဝသည် ကျောက်ဆည်၌ အရေးပိုင်အဖြစ် အမှုထမ်းနေစဉ် ဆရာဇော်ဂျီသည် အလည်အပတ်ရောက်သွားသည်။ တစ်နေ့တွင် သူတို့နှစ်ဦးသည် ရွှေသာလျောင်းတောင်သို့ တက်ကြသည်။ ဤသို့တက်စဉ် ရွှေသာလျောင်း တောင်မှလှမ်းမြင်နိုင်သော ပျက်ခရွှေဟုခေါ်သည့် မော်ရှမ်းတောင်ရှုခင်းနှင့် ပုပ္ပါး တောင် ရှုခင်းတို့ကို သူတို့နှစ်ဦးကြည့်လျက် ရာဇဝင်အဖြစ်အပျက်တို့ကို တွေးကာ

ကိုယ့်အလွမ်းနှင့်ကိုယ်လွမ်းမိကြသည်။ ကဗျာမှာထိုအချက်ကို ဖွဲ့ဆိုချက် ဖြစ်လေသည်။

ကျောက်ဆည်ကား သိပ္ပံမောင်ဝ အမှုထမ်းခဲ့သောဒေသတည်း။

စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ ဟင်္သာတ၊ ဇလွန်၊ မြောင်းမြ၊ ညောင်တုံး၊ ရန်ကုန်၊ အင်းစိန်၊ စလင်း၊ ရွှေဘိုမြို့များနှင့် ထိုမြို့များ၏ အနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာလည်း သိပ္ပံမောင်ဝ အမှုထမ်းခဲ့ရာ ဒေသများဖြစ်လေသည်။

သိပ္ပံမောင်ဝသည် (၁၉၂၉)ခုမှ(၁၉၄၂)ခုအထိ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် ရာထူးများဖြင့် ထိုဒေသများတွင် လှည့်လည်အမှုထမ်းခဲ့ပေသည်။ ယင်းသို့ အမှုထမ်းရင်း ထိုဒေသများ၌ ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်မျိုးစုံနှင့် လူမျိုးစုံတို့ကို အကြောင်းပြုလျက်၊ လောကအသိအမြင်၊ သတိတရားတို့ကို ဖြစ်စေသော စာများကို မနားတမ်းရေးခဲ့ပေသည်။

သိပ္ပံမောင်ဝ၏ အမည်ရင်းမှာ ဦးစိန်တင် ဖြစ်လေသည်။ (၁၈၉၉)ခုတွင် မော်လမြိုင်မြို့၊ မုပွန်နတ်ကျွန်းအရပ်၌ ဖွားမြင်သည်။ အဖမှာ ဦးအုန်းရွှေ ဖြစ်၍ အမိမှာဒေါ်ဒေါ်သစ်ဖြစ်သည်။ ငယ်စဉ်ကပင် မိခင်ဆုံးသဖြင့် အဖွား နှင့်ကြီးတော်တို့လက်တွင် ကြီးပြင်းရလေသည်။

သိပ္ပံမောင်ဝသည် မုပွန်ရပ် ဆရာဦးချစ်လှကျောင်းတွင်ကျောင်းစ နေသည်။ ထို့နောက် မောင်ငံရပ် သာသနာပြုကျောင်းသို့ ပြောင်းရွှေ့နေသည်။ သတ္တမတန်း အောင်သောအခါ ရှင်မဟာဗုဒ္ဓဃောသကျောင်းသို့ပြောင်းရွှေ့နေသည်။ (၁၉၂၀)ပြည့်နှစ် တွင် (၁၀)တန်းစာမေးပွဲကို မြန်မာဘာသာနှင့်ပါဠိဘာသာတို့၌ အထူးအမှတ်ရ ကာအောင်မြင်လေသည်။

သိပ္ပံမောင်ဝသည် ကျောင်းတွင်ပညာဆည်းပူးရသည်ကို မတင်းတိမ်သဖြင့် အဖိုးဖြစ်သူထံတွင် သတ္တု၊ ပုံပြင်၊ ရာဇဝင် စသည်တို့ကို ကြားနာမှတ်သားဆည်းပူး သည်။ အဖွားဖြစ်သူထံမှလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာတို့ကိုကြားနာ မှတ်သားဆည်းပူးသည်။ ထိုမျှသာမကသေး၊ ဘကြီးဖြစ်သူရွှေကျင်တိုက်ဘုန်းတော် ကြီး ဦးပညာဇောတထံတွင် ပါဠိ၊ မြန်မာနှစ်ဘာသာဆိုင်ရာ ဗဟုသုတများကို ကြားနာမှတ်သား ဆည်းပူးသေးသည်ဟုဆိုလေသည်။

(၁၀)တန်း အောင်ပြီးနောက် သိပ္ပံမောင်ဝသည် ကောလိပ်ကျောင်း (ရန်ကုန် တက္ကသိုလ်) တွင်ပညာဆည်းပူးသည်။ ပထမကျောင်းသားသပိတ် အရေးတော်ပုံ ကြီး ပေါ်ပေါက်ပြီး ဗဟိုနေရှင်နယ် ကျောင်းကြီးကိုတည်ထောင်ကြသောအခါ သိပ္ပံမောင်ဝသည် သပိတ်လှန်သည်အထိ ကျောင်းဆရာအဖြစ်ဖြင့် တိုင်းပြည် တာဝန်ကို ထမ်းဆောင်ခဲ့လေသည်။ ထို့နောက် ကောလိပ်သို့ပြန်သွား၍ ပညာ ဆက်လက်ဆည်းပူးသည်။ (၁၉၂၄)ခုတွင်ဥပစာတန်း စာမေးပွဲကို မြန်မာဘာသာ

အတွက် သာဒိုးအောင်ဆုနှင့် ပါဠိဘာသာအတွက် အဖိုးတန်ဆုများရယူကာ အောင်မြင်ခဲ့သည်။ (၁၉၂၇)တွင် မြန်မာဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမတန်းဖြင့်အောင်မြင်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်သမိုင်းတွင် မြန်မာဝိဇ္ဇာဂုဏ်ထူးတန်းသည် (၁၉၂၅) ခုတွင်မှ စတင်ပေါ်ပေါက်သည်။ ထိုအတန်းပေါ်ပေါက်လာအောင် တီထွင်သူမှာ ဆရာကြီး ဦးဖေမောင်တင်ဖြစ်သည်။ ထိုအတန်းကိုပထမဦးဆုံး တက်ရောက်သင်ကြားသူမှာ သိပ္ပံမောင်ဝဖြစ်သည်။ ထိုအချိန်က အင်္ဂလိပ်စာ တန်ခိုးကြီး၍ မြန်မာစာသည် နောက်တန်းရောက်နေချိန်ဖြစ်သည်။ ဘီ စီ အက်၊ အိုင် စီ အက် တို့ခေတ်စားနေသည်။ မြန်မာစာလေ့လာလိုက်စားသူတို့မှာ အများ၏အထင်သေးခြင်းကိုခံရသည်။ အလုပ်အကိုင်ကောင်းရရန်လည်း အလားအလာကောင်းမရှိပေ။ သို့စဉ်လျက် သိပ္ပံမောင်ဝသည် မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းကို တစ်ဦးတည်းစွန့်စားတက်ခဲ့ပေသည်။ ယင်းသို့မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်းတက်သည်နှင့် ပတ်သက်၍ သိပ္ပံမောင်ဝကဆောင်ပါးတစ်စောင်တွင်. . .

"မြန်မာဘာသာဂုဏ်ထူးလိုချင်သည်ကား အခြားကြောင့်မဟုတ်။ မြန်မာစာပေကိုလေ့လာရန် ဆန္ဒရှိသည်တစ်ကြောင်း၊ မြန်မာစာကို အားပေးလိုသည်တစ်ကြောင်း၊ မြန်မာစာကို ဝါသနာပါသည် တစ်ကြောင်းတို့ကြောင့် ဖြစ်လေသည်" ဟူ၍ဖေါ်ပြထားပေသည်။

တဖန် ယင်းဆောင်းပါးတွင်ပင်. . . . .

"ဤသို့ မြန်မာဘာသာဂုဏ်ထူးယူသည်ကို ရင်းနှီးသောမိတ်ဆွေတို့ကများစွာမနှစ်သက်။ မြန်မာစာဂုဏ်ထူးကြီးနှင့်အောင်ပြီးနောက် မည်သည့်အလုပ်မျိုးကို လုပ်မည်နည်းဟု စိတ်ပျက်အောင်ပြောလေ့ရှိကြ၏။ ဝါသနာပါ၍ယူသည်။ အလုပ်မှာ ကိစ္စမရှိဟူ၍ ပြန်ပြောရ၏။ ထိုအခါက မြန်မာစာဂုဏ်ထူးမှာ အညံ့စားဂုဏ်ထူးဘဲဟု အယူရှိကြလေသည်။ များစွာမခံချင်ဖြစ်သောကြောင့် "မင်းတို့နှင့် တစ်နေ့နေ့တွေ့အုံးမယ်" ဟုစိတ်တွင် ကြိမ်းဝါးမိခဲ့ပေ၏။ အချို့က မြန်မာစာဂုဏ်ထူးယူခြင်းသည် အမျိုးသားအတွက် ဂုဏ်ယူစရာတိုင်းပြည် အတွက်ဂုဏ်ယူစရာဟူ၍ချီးမွမ်းကြ၏။ သို့ရာတွင် ဝမ်းထဲကမူကားများစွာစိတ်မပါလှပေ မည်သည့်အရပ်သို့ပင် သွားစေကာမူ မြန်မာစာဂုဏ်ထူးနှင့်အောင်လျှင် မည်သည့်အလုပ်လုပ်မည်နည်းဟူ၍မေးကြသည်နှင့်သာ ကြုံတွေ့ရလေသည်။ ပညာကိုငွေကြေးနှင့်တွက်စစ်၍ယူသောသူတို့သာ လောက၌များပေသေးသည်" ဟူ၍ထိုစဉ်ကအဖြစ်အပျက်များကို တင်ပြခဲ့ဖူးလေသည်။

တက္ကသိုလ်၌ ပညာဆည်းပူးစဉ် သိပ္ပံမောင်ဝ၏ ဆရာရင်းများမှာ ဆရာကြီး ဦးဖေမောင်တင်၊ ပုဂံဝန်ထောက်ဦးတင်၊ ဂုဏ်ထူးဆောင်ဆရာကြီးဦးပွား၊

အဂ္ဂမဟာပဏ္ဍိတဦးလင်း စသူတို့ ဖြစ်သည်။ သိပ္ပံမောင်ဝသည် ပုဂံကျောက်စာမှ စ၍ ပျို့၊ လင်္ကာ၊ ရာဇဝင်သမိုင်းတို့အပါအဝင် ကာလပေါ် ဝတ္ထုအထိ ဖြစ်သော မြန်မာစာပေအမျိုးမျိုးကို လေ့လာဆည်းပူးခဲ့သည်။ နိုင်ငံခြားစာပေကိုလည်း အထူးလေ့လာဆည်းပူးသည်။ မြန်မာစာပေ တိုးတက်ရာတိုးတက်ကြောင်းအတွက် မြန်မာစာကိုသာ ဖတ်နေရုံနှင့်မပြီး။ နိုင်ငံခြားစာကြီးပေကြီးတို့ကိုလည်း ဖတ်ရမည်ဟူ၍ သိပ္ပံမောင်ဝသည် အခိုင်အမာ ယုံကြည်ခဲ့ပေသည်။ စာပေဝေဖန်ချက်များနှင့် ပတ်သက်၍အင်္ဂလိပ်စာရေးဆရာ **Hazlitt** နှင့် **Macaulay** တို့၏ စာတမ်းများကို အထူးလေ့လာဖတ်ရှုခဲ့သည်ဟုကြားသိရသည်။

သိပ္ပံမောင်ဝသည် ဝိဇ္ဇာဂုဏ်ထူးတန်း အောင်ပြီးနောက် တက္ကသိုလ်တွင် နည်းပြဆရာလုပ်သည်။ ထိုအတွင်းနိုင်ငံတော်ဝန်ထမ်း ပညာတော်သင် (အိုင်၊စီ၊အက်) အဖြစ်အရွေးချယ်ခံရကာ အင်္ဂလန်ပြည် အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ သွား၍နှစ်နှစ်ကြာမျှ ပညာဆည်းပူးခဲ့လေသည်။ ထိုနောက်(၁၉၂၉)ခုတွင် အင်္ဂလန်မှ ပြန်ရောက်လာကာ နိုင်ငံဝန်ထမ်းအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်လျက် ဒေသအမျိုးမျိုးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ပေသည်။

သိပ္ပံမောင်ဝသည် ၁ဝတန်းကျောင်းသားဘဝမှစတင် စားရေးသည်ဆိုသည်။ ထိုစဉ်က ဝဇီရာတင့်ဟူသော ကလောင်အမည်ကို ခံယူလျက် သတင်းစာများတွင် ဆောင်းပါးများရေးသည်ဟု ဆိုသည်။ သို့သော်တကယ်တမ်း စာရေးသည်မှာမူ တက္ကသိုလ်ကျောင်းသားဘဝသို့ရောက်လာမှဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝ၌ ရှိစဉ် လက်ရေးစာစောင်တစ်ခု၌ ဆောင်းပါးတစ်ပုဒ်ကို "နေရပ်ချောင်က၊ လူမည်မောင်ဝ" ဟုကလောင်အမည်ခံယူကာ ရေးသားခဲ့ရာမှ သိပ္ပံမောင်ဝ အမည်ကို နှစ်သက်စွဲလမ်းစွာ အသုံးပြုခဲ့သည်ဟုသိရသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်မှာ "ကောလိပ်သိပ္ပံကျောင်း" ဟုအမည်တွင်သည်။ "သိပ္ပံ" မှာထိုကောလိပ်သိပ္ပံကျောင်းကို အစွဲပြုထားချက်ဖြစ်သည်။ မြန်မာစာပေ တိုးတက်ရာတိုးတက်ကြောင်းကို သိပ္ပံကျောင်းသားများ ကလည်း ဆောင်ရွက်နေကြောင်း တင်ပြလိုသဖြင့် "မောင်ဝ" ရှေ့တွင် "သိပ္ပံ" တပ်သည်ဟုဆိုလေသည်။

သိပ္ပံမောင်ဝသည် စာအမြောက်အမြားကို အံ့ဖွယ်ရေးနိုင်သူ ဖြစ်သည်။ သိပ္ပံမောင်ဝအမည်ဖြင့် ဝတ္ထုဆောင်းပါးများကို မနားတမ်းရေးစဉ် တစ်ဖက်ကလည်း သိပ္ပံကျောင်းသား မောင်မြသွင်၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ တင့်တင့်၊ ကောလိပ်ခင်ခင် စသောအမည်အမျိုးမျိုးဖြင့် စာအမျိုးမျိုးကို စာနယ်ဇင်းအမျိုးမျိုးတွင် ရေးခဲ့ပေသည်။ ဂန္ထလောက၊ ဒဂုန်၊ သူရိယမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ကောလိပ်မဂ္ဂဇင်း၊ သူရိယနေ့စဉ်၊ မြန်မာ့နေ့စဉ်တို့တွင် သူ့စာများကို တွေ့ရပေသည်။ တင်မောင်မြင့်အမည်ဖြင့် စာတမ်းများရေးလေ့ရှိသည်။ သိပ္ပံကျောင်းသား

မောင်မြသွင်အမည်ဖြင့် မြန်မာစာပေအကြောင်း ဆောင်းပါးများရေးသည်။ ယင်းတို့ကို သူရိယနေ့စဉ်သတင်းစာတွင် (၁၉၂၈) ခုမှ (၁၉၃၀) ပြည့်နှစ်အထိ ရေးသားထည့်သွင်းသည်။ ဆောင်းပါးပေါင်း(၇၀)ကျော် ရှိသည်ဟုဆိုသည်။ တင့်တင့်အမည်ဖြင့် ပြဇာတ်များရေးသည်။ သိပ္ပံမောင်ဝ အမည်ဖြင့်ဝတ္ထု ဆောင်းပါး အမြောက်အများအပြင်၊ ခြင်းလုံးဆောင်းပါး၊ ပုဂံဆောင်းပါး၊ စည်ထုတ္တရာ ဆောင်းပါး၊ ရဲရမန်ဆောင်းပါးစသော ဆောင်းပါရှည်ကြီးတို့ကိုလည်း ရေးခဲ့သည်။ လှအုန်းမယ်ဝတ္ထုကိုလည်း ရေးခဲ့သည်။ အောက်စ်ဖို့ဒ်တက္ကသိုလ် နေ့စဉ်မှတ်တမ်း စာအုပ်ကိုလည်းရေးခဲ့သည်။ ထို့ပြင်အဝေးရောက်မင်းဦးအောင်ကြီး၊ ထွန့်ခေါင် ဆရာတော်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဒေါက်တာဘမော်စသော အတ္ထုပ္ပတ္တိ ဆောင်းပါးများလည်း ရေးခဲ့သည်။

သူသည်မည်သည့်အလုပ်ကိုလုပ်၍၊ မည်သည့်ဒေသတွင်ရောက်ကာ၊ မည်သည့်အခြေအနေမျိုး၌ ရှိစေကာမူ စာရေးမပျက်ခဲ့ပေ။ နေ့စဉ်စာရေးလေ့ ရှိသည်။ ရှေးဦးစွာ အကြမ်းရေးသည်။ ထို့နောက် အချောကူးသည်။ ထို့နောက်မှ ဆိုင်ရာသို့ပို့သည်ဟုဆိုသည်။

" မြန်မာစာပေ တိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ပြုမှုနမည့်မြန်မာစာဖြစ်သည်။ ကြိုးစားကြစို့ "

ဟူ၍ သိပ္ပံမောင်ဝက ဆိုခဲ့သည်။ ဆိုခဲ့သည့်အတိုင်းလည်း သူသည် ကွယ်လွန်ချိန်အထိ မနားတမ်းစာပေများ လေ့လာဆည်းပူးသည်။ ရေးသားသည်။ အားရစဖွယ်ပင်။

သိပ္ပံမောင်ဝသည် ခေတ်စမ်းစာပေကို ပြုစုပျိုးထောင်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့် စာပေဝါဒချင်းလည်းတူ၍ ခင်မင်ရင်းနှီးခြင်းလည်း ရှိပေသည်။ သူ၏စာတို့နှင့်ပတ်သက်၍ မြန်မာ့စွယ်စုံ ကျမ်းတွင် ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့က. . .

" ဦးတင်စိန်သည် စာပေကိုချစ်ခင်သကဲ့သို့ ပတ်ဝန်းကျင်လောကကို လည်း ချစ်ခင်ခြင်းရှိလေသည်။ ပညာရှင်ကို ရိုသေလေးစားသကဲ့သို့ ပတ်ဝန်းကျင် လောကကိုလည်း အယုတ်၊ အလတ်၊ အမြတ်မရွေး ရိုသေလေးစားခြင်း ရှိလေ သည်။ သူစာစရေးသည်ဟုဆိုအပ်သော (၁၉၂၇)ခုနှစ်မှ၊ သူအနိစ္စရောက်သော (၁၉၄၂) ခုနှစ်အထိ တစ်ဆယ့်ငါးနှစ်မျှသော ကာလအတွင်း သူရေးခဲ့သမျှသော စာပေဆောင်းပါး၊ ဝတ္ထုဆောင်းပါးတို့သည် သူ၏ချစ်ခင်တတ်ခြင်း၊ ရိုသေလေးစား တတ်ခြင်းတို့ကို သက်သေခံလျက်ရှိလေသည် အထူးအားဖြင့် ဝတ္ထုဆောင်းပါးများ သည် ချစ်ခင်တတ်သော၊ ရိုသေလေးစားတတ်သော ဦးစိန်တင်၏ စေတနာကို ထင်ရှားစွာပြခဲ့လေသည်။ ထိုစေတနာကြောင့်ပင်လျှင် သူ၏စိတ်ကူးဉာဏ်နှင့်

သူ၏အရေး အာဝဇ္ဇန်းတို့ကလည်း ကြည်လင်ရှင်ပျခြင်း ရှိလာရသည်ဟုယူဆ အပ်လေသည်” ဟူ၍ဖော်ပြထားပေသည်။

သိပ္ပံမောင်ဝသည် စကားပြေရေးရာ၌ အလွန်ထူးချွန်သည်။ လွယ်ကူသော စကားတို့ကိုသုံးလျက် ရှင်းလင်းပြတ်သားစွာ ရေးသားနိုင်သည်။ ထို့ကြောင့် သူစာတို့ကိုဖတ်ရသည်မှာ ထင်လွယ်၊ မြင်လွယ်၊ သိလွယ်ပေသည်။ ယင်းအချက်နှင့်ပတ်သက်၍ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့က. . .

“နှောင်းခေတ် မြန်မာစာပေသမိုင်းတွင် ကာရန်အချိတ်အဆက်ရှိသောစကားပြေမျိုးမှ စကားပြေရိုးရိုးသို့ ကူးပြောင်း၍ အရေးများလာလေသည်။ အစကနဦးတွင် စကားပြေရိုးရိုးကိုကာရန်အချိတ်အဆက်ရှိသောစကားပြေမျိုးလောက် အရေးမပေးချင်ကြချေ။ နောင်အခါမှာမှ အရေးပေးလာကြလေသည်။ ထိုသို့အရေးပေးအောင်စွမ်းဆောင်ကြသော စကားပြေဆရာများအနက် ဦးစိန်တင်သည် ထူးချွန်သူတစ်ဦးဖြစ်လေသည်။ ဦးစိန်တင်သည် အလွမ်းသမားမဟုတ်သဖြင့် လွမ်းစရာ၊ ဆွေးစရာတို့ကို ရေးလေ့မရှိချေ။ သို့ရာတွင် သူ့စေတနာအလျောက် ကြားမြင်ကြုံတွေ့ရသော ဘဝအကြောင်း၊ လောကအကြောင်းတို့ကိုကား အာဝဇ္ဇန်းရှင်ရှင်နှင့် ရှင်းရှင်းလင်းလင်း သရုပ်ဖော်နိုင်သူဖြစ်လေသည်။” ဟူ၍မှတ်ချက်ချထားပေသည်။ (၁၉၃၃)ခုနှစ်တွင် ခေတ်စမ်းပုံပြင်စာအုပ်ထွက်ပေါ်လာသည်။ ထိုအခါအမျိုးမျိုးသောဝေဖန်စာများ ပေါ်ထွက်လာသည် ဆရာကြီးပီမိုးနင်းကလည်း ဝေဖန်စာရေးခဲ့သည်။ ဆရာကြီး၏ဝေဖန်စာမှာ ခေတ်စမ်းပုံပြင်ကို ချီးကျူးသောဝေဖန်စာဖြစ်သည်။ ထိုခေတ်စမ်းပုံပြင်ပါ သိပ္ပံမောင်ဝ၏ အင်းလေလံပွဲကြီးနှင့်ပတ်သက်၍ဆရာကြီးပီမိုးနင်းက “မောင်စိန်တင်ရေးသော အင်းလေလံပွဲကြီးအကြောင်း စာကိုဖတ်ရသည်မှာ ပုံဝတ္ထုမဟုတ်၊ ကဗျာတေးလည်းမဟုတ်၊ တောလားလည်းမဟုတ်၊ အဖြန်၊ လေးချိုး၊ ရတု၊ ရကန်လည်းမဟုတ်ဘဲလျက် အဆုံးသို့မရောက်မချင်း စာအုပ်ကို မချနိုင်အောင် စွဲသောစာဖြစ်၏။ အင်းသူ၊ အင်းသားတို့၏စိတ်နေသဘောထားပုံ၊ ပညာမရှိသော ကျေးလက်ရွာငယ်များ၏ အလေ့အကျင့် အမူအရာ ပြုမူကျင့်ကြံပြောဆိုပုံ၊ မခံချင်သောစိတ်ကြောင့်ပျက်စီးကြရပုံ၊ အစိုးရကို လုပ်၍ကျွေးနေရပုံများကိုကွင်းကွင်းကွက်ကွက်ထင်ပေါ်အောင်ရေးပြသော စာဖြစ်လေရာ ရေးပုံမှာလည်းထိုဒေသ ထိုလူစားတို့၏ အမူအရာပီသသဖြင့် ရိုးရိုးရေးရုံမျှနှင့် ရယ်ရွှင်ဖွယ်ရာတွေ အလိုအလျောက်ပါဝင်နေပေသည်။ မြန်မာမဂ္ဂဇင်း ဂျာနယ်ထုတ်သူများသည် ဤလိုစာမျိုးကိုထည့်မှ မဂ္ဂဇင်းဂျာနယ် အဆင့်အတန်း မြောက်ကြောင်း မသိဘဲနေကြလေသလား၊ သတိမထားမိဘဲ နေကြလေသလား။ ဤစာများသည် မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းက ထုတ်ဝေသောကန္တလောကမဂ္ဂဇင်းမှ ထုတ်နုတ်သောစာများဖြစ်ရာ

ထိုမဂ္ဂဇင်းသည် မြန်မာပြည်၌ အဆင့်အတန်းအမီဆုံးသောမဂ္ဂဇင်းဖြစ်သည်ဟု ဆိုရပေမည်” ဟူ၍ဆိုထားပေသည်။

ဆရာမဟာဆွေနှင့် သိပ္ပံမောင်ဝသည်လည်း သိကျွမ်းခင်မင်၏။ (၁၉၄၆) ခုနှစ်ထုတ်ဇဝနဂျာနယ်တွင် ဆရာမဟာဆွေက သိပ္ပံမောင်ဝအကြောင်း တစေ့တစောင်းရေးဖူးသည်။ ဆရာမဟာဆွေက

“အရေးပိုင်ဦးစိန်တင် အိုင်စီအက်ဆိုလျှင် စာပေပရိတ်သတ်ထဲမှ လူတိုင်းသိကြမည်မဟုတ်သော်လည်းသိပ္ပံမောင်ဝဆိုလျှင် လူတိုင်းသိကြမည်ဖြစ်၏။ မောင်ဝကားခေတ်စမ်းစာပေသမား ဖြစ်၏။ သူ၏ရေးပုံရေးနည်းက ကျောင်းသားအများအတုယူလိုက်ရေးကြ၏။ သူသည်အကြောင်းအရာ တစ်ရပ်ကိုရေးသားရာ၌ ဖတ်သူတို့စိတ်ရွှင်ပြုံးနှစ်သက်အောင် ဆွဲငင်နိုင်သောသတ္တိရှိ၏” ဟူ၍ လည်းကောင်း၊

“သိပ္ပံမောင်ဝကား အထက်တန်းစားအရာရှိကြီးဖြစ်၍ မော်တော်ကားနှင့်သားသားနားနားနေပုံကို အထူးရေးဖွယ်မလို။ ကျောင်းဆရာဘဝတွင် သူ့တပည့်များကဆရာမျက်ပြူးခေါ်သည့်အတိုင်း မျက်လုံးမျက်ဖန်ကောင်း၏။ ရုပ်ရည်သန့်၏။ အမှတ်မဲ့ကြည့်သော် ဟန်ကြီးပန်ကြီးနိုင်သည်ဟု ထင်တတ်ကြသော်လည်း ကပ်ပေါင်းသောအခါ သဘောကောင်း၏။ ဖော်ရွေ၏” ဟူ၍ လည်းကောင်း၊

“သိပ္ပံမောင်ဝမှာ ဦးစိန်တင် (အိုင်. စီ. အက်) ထက်သူ၏မောင်ဝဟူသောနာမည်ကိုလေးစားပုံရ၏၊ အခြားကလောင်ရှင်များကိုလည်း လေးစား၏” ဟူ၍ လည်ကောင်း၊ ရေးသားဖော်ပြထားလေသည်။

သိပ္ပံမောင်ဝသည် စစ်အတွင်း ကာလပျက်ချိန်တွင် ၁၉၄၂ ခု၊ ဇွန်လ ၆ ရက်နေ့ရွှေဘိုခရိုင် ကန့်ဘလူမြို့အနီး ဂါဒါးဆည်ကြီးရွာ၌ ဓါးပြလူဆိုးတို့၏ ရက်စက်မှုကိုခံရကာ ကွယ်လွန်ခဲ့ရှာလေသည်။ ဇနီးသည်ဒေါ်ခင်ခင်မြင့်၊ သားတင်မောင်မြင့်၊ သမီးတင်မေမြင့်၊ တင်ရွှေမြင့်တို့ ကျန်ရစ်လေသည်။ သိပ္ပံမောင်ဝ ကွယ်လွန်ကြောင်း သတင်းမှာ(၈. ၇. ၄၂) နေ့ထုတ် မြန်မာ့အလင်းသတင်းစာတိုက်တွင် အောက်ပါအတိုင်းပါရှိလေသည်။

## ဦးစိန်တင်နှင့်ဦးဘသန်း ဓါးပြလူဆိုးများလက်ချက်ဖြင့်သေဆုံးနေပုံ

[ ကျွန်ုပ်တို့ အထူးသတင်းထောက်ထံမှ ]

“အိုင်စီအက် ဦးစိန်တင်နှင့် ကန့်ဘလူနယ်ပိုင် ဝန်ထောက်ဟောင်း ဦးဘသန်း (နှုတ်ခမ်းမွှေးဦးဘသန်းမဟုတ်) ၎င်း၏ဇနီးပါ ဓါးပြများက

သေနတ်ဖြင့်ပစ်သတ် သွားသည့်သတင်းကို ကျွန်ုပ်တို့သတင်းစာတွင် ဖေါ်ပြခဲ့ပြီး ဖြစ်ကြောင်း။

သတင်းအကျယ်မှာ ဦးစိန်တင်အားအိန္ဒိယသို့ခေါ်ရန် အထူးမီးရထားဖြင့် ရွှေဘိုမြို့မှ မြစ်ကြီးနားသို့ခေါ်ဆောင်သွားရာ မြစ်ကြီးနားမရောက်မီ ကန့်ဘလူ ဘူတာသို့ရောက်သောအခါ ဦးစိန်တင်အိမ်သားစုစီးလာသောရထားတွဲကို ဖြုတ်ထားခဲ့၍ ကန့်ဘလူတွင်သောင်တင်ကျန်ရစ်ခဲ့သည်ဆိုကြောင်း။

ကန့်ဘလူတွင် ဦးစိန်တင်နှင့် နယ်ပိုင်ဝန်ထောက်ဟောင်း ဦးဘသန်းတို့ တွေ့ကြ၍ နေရေးထိုင်ရေးတို့ကို တိုင်ပင်ကြပြီး အခြားသစ်တောအရာရှိများနှင့် ပူးပေါင်းကြလျက် ကန့်ဘလူအရှေ့ (၁၁)မိုင်အကွာ ဂါးဒါးဆယ်ကြီးရွာ ဗိုလ်တဲ၌ နေထိုင်ကြသည်ဆိုကြောင်း။

ထိုသို့နေထိုင်ရာတွင် ဓါးပြတိုက်မည်ဆိုသောသတင်းကို သန့်သန့်ကြားသိရှိရသဖြင့် ဦးစိန်တင်တို့လူတစ်စုမှာ နောက်တစ်နေ့တွင် ကန့်ဘလူသို့ပြောင်းရွှေ့နေထိုင်ရန် စီမံကြသေးသည်ဆိုကြောင်း။ ဇွန်လ ၆ရက်နေ့ နံနက် ၅ နာရီ အချိန်လောက်တွင် ဓါးပြလူဆိုးကြီးငဖျော်၏ တပည့်ကြီးသက်ထွန်းနှင့် လူပေါင်း ၁၀၀ကျော်ခန့်တို့မှာ သေနတ်များဖြင့် ဗိုလ်တဲသို့ပစ်သည်ဟုဆိုကြောင်း။ ထိုသို့ သေနတ်သံကြားသဖြင့် နယ်ပိုင်ဝန်ထောက်ဟောင်း ဦးဘသန်း၏ဇနီးမှာ လန့်ပြီး ထလိုက်ရာ သေနတ်မှန်ပြီး ၎င်းနေရာမှာ ပွဲချင်းပြီးသေဆုံးသွားကြောင်း။ ဦးစိန်တင်တို့ လူတစ်စုမှာ မိမိတို့အား ဓါးပြတိုက်ကြောင်းကိုသိသည်နှင့် တစ်ပြိုင်နက် လက်နက်ချပြီဆိုကြောင်းကိုအော်ပြောပြီး သေနတ်များကို ဗိုလ်တဲလက်ရန်းမှ လူဆိုးများမြင်အောင် ပစ်ချကြကြောင်း။

ဦးစိန်တင်တို့ လူတစ်စုနှင့် သစ်တောဘက်ဌာနတွင်လုပ်သော အရာရှိ ဦးခန့်တို့အား တရားဘက်နှင့်သစ်တောဘက်ကို ခွဲခြားပြီး လူစီတန်း ရပ်ခိုင်းပြီးနောက် ဦးစိန်တင်နှင့်ဦးဘသန်းတို့အား ဗိုလ်တဲအပြင်ဘက်သို့ပြေးခိုင်းပြီး ဦးဘသန်းအားနောက်မှနေပြီး လူဆိုးတစ်ယောက်က သေနတ်ဖြင့် ပစ်ကြောင်း။ ဦးစိန်တင်မှာလည်း သားကလေးကို လက်ဆွဲလျက်ပြေးရာ ဗိုလ်တဲအပြင်ဘက်ကျမှ၎င်း၏ ဇနီးအော်သံကိုကြားသဖြင့် ဗိုလ်တဲအတွင်းသို့ ပြန်ဝင်လာရာ လူဆိုးတစ်ယောက်က သေနတ်ဖြင့်ပစ်လိုက်သဖြင့် ဦးစိန်တင်မှာလည်း သေနတ်ဒဏ်ရာဖြင့်သေဆုံးသွားကြောင်း။ ဓါးပြဗိုလ်ကလည်း အရေးပိုင်ကိုမပစ်ရန် အော်ပြောငြားလည်း ဓါးပြတစ်ယောက်၏ သေနတ်လက်ချက်က ဦးသွားသည်ဆိုကြောင်း။

ထိုသို့အခြင်းအရာဖြစ်ပွားပြီးနောက် ဓါးပြဗိုလ်သက်ထွန်းက သစ်တောအရာရှိ ဦးကောဝိန်အား ခင်ဗျားနေရပ်ပြန်ရန် ရော့ ငွေ၁၀၀ ယူဆိုပြီးငွေစက္ကူများပေးအပ်ပြီး ပစ္စည်းများကို လှည်းဖြင့်တင်ဆောင်ပြီး ထွက်သွားကြသည်

ဆိုကြောင်း။ ဓါးပြပေးထားခဲ့သော ငွေစက္ကူများကို ရေတွက်ကြည့်ရာ ငွေ၂၉ဝိ ဖြစ်နေသည်ကို တွေ့ရှိရသည်ဆိုကြောင်း။

ဓါးပြလူဆိုးများသည် ဦးစိန်တင်နှင့် ဦးဘသန်းတို့အား ပစ်သတ်ပြီးနောက် ရွှေငွေပစ္စည်း ၃ သိန်းကျော်ဘိုးကို လှည်း ၂၁ စီးဖြင့် တိုက်ပြီးယူသွားကြကြောင်း။ ဦးစိန်တင်မှဓါးပြလူဆိုးတို့၏လက်ချက်ဖြင့် သေဆုံးခြင်းခံရကြောင်းကို ကြားသိရသည်နှင့်တစ်ပြိုင်နက် မိတ်ဆွေသင်္ဂဟအပေါင်းတို့ သွားရောက်ကြပြီး ၎င်းတို့အလောင်းများကို ကိစ္စပြီးစီးအောင်ဝိုင်းဝန်းကူညီလျက်ဆောင်ရွက်ပေးကြကြောင်း။

ဦးစိန်တင်၏ဇနီးသည်အား သစ်တောဝန်ထောက်ဦးကံတရားက သွားရောက်ပြီး ကန့်ဘလူသို့ပြောင်းရွှေ့နေထိုင်ရန် ခေါ်ဆောင်သော်လည်း ကန့်ဘလူမြို့တော့ဖြင့် မလိုက်ပါရစေနှင့်တော့၊ ရန်ကုန်ကိုသာ ပြန်ချင်ကြောင်းကိုသနားစဖွယ်ပြောကြားလိုက်ကြောင်း၊ ထိုကဲ့သို့ အရာရှိများကိုသတ်ပြီး ပစ္စည်းများကိုတိုက်ယူသွားသော ဓါးပြဗိုလ်သက်ထွန်းတို့ ဓါးပြသတင်းအား ဖမ်းဆီးရမိအောင် ဦးထွန်းလှအောင်နှင့် ဦးခင်ဖေတို့က ကြိုးစားရှာဖွေနေကြောင်း”

သိပ္ပံမောင်ဝသည် ကွယ်လွန်ချိန်၌ အသက်(၄၃)နှစ် အရွယ်မျှသာရှိလေသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကွယ်လွန်သောအခါ သိပ္ပံမောင်ဝက ဆရာ့အား နောင်အနှစ်နှစ်ဆယ် နေစေချင်သေးသည်” ဟု တမ်းတခဲ့သည်။ ဦးမောင်ကြီးသည် ကွယ်လွန်ချိန်၌ အသက် (၆၁) နှစ်ရှိနေပြီ။ အသက်(၄၀)ကျော်အရွယ်ကလေးတွင် ကွယ်လွန်သွားရှာသော သိပ္ပံမောင်ဝ အတွက်ကျွန်တော်တို့ မည်သို့တမ်းတရပါမည်နည်း။

**မင်းယုဝေ**

## အခန်း (၁)

## လန်ဒန်သို့အသွား

**စိတ်ကူး ။** အောက်စ်ဖို့ဒ်တက္ကသိုလ်သို့သွားကာ ပညာသင်ကြားလိုသော စိတ်ကူး ကျွန်တော်၌ နှစ်ကြိမ်ပေါ်ပေါက်ခဲ့ဖူး၏။ မော်လမြိုင် ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင် ဆယ်တန်းပ ပညာသင်ကြားနေခိုက် အင်္ဂလိပ်စာရေးဆရာကြီး တစ်ဦး၏ အတ္ထုပတ္တိစာတန်းကို ဖတ်ရလေသည်။ ထိုစာရေးဆရာကြီးအားအလွန် အားကျပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးပညာဆည်းပူးခဲ့ရာဖြစ်သောအောက်စ်ဖို့ဒ် တက္ကသိုလ်သို့သွားရောက်ကာ ပညာသင်ကြားလိုသော ဆန္ဒပေါ်ပေါက်၏။ ထိုပေါက်လျှင် မည်မျှကောင်းမည်နည်းဟူပင် တွေးတောမိပေသည်။ သို့သော် ထိုထိုးထားသူမဟုတ်သောကြောင့် ၎င်းတွေးတောချက်မှာ အထမြောက်နိုင်ဖွယ် ရာအကြောင်းမရှိပေ။ ဂကား ပထမ စိတ်ကူးဖြစ်၏။

ကျွန်တော်ဝိဇ္ဇာအထက်တန်းတွင် ပညာဆည်းပူးနေခိုက် သီတင်းကျွတ်လ ကျောင်းပိတ်ရက်အတွင်း မြန်မာစာဂုဏ်ထူးယူသူများနှင့်တကွ ပါမောက္ခဦးဖေမောင်တင် ပုဂံသို့ကျောက်စာကူးရင်း ဘုရားလည်းဖူးရင်းသွား ကြလေသည်။ အာနန္ဒာဘုရားအနီးရှိ ပြတိုက်၏ ဝရံတာတွင် စခန်းချနေခိုက် တစ်ညသောအခါ ထမင်းစားသောက်ပြီးကြလျှင် ဆရာတင်က အောက်စ်ဖို့ဒ် တက္ကသိုလ်အကြောင်းကိုပြောပြ၏။ ၎င်းတက္ကသိုလ်ကျောင်းတွင် နေထိုက်ကြပုံ၊ ပညာသင်ကြားကြပုံ၊ ကစားခုန်စားလေ့လာလိုက်စားကြပုံအကြောင်းများ ဖြစ်လေသည်။ ဆရာတင်၏စကားကိုကြားရသောအခါအောက်စ်ဖို့ဒ်တက္ကသိုလ်သို့ရောက် လိုပါဘိတော့ဟု တွေးတောမိပြန်၏။ ၎င်းတွေးတောချက်ကား စိတ်ကူးထဲတွင် သာပေါ်လာပြီးလျှင် စိတ်ကူးထဲတွင်သာပျောက်ကွယ်၍ သွားလေသည်။ အကယ်ပင် ရောက်မည်ဟူ၍လည်းမထင်။ မရောက်လျှင်မနေဟူသော စိတ်ထားနှင့် ကြိုးစားလို သောဆန္ဒလည်းမရှိ။ လူစွမ်းကောင်းများ မြေလျှိုးမိုးပျံ နိုင်သည်ဟူ၍ ကြားရလျှင် ထိုသူတို့ကဲ့သို့ မြေလျှိုးမိုးပျံချင်ပါဘိတော့သည်ဟူ၍ စိတ်ကူးသောသူငယ်ကလေး ၏ စိတ်ကူးမျိုးမျှသာဖြစ်၏။ ဤကားဒုတိယအကြိမ် စိတ်ကူးခြင်းပေတည်း။

**ဆာဟာကုတ်ဘတ္တလာ။** သို့နှင့် ကျွန်တော်သည် ၁၂၈၉ ခု (၁၉၂၇) နှစ်တွင်ဝိဇ္ဇာစာမေးပွဲ ကိုအောင်မြင်လေသည်။ ဝိဇ္ဇာစာမေးပွဲကိုအောင်မြင်ပြီးနောက် မြန်မာဘာသာနည်းပြဆရာလုပ်လိုသောကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်မှာပင် မဟာဝိဇ္ဇာ စာပေများကို သင်ကြားရင်း နည်းပြဆရာလုပ်လျက်နေ၏။ နှစ်လခန့်ကြာသောအခါ ပါမောက္ခဆရာတင်သည် ပါမောက္ခများ၏အခန်းသို့ ကျွန်တော့်အားခေါ်ပြီးလျှင် တက္ကသိုလ်ကျောင်းတိုက်မှာပင် ဆက်လက်ကာစာပေသင်ကြားပို့ချလိုသလော၊ သို့မဟုတ် အင်္ဂလန်သို့ သွားကာ နိုင်ငံ့ဝန်ထမ်းပညာရပ်များကို သင်ကြားလိုသလော အစရှိသော မေးခွန်းတို့ကိုထုတ်လေသည်။ ကျွန်တော်ကားရှေးအထက်ကျော်ကာရီကပင်အောက်စ်ဖို့ဒ် တက္ကသိုလ်သို့ ရောက်လိုသော ဆန္ဒရှိခဲ့ရင်းဖြစ်သောကြောင့် အင်္ဂလန်သို့သွားလိုကြောင်းချက်ချင်းပင် ဖြေဆိုလိုက်လေသည်။ ထိုအခါ ဆရာတင်က တက္ကသိုလ်ကျောင်းတိုက်မှာပင် ပညာကိုဆက်လက်သင်ကြားပြီးလျှင် မြန်မာဘာသာကထိကဆရာလုပ်စေလိုကြောင်း၊ သို့သော်ကျွန်တော့်၌ အင်္ဂလန်သို့သွားလိုသောဆန္ဒရှိလျှင် တားဆီးကန့်ကွက်ခြင်းကို မပြုလိုတော့ပဲ ဆိုင်ရာသို့ ထောက်ခံစာရေးလိုက်မည်ဖြစ်ကြောင်းများကို ပြောကြားကာလွှတ်လိုက်လေသည်။ များမကြာမီပင် ကျွန်တော့်အား ကျောင်းအုပ်ကြီး မစ္စတာစလောစ်က တွေ့ချင်သည်ဟုကြားရ၍သွားရာ ကျောင်းအုပ်ကြီးက စာတစ်စောင်ကို အတွင်းဝန်ရုံးသို့ ယူသွားရန်ပေးလေသည်။ အကြောင်းကိုမေးသောအခါ အင်္ဂလန်သို့ပညာတော်သင်အဖြစ် ဖြင့် ကျွန်တော့်အားလွှတ်ရန် စီမံကြောင်းသိရ၏။ အတွင်းဝန်ရုံးသို့ ရောက်၍ တိုင်းရေးပြည်ရေးဘက်ဆိုင်ရာအတွင်းဝန်ကလေးအား ၎င်းစာကို ပေးလိုက်သောအခါ အတွင်းဝန်ကလေးက စာတစ်စောင်ကိုရေးပေးပြီးလျှင် ဘုရင်ခံမင်းကြီးထံသို့သွားရန် ခိုင်းပြန်လေသည်။ ကျွန်တော်လည်း ၎င်းစာကိုယူ၍ မော်တော်ကားတစ်စီးကိုငှားပြီးလျှင် မိတ်ဆွေကိုချစ်တင်နှင့်အတူ ဘုရင်ခံမင်းကြီး၏အိမ်တော်သို့ ထွက်ခဲ့ကြ၏။ အိမ်တော်သို့ ဤအကြိမ်ရောက်သည်မှာ ပထမအကြိမ်ဖြစ်သောကြောင့် ကြောက်ရမလိုလို၊ ရွံ့ရမလိုလို ဖြစ်လျက်နေလေသည်။ ထိုအခါ ဘုရင်ခံမင်းကြီးကား ဆာဟာကုတ်ဘတ္တလာတည်း။

အိမ်တော်သို့ရောက်၍ အတွင်းရေးကိုယ်ရံတော်ဝန်အား ကျွန်တော်ယူဆောင်လာသောစာကို ပေးလိုက်သောအခါ ကျွန်တော့်အား သူနှင့်အတူတူပင် အိမ်တော်အပေါ်ထပ်သို့ ခေါ်သွားလေသည်။ ရောက်လျှင်ကိုယ်ရံတော်ဝန်က ဘုရင်ခံမင်းကြီးအား ကျွန်တော်ရောက်ပြီဖြစ်ကြောင်းကို ကြား၏။ သို့နှင့် ဘုရင်ခံမင်းကြီးရှေ့မှောက်သို့ရောက်ရလေတော့သည်။ ဘုရင်ခံမင်းကြီး ဆာဟာကုတ်ဘတ္တလာ

လည်း နှုတ်ဆက်ပြီးလျှင် ကျွန်တော့်အား ပညာတော်သင်လွှတ်ရန် အကြံရှိကြောင်း နောင်အလုပ်အကိုင်ရ၍ စိတ်ပျက်စရာများနှင့် တွေ့ကြုံလျှင် စိတ်မပျက်၊ လက်မလျှော့ဘဲအောင်မြင်သည်တိုင်အောင် ကြိုးစားရန် အကြောင်း၊ ဆုံးမစကား ပြောကြားကာ လွှတ်လိုက်သတည်း။

ထို့နောက် ဆယ်ရက်ခန့်ကြာသော် အတွင်းဝန်ကြီးက ခေါ်သောကြောင့် သွားရာ ကျွန်တော်နှင့် ကိုခင်မောင်ဖြူတို့ ဘင်္ဂလားနယ် ကလကတ္တားမြို့သို့ သွား၍ တိုင်းပြည်တာဝန်ခံအမှုထမ်းများ ရွေးကောက်ပွဲ အဖွဲ့ရှေ့မှောက်တွင် အရွေးအကောက်ခံရမည်ဟု ပြောလေသည်။ သုံးရက်ခန့်ကြာလျှင် ကျွန်တော်တို့နှစ်ယောက်အတူတကွပင် ကလကတ္တားမြို့သို့သွားကာ အမေးအမြန်း အစစ်အဆေးများကိုခံကြရ၏။ ကလကတ္တားမှပြန်လာပြီးနောက်အတော်ကြာအောင်ပင် မည်သည့်သတင်းကိုမျှ မကြားရပေ။

**၁၂၈၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၁ ရက်နေ့။**
**( ၁၃. ၈. ၂၇ )**

---

**ပညာတော်သင် ။** ဝါခေါင်လဆုတ် (၁) ရက်နေ့တွင် အတွင်းဝန်ကြီးရုံးမှ စာတစ်စောင်ရလေသည်။ ၎င်းစာတွင် ကျွန်တော်နှင့် ကိုခင်မောင်ဖြူတို့ နှစ်ယောက်စလုံးအား အင်္ဂလန်ပြည်တွင် ပညာသင်ကြားရန် ရွေးကောက် လိုက်ပြီဖြစ်ကြောင်း။ ဝါခေါင်လဆုတ် (၁၀) ရက်နေ့ (၂၂. ၈. ၂၇) တွင် စစ်ကိုင်းခေါ် သင်္ဘောနှင့်လိုက်ရမည်ဖြစ်ကြောင်း။ အင်္ဂလန်ပြည် မည်သည့် တက္ကသိုလ်၌ ပညာသင်ကြားလိုသည်ဟုသိချင်ကြောင်းများပါရှိလေသည်။ ထိုစာကို ရလျှင်ရချင်းပင် အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ သွားလိုကြောင်း စာပြန်လိုက်၏။ ထိုအခါက အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ကျောင်းတိုက်မည်ရွေ့မည်မျှ ရှိသည်ကို မသိ။ ၎င်းကျောင်းတိုက်တို့၏အမည်များကို သိရန်ကားဝေးလှ လေတော့သတည်း။

အစိုးရမင်းက ပညာတော်သင်အဖြစ်ဖြင့် ကျွန်တော်အား ရွေးကောက်လိုက်သည့်အတွက် ဝမ်းမြောက်ခြင်းကား ဆိုဖွယ်မရှိပြီ။ သို့သော် တနင်္ဂနွေ တစ်ပတ်အတွင်း ပြင်ဆင်ရန်၊ လုပ်ကိုင်ရန်ရှိသည်များကိုပြီးအောင် ဆောင်ရွက်ရမည့်အရေးကိုတွေးလိုက်တိုင်း စိတ်ပျက်မိလေတော့သည်။ ဟိုမေးသည်မေး၊ ဟိုပြေးသည်ပြေး၊ ဟိုကြေးနန်းရိုက် သည်ကြေးနန်းရိုက်နှင့်သာလျှင် အလုပ်ရှုပ်

ထွေးလျက်ရှိနေ၏။ ကျွန်တော်မှာ အတွင်းဝန်ကြီးရုံးမှစာကိုရသည့်နေ့အထိ အင်္ဂလန်ပြည်သို့ မည်ကဲ့သို့သွားရကြောင်း၊ ငွေမည်မျှယူသွားရမည့်အကြောင်း။ အင်္ဂလန်ပြည်တွင် မည်သို့နေထိုင်ရကြောင်း၊ မည်သည့်အသုံးအဆောင် အဝတ်အစားမျိုးကို ယူဆောင်သွားရမည့်အကြောင်းများကို လားလားမျှမသိပေ။ ဆွေမျိုး၊ မိဘတို့ထံပြန်ရန်လည်းအချိန်မရ။ ကြေးနန်းရိုက်ကာရန်ကုန်မြို့သို့ခေါ်ရ၏။ ဆွေမျိုးများလည်း ကတိုက်ကရိုက်နှင့်ပင် ရန်ကုန်သို့ လိုက်လာကြလေသည်။ သူတို့လည်း မည်သို့မျှ အကြံမပေးတတ်။ လိုသမျှသောငွေကိုသာလျှင် မကြာမကြာထုတ်ပေးနေကြရရှာလေသည်။

**ရှပ်လိုက်ပါဘိ ။** အကျိုးအကြောင်းကိုမေးမြန်းရန် ဘိလပ်ပြန်များထံ ပြေးရ၏။ ၎င်းတို့က အမျိုးမျိုးအဖုံဖုံ ပြောလိုက်ကြသောကြောင့် စိတ်အိုက်လျက်သာနေတော့သည်။ အချို့က ညစာစားသောအခါ ဝတ်သော အင်္ကျီဘောင်းဘီကမည်မျှ၊ လမ်းထဲတွင်ဝတ်စားသွားရန်အဝတ်ကမည်မျှ၊ အတွင်းခံကမည်မျှ၊ ဖိနပ်ဦးထုပ်ကမည်မျှစသည်ဖြင့် စာရင်းပေးကြကုန်၏။ အချို့ကလည်း မြန်မာပြည်မှ အဝတ်အစားတို့ကို များများဝယ် သွားရန်မလို။ သင်္ဘောထဲတွင် မြန်မာလိုဝတ်စားသွားပြီးလျှင် လန်ဒန်သို့ရောက်မှသာ အဝတ်အစားများကို ဝယ်ရန် အကြံပေးကြကုန်၏။ အချို့က ငွေ ၃၀၀၀ိ/- ခန့် လိုသည်ဟု ဆို၏။ အချို့က၁၀၀၀ိ/- မျှသာလိုသည်ဟုဆိုကြလေသည်။ နောက်ဆုံး၌ ဆရာတင်ထံ ပြေးကာ အကျိုးအကြောင်းကို မေးသောအခါ မြန်မာပြည်မှ အဝတ်အစားတို့ကို များများမဝယ်သွားဘဲ၊ ရိုးရိုးဘောင်းဘီနှင့်ကွတ်အင်္ကျီတစ်စုံ၊ ဦးထုပ် ဖိနပ်တစ်စုံ ပါလျှင်တော်ပြီဟု ပြောပြလေသည်။ သင်္ဘောထဲတွင် မြန်မာလိုဝတ်စားသွားလျှင် ဖြစ်ကြောင်း။ အင်္ဂလန်သို့အတက်တွင် အလွန်အေးသောကြောင့် အပေါ်အင်္ကျီ ထူထူကြီး တစ်ထည်ကိုဝယ်သွားလျှင်ဖြစ်ကြောင်း။ အစိုးရက ပညာတော်သင် လွှတ်သော်လည်း အင်္ဂလန်သို့ရောက်လျှင်ရောက်ချင်း ငွေထုတ်ပေးလေ့မရှိသောကြောင့်၊ အစိုးရထံမှ မရမီအတွင်း သုံးစွဲရန်ငွေ ၁၅၀ိ/- ခန့် ယူဆောင်သွားသင့်ကြောင်း၊ သင်္ဘောထဲတွင် လည်းကောင်း၊ အင်္ဂလန်ပြည် ငှားအိမ်များတွင် လည်းကောင်း မွေ့ရာ၊ စောင်၊ မျက်နှာသုတ်ပုဝါတို့ကို ရနိုင်သည်ဖြစ်သောကြောင့် အိပ်ရာလိပ်၊ စောင်၊ ခြင်ထောင် တို့ကို ယူဆောင်သွားရန် မလိုကြောင်း။ အင်္ကျီဘောင်းဘီတို့မှာ အင်္ဂလန်ရောက်မှ လိုသလောက်ချုပ်ရန် အကြောင်းများကိုလည်းပြောကြားလေသေးသည်။ ဆရာတင်ညွှန်ကြားသည့် အတိုင်းပင် လိုက်နာကာ အဝတ်အစားများကိုဝယ်၏။

အင်္ဂလန်၌ နေထိုင်ရပုံအကြောင်းကိုလည်း အမျိုးမျိုးပြောကြားလေ

သည်။ အချို့က အင်္ဂလန်ရောက်သွားလျှင် အရက်မသောက်ဘဲမနေရ။ မိတ်ဆွေများနှင့်အတူတကွ ထမင်းစားပွဲများတွင် အရက်မသောက်လျှင် ရိုင်းရာကျသည်ဟု ပြောကြကုန်၏။ ဆရာတင်အား မေးသောအခါ ထိုသူတို့ပြောကြသည်မှာ မမှန်ကန်ကြောင်း။ အင်္ဂလန်တွင် အရက်မသောက်တတ်သောသူ များစွာရှိကြောင်းကို ပြောပြလေသည်။ အချို့ကလည်း အစိုးရပေးသောငွေနှင့် မလောက်သောကြောင့်အိမ်မှ တစ်လလျှင် ငွေ ၁၀၀ိ၊ ၂၀၀ိ၊ စသည်ဖြင့် ထောက်ပံ့ရသည်ဟု ဆိုကြပြန်လေသည်။ ဤနေရာ၌လည်း လူကိုလိုက်၍ ဖြစ်သည်။ အသုံးအစွဲကြီးလျှင်ကြီးသလောက် ကုန်ကျကြောင်း၊ အသုံးအစွဲချွေတာသူတို့မှာ အစိုးရပေးသောငွေနှင့် ကောင်းစွာနေထိုင်နိုင်ကြောင်းများကိုလည်း ဆရာတင်ထံမှ ကြား၏။

ကျွန်တော်မှာ အမျိုးမျိုးကြား၊ အမျိုးမျိုး အလုပ်များလျက်နေတော့သည်။ အဝတ်အစား ဝယ်ရသည်က တစ်ခြား။ အင်္ကျီ ဘောင်းဘီ ချုပ်ရသည်က တစ်ဖုံ။ နိုင်ငံခြားလက်မှတ်ကို သွားယူရသည်က တစ်မျိုး။ ကျောက်ထိုးဆရာထံ သွားရသည်က တစ်တန်။ အင်မတန်မှ ဒုက္ခရောက်လေသည်။ မိတ်ဆွေအရင်းအချာ ဖြစ်ကြကုန်သော ကိုညွန့်၊ မောင်ဘမောင်၊ မောင်စိုးညွန့်၊ မောင်ကျော်ဝင်းတို့၏ ညစာထမင်းကျွေးရာသို့လည်း ပြေးရ မော်လမြိုင်ကျောင်းသားများ အသင်း၏ လက်ဖက်ရည်တိုက်သော ပွဲသို့လည်းမြန်းရ၊ မြို့မကျောင်းသားဟောင်းများ အသင်းမှ ညစာကျွေးသည်သို့လည်းသွားရနှင့် အားလှသည်မရှိပြီ။ မိဘဆွေမျိုးတို့ကလည်း အင်္ဂလန်သို့မသွားမီ မိမိတို့နှင့် စကားကောင်းကောင်းပြောရန် အချိန်မရသောကြောင့် မကျေမနပ်ဖြစ်ကြလေသည်။

**၁၂၈၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်နေ့**
**( ၂၂. ၈. ၂၇ )**

---

**သင်္ဘောဆိပ် ။** ဤသို့ အလုပ်ရှုပ်ရင်းနှင့်ပင် သင်္ဘောဆိပ်သို့ဆင်းရန် အချိန်သို့ရောက်ခဲ့၏။ ၁၂၈၉ ခု၊ ဝါခေါင်လဆုတ် (၁၀) ရက်နေ့ (၂၂. ၈. ၂၇) နံနက် (၇) နာရီခွဲအချိန်တွင် ရန်ကုန်မြို့ ဘားလမ်းသင်္ဘောဆိပ်တွင် လူစည်ကားလျက် နေလေပြီ။ အင်္ဂလိပ်လည်းရှိ၊ မြန်မာလည်းပါ၊ ကုလားများကမရှား၊ ကပြားများကတစ်ဖုံ၊ မိန်းမတွေကလည်း အများပင်၊ ယောကျ်ားတွေက စုရုံး စုရုံး၊ အဝတ်သစ် အစားသစ်များနှင့် ကျောင်းသားတွေ၊

ကျောင်းသူတွေ၊ ရယ်ကြ၊ မောကြ၊ စကားပြောကြနှင့် နေကြလေတော့သတည်း။ ထိုနေ့တွင် အင်္ဂလန်သို့ ပညာတော်သင်ရန် သွားမည့်သူတို့မှာ ကိုးယောက်နှင့်နှင့် ရှိလေသည်။ ထိုကိုးယောက်တို့အား လာ၍ပို့ကြသောသူတို့ကား နှစ်ရာ၊ သုံးရာ ခန့်ရှိပေလိမ့်မည်။ ပညာတော်သင်များအပြင် အခြားအင်္ဂလိပ်၊ အင်္ဂလိပ်မ၊ အမေရိကန်၊ အမေရိကန်မများလည်းပါသေး၏။ မည်သူမည်ဝါများဟူ၍ သတိမထားနိုင်၊ ကိုယ့်လူစုနှင့်ကိုယ် ရှုပ်ထွေးလျက်နေကြလေသည်။

ပညာသင်သွားမည့် သူတို့အနက်လည်း၊ အချို့မှာ မြန်မာလိုဝတ်ကြ၏။ အချို့ကား ဂိုက်ကျကျ၊ ဟန်ပါပါ၊ အင်္ဂလိပ်လိုဝတ်ကာ ဆင်းလာကြလေသည်။ တရုတ်ကပြား သုံးယောက်တို့အဘို့ကား မထူးပြီ။ ရှေးကတည်းက ဘောင်းဘီနှင့် ကွတ်အင်္ကျီတို့ကို ဝတ်စားနေသူတို့ပေတည်း။ အချို့မှာ ပြုံးပြုံးရွှင်ရွှင်၊ ရယ်လားမောလားနှင့် နေကြကုန်၏။ အချို့မှာမူ မျက်နှာများပျက်လျက် နေကြလေသည်။ အင်္ဂလန်သို့လည်း သွားချင်၊ ဆွေမျိုးမိဘ များနှင့် ခွဲရမည်ကိုလည်း သည်းမခံနိုင် မိဘဆွေမျိုး အပေါင်းတို့မှာလည်း ဤနည်းအတိုင်းပင်ဖြစ်၏။ မိမိတို့၏ သားများ၊ တူများ၊ မောင်များ၊ အကိုများ နိုင်ငံခြားသို့ ပညာတော်သင် သွားကြရမည်ကို ဝမ်းသာ၍မဆုံး။ အကျေနပ်ကြီး ကျေနပ်ကြကုန်၏။ သို့သော် ထိုသား၊ တူ၊ မောင်၊ အစ်ကိုများနှင့် နှစ်နှစ်တိုင်တိုင် ခွဲခွာ၍နေရမည်ကိုကား သည်းမခံနိုင်ကြပေ။ ဖျားရေး၊ နာရေးတို့ကို တွေးလိုက်ပြန်သောအခါလည်း စိတ်မပူဘဲမနေနိုင်။ ထိုသူတို့၏ မျက်နှာများမှာ ဝမ်းသာသည်ဟူ၍လည်း မဆိုသာ။ ဝမ်းနည်းသည်ဟူ၍လည်းဆိုမရ၊ စက မျက်နှာများဟူ၍သာဆိုလိုက်ချင်တော့သည်။

ဤသို့ စုရုံးစုရုံးနှင့် လုပ်နေကြရင်းပင် သင်္ဘောထဲသို့ဆင်းရန် အချိန်မှာ နီး၍နီး၍လာခဲ့၏။ မိဘဆွေမျိုးတို့အား ကန်တော့သူ ကန်တော့။ မှာသူမှာ။ မျက်နှာသေကလေးများနှင့်ချည်းသာ။ မိဘဆွေမျိုးတို့ကလည်း အထူးထူး အထွေထွေ ကြိုက်ရာကြိုက်ရာကို မှာလိုက်ကြကုန်၏။ အချို့က အနည်းငယ် နေမကောင်းလျှင် ထည့်ပေးလိုက်သော ဆေးဝါးများကို ဂရုစိုက်ကာစားဟုမှာကြ၏။ လန်ဒန်တွင် အလည်အပတ်မလုပ်နှင့်ဟု ဆိုသူကဆို၊ ပညာကို ကြိုးစားကာသင်ဟု ပြောသူကပြော၊ ငွေကြေးကို မဖြုန်းနှင့်ဟု သတိပေး သူကပေးနှင့် ရှုပ်ထွေးလျက်နေလေသည်။

မိဘဆွေမျိုးတို့အား နှုတ်ဆက်ကြပြီးလျှင် မိတ်ဆွေ သူငယ်ချင်းတို့အား နှုတ်ဆက် ကြပြန်၏။ မိတ်ဆွေအပေါင်းတို့၏ မှာကြားလိုက်သော စကားတို့ကား မိဘဆွေမျိုးများက မှာကြားလိုက်သော စကားများနှင့် လားလားမျှ မတူပေ။ အချို့က လန်ဒန်ရောက်လျှင် အင်္ဂလိပ်မလေးများကို ဝအောင်ပိုးခဲ့ဟု မှာကြားကုန်၏။ အချို့ကလည်း လန်ဒန်ရောက်လျှင် အင်္ဂလိပ်မကလေး တစ်ယောက်

နှစ်ယောက်ကို စာတိုက်မှ ပို့လိုက်ရန် ပြောလိုပြော။ ပြင်သစ်ပြည်ရောက်လျှင် ဓာတ်ပုံဆန်းများကို ပို့လိုက်ရန် တောင်းပန်သူက တောင်းပန်နှင့် အင်မတန်မှပင် ရွှန်းနေ၊ သောနေကြကုန်၏။

ပညာတော်သင်သွားမည့်သူတို့ကား စိတ်ထဲတွင်မည်သို့နေသည်မသိ၊ ဝမ်းသာ ရမလိုလို၊ ဝမ်းနည်းရမလိုလို၊ မလိုလို များဖြင့် ပြည့်လျက်နေလေပြီ။ မိဘဆွေမျိုးများက မှာကြားနေသောအခါ နန္ဒေရရ မျက်နှာကလေးများနှင့် နားထောင်နေကြကုန်၏။ မိတ်ဆွေများက အရွှန်း၊ အသောများကိုပြောကြားလိုက်ပြန်သောအခါ ပြုံးပြုံးရွှင်ရွှင်နှင့်ရယ်လားမောလား နေကြလေသည်။

သို့နှင့် (၈) နာရီထိုးတော့၏။ (၈) နာရီထိုးသည်နှင့်တစ်ပြိုင်နက် ကူးတို့သင်္ဘောကလေးပေါ်သို့ ဆင်းကြရလေသည်။ လန်ဒန်သွားသင်္ဘောကား ဆိပ်ကမ်းတွင်မကပ်။ မြစ်လယ်တွင် ဆိုက်၍နေလေသည်။ သင်္ဘောကလေးထဲသို့ မရောက်မီ အဝင်မှနေ၍ လက်မှတ်စစ်သူကစစ်၊ ကျန်းမာရေးဘက်မှသွေးစမ်း သူကစမ်းနှင့်ရှုပ်၍နေပြန်ပြီ။ မိဘဆွေမျိုးမိတ်ဆွေတို့၏ နှုတ်ဆက်ကြသော အသံများမှာလည်း သင်္ဘောဆိပ်တစ်ခုလုံး ဆူညံ၍နေလေတော့သတည်း။

မကြာမီ ကူးတို့သင်္ဘောကလေးလည်း တံတားမှ ထွက်ခွာခဲ့၏။ အော်ဟစ်ကာ နှုတ်ဆက်သူတွေကလည်း မရှား။ လက်ကိုင်ပုဝါများဖြင့် ရမ်းကာ ရမ်းကာ နှုတ်ဆက်သူတွေကလည်းအများ။ ငေးပြီး စိုက်ကြည့်နေသူတွကလည်းရှိသေး။ သင်္ဘောကလေးလည်း ဝေးသည်ထက် ဝေး၍လာခဲ့၏။ နှုတ်ဆက်သူတို့မှာ လက်မလျော့ကြသေး။ သင်္ဘောကလေး ပေါ်တွင်ပါလာကြသော သူတို့ကလည်း တံတားပေါ်တွင် ကျန်ရစ်ခဲ့ကြသော သူတို့ကဲ့သို့ပင် လက်ပြကာ လက်ကိုင်ပုဝါ ရမ်းကာဖြင့် အဆက်မပြတ်နှုတ်ဆက်လျက် လာကြကုန်၏။

**စစ်ကိုင်း ။** တံတားမှ ထွက်လာ၍ (၅) မိနစ်ခန့် ကြာလျှင် စစ်ကိုင်းခေါ်ပင်လယ်ကူးသင်္ဘောပေါ်သို့ရောက်ကြကုန်၏။ တံတားပေါ်တွင် ကျန်ရစ်ခဲ့ကြသော မိဘဆွေမျိုးမိတ်ဆွေအပေါင်းတို့မှာ ထွက်ခွာသွားကြကုန်ပြီ။ အချို့သာလျှင် ကျန်တော့၏။ ၎င်းတို့ မည်သူမည်ဝါများဟူ၍ကားမသိ။ မကြာမီ သင်္ဘောလည်းရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာခဲ့လေသတည်း။ ကျွန်တော်တို့လူစုကား မိမိတို့အား နေရာချထားရာ အခန်းများအတွင်းသို့ ခေတ္တမျှ ဝင်ရောက်ကြည့်ရှုကြပြီးလျှင် သင်္ဘောကုန်းပတ်ပေါ်သို့ ထွက်ကာ ရန်ကုန်မြို့ကြီးကိုအားပါးတရ မျှော်၍ ကြည့်ကြလေသည်။ ဤအခါကျမှ သင်္ဘောပေါ်တွင် မည်သူမည်ဝါပါ၍လာသည်ကိုဂရုစိုက်ကာ မေးမြန်းစုံစမ်းနိုင်ကြ၏။ ပါလာသူများအနက်ရှေးကတည်းက သိပြီးသား မိတ်ဆွေများလည်း ပါ၏။ မသိသေးသော သူတို့လည်း

ပါလေသည်။ ၎င်းတို့နှင့် တစ်ယောက်ယောက်က အသိဖွဲ့ပေးသည်နှင့် အားလုံးပင် အသိအကျွမ်းများဖြစ်၍သွားကြလေသည်။

**ပညာတော်သင်မိတ်ဆွေများ ။** ကျွန်တော်နှင့်အတူတစ်သင်္ဘောတည်းပါလာသော ပညာတော်သင်တို့ကား ဆရာဦးဘဇော်၊ ဆရာဝန်ကိုမင်းစိန်၊ ဆရာကိုဘ၊ မစ္စတာထင်အိုင်၊ ကိုအေး၊ ကိုရုံးမို၊ ကိုစောအုံတင်နှင့် ကိုခင်မောင်ဖြူ တို့ဖြစ်၏။ အားလုံးပေါင်း ကိုးယောက်ပင်၊ တပျော်တပါးကြီး ဖြစ်လေသည်။ တစ်ခန်းလျှင် နှစ်ယောက်ကျ နေရာချထား၏။ ဆရာဦးဘဇော်နှင့် ကိုမင်းစိန်တို့က တစ်ခန်း၊ ကိုရုံးမိုနှင့် ကိုအေးတို့ကတစ်ခန်း၊ ကိုခင်မောင်ဖြူနှင့် ကျွန်တော်တို့ကတစ်ခန်း၊ ဆရာကိုဘနှင့် မစ္စတာထင်အိုင်တို့က တစ်ခန်း၊ ကိုစောအုံတင် တစ်ယောက်တည်းက တစ်ခန်းသပ်သပ်ရလေသည်။ ကျွန်တော်တို့လူစုအနက် ဆရာကိုဘ၊ ကိုစောအုံတင်၊ မစ္စတာထင်အိုင် တို့မှာ ပညာရေးအတတ်ကို သင်ကြားရန်ဖြစ်၏။ ကိုရုံးမိုနှင့် ကိုအေးတို့မှာ စက်ဆရာအတတ်ကို သင်ကြားရန်၊ ဆရာဦးဘဇော်မှာပန်းချီအတတ်၊ ဆရာဝန်ကိုမင်းစိန်မှာဆရာဝန်အတတ်၊ ကိုခင်မောင်ဖြူနှင့် ကျွန်တော်တို့ကား တိုင်းပြည်အုပ်ချုပ်ရေးအတတ်များကို အသီးသီးသင်ကြားရန် ဖြစ်လေသည်။

ကိုးနာရီထိုးသောအခါ သင်္ဘောဦးဘက် အောက်ထပ်ရှိ ထမင်းစားခန်းထဲတွင် နံနက်စာကိုဆင်း၍ စားသောက်ကြရလေသည်။ အချို့မှာ စားနိုင်ကြ၏။ အချို့ကား မစားနိုင်ကြ။ မစားနိုင်သူတို့မှာ လွမ်းနာကျနေသူတို့တည်း။ စားနိုင်သူတို့ကား အမှုမဲ့အမှတ်မဲ့ လာကြသူများဖြစ်ကြလေသည်။ နံနက်စာကို စားသောက်၍ ပြီးကြလျှင် ကုန်းပတ်ပေါ်၌လမ်းလျှောက်ကာစကားပြောလိုက်၊ ကမ်းခြေကိုကြည့်လိုက်နှင့်သာလာကြကုန်၏။ အချို့ကလည်း သင်္ဘောအပေါ်ထပ် ဧည့်ခန်းထဲတွင် စာရေးနေကြလေသည်။ အံ့ဩစရာ။ ရန်ကုန်ကထွက်မည်မကြံသေး။ စာရေးနေကြလေပြီ။ သီဟိုဠ်ကျွန်းသို့ရောက်လျှင် စာထည့်ရန်ခဲထားသူတို့ပေတည်း။

သင်္ဘောပေါ်တွင် ပါလာသောသူ အားလုံးပင် အနေအထားမကျကြသေးသဖြင့် ခပ်ကြောင်ကြောင် ဖြစ်နေကြလေသည်။ နေ့ခင်း နာရီပြန် (၁) ချက်ထိုး၍ နေ့စာစားသောက်ကြသောအခါ သင်္ဘောလည်း ပင်လယ်ထဲသို့ ဝင်စပြု၏။ ရွှေတိဂုံစေတီတော်မြတ်နှင့်လည်း ဝေးခဲ့လေပြီ။ ရွှေတိဂုံစေတီတော်ကြီးအား ရှေးအခါကဖူးခဲ့ရသည်မှာ များလှပြီဖြစ်သော်လည်း ဤအကြိမ်သင်္ဘောပေါ်မှဖူးရသကဲ့သို့ နှစ်ခြိုက်ကြည်ညိုခြင်း မဖြစ်ခဲ့ဖူးသေးပေ။

**သံယောဇဉ် ။** အတန်ကလေးကြာလျှင် မြန်မာပြည် ကမ်းခြေကို ရိပ်ရိပ်

ကလေးသာမြင်ရတော့၏။ ဤကမ်းခြေကလေးကား ငါတို့ ၏တိုင်းပြည်ပါကလား ဟု မခွဲချင်အောင်ရှိနေလေသည်။ ၎င်းကမ်းခြေရိပ်ရိပ် ကလေး မျက်စိထဲမှပျောက် သွားမည်ကိုပင် စိုးရိမ်မကင်းဖြစ်နေမိပေ၏။ မကြာမီအတွင်းမှာပင် ထိုရေးရေး ကလေးမြင်ရသောကမ်းခြေကလေးမှာ ပျောက်ကွယ်၍သွားလေသတည်း။ ထိုပျောက်ကွယ်သွားရာ ကမ်းခြေဘက်သို့ တန်းမှန်းကာ လက်ဝဲသုန္ဒြအမတ်ကြီး ကဲ့သို့"သည်တွင်ရွှေမြို့ သည်သို့စေတီ" ဟုဆိုကာလွမ်းမိပေသည်။ ကျွန်တော် တစ်ယောက်တည်းသာမဟုတ်၊ ကိုယ့်တိုင်းပြည်မှ ခပ်ကြာကြာကလေးခွဲကာ နိုင်ငံခြားသို့သွားသူတိုင်း ဤသို့သောစိတ်မျိုးပေါ်ပေလိမ့်မည်။

**လှိုင်းမူးပြီ ။** ဤသို့တွေး၍ ကောင်းနေတုန်း၊ လွမ်း၍ ကောင်းနေတုန်း မှာပင်ကျွန်တော်တို့စီးလာသော သင်္ဘောမှာပင်လယ်ထဲသို့ လုံးလုံးရောက်၍ သွား၏။ လှိုင်းတံပိုးတို့လည်း တိုး၍တိုး၍လာလေပြီ။ ကျွန်တော် တို့လူစု လည်းမူးစပြုလေပြီ။ မကြာမီမိမိတို့၏ အခန်းများသို့သွားကာ လှဲနေကြ ရလေသည်။ လှိုင်းမူးသဖြင့် မျက်နှာများနီလာပြီးလျှင် အန်ချင်သလိုလို ပျို့၍ ပျို့၍လာ၏။ သင်္ဘောဆေးအနံကို ခံ၍မရ။ သင်္ဘောဆေးနံကိုရလေ မူးလေပင်၊ သို့သော် သင်္ဘောဆေးအနံ ကင်းသောနေရာကား အဘယ်မှာလျှင် ရှိပါအံ့နည်း။ အခန်းထဲတွင်လည်း ဤအနံကိုရ၏။ အပြင်ထွက်သွားပြန်လည်း ဤအနံနှင့် မကင်းပေ။

ည (၇) နာရီထိုးလျှင် ညစာစားရန် ခေါင်းလောင်းထိုးသဖြင့် ညစာစားရာ အခန်းထဲသို့ ကျွန်တော်တို့တစ်စု ဆင်းသွားကြလေသည်။ ကျွန်တော်တို့ ကိုးယောက်တွင် စားပွဲတစ်လုံး သီးသန့်၍ရလေသည်။ ကျွန်တော်တို့၏ စားပွဲတွင် သင်္ဘောဆရာဝန်လည်း ညစာလာ၍ စားသောက်လေသည်။ အားလုံး ပင် ညစာကို ကောင်းစွာ မစားသောက်နိုင်ကြပေ။ အချို့မှာ လက်ဦးဆုံးပေးသော ဟင်းချိုတစ်ခွက်ကိုသာ သောက်နိုင်ကြ၏။ အခြား အစားအစာများကို မစားနိုင်။ အချို့ကား ဟင်းချိုနှင့်ငါးကြော်တို့ကိုသာ စားသောက်နိုင်ကြလေသည်။ ပေးသမျှ သော အစားအစာတို့ကို စားသောက်နိုင်သူကား အနည်းငယ်သာ။ ကျွန်တော်တို့ လူစုအနက် ဆရာဦးဘဇော်မှာအမူးဆုံး ဖြစ်လေသည်။ သင်္ဘောမှ ပေးသော အစားအစာတို့ကား အဆီအပျားပါသောကြောင့် မူးခြင်းကိုပို၍ အားပေးလေ သည်။ ကျွန်တော်တို့ချည်းသာမဟုတ် သင်္ဘောပေါ်တွင်ပါလာကြသော အခြား ခရီးသည်တို့လည်း ကျွန်တော်တို့နည်းတူပင် လှိုင်းမူးကြ၏။ သို့သော်မမူးဟန် ဆောင်နေကြကုန်၏။ သူတို့၏မျက်နှာများကမူကား မူးကြောင်း သက်သေခံနေ ကြလေသည်။

ညစာစားသောက်ပြီးကြသောအခါ ခပ်မှုးမှုးနှင့်ပင် မိမိတို့၏အခန်း အသီးသီး အတွင်းသို့ဝင်ကာ ထိုးလှဲလိုက်ကြကုန်၏။ ပင်လယ်ထဲတွင် လှိုင်းတံပိုးလည်း တိုး၍တိုး၍သာ လာခဲ့၏။ မိုးလည်းရွာ၊ လေလည်းကျသဖြင့် သင်္ဘောမှာ နစ်ချည် ပေါ်ချည်နှင့် နေလေတော့သည်။ လှိုင်းတံပိုးတို့၏ အသံမှာလည်း ဆူညံနေ၏။ ကျွန်တော်တို့ကား အိပ်ရာထဲတွင် တလူးလူး တလိမ့်လိမ့်နှင့်ပင်။ အိပ်၍လည်း မပျော်၊ အိပ်မပျော်ဘဲလည်းမဟုတ်၊ အနေရခက်ဘိ၏။

## ၁၂၈၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်နေ့
## ( ၂၃. ၈. ၂၇ )

---

**မစားနိုင်မသောက်နိုင် ။** နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် လက်ဖက်ရည် တစ်ခွက်နှင့် သစ်တော်သီးတစ်လုံးစီ အခန်းထဲသို့ လာ၍ပေးလေသည်။ လက်ဖက်ရည်မသောက်မီ မျက်နှာသစ်မည်ဟုထလိုက်ရာ အခန်းထဲတွင်ယိမ်းထိုး၍နေ၏။ နဂိုကလည်း မူးနေ၊ သင်္ဘောကလည်း လှိုင်းများ အကြားတွင် ဘယ်ယိမ်း ညာထိုးနှင့်နေပြန်၊ အင်မတန်မှပင် စိတ်ပျက်စရာ ကောင်းလေသည်။ ဤသို့ ယိမ်းထိုးရင်းပင် မျက်နှာသစ်၍ပြီးသည်နှင့် လက်ဖက်ရည် တစ်ခွက်ကိုသောက်၊ ထို့နောက် ကြာကြာမထိုင်နိုင်၊ အိပ်ရာထဲ ဝင်ကာ ကွေးနေရပြန်၏။

နံနက်စာ စားချိန်ရောက်၍ ခေါင်းလောင်ထိုးသောအခါ ကျွန်တော် ထမင်းစားခန်းသို့ မသွားနိုင်။ အစာ စားချင်သောစိတ်လည်းမရှိ။ ကိုခင်မောင်ဖြူ တစ်ယောက်တည်းသာ ထွက်၍သွားလေသည်။ သူပြန်ရောက်သောအခါ ထမင်း စားရန် လေး-ငါးယောက်သာ ထမင်းစားခန်းသို့ လာနိုင်သည်ဟုပြော၏။ ကိုခင်မောင်ဖြူ မှာခဲ့သောကြောင့် အခန်းစောင့်ကုလား ငါးကြော်တစ်ပန်းကန်ကို ယူခဲ့လေသည်။ သို့သော်ငါးကြော်အနံ့ကို ရသည်နှင့် မစားနိုင်။ ပို၍မူးလာသော ကြောင့်ပြန်ပေးလိုက်ရလေသည်။ ကိုခင်မောင်ဖြူလည်း အခန်းတွင်းသို့ ရောက်လျှင် ရောက်ချင်းပင် အဝတ်အစားလဲကာ အိပ်ယာထဲဝင်ပြန်၏။ ထိုနေ့တွင် နေ့စာ ကိုလည်းမစားနိုင်။ ညနေတွင် လက်ဖက်ရည်တစ်ခွက်ကိုသာ သောက်နိုင်၏။ ညစာကိုကား စားသောက်ရန်မဆိုထားဘိ စိတ်ကူးလိုက်သည်နှင့်ပင် ပျို့၍တက် လာလေတော့သည်။

(၃) ရက်ကြာသော် ။ ဤသို့အိပ်ရာထဲတွင် လဲနေသည်နှင့်ပင် (၃)ရက်လွန်မြောက်၍လာခဲ့၏။ ထိုအခါ ကျင့်သားအနည်းငယ်ရလာပြီဖြစ်သောကြောင့်ရှေးကကဲ့သို့ မမူးတော့ပြီ၊ လှိုင်းလေကလည်း ရှေးကကဲ့သို့ မပြင်းထန်တော့ပေ။ သင်္ဘောမှာလည်း များစွာမလှုပ်ရှား။ ကျွန်တော်မှာ အစားအစာကို အနည်းငယ် စားသောက်နိုင်လေပြီ။ ကုန်းပတ်ပေါ်တွင် လမ်းထွက်၍လျှောက်ခြင်း၊ မိတ်ဆွေများရှိရာ အခန်းများသို့ သွားရောက်လည်ပတ်ခြင်းတို့ကိုပင် ပြုလုပ်နိုင်၏။

ကျွန်တော်တို့လူစုကား သီဟိုဠ်ကျွန်းသို့ သင်္ဘောရောက်လျှင် မြတ်စွာဘုရားစွယ်တော်ကို ဆင်း၍ဖူးမြော်ရန် အားခဲထားကြကုန်၏။ သင်္ဘောမှူးအား မေးမြန်းကြည့်သောအခါ သီဟိုဠ်ကျွန်း၌ သင်္ဘောဆိုက်မည် မဟုတ်ကြောင်းပြောပြသောကြောင့် အားလုံးပင် စိတ်ပျက်ကြလေသည်။ သီဟိုဠ်ကျွန်းသို့ ရောက်မှ စာထည့်မည်ဟု အားခဲကာချစ်သူတို့ထံ စာရေးလာကြသော ပုဂ္ဂိုလ်တို့ မှာလည်း အထူးပင်စိတ်ပျက်သွားကြလေသတည်း။

**၁၂၈၉ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်နေ့**
**( ၂၇• ၈• ၂၇ )**

---

**သီဟိုဠ်ကျွန်း ။** နံနက် (၁၀) နာရီခန့်အချိန်တွင် ကျွန်တော်တို့စီးလာသောသင်္ဘောမှာ သီဟိုဠ်ကျွန်းကို ကျော်လွန်၍လာခဲ့လေ၏။ ကမ်းခြေကိုသင်္ဘောပေါ်မှ ခပ်ရေးရေးကလေး မြင်ရလေသည်။ (၃)ရက်တိုင်တိုင် ရေကိုချည်းမြင်ခဲ့ရသောကြောင့် စိမ်းလန်းလာသော သစ်ပင်၊ ကုန်းမြေ၊ တောင်တန်းများကို အဝေးမှမြင်ရသောအခါ အထူးပင်စိတ်ကြည်နူးခြင်းဖြစ်ကြလေသည်။ ယခင်သုံးလေးရက်က နံနက်မှ မိုးချုပ်၊ မိုးချုပ်မှမိုးလင်း ရေကိုချည်း မြင်နေရသည်မှာ စိတ်ပျက်စရာကောင်းလှ၏။ နေထွက်လည်းပင်လယ်ထဲမှထွက်လာ၊ နေဝင်ပြန်လည်း ပင်လယ်ထဲသို့ဝင်သွား၊ အလွန်ငြီးငွေ့ဖွယ်ကောင်းလှပေသည်။ ကြယ်တာရာအပေါင်းနှင့်လတို့သာလျှင် ကျွန်တော်တို့၏အဖော်ကောင်းများဖြစ်ကြကုန်၏။ လမ်းထဲတွင် မီးသင်္ဘော(၁)စင်း(၂)စင်းတို့နှင့်ဆုံမိသော်လည်း ၎င်းတို့မှာ မကြာမီပျောက်ကွယ်၍သွားကြလေသည်။

၁၂၈၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်နေ့
( ၂၂. ၈. ၂၇ )

---

**သီဟိုဠ်ကျွန်း လွန်လေသော် ။** သီဟိုဠ်ကျွန်းကို လွန်သောအခါ အားလုံးလိုလိုပင် အမူးပျောက်ကြပြီဖြစ်သဖြင့် ထမင်းစားခန်းထဲတွင် လူများစွာစည်ကား၍လာလေသည်။ ကျွန်တော်တို့အထဲမှ ကိုရုံးမိုနှင့် ဆရာဦးဘဇော်တို့သာ အမူးကောင်းကောင်း မပျောက်ကြသေးပေ။ သို့သော်ထမင်းစားခန်းသို့ကား လာနိုင်ကြလေသည်။ သင်္ဘောပေါ်တွင် ပါလာကြသောခရီးသည်အားလုံးပင် ရွှင်ရွှင်ပျပျဖြစ်၍လာကြကုန်၏။

**ကစားအမျိုးမျိုး ။** သင်္ဘောမှူးနှင့် သင်္ဘောအရာရှိတို့လည်း ခရီးသည်များ ပျော်ပါးကြစေရန် ကစားအမျိုးမျိုးတို့ကို စီမံ၍ပေးကြလေသည်။ အများကြိုက်ကြသောကစားမျိုးမှာ(၅၀)ပုလင်းအရွယ်ခန့်ပွတ်ခံထားသော သစ်သားတိုင်ကလေး (၁၀)တိုင်ကို တစ်ဖက်တွင်ထောင်ထားပြီးလျှင် ပေ(၅၀)ခန့် နေရာမှသစ်သားလုံးများဖြင့် လှိမ့်၍လှဲရသောကစားနည်းမျိုးဖြစ်လေသည်။ တစ်ဖက်လျှင်(၅)ယောက်၊ (၆)ယောက်စသည်ဖြင့်ကစားသူများလျှင်များသလောက်အသင်းခွဲ၍ ကစားနိုင်၏။

ကျားကစားခြင်း၊ စစ်တုရင်ထိုးခြင်း၊ ကွင်းပစ်ခြင်း၊ ဖဲရိုက်ခြင်းတို့ဖြင့်လည်း အချိန်ကိုဖြုန်းလေ့ရှိကြ၏။ စန္ဒယားတီးတတ်သူတို့ကလည်း ညစာစားသောက်ပြီးကြလျှင် စန္ဒယားတီးလေ့ရှိကြ၏။ ဖဲရိုက်တတ်သူတို့ကလည်း ဖဲရိုက်၊ စန္ဒယားတီးသူမရှိလျှင်စက်သီချင်းဖွင့်လေ့ရှိကြ၏။ တစ်မျိုးပျော်စရာကောင်းလှပေသည်။

**နေ့စဉ်အလုပ် ။** (နံနက်) နံနက်စောစော လက်ဖက်ရည် တစ်ခွက်စီ သောက်ကြပြီးလျှင် အဝတ်အစားလဲကာ ကုန်းပတ်ပေါ်တွင်လမ်းလျှောက်သူလျှောက်၊ တစ်ယောက်အခန်း တစ်ယောက်သွားကာ စကားများသူများ၊ စာပေဝါသနာပါသူတို့ကလည်း စာဖတ်ကြကုန်၏။ သင်္ဘောပေါ်တွင်အင်္ဂလိပ်စာအုပ်များ ဘီရိုတစ်လုံးနှင့်အပြည့် ပါလာလေသည်။ မည်သူမဆို ခေတ္တငှား၍ဖတ်နိုင်၏။ ကျွန်တော်တို့မြန်မာတစ်စုတွင် ဆရာဦးဘဇော်နှင့် ကိုမင်းစိန်တို့မှာလူကြီးများဖြစ်ကြသောကြောင့် ၎င်းတို့စီမံသမျှကို လိုက်နာ၍သွားကြလေသည်။ အရေးအကြောင်းပေါ်လာလျှင်လည်းသူတို့ထံသွားကာ ဆွေးနွေးကြရကုန်၏။ ကိုမင်းစိန်ကား အလွန်စကား အပြောကောင်းသူ ဖြစ်သောကြောင့် နံနက်တိုင်းညတိုင်း သူ့အခန်း၌ လူမပြတ်ပေ။ ဆရာဦးဘဇော်ကလည်း စကား

နည်းလှ၏။ တော်တော်မေးနိုင်ပါမှ စကားတစ်ခွန်းနှစ်ခွန်း ပြန်ပြောလေ့ ရှိလေသည်။ ဤသို့စကားအပြောကောင်းသောသူနှင့် စကားနည်းလှသောသူနှစ်ယောက်တစ်ခန်းတည်း ရောက်နေကြသည်မှာ နတ်များပင်ဖက်ပေးလေရော့သလားဟု တွေးတောမိတော့သည်။ ဆရာကိုဘကား အင်္ဂလန်အကြောင်း၊ လန်ဒန်အကြောင်းများကို ကောင်းကောင်းမေးမြန်းစုံစမ်းလာသူဖြစ်လေသည်။ အင်္ဂလန်၊ လန်ဒန်တို့နှင့်ပတ်သက်၍ ရေးသားထားသော စာအုပ်စာတမ်းများလည်း သူနှင့်အတူအမြောက်အမြားပင်ပါလာလေသည်။ ထို့ပြင်လည်း အင်္ဂလိပ်များ၏အနေအထိုင်၊ အဝတ်အစား၊ အသုံးအဆောင်၊ အစားအသောက်များနှင့် ပတ်သက်၍ရေးသားထားသော စာအုပ်စာတမ်းတို့လည်း အတော်အသင့်ပါလာသေး၏။

**နံနက်စာ ။** နံနက် (၈) နာရီခွဲ (၉) နာရီထိုးလျှင် နံနက်စာ စားသောက်ရန်ပြင်ဆင်ကြကုန်၏။ ရေချိုးသူချိုး၊ အဝတ်အစားလဲသူလဲ၊ နှုတ်ခမ်းမွေး ရိတ်သူရိတ်နှင့် အလုပ်များနေကြလေသည်။ (၉) နာရီခွဲ၍ ခေါင်းလောင်းထိုးသောအခါ ထမင်းစားခန်းသို့ အားလုံးရောက်ကြကုန်၏။ သင်္ဘောမှပေးသော အစားအစာတို့မှာကောင်းပါ၏။ သို့သော် မြန်မာများ၏ ခံတွင်းနှင့်ကားများစွာမတွေ့လှပေ။ ထမင်းနှင့်ဟင်းတို့ကား ပေးပါ၏။ သို့သော် အားရပါးရဝဝကြီး စားသောက်လောက်အောင် မရပေ။ သင်္ဘောမှပေးသောဟင်းတို့မှာမြန်မာများ ကြိုက်သောဟင်းမျိုးမဟုတ်။ ပေါ့ပျက်ပျက်လိုလို ငံတန်တန်လိုလိုဖြစ်နေပေ၏။ အားမရလှ၍ ထိုအခါကျမှ မြန်မာပြည်မှ ငါးပိကြော်၊ ငံပြာရည်ဖျော်၊ ရှောက်သီး လက်သုတ်၊ ချဉ်ရည်ဟင်းတို့ကို ကောင်းကောင်းကြီး တောင့်တမိကြလေသည်။

လှိုင်းမူးသောအရှိန်က ရှိနေသေးသောကြောင့် အီအီဆိမ့်ဆိမ့်များကို မစားလိုလှ။ ချဉ်ချဉ်၊ စပ်စပ်၊ ငံငံများကိုသာ စားလိုလှပေ၏။ သံပုရာသီး၊ ရှောက်သီး၊ ငါးပိကြော်၊ များပါလာပါက မည်မျှကောင်းမည်နည်းဟု ထမင်းစားပွဲတွင် ပြောဆိုလေ့ရှိကြလေသည်။ အင်္ဂလန်သို့ ရောက်နေနှင့်ပြီး ဖြစ်ကြသောသူတို့အဖို့ သူတို့၏ မိဘဆွေမျိုးတို့က လက်ဆောင်ပါးလိုက်သော ငါးပိကြော်ပုလင်းများကား ပါလာပေ၏။ အများသဘောတူ တိုက်တွန်းချက်အရ တစ်ဗူးကိုဖောက်ကာ စားသောက်ကြကုန်၏။ ထိုနောက်နှစ်ဗူး၊ ထိုနောက် သုံးဗူး၊ နောက်ဆုံးအားလုံးကုန်မှ ကိစ္စတုံးလေတော့သည်။

**နေ့ခင်း ။** နံနက်စာစားသောက်ပြီးလျှင် ယခင်က ဖော်ပြခဲ့ပြီးသောသစ်သား တိုင်ကလေးများကို သစ်သားလုံးများနှင့်လှိမ့်၍လှဲရသော ကစား နည်းမျိုးကို ကစားလေ့ရှိကြ၏။ ၎င်းကစားမျိုးကို လူကြိုက်အများဆုံးဖြစ်၏။ အသင်းအပင်းဖွဲ့ကာ ကစားလေ့ရှိကြလေသည်။ သင်္ဘောသားများကတစ်ဖက်၊ ခရီးသည်များကတစ်ဖက် ကစားသည့်နေ့တွင်ကစား။ မြန်မာများကတစ်ဖက်၊ သင်္ဘောသားများကတစ်ဖက် အတိုက်အခံကစားလိုကစား၊ တစ်ခါတစ်ခါလည်း သင်္ဘောသားရော၊ ခရီးသည်ပါပေါင်းစပ်ပြီးလျှင် အသင်း (၅)သင်း။ (၆)သင်း ဖွဲ့ကာ ကစားလိုသည့်အခါ ကစားနှင့် အချိန်ကိုဖြုန်းလေ့ရှိလေသည်။ ပါဝင်ကာ မကစားကြသောသူများလည်း ကစားသောနေရာသို့လာကာအားပေးကြ၊ ကြည့် ရှုကြနှင့် တပျော်တပါးကြီးနေ၏။ နံနက်စာစားသောက်ပြီးသည်မှနေ့စာစား သောက်သည့် အချိန်တိုင်အောင် ခရီးသည်အားလုံးလိုလိုပင် ဤကစားပွဲသို့ ရောက်ကြလေသည်။ တစ်ယောက်တလေသာလျှင် စာဖတ်နေလေ့ရှိ၏။ ဤသို့ ကစားနေကြခိုက်နံနက် (၁၁)နာရီခန့်အချိန်တွင် ရေခဲမုန့်ကိုသော်လည်းကောင်း၊ အခြားသောက်စရာ တစ်မျိုးမျိုးကိုသော်လည်းကောင်း ခရီးသည်တို့အား ပေးလေ့ ရှိလေသည်။

ဤသို့အတိုက်အခံ ပျော်ပျော်ပါးပါး ကစားနေကြ၍ နေ့လည်နာရီပြန် (၁)ချက်ထိုးလျှင် အသီးသီးမိမိတို့အခန်းများသို့သွားကြပြီး မျက်နှာသစ်၊ ခေါင်းဖြီး၊ အဝတ်အစားလဲလိုလည်းလဲကြပြီးနောက် ထမင်းစားခန်းသို့ ဆင်းသွားကြကုန်၏။ နေ့စာစားပြီးလျှင် ကုန်းပတ်ပေါ်တွင် ခေတ္တမျှလမ်းလျှောက်သူတို့ လျှောက်ကြ၊ စာဖတ်သူတို့ ဖတ်ကြ၏။ ထိုနောက် မိမိတို့၏အခန်းအသီးသီးသို့ဝင်ကာ တစ် ရေးတစ်မောအိပ်ကြလေသည်။ နေ့ခင်းမအိပ်သောသူတို့ကား အနည်းငယ်သာ။

**ညနေ ။** ညနေ (၃) နာရီခွဲ၊ (၄) နာရီ ထိုးလျှင် အိပ်ရာမှထကာ ညနေ လက်ဖက်ရည်ကိုသောက်ကြရပြန်၏။ လက်ဖက်ရည်သောက် ပြီးလျှင် သင်္ဘောဦးသို့သွားကာ နံနက်ကကဲ့သို့ပင် ကစားကြပြန်လေသည်။ မှောင်ခါနီးမှ ၎င်းကစားပွဲကြီးပြီး၏။ ကစားပွဲကြီးပြီးသော အခါသင်္ဘောပဲ့တွင် ရှိသော ဆေးလိပ်သောက်ခန်းသို့သွားကာ အရက်၊ ဘီလပ်ရည်စသောအဖျော် အမျိုးမျိုးတို့ကို ဝယ်သောက်လေ့ရှိကြလေသည်။

**ညဦး ။** ၎င်းအခန်းတွင် အမောအပန်းဖြေကာ တစ်အောင့်မျှ နားနေကြ ပြီးလျှင် ရေမိုးချိုး။ အဝတ်အစား လဲကြပြန်၏။ (၇) နာရီခွဲ၍ ခေါင်းလောင်း ထိုးလိုက်လျှင် ညစာစားရန် ထမင်းစားခန်းသို့ သွားကြရပြန်

လေသည်။ ညစားစားသောက်ပြီးလျှင် ထမင်းစားခန်း၏ အထက်ထပ်တွင်ရှိ ဧည့်ခန်းကြီးထဲတွင် ကာဖီသောက်ကြရပြန်၏။ ကာဖီသောက်ရင်း စကားပြောကြ၊ ဖဲရိုက်ကြ၊ စန္ဒယား တီးကြ၊ စက်သီချင်းဖွင့်ကြနှင့် ရွှင်ရွှင်ပျပျ ရှိနေကြကုန်၏။ အချို့ကား ကုန်းပတ်ပေါ်တွင် လမ်းလျှောက်ရင်း လမင်းကိုမျှော်ကာ ချစ်သူတို့အား တမ်းတကြ၊ လွမ်းဆွတ်ကြနှင့် ရှိကြလေသည်။ အချို့လည်း ဆေးလိပ်သောက်ခန်းတွင် အရက်၊ ဘီလပ်ရည်များကို မှာသောက်ကာ စကားများနေကြကုန်၏။ အချို့မှာမူ စာရေးကြ၊ စာဖတ်ကြနှင့် အချိန်ကိုကုန်လွန်စေလေသည်။ အတော်ပင် ညဉ့်နက်သောအခါကျမှ အသီးသီး အိပ်ရာဝင်ကြကုန်၏။ ဤသို့လျှင် တစ်နေ့ဝင် တစ်နေထွက်နှင့်ရက်တွေကျူး၍လာခဲ့လေသတည်း။

## ၁၂၈၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်နေ့
## ( ၃. ၉. ၂၇ )

---

**အာဖရိကတိုက် ။** သီဟိုဠ်ကျွန်းကို ကျော်လွန်လာ၍ (၇) ရက်မြောက်သောနေ့ညနေ (၅) နာရီအချိန်တွင် အာဖရိကတိုက် အရှေ့ဘက် အစွန်ဆုံးဖြစ်သော အငူအနီးသို့ရောက်ကြလေသည်။ အဝေးမှကမ်းခြေကို မြင်လိုက်လျှင်ပင် သင်္ဘောထဲတွင်ပါလာကြသော ခရီးသည်အပေါင်းတို့၏ စိတ်အတွင်း၌ မည်မျှပျော်ရွှင်၍လာသည်မသိ။ တလှုပ်လှုပ် တရွရွ ဖြစ်၍လာကြကုန်၏။ ခုန်ချင်သလိုလို ပေါက်ချင်သလိုလို၊ သီချင်းဆိုချင်သလိုလို၊ အော်ဟစ်ချင်သလိုလို အမျိုးမျိုး ရွတတဖြစ်၍လာကြလေသည်။ တစ်ယောက်အား တစ်ယောက်ကခေါ်ပြလိုပြ။ မှန်ပြောင်းချိန်၍ကြည့်သူကကြည့်။ သင်္ဘောသားတို့အားမေးသူကမေးနှင့် အမျိုးမျိုးရှုပ်ထွေးလျက်နေကြလေတော့သည်။ ကောင်းကင်တွင်လည်း ငှက်အများပျံသန်းနေကြကုန်၏။ ဝမ်းမြောက်၍မဆုံးပြီ။ ၎င်းငှက်များကိုပင် ချစ်ခင်သလိုလိုဖြစ်မိပေ၏။

နေဝင်ခါနီးဖြစ်သဖြင့် နေရောင်မှာ ထိုကျောက်ဆောင် ကျောက်ကမ်းပါးကြီး တို့ကို ဟပ်လိုက်သောအခါ ပြာတာတာ မရမ်းရောင် မဲမှောင်မှောင်နေပေ၏။ မျက်စိထဲတွင်ကြည့်၍ တစ်မျိုးအရသာရှိလေသည်။ အတန်ကလေးကြာလျှင် ၎င်းအငူကိုကျော်လွန်ခဲ့လေသတည်း။

**ပင်လယ်နီ ။** မှောင်စပြုလာသည်နှင့်တစ်ပြိုင်နက် "စစ်ကိုင်း" လည်းပင်လယ်နီ အတွင်းသို့ဝင်ခဲ့၏။ ပင်လယ်နီအတွင်းသို့ ရောက်သောအခါ ရှေးကနှင့်မတူ။ အပူတစ်မျိုးတိုး၍လာလေသည်။ အိပ်ရာထဲတွင် စောင်မခြုံနိုင်တော့ပြီ။ ချွေးတလုံးလုံးနှင့် နေကြကုန်၏။ နေပူခြင်းမှာလည်း ရှေးကထက် ပိုမိုထူးကဲသည်ဟု ထင်မှတ်ရလေသည်။ ခရီးသည်အပေါင်းတို့မှာ အပူ၏ ပြင်းထန်ခြင်း အကြောင်းကိုသာလျှင် ပြောဆိုကာ တညည်းညည်း တညူညူနှင့် နေကြလေသည်။ သင်္ဘောမှာကမ်းခြေနှင့် မလှမ်းမကမ်းတွင်ခုတ်နှင်၍ သွားသဖြင့် ရံဖန်ရံခါ ဝဲဘက်မှကမ်းခြေကို မြင်ရ၏။ ရံဖန်ရံခါ ယာဘက်မှ မြင်ရလေသည်။ ရေလယ်ခေါင်တွင် ကျောက်ဆောင်များ၊ ကျောက်ဆောင်ဖြင့်ပြီးသောကျွန်းကလေးများ၊ ကျောက်ဆောင်ပေါ်တွင် တည်၍ထားသော မီးပြတိုက်များကိုလည်း မကြာမကြာမြင်ရလေသည်။ ပင်လယ်မှာ ငြိမ်သက်ဘိ၏။ လှိုင်းလေအလျင်း မရှိပေ။ ကောင်းကင်တွင်လည်းကောင်း၊ ကျောက်ဆောင်များပေါ်တွင်လည်းကောင်း၊ ငှက်များကို အမြဲအပြတ် တွေ့မြင်သွားလေသည်။ ၎င်းတို့အား မြင်ရသည်ပင် စိတ်ပျော်ရွှင်စရာ တစ်မျိုးကောင်း၏။ ယခင်ကပျော်ရွှင်စွာ ကစားလာကြသောနေရာတွင်လည်း တစ်စတစ်စလူပါးလာလေသည်။ ရှေးက ကဲ့သို့ စိတ်ထက်သန်ခြင်းမရှိကြတော့ချေ။

၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်နေ့
( ၇. ၉. ၂၇ )

---

**ပို့ဆူဒန်း*။** ပင်လယ်နီ အတွင်းသို့ဝင်၍ (၄) ရက်မြောက်သောနေ့နံနက် (၉)နာရီ အချိန်ခန့်တွင် ပို့ဆူဒန်းမြို့သို့ရောက်၏။ အာဖရိကတိုက်ဘက်ကမ်းတွင် တည်ရှိလေသည်။ ၎င်းမြို့တွင် သင်္ဘောဆိုက်လိမ့်မည်ဟု သိရသောအခါ ကျွန်တော်တို့လူစုမှာ နှစ်ထောင်းအားရဝမ်းမြောက်ခြင်း ဖြစ်ကြလေသည်။ တနင်္ဂနွေ(၂)ပတ်ကျော်ကျော် မြေကြီးကိုမနင်းခဲ့ရသဖြင့် ကုန်းပေါ်သို့ တက်ရန်ခြေယားလျက်နေကြကုန်၏။ သင်္ဘောဆိုက်သည်နှင့်တစ်ပြိုင်နက် ဆရာဦးဘဇော်မှတပါး ကျွန်တော်တို့အားလုံးပင် မြို့တွင်းသို့ဆင်း၍ကြည့်ကြ၏။

၎င်းမြို့ကား မကြီးကျယ်လှပေ။ ကုန်းခေါင်ခေါင် သဲကန္တာရကြီးအတွင်း တည်ထားသော မြို့ဖြစ်သောကြောင့် သာယာခြင်းကင်းဘိ၏။ စိမ်းစိမ်းလန်းလန်း

* Port Sudan

မရှိ။ အရိပ်အာဝါသ နတ္ထိ၊ စွန်ပလွန်ပင်သာ အနည်းငယ်မျှရှိလေသည်။ ပူပြင်းလိုက်သည်မှာလည်း စိတ်ပျက်စရာ။ အရိပ်ထဲမှာပင် (၉၇) ဒီဂရီရှိ၏။ အပြင်ဖက်နေပူထဲတွင်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ သင်္ဘောဆိပ်တွင် ဖန်ပုတီးကလေးများကိုလာ၍ရောင်းကြ၏။ လက်ဆောင်ပေးရန် ဝယ်သူကဝယ်၊ နောက်အမှတ်အသားအဖြစ် သိမ်းထားရန်ဝယ်သူကဝယ်၊ အခြားအထူးအဆန်း ဟူ၍ကားဘာမျှမရှိပေ။ ညနေ (၅) နာရီခွဲလျှင် ၎င်းမြို့မှထွက်ခဲ့လေသည်။ တစ်ညလုံးပူအိုက်လှသဖြင့်မအိပ်နိုင်ကြ၊ တညည်းညည်းတညူညူနှင့်ပင်။

## ၁၂၈၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်နေ့ ( ၁၀. ၉. ၂၇ )

---

**ဆူးအက်တူးမြောင်း ။** ပို့ဆူးဒန်းမြို့မှထွက်လာ၍ (၃) ရက်မြောက်သောနေ့ နံနက် (၈) နာရီခွဲခန့်အချိန်တွင် ဆူးအက်တူးမြောင်းအဝင်ဝရှိ ပို့ဆူးအက်မြို့သို့ ရောက်လေသည်။ ရေလယ်တွင် သင်္ဘောကိုဆိုက်ကာ အခြားသင်္ဘောများ တူးမြောင်းထဲသို့ တစ်စင်းပြီးလျှင် တစ်စင်း ဝင်နေကြသည်ကို စောင့်စား၍နေရလေသည်။ ဤသို့ မိမိတို့၏အလှည့်ကိုစောင့်စားနေခိုက် ပုတီးများ၊ ရှောစောင်များကိုရောင်းသော ကုလားတစ်တွေ သင်္ဘောပေါ်သို့တက်လာကြပြီးလျှင် မိမိတို့၏ ကုန်ပစ္စည်းများကိုရောင်းကြလေသည်။ ဈေးကို များစွာမြင့်၍ ဆိုကြ၏။ ဆစ်ပြန်လျှင်လည်းမကြိုက်ကြ၊ မဝယ်လျှင်မနေရသကဲ့သို့ အတင်းအဓမ္မရောင်းလေ့ရှိကြလေသည်။ သူတို့၏မျက်နှာများမှာလည်း ကြောက်စရာ၊ မည်သူ့ကိုမျှ လူမထင်၊ အလွန်ခက်ထန်သောကုလားများဖြစ်လေသည်။ သင်္ဘောသားများကိုပင် ပမာမခန့် ပြောဆိုကြ၏။ သင်္ဘောသားများလည်း သူတို့နှင့်ပြိုင်၍ ရန်မဖြစ်ဝံ့သဖြင့် အသာသည်းခံကာနေကြလေသည်။ အလွန်မောက်မာသောဈေးသည်များပေတည်း။ သူတို့နှင့်ပါလာသောပစ္စည်းများ၏ဈေးကို မေးကြည့်လျှင်ပင်ဝယ်ရတော့မလို။ (ခရီးသွားတို့ သတိထားကြပါကုန်)

**တူးမြောင်းထဲဝင်ပြီ ။** (၉)နာရီထိုးလျှင်ဆူးအက်တူးမြောင်းထဲသို့ဝင်ကြ လေတော့သည်။ ၎င်းတူးမြောင်းမှာ သင်္ဘောတစ်စင်းသွားသာ ရုံရှိလေသည်။ ကမ်းခြေ (၂) ဘက်ကား သဲအတိပြီး၏။ သာယာခြင်းအလျင်းမရှိ။ သစ်ပင်များ၊ လူနေအိမ်ခြေများကိုလည်း မမြင်ရ။ တူးမြောင်းစောင့်တို့၏

အိမ်ကလေးများကို သာလျှင် တစ်ခါတစ်ခါမြင်ရလေသည်။ ဝဲဘက်သို့ ကြည့်လိုက်လျှင်သဲကန္တာရကြီး။ ယာဘက်သို့ကြည့်လိုက်ပြန်လျှင်လည်း သဲကန္တာရပင်။ အဘယ်သူသည် ဤနေရာမျိုး၌ ပျော်ပိုက်စွာနေနိုင်ပါအံ့နည်း။ ပူလိုက်သည်မှာလည်း ဆိုစရာမရှိပြီ။ တူးမြောင်းအတွင်း သင်္ဘောများမှာ ဖြည်းညှင်းစွာ ခုတ်သွားကြရ၏။ မြန်မြန်ခုတ်သွားမည်ဆိုလျှင် ကမ်းပြိုကျမည်ကိုစိုးရိမ်ရလေသည်။ ၎င်းတူးမြောင်းမှာမသာယာစေကာမူ ကမ္ဘာပေါ်တွင် ကျော်စောသောတူးမြောင်းဖြစ်သည့်အပြင် ကမ္ဘာ့ရာဇဝင်ကိုလည်း များစွာပြုပြင်ပြောင်းလဲပေးခဲ့သောတူးမြောင်းဖြစ်၏။ ဤမျှထူးခြားလှသောတူးမြောင်းသို့ ရောက်ဖူးပြီတကားဟု တွေးတောဝမ်းမြောက်မိလေသည်။

ညနေမှောင်ခါနီးတွင် အစ်စလန်မီးယားမြို့ကလေးကိုကျော်လွန်ခဲ့လေသည်။ ကမ်းခြေတွင် ကုလားကလေးတစ်သိုက်ကိုမြင်ရ၏။ သူတို့က ဆူညံစွာအော်ဟစ်နှုတ်ဆက်ကြသဖြင့် ကျွန်တော်တို့လူစုကလည်း သူတို့နည်းတူပြန်၍ နှုတ်ဆက်လိုက်ကြလေသည်။ ည (၈) နာရီအချိန်တွင် ကန်ထရပ်ခေါ် မြို့ကလေးကို ကျော်ခဲ့ပြန်၏။ ညဖြစ်သောကြောင့် မြို့၏ အခြေအနေကို ကောင်းစွာမမြင်ရပေ။ ထိုညမှာလသာသောညဖြစ်သောကြောင့် အလွန်တရာမှပင် ကြည်နူးဖွယ်ကောင်းလေသည်။ အဆုံးအစမမြင်ရသောသဲကန္တာရကြီးပေါ်သို့ လ၏အရောင် ဖျန်းလိုက်သောအခါ အေးမြခြင်း၊ သာယာခြင်းတို့ဖြင့်ပြည့်လျက်နေပေ၏။ ဤသို့သောအခါတွင် မည်သူသည်မိမိတိုင်းပြည်၊ မိမိ၏ချစ်ခင်သူတို့အားမလွမ်းဘဲ နေနိုင်ပါအံ့နည်း။

**ပို့ဆက်မြို့*** ။ ညသန်းခေါင် အချိန်တွင် ပို့ဆက်မြို့သို့ ရောက်ကြလေသည်။ ဓာတ်မီးရောင်များထိန်ထိန် လင်းလျက်နေသည်ကို အဝေးမှ မြင်ကြရသောအခါ ခရီးသည်အပေါင်းတို့မှာ ရိုးတိုးရွတ ဖြစ်နေကြ ကုန်၏။ သန်းခေါင်အချိန်သို့ ရောက်ပြီဖြစ်သော်လည်း မည်သူမျှ မအိပ်ကြသေး။ မြို့ပေါ်သို့တက်ကြည့်ကြမည့်သူတို့ကလည်း အဖော်ညှိကာပြင်ဆင်နေကြကုန်၏။ အချို့ကလည်း သင်္ဘောပေါ်မှပင် မြို့၏အခြေအနေကိုကြည့်ရန် မအိပ်သေးဘဲ စောင့်စား၍နေကြခြင်းဖြစ်လေသည်။ ထိုညအချိန်တွင် သဲကန္တာရကြီးကို ဖြတ်သန်းသွားရသောကြောင့်လားမသိ အလွန်မှပင်လေးလှလေရကား အင်္ကျီထူထူများကို ဝတ်ထားကြရလေသည်။

မကြာမီ "စစ်ကိုင်း" လည်း ပို့ဆက်မြို့ရှေ့ ရေလယ်ခေါင်၌ဆိုက်၏။

* Port Said

သဘော်ဆိုက်ထားရာနှင့်တည့်တည့်တွင် ဆူးအက်တူးမြောင်းကိုဖောက်သော လက်ဆက်ဆိုသူ ပြင်သစ်စက်ဆရာကြီး၏ ရုပ်တုကို မြင်ရလေသည်။ မြင်ရသူတို့ ချီးမွမ်းအားကျစရာကြီးဖြစ်ပေ၏။ သဘော်ဆိုင်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်နှင့်ကိုခင်မောင်ဖြူတို့မှတပါး အားလုံးသောမြန်မာခရီးသည်တို့ သဘော်ဆရာဝန်နှင့်အတူ မြို့တွင်းသို့ ဆင်းသွားကြလေသည်။ အားလုံးပင် အင်္ဂလိပ်အဝတ်အစားများကိုဝတ်စား၍သွားကြ၏။ ဆရာဦးဘဇော်တစ်ယောက်သာလျှင် မြန်မာအဝတ်အစားနှင့် ဆင်းသွားလေသည်။ ကျွန်တော့်မှာ အချိန်ကလည်းညဥ့်နက်လှသည် တစ်ကြောင်း၊ နေကြပ်ကြပ်မကောင်းသည်ကလည်းတစ်တန်တို့ကြောင့် သဘော်ပေါ်တွင် ကျန်ရစ်ခဲ့လေသည်။ ကိုခင်မောင်ဖြူလည်း ကျွန်တော့် နည်းတူပင်။

ကူလီများ ကျောက်မီးသွေးတင်၊ ကုန်တင်ကုန်ချလုပ်နေသောအသံ၊ စက်မောင်းသံတို့ဖြင့် ဆူညံနေသောကြောင့် တစ်ညလုံး ကောင်းစွာအိပ်မရပေ။ ပို့ဆက်မှလူသစ်များလည်း (၃-၄)ယောက်တက်လာကြသည်။ နံနက် (၄) နာရီထိုးမှ ကုန်တင်ကုန်ချသောကိစ္စပြီးသွားလေသည်။ ပြီးလျှင်ပြီးချင်း သဘော်လည်း ၎င်းမြို့မှထွက်ခွာခဲ့လေသတည်း။

**၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၁ ရက်နေ့**
**( ၁၁. ၉. ၂၇ )**

---

**အမျိုးမျိုးပြောကြ ။** နံနက်ထမင်းစားပွဲတွင်ညကတွေ့ကြုံခဲ့ရသောအကြောင်းများကိုဆူညံစွာ ပြောကြားလျက်နေကြလေသည်။

စိတ်ပျက်သူပျက်၊ အားရပါးရ ပြောသူပြော၊ ရယ်သူရယ်နှင့်ရှိနေကြ၏။ ဆရာဦးဘဇော်နှင့် ကိုရုံးမိုတို့မှာ မြို့သူမြို့သား ကုလားဈေးသည်များ၏ အပြုအမူတို့ကို စက်ဆုပ်ကြကြောင်း ပြောပြကြလေသည်။ ထိုကုလားများ ဈေးရောင်းပုံမှာ ချိုချိုသာသာရောင်းကြသည်မဟုတ်ဘဲ အလွန်မောက်မာရုံမျှမက သူတို့ရောင်းသောပစ္စည်းများကိုမဝယ်လျှင် မနေရဟူသောဥပဒေရှိသကဲ့သို့ အတင်းအဓမ္မရောင်းနည်းဖြစ်လေသည်။ သူတို့နှင့်လည်း ရန်မဖြစ်ဝံ့။ ရန်ဖြစ်၍ ပုလိပ်အဖမ်းခံရမည်ဆိုလျှင် ခရီးတန်းလန်းဖြစ်နေသောကြောင့် အခက်နှင့်ကြုံတွေ့ရပေလိမ့်မည်။ မနိုင်၍ သည်းခံခြင်းမျိုးဖြင့် သည်းခံခဲ့ကြရပုံများကို ပြောပြသောအခါ ကျွန်တော်ညက သဘော်ပေါ်တွင်ချန်နေမိသည်ကိုပင်ဝမ်းသာမိလေတော့သည်။ ပို့ဆူးအက်တွင် ကုလားများ၏မောက်မာပုံများကို ကျွန်တော်ကိုယ်တိုင်ကြုံခဲ့

ရပြီဖြစ်သောကြောင့် ကိုရှုံးမိုတို့ ပြောသမျှမှာ အားလုံးပင်အမှန်ချည်း ဖြစ်သည်ဟုသိရလေသည်။

ကိုရှုံးမိုနှင့် ဆရာဦးဘဇော်တို့မှတပါး အခြားသောမိတ်ဆွေတို့ကမူကား ညကတွေ့ကြုံခဲ့ကြရသည်ကို အကျေနပ်ကြီး ကျေနပ်ကာ ရယ်လားမောလားပြောကြားနေကြကုန်၏။ မြန်မာပြည်ရှိ မိတ်ဆွေများအား လက်ဆောင်ပေးရန်ရှောစောင်၊ ပုတီး၊ ဓါတ်ပုံအမျိုးမျိုး တို့ကိုဝယ်၍လာကြလေသည်။ ဟိုတယ်ဆိုင်တစ်ဆိုင်တွင် ကော်ဖီသွားသောက်ကြရာ နှစ်ယောက်တွဲ၍ ကသောကပွဲမျိုးကိုမြင်ခဲ့ကြရသောကြောင့် အချို့က အားကျကြလေသည်။ ဆရာဦးဘဇော်ကမူကား အိန္ဒြေမဲ့လှချေ၏ဟု မှတ်ချက်ချ၏။ ၎င်းကပွဲတွင် မြင်ခဲ့ရသောသူတို့ကား အများအပြားအားဖြင့် ပြင်သစ်သူပြင်သစ်သားများဖြစ်သည်ဟုပြောကြလေသည်။

နံနက်စာစားသောက်ပြီးကြပြီးလျှင်ညကအိပ်ပျက်ကြသောကြောင့် အားလုံးပင်အိပ်ယာထဲဝင်ကြကုန်၏။ တစ်နေ့လုံးတိတ်လျက်နေကြသည်။ ခါတိုင်းကစားနေကျနေရာတွင်လည်း လူသူမရှိခြောက်သွေ့လျက်နေ၏။ တစ်နေ့လုံးပျင်းစရာကောင်းလှပေသည်။ သင်္ဘောလည်း မြေထဲပင်လယ်အတွင်းသို့ ချင်းနင်းဝင်ရောက်၍လာလေပြီ။ လှိုင်းအနည်းငယ်ရှိ၏။ ပင်လယ်နီထဲမှာကဲ့သို့ ငြိမ်သက်ခြင်းမရှိလှ။ ဘင်္ဂလားပင်လယ်အော်ထဲမလောက်ကား မပြင်းထန်လှပေ။

၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်နေ့
( ၁၂. ၉. ၂၇ )

---

**ခရိ(တ်)ကျွန်း*** ။ နောက်တစ်နေ့တွင်ခရိတ်ခေါ် ကျွန်းကိုအဝေးမှ မြင်ရ၏။ ဥပစာတန်းတွင်ဂရိတ်ရာဇဝင်ကို သင်ကြားစဉ်ကခရိ (တ်) ကျွန်း၏ ကြီးကျယ်ခဲ့ပုံ အကြောင်းများကို ဖတ်ခဲ့ရလေသည်။ သို့ဖြစ်၍ ဤကျွန်းကို ကိုယ်တိုင်မြင်ရသောအခါ ဝမ်းသာသလိုလို၊ လွမ်းသလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်မိပေသည်။ လူတို့၏စိတ်ကားဆန်းကြယ်ပေစွ၊ ထိုနေ့နှင့် နောက်တစ်နေ့တွင်လည်း ကုန်းမမြင် ကမ်းမမြင်နေပြန်၏။ ကစားသောနေရာတွင်လည်း

* Crete

ရှေးကကဲ့သို့ လူမများတော့ချေ။ အတော်ကလေး ပျင်းလာကြ ငြီးလာကြလေသည်။ အကြောင်းသိသော သင်္ဘောမှူးသည် ခရီးသည်များ စိတ်ပျော်ရွှင်ပျလာစေရန် နည်းသစ်တစ်မျိုးကို ထွင်ပြန်၏။ ၎င်းနည်းကား ထီဖွင့်ခြင်းပင်တည်း။ မည်သူသည် ထီထိုးခြင်းကို ဝါဝနာမပါဘဲ နေအံ့နည်း။ နံနက်စာစားသောက်ပြီးသည့် အချိန်မှ နေ့စာစားသည့် အချိန်တိုင်အောင် ခရီးသည်အပေါင်းတို့မှာ ၎င်းထီပွဲတွင် စုရုံးစုရုံးနှင့်ဆူညံ၍နေလေသတည်း။

၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၄ ရက်နေ့
( ၁၄. ၉. ၂၇ )

**အီတလီ ။** ပို့ဆက်မှထွက်လာ၍ ၄ ရက်မြောက်သော နံနက် ၇ နာရီအချိန်တွင် အီတလီနှင့် ဆီစလီ[၁] ကျွန်း၏အကြား မက်ဆီးနား[၂] ရေလက်ကြားအတွင်းသို့ဝင်၏။ ၎င်းရေလက်ကြားကား ဧရာဝတီမြစ်ခန့်ပင်ကျယ်ပေလိမ့်မည်။ မက်ဆီးနားခေါ် မြို့ကလေးမှာလည်း အလွန်ရှုခင်းကောင်းလေသည်။ သာကသာယာပါဘိ။ အီတလီဘက်တွင်လည်းကောင်း၊ ဆီစလီကျွန်းဘက်တွင်လည်းကောင်း တောင်ကုန်းကလေးများကိုမြင်၏။ ၎င်းတောင်ကျွန်း ကလေးများမှာ သစ်ပင်များဖြင့် စိမ်းစိမ်း လန်းလန်းနေသောကြောင့် မြင်ရသူတို့၏စိတ်ကို များစွာကြည်နူးစေသည်။ ၁၁နာရီခန့်အချိန်တွင် စတွန်ဗိုလီခေါ် မီးတောင်ကို မြင်ရ၏။ အဝေးမှ မြင်ရသည်မှာ ပင်လယ်ထဲမှမီးများ ပေါက်ထွက်နေသည်နှင့် တူလေသည်။ ထိုနေ့အဖို့ ကျေနပ်ကြလေပြီ။

---

၁။ Sicily ၂။ Messina

## ၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်နေ့ ( ၁၅. ၉. ၂၇ )

**ဆာဒီးနီးယားနှင့်ကောဆီကား[၁]** ။ နောက်တစ်နေ့နံနက် ၁၀ နာရီအချိန်တွင် ဆာဒီးနီးယားနှင့် ကောဆီကားခေါ် ကျွန်းတို့ကိုအဝေးမှ မြင်ရလေသည်။ နေ့စာစားပြီးချိန်တွင် ၎င်းကျွန်းနှစ်ကျွန်းအကြားရှိ ရေလက်ကြားအတွင်းသို့ သင်္ဘောဝင်သွား၏။ ၎င်းကျွန်းတို့ကား ပြင်သစ်ပြည်အနီးတွင် တည်ရှိကြလေသည်။ သင်္ဘောသားများကနောက်တစ်နေ့တွင် ပြင်သစ်ပြည်မာဆေးမြို့[၂] သို့ရောက်တော့မည်ဟု ပြောကြသဖြင့် ခရီးသည်အပေါင်းတို့မှာ နှစ်ထောင်းအားရ ဝမ်းမြောက်ကြကုန်၏။ အချို့ခရီးသည်တို့မှာ မာဆေးမြို့မှ မီးရထားစီးကာပြင်သစ်ပြည်ကိုဖြတ်ကျော်ပြီးလျှင် အင်္ဂလန်သို့ သွားကြမည်ဖြစ်သောကြောင့် အထုပ်အပိုးများကို ပြင်ဆင်နေကြလေပြီ။ အချို့က နာမည်ကျော်မာဆေးမြို့အတွင်း လျှောက်လည်ရန်ပြင်ဆင်နေကြလေပြီ ကျွန်တော်တို့လူစုမှာလည်း မာဆေးမြို့တွင်လည်ပတ်ရန် အမျိုးမျိုးဆွေးနွေး တိုင်ပင်နေကြလေပြီ။ အကြံပေးသူကပေး၊ ကန့်ကွက်သူကကန့်ကွက်၊ ထောက်ခံသူက ထောက်ခံနှင့်အင်မတန်မှပင်ရှုပ်ထွေးလျက်နေကြကုန်၏။ ဆရာဝန်ကိုမင်းစိန်နှင့် ဆရာကိုဘတို့အား သမ္မတတင်မြှောက်ကြပြီးလျှင် သူတို့စီမံရာကိုခံပါတော့မည်ဟု တညီတညာတည်းဆုံးဖြတ်ကြကုန်၏။ သူတို့နှစ်ဦးမှာ အနောက်နိုင်ငံများအကြောင်း အသိဆုံးသော ပုဂ္ဂိုလ်ကြီးတို့မဟုတ်ပါလော။

---

၁။ Sardinia & Corsica ၂။ Marseilles

**၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်နေ့**
**( ၁၆. ၉. ၂၇ )**

---

**မာဆေးမြို့ ။** နောက်တစ်နေ့နံနက် အိပ်ရာမှထကြသည်နှင့် တစ်ပြိုင်နက် မာဆေးမြို့သို့ ရောက်နေသည်ကို ၂တွေ့မြင်ကြရလေသည်။ သင်္ဘောလည်း တဖြည်းဖြည်း မြို့ဆိပ်သို့ဝင်၍လာခဲ့၏။ ကမ်းခြေတွင်ဆိုက်၍ ထားသော သင်္ဘောတို့လည်းအများ၊ သွားနေကြသောသင်္ဘောကြီး သင်္ဘောငယ် မော်တော်သင်္ဘောကလေးများမှာလည်း ရှုပ်ထွေး၍သာနေတော့သည်။ သင်္ဘောများမှထွက်သောမီးခိုး၊ အခြားခေါင်းတိုင်များမှ ထွက်သောမီးခိုးကြောင့် တစ်မြို့လုံးမှောင်မဲမဲနေ၏။ တိုက်ကြီးတာကြီး တံတားကြီးတို့နှင့်လည်း ပြည့်နှက်လျက်နေလေသည်။ ဆိုက်ထားသောသင်္ဘောများတွင် ကုန်တင်ကုန်ချလုပ်နေကြသော အင်္ကျီပြာပြာနှင့် ပြင်သစ်ကူလီများကိုလည်း မြင်ရလေသည်။ မြန်မာပြည်တုန်းက ကုလားကူလီတို့ကိုသာလျှင် အမြဲမပြတ်မြင်နေကြရသော ကျွန်တော်တို့မှာ မျက်နှာဖြူကူလီတို့ ပင်ပန်းကြီးစွာ ကျောက်မီးသွေး ကုန်စည်များကို ထမ်းပိုးသယ်ချနေသည်ကို မြင်ရသောအခါ ဆန်းသလိုလို ထူးသလိုလိုထင်မိကြ၏။ စင်စစ်ကား ထူးဆန်းသောအရာမဟုတ်ပေ။

၈-နာရီခွဲလျှင် မာဆေးကမ်းတွင် သင်္ဘောဆိုက်ကပ်လေ၏။ သောမတ်(စ်)ကွတ်(က်)ကုမ္ပဏီ* မှ ကိုယ်စားလှယ်နှင့် အခြားကုမ္ပဏီမှ ကိုယ်စားလှယ်များပါ သင်္ဘောပေါ်သို့ တက်လာကြပြီးလျှင် မြို့အတွင်း ကြည့်ရှုရန်ကောင်းသောနေရာများကို လိုက်ကြည့်လိုက အခနှင့်လိုက်ပြမည်ဟု ပြောကြလေသည်။ မြို့ကိုလှည့်ပတ်ကြည့်ရှုရန် သောမတ်(စ်)ကွတ်(က်) ကုမ္ပဏီနှင့်စီမံကြလေသည်။ ခရီးသည်များအနက် တစ်ဝက်ခန့်မှာ မာဆေးမြို့တွင် ဆင်းပြီးလျှင် အင်္ဂလန်သို့ မီးရထားဖြင့် ဆက်လက်သွားကြ၏။ နံနက်စာ စားသောက်ပြီးနောက် ကျွန်တော်တို့လူစု သင်္ဘောပေါ်မှ ဆင်းကြလေသည်။ ဆရာဦးဘဇော်မပါ။ ပျင်းသည်ဆိုပြီလျှင်သင်္ဘောပေါ်တွင်နေရစ်ခဲ့၏။

ကျွန်တော်တို့အား မြို့တွင်းသို့ လျှောက်ပြမည့်မော်တော်ဘတ်မှာသောမတ်(စ်)ကွတ်(က်) တိုက်ရှေ့မှ နှစ်နာရီခွဲတွင် ထွက်လိမ့်မည်ထိုအချိန်ကား ၁၀-နာရီ သာရှိသေး၏။ မြို့တွင်း၌ ထိုမှဤမှ လျှောက်၍နေကြလေသည်။ ပွဲစားအမျိုးမျိုးတို့နှင့်လည်း တွေ့ရ၊ အဝတ်စလစ် ဓါတ်ပုံများကို ရောင်းသော လူရှုပ် အမျိုးမျိုးတို့နှင့်လည်းတွေ့ရ၏။ သို့သော် ပို့ဆူးအက်၊ ပို့ဆက်မြို့များ၌

---

* Thomas Cook & Co

တွေ့ခဲ့ရသော ကုလားဈေးသည်များနှင့်ကား ကွာခြားလှပေသည်။ အားလုံးလိုလို ပင် ယဉ်ယဉ်ကျေးကျေး စကားပြောကြ၊ အရောင်းအဝယ် ပြုလုပ် ကြလေသည်။ ပါးနီနီ နှုတ်ခမ်းနီနီနှင့်ပြင်သစ်မကလေးတို့ကိုလည်းအများပင် မြင်ရ၏။ သူတို့ကား လွတ်လပ်စွာ တစ်ကိုယ်ချင်း သွားလာနေကြသည်။ ကျွန်တော်တို့၏ စိတ်ထဲတွင် ဆန်းသလို ထင်မိသည်။

ဤသို့ မြို့အတွင်း ထိုမှ ဤမှ လျှောက်၍ နေခိုက်တွင်အခြား မြန်မာ သုံး-လေးယောက်တို့နှင့် ဆုံမိကြလေသည်။ သူတို့ကား ကျောင်းပိတ်ထား ခိုက် မိဘရပ်ထံ မြန်မာပြည်သို့ ခေတ္တပြန်လာသော သူဌေးသား အချို့တို့ပေ တည်း။ ကြေးငွေကို ရေလိုသုံးနိုင်သူတို့ နှင့်တူ၏။ သို့ကြောင့်လည်း မိဘများ ပိုက်ဆံကုန်ကြပေသည်။ သူတို့နှင့် ကျွန်တော်တို့လူစု လမ်းဘေးတွင်ရပ်ကာ စကားပြောနေကြခိုက်မှာ မိုးကြီးသည်းထန်စွာရွာသဖြင့် အနီးအနားရှိ ဆိုင်တစ် ဆိုင်သို့ဝင်ကာ လက်ဖက်ရည်ဝယ်သောက်ကြရလေသည်။ သူဌေးသားကျောင်းသား တို့လည်း မိမိတို့လိုရာသို့ထွက်သွားကြကုန်၏။

မိုးရွာသောကြောင့် ကျွန်တော်တို့သွားလိုသော နေရာများသို့ ရောက်မှ ရောက်ပါ့မလားလို့ တွေးတောကာ စိတ်ပျက်မိ ကြလေသည်။ သို့သော် ဂျင်းမိုးမှာ ကြာမြင့်စွာမရွာပေ။ ခေတ္တမျှသာ ရွာပြီးလျှင် စဲ၍သွား၏။ ထိုအခါကျမှ ဝမ်းမြောက်ကြရလေသည်။ လက်ဖက်ရည် ဆိုင်တွင် မိုးခိုရင်းနှင့်ပင် နှစ်နာရီခွဲ သဖြင့် သောမတ်(စ်)ကွက်တိုက်သို့ ထွက်ခဲ့ကြ၏။ အေးလည်းအေး၊ ကျောက်မီးသွေး စော် ဓါတ်ဆီစော် ကလည်းနံ၊ အနောက်နိုင်ငံများ၌ ဤသို့ချည်းဖြစ်လိမ့်မည် လားဟု ပူပင်မိကြလေသည်။

**မြို့လှည့်၍ ကြည့်ကြခြင်း ။** သောမတ်(စ်)ကွက်(က်) တိုက်သို့ ရောက်လျှင် အသင့်စောင့်နေသော မော်တော်ဘက်ပေါ် သို့ တက်ကာ ထွက်လာကြကုန်၏။ ရာဇဝင်တွင် ထင်ပေါ်သော အဆောက်အဦးကြီး များသို့လည်းကောင်း လိုက်၍ ပို့လေသည်။ အကျိုးအကြောင်းကို ပြောပြတတ် သော လမ်းညွှန်တစ်ယောက်ကိုလည်း ထည့်လိုက်သေး၏။ ထိုလမ်းညွှန်ပုဂ္ဂိုလ် ကြီးမှာ ရောက်ရာရောက်ရာနေရာတွင်၊ ဆိုင်ရာဆိုင်ရာ ရာဇဝင် အတ္ထုပတ္တိတို့ကို ချီးကျူး ပြောပြလေသည်။ ထိုပုဂ္ဂိုလ်ကြီး ပြောပြသော အကြောင်းအရာတို့မှာ မှန်သည် မမှန်သည်ကားမသိ၊ နားထောင်၍ကားကောင်းလှပေသည်။ နားထောင် နေသော သူတို့မှာ ထိုပုဂ္ဂိုလ်ကြီး ပြောကြားလိုက်သောစကား၊ ကြွားလိုက်သော စကားတို့ကိုယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ အံ့သြသောမျက်နှာများနှင့် နားထောင်နေကြလေသည်။

မာဆေးမြို့စွန်တောင်ထိပ်ပေါ်တွင် တည်ထားသော ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိရာသို့ ဓါတ်လှည်းဖြင့်အသည်းအေးစရာ တက်ကြလေသည်။ ထိုဘုရားရှိခိုးကျောင်းမှ မျှော်၍ကြည့်လိုက်သောအခါ တစ်မြို့လုံးကိုမြင်ရ၏။ ၎င်းနေရာမှ ဓါတ်လှည်းနှင့်ပင် ဆင်းလာခဲ့ပြီးနောက် မာဆေးမြို့ရှိ နာမည်ကျော်ဥယျာဉ်သို့ခေါ်သွားပြန်သည်။ ၎င်းဥယျာဉ်အတွင်း ပန်းပင် အမျိုးမျိုး၊ သစ်ပင်အမျိုးမျိုးတို့ကို မြင်ရလေသည်။ ဥယျာဉ်ကိုပြုပြင်ထားပုံမှာလည်း သားနားလှပေ၏။ အထူးသဖြင့် သားနားဆန်းကြယ်သည်ဟုကား မဆိုနိုင်။ ရက်ပေါင်းနှစ်ဆယ်ကျော်မျှကာလပတ်လုံး ပန်းပင်ဟူ၍မမြင်ရသော သူတို့အဖို့ကား ထိုဥယျာဉ်မှာမည်မျှသာယာသည်ကို အထူးရေးသားရန်မလို။

ညနေ (၄) နာရီခွဲအချိန်တွင်သောမတ်(စ်)ကွတ်(က်)တိုက် ရှေ့သို့ ပြန်ရောက်ကြလေသည်။ မြို့လျှောက်ကြည့်ရန်အတွက် တစ်ယောက်လျှင် နှစ်ဆယ့်ငါးဖရင့်* ကျပေးရ၏။ မြန်မာငွေ နှစ်ကျပ်ခွဲခန့်ကျပေလိမ့်မည်။ အနောက်နိုင်ငံသားများ ပိုက်ဆံယူပုံ ယဉ်လှပေ၏။ သောမတ်(စ်)ကွတ်(က်)တိုက် မှပြန်လာကြရာ ည(၇)နာရီတွင် မာဆေးမြို့မှထွက်ခွာခဲ့လေသတည်း။

**ထွက်ခဲ့ပြန်သော် ။** မာဆေးမြို့မှ ထွက်ခွာခဲ့သော်၊ တဖြည်းဖြည်းအေး၍လာလေသည်။ ပင်လယ်နီမှာတုန်းကနှင့် ဆန့်ကျင်ဘက်ကြီးဖြစ် နေလေပြီ။ သို့သော်မခံနိုင်လောက်အောင်ကား မအေးသေးပေ။ အဝတ်ထူထူ များကိုဝတ်လျှင်နေသာ၏။ မာဆေးမြို့တွင် ခရီးသည် တစ်ဝက်ခန့်တက်သွား ကြပြီဖြစ်သောကြောင့်၊ သင်္ဘောတစ်စင်းလုံး ခြောက်သွေ့သွေ့ကြီး ဖြစ်နေပေသည်။ ကျွန်တော်တို့လူစုနှင့် အခြားခရီးသည် သုံး-လေး ယောက်သာ ကျန်တော့၏။ ခါတိုင်းကစားနေကျနေရာတွင်လည်း လူမရှိတော့ပြီ။ ပျော်ပွဲအတွက်နည်းသစ် တစ်မျိုးထွင်ကြပြန်၏။ ၎င်းကားအခြားမဟုတ်၊ ဖဲကစားခြင်းပေတည်း။ ကျွန်တော်တို့ လူသိုက်မှာ ကောင်းကောင်းကြီး ဖဲစွဲ၍ နေကြလေပြီ။ ဆရာဦးဘဇော်နှင့်ဆရာကိုဘတို့သာဖဲဝိုင်းသို့မလာ။ စာအုပ်များဖြင့် မိတ်ဆွေဖွဲ့နေကြလေသည်။

---

* Francs

**၁၂၈၉-ခုနှစ်။ တော်သလင်းလဆုတ် ၈ ရက်နေ့ ။**
**( ၁၈. ၉. ၂၇ )**

---

**စပိန်ကမ်းခြေ ။** စပိန်ပြည် ပင်လယ်မ်းခြေကို သင်္ဘောပေါ်မှ ခပ်မှုန်မှုန် ကလေးမြင်ရလေသည်။ ညအခါများတွင် ကမ်းခြေမှ မီးပြတိုက်များကို မြင်ရ၏။ ကြည့်၍အလွန်ကောင်းလေသည်။ အခြားမီးသင်္ဘောများနှင့်လည်း လမ်းတွင်မကြာမကြာဆုံလေ့ရှိ၏။ မာဆေးမြို့မှထွက်လာ၍ (၃) ရက်မြောက်သောနေ့ နံနက်စောစော လူအများအိပ်ပျော်နေသောအချိန်တွင် ဂျီဗရောတား[၁] ရေလက်ကြားကို ဖြတ်ကျော်ခဲ့လေသည်။ အိပ်ပျော်နေမိုက် ဖြစ်သောကြောင့် ဂျီဗရောတားခံတပ်ကို မမြင်လိုက်ရ။ ဝမ်းနည်းမိတော့သည်။

**၁၂၈၉-ခုနှစ်။ တော်သလင်းလဆုတ် ၉ ရက်နေ့ ။**
**( ၁၉. ၉. ၂၇ )**

---

**ဘစ်စကေပင်လယ်အော်[၂] ။** ယခုကား မြေထဲပင်လယ်ကို လွန်ကာဘစ်စကေပင်လယ်အော်ထဲသို့ ရောက်ကြလေပြီ။ ရာသီဥတုမှာ ချက်ချင်းလိုလိုပင် ပြောင်းသွား၏။ မြေထဲပင်လယ်မှာတုန်းကထက် ပိုမို၍အေးလာလေသည်။ နောက်တစ်နေ့တွင် မြူနှင်းများ တစ်မိုးလုံး ပိတ်ဖုံးနေသည်ကိုမြင်ရ၏။ သင်္ဘောမှူးနှင့် သင်္ဘောသားတို့ အလုပ်များကြလေပြီ။ ပတ်ဝန်းကျင်တွင် ဘာကိုမျှမမြင်ရ။ တစ်နေ့လုံး အလင်းရောင်မပေါ်။ သင်္ဘောမှာလည်း အသွားနှေး၍ လာလေပြီ။ တစ်နေ့လုံး ဥသြပေး၍ သွားရ၏။ တစ်ခါတစ်ရံ အခြားသင်္ဘောများမှ ဥသြသံများ ကိုလည်းကြားရလေသည်။ ကျောက်ဆောင်နှင့် တိုက်မိမလား၊ အခြားသင်္ဘောတစ်စင်းစင်းနှင့် တိုက်မိမလားဟု တထိတ်ထိတ်နှင့် နေကြကုန်၏။ နောက်တစ်နေ့မှ အတော်ကလေးလင်းလာလေသည်။ ၎င်း ဘစ်စကေပင်လယ်အော်ထဲတွင် လှိုင်းလေအတော်ကလေးပြင်းလာသောကြောင့် မူးသူတို့ မူးကြ၏။ ပင်လယ်နီ၊ မြေထဲပင်လယ်များမှာတုန်းကကဲ့သို့ မငြိမ်သက်ပေ။

---

၁။ Gibraltar ၂။ Bay of Biscay

**၁၂၈၉-ခုနှစ်။ တော်သလင်းလဆုတ် ၁၂ ရက်နေ့ ။**
**( ၂၂· ၉· ၂၇ )**

---

**အင်္ဂလန်ကမ်းခြေ ။** မြေထဲပင်လယ်မှ ထွက်ခဲ့၍ (၄) ရက်မြောက်သောနေ့၊ ညနေ (၄) နာရီခွဲအချိန်တွင် အင်္ဂလန်ကမ်းခြေကို မြင်ရ၏။ သိမ်းဆည်းရန်ရှိသည် တို့ကို သိမ်းဆည်းနေသည်နှင့်ပင် အလုပ်ရှုပ်လျက်နေကြလေပြီ။ အင်္ဂလန်ဆိပ်ကမ်းသို့ရောက်လျှင် စီမံရမည့်ကိစ္စအမျိုးမျိုးတို့ကို စီမံရန် ဆရာဘနှင့် ကိုမင်းစိန်တို့အား လွှဲအပ်ကြလေသည်။ ဤသို့အလုပ်ရှုပ်နေကြခိုက်ပင် သင်္ဘောလည်း အင်္ဂလန်ကမ်းခြေသို့ ရောက်လေသတည်း။

၅ နာရီခွဲခန့်အချိန်တွင် "စစ်ကိုင်း" ပေါ်မှ သင်္ဘောကလေးတစ်စင်းပေါ်သို့ခရီးသည်အားလုံးဆင်းကြရလေသည်။ လှိုင်းအတော်ပင်ကြီးသောကြောင့် ၎င်းသင်္ဘောကလေးမှာ လှိုင်းများအကြားတွင် ခုန်ပေါက်နေတော့၏။ အတော်ကလေးပင်မူလိုက်ကြလေသည်။ သင်္ဘောကလေးပေါ်မှ "စစ်ကိုင်း" ကိုမျှော်ကြည့်ကာ ၎င်းအားလွမ်းဆွတ်မိပေ၏။ မြန်မာပြည်မှထွက်လာသည့်နေမှ အင်္ဂလန်ဆိပ်ကမ်းသို့ ရောက်သည့်နေ့အထိ တစ်လတိတိကြာလေသည်။

**ပလိုင်မတ်(သ်)* ။** ကူးတို့သင်္ဘော ကလေးလည်း ခရီးသည်အားလုံးကို ပလိုင်မတ်(သ်) မြို့ဆိပ်ကမ်းသို့ပို့ဆောင်ပေး၏။ ၎င်းသင်္ဘောကလေး ဆိပ်ကမ်းတွင်ကပ်မိသောအခါ မှောင်နေလေပြီ။ ပလိုင်မတ်(သ်)မြို့မှ လန်ဒန်မြို့သို့ မီးရထားစီး၍ သွားရပေမည်။ ကမ်းပေါ်သို့တက်မိသည်နှင့် တစ်ပြိုင်နက် သေတ္တာများကိုဖွင့်ကာပစ္စည်းများကို အကောက်အရာရှိတို့အား ပြကြရလေသည်။ အသေအချာခေါက်ကာ နေရာတကျထည့်ထားသောအင်္ကျီ အဝတ်အစားတို့မှာ ပြန့်ကျဲ၍သွားလေသတည်း။ စိတ်ပျက်ဖွယ်ကောင်းလှ၏။

**အေးလိုက်ပါဘိ ။** အကောက်အရာရှိတို့နှင့် ကိစ္စပြီးလျှင်လန်ဒန်မြို့ရှိမိတ်ဆွေများထံ ကြေးနန်းရိုက်ကြကုန်၏။ ပြီးလျှင် သင်္ဘောဆိပ်အနီး တွင်ဆိုက်ထားသောမီးရထားပေါ်သို့တက်ကြလေသည်။ မီးရထားလည်း သင်္ဘောဆိပ်မှ ထွက်ခွာလာပြီးလျှင် ပလိုင်မတ်(သ်) မြို့ဘူတာရုံကြီးသို့ လာခဲ့၏။ မကြာမီရောက်လေသည်။ ပလိုင်မတ်(သ်)မှအတော်ညဉ့်နက်မှထွက်မည်ဖြစ်သောကြောင့် ဘူတာရုံတွင်ကာဖီဝယ်သောက်ကြ၏။ အင်္ဂလိပ်မြေကိုနင်းမိ

---

* Plymouth

သည်နှင့်တစ်ပြိုင်နက် မခံနိုင်လောက်အောင်အေးခြင်းဒုက္ခကိုခံစားရလေတော့သည်။ အင်္ဂလန်တွင် အရက်မသောက်လျှင် မနေနိုင်ဟူ၍ အချို့သောမိတ်ဆွေတို့က ပြောကြားလိုက်သည်မှာ ဟုတ်ကောင်းဟုတ်မည်လားဟူ၍ပင်တွေးမိ၏။ ကာဖီသောက်ပြီးလျှင် မြို့အတွင်းလျှောက်၍ ကြည့်ကြသေး၏။ သို့သော် အအေးကိုသည်းမခံနိုင်သောကြောင့် ဘူတာရုံသို့ ပြန်လာခဲ့ကြလေသည်။ ထို့ကြောင့် မြို့၏အခြေအနေကို ကောင်းစွာမသိခဲ့ရပေ။ ကျွန်တော်တို့အားလုံးပင် အင်္ဂလိပ်အဝတ်အစားတို့ကို ဝတ်ဆင်ကြလေပြီ။ ဆရာဦးဘဇော်တစ်ယောက်တည်းသာ မြန်မာအဝတ်အစားကို မချွတ်သေး။ လန်ဒန်မြို့မှာလည်းမြန်မာလိုပင်ဝတ်မည်ဟူ၍ ဆုံးဖြတ်ထားသူတည်း။

ည ၁၂-နာရီတိတိအချိန်တွင် ပလိုက်မတ်(သ်)ဘူတာမှ မီးရထားထွက်ခဲ့လေသည်။ အလွန်အေးလှသဖြင့် တစ်လမ်းလုံးမအိပ်နိုင်ကြချေ။ အားလုံးပင် တညည်းညည်းတညူညူနှင့်နေကြကုန်၏။ ခြေဖျားလက်ဖျား နားရွက်ဖျားကလေးများမှာ အေးရှာကြလွန်း၍ကျဉ်နေကြလေသည်။ ၎င်းတို့ကို ပူနွေးလာအောင် ပွတ်တိုက်သော်လည်း မနွေးသဖြင့်စိတ်ပျက်မိလေတော့၏။

# အခန်း (၂)

# လန်ဒန်မြို့

၁၂၈၉-ခုနှစ်တော်သလင်းလဆုတ် ၁၃ ရက်နေ့
( ၂၃. ၉. ၂၇ )

**လန်ဒန်ပါတကား ။** ဤသို့လာခဲ့ကြရာ နောက်တစ်နေ့ နံနက် (၇) နာရီခွဲ အချိန်တွင်လန်ဒန်မြို့ပက်ဒင်တန်* ဘူတာရုံသို့ ရောက်ကြလေသည်။ မိတ်ဆွေများထံ ကြေးနန်းရိုက်ထားသူတို့လည်း မိတ်ဆွေများကိုသာ စိတ်အားထက်သန်စွာနှင့် မျှော်နေကြကုန်၏။ ကိုထင်အိုင်မှတပါး အားလုံးပင် စိတ်ပျက်ကြရလေသည်။ ကိုထင်အိုင်၏ ဦးလေးတော်သူ ဆရာဝန်တစ်ယောက်သာ ဘူတာရုံသို့ ဆင်းလာပြီးလျှင် ကိုထင်အိုင်အား ခေါ်ဆောင်သွား၏။ ကျွန်တော်တို့ တစ်သိုက်မှာ ကြောင်တောင်တောင် နှင့်ကျန်ရစ်နေကြလေသည်။ ကျွန်တော်တို့၏မိတ်ဆွေများလည်း အလျဉ်းမပေါ်လာကြချေ။ မည်မျှစိတ်အားငယ်မည်ကို စဉ်းစားကြည့်ကကောင်းစွာသိပေလိမ့်မည်။

မီးရထားဘူတာရုံအတွင်း ထိုမှ ဤမှ လျှောက်ရင်းပင် အစည်းအဝေး ကျင်းပကြကုန်၏။ ဆရာကိုဘအား သမ္မတတင်ကာ ၎င်း၏စီမံရာကို လိုက်နာကြတော့မည်ဟူ၍ ဆုံးဖြတ်လိုက်ကြလေသတည်း။ ဆရာကိုဘမှာ မြန်မာပြည်မှ မထွက်လာမီကပင် လန်ဒန်မြို့အကြောင်း၊ အင်္ဂလန်ပြည်အကြောင်းများကို ကောင်းစွာ မေးမြန်းစုံစမ်းလာခဲ့သူဖြစ်လေသည်။ ကျွန်တော်ကား အစိမ်းသက်သက်ဖြစ်၏။ မေးမြန်းစုံစမ်းနေရန်လည်းအချိန်မရပေ။

ဆရာကိုဘ၏ စီမံချက်အရ ပါလာသမျှသော ပစ္စည်းတို့ကို ဆိုင်ရာမီးရထား အရာရှိတို့ထံတွင် အပ်နှံထားခဲ့ကြပြီးနောက် ကိုဘနှင့်အတူလိုက်၍ တည်းခိုရန်ဘူတာရုံမှထွက်လာခဲ့ကြလေသည်။ သို့သော်ဆရာကိုဘ တည်းခိုမည့်အိမ်မှာ ဘူတာရုံနှင့်မည်မျှဝေးကွာသည်ကိုလည်းကောင်း၊ ထိုအိမ်သို့ မည်သို့သွားရမည်ကိုလည်းကောင်း၊ ဆရာကိုဘကိုယ်တိုင်ပင်မသိချေ။ တက်စီကို

* Paddington Station

ငှား၍စီးသွားလျှင် ထိုအိမ်သို့ရောက်နိုင်မည်ထင်၏ဟု တစ်ယောက်သောသူက အကြံပေး၏။ ကျန်အားလုံးက သဘောတူထောက်ခံကြလေသည်။ သို့သော် အနီးအနား၌ တက်စီအလွယ်တကူမရှိသောကြောင့် အခက်နှင့်ကြုံတွေ့နေကြရပြန်လေပြီ။ နောက်ဆုံးတွင် တက်စီရှာရန် အားလုံးပင် တစ်လမ်းဝင် တစ်လမ်းထွက်နှင့် လျှောက်နေကြရပြန်၏။ လန်ဒန်မြို့အတွင်း မည်သည့်နေရာသို့ရောက်နေကြသည်ဟူ၍ တွေးတောမရနိုင်အောင် ဖြစ်နေကြလေသည်။ မြန်မာတစ်စုံတစ်ယောက်နှင့် တွေ့ဆုံရမှုကား မည်မျှကောင်းပေလိမ့်မည်နည်းဟုတွေးတောမိ၏။ ဆရာကိုဘဇော်မှာ မြန်မာလိုဝတ်လျက်ပင် ရှိသေးသောကြောင့် သူ့ကိုမြင်ကြသောအင်္ဂလိပ်အချို့မှာ စိုက်ကြည့်ကြပြီးလျှင် ပြုံးသလိုလိုလုပ်၍သွားကြသေး၏။ မည်သူခံချင်အံ့နည်း။

တက်စီကိုရှာရင်း တစ်လမ်းဝင်တစ်လမ်းထွက် လုပ်နေကြတုန်းတွင် ညကညစာမစားလာရသောကြောင့်ဆာသူကဆာ၊ နံနက်လက်ဖက်ရည်မသောက်ရလျှင်မနေနိုင်သူတို့ကလည်းရှိလေရကား လက်ဖက်ရည်ဆိုင်ကို ရှာကြရပြန်လေသည်။ စောလွန်းလှသောကြောင့် ဆိုင်ကြီးများ မဖွင့်ကြသေး။ လမ်းထောင့်တစ်ထောင့်တွင် ဆိုင်ကလေးတစ်ဆိုင်ကိုတွေ့၍ ဝင်ကြပြန်ပါလည်း ၎င်းဆိုင်တွင် ကုလားထိုင်လေးလုံးသာရှိ၏။ ကျွန်တော်တို့ လူစုကား (၈)ယောက်နှင်နှင်ပင်။ အသို့လျှင်ထိုင်၍ရပါအံ့နည်း။ အချို့ကထိုင်၊ အချို့ကရပ်ကာ လက်ဖက်ရည်သောက်ကြရလေသည်။

လက်ဖက်ရည် သောက်ကြပြီးလျှင် ဝမ်းတော်တော်ကလေးတောင့်လာပြီဖြစ်သောကြောင့် စိတ်ညစ်ခြင်းအနည်းငယ် ပျောက်သလိုလိုဖြစ်သွား၏။ သို့သော် ကြီးကျယ်လှသောမြို့ကြီးအတွင်း ယောင်လည်လည်နေရလျှင် မည်သူသည်စိတ်မပျက် အားမငယ်ဘဲနေပါအံ့နည်း။ လက်ဖက်ရည်ဖိုး ပိုက်ဆံပေးကြပြီးနောက် တက်စီရနိုင်သည့်နေရာရာကို ဆိုင်ရှင်အားမေးကြ၏။ ရှေ့ သုံးလမ်း ညာဘက်ချိုးနောက်ဘယ်ဘက်သွား၊ တဖန်ညာဘက်ချိုးစသောလမ်းညွှန်သောနည်းမျိုးအတိုင်း တက်စီကိုရှာကြလေသည်။ တက်စီနှစ်စီးကိုငှားကာ ဆရာကိုဘပေးသောလိပ်စာအတိုင်း သွားကြ၏။

တက်စီများမှာ ခပ်မြန်မြန် စိုင်းကြသော်လည်း ကျွန်တော်တို့သွားလိုရာအိမ်သို့ တော်တော်နှင့်မရောက်နိုင်။ လန်ဒန်မြို့ကြီးကားအဆုံးအစမှ ရှိပါလေ၏လောဟုပင် တွေးတောချင်သောစိတ်များ ပေါ်ပေါက်၍လာလေသည်။ လမ်းတစ်လျှောက်လုံးတွင် (၂) ထပ်မော်တော်ဘတ်များ၊ ကိုယ်ပိုင်မော်တော်ကားများ၊ ကုန်တင်မြင်း ရထားကြီး၊ တက်စီများနှင့် ရှုပ်ထွေးနေသည်ကို မြင်ရလေသည်။ တိုက်ကြီးတာကြီးများ။ ဥယျာဉ်ကလေးများကိုလည်း တလျှောက်လုံး

မြင်၍သွားလေသည်။ မိုးကလည်း တဖွဲဖွဲရွာ၊ မြူနှင်းကြောင့် မှောင်ကလည်း မှောင်နေ၊ သစ်ပင်တွေမှာလည်း အရွက်မရှိ၊ အကိုင်းများကလည်း မဲလျက်သာ နေတော့၏။ အေးလိုက်သည်မှာလည်း အလွန်ပင်၊ နေရာတကာတွင် မြန်မာပြည် နှင့် ကွာခြားနေသည်ကို မြင်ရသောကြောင့် အိပ်မက်ထဲမှာလောဟူ၍ပင် တွေးတောမိလေသည်။ မြန်မာပြည်တွင်ကား ပူအိုက်လွန်းသောကြောင့် သစ်ရွက် များကြွေကြကုန်၏။ အင်္ဂလန်မှာမူအေးလွန်းသောကြောင့် သစ်ရွက်များ ကြွေကြ လေသည်။ သဘာဝတရားကား ဆန်းကြယ်ပေစွ။

**တည်းအိမ်သို့ရောက်ခြင်း ။** ဤသို့ တက်စီအတွင်းအမျိုးမျိုးတွေးတောသွား ရင်းပင် ဆရာကိုဘညွန်ကြားသောအိမ်သို့ ရောက်ကြလေသည်။ အိမ်ရှင်တို့နှင့် သိကျွမ်းသူတစ်ယောက်မျှ မပါလာသော ကြောင့် အိမ်ထဲဝင်ရန် ခပ်ကြောင်ကြောင်ဖြစ်လျက်နေကြကုန်၏။ ဆရာကိုဘက ရှေ့ကဝင်၊ ကျွန်တော်တို့တစ်စုက နောက်မှ စီတန်းကာ လိုက်သွား ကြလေသည်။ ရဟန်းတော်များ ဆွမ်းခံကြွသလို အိမ့်ရှင်အဘိုးကြီးကား အသက် (၅၀) ကျော်၊ ၎င်း၏ဇနီးမှာ (၅၀)နီးပါးခန့် ရှိပေလိမ့်မည်။ သူတို့နှင့်တွေ့လျှင် တွေ့ချင်းပင် ဆရာကိုဘက ကျွန်တော်တို့တစ်တွေ၏ ဖြစ်ထွေကိုပြောပြရာ၊ ထိုလင်မယား မှာအားပါးတရ ကျွန်တော်တို့အားလက်သင့်ခံကြလေသည်။ အိမ့်ရှင်ကား ဘင်္ဂလားနယ်တွင်ခရစ်ယန်ဘာသာ၊ သာသနာပြုအဖြစ်ဖြင့်နေထိုင်ခဲ့ပြီးနောက် လန်ဒန်သို့ပြန်ကာ နိုင်ငံခြားမှလာသောကျောင်းသားတို့အား ထမင်းငှား ကျွေးနေသူဖြစ်လေသည်။ သာသနာပြု အလုပ်ကိုလည်း တစ်ဖက် တစ်လမ်းက လုပ်နေသေး၏။ ကျွန်တော်တို့ရောက်သွားသောအခါတွင်ကား ကျောင်းများ ပိတ်ထားခိုက်ဖြစ်သောကြောင့် အခန်းများမှာ အားလပ်ခွင့်ရနေကြလေသည်။ အိမ့်ရှင်မှာလည်း အခန့်သင့် ကျွန်တော်တို့မှာလည်း အခန့်သင့်ပင်။

ကျွန်တော်တို့အား နံနက်စာကျွေးပြီးလျှင် အခန်းများကို နေရာချပေး လေသည်။ ကျွန်တော်တို့တတွေမှာ စိတ်ကလည်းပျက်၊ ရာသီဥတုကလည်း လေးလှသည်ဖြစ်သောကြောင့် အိပ်ရာထဲဝင်ကာ ကွေးလိုက်ကြသည်မှာ နေ့စာ စားသောက်ချိန်ကျမှ နိုးကြားလေတော့သည်။ မျက်နှာသစ် အဝတ်အစား လဲကြပြီး နောက်နေ့စာဆင်း၍ စားသောက်ကြ၏။ ထိုနေ့အဖို့ မည်သည့်အရပ်သို့မျှ မသွားဘဲ အိမ်မှာပင်ခပ်အေးအေးကလေးနားနေလိုသော ဆန္ဒရှိကြပါသော် လည်း လုပ်ရန်ကိစ္စ၊ သွားရန်ကိစ္စများကရှိနေသေးသောကြောင့် မနေသာပြီ။ အိမ်မှထွက်ရန် စီမံကြရပြန်၏။ အိမ့်ရှင်ခရစ်ယန်သာသနာပြုဆရာကြီး လင် မယားတို့မှာ စိတ်ရှည်လက်ရှည်နှင့် ကျွန်တော်တို့သွားရမည့်နေရာများကို

လမ်းညွှန်ရှာ၏။ သို့သော် အလွန် စည်ကား ကြီးကျယ်သော လန်ဒန်မြို့ထဲတွင် အသို့လျှင် အဖော်လမ်းပြမပါဘဲသွား၍ နေရာတကျဖြစ်နိုင်ပါအံ့နည်း။

မြေထဲမီးရထား ။ အခန့်သင့်ပင် ထိုအိမ်တွင်နေသော ဒင်းမတ်ပြည်[၁] သားကျောင်းသားတစ်ယောက်က လမ်းလိုက်ပြမည်ဟု ပြော
သောကြောင့် ကျွန်တော်တို့ အားလုံးပင် ထိုကျောင်းသားအား ကျေးဇူးတင်ကာ သူနှင့်အတူတူ ထွက်လာခဲ့ကြလေသည်။ အိမ်ရှေ့မှထွက်၍ မော်တော်ဘတ်ကို စီးသွားကြ၏။ ဖစ်စဗရီ[၂] သို့ရောက်သောအခါ မော်တော်ဘတ်ပေါ်မှ ဆင်းကြပြီးလျှင် မြေထဲမီးရထားဘူတာရုံသို့ သွားကြလေသည်။ မြေထဲမီးရထားတို့ကို စီးနင်းရန်ကား မြေကြီးအတွင်းသို့ ပေ ၈၀-၁၀၀ ခန့်ဆင်း၍သွားကြရ၏။ မြေထဲတွင် ဥမင်လိုဏ်ခေါင်းကြီးများကို တူးထားလေသည်။ ၎င်းဥမင်လိုဏ်ခေါင်းများအတွင်း မီးရထားများ သွားလာနေကြကုန်၏။ ထိုမီးရထားတို့ကား မီးရထားဟူ၍ပင် အမည်တွင်ကြစေကာမူ ရေနွေးဖြင့်သွားသော မီးရထားမျိုးမဟုတ်။ ဓာတ်ဖြင့်သွားသော ဓာတ်ရထားများသာတည်း။ အကြင်မီးရထားမျိုးကို တစ်ခါမျှ မမြင်ဖူး၊ မစီးဖူး ကြသော ကျွန်တော်တို့ လူစု၏ စိတ်ထဲတွင် အလွန်တရာမှပင် ထူးဆန်းလျက်နေပေ၏။ မြေကြီးပြိုကျပြီး ပိနေမည်ကိုပင် စိုးရိမ်မကင်းဖြစ်မိကြလေသည်။ ၎င်းဥမင်အတွင်း မီးရထားများကို စောင့်ရာနေရာမှာ ဓာတ်မီးတိုင်တို့တန်ခိုးကြောင့် တဝင်းဝင်း တထိန်ထိန်နေဘိ၏။ မီးရထားတွဲများ၌လည်း နေ့ရော ညရောပါ ဓာတ်မီးများကို ထွန်းထားလေသည်။

အထက်အဆိုပါ ဖင်စ်ဗရီဆာကပ် ဘူတာရုံမှ စီးလာခဲ့ကြ၍ အခြားဘူတာရုံတစ်ရုံသို့ ရောက်ကြလျှင် မီးရထားပြောင်းစီးရပြန်၏။ မီးရထားပြောင်း၍ မစီးတတ်လျှင် မိမိတို့သွားလိုရာသို့ မရောက်ဘဲ မဆိုင်သော အခြားနေရာများသို့ ရောက်သွားတတ်သည်ဟု ပြောကြလေသည်။ ကျွန်တော်တို့လည်း မီးရထားပြောင်းစီးကြပြီးနောက် ဝိတိုရိယဘူတာရုံသို့ ရောက်သောအခါ မြေပြင်သို့ ဓာတ်လှေကားဖြင့် တက်ကြလေသည်။ မြေပြင်သို့ရောက်သောအခါ ပုလိပ်တို့အားမေးခြင်းဖြင့်လည်းကောင်း၊ လမ်းသွားလမ်းလာတို့အား မေးခြင်းဖြင့်လည်းကောင်း၊ ကျွန်တော်တို့သွားလိုရာ အိန္ဒိယနိုင်ငံမင်းကြီးရုံး[၃] သို့ ရောက်ကြလေသည်။ လန်ဒန်မြို့တွင် လမ်းမသိလျှင် ပုလိပ်တို့အား မေးမြန်းရလေသည်။ အားကိုးရသော ပုလိပ်များပေတည်း။

---

၁။ Denmark ၂။ Finsbury Circus

၃။ Office of the High Commissioner for India

**ကိုဖေသန်း ။** အိန္ဒိယနိုင်ငံ မင်းကြီးရုံးသို့ရောက်၍ ဆိုက်ရာစက္ကရီတေရီများနှင့် တွေ့ဆုံရန် စောင့်နေခိုက်တွင် ကိုဖေသန်း ဝင်လာပြီးလျှင် ကျွန်တော်တို့အား နှုတ်ဆက်လေသည်။ ထို့နောက် ကျွန်တော်တို့သိချင်သော အကြောင်းများကိုပြောပြ၏။ ကိုဖေသန်းကား အိန္ဒိယနိုင်ငံမင်းကြီးရုံးတွင် အလုပ် လုပ်ကိုင်နေသူ ဖြစ်လေသည်။ ပညာသင်ကြားရန် အင်္ဂလန်သို့ ရောက်သော် လည်း အိန္ဒိယနိုင်ငံမင်းကြီးရုံးတွင် အလုပ်အကိုင်ရနေပြီဖြစ်သောကြောင့် အင်္ဂလန်မှာပင် အရိုးထုတ်တော့မည်ထင်၏။ ကျွန်တော်တို့ကား ကိုဖေသန်းအား ကျေးဇူးတင်၍မဆုံးပြီ။ ကိုဖေသန်းမှာ တောင်ငူသားဟူ၍သိရလေသည်။

ကိုဖေသန်းနှင့် ဧည့်ခန်းတွင် စကားပြောနေကြခိုက်မှာပင် ကျွန်တော်တို့ အား ဆိုင်ရာစက္ကရီတေရီများက တစ်ယောက်စီခေါ်သောကြောင့် သူတို့နှင့်သွား ၍စကားပြောကြလေသည်။ ကျွန်တော်၏ အလှည့်သို့ရောက်သောအခါ ဆိုင်ရာ စက္ကတေရီက ကျွန်တော်မှာ အောက်စ်ဖို့ဒ်တက္ကသိုလ်၊ ခရိုက်ချပ်ချ်ကျောင်းတိုက်*သို့ သွားရမည်ဖြစ်ကြောင်း၊ ကျောင်းတိုက်အတွင်း အခန်းရမည်၊ မရမည်ကို အသေ အချာမသိရသေးကြောင်း၊ အကယ်၍ ကျောင်းတိုက်အတွင်း အခန်းမရသေးလျှင် ကျောင်းအပြင်ဘက်တွင် အခန်းငှား၍ နေရမည်ဖြစ်ကြောင်းမှစ၍ ကျွန်တော် သိထိုက်သောအကြောင်းများကို ပြောပြလေသည်။

**လန်ဒန်ပုလိပ် ။** မင်းကြီးရုံးတွင် ကိစ္စများပြီးစီးသောအခါယခင်လာစဉ်က အတိုင်းပင် မြေထဲမီးရထားဖြင့် ပြန်လာခဲ့ကြလေသည်။ ဖင်စ်ဗရီဆာကပ်ဘူတာရုံမှတက်၍ နေအိမ်သို့ အပြန်တွင် ကိုရုံးမို၊ ကိုစောအုံးတင် နှင့် ကျွန်တော်မှာ လမ်းမှားနေ၍ နေကြ၏။ မိုးကလည်းရွာ၊ အေးကလည်း အေး လှသဖြင့် အလွန်တရာမှပင် စိတ်ပျက်ကြလေသည်။ သို့သော် ပုလိပ်များကို မေးမြန်းခြင်းအားဖြင့် နေအိမ်သို့ ပြန်ရောက်ကြ၏။ လန်ဒန်တွင် နေအိမ်၏ လိပ် အသေအချာကို သိထားပါလျှင် မည်သည့်နည်းနှင့်မျှ လမ်းမမှားနိုင်။ ပုလိပ်များ၏ကူညီချက်ကြောင့် လိုရာသို့ရောက်ရမည် အမှန်ဖြစ်၏။ ကျွန်တော် တို့ကား လန်ဒန်သို့ရောက်ခါစဖြစ်သောကြောင့် မစိုးရိမ်သင့်သည့်နေရာတွင် စိုးရိမ်ကြလေသည်။ လန်ဒန်ပုလိပ်တို့ကား အိန္ဒြေရရ ဖော်ဖော်ရွေရွေ ရှိကြ၏။ အခြားသူတို့ထက် ခေါင်းတစ်လုံးပို၍ မြင့်သည်ကများလေသည်။ ရွေးလည်း ရွေးတတ်ပလေ။

∗ Christ Church

**မဲဇာတောင်ခြေ ။** ညစာစားသောက်ပြီးလျှင်ပြီးချင်းအိပ်ရာထဲဝင်ကာအမျိုး မျိုးသောစိတ်ကူးတို့ကို ထုတ်လျက်နေ၏။ စိတ်ညစ်သလိုလို၊ ဝမ်းနည်းသလိုလို၊ အားငယ်သလိုလိုနေလေသည်။ မြန်မာပြည်သို့ ပြန်လိုသောစိတ်ကား အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း။ အိပ်မက်ထဲမှာကဲ့သို့ နေလေသည်။ အလွန်စည်ကားသောမြို့ကြီးအတွင်းမှာဖြစ်သော်လည်း “မဲဇာတောင်ခြေ”သို့ ရောက်နေသကဲ့သို့ထင်မိပေ၏။ ဤသို့ဟို့နှယ်သည့်နှယ် စဉ်းစားရင်းနှင့်ပင် အိပ်ပျော်၍သွားလေသတည်း။

## ၁၂၈၉-ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်နေ့ ( ၂၄· ၉· ၂၇ )

**သောမတ်(စ်)ကွတ်(က်) ။** နံနက်စာ စားသောက်ကြပြီးနောက်ကိုစောအုံတင် ကိုရုံးမို၊ ကိုအေးတို့နှင့်အတူ အိမ်မှထွက်ကာ သောမတ်(စ်)ကွတ်(က်)တိုက်သို့ မေးမြန်း၍ သွားကြလေသည်။ ရောက်သောအခါ ပါလာသော မြန်မာငွေများကို အင်္ဂလိပ်ငွေအဖြစ် လဲယူကြ၏။ ကိုရုံးမိုတို့ကားထိုတိုက်မှာပင် ငွေကိုပြန်၍ အပ်ထားကြလေသည်။ ကျွန်တော့်မှာမူ အောက်စ်ဖို့ဒ်ရောက်မှ ဘဏ်တွင်အပ်မည်ဟုစိတ်ကူးကာ ငွေအနည်းငယ်ကိုသာ လဲယူလာခဲ့လေသည်။ ထိုတိုက်မှာပင် အချိန်အတော်နှောင်းသွား၏။

ထိုတိုက်မှထွက်လာကြပြီးနောက် ကျွန်တော်တို့လိုသောခြေအိတ်၊ ကော်လာ၊ လည်စည်း၊ ဆွယ်တာအင်္ကျီစသည်တို့ကိုဝယ်ရန် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် လာခဲ့ကြလေသည်။ ၎င်းဆိုင်တို့တွင် ရောင်းချနေကြသော သူတို့မှာအလွန်ဖော်ရွေ၍ မဝယ်ချင်ဝယ်ချင်အောင် တိုက်တွန်းရောင်းချကြလေသည်။ ပို့ဆူးအက်၊ ပို့ဆက်တို့တွင် တွေ့ခဲ့ရသော ကုလားတို့နှင့်ကား ကွာခြားချင်သလိုကွာခြားလျက်နေ၏။ မဝယ်ချင်လှသော်လည်း ဈေးရောင်းသူတို့ အပြောကောင်းသောကြောင့် အားနာသဖြင့်ဝယ်လိုက်ရာ အတော်ပင်ပိုက်ဆံကုန်သွားလေသည်။ ထို့ကြောင့်လည်း သူတို့ကြီးပွားပေသည်ဟုတွေးမိ၏။

**တရုတ်ထမင်းဆိုင် ။** ခြေအိတ်စသည်တို့ကိုဝယ်နေရင်းနှင့်ပင် နေ့စာစားသောအချိန်သို့ရောက်ခဲ့၏။ ကျွန်တော်တို့မှာ အတော်ပင် ဆာနေကြလေပြီ။ လန်ဒန်မြို့တွင် တရုတ်ထမင်းဆိုင်များရှိသည်ဟုမြန်မာပြည်မှာကတည်းကပင် ကြားခဲ့ကြသောကြောင့် တရုတ်ထမင်းဆိုင်ကို ရှာကြလေသည်။ တစ်လမ်းဝင်တစ်လမ်းထွက်ရှာခြင်းဖြင့်လည်းကောင်း၊ ပုလိပ် တစ်ယောက်ပြီးလျှင်တစ်ယောက်အား မေးခြင်းဖြင့်လည်းကောင်း တရုတ်ထမင်းဆိုင်သို့ရောက်သွားကြလေသည်။

**အသိဟောင်း ။** တရုတ်ထမင်းဆိုင်သို့ရောက်၍ ဆိုင်ထဲသို့ ဝင်သွားသောအခါခေါက်ဆွဲစားနေသော ကိုကျင်ကို မြင်လိုက်ရလေလျှင် မည်မျှဝမ်းမြောက်၍သွားသည်ကို ပြောမပြနိုင်တော့ပြီ။ ကိုကျင်၏ ဝမ်းသာခြင်းလည်း ပြောစရာမရှိ။ အားရပါးရ နှုတ်ဆက်ကြပြီးနောက် ဝမ်းအမြောက်ကြီးမြောက်နေကြကုန်၏။ ကျွန်တော်တို့လူစုမှာ တအားတက်၍လာကြလေသည်။ သူ့ထံသို့ ကြေးနန်းမရိုက်၊ စာမပေးသောကြောင့် ကျွန်တော့်အား အပြစ်တင်၏။ သူ့လိပ်ကိုမသိသောကြောင့် စာမပေးဟူ၍ ဖြေလိုက်ရလေသည်။ စင်စစ်ကား ကျွန်တော်နှင့်ကိုကျင်တို့မှာ ရန်ကုန်တက္ကသိုလ်တွင်နေစဉ်က သိရုံမျှသာသိကြလေသည်။ ကျွမ်းကား မကျွမ်းကြပေ။ ယခုကဲ့သို့ နိုင်ငံခြားတွင်လာ၍ တွေ့ကြသောအခါ မိတ်ဆွေချစ်ကြီးများဘဝသို့ ထိုင်ရာမထ ရောက်၍သွားလေတော့သည်။ အင်္ဂလန်တွင် ကျွန်တော်သိလိုသောအကြောင်းများကို သူကပြော၊ မြန်မာပြည်အကြောင်း သူသိချင်သည်များကို ကျွန်တော်ကပြောနှင့် အတော မသတ်နိုင်ကြပြီ။ ဆာနေသည်ပင်ပျောက်၍သွားလုမတတ်။

ကိုကျင်ကား အောက်စ်ဖို့ဒ်တက္ကသိုလ် အော်ရီရယ်ကျောင်းတိုက်၁ သားဖြစ်၏။ ကျောင်းပိတ်ထားခိုက် လန်ဒန်တွင် ဆင်း၍နေခြင်းဖြစ်လေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ ကျွန်တော်သွားရမည်ဟု သိရသောအခါ ကိုကျင်မှာ များစွာဝမ်းမြောက်၍နေ၏။ ကိုရွှေဘော်လည်း အောက်စ်ဖို့ဒ်တက္ကသိုလ် ဝပ်ဒမ်ကျောင်းတိုက်၂တွင်ဝင်ခွင့်ရသည်ဟု ကိုကျင်က ပြောပြသဖြင့် သိရလေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့်ပတ်သက်၍ မေးသမျှတို့ကိုလည်း စိတ်ရှည်စွာပြောပြရှာပေသည်။

နေ့စာစားသောက်ပြီးကြနောက် ကိုကျင်နှင့်အတူပင် သူနေထိုင်သောအခန်းသို့လိုက်၍သွားကြလေသည်။ ကိုရွှေဘော်နှင့်လည်း ထိုအခန်းမှာပင် တွေ့ရ

၁။ Oriel College ၂။ Wadham Colleges

၏။ ကိုရွှေဘော်နှင့်အားရဝမ်းသာ နှုတ်ဆက်ကြ၊ စကားပြောကြနှင့် နေလေသည်။ အတော်ပင် ပျော်ရွှင်အားတက်လာကြပြီးလျှင် ယခင်က စိတ်ပျက်နေခြင်းတို့မှာ ပျောက်ကွယ်သွားကြကုန်၏။ မြန်မာပြည်မှာတုန်းက တစ်ကျောင်းတည်းတွင် ပညာသင်ကြားလာခဲ့ဘူးကြသော်လည်း တစ်ယောက်တစ်ယောက်များစွာ ခင်ခင် မင်မင် မရှိခဲ့ကြချေ။ သို့ရာတွင် နိုင်ငံခြား၌ လာ၍တွေ့ကြသောအခါမူကား ထူထူးခြားခြားခင်မင်၍သွားကြသည်မှာ ဓမ္မတာပင် ဖြစ်တော့သည်ဟု တွေးမိ လေသည်။

မြန်မာပြည်အသင်း[၁] ။ ကိုကျင်နေထိုင်ရာအိမ်ကား ဗြိတိသျှပြတိုက်ကြီး နှင့်မဝေးလှပေ။ ၎င်းအိမ်မှနေ၍ ကြည့်လိုက်လျှင် ဗြိတိသျှပြတိုက်ကြီးကို အတိုင်းသားမြင်နေရလေသည်။ ကိုကျင်၏ အခန်းတွင် အတော်ကြာအောင် စကားပြောကြပြီးနောက် ကိုကျင်နှင့်အတူ ဟမ္မား စမစ်သ်[၂]ခေါ်သာအရပ်တွင်တည်ရှိသည့် မြန်မာပြည်အသင်းတိုက်သို့ ထွက်ခဲ့ကြ လေသည်။ ကိုကျင်တို့နေထိုင်ရာ ရပ်ဆယ်စကွဲယား[၃] အရပ်မှ မြေထဲမီးရထားကို စီး၍လာခဲ့ကြရာ မျှားမကြာမီ မြန်မာပြည်အသင်းတိုက်သို့ ရောက်ကြကုန်၏။ မြန်မာကျောင်းသားတစ်တွေ ဘီလိယက်ထိုးနေကြသည်ကို ရှေးဦးစွာတွေ့မြင်ရ လေသည်။ သူတို့အထဲတွင် ကျွန်တော်တို့မသိသူကား အများ။ သိသူကား တစ်ယောက်၊ နှစ်ယောက်သာ ရှိပေလိမ့်မည်။ သို့သော်သိသူတစ်ယောက်၊ နှစ် ယောက်တို့က မိတ်ဖွဲ့ပေးလိုက်သောကြောင့် အားလုံးနှင့်ပင်အသိဖြစ်၍ သွားလေ သည်။ အသိဟောင်းဖြစ်ကြကုန်သော ကိုသက်စု၊ ကိုဘကျော်တို့နှင့် တွေ့ရသဖြင့် အားတက်ဝမ်းမြောက်စွာ နှုတ်ဆက်စကားပြောကြားကာ တသောသောနှင့် နေကြ လေတော့သည်။ ကိုသက်စုက သူ့ထံကြေးနန်းမရိုက်သောကြောင့် အပြစ်ဆိုပြန်၏။ ကိုကျင်ကိုပြောသကဲ့သို့ပင် လိပ်မသိသောကြောင့် ကြေးနန်းမရိုက်ရဟုပြော လိုက်မှကျေနပ်သွားလေသည်။ စင်စစ်ကား ကိုသက်စု အင်္ဂလန်တွင် ရှိနေသည် ကိုပင်သတိမရချေ။ မိတ်ဆွေဟောင်း မောင်လှကျော်အကြောင်းကိုမေးရာ အိုက်ယာလန်ကျွန်း ဒပ်ဗလပ်မြို့[၄]တွင် ပညာသင်ကြားနေသည်ဟု သိရ၏။

**မြန်မာထမင်းမြန်မာဟင်း ။** ဤသို့ စကားပြောနေသည့် အတွင်း ၅နာရီ ထိုးသဖြင့် ထမင်းစားခန်းသို့သွားကြပြီးလျှင် ထမင်း စားကြလေသည်။ ထိုထမင်းစားခန်း၌ ပျော်ပျော်ပါးပါး ထမင်းစားကြသူ

၁။ The Burma Club ၃။ Russell Square

၂။ Hammersmith ၄။ Dublin

မြန်မာတို့ကားနှစ်ဆယ်ခန့်ရှိပေလိမ့်မည်။ မြန်မာထမင်း မြန်မာဟင်းများကို စားသောက်ရသောကြောင့် ကျွန်တော်တို့လူစုမှာအထူးကျေနပ်ကြကုန်၏။ မြန်မာပြည်မှထွက်လာကတည်းက မြန်မာထမင်းမြန်မာဟင်းတို့ကို စားသောက်ကြရသည်မှာ ဤအကြိမ်ပထမအကြိမ်ဖြစ်လေသည်။ ထမင်းစားသောက်နေသူတို့အထဲတွင် ဆူဆူပူပူလုပ်နေသူများလည်းရှိ၊ ခပ်အေးအေးအိန္ဒြေရရ စားသောက်နေသူတို့ကလည်းမရှား၊ ငြင်းချက်ထုတ်နေသူတို့ကလည်း အများ၊ ခွေးပွဲသွားရန်တိုင်ပင်နေသူတို့လည်းတစ်မျိုး၊ ရုပ်ရှင်ကြည့်ရန်ထွက်မည့် သူတို့ကလည်း တစ်ခြားနှင့်ထင်ရာစကားကို ပြောကြားနေသည်မှာ မြန်မာပြည်ကဲ့သို့ဖြစ်၏။ မိမိတို့အင်္ဂလန်ပြည်သို့ ရောက်နေကြပါလားဟူသောစိတ်မှာ ပျောက်ကွယ်သွားပြီးလျှင် မြန်မာပြည်ရှိ အိမ်တစ်အိမ်၊ သို့မဟုတ် အသင်းတိုက်တစ်တိုက်သို့ ရောက်နေကြသည်ဟူ၍သာထင်မှတ်ရလေသည်။ ယခင်က စိတ်ငယ်စိတ်ပျက်နေသည်တို့မှာ ပျောက်၍သွားကြပြီးနောက် ပျော်ရွှင်အားတက်နေကြကုန်၏။

**ဂျော်လီကြွေ ။** ရန်ကုန်တက္ကသိုလ်ကိုသပိတ်မှောက်ကြစဉ်က နာမည်ရခဲ့သောဂျော်လီကြွေခေါ် ကိုဘိုးကြွေလည်း ၎င်းထမင်းစား ခန်းထဲသို့ရောက်နေလေသည်။ ရှေးအခါကကဲ့သို့ပင် ပျော်ရွှင်တုန်းရှိသေး၏။ သူစကားပြောလိုက်လျှင် တသောသောနှင့်နေကြလေသည်။ အမြဲမပြတ် တပြုံးပြုံး တရွှင်ရွှင်နှင့်နေသူတည်း။ စိတ်အိုက်နေသူများ၊ ပူဆွေးနေသူများ ဂျော်လီကြွေနှင့် စကားပြောလိုက်ရလျှင် မုချပျော်ရွှင်လာရပေလိမ့်မည်။ ဂျော်လီကြွေ၌ စိတ်ညစ်ခြင်း၊ ပူဆွေးခြင်းစိတ် များရှိပါလေစဟုတွေးတောမိလေသည်။ ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ကာ ဗဟန်းရပ်တွင်နေကြခိုက် "ကောလိပ်ကျောင်းက ဂျော်လီမောင်၊ ပိုက်ဆံမရှိလို့ ရွှေသွားပေါင်. . . ." အစချီသော သီချင်းကလေး ကိုဆိုကာ က,သည်များကိုလည်း မြင်ယောင်ယောင်နေတော့၏။

**ဦးဘိုးလူကြီး* ။** ဤ သ ိ ု ့ ဆ ူ ဆ ူ ည ံ ည ံ ထ မ င ် း စ ာ း ၍ န ေ ကြ ခ ိ ု က ် ပ ေ ါ က ် ၍ လ ာ သောသူကားဦးဘိုးလူကြီးဖြစ်ချေလသည်။ အရပ်မြင့်မြင့် အသားညိုညို၊ ခပ်တည်တည်၊ ၎င်းနှင့်အတူ ခွေးကြီးတစ်ကောင်လည်းပါလာ၏။ ဦးဘိုးလူကြီး ဝင်လာသည်နှင့်တစ်ပြိုင်နက် ဟိုလူက ထမင်းစားခေါ်၊ သည်လူက ထမင်းစားခေါ်နှင့် ဆူညံ၍နေလေပြီ။ ကျွန်တော်၏အနားတွင် ထိုင်၍ထမင်းစား နေသောကိုသက်စုက ဦးဘိုလူကြီး၏ရာဇဝင်အတ္ထုပ္ပတ္တိကို ရှင်းလင်း၍ ပြသည်မှာ

---

* ဦးဘိုးလူကြီးကား လန်ဒန်မှာပင် အနိစ္စရောက်ရှာပြီ။

ဤသို့တည်း။

ဦးဘိုးလူကြီးမှာမအူပင်သားဖြစ်၏။ အင်္ဂလန်တွင်ဝတ်လုံပညာကိုလာရောက်သင်ကြားသည်မှာ နှစ်ပေါင်းအတော်ပင်ကြာလေပြီ။ ထိုအခါတွင်ကား ဝတ်လုံပညာကိုလည်းမသင်၊ မြန်မာပြည်သို့လည်းမပြန်၊ အင်္ဂလိပ်ရာသီဥတု၊ အင်္ဂလိပ်အလေ့အထများကိုနှစ်သက်သောကြောင့် လန်ဒန်မှာပင် တစ်သက်လုံးနေထိုင်ရန်ဆုံးဖြတ်ထားဟန်တူလေသည်။ မြန်မာကျောင်းသားတို့အား လွန်စွာစောင့်ရှောက်လေ့ရှိ၏။ ကျောင်းသားများကလည်း ဦးဘိုးလူကြီးကိုများစွာ ချစ်ကြောက်ရိုသေကြလေသည်။ မည့်သည့်နေရာမှာမဆို သူ့ထံသွား၍ တိုင်ပင်လေ့ရှိကြကုန်၏။ အချုပ်အားဖြင့်ဆိုရလျှင် ဦးဘိုးလူကြီးမှာ အင်္ဂလန်ပြည်သို့လာရောက်ကာ ပညာသင်ကြားသူတို့အတွက်မိဘသဖွယ်ဖြစ်လေသည်။ ကိုသက်စု၏စကားဆုံးလျှင် ဦးဘိုးလူကြီးအား ကြည်ညို၍မဆုံးပြီ။ သူ၏အသက်ကား ငါးဆယ်ကျော်ပြီဟုခန့်မှန်းရ၏။

**မာနခဲတွေ ။** ထမင်းစားသောက်ကြပြီးနေနောက် အသီးသီးမိမိတို့ လိုရာသို့ထွက်ခွာသွားကြကုန်၏။ ကျွန်တော်တို့လူစုလည်း ကိုကျင်နှင့်အတူ ထွက်ခွာလာခဲ့ကြလေသည်။ ထိုအသင်းတိုက်တွင် တွေ့မြင်ခဲ့ရသောသူတို့မှာ အများအားဖြင့် ရွှေရွှေဖေါ်ဖေါ်ရှိကြပါသော်လည်း မာနခဲလေး သုံး-လေးယောက်တို့ကိုလည်း တွေ့ရသေး၏။ လောက၌အကောင်းရှိလျှင် အဆိုးရှိခြင်းမှာဓမ္မတာဖြစ်သောကြောင့် အထူးဖေါ်ပြရန် မလိုတော့ပေ။ ထိုနေ့အဖို့ ကျေနပ်ကာ နေအိမ်သို့ပြန်လာခဲ့ကြလေသတည်း။

## ၁၂၈၉ ခု၊ တော်သလင်းလဆုတ် ၁၅ ရက်နေ့ ( ၂၅· ၉· ၂၇ )

---

**ဗြိတိသျှပြတိုက် ။** နောက်တစ်နေ့တွင် နေ့စာ စားသောက်ပြီးနောက်စကားပြောနေကြခိုက် ကိုကျင်ပေါက်လာ၏။ ကိုကျင်နှင့်အတူ ကျွန်တော်၊ ကိုရုံးမို၊ ကိုခင်မောင်ဖြူ၊ ကိုစောအုံတင်တို့လိုက်သွားကြလေသည်။

ကျွန်တော်တို့ရှေးဦးသွားသော နေရာကား ဗြိတိသျှပြတိုက်ဖြစ်၏။ ၎င်းပြတိုက်ကြီး အတွင်း၌ ဗဟုသုတရဖွယ်အမျိုးမျိုးတို့ကိုတွေ့မြင်ခဲ့ရသော်လည်း စုံလင်အောင် ရေးသားရန် နေရာမရှိသောကြောင့် ချန်ခဲ့ရပေမည်။ ကျွန်တော်သဘောအကျ ဆုံးကား အင်္ဂလိပ် စာရေးဆရာကျော်များ၏ လက်ရေးဖြင့်ရေးသား ထားသော နာမည်ကျော်စာများဖြစ်လေသည်။ အချို့သောစာရေးဆရာကျော်တို့၏ လက်ရေး များမှာ သေးသေးကွေးကွေး မှုန်မှုန်လေးများဖြစ်၏။ အချို့မှာဖျက်ရာ၊ ခြစ်ရာများ နှင့်ပြည့်လျက်နေလေသည်။ အချို့မှာကား လက်ရေးညံ့လှသဖြင့် သူတို့၏စာ များကို ဖတ်၍ပင် ကောင်းစွာမရပေ။ ထိုစာရေးဆရာကျော်တို့၏ လက်ရေးနှင့် ရေးထားသောစာများကို မှန်အိမ်ကြီးများနှင့်ထည့်၍ ပြထားလေသည်။ အပြင်မှ နေ၍ ဖတ်နိုင်၏။ ၎င်း၏စာများကို လိုက်ကာဖတ်ကြည့်နေသည်နှင့်ပင် အတော် ကလေးအချိန်နှောင်းသွားလေသည်။ ဤသို့ လိုက်၍ဖတ်နေခိုက်တွင် ဦးပုည၊ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသတို့၏ လက်ရေးများမည်သို့နေပါလိမ့်မည် နည်းဟု သိလိုသောဆန္ဒပေါ်ပေါက်လာလေသည်။ မြန်မာပြည်တွင် ပြတိုက်တစ် တိုက်မရှိသေးသည်မှာ အံ့သြစရာကြီးတစ်ရပ်ပါတကားဟူ၍လည်း စဉ်းစားမိ သေး၏။

**အိန္ဒိယ ဝိုင်. အမ်. စီ. အေ ။** ပြတိုက်ကြီးတွင် ကြည့်ရှုစရာ ရှိသည်တို့ ကိုကြည့်ရှုကြပြီးနောက် ဂေါ်ဝါလမ်း[1] တွင်တည်ရှိသောကုလားကျောင်းသားများ၏ ဝိုင်. အမ်. စီ. အေ အသင်းတိုက် သို့ထွက်လာခဲ့ကြလေသည်။ ထိုအသင်းတိုက်တွင် ကုလာကျောင်းသားအမျိုးမျိုး တို့ကို တွေ့ရလေသည်။ ကိုယ်လက်လှုပ်ရှားရေးဆိုင်ရာ ကစားစရာများလည်းရှိ၏။ ထိုအသင်းတိုက်တွင် တည်းခိုနေကြသော ကျောင်းသားအများကိုလည်း တွေ့ရ လေသည်။ အသင်းတိုက်ထဲတွင် ခေတ္တမျှလျှောက်ကြည့်ကြပြီးနောက် လက်ဖက် ရည်သောက်ခန်း၌ လက်ဖက်ရည်မှာ၍သောက်ကြလေသည်။

**ဟိုက်ပတ်ဥယျာဉ်[2] ။** ထိုအသင်းတိုက်မှ ထွက်လာခဲ့ကြပြီးနောက် နာ မည်ကျော် ဟိုက်ပတ်ဥယျာဉ်သို့ မော်တော် ဘတ်စ်ကား ထွက်လာခဲ့ ကြလေသည်။ ၎င်းဥယျာဉ်ကား မြို့လယ်ခေါင်တွင် တည်ရှိ၏။ လူစည်ကားလိုက်သည်မှာဆိုဖွယ်မရှိ။ ကြီးလည်းကြီးမားလှပေ၏။ ဆောင်ဦးပေါက်လာပြီးဖြစ်သောကြောင့် ပန်းပင်များကိုမမြင်ရ။ သစ်ပင်ကြီးများ မှာလည်း အရွက်များကြွေကုန်ကြပြီဖြစ်သောကြောင့် အကိုင်းများသာလျှင်

ကျန်တော့၏။ ဥယျာဉ် အလယ်တွင် ဆာပင်တိုင်[၃] ခေါ်ကန်ကလေးရှိလေသည်။

၁။ Gower Street ၂။ Hyde Park ၃။ Serpentine

၎င်းဥယျာဉ်အတွင်း ကုလားထိုင်များကိုခင်းထား၏။ ထိုကုလားထိုင်များပေါ်တွင် ထိုင်လိုပါကအစောင့်များအား အခပေးရလေသည်။ သစ်ပင်အောက်ရှိ ကုလားထိုင်များပေါ်တွင်ထိုင်နေကြသောစုံတွဲအများကိုမြင်ရ၏။ ၎င်းညနေကား သာယာခြင်းမရှိ၊ မြူနှင်းများကြောင့် မှိုင်းမှိုင်းဝေနေလေသည်။

**စကားပွဲများ ။** ဥယျာဉ်အတွင်း ဟိုဟို သည်သည် လျှောက်ကြည့်ကြပြီးနောက် တိုင်းရေးပြည်ရေး၊ ဘာသာရေးဖွဲ့များ၏ ကိုယ်စားလှယ်တို့စကားပြောနေကြရာသို့ ကိုကျင်ကခေါ်သွားသဖြင့် လိုက်ပါသွားကြလေသည်။ ထိုနေ့ကား တနင်္ဂနွေနေ့ဖြစ်သောကြောင့် ထိုသူတို့ စကားပြောသောနေရာတွင် အထူးစည်ကားလျက်နေ၏။ လူအပေါင်းတို့မှာ ဟိုစုရုံး၊ သည်စုရုံး ဟိုတိုး သည်တိုးနှင့် နေကြလေသည်။ ပျော်စရာကောင်းလှ၏။ လန်ဒန်မြို့သို့ရောက်ခါစ မြန်မာများ၏ မျက်စိထဲတွင် အလွန်ထူးဆန်းနေသောကြောင့် ဤအကြောင်းကို စုံစုံလင်လင်ရေးသားရပေမည်။

အဆိုပါ စကားပွဲများစည်စည်ကားကားဖြစ်သည့်နေ့မှာ တနင်္ဂနွေနေ့ ညနေသုံးနာရီမှညဆယ်နာရီအထိဖြစ်လေသည်။ အခြားနေ့များတွင် ၎င်းစကားပွဲများရှိသော်လည်း တနင်္ဂနွေနေ့လောက် စည်ကားခြင်းမရှိဟု သိရ၏။ လာရောက်နားထောင်ကြသောသူတို့မှာ ခုံမြင့်လေးများအပေါ်မှ အသံကုန်ဟစ်အော်ပြောကြားနေသူတို့၏စကားကို နက်နက်နဲနဲနားထောင်လို၍ လာကြသည်မဟုတ်။ ပျော်ချင်၊ ပါးချင်၊ နောက်ချင်၊ သရော်ချင်ကြသောကြောင့် လာရောက်နားထောင်ကြခြင်းဖြစ်လေသည်။ အဆိုပါခုံမြင့်လေးများမှာလည်း လူတစ်ယောက်ရပ်လောက်ရုံ ငယ်ငယ်ကလေးများသာဖြစ်ကြ၏။ အိမ်ဆေးသုတ်သောအခါ အသုံးပြုသောလှေကားကလေးများနှင့်တူလှပေသည်။ ၎င်းတို့တွင် အသင်း၏အမည်စာတန်းများကိုထိုးထားသေး၏။ အချို့ကား ငါးပေ၊ ခြောက်ပေမြင့်ကြလေသည်။ တစ်ခုံနှင့်တစ်ခုံမှာ နီးကပ်လျက်နေသောကြောင့် တစ်ဦးပြောသောစကားနှင့်တစ်ဦးပြောသောစကားတို့မှာရှုပ်ထွေးလျက်သာနေတော့၏။ တစ်ဖက်သောခုံတွင် စကားပြောနေသည်ကို တစ်ဖက်သောခုံမှ နှေ၍နှောင့်ယှက်လေသည်။ တစ်ယောက်ပြောနေသောအသံကိုအုပ်အောင် တစ်ယောက်က အသံကုန်ဟစ်အော်လေ့ရှိ၏။ တော်ရုံအသံနှင့်ဤနေရာ၌ စကားလာမပြောနိုင်။ နားထောင်နေသူတို့မှာလည်း တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ကြသည်မဟုတ်။ မေးလိုရာမေးခွန်းကို မေးလေ့ရှိကြ၏။ စကားပြောနေသူတို့မှာ တတ်နိုင်သရွေ့ ဖြေဆိုလေ့

ရှိကြကုန်၏။ ထိုအခါ ပရိသတ်ကလှောင်ပြောင်ရယ်မောကြလေသည်။ မေးသူတို့မှာသိလိုသောကြောင့်မေးကြခြင်းမဟုတ်။ ဖြေသူမဖြေနိုင်၍ အရှက်ရလေအောင်၊ ရယ်စရာ ဖြစ်လေအောင်သာ ကြံကြံစည်စည်မေးကြခြင်းဖြစ်၏။ မေးသောအခါတွင်လည်း တစ်ယောက်ပြီးမှတစ်ယောက်မေးကြသည်မဟုတ်။ လေး-ငါးယောက် တစ်ပြိုင်နက် မိမိတို့ထင်ရာကို လျှောက်မေးကြလေသည်။ စိတ်ရှုပ်စရာ၊ စိတ်နောက်စရာ၊ တော်ရုံသတ္တိနှင့် ဤနေရာတွင်လာ၍ စကားပြောဝံ့ကြမည်မဟုတ်ပေ။

စကားပြောနေသူ၏စကားအတိုင်းလိုက်ကာ အော်ဟစ်ပြောဆို နေသူတို့ကလည်း ရှိသေး၊ ထင်ရာမြင်ရာလျှောက်၍ ရမ်းနေကြသူများပေတည်း။ စကားပြောသူတို့ကလည်း တစ်ခါ တစ်ခါမေးသော သူတို့အားအရူးလုပ်လေ့ရှိ၏။ စကားပြောနေသူတို့အားလည်း မေးသူတို့က ပြန်၍ အရူးလုပ်လေသည်။ ပရိတ်သတ်ကမူ ဤသို့ အပြန်အလှန် အရူးလုပ်နေသည်ကိုပင် ရယ်မောပျော်ရွှင်ကြလေသည်။ အချို့ကလည်းစကားပြောသောခုံအနီးတွင် သီချင်းဟစ်အော်ကာ ဆိုလေ့ရှိကြသေး၏။

တစ်ယောက်မောသွားလျှင်တစ်ယောက်တက်၍ ပြောပြန်၏။ အချို့မှာ အသံများပင်ဝင်နေကြလေပြီ။ လာရောက်နားထောင်သူတို့မှာ တစ်နေရာတွင် ကျကျနန နားထောင်ကြသည်မဟုတ်ဘဲ ဤနေရာသွားနားထောင်လိုက်၊ ထိုနေရာသွားနားထောင်လိုက် လုပ်နေကြကုန်၏။ မြန်မာပြည်ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲများတွင် ဟိုစုသွား၊ သည်စုသွား လုပ်နေကြသောပရိတ်သတ်များနှင့် တူလှပေတော့သည်။

အသင်းအမျိုးမျိုးမှခုံများ၊ အသင်းအမျိုးမျိုးမှ ကိုယ်စားလှယ်များ၊ အသင်းအမျိုးမျိုးမှ စကားပြောသူများဤနေရာသို့ရောက်ကြလေသည်။ အိန္ဒိယဟူမ္မရူးအသင်း၏ စကားပြောသူတို့ကား ကုလားများသာတည်း။ ၎င်းအသင်းခုံရှေ့တွင် လူစည်ကားလှသည်။ စကားပြောနေသူ ကုလားများအားပရိသတ် ကလှောင်ပြောင်လိုက်၊ စကားပြောသူကုလားများကပရိတ်သတ်အားအရူးလုပ်လိုက် နှင့်နေသည်မှာ ကြည့်၍အလွန်ကောင်းလေသည်။ သတ္တိကောင်းသောကုလား များတည်း။

ဤစကားပြောပွဲများတွင် ထူးခြားသောအချက်မှာ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖြစ်ခြင်းပင်တည်း။ တစ်ယောက်အားတစ်ယောက်က နာအောင်ပြောဆိုနေသော်လည်း ခိုက်ရန်ဖြစ်ပွားခြင်း မရှိချေ။ အပျော်မျှသာ သဘောထားကြလေသည်။ ဤကဲ့သို့သာ မြန်မာပြည်၌ ပြောကြားကြမည်ဆိုလျှင် စကားသုံး-လေးခွန်းပြော၍မျှမဆုံးမီ ထိုပြောသူတို့၏ဦးခေါင်းများကို အုပ်ခဲခဲ လေတော့မည်။ အိန္ဒိယ ဟူမ္မားဝရူးအသင်း ကိုယ်စားလှယ်များမှာ မိမိတို့ ထင်ရာမြင်ရာကို

ကျယ်လောင်စွာပြောကြားနေကြ၏။ နားထောင်နေသူများကလည်း စိတ်မဆိုးပါဘဲ ပြန်လည်ကာပြောင်လှောင်နေကြသည်ကို မြင်ခဲ့ရလေသည်။ အလွန်ရယ်စရာကောင်းလှပေသည်။

ထိုစကားပြောပွဲများတွင် အတန်ကြာအောင် လှည့်ပတ်ကြည့်ရှုနေပြီးနောက် ၆-နာရီခွဲခန့် အချိန်တွင် ဂေါ်ဝါလမ်းရှိ အိန္ဒိယ ဝိုင်-အမ်-ဘီ-အေ အသင်းရုံးသို့သွားကာ ညစာစားသောက်ကြလေသည်။ ထိုအချိန်တွင် ကုလားပေါင်းစုံလင်စွာတို့ကို တွေ့မြင်ရ၏။ ဘင်္ဂါလီ၊ ကုလယ်၊ ပန်ချာပီ၊ ရေဝတီ၊ ပါရစီ၊ ဟိန္ဒူ၊ မဟာမေဒင် မှစ၍ များလှစွာပင်၊ ထိုအသင်းတိုက်တွင် ညစာစားသောက်ပြီးနောက် ၈-နာရီခန့်အချိန်တွင် တည်းအိမ်သို့ပြန်ခဲ့ကြ၏။ ဤနေ့အဖို့ ဤမျှသာ။

## ၁၂၈၉ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့
## ( ၂၆. ၉. ၂၇ )

---

**အောက်စ်ဖို့ဒ်သို့။** နောက်တစ်နေ့တွင် အိပ်ရာမှစောစောထရလေသည်။ ပြီးလျှင် နံနက်စာမစားဘဲ ကိုကျင်နှင့် ချိန်းထားသည့်အတိုင်း ကိုကျင်တို့နေထိုင်ရာအိမ်သို့ ထွက်လာခဲ့၏။ ကိုကျင်နှင့်အတူ ရပ်ဆယ်စကွဲယားဘူတာမှ တောင်ကင်ဆင်တန်* ဘူတာသို့ ရောက်လျှင် မြေထဲမီးရထားကို စီးလာကြလေသည်။ ထိုဘူတာသို့ရောက်လျှင် မြေထဲရထားတစ်စီးကိုပြောင်းစီးကာ ပက်ဒင်တန်ဘူတာရုံကြီးသို့ ထွက်လာခဲ့ကြပြန်၏။ ၎င်းဘူတာရုံကြီးကားလွန်ခဲ့သော(၄)ရက်ခန့်က စလိုင်မတ်(သ်)မှ စီးလာသော မီးရထားဆိုက်ရာဘူတာပေတည်း။ ထိုနေ့နံနက် စောစောစီးစီးတွင် ယောင်လည်လည်ဖြစ်ခဲ့ကြသည်မှာ ဤဘူတာမှာပင်ဖြစ်လေသည်။

၎င်းဘူတာရုံသို့ ရောက်သောအခါ အောက်စ်ဖို့ဒ်သို့သွားမည့် မီးရထားကို ပြောင်းစီးကြရပြန်၏။ ၎င်းကား မြေထဲမီးရထားမဟုတ်၊ မြေပေါ်တွင်သွားသော မီးရထားပေတည်း။ ၎င်းမီးရထားတွင် ပထမတွဲနှင့် တတိယတွဲများသာပါလေသည်။ ဒုတိယတွဲများကား မပါချေ။ အဘယ့်ကြောင့်ဟူ၍ မပြောတတ်၊ တတိယတွဲများမှာ မြန်မာပြည်မီးရထားပထမတွဲနီးပါး ကောင်းလေသည်။

၁။ South Kensington

**မီးရထားလမ်းတွင် ။** ၉ နာရီ ၄၅-မိနစ်အချိန်တွင် မီးရထားထွက်လေသည်။ မြန်မာပြည် မီးရထားတို့ထက် ပိုမြန်၏။ မီးရထားအတွင်းမှ အပြင်ဘက်သို့ ကြည့်လိုက်ပြန်သောအခါ ကုန်းမြင့်ကလေးများ၊ မြက်ခင်းကလေးများကို မြင်ရလေသည်။ သစ်ပင်များတွင်ကား အရွက်ဟူ၍မရှိ အရိုးချည်းသာကျန်တော့၏။ ဆောင်းဝင်လာပြီ ဖြစ်သောကြောင့် အရွက်များကြွေကုန်ကြလေပြီ။ ကောင်းကင်တွင်လည်း မှိုင်းတိုင်းတိုင်းနေ၏။

**ရက်ဒင်း-မြို့*။** တစ်နာရီခန့် သွားမိလျှင် ရက်ဒင်းမြို့သို့ ရောက်လေသည်။ ၎င်းမြို့တွင် ခေတ္တမျှ မီးရထားဆိုက်၏။ နာမည်ကျော် သေတ္တာမုန့်လုပ်ရာ စက်ရုံကြီးများ၊ တိုက်ကြီးများ၊ ဂိုဒေါင်ကြီးများကို မီးရထားပေါ်မှ မြင်ရလေသည်။ ၎င်းတို့၏အမိုးများ၊ မျက်နှာစာများတွင် ကမ္ပည်းများကို ထိုးထားသေး၏။ ထိုအဆောက်အဦးကြီးများအပြင် နာမည်ကျော် ဆတ္တင်၂ ခေါ် သစ်စေ့၊ ပန်းစေ့များကိုရောင်းသော ကုမ္ပဏီကြီးများ၏ဥယျာဉ်များကိုလည်း မြင်ရလေသည်။ ဆောင်းဦးပေါက်လာပြီဖြစ်သောကြောင့် ပန်းများမှာကျလျက်နေလေပြီ။ အကယ်၍သာ နွေဦးပေါက်စအခါ ရောက်လာပါမူကား ၎င်းဥယျာဉ်များမှာ မည်မျှ သာယာဆန်းကြယ် ရှုချင်စဖွယ် ကောင်းပါမည်နည်း။ ဤဥယျာဉ်ကြီးများကို မြင်လိုက်ရသောအခါ ကျွန်တော်တို့ ငယ်စဉ်က ၎င်းကုမ္ပဏီမှ သစ်စေ့၊ ပန်းစေ့များကိုမှာယူကာ ပန်းပင်၊ စားစရာပင်များကိုစိုက်ပျိုးခဲ့သည်ကို သတိရမိပေ၏။ ထိုစဉ်အခါက ဤနေရာသို့ ရောက်ဘူးမည်ဟု အဘယ်မှာတွေးတောမိပါအံ့နည်း။

ရက်ဒင်းဘူတာမှထွက်ခွာပြီးနောက် တစ်နာရီခန့်ကြာလျှင် အောက်စ်ဖို့ဒ်ဘူတာရုံတွင် မီးရထားဝင်၍ ဆိုက်လေသည်။ ဘူတာရုံသို့ မရောက်မီပင် မီးရထားထဲမှ အောက်စ်ဖို့ဒ်တက္ကသိုလ်ရှိကျောင်းများ၊ ဘုရားရှိခိုးကျောင်းများ၊ မျှော်စင်ကြီးများကိုမြင်ရ၏။ ပုဂံညောင်ဦးရှိ ဘုရားပုထိုးများကို ဧရာဝတီမြစ်အတွင်း သင်္ဘောထဲမှနေ၍ မြင်ရပုံနှင့် များစွာမှုပင် တူလေသည်။ စိတ်ထဲတွင် ကြည်နူးလာ၏။ ရှေးဟောင်းရာဇဝင်ကို ပြန်ပြောင်း၍တွေးမိတော့၏။

အောက်စဖို့ဒ်။ မီးရထားပေါ်မှဆင်းပြီးနောက် မော်တော်ဘတ်တစ်စီးပေါ်သို့ ထွက်လာခဲ့ကြ၏။ ငါးမိနစ်ခန့်ကြာလျှင် မြို့အတွင်းသို့ ရောက်ကြလေသည်။ ကာဖက်စ် ၄ ခေါ် လမ်း လေးလမ်းဆုံရာတွင်

၁။ Reading ၂။ Sutton & Sons ၃။ Carfax

ဆင်းကြပြီးလျှင် ဗရော့လမ်း[၁] သို့ လျှောက်လာခဲ့ကြ၏။ မကြာမီပင် ၎င်းလမ်း၏အဆုံးတွင်တည်ရှိသောအိန္ဒိယကျောင်းဆောင် [၂] သို့ရောက်ကြလေသည်။ ကျောင်းပိတ်ထားခိုက်ဖြစ်သောကြောင့်၊ တစ်မြို့လုံး ခြောက်လျက်နေ၏။ ကျောင်းပိတ်ထားခိုက်တွင် လာရောက်ကြည့်ရှုကြသော ခရီးသည်အချို့သာလျှင် ယောင်လည်ယောင်လည်နှင့် လျှောက်နေကြသည်ကို တွေ့မြင်ရလေသည်။

အိန္ဒိယကျောင်းဆောင်သို့ ရောက်လျှင် အရှေ့နိုင်ငံကျောင်းသားတို့အား နေရာချ ပေးသောအဖွဲ့[၃] ၏အကျိုးဆောင် မစ္စတာဝီလျံဆင်[၄] ၏အခန်းသို့ သွား၍ တွေ့ဆုံစကားပြောလေသည်။ ထိုပုဂ္ဂိုလ်မှာ စကားပြောကောင်းလှပေ၏။ မေးသမျှကိုလည်းစိတ်ရှည်ရှည်နှင့်ပြုံးကာ ရယ်ကာဖြေရှာပေးသည်။ ကျောင်းဖွင့်ခါစ နှစ်လအတွင်း ခရိုက်ချပ်၌ကျောင်းဆောင်တွင်နေထိုင်ရန် အခန်းရမည်မဟုတ်ကြောင်း။ ဒုတိယပိုင်းအတွက် ကျောင်းပြန်ဖွင့်သောအခါကျမှ ကျောင်းအတွင်း အခန်းရမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်ကာစ နှစ်လတွင် အပြင်ဘက်၌ အခန်းငှားနေရမည်ဖြစ်သောကြောင့် အခန်းကောင်းကောင်းကိုရရန် မြန်မြန်ငှားသင့်ကြောင်းများကို ပြောကြားလိုက်လေသည်။ တက္ကသိုလ်မှ အသိအမှတ်ပြုထားသောအိတ်လွတ်၊ အခန်းလွတ်တို့၏အမည်စာရင်းကိုလည်းပေးလိုက်သေး၏။ ကိုကျင်သာမပါလျှင် ကျွန်တော့်မှာ အခက်ကြုံနေပေလိမ့်မည်။ မသွားတတ်မလာတတ် ဖြစ်နေသောကြောင့် စိတ်ညစ်ရမည်မှာလည်း ဆိုစရာမရှိပြီ။ ယခုကား ကိုကျင်ပါလာသောကြောင့် ကိုကျင်ကိုသာအားကိုးရလေတော့သည်။

မစ္စတာဝီလျံဆင်ထံမှရသောအခန်းလွတ်စာရင်းများကိုယူခဲ့ပြီးလျှင် ကိုကျင်နှင့်အတူ ထွက်ခဲ့ကြ၏။ အိန္ဒိယကျောင်းဆောင်မှ ထွက်လာသောအခါ လမ်းတွင်လက်ဦးဆုံးမြင်ရသောအဆောက်အဦကြီးများကား တစ်ဖက်တွင် ဟတ်ဖို့ဒ်ကျောင်းဆောင်[၅] တစ်ဖက်တွင်ကား ကမ္ဘာပေါ်တွင်နာမည် အလွန်ကျော်သောဘော့ဒ်လီရင်ပိဋကတ်တိုက်[၆] များဖြစ်ကြလေသည်။ ၎င်းအဆောက်အဦကြီးတို့ကား ဟောင်းမြင်းဆွေးမြည့်ကြလှလေပြီ။ ဤသို့ဟောင်းမြင်းဆွေးမြည့်ခြင်းသည်လျှင် အောက်စ်ဖို့ဒ်၌ ဂုဏ်ရှိလှ၏။ ပိဋကတ်တိုက်အတွင်းသို့ ဝင်ကြည့်ချင်လှပါ၏။ သို့ရာတွင်အချိန်မရှိ၊ ဆောင်ရွက်ရန်ကိစ္စတွေများလှသေးသည်။

ထိုအဆောက်အဦးကြီးများကို ကျော်လွန်လာပြန်လျှင် တစ်ဖက်တွင်

၁။ Broad Street ၅။ Mr. H. S. Williamson

| | | | |
|---|---|---|---|
| ၂။ | Indian Institute | ၆။ | Hertford College |
| ၃။ | Delegacy of Oriental Students | ၇။ | Bodleian Libray |

အောဆိုးကျောင်းဆောင်[၁] တစ်ဖက်တွင်ကား ဘော့ဒ်လီရင် ပိဋကတ်တိုက်၏ စာကြည့်ခန်းနှင့်ရှင်မာရီဘုရားရှိခိုးကျောင်းတို့ကို မြင်ရလေသည်။ ၎င်းဘုရားရှိခိုးကျောင်းကား တက္ကသိုလ်ကျောင်းသားများနှင့်တူသောလူသုံးလေးယောက် သွားလာနေကြသည်ကိုလည်းမြင်ရ၏။ စာကြိုးစားသူတို့နှင့်တူပေသည်။ ထို့နောက် အောက်စ်ဖို့ဒ်[၂] လမ်းမကြီးဆီသို့ရောက်ကြလေသည်။

ထိုလမ်းတွင် တက်စီတစ်စီးကိုငှားရန် ထွက်သွားကြ၏။ တစ်အိမ်ဝင် တစ်အိမ်ထွက်သွားကြ၏။ တစ်အိမ်ဝင်တစ်အိမ်ထွက်နှင့် အခန်းရှာလာကြသည်မှာ ဆယ်အိမ်ခန့်ပင်ကျလေပြီ။ အခန်းကိုကားမရသေး၊ ငှားလိုက်ပြီဟူ၍သာ ပြောလွှတ် လိုက်ကြလေသည်။ မိမိတို့၏ အိမ်များတွင် နိုင်ငံခြား ကျောင်းသားတို့ကို မထားချင်ကြသောကြောင့် စကားလှအောင်ပြောလိုက်ကြဟန်တူလေသည်။ ကျွန်တော့်မှာ စိတ်ပျက်လွယ်သူဖြစ်သောကြောင့် စိတ်ပျက်လှပြီ။ ကိုကျင်ကား တပြုံးပြုံးတရွှင်ရွှင်နှင့် အားပေးလျက်နေလေသည်။ နှစ်နာရီခန့်ကြာမှ ဝမ်နီဖရက်လမ်း၃ အိမ်နံပါတ် (၃၁)တွင် အခန်းရ၏။ အိမ့်ရှင်ကားအသက် ငါးဆယ်ခန့်ရှိ ပြင်သစ်မုဆိုးမကြီး ဖြစ်လေသည်။ အတော်ပင်ဖော်ဖော်ရွေရွေရှိ၏။ အခန်းရှာရခက်သောကြောင့် အိမ်ရှင်တောင်းသောဈေးနှင့်ပင်သဘောတူလိုက်ရလေသည်။ အိမ့်ရှင်မိန်းမကြီး၏စိတ်တွင်ကားအချောင်ရသည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။ အောက်တိုဘာလ (၁၂)ရက်နေ့ ကျောင်းဖွင့်မှ လာခဲ့မည်ဟု မှာထားပြောဆိုနှုတ်ဆက်ပြီးလျှင် စီးလာသောတက်စီနှင့်ပင် ပြန်လာခဲ့ကြလေသည်။ ထိုအခါကျမှ စိတ်အေးသွားတော့၏။ ကိုကျင်သာပါမလာလျှင် မည်မျှစိတ်ဆင်းရဲရမည်နည်း။

ထိုအချိန်ကား နေ့စာစားသောက်ချိန်ဖြစ်သောကြောင့် ဆိုင်တစ်ဆိုင် အတွင်းသို့ဝင်ကာ နေ့စာကိုစားသောက်ကြလေသည်။ ၎င်းဆိုင်ထဲတွင် နေ့စာကို မှာ၍ စားသောက်နေကြစဉ် ကိုကျင်က အောက်စ်ဖို့တက္ကသိုလ်ကျောင်းသားများ လိုက်နာရသော ဥပဒေစည်းမျဉ်းတို့ အကြောင်းကို ပြောပြလေသည်။ တက္ကသိုလ်ကျောင်းသားတို့သည် အောက်စ်ဖို့ဒ်၌ရှိသော ဆိုင်တိုင်းတွင် ဝင်ထွက် စားသောက်ရသည်မဟုတ်၊ တက္ကသိုလ်ကအသိအမှတ်ပြုထားသောဆိုင်များတွင်သာ သွားရောက် စားသောက်ရလေသည်။ ၎င်းဥပဒေကို ကျူးလွန်သောကျောင်းသားကား ဒဏ်ငွေ ဆောင်ရ၏။ ရန်ကုန်တက္ကသိုလ်ထက်ပင် ကျပ်တည်းပါသေးကလားဟု တွေးတောမိ၏။

---

၁။ All Souls College ၂။ High Street ၃။ Wanefred Street

ဝမ်ဒမ်ကျောင်းတိုက် ။ နေ့စာစားသောက်ကြပြီးနောက်၊ ကိုရွှေဘော်ဝင်ရမည့် ဝမ်ဒမ်ကျောင်းတိုက်သို့သွား၍ ကိုရွှေဘော်အတွက် အခန်းနေရာချပေးပြီးပလားဟု တံခါးမှူး[၁] အားမေးကြလေသည်။ နေရာမချရသေးကြောင်းသိခဲ့ရ၏။ ထိုကျောင်းတိုက်မှ ထွက်လာခဲ့ပြီးလျှင် ကိုကျင်၏ကျောင်းတိုက် သို့သွားကြလေသည်။ ရောက်လျှင် ကိုကျင်၏အခန်းတွင် ခေတ္တမျှနားနေကြလေသည်။ ၎င်းအခန်းကား သုံးထပ်ပေါ်တွင်တည်ရှိ၏။ ကျောင်းသားတစ်ယောက်လျှင် နှစ်ခန်းစီရလေသည်။ တစ်ခန်းမှာအိပ်ခန်း၊ တစ်ခန်းကားစာကြည့်ခန်းတည်း။ ကုလားထိုင်၊ စားပွဲ၊ ဆိုဖာများနှင့်အတော်ပင်ခန်းနားလေသည်။ ကျွန်တော်တို့နေထိုင်လာခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ရှိ အခန်းများ၊ အသုံးဆောင်များနှင့်ကား ကွာခြားလှပေသည်။

ဒရိုက်ချပ်ချ် ။ ကိုကျင်၏အခန်းမှ ထွက်လာကြပြီးနောက် ကျွန်တော်ဝင်ရမည့် ခရိုက်ချပ်ချ်ကျောင်းတိုက်သို့သွားကြပြန်လေသည်။ ကျွန်တော်၏ကျောင်းနှင့်ကိုကျင်၏ကျောင်းတို့မှာကပ်လျက်နေ၏။ လမ်းတစ်လမ်းသာခြားလေသည်။ ခရိုက်ချပ်ချ်ကျောင်းအတွင်း ကျယ်ပြန့်သောမြက်ခင်းကြီးပေါ်တွင် ခေတ္တမျှ လျှောက်ကြည့်ကြလေသည်။ ၎င်းမြက်ခင်းကြီးကိုပတ်ကာ ကျောင်းဆောက်ထား၏။ ရန်ကုန်တက္ကသိုလ်၊ ပုဂံကျောင်းဆောင်စံနစ်အတိုင်းဖြစ်လေသည်။ ပုဂံကျောင်းဆောင် ထက်ကားများစွာကြီး၏။ အင်္ဂလိပ်အဘိဓာန်ကိုစတင်ရေးသားသောနာမည်ကျော်စာရေးဆရာကြီးဒေါက်တာဂျွန်ဆင်[၂] ကျောင်းသားဘဝတုန်းက ဘိနပ်စုတ်ကိုစီးကာခရိုက်ချပ်ချ်ကျောင်းအတွင်းသို့သွားရာ ခရိုက်ချ်ချပ် ကျောင်းသားတို့ကမျက်စောင်းထိုး၍ နှင်လိုက်သည့်အကြောင်းကို လော့ဒ်မကောလေး[၃] ရေးသားသောစာတစ်စောင်တွင် ဖတ်ခဲ့ဖူးသည်ကို သတိရ၏။ သို့သော် ကျွန်တော်တို့ ရောက်သွားသောအခါကား ကျောင်းပိတ်ထားခိုက်ဖြစ်သောကြောင့် ကျောင်းသားဟူ၍အစအနကိုပင် မမြင်ရပေ။

ခရိုက်ချပ်ချ်ကျောင်းတိုက်အတွင်း ခေတ္တမျှလျှောက်ကြည့်ကြပြီးလျှင် မော်တော်ဘတ်စ်ကာ ဘူတာရုံသို့လာခဲ့ကြလေသည်။ သုံးနာရီဆယ့်နှစ်မိနစ်တွင် အောက်စ်ဖို့ဒ်မှထွက်ခဲ့ရာလန်ဒန်သို့လေးနာရီခွဲတွင် ရောက်ကြလေသည်။ ကိုကျင်နှင့်အတူ မြန်မာပြည်အသင်းတိုက်သို့သွား၍ ညစာစားသောက်ကြပြီးနောက်နေအိမ်သို့ပြန်လာခဲ့လေသတည်း။

၁။ porter ၂။ Dr. Johnson ၃။ Lord Macaulay

**၁၂၈၉ ခု၊ သီတင်းကျွတ်လဆန်း ၂ရက်နှင့် ၃ရက်နေ့**
**( ၂၇• ၉• ၂၇ နှင့် ၂၈• ၉• ၂၇ )**

**ခပ်အေးအေးမို့ ကွေးနေချင် ။** အောက်စ်ဖို့မှ ပြန်ကြပြီးနောက်နှစ်ရက်အတွင်းကိစ္စ အထူးမရှိသောကြောင့် အပြင်အပသို့မထွက်၊ အိမ်ထဲမှာပင်ကုပ်ပြီး မြန်မာပြည်သို့စာရေးခြင်း၊ မိတ်ဆွေများအခန်းတွင်ဝိုင်းဖွဲ့ကာ စကားပြောခြင်းတို့နှင့်သာ အချိန်ကိုကုန်လွန်စေလေသည်။ ကိုအေးကား မကြာမကြာပျောက်သွား၏။ ကျွန်တော်တို့မှာ အေးကလည်းအေး၊ လန်ဒန်တွင် ဟိုမသွားတတ်၊ ဒီမသွားတတ်နှင့် ကြောင်တောင်တောင်ကလည်းဖြစ်နေသောကြောင့် အပြင်အပသို့မထွက်ချင်ကြချေ။ ကိုရုံးမိုမှာလည်း အအေးမိပြီးနေမကောင်းဖြစ်နေသောကြောင့် အားငယ်လျက်နေ၏။ ကျွန်တော်တို့က ကိုယ်ချင်းစာကာ အားပေးနေကြရလေသည်။ တစ်နေ့လုံး အပြင်မထွက်ကြသော်လည်း ညစာစားချိန်တွင်မူကားမနေနိုင်ထွက်ကြရ၏။ နေအိမ်တွင် ထမင်းမကျွေး။ အင်္ဂလိပ်အစားအစာတို့ကိုသာ ကျွေးလေသည်။ အင်္ဂလိပ်အစားအစာတို့ကို စားသောက်ရသည်မှာ တင်းမတိမ်နိုင်ကြသောကြောင့် အပြင်ထွက်ကာ ကုလားထမင်းဆိုင်၊ တရုတ်ထမင်းဆိုင်များကိုရှာ၍ ထမင်းဝယ်စားလေ့ရှိကြ၏။ ဆရာဦးဘဇော်၊ ကိုစောအုံတင်၊ ကိုခင်မောင်ဖြူနှင့်ကျွန်တော်မှာ အတူတူထွက်ကြလေသည်။ ဆရာကိုဘနှင့်ကိုမင်းစိတ်တို့ကား နေအိမ်မှပေးသောအင်္ဂလိပ်အစားအစာတို့နှင့်ပင် ကျေနပ်ကြလေသည်။ အပြင်ထွက်ကြသောအခါဆရာ ဦးဘဇော်မှာ မြန်မာလိုပင်ဝတ်စား၍ထွက်လေ့ရှိ၏။ အပြင်ကမူကား လောင်းကွတ်အင်္ကျီထူထူကြီးကိုဝတ်ထားလေသည်။ ကလေးများခပ်နောက်နောက် အောက်တန်းစားလူများတွေ့လျှင် မြန်မာလိုဝတ်ထားသော ဦးဘဇော်ကို ပြောင်လှောင်လေ့ရှိကြ၏။ ဦးဘဇော်ကဂရုမစိုက်၊ သို့သော် အနည်းငယ်စိတ်ဆိုးပုံရလေသည်။ ဆရာ

ဦးဘဇော်မြန်မာအဝတ်အစားဖြင့် တာရှည်သွားနိုင်မည်လော၊ စောင့်ကြည့်ကြဦးစို့။

## ၁၂၈၉ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့ ( ၂၉. ၉. ၂၇ )

---

**အိမ်ပြောင်းခြင်း ။** ကျွန်တော်တို့ရောက်ကတည်းက နေထိုင်လာခဲ့သော အိမ်မှာမြို့အတွင်းရှိ ကုလားထမင်းဆိုင်၊ တရုတ်ထမင်းဆိုင်တို့နှင့်ဝေးလှသောကြောင့် စိတ်ပျက်စပြုလေပြီ။ ၎င်းဆိုင်များနှင့်နီးရာသို့ ပြောင်းရွှေ့နေထိုင်ရန် အကြံထုတ်ကြကုန်၏။ ကိုကျင်နှင့်ကိုရွှေဘော်တို့ နေထိုင်ရာအရပ်ကား ထိုဆိုင်များနှင့်မဝေးလှပေ။ သူတို့နေထိုင်ရာအိမ်တွင်လည်း အခန်းလွတ်များရှိလေသည်။ ထိုအိမ်တွင် ပြောင်းရွှေ့နေထိုင်ရလျှင်ကောင်းမည်ဟု အကြံရသည့်အတိုင်း ကျွန်တော်နှင့်ကိုရိုးမိုတို့နှစ်ယောက်သား သီတင်းကျွတ်လဆန်း(၄)ရက်နေ့တွင် ပြောင်းရွှေ့လာခဲ့ကြလေသည်။

မိတ်ဟောင်းများနှင့်ခွဲခွာလာရမည်ကို အသည်းနာ၏။ သို့သော် ကိုခင်မောင်ဖြူ၊ ကိုဘ၊ ကိုမင်းစိန်တို့မှတစ်ပါး အခြားမိတ်ဆွေတို့မှာ မန်ချက်စတားမြို့[၁] အက်ဒင်ဗရာမြို့[၂]များသို့ မကြာမီထွက်ခွာသွားကြရတော့မည်ဖြစ်သောကြောင့် မထူးတော့ပြီ။ အိမ်သစ်သို့ရောက်၍ အဝတ်အစားများကို နေရာချနေခိုက် ဦးကျော်လှိုင် ပေါ်လာလေသည်။ သူနှင့်ပင် အတော်ကြာအောင်စကားပြောနေ၏။ သူလည်း အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းသားဖြစ်သောကြောင့် အောက်စ်ဖို့ဒ် တက္ကသိုလ်နှင့် ပတ်သက်သောအကြောင်းများကို ကျွန်တော်အား ပြောပြလေသည်။ ကိုရိုးမိုကား စစ်တီးနှင့်ဂေလ်စကက်အတတ်သင်ကျောင်း[၃] သို့ စောစောကပင် ထွက်သွား၏။ အိမ်ပြောင်းရွှေ့ရသောကိစ္စများကြောင့် တစ်နေ့လုံး မည်သည့်အရပ်သို့မျှ မသွားရပေ။

**ငှားအိမ်များ ။** လန်ဒန်မြို့ရှိ ငှားအိမ်များအကြောင်း အနည်းငယ်ရေးသားရပေမည်။ လန်ဒန်မြို့ရောက်ခါစ မြန်မာတို့၏ စိတ်၌ ထူးဆန်းသည်ဟုထင်မှတ်ရသောအချက်များတွင် လန်ဒန်မြို့ရှိ ငှားအိမ်များလည်းအပါအဝင်ဖြစ်လေသည်။ လန်ဒန်မြို့တစ်မြို့လုံး ဟိုတယ်ဆိုင်များ၊ ကုန်ဆိုင်များ၊ ငှားအိမ်များဖြင့်ပြည့်နှက်လျက်နေ၏။ လူအသွားအလာများသောလမ်းဆုံ၊ လမ်းမကြီးများတွင် ဟိုတယ်နှင့်ကုန်ဆိုင်ကြီးများကို သာမြင်ရလေသည်။ လမ်းသေးလမ်းငယ်များတွင်ကား အများအားဖြင့် ငှားအိမ်တို့ကိုသာမြင်ရ၏။

ငှင်းငှားအိမ်များကို ချမ်းသာကြွယ်ဝသောသူတစ်စုံတစ်ယောက်က ဖြစ်စေ၊ ကုမ္ပဏီ

---

၁။ Manchester ၂။ Edinburgh ၃။ City and Guilds College

တစ်ခုခုကဖြစ်စေ အောက်လုပ်ထားပြီးလျှင် ထမင်းငှားကျွေးလိုသူတို့အား ငှား ထားလေ့ရှိသည်။ ထမင်းငှားကျွေးလိုသူတို့ကတဖန် ထမင်းငှားစားသူတို့အား အခန်းများကို လက်လီငှားစားပြန်သည်။ လန်ဒန်မြို့၌ ထမင်းငှားကျွေးခြင်းမှာ ကြီးကျယ်သောလုပ်ငန်းတစ်ရပ်ဖြစ်လေသည်။

လန်ဒန်မြို့သည် ကုန်ကူးသန်းရောင်းဝယ်ရေးတွင် အလန်ကြီးကျယ်သော ကြောင့် အလုပ်အကိုင်ရှိခိုက် ခေတ္တမျှသာ လာရောက်နေထိုင်ကြရာ မြို့ဖြစ်လေ သည်။ စည်ကားသောမြို့တို့၏အင်္ဂါပေတည်း။ ဧည့်သည်အပေါင်းတို့၏ ဝင်ထွက် လာရောက်နေထိုင်ရာမြို့ဖြစ်သောကြောင့် တစ်မြို့လုံး သည်ငှားအိမ်များဖြင့် ပြည့်နှက်လျက်နေသည်မှာ အံ့ဩစရာမဟုတ်ပေ။ အိမ်ငှားခြင်း၊ အခန်းငှားခြင်း တို့မှာလည်း အမျိုးမျိုးအစားအစားရှိလေသည်။ အိမ်ထောင်စု သားမယားတို့နှင့် နေထိုင်သူတို့မှာ တစ်ထပ်လုံးငှားလေ့ရှိကြ၏။ ဤသို့တစ်ထပ်လုံးကိုငှားသော နေရာတွင်လည်း အစားစားရှိပြန်လေသည်။ အချို့မှာ ကုတင်၊ စားပွဲ၊ ကုလားထိုင် မှစ၍ အိမ်ထောင်အသုံးအဆောင်အစုံပါ၏။ အချို့မှာကား မိမိတို့၏ အိမ်ထောင် ပစ္စည်း များကို ယူဆောင်လာခဲ့ကြရလေသည်။ ဤကား တစ်ထပ်လုံးငှားခြင်းနှင့် ပတ်သက်သောအကြောင်းပေတည်း။

အိမ်ထောင်မရှိ တစ်ယောက်တည်း နေထိုင်သူတို့မှာအခန်းတစ်ခန်းကိုသာ ငှား၍နေထိုင်ကြ၏။ ဤသို့အခန်းငှားနေထိုင်ပုံမှာလည်း အမျိုးမျိုး အစားစားရှိ ပြန်လေသည်။ ပထမအမျိုးမှာ မီး၊ ထင်း၊ ရေ၊ အစားအသောက်မှစ၍ အားလုံး ခြုံကာငှားကြခြင်းဖြစ်၏။ ဒုတိယအမျိုးကား နေထိုင်ရုံနှင့် နံနက်စာ စားသောက်ရုံ သာငှားခြင်းဖြစ်လေသည်။ ဤသို့ငှားလျှင် ထွန်းရန်မီးအတွက်၊မီးလှုံရန်ကျောက်မီးသွေး အတွက်၊ ရေချိုးရန် ရေနွေးအတွက် တစ်သီးတစ်ခြား ပေးရ၏။ ဒုတိယအမျိုးကို အများနှစ်သက်ကြလေသည်။ နေ့စာနှင့်ညစာတို့ကို ဆိုင်တွင်ဝယ်စားလေ့ရှိကြ၏။ အခန်းငှားသောအခါ မီးအတွက်ပါ, မပါ၊ ကျောက်မီးသွေးအတွက် ပါ,မပါ၊ ရေချိုး ရန်ရေနွေးအတွက်ပါ,မပါ၊ ညစာအတွက်ပါ,မပါစသည်တို့ကို အသေအချာမေးထား ရလေသည်။ အကယ်၍ မမေးဘဲငှားလိုက်ပါက နောင်ခါတ်မီးအတွက် တစ်မျိုး၊ ကျောက်မီးသွေးအတွက်ကတစ်ဖုံ၊ ရေနွေးအတွက်ကတစ်ခြားနှင့် အမျိုးမျိုးတိုးလာ တတ်လေသည်။ အခန်းငှားသောအခါ မြန်မာပြည်မှာကဲ့သို့ တစ်လအတွက် ငှားလေ့မရှိ။ တနင်္ဂနွေတစ်ပတ်အတွက်သာ ငှားလေ့ရှိပေသည်။

အခန်းခမှာ အခန်းကိုလိုက်၍ ပေးရလေသည်။ အခန်းငှားစားသူများမှာ

အများအားဖြင့် မုဆိုးမကြီးများ၊ အပျိုအမယ်ကြီးများ ဖြစ်လေသည်။ သူတို့အထဲတွင် ပြင်သစ်အမယ်ကြီးများလည်း အတော်ပင်ပါဝင်လေသည်။ အခန်းငှားစားသူများမှာ အားလုံးလိုလိုပင် အလုပ်နှင့်တူအောင် လုပ်တတ်ကြကုန်၏။ မည်သို့ပင်ခင်မင်နေကြစေကာမူ ငွေကြေးနှင့်စပ်လာလျှင် တစ်ပြားတစ်ချပ်မျှ အနာခံလေ့မရှိ။ အားနာသည်ဆိုသောစကားကို ကြားမျှမကြားဖူးကြချေ။ မြန်မာတို့မှာကား အားနာတတ်သောသူများဖြစ်ကြသောကြောင့် အနစ်နာခံကြရသည်သာများသည်ဟုပြောကြ၏။ တစ်အိမ်တစ်အိမ်တွင်၊ သို့မဟုတ်တစ်ခန်းတစ်ခန်းတွင် ကြာကြာမနေသင့်၊ ခဏခဏပြောင်းရွှေ့နိုင်မှ အတော်ကျသည်ဟုလည်း ပြောကြသေးသည်။ (ဤကား ငှားအိမ်များနှင့်ပတ်သက်သောကြောင်းပေတည်း။)

## ၁၂၈၉ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့
## ( ၁၀. ၉. ၂၇ )

---

**အိမ်သစ်တွင် ။** အိမ်သစ်တွင် နံနက်စာကို ကျွန်တော်တို့၏ အခန်းထဲမှာ ပင်စားသောက်ရလေသည်။ ကျွန်တော်နှင့်ကိုရှုံးမိုတို့မှာ အခန်းထဲတွင်နေထိုင်ကြ၏။ ယခုအိမ်တွင် ယခင်အိမ်မှာတုန်းကကဲ့သို့ ထမင်းစားခန်းတစ်ခန်းသတ်သတ်မထားပေ။ ကိုယ့်အခန်းတွင်ပင် အစားအစာကိုစားသောက်ရလေသည်။ လွတ်လပ်ခြင်းတစ်မျိုးပင်၊ ထမင်းစားခန်းကို သီးသန့်၍ထားသော အိမ်များတွင်ကား နံနက်စာ၊ နေ့စာ၊ ညစာ စားချိန်နီးလျှင် အဝတ်အစားလဲရသည်က တစ်ဒုက္ခ၊ ကိုယ့်အခန်းထဲမှာပင် အစားအစာကို စားသောက်ရသော အိမ်များတွင် မူကား တော်စွ လျော်စွနှင့်ပင် ပြီးလေသည်။

အိမ်သစ်တွင် စားသောက်ရသော နံနက်စာမှာ များစွာမဟန်လှပေ။ နို့တစ်ခွက်၊ ကာဖီတစ်ခွက်၊ ပေါင်မုန့်သုံးလေးချပ်၊ ကြက်ဥကြော်နှစ်လုံး၊ ဝက်အူချောင်းနှစ်ချောင်း၊ ယိုတစ်ခွက်၊ ထောပတ်တစ်ခွက်သာတည်း။ ၎င်းအစာမျိုးကို စားသောက်ရသည်မှာ တင်းမတိမ်လှ။ မွေးကတည်းက ထမင်းဟင်းတို့ကို စားသောက်လာကြသောသူတို့မှာ ထမင်းဟင်းကို မစားရလျှင် ဘယ်မှာတင်းတိမ်နိုင်ပါအံ့နည်း။ ဤအိမ်တွင်စားသောက်ရသော အစားအစာနှင့် ကျွန်တော်တို့လာစဉ်က သင်္ဘောပေါ်တွင်စားသောက်လာရသော အစားအစာတို့မှာ များစွာကွာခြားလှပေ၏။ ကျွန်တော်တို့မြန်မာပြည်မှ မထွက်လာမီဦးမြင့်သိန်းက "ခင်ဗျား

တို့သင်္ဘောပေါ်မှာ စားသွားရမဲ့အစာကတော့ ရှင်ဘုရင်ရဲ့အစာ၊ လန်ဒန်ရောက်တဲ့အခါ စားသောက်ရမဲ့အစာကတော့ကူလီများရဲ့အစာတွေလိုပဗျာ" ဟုပြောလိုက်သောစကားကို များစွာသတိရမိပေတော့သည်။

**မြူနှင်းဝေဝေ ။** အလွန်အေးသော နံနက်ဖြစ်သောကြောင့် အခန်းတွင်းရှိ မီးလှုံရာမီးဖိုကလေးအနားမှာသာလျှင် ကိုရှုံးမိုနှင့်နှစ်ယောက်သား စကားကောင်းလျှက်နေကြလေသည်။ အခြားနေ့များထက်ပို၍ အေးသောနေ့ပေတည်း။ အပြင်သို့ထွက်ရန်ဆန္ဒအနည်းငယ်မျှမရှိ။ မီးနားတွင် ကပ်နေသည်ပင် ရှေ့ပူ၍နောက်ချမ်းနေသောကြောင့် "... ကုရင်အို ယာပြင်ကြီးမှာကွယ် ... မီးထည့်လို့လှုံ။ မပူပေါင် နောက်ဆီကချမ်းရော့ထင့်.." ဆိုသော ရှေးတေးတစ်ပုဒ်ကို ဆိုမိလေတော့သည်။ ကိုရှုံးမိုကသဘောကျလှသဖြင့် ထပ်ကာထပ်ကာအဆိုခိုင်း၏။

ဤသို့မီးနားတွင်ထိုင်၍ စကားပြောရင်း မြန်မာပြည်အကြောင်းသို့ရောက်သွားသောအခါ ကျွန်တော်တို့နှစ်ယောက်သားမှာ မြန်မာပြည်ကို အထူးလွမ်းဆွတ်မိကြလေတော့သည်။ ကျွန်တော်ကပြောလိုက်လျှင် သူကထောက်ခံ၊ သူကပြောလိုက်လျှင် ကျွန်တော်ကထောက်ခံနှင့်အင်မတန်မှပင်လေပေးဖြောင့်နေကြကုန်၏။ အိမ်အပြင်ဘက်တွင်လည်း နှင်းကျနေသောကြောင့် တစ်နေ့လုံးနေရောင်ကိုမမြင်ရ။ တစ်မြို့လုံးမှောင်မဲလျှက်နေလေသည်။ မိုးလည်း တစ်စိမ့်စိမ့်နှင့်နေ၏။ ဓါတ်ရထား၊ မော်တော်ကား၊ မော်တော်ဘတ်များ မှာမီးထွန်းကာ သွားလာနေကြရလေသည်။ တစ်စီးနှင့်တစ်စီးတိုက်မိမည်စိုးသောကြောင့် အသံပေးကာသွားလာနေကြသည့်အတွက် ဆူညံ၍နေလေပြီ။ ပုလိပ်များကလည်း အထူးဂရုစိုက်နေကြကုန်၏။ အဘယ်သို့သော်အရပ်သို့ရောက်နေပါလိမ့်ဟု ပြောကာစိတ်ပျက်မိကြလေသည်။

နေ့စာစားချိန်သို့ ရောက်သောအခါ အပြင်သို့မထွက်ချင်သည်နှင့် အိမ်ရှင်ထံမှပင် နေ့စာကိုမှာ၍ စားသောက်ကြလေသည်။ စားသောက်နေကြတုန်းတွင် ကိုကျင်နှင့်ကိုရွှေဘော်တို့ မိမိတို့၏အခန်းများမှ ဆင်းလာကြပြီးလျှင် ကျွန်တော်တို့နှင့်အတူ လာရောက်စကားပြောကြ၏။ ခဏကြာလျှင်ဆရာဝန် ကိုမင်းစိန်နှင့်ဦးကျော်ခိုင်တို့လာရောက်ကြလေသည်။ ကျွန်တော်တို့အားလုံး တပျော်တပါး စကားပြောနေကြသည်မှာ မြန်မာပြည်တက္ကသိုလ် ကျောင်းမှာတုန်းကကဲ့သို့ပင်။ ဤအခါကျမှ မြန်မာပြည်သို့ လွမ်းနေသောစိတ်မှာ ပျောက်ကွယ်၍သွားတော့၏။ အတန်ကလေးကြာအောင် ကျွန်တော်တို့အခန်းထဲတွင် စကားပြောနေကြပြီးနောက် ဧည့်သည်အားလုံးပင် မြန်မာပြည်အသင်းတိုက်သို့ထွက်သွားကြလေသည်။ ကျွန်တော်နှင့် ကိုရှုံးမိုတို့သာကျန်ရစ်ကြ၏။ ကျွန်တော်တို့

နှစ်ယောက်ကား လန်ဒန်မြို့၏ရာသီဥတုကို စက်ဆုပ်လှသောကြောင့် အပြင် မထွက်ပဲ မိမိတို့၏အခန်းထဲရှိ မီးဖိုနားမှာပင် ဂုဏ်ခံကာနေကြလေသည်။ ညစာ စားသောက်ချိန်သို့ရောက်မှသာလျှင် နေအိမ်နှင့်မနီးမဝေးရှိ အိန္ဒိယပိုင် အမ်-စီ-အေ အသင်းတိုက်သို့သွား၍ ညစာစားသောက်ကြ၏။

## ၁၂၈၉ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့ ( ၄. ၁၀. ၂၇ )

**စနစ်ကောင်း ။** ဤနည်းအတိုင်းလန်ဒန်မြို့ကြီးကို သပိတ်မှောက်ကာနေလာခဲ့ကြသည်မှာ သုံးရက်တိုင်တိုင်ပင်ကြာခဲ့၏။ လေးရက်မြောက်သောနေ့တွင်ကား သပိတ်လှန်ရတော့သတည်း။ အကြောင်းကား ကိုအေးမန်ချက်စတာမြို့သို့ သွားမည်ဖြစ်သဖြင့်ဘူတာရုံသို့ ဆင်းပို့ရသောကြောင့်ဖြစ်လေသည်။ ကိုအေးမှာ ပြုံးပြုံးရွှင်ရွှင်ပင်။ ကျွန်တော်တို့ကား မိတ်ဆွေတစ်ယောက်နှင့်ခွဲခွာရတော့မည်ဖြစ်သောကြောင့် အနည်းငယ်မျက်နှာပျက်လျက်နေကြ၏။

ဘူတာရုံမှပြန်လာပြီးနောက် ညနေသို့ရောက်လျှင်ကိုကျင်ကခေါ်သောကြောင့် ရုပ်ရှင်ကြည့်ရန် လိုက်သွားကြလေသည်။ ရုပ်ရှင်ရုံသို့ရောက်သောအခါ ရုံပေါက်ဝတွင် နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ၊ စီတန်းကာရပ်နေကြသော လူတန်းကြီးကိုမြင်ရ၏။ ထိုသူတို့ကား လက်မှတ်ယူရန်စောင့်နေကြသောသူတို့တည်း။ မြန်မာပြည်တွင် ရုပ်ရှင်ရုံပေါက်ဝများ၌ တိုးဝှေ့နေကြသော လူထုကြီးကို မကြာမကြာမြင်ခဲ့ကြရသော ကျွန်တော်တို့၏စိတ်တွင် ဤသို့ သေသေသပ်သပ်နေသောလူတန်းကြီးကိုမြင်ရသောအခါ ထူးဆန်းသည်ဟု မြင်မိပေ၏။ မည်မျှနေရာကျပါသနည်း။ မြန်မာပြည်တွင်လည်း ဤစနစ်မျိုးတည်ထွင်လျှင် များစွာကောင်းမည်ဟုတွေးတောမိလေသည်။ ကျွန်တော်တို့လူစုလည်း ၎င်းလူတန်းကြီးနောက်မှဝင်၍ရပ်ကြရ၏။ ရုံဖွင့်သောအခါကျမှသာ တစ်ယောက်ပြီးတစ်ယောက်အိန္ဒြေရရဝင်၍သွားကြလေသည်။ ကိုကျင်အားဤအကြောင်းကိုပြောပြသောအခါ ကိုကျင်ကရုပ်ရှင်များမှာသာမဟုတ်။ မီးရထားဘူတာရုံများ၊ ဇာတ်ရုံများများမှစ၍ လူများသောနေရာ၊ တိုးဝှေ့ရမည့်နေရာဟူသမျှတွင်

ဤစနစ်အတိုင်းလိုက်နာကြသည်ဟု ပြောပြလေသည်။ ဤနေရာမျိုး၌ အင်္ဂလိပ်တို့မှာ ယဉ်ကျေးပေစွ။ အတုခိုးဖွယ်ကောင်းလှပေတော့သည်။

**၁၂၈၉ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့**
**( ၅. ၁၀. ၂၇ )**

---

**မြန်မာသတင်းစာ ။** နောက်တစ်နေ့တွင် နေ့စာစားချိန်တိုင်အောင် အိမ်ထဲမှာပင်ကုပ်၍ နေကြလေသည်။ နေ့စာစားသောက်ကြပြီးနောက် ကိုကျောင်နှင့်အတူအာဒ်လေခရက်ဆင့်[၁] လမ်းအိမ်နံပါတ် ၅၃ သို့ ထွက်ခဲ့ကြ၏။ အားစ်ကုတ်[၂] ခေါ် မြေထဲဘူတာမှ ဆင်းကြရလေသည်။ အဆိုပါအိမ်တွင် ကိုသက်စု၊ ကိုချစ်သောင်း၊ ကိုဘကျော်တို့ ရှိမရှိမေးရာ အိမ်တွင်မရှိ။ မြန်မာပြည်အသင်းတိုက်သို့ ထွက်သွားကြပြီ ပြောသောကြောင့် အသင်းတိုက်သို့ လိုက်သွားကြ၏။ ရောက်သောအခါ သူတို့နှင့်တွေ့၍ အတော်ကြာအောင်ပင် လက်ဖက်ရည်သောက်ရင်း စကားပြောကြားနေကြလေသည်။ များစွာ အကျွမ်းဝင်၍သွားကြကုန်၏။ ကိုသက်စုတို့ ပြန်သွားကြသောအခါ ကျွန်တော်နှင့် ကိုကျောင်မှာ မြန်မာသတင်းစာ မဂ္ဂဇင်းတို့ကို တစ်စောင်ပြီးလျှင် တစ်စောင်ဖတ်ကာစည်းစိမ်ယူနေကြ၏။ မြန်မာပြည်မှာတုန်း ကဖတ်လေ့ဖတ်ထမရှိသော သတင်းများကြော်ငြာများကိုပါမကျန် စိတ်ပါ လက်ပါ ဝါးမျိုနေကြသည်ကို မြင်ကြလျှင် အံ့သြကြပေလိမ့်မည်။

**မြန်မာပြည်အသင်း၏ အခြေအနေ ။** ဤသို့ သတင်းစာများနှင့်အလုပ်ရှုပ်နေခိုက် ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ မြန်မာလုလင်ပျိုတစ်ယောက် ကျွန်တော်တို့သတင်းစာဖတ်နေရာအခန်းထဲသို့ ဝင်လာလေသည်။ ကိုကျောင်က မိတ်ဖွဲ့ပေးသဖြင့် ကျွန်တော်နှင့် အသိဖြစ်သွား၏။ ထိုလူ၏အမည်ကား ကိုလွန်းသီဖြစ်၏[၃] ဇလွန်သားတည်း။ စကားပြောကောင်း၍ ဝံသာနုစိတ်ထားလည်း များစွာရှိပုံရလေသည်။ သူပြောသောစကားများတွင် မြန်မာပြည်ရှိ ခေါင်းဆောင်များအကြောင်း၊ မင်းတိုင်ပင်အဖွဲ့ အကြောင်းများလည်းပါလေသည်။ ထို့နောက်မြန်မာပြည်အသင်းအကြောင်းသို့ ရောက်၍သွား၏။ အသင်းမှာအကြွေးများစွာတင်နေသောကြောင့် ပျက်လုမတတ်ဖြစ်နေကြောင်း၊ အသင်းသားများနှင့်တကွ မြန်မာဟူသမျှတို့က ငွေအား၊ လူအားဖြင့်ထောက်ပံ့ခြင်းမပြုလျှင် အမှန်မုချပင် ပျက်ရတော့မည်ဖြစ်ကြောင်း၊ ဤအသင်းပျက်စီးသွားလျှင် မြန်မာများအတွက် များစွာဝမ်းနည်းဖွယ်ကောင်းကြောင်း

---

၁။ Eardley Crescent ၂။ Earls Court

၃။ ဇွလွန်တွင် သေနတ်အပစ်ခံရ၍ သေရှာသောဦးလွန်းသီမှာ ဤမှတ်တမ်းတွင် ပါသော ဦးလွန်းသီပင်တည်း။

များကိုပြောပြပြီးလျှင် ကျွန်တော့်အားအသင်းဝင်ရန် တိုက်တွန်းလေသည်။ မြန်မာပြည်အသင်းပျက်သွားလျှင် မြန်မာထမင်း၊ မြန်မာဟင်းတို့ကို မစားရမည် စိုးသောကျွန်တော်ကား အဘယ်မှာလျှင် မသင်းမဝင်ဘဲ နေအံ့နည်း။ ချက်ချင်းပင် အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများကို ထုတ်ပေးလိုက်၏။ အသင်းတိုက်မှ မပြန်မီ ငွေရကြောင်းလက်မှတ်ကို အကျိုးဆောင်ထံမှရလေသည်။ အသင်းတိုက်တွင် ညစာစားသောက်ကြပြီးနောက် နေအိမ်သို့ပြန်လာခဲ့ကြသည်။ နှင်းများကျနေသောကြောင့် တစ်မြို့လုံး မှောင်လျက်နေလေသည်။ စိတ်ပျက်ဖွယ်ကောင်းလှ၏။ အိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော်တို့၏အခန်းထံတွင် ဆရာဦးဘဇော်၊ ဆရာဝန်ကိုမင်းစိန်၊ ကိုရွှေဘော်၊ ကိုရိုးမိုတို့စကားပြောနေကြသည်ကိုတွေ့ရ၏။ ကျွန်တော်တို့ပါဝင်၍ ရယ်ကာမောကာ စကားပြောနေကြလေသည်။ တသော သောနှင့်နေတော့သတည်း။ ညဆယ်နာရီထိုးပြီးမှ အသီးသီးပြန်သွားကြလေ သည်။

**၁၉၂၉ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့ ။**
**( ၆. ၁၀. ၂၇ )**

---

**တယောရှင် ။** နောက်တစ်နေ့ တွင်လည်း မှောင်အတိ မိုက်လျက်နေ၏။ မည်သူသည်ကိုစွမရှိဘဲ အိမ်အပြင်သို့ထွက်ချင်ပါအံ့နည်း။ အိမ်အတွင်းမီးဖိုနားတွင်ထိုင်ကာ စကားပြောနေမည်ဖြစ်၏။ ကျွန်တော်တို့ကား ကျောင်းမဖွင့်သေးမီ အလုပ်လက်မဲ့များဖြစ်နေကြသောကြောင့် မိမိတို့၏ အခန်းကလေးထဲမှာပင် မင်းမူလျက်နေ နေကြလေသည်။ ညနေသုံးနာရီခန့် အချိန်တွင် အိမ်ရှေ့လမ်းထဲမှ တယောသံကိုကြားရသောအခါ နားစွင့်ကာထောင်မိကြ၏။ အလုပ်မရှိသောသူတို့အဖို့ကား ၎င်းတယောသံကလေးမှာ သာယာလှပေ၏။ တယောသံကိုနားထောင်ရရုံနှင့်မျှအားမရသေးဘဲ တယောရှင်ကို မြင်လိုကြပြန်သဖြင့် ပြတင်းပေါက်ကိုဖွင့်ကာကြည့်ပြန်လေသည်။ ကျွန်တော်တို့၏အိမ်ဘက်သို့လျှောက်ကာ တယောထိုးလာသော တယောပညာရှင်ကား အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးအဘိုးကြီးဖြစ်၏။ ဝတ်စားထားသော အဝတ်

အစားများမှာညစ်စုတ်လှပေ၏။ ဖါရာများလည်းအထပ်ထပ်၊ ဤတယောရှင်ကား အသို့သောသူမျိုးပါနည်း။ သူတောင်းစားဖြစ်ပါသည်။ ကျွန်တော် အိမ်အနီး အနားအခန်းများမှ ပိုက်ဆံများပစ်ချပေးနေသည်ကို မြင်ရသောကြောင့် ထို အဘိုးအိုတယောရှင်မှာ သူတောင်းစားဖြစ်ကြောင်းသိရလေသည်။ ရွှေတိဂုံ ဘုရားစောင်းတန်းတွင် တယောထိုးကာ ပိုက်ဆံတောင်းနေသော မျက်မမြင်အဘိုးကြီး အားပြေး၍သတိရမိပေ၏။

ကျွန်တော်တို့အခန်းရှေ့သို့ ထိုတယောရှင်အဘိုးကြီးရောက်လာသောအခါ ပြတင်းပေါက်မှနေ၍ ပိုက်ဆံပစ်ပေးလိုက်ကြလေသည်။ တယောရှင်အဘိုးကြီး မှာလည်းဝမ်းမြောက်လှသဖြင့် ဆလံသ၍မဆုံးပြီ။ ထို့နောက်ဆက်လက်၍ တယောထိုးကာ လျှောက်သွားပြန်၏။ ဤအခိုက် အခန်းထဲသို့ ကိုကျင်ဝင်လာ သဖြင့် မေးကြည့်ရာ အင်္ဂလန်ပြည်တွင်မည်သူမျှလူအများထံမှ သက်သက်မဲ့ ပိုက်ဆံမတောင်းရဟူသော သူတောင်းစားနှိပ်ကွပ်ရေးဥပဒေရှိသောကြောင့် ဝိနည်းရှောင်ကာ တယောထိုး၍ ပိုက်ဆံတောင်းခြင်းဖြစ်သည်ဟု ပြောပြလေသည်။ မီးခြစ်စသည်၊ ဘိနပ်ကြိုးစသည်၊ သတကာပစ်လိုက်သောပန်းစသည်တို့ကိုရောင်း ဟန်ဆောင်ကာ ပိုက်ဆံတောင်းလေ့ရှိသည်ဟူ၍ ပြောပြသေး၏။ မီးခြစ်တစ်လုံး ကိုဆိုင်မှဝယ်လျှင် တစ်ပဲနိပေးရ၏။ သူတောင်းစားတို့ထံမှ မီးခြစ်တစ်လုံးကို ယူပြီး လျှင် သုံးပဲနိ၊ လေးပဲနိစသည်ဖြင့် ပေးရလေ့ရှိကြလေသည်။ ဤကား အင်္ဂလန်တွင် ဝိနည်းရှောင်ကာ ပိုက်ဆံတောင်းနည်းပေတည်း။

### ၁၂၈၉- ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့။
### ( ၇. ၁၀. ၂၇ )

---

**အမျိုးသားပန်ချီကားပြတိုက်*။** တနေ့လုံးအပြင်သို့ မထွက်ချင်သော်လည်း ကိုစောအုံးတင် အက်ဒင်ဗရာမြို့သို့ သွားမည်ဖြစ်သောကြောင့် မီးရထားဘူတာရုံသို့ ဆင်းပို့ကြရလေသည်။ ဘူတာရုံမှ ပြန်လာကြသောအခါ ကိုကျင်နှင့်အတူ အမျိုးသားပန်ချီကားပြတိုက်သို့သွား ကြလေသည်။ ထိုပြတိုက်ကြီးအတွင်း၌ ထူးဆန်းသောပန်းချီကားများ ပြည့်နှက် လျက်နေသည်ကို မြင်ရ၏။ ကားမွန်၊ ကားဟောင်းတို့၏ စုဝေးရာဌာနဖြစ်သော ကြောင့် ကြည့်၍မငြီးတော့ပြီ။ ကျွန်တော်တို့ကဲ့သို့ ထိုကားများကို လာရောက်

ကြည့်ရှုသူတို့လည်းများပြားလှပေ၏။ ပန်းချီဆရာအချို့မှာ မိမိတို့ကြိုက်ရာကား

* National Gallery

များကို ကူးယူနေကြလေသည်။ မြန်မာပြည်တွင်ကား ဤသို့သော ပြတိုက်မျိုးကိုထားရန် စိတ်ပင်မကူး ကြသေးပေ။ အလွန်ဝမ်းနည်းမိတော့၏။ ဤသို့သော ပြတိုက်မျိုး မြန်မာပြည်တွင် တွေ့မြင်ရန် နှစ်ပေါင်းမည်မျှစောင့်ရဦးမည်နည်း။

ဂုဏ်အမျိုးသား ပန်းချီကားပြတိုက်ကြီးအတွင်း၌ရှိသော ကားများကို အတော်ကြာအောင် လျှောက်ကြည့်ကြပြီးနောက် နေအိမ်သို့ပြန်ခဲ့ကြရာ လမ်းဘေးလူသွားလမ်းများပေါ်တွင် မြေဖြူ၊ အနီ၊ အဝါ၊ အပြာ စသည်တို့ဖြင့် ရေးဆွဲထားသောအရုပ်များကိုမြင်ရ၏။ ထိုအရုပ်များကို ရေးဆွဲသော ပုဂ္ဂိုလ်ကား ဗရာမပန်းချီဆရာကြီးပေတည်း။ ထိုသူ၏အဝတ်အစားတို့မှာ ညစ်ပတ်၊ စုတ်ပြတ်လျက်နေ၏။ အနားတွင်ကားခွေပိန်လေးတစ်ကောင် ထိုင်လျက်နေလေသည်။ ထိုခွေးကလေး၏ပါးစပ်တွင်ကား ကက်ဦးထုပ်ကလေးတစ်လုံးကို ကိုက်၍ထား၏။ လမ်းဘေးတမံသလင်းပေါ်တွင် ရေးဆွဲ၍ထားသည့်အရုပ်ကားတို့ကို စောင်းငဲ့ကြည့်ရှုကာ ခွေးကလေးပါးစပ်ထဲတွင် ကိုက်၍ထားသော ကက်ဦးထုပ်ထဲသို့နှစ်ပဲနီ၊ သုံးပဲနီစသည်ဖြင့် ပစ်ထည့်သွားကြသည်ကိုလည်း တွေ့မြင်ရလေသည်။ ဤသည်လည်း သူတောင်းစားကာကွယ်ရေး ဥပဒေကိုရှောင်ကာ ပိုက်ဆံတောင်းခြင်းတစ်မျိုးပေတည်း။ ပန်းချီဆရာချင်းတူသော်လည်း သူဌေးပန်းချီဆရာဖြစ်သူကဖြစ် သူတောင်းစားပန်းချီဆရာဖြစ်သူက ဖြစ်သောလောကကြီးပါကလား။ ထူးဆန်းပေစွ၊ အလွန်ထူးချွန်သော ပန်ချီဆရာကြီးများမှာ မိမိတို့၏ပန်းချီပညာအတွက် စားသောက်၍မကုန်အောင် ကြွယ်ဝသော သူဌေးကြီးများဘဝသို့ ရောက်ကြသော်လည်း အရုပ်ဆွဲတတ်ရုံ၊ ပုံဆွဲတတ်ရုံမျှသာ ကျွမ်းကျင်သူတို့အဖို့ကား အလျဉ်းအကျိုးမရှိပေ။

**၁၂၈၉- ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့။**
**( ၈. ၁၀. ၂၇ )**

---

**မြန်မာနှင့်ငါးပိ ။** နောက်တစ်နေ့တွင် ဆရာဝန်ကိုမင်းစိန် ငါးပိကြော်တစ်ပုလင်း တရုပ်ဝက်အူချောင်းတစ်ထုပ်နှင့် ပေါက်လာလေသည်။ မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးလိုက်သော ပစ္စည်းများ

ပေတည်း။ ကျွန်တော်တို့အဖို့ ရတနာပုံဆိုက်တော့၏။ ကိုကျင်နှင့် ကိုရွှေဘော်တို့ကို အပေါ်ထပ်တွင် တက်ခေါ်ပြီးလျှင် ကျွန်တော်တို့ငါးယောက်သား ငါးပိကျော်ကို ပေါင်မုန့်နှင့် စားကြလေသည်။ ဤသို့စားသောက်နေကြစဉ်တွင် ကိုစံမောင်နှင့် ဦးကျော်ခိုင်တို့ ရောက်လာကြပြန်၏။ သူတို့လည်း ကျွန်တော်တို့နှင့်အတူဝင်ကာ စားသောက်ကြသောကြောင့် ပျော်ပွဲကြီးကျင်းပသည်နှင့်တူနေလေပြီ။ ငါးပိကြော် ငတ်နေကြသော မြန်မာတို့မှာ ငါးပိကြော်ကိုမြင်လိုက်ရလျှင် မည်သည့်အစာနှင့် မျှမတူ ခုံခုံမင်မင်စားသောက်လေ့ရှိကြသည်။ ငါးပိကြော်ပုလင်း ပြောင်သော အခါကျမှ စားပွဲကြီးပြီးဆုံးခြင်းသို့ရောက်လေသတည်း။ ဆရာဝန်ကိုမင်းစိန်အား ကျေးဇူးတင်၍ မဆုံးပြီ။ နောင်ကိုလည်း ဤသို့ငါးပိကြော်ကို ကျွေးနိုင်ပါစေ သတည်းဟု ဆုတောင်းကြကုန်၏။

**အိန္ဒိယနိုင်ငံတော်ဆိုင်ရာအတွင်းဝန်ကြီးရုံး ။** နေ့စာ အစား ပေါင်မုန့် နှင့် ငါးကြော်၊ ဝက်အူချောင်း တို့ကို စားသောက်ကြပြီးနောက် ကိုကျင်နှင့်အတူ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ကြီးရုံး* သို့လိုက်သွားလေသည်။ ကိုကျင်မှာ မိမိတွေ့လိုသော အရာရှိများနှင့် သွားရောက်စကားပြောနေခိုက် ကျွန်တော်တစ်ယောက်တည်း ၎င်းရုံးရှိ ပိဋကတ်တိုက်သို့သွားကာ စာအုပ်စာရင်းကိုကြည့်ရှုလေသည်။ ထိုပိဋကတ်တိုက်တွင် မြန်မာပြည်မှ ပညာတော်သင်ကိုကောင်းနှင့်တွေ့သည်။ ကိုကောင်းကား မြန်မာပြည် ပညာသင်ကြားရေးအကြောင်း ရာဇဝင်တစ်စောင်ကိုရေးသားရန် မှတ်စုများကို စုဆောင်းနေလေသည်။ ကိုကောင်းနှင့်ကျွန်တော်တို့မှာ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်တွင်ပညာသင်ကြားနေကြစဉ်က တစ်ယောက်နှင့်တစ်ယောက် အသိအကျွမ်းမဟုတ်ကြ။ တစ်ယောက်ကိုတစ်ယောက် မြင်ဖူးရုံသာရှိ၏။ နိုင်ငံခြား၌ တွေ့ဆုံကြသောအခါတွင်မူကား ချက်ချင်းပင် အကျွမ်းဝင်သွားကြပေသည်။ ကိုကောင်းနှင့်အတော်ကလေးကြအောင် စကားပြောကြ ပြီးနောက် စာအုပ်စာရင်းကို ဖတ်ကြည့်သောအခါ ၄ ပဲတန် ကာလပေါ်ဝတ္ထု ၁ ပဲတန် မြန်မာပြဇာတ်များမှစ၍ မြန်မာရာဇဝင်စာအုပ်၊ မြန်မာဥပဒေစာအုပ်အများပင် ရှိကြောင်းကို သိရလေသည်။ ဤသို့စာအုပ်စာရင်းကို လှန်လှောကြည့်ခိုက် ကိုကျင်ရောက်လာသဖြင့် သူနှင့်အတူနေအိမ်သို့ ပြန်လာခဲ့လေသတည်း။

---

∗ India Office
**၁၂၈၉- ခုနှစ်။ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့။**
**( ၉. ၁၀. ၂၇ )**

---

**ခွဲရတော့မည်။** နောက်တစ်နေ့နံနက်စာစားသောက်ပြီးလျှင် ကိုကျင်နှင့် အတူပက်ဒန်တန်ဘူတာရုံသို့သွား၍ အောက်စ်ဖို့ဒ် လက်မှတ်နှစ်စောင်ကိုဝယ်ကြလေသည်။ ကျွန်တော်တို့နှစ်ယောက်ကား သီတင်းကျွတ်လဆုတ် ၁ ရက် နေ့တွင် အောက်စ်ဖို့ဒ်သို့ သွားရန် စီမံထားကြ၏။ လက်မှတ်ရောင်းသူလည်း ကျွန်တော်တို့၏လိပ်စာကိုမှတ်ယူ ထားလိုက်သည်။ လက်မှတ်များကို ဝယ်ယူခဲ့ကြပြီးနောက် ယခင်လာခဲ့သောလမ်းအတိုင်း မြေထဲ မီးရထားအမျိုးမျိုးတို့ကို ပြောင်းစီးပြီးလျှင် အိမ်သို့ပြန်ခဲ့ကြ၏။ လန်ဒန်မြို့သို့ ရောက်နေသည်မှာ အတော်ကလေးကြာပြီဖြစ်သောကြောင့် မြေထဲမီးရထားများ ဖြင့်ခရီးသွားရသည်ကို ထူးဆန်းသည်ဟူ၍ မထင်မှတ်တော့ချေ။ သို့ရာတွင် တစ်ယောက်တည်းသွားရမည်ကိုကား ခပ်ကြောက်ကြောက်ဖြစ်နေသေး၏။ တစ်ရံ တစ်ခါ လူလည်လုပ်ကာ မြေထဲမီးရထားများကိုစီးရာ မဆိုင်သောမီးရထားများကို စီးမိသောကြောင့် လိုရာသို့မရောက်ဘဲ အခြားနေရာများသို ရောက်သွားလေ့ရှိ လေသည်။ ခရီးသည်များအားမေးကာ ဆိုင်ရာမီးရထားကို ပြောင်းစီးပါမှ လိုရာသို့ ရောက်၍သွား၏။

**မီးရထားခရီးသည်များ ။** မြေထဲမီးရထားနှင့် ခရီးသွားရသည်မှာ အတော် ကလေးပင် အအေးသက်သာလေသည်။ မီးမလှုံ ရဘဲနှင့် နွေးနေ၏။ သို့သော် အသက်ရှူရကျပ်လေသည်။ ထို့ကြောင့် မြေထဲ မီးရထားစီးသောအခါ စီးကရက်၊ ဆေးလိပ်မသောက်ရ၊ မီးရထားတွဲများတွင် ‘ဆေးလိပ်မသောက်ရ’ ဟူသော စားတန်းများကို ထိုးထားလေ့ရှိသည်။ မီးရထား တစ်စင်းလုံးမှာမှ အတွင်း၌ဆေးလိပ်သောက်ခွင့်ရသောမီးရထား တွဲတစ်တွဲမျှသာ ပါလေသည်။ ဆေးလိပ်မသောက်ဘဲမနေနိုင်သူတို့ကား ၄င်းတွဲမျိုးကို ရွေးချယ်၍ စီးကြရ၏။ “မီးရထားတွဲထဲ၌ တံတွေးမထွေးရ၊ ထွေးလျှင် ဒဏ်ရိုက်လိမ့်မည်” ဟူ၍လည်း စာတန်းများကို ထိုးထားသေးသည်။ ထို့ကြောင့် မီးရထားတွဲများမှာ အလွန်သန့်ရှင်းစင်ကြယ်လေသည်။ ခရီးသည်အပေါင်းတို့မှာလည်း ဥပဒေစည်းကမ်းများကို တသဝေမတိမ်းလိုက်နာကြ၏။ အများအားဖြင့် မီးရထား

တွဲထဲ၌ ကျယ်လောင်စွာ စကားပြောသွားလေ့မရှိကြ။ အသီးသီးသတင်းစာ၊ မဂ္ဂဇင်း၊ စာအုပ်များကို ဖတ်သွားလေ့ရှိကြလေသည် ထို့ကြောင့်မီးရထားစီးသွားသောအခါ မီးရထားခုတ်သံမှတပါး အခြားဆူညံသော အသံများကို မကြားရပေ။ အချင်းချင်း စကားပြောလိုကြလျှင် တိုးတိုးလေသံဖြင့်သာ ပြောကြားသွားလေ့ရှိကြလေသည်။ ခရီးသွားရင်း ကြံစုပ်သွားရန် အင်္ဂလန်၌ ကြံမရှိ။ ကွမ်းစားသွားရန် ကွမ်းကလည်းမရှိသောကြောင့် မြန်မာပြည်မီးရထားတွဲများမှာကဲ့သို့ ကွမ်းတံတွေး၊ ကြံဖတ်များကို မမြင်ရပေ။ ခရီးသွားရင်း မုန့်ပဲများကို စားသွားလေ့မရှိကြသောကြောင့် စက္ကူစုတ်များကိုလည်း မမြင်ရ။ အလွန်သန့်ရှင်းလှပါပေ၏။ ဆောင်းတွင်းအခါတွင် အများအားဖြင့် မြေထဲ မီးရထားများဖြင့်ခရီးသွားလေ့ရှိကြလေသည်။ မြန်မြန်လည်းရောက်၊ နွေးလည်းနွေးသောကြောင့်ပေတည်း။ မော်တော်ဘုတ်များဖြင့် သွားမူကား အေးလှသည့်အပြင် လမ်းဆုံလမ်းခွများသို့ရောက်ပြန်လျှင် ပုလိပ်ကအမိန့်မပေးသမျှ မသွားရသောကြောင့် အလွန်ခရီးကြန့်ကြာလေသည်။

**ဆရာဦးဘဇော်။** အိမ်ပြန်ရောက်သောအခါ ဆရာဦးဘဇော်ကို ကျွန်တော်တို့အခန်းတွင်တွေ့ရ၏။ ကျွန်တော် အောက်စ်ဖို့ဒ်သို့ သွားလျှင် ကိုရှုံးမိုတစ်ယောက်တည်းဖြစ်နေမည်စိုးသောကြောင့် ကိုရှုံးမိုနှင့် နေရန် ရွှေ့ပြောင်းလာခြင်းဖြစ်လေသည်။ ဆရာဦးဘဇော်နှင့်အားရပါးရ စကားပြောနေသည်နှင့်ပင် တစ်နေကုန်သွားလေသတည်း။ ဆရာဦးဘဇော်မှာ လန်ဒန်ပန်းချီကောလိပ်ကျောင်း* တွင် ဝင်ခွင့်ရ၏။ ကိုရှုံးမို၏ကျောင်းကား ၎င်းကျောင်းနှင့်မျက်နှာချင်းဆိုင်ဖြစ်၏။ သူတို့နှစ်ယောက်မှာနေရာကျလေပြီ။ အတူတူကျောင်းသွား၊ အတူတူကျောင်းပြန်နိုင်ကြ၏။ ဆရာဦးဘဇော်မှာ ယခုအခါ အင်္ဂလိပ်အဝတ်အစားများကို ဝတ်စား၍နေလေပြီ။ ရောက်ခါစက မြန်မာလို ဝတ်စားနေမည်ဟု စိတ်ကိုတင်းသော်လည်း လန်ဒန်တွင် ချမ်းလှသည်ကတစ်မျိုး၊ လူအများအထူးအဆန်းလုပ်ကာ ကြည့်ကြသည်က တစ်တန်တို့ကြောင့် စိတ်ပျက်ပျက်ရှိလှသဖြင့် အင်္ဂလိပ်အဝတ်အစားကို ဝတ်စားရခြင်းဖြစ်လေသည်။ မည်သူသည် မိမိအား သူတကာက အထူးအဆန်းလုပ်ကာ စိုက်ကြည့်ခြင်းကို ကြာရှည်စွာ သည်းခံနိုင်ပါအံ့နည်း။

* Royal College of Art

**၁၂၈၉- ခုနှစ်။ သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့။**
**( ၁၀. ၁၀. ၂၇ )**

**အောက်စ်ဖို့ဒ်မသွားမီ ။** နောက်တစ်နေ့တွင် အောက်စ်ဖို့ဒ်သို့ သွားရတော့မည်ဖြစ်သောကြောင့် သိမ်းစရာရှိသည်တို့ကိုသိမ်း၊ ဝယ်စရာရှိသည်တို့ကိုဝယ်၊ ပြင်စရာရှိသည်တို့ကိုပြင်နှင့်တစ်နေ့လုံး အလုပ်များနေလေသည်။ ကိုရုံးမိုနှင့် ဆရာဦးဘဇော်တို့လည်း ဝိုင်း၍သိမ်းဆည်းပေးကြ၏။ ခွဲခွာရခါနီးသောကြောင့် အားလုံးပင် စိတ်မကောင်းကြပေ။ ကျွန်တော်ကား ကိုရုံးမိုနှင့် ဆရာဦးဘဇော်တို့နှင့် ခွဲခွါ၍မသွားလို။ သူတို့နှင့်တစ်အိမ်ထဲနေထိုင်လာခဲ့သည်မှာ အတော်ကလေးကြာပြီဖြစ်သောကြောင့် အနေအထားကျနေလေပြီ။ ကိုရုံးမိုနှင့် ဆရာဦးဘဇော်တို့မှာလည်း ကျွန်တော်၊ ကိုကျင်၊ ကိုရွှေဘော်တို့ ထွက်ခွာသွားသောအခါ သူတို့နှစ်ယောက်တည်း ကျန်ရစ်နေမည်ကို စိတ်မကောင်းဖြစ်နေကြလေသည်။ သို့ရာတွင် မည်သို့မျှမတတ်နိုင်၊ သွားရမည်ပင်၊ ဝမ်းနည်းစိတ်ပျက်နေ၍ အကျိုးမရှိ၊ မိုင်ပေါင်းများစွာဝေးကွာသော ကိုယ့်တိုင်းပြည်ကြီးမှပင် ခွဲခွာလာခဲ့ကြသေး၏။ မိုင်ပေါင်းအနည်းငယ်သာ ဝေးသောအရပ်သို့သွားရမည်မှာ အဘယ်မှာ ဝမ်းနည်းစရာရှိအံ့နည်း။

နေ့စာစားသောက်ချိန်သို့ ရောက်သောအခါ သိမ်းဆည်းသောကိစ္စပြီး၍သွား၏။ မောမောနှင့် ခေတ္တမျှနားနေခိုက်တွင် ခရီးသည်တို့၏ ပစ္စည်းများကို လိုက်ယူသောမီးရထားကုမ္ပဏီမှ မြင်းရထားကြီးပေါက်လာလေသည်။ ကျွန်တော်၏ သေတ္တာ၊ သားရေအိတ်များကိုပေးလိုက်၏။ ပစ္စည်းကြီးသည်ငယ်သည်မဟူ၊ တစ်ခုလျှင်နှစ်-သျှီလင်ပေးရလေသည်။ ၎င်းပစ္စည်းများကို အောက်စ်ဖို့ဒ် ကျွန်တော်နေထိုင်ရာ အိမ်အရောက်သွား၍ ပို့ပေလိမ့်မည်။ သို့ဖြစ်သောကြောင့် ခရီးသည်များမှာ မိမိတို့၏ပစ္စည်းများကို ကိုယ်နှင့်အတူယူသါးရန်မလို။ မီးရထားဘူတာရုံ၌ သွား၍ရွေးယူရန်လည်းမလို။ အလွန်နေရာကျသောစနစ်တည်း။ အင်္ဂလန်၌ ခရီးသွားသည့်အခါမည်မျှအိန္ဒြေရပါသနည်း။ လမ်းတွင်သုံးစွဲရန်လိုအပ်သောပစ္စည်း အနည်းငယ်မျှကိုသာလျှင် မိမိတို့နှင့် အတူယူဆောင်သွားရလေသည်။ မြန်မာပြည်၌မူကားဘူတာရုံတွင် မီးရထားစိုက်သည်နှင့်တစ်ပြိုင်နက်

ကူလီခေါ်ရ၊ ရထားငှားရ၊ ပစ္စည်းများကို ရွှေးရနှင့် ဒုက္ခများလှပေသည်။ မြန်မာပြည်တွင်လည်း ဤစနစ်မျိုးကို စီမံသင့်၏။

**နှုတ်ဆက်ပွဲ ။** ညနေ ခြောက်နာရီခန့်အချိန်တွင် ရှန်ဟဲတရုတ်ထမင်းဆိုင်သို့ကျွန်တော်တို့လူစု သွားကြပြီးလျှင် နှုတ်ဆက်ပွဲကျင်းပကြလေသည်။ ခေါက်ဆွဲ၊ ဆယ်နှစ်မျိုး၊ ဘဲပေါင်း၊ ထမင်းကြော်မှစ၍ တရုတ်အစားအစာအမျိုးမျိုးတို့ကိုမှာပြီးလျှင် စိတ်ရှိလက်ရှိ စားသောက်ကြကုန်၏။ အထူးသဖြင့် အောက်(စ်)ဖို့ဒ်သွားရမည့် ကိုကျင်၊ ကိုရွှေဘော်နှင့် ကျွန်တော်တို့သုံးယောက်ကာ ပိုမို၍စားသောက်ကြလေသည်။ အကြောင်းမူကား အောက်(စ်)ဖို့ဒ်၌တရုတ်အစားအစာ၊ ကုလားအစားအစာ၊ မြန်မာအစားအစာများကို ဝယ်စားစရာဆိုင်မရှိသောကြောင့်တည်း။ နောင်နှစ်လပတ်လုံး ကျွန်တော်တို့နှင့် ထမင်းဟင်းဝေးတော့မည်။

# အခန်း (၃)

## ပထမပိုင်း*

### ၁၂၈၉-ခုနှစ်။ သီတင်းကျွတ်လဆုတ် ၁ ရက်နေ့။ (၁၁-၁၀-၂၇)

---

**ထိုနေ့ ။** နောက်ဆုံး၌ အောက်စ်ဖို့ဒ်သို့ သွားရမည့်နေ့သို့ ရောက်လာသတည်း။ ထိုနေ့ကား သီတင်းကျွတ်လဆုတ် တစ်ရက်နေ့ဖြစ်လေသည်။ နံနက်စောစောထ၊ အဝတ်အစားလဲ၊ နံနက်စာ စားသောက်ပြီးနောက် ရှစ်နာရီခွဲလျှင် ကိုကျင်၊ ကိုရွှေဘော်တို့နှင့်အတူ နေအိမ်မှထွက်လာခဲ့၏။ ဆရာ ဦးဘဇော် နှင့် ကိုရုံးမိုတို့ကား ကျောင်းတက်ရန် ရှိနေသောကြောင့် ဘူတာရုံသို့ မလိုက်ပို့နိုင်ကြချေ။ စာမကြာမကြာပေးရန်မှာလိုက်ကြပြီးလျှင် မျက်နှာပျက်ပျက်နှင့်ပင် ကျန်ရစ်ခဲ့ကြလေသည်။

**အောက်စ်ဖို့ဒ်တက္ကသိုလ်သားများ ။** မကြာမီ ပင်ဒင်တန် ဘူတာရုံသို့ရောက်ကြ၏။ နာရီဝက် ခန့်စောနေသောကြောင့် ကိုကျင်နှင့်ကိုရွှေဘော်တို့မှာကိုရွှေဘော်အတွက်လက်မှတ်ဝယ်ရန် ထွက်သွားကြလေသည်။ ကျွန်တော်တစ်ယောက်တည်းသာ မီးရထားတွဲထဲ၌ ကျန်ရစ်ခဲ့သည်။ ကိုရွှေဘော်ကား ကျွန်တော်တို့နှင့်အတူ အောက်စ်ဖို့ဒ်သို့ မလိုက်သေး။ နှစ်ရက်သုံးရက်ကြာမှ လိုက်လာပေလိမ့်မည်။

ဤသို့ တစ်ယောက်တည်း မီးရထားတွဲထဲတွင် ထိုင်နေခိုက် အောက်စ်ဖို့ဒ်သို့ သွားမည့်ကျောင်းသားများ နှစ်ယောက်တစ်တွဲ သုံးယောက် တစ်တွဲ စသည်

---

* First Term

ဖြင့်ပေါက်လာကုန်၏။ အတန်ကြာလျှင် မီးရထားဘေးတွင် စုရုံးစုရုံးနှင့် နေကြ၏။ဂိုက်ထုတ်ကာဆေးတံများခဲလျက် လျှောက်နေကြသူများကိုလည်း မြင်ရသည်။ သူတို့ကား တက္ကသိုလ်ကျောင်းတွင် နှစ်နှစ် သုံးနှစ်နေထိုင်ခဲ့ပြီးသားနှစ်ကြီးသမားများနှင့် တူလေသည်။ အချို့မှာကား မျက်နှာသေလေးများနှင့် ကြောင်တောင်တောင် လျှောက်နေကြကုန်၏။ ထိုသူတို့ကားတက္ကသိုလ်ဝင်ရမည့် လူသစ်ကလေးများနှင့် တူလေသည်။နှစ်ကြီးသမားတို့နှင့်ကား မျက်နှာထားချင်း ကွာခြားချင်သလို ကွာခြားနေသည်ကိုမြင်ရ၏။ လူသစ်ကလေးများ တွယ်ကပ်နေလေ အကြင်ကျောင်းသား လက်ဟောင်းကြီးတို့မှာ ဟန်များလေပင်၊ ရန်ကုန်တက္ကသိုလ်မှာလည်း ဤသို့ပင်မဟုတ်ပါလော။ ထိုကျောင်းသားတို့၏ အကြားတွင် သူတို့အားလိုက်၍ပို့ကြသော မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများကိုလည်း မြင်ရလေသည်။ ပျော်စရာကောင်းလှ၏။ ရန်ကုန်တက္ကသိုလ်ဖွင့်ကာနီးလျှင် မန္တလေး၊ မော်လမြိုင်၊ ပြည်ဘူတာရုံများတွင် ကျောင်းသားများ၊ ကျောင်းသားမိဘများနှင့် စည်ကားနေသကဲ့သို့ပင်တည်း။ ကျွန်တော်တို့မှာ နိုင်ငံခြားတွင် ဖြစ်နေသောကြောင့်လိုက်ပို့မည့်သူမရှိ။ တိတ်တိတ်သွား၊ တိတ်တိတ်လာပင်။

**မီးရထားထဲတွင် ။** မီးရထားထွက်ခါနီးမှ ကိုကျင်နှင့် ကိုရွှေဘော် တို့ပေါက်လာကြသည်။ ကိုးနာရီလေးဆယ်ငါးမိနစ်တွင် ပင်ဒင်တန်ဘူတာမှ မီးရထားထွက်လာခဲ့၏။ တစ်လမ်းလုံး ချမ်းကလည်းချမ်း၊ လူကလည်းကျပ်လှသဖြင့် များစွာစိတ်ပျက်မိလေသည်။ အကယ်၍သာ လူမကျပ်လျှင်ပို၍ချမ်းဦးမည်ကို မစဉ်းစားမိပေ။ သို့နှင့် နံနက်ဆယ်နာရီကျော်ကျော်တွင် အောက်စ်ဖို့ဒ်သို့ရောက်လာလေသည်။ မိတ်ဆွေများအား လာရောက်ဆင်းကြိုနေကြသောကျောင်းသားတို့လည်း ဘူတာရုံတွင် အတော်ပင်များသည်။ ကျွန်တော်တို့ကား မည်သူ မျှလာ၍မကြို ကြပေ။ ဦးကျော်ခိုင်နှင့်ကိုစံမောင်တို့လည်း လန်ဒန်မှာပင် ရှိကြသေး၏။

**အိမ်ငှားအတွက်ဒုက္ခ ။** မီးရထားမှ ဆင်းပြီးလျှင် တက်စီတစ်စီးနှင့် ကိုကျင်တို့ ကျောင်းသို့ လာခဲ့ကြလေသည်။ ကိုကျင်၏အခန်း၌ပစ္စည်းများကို ခေတ္တထားခဲ့ပြီးနောက် အိန္ဒိယကျောင်းဆောင်သို့ ထွက်ခဲ့၏ ၎င်းကျောင်းဆောင်တွင် မစ္စတာဝီလျံဆင်က ပထမပိုင်း နှစ်လကုန်လွန်၍ ကျောင်းပိတ်ပြီးနောက်၊ ဒုတိယပိုင်း အတွက် ကျောင်းပြန်ဖွင့်သောအခါ ကျွန်တော်တို့ကျောင်းအတွင်း၌ အခန်းရမည်ဖြစ်ကြောင်း၊ ပထမပိုင်းနှစ်လအတွက်သာ အခန်းငှားသင့်ကြောင်းကိုပြောပြလေသည်။ ကျွန်တော်က တစ်နှစ်

လုံးအခန်းငှားခဲ့ပြီဖြစ်ကြောင်း၊ အကယ်၍ပထမပိုင်းနှစ်လတည်းငှားမည်ဆိုလျှင် အိမ်ရှင်ကငှားလိမ့်မည်မဟုတ်ကြောင်း ပြန်ပြောပြသောအခါ အကယ်၍ အိမ်ရှင်က လက်မခံလျှင်သူအားပြန်ပြောပါဟု မှာလိုက်၏။

**ခရိုက်ချပ်ချ်ကျောင်းတိုက်သားများကို အုပ်ချုပ်သူ*။** အိန္ဒိယကျောင်းဆောင်မှ ထွက်လာခဲ့ပြီးနောက် ခရိုက်ချပ်ချ်ကျောင်းတိုက်သားတို့အား အုပ်ထိန်းသူဆရာ၏ အခန်းသို့သွား၏။ သူ၏အခန်းတွင်ပင်အကြင်ဆရာနှင့်အခန့်သင့်တွေ့၍ ကျောင်းနှင့်ပတ်သက်သောအကြောင်းများကို မေးလေသည်။ မေးသမျှကို စိတ်ရှည်ရှည်နှင့်ဖြေရှာ၏။ အောက်တိုဘာလ ၁၄ရက်နေ့ (သီတင်းကျွတ်လဆုတ် ၄ ရက်) ၂နာရီအချိန်တွင် ကျောင်းဝင်းအခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ ပထမပိုင်းလွန်၍ ကျောင်းပိတ်ပြီးနောက် ဒုတိယပိုင်းအတွက် ကျောင်းပြန်ဖွင့်လျှင် ကျောင်းမှာပင်အခန်းရမည်ဖြစ်ကြောင်း စသည်တို့ကို ပြောပြလေသည်။ ထိုဆရာ၏အခန်းအပြင်ဘက်တွင် အခြားကျောင်းသားများလည်း စောင့်နေသေးသောကြောင့် ကြာကြာစကားမပြောဘဲ ပြန်ထွက်လာခဲ့၏။

**အိန္ဒိယနိုင်ငံ ဝန်ထမ်းကျောင်းသားများ ပညာသင်ကြားရေးအဖွဲ့.** ခရိုက်ချပ်ချ်ကျောင်းတိုက်မှထွက်လာခဲ့ပြီးလျှင် အိန္ဒိယကျောင်းဆောင်နှင့် မနီးမဝေးရှိ အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့ဝင်ကျောင်းသားတို့၏ ပညာသင်ကြားရေးအဖွဲ့၏ စက္ကရီတေရီထံသို့ သွားလေသည်။ ထိုသူနှင့်တွေ့သောအခါ သင်ကြားရမည့်အချိန်စာရင်းကို ပေးလိုက်၏။

**အိမ့်ရှင် ။** ထိုစက္ကရီတေရီနှင့် တွေ့ဆုံပြီးနောက် ကိုကျင်၏အခန်းသို့ ထွက်လာခဲ့လေသည်။ ကိုကျင်နှင့်အတူကျွန်တော်ယခင် ၁၅ရက်အခါက ငှားခဲ့ပြီးဖြစ်သောအိမ်သို့သွားကြလေသည်။ အိမ်ရှင်အဒေါ်ကြီးအား အကျိုးအကြောင်းပြောပြသောအခါ အဒေါ်ကြီးလည်း စိတ်အပျက်ကြီးပျက်သွား၏။ ပထမပိုင်းနှစ်လသာသူ၏အိမ်၌ နေမည်ဆိုလျှင် ဒုတိယပိုင်းနှင့်တတိယပိုင်းတို့တွင် ကျောင်းသားများကို ရနိုင်မည်မဟုတ်ကြောင်း ပထမပိုင်းမှသာ ကျောင်းသားသစ်များလာကြကြောင်း၊ အကယ်၍တစ်နှစ်လုံးမငှား

---

* Senior Censor

လျှင်ကျွန်တော်အား ပထမပိုင်းအတွက်သာ လက်မခံနိုင်ကြောင်းကို ပြော၍လွှတ်လိုက်လေသည်။

ကျွန်တော်တို့နှစ်ယောက်လည်း စိတ်ပျက်ပျက်နှင့်ပင် မစ္စတာဝီလျံဆင်ပေးလိုက်သောအိမ်လွတ်စာရင်းကိုကိုင်ကာ အခန်းလိုက်ရှာကြပြန်၏။ တစ်အိမ်ဆင်း၊ တစ်အိမ်တက်၊ တစ်အိမ်ဝင် ၊တစ်အိမ်ထွက်နှင့် လာလိုက်ကြသည်မှာ တစ်ညနေလုံး ကုန်လွန်ခဲ့၏။ ကျွန်တော်မှာစိတ်ပျက်လှပြီ။ ကိုကျင်ကား အပြုံးမပျက်ပေ။ တစ်အိမ်ပြီးတစ်အိမ် ဝင်တုန်းပင်။ ကိုကျင်ကဲ့သို့ သောမိတ်ဆွေသာမပါမူကားမည်မျှ စိတ်ဆင်းရဲရမည်နည်း။ နောက်ဆုံး မှောင်ခါနီးမှ အဲလက်ဇန္ဒြားလမ်း* အိမ်နံပါတ် ၄၄ တွင် အခန်းငှား၍ရလေသည်။ သို့သော် ၄င်းညတွင်းချင်းအိမ်ပြောင်း၍ မဖြစ်သေး၊ နောက်နေ့မှ ပြောင်းရမည်။

**၁၂၈၉-ခုနှစ်။ သီတင်းကျွတ်လဆုတ် ၂ရက်နေ့။**
**(၁၂-၁၀-၂၇ )**

---

**အိမ့်ရှင်သစ်များ ။** နံနက်စာစားသောက်ပြီးလျှင် ပစ္စည်းများကို တက်စီတစ်စီးနှင့် တင်ဆောင်ကာ နေအိမ်သို့ပြောင်းလာခဲ့၏။ ကျွန်တော်၏ အိမ့်ရှင်တို့ကား အင်္ဂလိပ်အမယ်ကြီးညီအမနှစ်ယောက် ဖြစ်လေသည်။ အကြီးမှာအသက်(၆၀)ကျော်၊ အငယ်ကား(၆၀)နီးပါး၊ အကြီးမှာမုဆိုးမ၊ အငယ်ကား အပျိုကြီး ဖြစ်လေသည်။ သူတို့နှစ်ယောက်စလုံးပင် ရွှေရွှေဖေါ်ဖေါ်ရှိကြ၏။ ကျွန်တော့်အတွက် အခန်း(၂)ခန်းရလေသည်။အိပ်ခန်းမှာ အထက်ထပ်တွင်ရှိ၍ စာကြည့်ခန်းကား အောက်ထပ်တွင်ရှိလေသည်။ အောက်စ်ဖို့ဒ်တွင် ငှားအိမ်တိုင်းလိုလိုပင် ဤစနစ်အတိုင်း ဆောက်ထားလေသည်။ ၄င်းအခန်းတို့မှာ များစွာမကြီးလှ။ တစ်ခန်းလျှင်၁၅ပေပတ်လည်ခန့်ရှိပေလိမ့်မည်။ ၄င်းအိမ်တွင် ကျွန်တော့်အပြင် ဂျိုရှီခေါ် ကုလားကျောင်းသားတစ်ယောက်လည်းရှိသေး၏။ အိမ့်ရှင်အမယ်ကြီးက မိတ်ဖွဲ့ပေးသောကြောင့် အသိဖြစ်သွားကြသော်လည်း၊ မျိုးချင်းဇာတ်ချင်းမတူကြသောကြောင့် ခပ်တန်းတန်းပင်။

---

* Alcxandra Road

**တက္ကသိုလ်ကျောင်းသားတို့၏အသုံးအဆောင် ။** ပစ္စည်းများကို နေရာချနေသည်နှင့် ပင်နေ့စာ စားသောက်ပြီးလျှင် တက္ကသိုလ်ကျောင်းသားတို့၏ အသုံးအဆောင်များကိုဝယ်ရန် ကိုကျင့်ထံသို့ ထွက်လာခဲ့လေသည်။ ရောက်လျှင် ကိုကျင်နှင့်အတူ မြို့တွင်း လျှောက်ကာ တက္ကသိုလ်ကျောင်းသားတို့၏ အသုံးအဆောင်များကို ဝယ်ကြ၏။ ၎င်းအသုံးအဆောင်တို့ကား အခြားမဟုတ်၊ တက္ကသိုလ်ဝတ်လုံနှင့် တက္ကသိုလ် ဦးထုပ်တို့ ဖြစ်လေသည်။တက္ကသိုလ်ကျောင်းသား တက္ကသိုလ်ဆရာမှန်လျှင် ၎င်းအသုံးအဆောင်များမရှိ၍မဖြစ်၊ ရှိရမည်ပင်။ ကျောင်းတက်လျှင်လည်းဝတ်လုံ ပါရလေသည်။ ကျောင်းအုပ်ကြီးမှစ၍ ကျောင်းဆရာများနှင့် တွေ့ဆုံသောအခါ တွင်လည်း ဝတ်လုံပါရ၏။ ကျောင်းထမင်းစားခန်းသို့ ဝင်ပြန်လျှင်လည်း ဝတ်လုံ မပါလျှင်မပြီး၊ ည(၉)နာရီကျော်၍ မြို့အတွင်းသွားလာလျှင်လည်း ဝတ်လုံ ကိုဝတ်ထားရ၏။ ည(၉)နာရီကျော်လွန်၍ ဝတ်လုံမပါဘဲ မြို့အတွင်းလမ်း လျှောက်နေသည်ကို ဆိုင်ရာကမြင်သွားလျှင် ဒဏ်အရိုက်ခံရ၏။ ကျောင်းထမင်း စားခန်းထဲသို့ ဝတ်လုံမပါဘဲဝင်သွားလျှင် အခန်းစောင့်က နှင်ထုတ်လေသည်။ ကျောင်းဝင်ပွဲ ကျင်းပရာ၊ တက္ကသိုလ်ဝင်ပွဲကျင်းပရာတို့၌လည်း ဝတ်လုံပါရ၏။ အောက်စဖို့ဒ်တက္ကသိုလ်တွင် ဝတ်လုံများမှာ ပဲခူးဆားကဲ့သို့ နေရာတကာတွင် ပါလေသည်။ သို့ဖြစ်သောကြောင့် တက္ကသိုလ်သို့ရောက်လျှင်ရောက်ချင်း ဆိုင်ရာ ဝတ်လုံကို တစ်ဆိုင်ဆိုင်တွင်ဝယ်ရ၏။

ဝတ်လုံတို့မှာလည်း အမျိုးမျိုးအစားစားရှိလေသည်။ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ ဘွဲ့ရပြီးသားသူတို့၏ ဝတ်လုံကတစ်မျိုး၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရပြီးသားသူတို့၏ ဝတ်လုံက တစ်မျိုး၊ စကောလားရှစ်၊ အိပ်စ်ဟီဘီရှင်း* ရသောသူတို့၏ ဝတ်လုံက တစ်မျိုး၊ ရိုးရိုးကျောင်းသားများ ဝတ်ရသောဝတ်လုံကတစ်မျိုးဖြစ်လေသည်။ ဝိဇ္ဇာ၊သိပ္ပံဘွဲ့ရသူတို့၏ ဝတ်လုံများမှာ ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ၊သိပ္ပံဘွဲ့ ရပြီးသူတို့၏ဝတ်လုံမျိုး ဖြစ်လေသည်။ စကောလားရှစ် အိပ်စ်တီဘီရှင်းရသူတို့၏ ဝတ်လုံများမှာဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရသူတို့၏ ဝတ်လုံများနှင့် အနည်းငယ်သာ ကွာခြား လေသည်။(အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် စကောလားရှစ်ရသူတို့အား စကောလား ဟူ၍ခေါ်ဆိုကြလေသည်) သာမန်ကျောင်းသားတို့၏ ဝတ်လုံကား လက်လည်း မပါ၊ တိုကလည်းတို၊ တင်ပါးအုပ်ရုံမျှဖြစ်လေသည်။အတော်ပင် အကြည့်ရ ဆိုးသော ဝတ်လုံလက်ပြတ်ကလေးပေတည်း။ အောက်စ်ဖို့ဒ်တက္ကသိုလ်၌ ဝတ်လုံ မှာ အရေးအကြီးဆုံးဖြစ်၏။ ဦးထုပ်ကား ဝတ်လုံလောက် အရေးမကြီးလှချေ။

---

* Exhibition

တက္ကသိုလ်ဝင်အခမ်းအနားမှစ၍ အရေးကြီးသောအခါများတွင်သာ တက္ကသိုလ် ဦးထုပ်ကို ဆောင်းကြရလေသည်။ ဝတ်လုံကား နေရာတကာတွင်ပါရ၏။

**အောက်စ်ဖိုဒ်တက္ကသိုလ်နှင့်အကြွေး ။** ကျွန်တော်တို့နှစ်ယောက်မှာ ဆိုင် တစ်ဆိုင်၌ဝတ်လုံ၊ဦးထုပ်၊လည်စည်း၊ ခြေအိတ်စသော အသုံးအဆောင် အဝတ်အစားများကို အကြွေးယူကာ ထွက်လာ ကြ၏။ အောက်စ်ဖို့ဒ်တက္ကသိုလ်၌တက္ကသိုလ်ကျောင်းသားမှန်လျှင် ဆိုင်တိုင်းမှာ လိုလိုပင် အကြွေးယူ၍ရလေသည်။ အာမခံလည်းမပေးရ၊ ဆိုင်ရှင်နှင့်လည်းသိရန် မလို၊ တက္ကသိုလ်ကျောင်းသားမှန်လျှင် အကြွေးရသည်ပင်။ ကျောင်းပိတ်ပြီး နောက် ပြန်ဖွင့်သောအခါကျမှ ၎င်းအကြွေးများကို ပြန်ဆပ်လေ့ရှိကြလေသည်။

အဝတ်အစားအသုံးအဆောင်များကို ဝယ်လာကြပြီးနောက် အိန္ဒိယ ကျောင်းဆောင်အနီး ဗလက်ဝဲ* ခေါ် စာအုပ်ဆိုင်တွင် ကျွန်တော်တို့လိုသော စာအုပ်များကိုသွားဝယ်ကြပြန်လေသည်။ ဝယ်သည်ဆိုသော်လည်း ပိုက်ဆံပေး၍ ဝယ်ကြသည်မဟုတ်။ အကြွေးဝယ်ကြခြင်းဖြစ်လေသည်။ လက်ငင်းဝယ်ကြသော တက္ကသိုလ်ကျောင်းသားတို့၏ အရည်အတွက်မှာ အလွန်နည်းလှသည်ဟုသိရ၏။ ကြိုက်ရာစာအုပ်များကိုရွေးဝယ်ပြီး ၎င်းတို့ကိုနေအိမ်သို့ပို့လိုက်ရန်မှာခဲ့လေသည်။ စာအုပ်ဝယ်၍အလွန်အရသာရှိ၏။ သို့သော်ကျောင်းပြန်ဖွင့်သောအခါ စာအုပ်ဖိုး များစွာပေးရမည်ကိုကား သတိမထားမိပေ။ အကယ်၍သာလက်ငင်းပေး ရမည်ဖြစ်ပါမူ စာအုပ်များကို လိုချင်တိုင်းဝယ်မည်မဟုတ်။ မဝယ်လျှင်မဖြစ်သော စာအုပ်များကိုသာဝယ်ပေလိမ့်မည်။ ၎င်းစာအုပ်ဆိုင်ထဲတွင် စာအုပ်ဝယ်လို သူများ၊ စာအုပ်များကို လှန်လှောကာ မြည်းနေသူများ ရှုပ်ထွေးလျှက်ရှိနေကြ သည်ကိုလည်း တွေ့မြင်ခဲ့ရသေး၏။ စာအုပ်ဆိုင်မှနေအိမ်သို့ပြန်လာခဲ့ပြီးနောက် တစ်ညနေလုံး မြန်မာပြည်သို့ထည့်ရန်စာများကိုရေးလေသည်။ ဆယ့်ငါးစောင် နှင်နှင်ရှိ၏။

---

* Blackwell

## ၁၂၈၉-ခုနှစ်။ သီတင်းကျွတ်လဆုတ် ၃ ရက်နေ့။ (၁၃-၁၀-၂၇)

**၃၇-မင်းနတ်များ ။** နံနက်စာ စားပြီးနောက် အိန္ဒိယကျောင်းဆောင်သို့ထွက်ခဲ့၏။ ၎င်းကျောင်းဆောင်အဝတွင်ကိုကျင်နှင့်တွေ့သဖြင့် သူနှင့်အတူအိန္ဒိယရာဇဝင်သင်ကြားရာအခန်းထဲသို့ ဆင်းသွားကြလေသည်။၎င်းအခန်းကားအလျားပေလေးဆယ်၊ အနံပေသုံးဆယ်ကျယ်ပေလိမ့်မည်။ အခန်းပတ်လည်တွင်သစ်သားဖြင့်ထုလုပ်ထားသော ၃၇ မင်းနတ်ရုပ်ထုများကိုမြင်ရသောအခါ ကျွန်တော်မှာ အလွန်ပင်အံ့ဩ၍သွားလေသည်။ ထိုရုပ်ထုများကားနှစ်ပေ၊ သုံးပေခန့်မြင့်ကြ၏။ အချို့ကရပ်လျှက်၊ အချို့မှာထိုင်ကာ၊ အချို့လည်းကျားပေါ်တွင်အသီးသီးငြိမ်သက်စွာနေကြကုန်၏။ ဤနတ်ရုပ်ထုများကိုမည်သည့်နှစ်က၊ မည်သူသည်၊ မည်သည့်သင်္ဘောဖြင့်ဆောင်ယူခဲ့ပါသနည်း။ နတ်မင်းတို့အောက်စ်ဖို့ဒ်သို့ရောက်နေသည်မှာ အတော်ကလေးပင်ကြာပြီထင်၏။ မြန်မာပြည်ကို မလွမ်းပါသလောဟု ဘိုးမင်းကျော် နတ်ရုပ်အား မေးစမ်းချင်၏။ သို့သော်မေး၍ရမည်မထင်သဖြင့် အသာကြည့်ကာ ၎င်းတို့အားသနားမိပေတော့သည်။ မြန်မာပြည်မှာပင် ၃၇ မင်းနတ်ရုပ်အစုံအလင်ကိုတွေ့မြင်ရန် ခဲယဉ်းလှ၏။ ဤကဲ့သို့ နိုင်ငံခြားတွင်လာ၍ စုံစုံလင်လင်ကိုတွေ့မြင်ရသည်မှာ အံ့ဩစရာကြီးပင်။ အင်္ဂလိပ်လူမျိုးတို့မှာ အထူးအဆန်း၊ အဟောင်းအမြင်းများကိုစုဆောင်းနေရာ၌ ခေါင်ချုပ်များဖြစ်ကြလေသည်။ ဘိုးမင်းကျော်အား မည်သူအရက်လာ၍ တိုက်ပါလိမ့်မည်နည်း။ ခမျာမှာနိုင်ငံခြားသို့လာ၍ မြုပ်နေရရှာလေသည်။ နတ်ရုပ်များအပြင် ယိုးဒယားပန်းများကိုလည်း အခန်းနံရံတွင် ချိတ်ထားသေး၏။

**အိန္ဒိယကျောင်းဆောင်ပိဋကတ်တိုက် ။** ၃၇ မင်း နတ်ရုပ်များထားရာအခန်းထဲမှထွက်လာခဲ့ကြပြီးနောက် အထက်ထပ်တွင်ရှိသော ပိဋကတ်တိုက်သို့သွားကြပြန်၏။ ၎င်းပိဋကတ်တိုက်တွင် အိန္ဒိယရာဇဝင်စာအုပ်များ၊အိန္ဒိယနိုင်ငံလူအမျိုးမျိုးတို့၏ စာပေနှင့်ပတ်သက်သောစာအုပ်စာတမ်းများကို တွေ့မြင်ရလေသည်။ မြန်မာပြည်နှင့်စပ်ဆိုင်သောစာအုပ်တို့လည်းမနည်းပြီ။ မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်တို့ကားအနည်းငယ်သာရှိ၏။ အများအားဖြင့်အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာအုပ်စာတမ်းတို့သာတည်း။ အရှေ့နိုင်ငံများတွင်ထုတ်ဝေသော စာအုပ်စာတမ်းတို့ကိုလည်းမြင်ရ၏။ မြန်မာပြည်မှ ထုတ်ဝေသောမြန်မာပြည် ဂေဇက်*

---

* Burma Gazette

တစ်စောင်သာရှိလေသည်။ ၎င်းဂေဇက်ကိုပင် အမြတ်တနိုးလုပ်ကာ ခပ်ကြာကြာကလေး လှန်လှော၍ကြည့်မိ၏။ ကိုယ်နှင့်မိသသောအရာရှိများ တစ်မြို့မှတစ်မြို့သို့ ပြောင်းရွှေ့ရသည့်အကြောင်းကိုပင်သတင်းထူးဟု မှတ်ထင်ကာ စိတ်ပါ လက်ပါ ဖတ်လေသည်။

**အိန္ဒိယကျောင်းဆောင်ရှိအခြားအခန်းများ ။** ပိဋကတ်တိုက်အတွင်းနာရီဝက်ခန့်မြန်မာပြည်ဂေဇက်ကိုဖတ်ပြီးနောက် အခြားအခန်းများသို့လည်း လျှောက်ကြည့်ကြသေး၏။ အိန္ဒိယဥပဒေများကို သင်ကြားရာအခန်း၊ မြန်မာစာပေ၊ ဘင်္ဂလီစာပေ၊ တမယ်စာပေ၊ တယ်လဂူစာပေ၊ ဟင်ဒီစာပေ၊ အူရဒူစာပေ၊ သသ်ကရိုက်စာပေတို့ကို သင်ကြားရာအခန်းများသို့လည်း ဝင်ထွက်ကြည့်ရှုကြလေသည်။ ဤကျောင်းဆောင်ကား ကျောင်းသားများ နေထိုင်ရာကျောင်းဆောင်မဟုတ်ပေ။ အိန္ဒိယမြန်မာဆိုင်ရာ ပညာသင်ကြားရာကျောင်းခန်းမျှသာ ဖြစ်လေသည်။ နေ့ခင်းစာသင်ကြားချိန်တွင် ကျောင်းတိုက်အသီးသီးမှ ကျောင်းသားများစုရုံးလာရောက်၍ ပညာသင်ကြားရာကျောင်းဖြစ်၏။ ကျောင်းသားများ ကျောင်းဆင်းလျှင်ကျောင်းကိုပိတ်ထားလိုက်၏။ အများအားဖြင့်ဤကျောင်းတွင် လာရောက်သင်ကြားသူတို့မှာ အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့အတွက် အရွေးကောက်ခံရပြီးသား ကျောင်းသားများဖြစ်လေသည်။ အိန္ဒိယနိုင်ငံလုပ်ငန်းအဖွဲ့ဝင်မဟုတ်ဘဲ အိန္ဒိယရာဇဝင်၊ အိန္ဒိယစာပေတို့ကိုသတ်သတ်လာရောက်သင်ကြားသူတို့ကား တစ်ယောက်တစ်လေသာရှိ၏။

**ကိုရွှေဘော်၏အခန်း ။** အိန္ဒိယကျောင်းဆောင်အတွင်းရှိ စာသင်ခန်းများကို ခေတ္တမျှ လျှောက်ကြည့်ကြပြီးနောက် ထိုကျောင်းနှင့် မနီးမဝေးရှိ ဝမ်ဒမ်ကျောင်းတိုက်သို့ သွားကြ၏။ ၎င်းကျောင်းတိုက်ကား ကိုရွှေဘော်၏ကျောင်းတိုက်တည်း။ ကျောင်းတံခါးမှူးအား မေးပြီးလျှင် ကိုရွှေဘော်၏အခန်းသို့ သွားကြလေသည်။ ကိုရွှေဘော်ကား မိမိ၏ပစ္စည်းများကိုနေရာချနေ၏။ ကျွန်တော်တို့ပါ ဝိုင်းဝန်းကူညီသိမ်းဆည်း၍ပေးကြလေသည်။ ကိုရွှေဘော်ရသောအခန်းနှစ်ခန်းအနက် စာကြည့်ခန်းမှာ ကျယ်သော်လည်း အိပ်ခန်းကားကျဉ်းလှပေ၏။

ပစ္စည်းများကို သိမ်းဆည်း၍ ပြီးလျှင် ကျွန်တော်တို့သုံးယောက်သား မီးဖိုနားတွင်ထိုင်ကာ ပေါက်ကရစကားများကို ပြောကြားလျက်နေကြလေသည်။ စကားပြော၍ အတော်ကလေးကြာသောအခါ ကိုရွှေဘော်ကသူနှင့်အတူ မြန်မာဓာတ်ပြားများပါလာသည်ဟု ပြောသဖြင့် ၎င်းဓာတ်ပြားများကို ထုတ်ခိုင်းပြီးလျှင်

စက်သီချင်းဖွင့်ကြလေသည်။ ပျော်လိုက်ကြသည်မှာ ဆိုစရာမရှိပြီ။ ကျွန်တော်တို့ သုံးယောက်သားမှာ အခန်းထဲတွင် ဆူညံလျက်နေတော့သည်။ သီချင်းလိုက်ဆို သူဆို၊ ကသူက၊ ခုန်သူခုန်။

**နယူးကောလိပ်[၁]။** အတန်ကြာအောင် ကိုရွှေဘော်၏အခန်းထဲတွင် ဆူညံနေကြပြီးနောက် နယူးကောလိပ် ဦးကျော်ခိုင်၏ အခန်းသို့ သွားကြပြန်၏။ ဦးကျော်ခိုင်နှင့် မတွေ့။ အပြင်ထွက်သွားသည်ဟု သိရ၏။ ဦးကျော်ခိုင်နှင့်မတွေ့၍ အိန္ဒိယကျောင်းဆောင်သို့ ပြန်လာခဲ့ကြရာ ကိုစံမောင်၊ ဂျော့ဘိုးစောတို့နှင့်တွေ့ဆုံကြလေသည်။ ကိုစံမောင်မှာ ဘုရင်မကျောင်းတိုက်[၂] သားဖြစ်၍ ဂျော့ဘိုးစောကား ဂျီဆပ်စ်ကျောင်းတိုက်[၃]သား ဖြစ်လေသည်။ ဦးကျော်ခိုင်၏ကျောင်းတိုက်နှင့် ကိုစံမောင်၏ ကျောင်းတို့တို့မှာ လမ်းတစ်လမ်းသာခြား၏။ အိန္ဒိယကျောင်းဆောင်ရှိ အခန်းလွတ်တစ်ခုထဲသို့ ဝင်ကာကျွန်တော်တို့ငါးယောက်သား အတော်ကြာအောင်ပင် တွေ့ကရစကား များကို ပြောကြားလျက် နေကြကုန်၏။ ညနေ လက်ဖက်ရည်သောက်ချိန်ကျမှ ဆိုင်ရာကျောင်းတိုက်များသို့ ပြန်သွားကြလေသည်။

**၁၂၈၉-ခုနှစ် သီတင်းကျွတ်လဆုတ် ၄ ရက်နေ့။**
**( ၁၄. ၁၀. ၂၇ )**

---

**ခရိုက်ချပ်ချ်ကျောင်းဝင်သောအခမ်းအနား ။** နေ့ခင်းနာရီပြန်နှစ်ချက်အချိန်တွင် ကျောင်းဝင်သော အခမ်းအနားကို ကျင်းပမည်ဟူ၍ ဆိုင်ရာဆရာကပြောကြားထားပြီး ဖြစ်သောကြောင့် နေ့စာ စာ သောက်ပြီးလျှင် အင်္ကျီအနက်၊ ဘောင်းဘီအနက်၊ ဝတ်လုံပြတ်အနက်တို့ကိုဝတ်၊ တက္ကသိုလ်ဦးထုပ်ကိုဆောင်းကာ ကျွန်တော်ဝင် ရမည်ဖြစ်သော ခရိုက်ချပ်ချ်ကျောင်းတိုက်သို့ ထွက်လာခဲ့၏။ ကျောင်းရောက် သောအခါ ကျောင်းသားတစ်စုံတစ်ယောက်ကိုမျှ မမြင်ရသောကြောင့်

---

၁။ New College
၂။ Queen's College
၃။ Jesus College

ကျွန်တော်ရောက်သည်မှာ နောက်ကျနေပြီလားဟူ၍ တွေးတောကာစိုးရိမ်မကင်း ဖြစ်မိပေသည်။ ကျောင်းအဝင်ဝရှိ နာရီစင်ကြီးကို မျှော်၍ ကြည့်လိုက်ရာ (၁) နာရီ (၄၅) မိနစ်သာ ရှိသေးသည်ကို သိရသဖြင့် စိတ်အေး၍သွားလေသည်။

ကျောင်းသားများမရောက်မီ ကျောင်းအတွင်းရှိ မြက်ခင်းပေါ်တွင် တစ်ယောက်ထည်း လျှောက်ကာ အချိန်ကို ဖြုန်းရတော့၏။ ကျောင်းအဆောက်အဦကြီးတို့ကား ကြီးမားပါ၏။ သို့ရာတွင် ရှေးလွန်ခဲ့သောနှစ်ပေါင်း (၄၀၀) ကျော်က ဆောက်လုပ်ထားသော အဆောက်အဦကြီးများဖြစ်ကြသောကြောင့် အပြင်မှနေ၍ကြည့်လျှင် အလွန်ဆွေးမြည့်၊ ဟောင်းမြင်းနေသည်ကို တွေ့မြင်ရလေသည်။ ကျောက်ဆစ်အုတ်များဖြင့် ဆောက်လုပ်ထားသော အဆောက်အဦကြီးများတည်း။ ဆေးသုတ်ခြင်း၊ ပြုပြင်ခြင်းမရှိသောကြောင့် ရေညှိ အလိမ်းလိမ်းကပ်နေကြ၏။ အချို့နေရာများတွင် ကျောက်ချပ်များပဲ့၍ကျနေသည်ကို မြင်ရလေသည်။ ပုဂံ၊ ညောင်ဦးရှိ ဘုရားပျက်၊ ပုထိုးပျက်၊ ကျောင်းပျက်များနှင့် လွန်စွာမှပင် တူ၏။ အောက်စ်ဖို့ဒ်တွင် ဟောင်းမြင်းခြင်းကို ဂုဏ်ယူလျက်နေကြသောကြောင့် ဤသို့ ခြောက်သွေ့သွေ့၊ ရေညှိအလိမ်းလိမ်းကပ်နေသော ကျောင်းတိုက်ကြီးများမှာ ထူးဆန်းသောအရာများမဟုတ်ပေ။ အလွန်ဆွေးမြည့်လှသောကျောင်း အဆောက်အဦကြီးများကို မြင်ရသောအခါ ကျောင်းအတွင်း၌လည်း ဤသို့ ဆွေးမြည့်နေမည်ဟု တွေးထင်ဖွယ်ရှိ၏။ သို့ရာတွင် ကိုကျင်၊ ကိုရွှေဘော်တို့၏ အခန်းများကို ထောက်ခြင်းအားဖြင့် ထိုဆွေးမြည့်လှစွာသော အဆောက်အဦကြီးများအတွင်းရှိ အခန်းများမှာမဟောင်းမြင်းကြောင်း သိရလေသည်။

ဤသို့ ကျောင်းသားများအလာကို စောင့်စားရင်း ကျောင်းတိုက်အတွင်း၌ ရှေးက ဖြစ်ပျက်ခဲ့ပုံအကြောင်းများကို စဉ်းစားမိပေသည်။ ကျောင်းအတွင်းရှိ မြက်ခင်းအလယ် တည့်တည့်တွင် (၁၅)ပေ ပတ်လည်ခန့်ရှိ ရေကန်ကလေး တစ်ကန် ရှိလေသည်။ မာကြူရီ* နတ်ရုပ်ကလေးကို ကန်၏ အလယ်တွင် စိုက်ထူထားသောကြောင့်၊ ၎င်းကန်ကလေးကို မာကြူရီ ဟုခေါ်ဆိုကြောင်း စာအုပ်များတွင် ဖတ်ဖူးလေသည်။ ရှေးအခါက အမြင်မတော်လောက်အောင် ကြွားဝါလေ့ရှိကြသောကျောင်းသားတို့ကို ဖမ်းပြီးလျှင် ၎င်းကန်ကလေးအတွင်း ပစ်ချလေ့ရှိသည်ဟူ၍လည်း အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်း ရေးသားထားသော စာတစ်အုပ်တွင် ဖတ်ခဲ့ဖူးလေသည်။

ဤသို့ ထွေရာလေးပါး စဉ်းစားနေခိုက် ကျောင်းဝင်ရမည့် ကျောင်းသားသစ်များ တစ်ယောက်ပြီးလျှင် တစ်ယောက် ဝတ်လုံပြုတ်၊ ဝတ်လုံရှည်များကို

---

* Mercury

ဝတ်ကာပေါက်လာကြလေသည်။ သူတို့အထဲတွင် အင်္ဂလန်ပြည်အမြို့မြို့မှ လာကြသော အင်္ဂလိပ်ကျောင်းသားတို့က အများ။ အမေရိကန်၊ ကနေဒါ၊ ဩစတြေလိယား၊ အာဖရိကတောင်ပိုင်း၊ ပြင်သစ်ပြည်၊ ဂျာမဏီပြည်တို့မှ လာရောက်ကြသော ကျောင်းသားတို့လည်း ပါလေသည်။ တစ်ကျောင်းတည်းမှ လာကြသော ကျောင်းသားတို့မှာ ပျော်ပျော်ပါးပါး နှုတ်ဆက်ကြပြီးလျှင် စကားများနေကြကုန်၏။ နိုင်ငံခြားမှလာကြသော ကျောင်းသားများ၊ အသိအကျွမ်းမရှိသော ကျောင်းသားများကား မျက်နှာသေလေးများနှင့် ငြိမ်သက်စွာ ရပ်လျက်နေကြလေသည်။ ကျွန်တော့်မှာ အသိကလည်းမရှိ၊ နိုင်ငံခြားမှလည်းလာပြန်၊ အင်မတန်မှပင် ကြောင်တောင်တောင် ဖြစ်နေ၏။ ဤသို့ကျောင်းဝင်ရမည့် ကျောင်းသားသစ်များ စုရုံးနေရာကား ခရိုက်ချပ်ချ်ကျောင်းတိုက် ညစာစားခန်းမကြီး အတက်အဆင်းလှေကားတွင် ဖြစ်လေသည်။

ကျောင်းသားသစ်များ စုရုံး စုရုံးနှင့်နေကြခိုက် ကျောင်းအဝင်ဝနာရီစင်ကြီးမှ နာရီပြန် (၂) ချက်ထိုး၏။ နာရီပြန်(၂)ချက်ထိုးသည်နှင့်တစ်ပြိုင်နက် ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာများ တစ်စုတဝေးကြီး အခန်းတစ်ခန်းမှ ထွက်လာကြပြီးလျှင် အဆိုပါခန်းမကြီးထဲသို့ဝင်သွားကြလေသည်။ ကျွန်တော်တို့တတွေလည်း သူတို့နောက်မှ တိတ်ဆိတ်စွာလိုက်ပါသွားကြကုန်၏။ မည်သူမျှစကားမပြော။ ခန်းမကြီးအတွင်းသို့ရောက်သောအခါ ကျောင်းအုပ်ကြီးနှင့် ဆရာတို့မှာအခန်းတစ်ဖက်စွန်းစင်မြင့်ကလေးပေါ်ရှိကုလားထိုင်များတွင် သွားထိုင်လေသည်။ကျောင်းအုပ်ကြီးကား အလယ်တည့်တည့်ကုလားထိုင်တွင်ထိုင်၏။ ကျောင်းဆရာများ မှာ ကျောင်းအုပ်ကြီး၏ ဝဲယာတွင် ညှပ်ကာထိုင်ကြလေသည်။

ကျွန်တော်တို့ကား ခုံရှည်များပေါ်တွင် ဝင်ထိုင်ကြရ၏။ ၄င်းခုံရှည်များပေါ်တွင် ကျောင်းဝင်မည့်သူတို့၏အမည်များ၊ မိဘတို့၏အမည်များ၊ သင်ကြားလိုသည့်ဘာသာရပ်များမှစ၍ အခြားလိုအပ်သောအချက်များကို ဖြည့်စွက်ပေးရန် စာရွက်များရှိလေသည်။ မင်အိုး၊ ကလောင်များလည်းအသင့်ပင်။ ထိုခုံရှည်များပေါ်တွင် ထိုင်မိကြသည်နှင့်တစ်ပြိုင်နက် ဖြည့်စွက်ရန်ရှိသည့်အချက်များကို ငြိမ်သက်စွာဖြည့်စွက်နေကြကုန်၏။ ဤသို့ရေးသားနေကြခိုက် တစ်ယောက်ဖြည့်စွက်ပုံကို တစ်ယောက်ကစောင်းငဲ့၍ ကြည့်လိုကြည့်၊ မည်သည့်နေရာတွင် မည်သို့ဖြည့်စွက်ရမည်နည်းဟုမေးလိုမေး၊ လူတတ်လုပ်ကာပြပေးသူကပြပေးနှင့် ရှုပ်ထွေးလျက်နေလေတော့သည်။ ဖြည့်စွက်ရန်ရှိသည်တို့ကို ဖြည့်စွက်ပြီးကြလျှင် ကျောင်းအုပ်ကြီး၏အနားတွင် ထိုင်နေသောကျောင်း ဆရာကမိမိ၌ရှိသောစာရင်းကိုကြည့်ကာ ကျောင်းသားတစ်ယောက်၏အမည်ကိုခေါ်လိုက်၏။ ထိုအခေါ်ခံရသော ကျောင်းသားလည်း မိမိဖြည့်စွက်ပြီးသား စာရွက်

ကလေးကိုကိုင်ကာ ကျောင်းအုပ်ကြီး၏ အနီးတွင်သွား၍ ရပ်ရလေသည်။ ကျောင်းအုပ်ကြီးက ထိုကျောင်းသား၏အမည်ကိုမေးပြီးလျှင် မိမိရှေ့တွင် ရှိသောစာရင်းစာအုပ်ကြီးအတွင်း ရေးသားထည့်သွင်း၏။ ကျောင်းအုပ်ကြီးမှာ ထိုကျောင်းသားအမည်ကိုသိသည်ပင်။ သို့ရာတွင် ရှေးအထက်ထက်ကဆောင်ရွက်သောထုံးစံအတိုင်းလိုက်နာခြင်းသာဖြစ်လေသည်။

အဆိုပါ ကျောင်းသား၏အမည်ကို ကျောင်းစာရင်းစာအုပ်ကြီးအထဲ၌ ရေးသားပြီးနောက် ယခင်ကဖြည့်စွက်လာသောစာရွက်ကို အနီးတွင်ထိုင်နေသောဆရာတစ်ယောက်အား ပေးရန်အမိန့်ပေး၏။ အမိန့်အတိုင်း ထိုစာရွက်ကိုပေးခဲ့ပြီးနောက် အခြားဘက်တွင်ထိုင်နေသောကျောင်းတိုက်ငွေထိန်းထံသို့ သွားရပြန်လေသည်။ ငွေထိန်းအားကျသင့်သောငွေအတွက် ချက်လက်မှတ်ကိုပေးရ၏။ ထိုနောက်မှ ကျောင်းဝင်းခြင်းကိစ္စပြီးလေတော့သည်။

ထိုကျောင်းသားအလုပ်များနေခိုက် မိမိတို့အလှည့်မကျသေးသောကျောင်းသားတစ်တွေမှာ တစ်ယောက်နှင့်တစ်ယောက် တီးတိုးစကား ပြောနေသူက ပြောနေ။ ဣန္ဒြေရရထိုင်နေသူကလည်း ထိုင်နေ၊ အခန်းနံရံတွင်ဆွဲထားသော နာမည်ကျော် ကျောင်းသားဟောင်းတို့၏ ပုံများကို မော်ကြည့်နေသူတို့ကလည်း ကြည့်နေနှင့်မိမိတို့၏အလှည့်ကိုသာလျှင်စောင့်စား၍ နေကြကုန်၏။ အခန်းနံရံတွင် ချိတ်ထားသောပုံများတွင် အင်္ဂလန်ပြည်၌ နန်းရင်းဝန်ကြီးများဖြစ်ခဲ့ကြသော ဆာရောဘတ်ပီး[၁] မစ္စတာဂလက်စတုံး[၂] လော့ဆောဗရီ[၃] တို့၏ပုံများကိုလည်းကောင်း၊ အိန္ဒိယဘုရင်ခံချုပ်ကြီးများဖြစ်ခဲ့ဖူးသော လော့ဝဲလက်စလေ[၄] လော့ဒ်အမ်မတ်စ်[၅] လော့ဒ်ဒါလတိုဇီ[၆] လော့ဒ်ကင်းနင်[၇] စသောပုဂ္ဂိုလ်ကြီးတို့၏ ပုံများကိုလည်းကောင်း တွေ့မြင်ကြရလေသည်။ ဤသို့မြင်ရသောအခါ ကျောင်းသားသစ်ကလေးတို့၏ စိတ်တွင် ထိုပုဂ္ဂိုလ်ကြီးများကဲ့သို့ဖြစ်လိုသောစိတ်များ တဖွားဖွားပေါ်လာမည်ကား မုချပင်။

ဤသို့ စဉ်းစားတွေးတောနေကြခိုက် အခြားကျောင်းသားတစ်ယောက်၏ အမည်ကို ခေါ်ပြန်၏။ အခေါ်ခံရသောကျောင်းသားလည်း ယခင်ကျောင်းသားနည်းတူ ကျောင်းအုပ်ကြီးရှေ့သို့သွားကာ ဆောင်ရွက်ရန်ရှိသည်တို့ကိုဆောင်ရွက်ရလေသည်။ဤနည်းအတိုင်း တစ်ယောက်ပြီးလျှင်တစ်ယောက် ကျောင်းအုပ်

---

၁။ Sir Robert Peel
၂။ Mr. Gladstone
၃။ Lord Salisbury
၄။ Lord Wellesley
၅။ Lord Amherst
၆။ Lord Dalhousie
၇။ Lord Canning

ကြီး၏ရှေ့သို့သွားကာရပ်ကြသောအခါ ကျောင်းအုပ်ကြီး၏ဝဲယာဘက်တွင် ထိုင်နေကြသောကျောင်းဆရာအပေါင်းတို့မှာ လာသမျှသောကျောင်းသားတို့၏ အပေါ်တွင် အမျိုးမျိုးမှတ်ချက်ချနေကြကုန်၏။ မည်သူကားရိုးသားပုံရသည်၊ မည်သူကဟန်များသည်၊ မည်သူကကြောင်တောင်တောင်နေသည်၊ မည်သူက ကျောင်းသားသစ်ကလေးများမှာ မည်မျှအနေရခက်မည်နည်း။ တရားခွင်ဘေး တွင် ထိုင်နေကြသော ဂျူရီလူကြီးတို့ တီးတိုးပြောနေကြသည်ကို မြင်ရသော တရားခံတို့ကဲ့သို့ ဖြစ်နေကြကုန်၏။ ဤကား ကျောင်းသားသစ်ကလေးများ၏ ဒုက္ခတစ်မျိုးပေတည်း။

နောက်ဆုံး၌ အခန်းထဲတွင် ကျောင်းအုပ်ကြီး၊ ကျောင်းဆရာများနှင့် ကျောင်းသားသစ်နှစ်ယောက်သာကျန်တော့၏။ ထိုကျောင်းသားသစ်နှစ်ယောက် တို့ကား ကျွန်တော်နှင့်ကုလားကျောင်းသားတစ်ယောက်တို့ဖြစ်ကြလေသည်။ ထိုသူနှင့်ကျွန်တော်မှာ မျက်နှာချင်းဆိုင်ထိုင်မိလျက်ဖြစ်သောကြောင့် တီးတိုး စကားပြောခွင့်ရလေသည်။ သူ့အကြောင်းကို ကျွန်တော်ကမေး၊ ကျွန်တော့် အကြောင်းကို သူကမေးနှင့်အသိအကျွမ်း ဖြစ်သွားကြလေသည်။ ထိုသူ၏အမည် ကား ဘီ-ဘီဆင်းဂ်* ဖြစ်၏။ အိန္ဒိယပြည်မှ အိုင် စီ-အက်စာမေးပွဲကိုအောင်မြင် လာသူတည်း။ ကျွန်တော်နှင့်အတူ နှစ်နှစ်တိုင်တိုင် ပညာဆက်လက်သင်ကြား ရမည်ဖြစ်၏။ သူနှင့်အသိဖြစ်သွားသောအခါ အတော်ပင်အားတက်မိ၏။ ကျွန်တော်တို့ကျောင်းသို့ဝင်ရသောလူသစ်များတွင် ကျွန်တော်တို့နှစ်ယောက် ထည်းသာ အရှေ့နိုင်ငံသားများ ဖြစ်ကြလေသည်။ ဘီ-ဘီဆင်းဂ် မရှိပါလျှင် ကျွန်တော်တစ်ယောက်ထည်းသာ ကျွန်တော်တို့၏ကျောင်းတိုက်အတွင်း တကြောင်ကြောင်နှင့်နေတော့မည်။ သူလည်း ကျောင်းတိုက်အတွင်း အခန်းမရ၊ ကျွန်တော်ကဲ့သို့အပြင်တွင်အခန်းငှား၍နေရလေသည်။

ကျွန်တော်တို့နှစ်ယောက်တွင် ဘီ-ဘီဆင်းဂ် ကိုလက်ဦးခေါ်လေသည်။ ဆင်းဂ်ထွက်သွားသောအခါကျမှ ကျွန်တော့်နာမည်ကိုခေါ်၏။ ကျွန်တော်ကား နောက်ဆုံးပိတ်တည်း။ ကျောင်းအုပ်ကြီးနှင့် ကိစ္စပြီးသွားသောအခါ ဖြည့်စွက် ခဲ့သောစာရွက်ကို ဆိုင်ရာကျောင်းဆရာသို့ပေး။ ထိုနောက်ကျောင်းတိုက် ငွေထိန်း အား ကျောင်းဝင်စရိတ်အစုစုပေါင်း ၂၁ ပေါင် ၁၀ သျှိလင်တန်ချက်လက်မှတ်ကို ပေးခဲ့ရလေသည်။ မြန်မာငွေ ၃၀၀ ကျော်ခန့်ကျပေလိမ့်မည်။ ကျွန်တော် အပြင်ဘက်သို့ရောက်လျှင် ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာတို့လည်း အသီးသီး

---

* B.B.Singh

ခန်းမကြီးအတွင်းမှ ထွက်လာခဲ့ကြကုန်၏။ ဤကား ခရိုက်ချပ်ချ်ကျောင်းတိုက် ဝင်ခြင်းအခမ်းအနားပေတည်း။

**၁၂၈၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ ရက်နေ့။**
**(၁၅. ၁၀. ၂၇)**

---

**ကျောင်းသားများစုဝေးရာအခန်း[၁] ။** ကျွန်တော်မှာ ခရိုက်ချပ်ချ်ကျောင်းသားဘဝသို့ရောက်ပြီ ဖြစ်သောကြောင့် ကျောင်းအတွင်းရှိစာကြည့်ခန်း၊ ပိဋကတ်တိုက်၊ ကျောင်းသားများ စုဝေးရာအခန်းတို့ကို ကြည့်ရှုလိုသောဆန္ဒပေါ်ပေါက်လာလေသည်။ သို့ပေါ်ပေါက်လာသည့်အတိုင်း နံနက်စာစားသောက်ပြီးနောက် ကျောင်းတိုက်သို့ထွက်လာခဲ့၏။ တံခါးမှူး၏ညွှန်ကြားချက်အရ ကျောင်းသားများ၏စုဝေးရာသို့သွားရောက်ကြည့်ရှုလေသည်။ ၎င်းအခန်းကို အများအားဖြင့် အင်္ဂလိပ်ဘာသာအတိုကောက်ဖြင့် ဂျေ-စီ-အာ ဟူ၍ခေါ်ဆိုကြကုန်၏။ အခြားကျောင်းတိုက်များတွင်လည်း ၎င်းတို့၏ ဂျေ-စီ-အာများနှင့်ပင်။

ကျွန်တော်ဝင်သွားသောအခါ အခန်းတွင်း၌ ကျောင်းသားတစ်ယောက်နှစ်ယောက်သား သတင်းစာ၊ မဂ္ဂဇင်းတို့ကို ဖတ်လျက်နေကြလေသည်။ ကျောင်း၏ တံဆိပ်ရိုက်နှိပ်၍ထားသောစာရေးစက္ကူ စာအိပ်များကို စာရေးစာပွဲ သုံးလေးလုံးတို့အပေါ်တွင် မြင်ရလေသည်။ ခရိုက်ချပ်ချ်ကျောင်းသားတိုင်း ၎င်းစာရွက်များကို အသုံးပြုနိုင်၏။ အခန်းနံရံတွင် ဆွဲထားသောနို့တစ်စာကပ်ရာတွင်လည်း ဘော့လုံးသင်းနို့တစ်၊ လှေသင်းနို့တစ်၊ ဟော်ကီသင်းနို့တစ်များကို တွေ့မြင်ရလေသည်။

**ကျောင်းတိုက်လက်ဖက်ရည်ဆိုင် ။** ဤအခန်းနှင့်ကပ်လျက်အခန်းကား ကျောင်းတိုက်လက်ဖက်ရည်ဆိုင်ဖြစ်၏။ ၎င်းဆိုင်နှင့်ကျောင်းသားများ စုဝေးရာအခန်းတို့ကို ကျောင်းသားများ အလှည့်ကျ အုပ်ချုပ်စီမံကြလေသည်။ ဤဆိုင်တွင် လက်ဖက်ရည်၊ ကာဖီ၊

---

၁။ Junior Common Room or J.C.R

**ခရိုက်ချပ်ချ်ပိဋကတ်တိုက် ။** ကျောင်းသားများ၏ စာကြည့်ခန်းမှ ထွက်လာခဲ့ပြီးလျှင် ခရိုက်ချပ်ချ်ပိဋကတ်တိုက် ရှိရာ အဆောက်အဦသို့ ခြေဦးလှည့်ပြန်၏။ အတွင်းသို့ ဝင်မည်ပြုရာအစောင့်အဘိုးကြီးက ဝင်ခ ပိုက်ဆံတောင်းလေတော့သည်။ ကျွန်တော်မှာ ခရိုက်ချပ်ချ်ကျောင်းသားဖြစ်ကြောင်း ပြောသောအခါကျမှ အစောင့်အဘိုးကြီးလည်း တောင်းပန်ရှာလေသည်။ ပိဋကတ်တိုက်အတွင်း၌ အဟောင်းအမြင်းများ ၊ ပန်းချီကားများရှိ၏။ ၎င်းပစ္စည်းအဟောင်းအမြင်းများတွင် ခရိုက်ချပ်ချ်ကျောင်းတိုက်ကို တည်ထောင်သူ ကာဒီနယ်ဝူဆေ[၁]၏ ဦးထုပ်ဟောင်းတစ်လုံးလည်း အပါအဝင်ဖြစ်လေသည်။ ၎င်းဦးထုပ်ကား ရှမ်းဦးထုပ်နှင့် ခပ်ဆင်ဆင်တူ၏။ ခရိုက်ချပ်ချ်ကျောင်းတိုက်အတွက် လှေလှော်သူ၊ ဘောလုံးကစားသူ၊ ဘောလုံးရိုက်သူ ကျောင်းသားတို့မှာ မိမိတို့၏ ဘလေဇာအင်္ကျီများတွင် ၎င်းဦးထုပ်တံဆိပ်ကို တပ်ဆင်ကြရသည်ဟုပြောကြလေသည်။ အခြားကြည့်ရှုဖွယ်ရာပစ္စည်းအများလည်း ရှိသေး၏။ သို့သော်နေ့စာစားချိန်ကျသောကြောင့် နေအိမ်သို့ပြန်လာခဲ့လေသတည်း။

## ၁၂၈၉ ခုနှစ်။ သီတင်းကျွတ်လဆုတ်(၆)ရက်နေ့။ (၁၆. ၁၀. ၂၇)

---

**ကျောင်းအုပ်ကြီး၏ဩဝါဒ ။** တစ်နေ့လုံး မည်သည့် အရပ်သို့မျှ မသွားမြန်မာပြည်ရှိဆွေမျိုး ၊ မိတ်သင်္ဂဟတို့ထံ စာရေးနေသည်နှင့်ပင် အချိန်ကုန်၏။ ညနေ(၅)နာရီ အချိန်တွင် ကျောင်းအုပ်ကြီး ဒေါက်တာဝှိုက်[၂] က ကျောင်းသားသစ်များအား ဩဝါဒပေးမည်ဖြစ်သောကြောင့် ၄နာရီခွဲကပင်နေအိမ်မှ ထွက်ခဲ့လေသည်။ ကျောင်းရောက်သောအခါ(၁၅)မိနစ်ခန့် စောနေသောကြောင့် ကျောင်းသားများ စုဝေးရာအခန်းသို့သွား၍ သတင်းစာမဂ္ဂဇင်းများကို ဖတ်နေလေသည်။ (၅) နာရီ ထိုးခါနီးမှ တစ်နေ့က ကျောင်းဝင်ခြင်းအခန်းအနားကို ကျင်းပရာခန်းမကြီးသို့သွား၏။ ၎င်းခန်းမကြီးရှေ့ လှေခါးထိပ်သို့ ရောက်သောအခါ ကျောင်းသားအားလုံးပင် ဝတ်လုံကိုယ်စီနှင့် ရပ်နေကြသည်ကို မြင်ရလေသည်။ ထိုအခါကျမှကျွန်တော်၌ဝတ်လုံမပါလာသည်ကို သတိရလေတော့၏။ အခက်ကြုံနေပြီ။ အိမ်ပြန်ယူရမှာကလည်း အချိန်မရှိ၊ စိတ်အိုက်လျက်နေ၏။ နောက်မှ အကြံသစ်ပေါ်ကာ ကိုကျင်၏အခန်းသို့ပြေး၍ သူ၏ဝတ်လုံအပြတ်ကလေးကို ငှားရ

---

၁။ Cardinal Wolsey ၂။ Dr. White

လေသည်။ ကျွန်တော်ပြန်ရောက်သောအခါ ကျောင်းသားများသည် ခန်းမကြီးအတွင်းရှိ ခုံရှည်များပေါ်တွင် ထိုင်နေကြပေပြီ။

ခန်းမကြီးအတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် နေရာလွတ်တစ်ခုတွင် ဝင်ထိုင်၏။ မကြာမီ ကျောင်းအုပ်ကြီးဒေါက်တာဝှိုက်နှင့်ကျောင်းဆရာများ စီတန်းကာ ဝင်လာကြပြီးလျှင် ယခင်နေ့ကထိုင်ကြသော ကုလားထိုင်များပေါ်တွင် အသီးသီးသွားထိုင်ကြလေသည်။ ဆရာများဝင်လာကြသောအခါ ကျောင်းသားအားလုံး ရပ်နေကြရ၏။ သူတို့ထိုင်မိကြသောအခါကျမှ ကျွန်တော်တို့တစ်တွေ ထိုင်ကြရလေသည်။အားလုံးထိုင်မိကြသောအခါ ကျောင်းအုပ်ကြီးသည် မိမိ၏နေရာမှထ၍ ကျောင်းသားအပေါင်းတို့အား သြဝါဒစကား ပြောကြားလေသတည်း။ ကျောင်း၏ အတ္ထုပ္ပတ္တိအကြောင်း ၊ နာမည်ကျော် ကျောင်းသားဟောင်းတို့၏အကြောင်း၊ ထိုကျောင်းသား ဟောင်းကြီးများကဲ့သို့ နာမည်ကျော်ပုဂ္ဂိုလ်ကြီးများဖြစ်လာကြရန် ကြိုးစားသင့်ကြကြောင်း ကျောင်း၏ဂုဏ်ကိုထိခိုက်မည့် အမှုများကို မပြုကျင့်ကြရန် အကြောင်း ၊ ရှေးကျောင်းသား ဟောင်းကြီးများအတွက် ဂုဏ်တက်နေသော ကျောင်း၏အမည်ကို မဖျက်ကြရန်အကြောင်းမှစ၍ များလှစွာသော ဆုံးမစကားတို့ကို နာရီဝက်ခန့်ပြောကြားလေသည်။ ငြိမ်သက်စွာနားထောင်နေကြသော ကျောင်းသားတို့မှာ စာကြိုးစားရန်စိတ်ကူးသူကကူး၊ နာမည်ကျော်ကျောင်းသားဟောင်းကြီးများကဲ့သို့ ဖြစ်ရန်ကြိုးစားတော့မည်ဟု ဆုံးဖြတ်သူကဆုံးဖြတ်နှင့် နေကြကုန်၏။

ကျောင်းသားများအား သြဝါဒစကားကိုပြောကြားပြီးနောက် ကျောင်းအုပ်ကြီးသည် မိမိ၏နေရာမှ ဆင်းခဲ့လေသတည်း။ ကျောင်းဆရာများလည်း ကျောင်းအုပ်ကြီး နောက်မှ စီတန်းကာထွက်ခဲ့ကြလေသည်။ ကျောင်းသားတို့လည်း ထိုနည်းအတူ ကျောင်းဆရာများ၏နောက်မှ ထွက်လာခဲ့ကြကုန်၏။ တိတ်လျက်ပင်၊ တိုးတိုးတိုး.ခြင်း၊ စကားများခြင်းအလျဉ်းမရှိပေ။

### ၁၂၈၉-ခုနှစ်။ သီတင်းကျွတ်လဆုတ် ၇ ရက်နေ့။
### (၁၇. ၁၀. ၂၇)

---

**ကီဘယ်လ်ကျောင်းတိုက်*။** သီတင်းကျွတ်လဆုတ် ၇ ရက်နေ့တွင် ပထမအကြိမ်အတန်းတက်ရလေသည်။ နံနက်စာ စားသောက်ပြီးလျှင် ကိုရွှေဘော်၏ အခန်းသို့ထွက်ခဲ့၏။ ကိုရွှေဘော်နှင့်

---

* Keble College

စကားပြောနေခိုက် ကိုစံမောင်ရောက်လာလေသည်။ ကျွန်တော်တို့ သုံးယောက် အတူတကွ တက္ကသိုလ်ပြတိုက်နှင့် မျက်နှာချင်းဆိုင် ကီဘယ်လ်ကျောင်းတိုက်သို့ ဗြိတိသျှရာဇဝင်အတန်း တက်ရန်သွားကြ၏။ ၎င်းကျောင်းတိုက်ကား အောင်စ်ဖို့ဒ် တက္ကသိုလ်ရှိ အခြားကျောင်းတိုက်များနှင့် လားလားမျှမတူပေ။ အခြား ကျောင်းတိုက်များမှာ ကျောက်ဆစ်အုတ်များဖြင့် တည်ဆောက်ထား၍ အဟောင်းခံ ထားသောကြောင့် ကျောင်းအို၊ ကျောင်းဆွေးကြီးများနှင့် တူလေသည်။ ၎င်း ကျောင်းကြီးများကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ရှေးခေတ်ဟောင်းကို သွား၍ သတိရမိကြလေသည်။ ရှေးခေတ်ဟောင်းသို့ ရောက်နေသကဲ့သို့လည်း ထင်မှတ်မိ ကြပေ၏။ ကီဘယ်လ်ကျောင်းတိုက်ကား ဤသို့မဟုတ် ယခုကာလပေါ် အုတ်နီများ ဖြင့်ဆောက်လုပ်ထားပေသည်။ အခြားကျောင်းအဆောက်အဦများကို မြင်ပြီးလျှင် ဤကျောင်းတိုက်ကို မြင်လိုက်ရသောအခါ မျက်စိထဲတွင် ဆိုးလျက်နေ၏။ အောက်စ့်ဖိုဒ်တက္ကသိုလ်အကြောင်းရေးသားထားသော စာအုပ်စာတမ်းများတွင်လည်း ဤကျောင်းပုံပန်းကို ကဲ့ရဲ့ထားသည်သာများ၏။

ကျွန်တော်တို့မရောက်မီပင် အခြားကျောင်းသားများ စာသင်ခန်းထဲသို့ ရောက်နှင့်နေကြလေပြီ။ ထိုကျောင်းသားတို့ကား အိန္ဒိယနိုင်ငံ ဝန်ထမ်းအဖွဲ့အတွက် အရွေးကောက်ခံရပြီးသား ကုလားကျောင်းသားတို့ပေတည်း။ သူတို့အထဲတွင် ကျွန်တော်ကျောင်းဝင်စဉ်က အသိဖြစ်ခဲ့သော ဘီ-ဘီ-ဆင်းဂ်လည်း တစ်ယောက် အပါအဝင် ဖြစ်လေသည်။ သူတို့အသီးသီး ဝတ်လုံပြတ်ကိုယ်စီနှင့်၊ ကျွန်တော်တို့လည်း ဝတ်လုံများနှင့်ပင်။ မကြာမီ ဘီ-ဘီ-ဆင်းဂ် ကမိတ်ဖွဲ့ပေးသောကြောင့် ကျွန်တော်တို့ အားလုံး အသိအကျွမ်းဖြစ်သွားကြလေသည်။

အတန်ကြာလျှင် နည်းပြဆရာ မစ္စတာဖစ်ဂျရယ် [၁] အခန်းတွင်းသို့ ဝင်၍ လာ၏။ မြင့်မြင့်၊ ဝ ဝ ၊ ဗိုက်ခပ်ပူပူ ၊ သူလည်းဝတ်လုံကြီးကိုဝတ်လျက်ပင် ၊ တက္ကသိုလ် ဦးထုပ်ကြီးကို လက်တွင်ကိုင်လျက်၊ ကျွန်တော်တို့တွင်ကား တက္ကသိုလ် ဦးထုပ်များမပါ။ မစ္စတာဖစ်ဂျရယ်၏ အသက်မှာ ၅၀-ကျော်လိမ့်မည်။ အိန္ဒိယအလယ်ပိုင်း [၂] တွင် စက်ရှင်တရားသူကြီး လုပ်ခဲ့ဖူးသူတည်း။ အိန္ဒိယ နိုင်ငံဝန်ထမ်း အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ခဲ့ဘူး၏။ ယခုအခါတွင်ကား ပင်စင်ယူပြီးလျှင် နိုင်ငံဝန်ထမ်း အဖွဲ့ဝင်တို့အား ဗြိတိသျှရာဇဝင်၊ ဥရောပရာဇဝင်၊ ဓနဗေဒပညာတို့ကို သင်ကြားပြသနေ၏။ သင်ကြားရမည့် စာအုပ်များအကြောင်းကို ဆွေးနွေးနေကြသည်နှင့်ပင် အချန်စေ့သဖြင့် ပြန်လာခဲ့ကြလေသည်။

**ခရိုက်ချပ်ချ်ညစာ စားခန်းမကြီး ။** ည(၇)နာရီထိုးလျှင် ညစာစားရန်ကျောင်းသို့ ထွက်လာခဲ့၏။ ဝတ်လုံပြတ် ကလေးကို ဝတ်လျက်ပင် ကျွန်တော်တို့မှာ ငှားအိမ်တွင် နေရသော်လည်း တနင်္ဂနွေတစ်ပတ်လျှင်

---

၁။ Mr. Fitz Gerald ၂။ Central Provinces

လေးကြိမ်မျှ ကျောင်း၌ညစာ သွားစားရလေသည်။ အကယ်၍ သွားမစား စေကာမူ တစ်နပ်လျှင် ၂ သျှီလင်ခွဲကျ ကျောင်းသို့ပေးရလေသည်။ ဤသို့ကျောင်းတွင် ညစာ စားစေသည်မှာ ကျောင်းသားအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် အကျွမ်းဝင်ကြစေရန် ဖြစ်လေသည်။

ကျွန်တော် ကျောင်းသို့ရောက်သွားသော အချိန်ကား ၇နာရီ ၂၅ မိနစ်သာရှိသေး၏။ ညစာစားရမည့် အချိန်ကား ၇ နာရီခွဲတိတိအချိန်ဖြစ်လေသည်။ အခြားကျောင်းသားများနှင့် အတူတူပင် ခန်းမကြီးအပြင်တွင် ကပ်ထားသော နို့တစ်စာများ ၊စာရင်းစာရွက်များ၊ အချိန်စာရင်းများကို ဖတ်ကြည့်နေလေသည်။ ၇နာရီခွဲ အချိန်တွင် ကျောင်းအုပ်ကြီးနှင့်ကျောင်းဆရာများ ရောက်လာကြ၏။ သူတို့လည်း အခန်းဝသို့ရောက် အခန်းတံခါးလည်း ဖွင့်လိုက်လေသည်။ ကျောင်းသားအားလုံးပင် သူတို့နောက်မှ အခန်းထဲသို့လိုက်၍ ဝင်သွားကြကုန်၏။ ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာများမှာ ကျောင်းဝင်သောအခမ်းအနားကို ကျင်းပစဉ်ကထိုင်သော နေရာများတွင် သွားထိုင်ကြလေသည်။ ကျောင်းသားတို့လည်း ယခင်နေ့ကအတိုင်း ခုံရှည်များပေါ်တွင် ဝင်ထိုင်ကြကုန်၏။ ကျွန်တော်တို့ကျောင်းသားသစ် ၄-၅ ယောက်တို့ကား ဟိုခုံမှာ သွားထိုင်ရနိုးနိုး ၊ သည်ခုံမှာ သွားထိုင်ရနိုးနိုးနှင့် တနိုးနိုး ဖြစ်နေကြလေသည်။ နောက်ဆုံး၌ အခန်းမှူးက မည်သည့်ခုံမှာမဆိုလပ်သည့်နေရာတွင် ဝင်ထိုင်နိုင်သည်ဟုပြောမှ ကျွန်တော်တို့လူစု လပ်နေသောခုံရှည်တစ်ခုတွင် ဝင်၍ထိုင်ကြလေသည်။

ကျွန်တော်တို့ ထိုင်မိကြသည်နှင့်တစ်ပြိုင်နက် အခန်းမှူးက "ညစာမစားမီ ဘုရားသခင်အား ဆုတောင်းရအောင်"[၁] ဟု အသံနေအသံထားနှင့် ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ကျောင်းသားအားလုံးပင် မိမိတို့နေရာတွင်ရပ်ကာ ဦးခေါင်းများကိုငုံ့လျက် နေကြကုန်၏။ ကျွန်တော်လည်း သူတို့ကဲ့သို့ပင် ပြုလုပ်၏။ စိတ်တွင်းကမူကား အဘယ်ပါအံ့နည်း။ ဤသို့ ငုံ့နေကြခိုက် စကောလားတစ်ယောက်က မိမိနေရာမှ ထလာပြီးလျှင် ခုံမြင့်ကလေးရှိရာသို့သွား၍ လက်တင်ဘာသာ[၂]ဖြင့်ဆုတောင်းစာကို ရွတ်လေသည်။ အားလုံးငြိမ်လျက် ရပ်နေကြ၏။ ထိုကျောင်းသား ရွတ်ဆိုသည်မှာ တစ်မိနစ်ခန့်သာကြာလေသည်။ ပြီးသောအခါ အားလုံးမိမိတို့နေရာတွင် ပြန်ထိုင်ကြကုန်၏။ ညစာကိုလည်း စ၍ ပေးလေသည်။

စားသောက်ရသော အစားအစာတို့ကား ရှေးဦး ဟင်းချိုတစ်ပန်းကန်ပြား၊ နောက် ငါးကြော် ၂ တုံး၊ နောက်အမဲသားခပ်ပါးပါး ၃ တုံးနှင့် ပန်းမုံလာပြုတ်၊ နောက်ပူဒင် [၃] ဤမျှသာတည်း။ များစွာတင်းမတိမ်လှ။ သို့သော် ထမင်းဟင်းတို့ကို မစားရသောအရပ်သို့ ရောက်နေသောကြောင့် ရသမျှနှင့် ရောင်ရဲ့လွယ်ခဲ့ရ၏။ ဤသည်လည်း မင်္ဂလာတစ်ပါး။ တစ်နပ်စာအတွက် ၂ သျှီလင်ခွဲပေးရသည်ကို နှမြော

---

၁။ Grace, gentlemen.

၂။ Latin

၃။ Pudding

သလိုလိုဖြစ်မိလေသည်။ မြန်မာငွေနှင့်ဆိုလျှင် ၂ ကျပ်မျှ ကျပေလိမ့်မည်။ မြန်မာပြည်၌ မူ ၂ ကျပ်ပေးလျှင် အနည်းဆုံး ၂ ယောက် အဝစားရမည်ကား မလွဲတည်း။ အင်္ဂလန် တွင် အစစအရာရာ ရှားပါးပေသည်။ အောက်စ်ဖို့ဒ်၌ကား လန်ဒန်မြို့မှထက် ရှားပါး သေး၏။ ညစာစားသောက်ပြီးကြလျှင် အသီးသီး ခန်းမကြီးအတွင်းမှ ထွက်ခဲ့ကြလေ သတည်း။

## ၁၂၈၉ ခုနှစ်။ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့။ ( ၁၈. ၁၀. ၂၇)

**တက္ကသိုလ်ဝင် အခမ်းအနား ။** သီတင်းကျွတ်လဆုတ် ၈ ရက်နေ့ ၂ နာရီ အချိန်တွင် တက္ကသိုလ်ဝင် အခမ်းအနား ကျင်းပရာသို့ သွားရမည်ဖြစ်သောကြောင့် အင်္ကျီအနက်၊ ဘောင်းဘီအနက်တို့ကို ဝတ်၊ ဘိုး[၁]ခေါ် လည်စည်းအဖြူကိုပတ်၊ တက္ကသိုလ်ဦးထုပ်ကိုဆောင်း၊ ဝတ်လုံပြတ် ကိုဝတ်ကာ တစ်နာရီခွဲအချိန်တွင် နေအိမ်မှထွက်လာခဲ့၏။ ကျောင်းခန်းမကြီး အဝင်ဝတွင် ကျောင်းဆရာများအလာကို စောင့်စားနေကြလေသည်။ နာရီပြန် ၂ချက်တိတိအချိန်တွင် ကျောင်းဆရာသုံးဦး တက္ကသိုလ်ဝတ်လုံ၊ တက္ကသိုလ် ဦးထုပ်များနှင့် ရောက်လာကြလေသည်။ သူတို့နှင့်အတူ ခန်းမကြီးအတွင်းသို့ ကျောင်းသားသစ် အားလုံး ဝင်သွားကြပြီးနောက် ခုံရှည်များပေါ်တွင် ထိုင်ကြ၏။ ဆရာတစ်ယောက်က ကျောင်းသားတို့၏အမည်ကိုခေါ်လေသည်။ အားလုံး အရောက်ညီသောအခါ နှစ်ယောက်တစ်တွဲစီတွဲကာ စီတန်းလျက် ဆရာ တစ်ယောက်၏နောက်က ကောက်ကောက်ပါအောင်လိုက်သွားကြရ၏။ ကျွန်တော် နှင့် ဘီ. ဘီ. ဆင်းဂ် တို့က တစ်တွဲဖြစ်လေသည်။ ကျွန်တော်တို့မှာ အော်ရီရယ် ကျောင်းတိုက်၊ ဗရေးဆနိုးစ် ကျောင်းတိုက်[၂] ဘော့ဒ်လီရင် ပိဋကတ်တိုက်တို့ကို ကျော်ကာ တက္ကသိုလ်ဝင် အခမ်းအနားကျင်းပရာအခန်းကြီး[၃] သို့သွားကြရလေ သည်။ ကျွန်တော်တို့လူစု မျက်နှာသေကလေးများနှင့် လျှောက်သွားကြသောအခါ နှစ်ကြီးသမား ကျောင်းသားကြီးတို့က "မင်းတို့ ကျောင်းသားသစ်ကလေးတွေ

၁။ Bow
၂။ Brasenose College
၃။ The Divinity School

သွားကြပေအုံး၊ တို့တော့ လွန်ခဲ့တဲ့ နှစ်များက ပြီးခဲ့ပြီ” ဟူ၍ မဆိုသော်လည်း ဆိုဘိသို့ စောင်းငဲ့ကာကြည့်သွားကြသည်ကို မြင်ရလျှင် သူတို့ကို အားကျမိပေ၏။ ကျွန်တော်တို့ကလည်း “နေနှင့်အုံး၊ နောင်နှစ်ခါကျမှ လူသစ်ကလေးတွေကို စောင်းငဲ့ကာကြည့်လိုက်အုံးမယ်” ဟူသော မျက်နှာထားမျိုးနှင့် စိုက်စိုက်သာလျှင် လျှောက်သွားကြလေသတည်း။

သို့နှင့် အကြင်တက္ကသိုလ်ဝင် အခမ်းအနား ကျင်းပရာ အဆောက်အဦကြီး အတွင်းသို့ ရောက်ကြကုန်၏။ အခန်းဝသို့ ရောက်သောအခါ ကျွန်တော်၏စိတ်ထဲတွင် ၎င်းပွဲ၌မည်သို့ဆောင်ရွက်ရမည်နည်း။ မည်သို့သော အခမ်းအနားမျိုးနှင့် တွေ့ကြုံရမည်နည်း။ စသည်ဖြင့် အမျိုးမျိုးတွေးတောကြံဆကာ ကြောက်သလိုလို၊ ရွံ့သလိုလိုဖြစ်နေပေ၏။ ၎င်းအဆောက်အဦကြီးအတွင်းသို့ ရောက်သွားသောအခါ ကျွန်တော်တို့ထက် ဦးစွာရောက်နေကြသော အခြားကျောင်းတိုက်မှ ကျောင်းသားများ ပြည့်လျက်နေသောကြောင့် အခန်းအပြင်ဘက်တွင် ခေတ္တမျှ ငြိမ်သက်စွာရပ်နေကြလေသည်။ ထိုကျောင်းသားများ တက္ကသိုလ်ဝင်ခြင်းကိစ္စပြီးစီး၍ အပြင်ထွက်လာသောအခါကျမှ ကျွန်တော်တို့တစ်တွေ ဝင်ကြရလေသည်။ အဝင်ဝနှင့်မနီးမဝေးတွင် တစ်ထားသောစာရင်းစာအုပ်ကြီးအတွင်း တစ်ယောက်ပြီးလျှင်တစ်ယောက် မိမိတို့၏နာမည်များကို ရေးထိုးကြရကုန်၏။ ဤစာအုပ်ကြီးကားဟောင်းလှပေပြီ။ အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ ရောက်လာသမျှသော ကျောင်းသားတို့၏ အမည်များမှာ ဤစာရင်းစာအုပ်ကြီး အတွင်းမှာပင် ရှိတန်ရာ၏။ တိုင်းရေး ၊ ပြည်ရေး ၊ ဘာသာရေး၊ စာပေပညာရေးတို့တွင် အထင်အထိပ်သို့ ရောက်ခဲ့ပြီးဖြစ်ကြသောသူတို့၏ အမည်များလည်းကောင်း ၊ ကျောင်းမှထွက်ပြီး တိမ်မြုပ်သွားကြရသောကျောင်းသားတို့၏အမည်များလည်းကောင်း ၊ ဤစာရင်းစာအုပ် အဟောင်းကြီးအတွင်းမှာပင် ရှိတန်ရာ၏။ ကျွန်တော်တို့တစ်တွေကား နောင်မည်သို့ဖြစ်ကြအုံးမည်နည်း။ လူကျော်များ၏ ဂိုဏ်းတွင်ပင်ပါမည်လော။ လူညံ့များ၏ဂိုဏ်းတွင်ပါမည်လော။ မည်သူပြောကြားနိုင်အံ့နည်း။

ထိုဟောင်းမြင်းလှစွာသော စာရင်းစာအုပ်ကြီးအတွင်း နာမည်များကို ရေးထိုးပြီးကြလျှင် အခန်းတစ်ဖက်တွင်ထိုင်နေသော တက္ကသိုလ်ဒုတိယအဓိပတိကြီး*၏အနားသို့သွား၍ ဝိုင်းကာရပ်ကြရလေသည်။ ထိုပုဂ္ဂိုလ်ကြီးကား အိုမင်းလှလေပြီ။ သူဝတ်စားထားသော ဝတ်လုံရှည်ကြီးမှာ အလွန်တရာမှပင် ခမ်းနားလှပေ၏။ဒုတိယအဓိပတိကြီးအနားသို့ ရောက်သွားကြသော ကျောင်းသားသစ်ကလေးများမှာ ကေသရာဇာခြင်္သေ့မင်း၏ ရှေ့မှောက်သို့ ရောက်၍သွားကြရသော ယုန်သူငယ်များကဲ့သို့ မလှုပ်သာ၊ မရှားသာ မျက်နှာသေကလေးများနှင့်

---

* Vice Chancellor

ရပ်နေကြရှာကုန်၏။ ထိုအခါ ဒုတိယအဓိပတိကြီးက မိမိရှေ့တွင်ရှိသောစာရင်းမှ နာမည်တို့ကို တစ်ခုစီခေါ်လေသည်။ တစ်ယောက်ပြီးလျှင်တစ်ယောက် သူ၏ အနီးသို့ကပ်သွားရ၏။ ထိုကပ်၍လာသောကျောင်းသားတို့အား လက်မှတ် တစ်စောင်စီပေးလေသည်။ သူ၏အနားတွင်ရပ်နေသောတက္ကသိုလ်အရာရှိတစ်ဦး ကလည်း ကျောင်းသားများလိုက်နာရမည့်တက္ကသိုလ်ဥပဒေစာအုပ်တစ်အုပ်စီ ကမ်း၍ပေး၏။

လက်မှတ်နှင့် စာအုပ်တို့ကိုယူပြီးနောက် မိမိတို့နေရာမှာပင်ပြန်၍ရပ်ကြ ရလေသည်။ ဒုတိယအဓိပတိကြီးအား ဝိုင်းလျက်ပင်။ ဤသို့ ကျောင်းသား များဝိုင်းကာ ရပ်နေကြသောအခါ ဒုတိယအဓိပတိကြီးသည် ထိုင်ရာမှထပြီးလျှင် တစ်မိနစ် နှစ်မိနစ်ခန့် လက်တင်ဘာသာဖြင့် စာတစ်ပိုဒ်၊ နှစ်ပိုဒ်ကို ရွတ်လေသည်။ "သင်တို့သည် ယနေ့မှအစပြု၍ တက္ကသိုလ်ကျောင်းသားများဖြစ်ကြပြီ" ဟူ၍ပင် ဆိုသလော။ "သင်တို့စာကို ကောင်းစွာကြိုးစားကြ၊ စာမကြိုးစားလျှင် မြန်မြန် ကျောင်းမှထုတ်ပစ်မည်"ဟူ၍ပင်ဆိုသလောဟုမသိသောကျွန်တော့်မှာ ဒုတိယအဓိပတိကြီး၏မျက်နှာကိုသာလျှင် အကြောင်သားစိုက်ကြည့်မိပေ၏။ လက်တင်ဘာသာကိုတတ်မှုကား ကောင်းလေစွဟူ၍လည်း တွေးတောမိလေ သည်။ လက်တင်ဘာသာကိုတတ်သူကျောင်းသားတို့မှာ အိန္ဒြေရရ၊ ဟန်ပါပါ နားထောင်နေကြကုန်၏။ လက်တင်ဘာသာကိုမတတ်ကြသော အမေရိကန်၊ ဩစတြေလိယန်စသောနိုင်ငံခြားကျောင်းသားတို့ကား ပြုံးတော့ မယောင်ယောင်၊ ရယ်တော့မယောင်ယောင်နှင့်နေကြလေသည်။ အချို့သော ကျောင်းသားတို့မှာ လည်း ရယ်မိကြမည်စိုးသောကြောင့် မနည်းပင်ချုပ်တည်း၍ ထားကြရကုန်၏။ အချို့ကမူ တစ်ယောက်ကိုတစ်ယောက်လက်တို့ကာ ငုံ့၍ပြုံးနေကြကုန်၏။ ဒုတိယ အဓိပတိကြီး လက်တင်ဘာသာဖြင့် စာတစ်ပိုဒ်နှစ်ပိုဒ်ကို ရွတ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် တက္ကသိုလ်ဝင်အခမ်းအနားပြီးဆုံးခြင်းသို့ ရောက်သတည်း။

ထိုအဆောက်အဦကြီးမှ ထွက်လာကြသောအခါ ဒုတိယအဓိပတိကြီး ရွတ်ပြသောလက်တင်စာအကြောင်းကိုပြောပြီး ရယ်သူရယ်၊ အတုလိုက်ကာ ရွတ်ဆိုသူကဆို၊ ခပ်တည်တည် အိန္ဒြေရရလျှောက်သွားသူက လျှောက်သွားနှင့် နေကြကုန်၏။ ကျွန်တော်တို့ ထွက်လာကြသောအခါ အခြားကျောင်းတိုက်များမှ ကျောင်းသားသစ်များလည်း ၎င်းအဆောက်အဦကြီးသို့ လာနေကြသေးသည်ကို တွေ့မြင်ရလေသည်။ ဤတက္ကသိုလ်ဝင်အခမ်းအနားကို ကျင်းပသည်မှာ ၂ ရက် ၃ ရက်ပင်ကြာလေသည်။ ဒုတိယအဓိပတိကြီးကား အတော်ကလေးပင် ညောင်း ရှာပေလိမ့်မည်။ သနားစရာပင်။ ဤကား တက္ကသိုလ်ဝင်သောအခမ်းအနား ပေတည်း။

**၁၂၈၉- ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉-ရက်နေ့။**
**( ၁၉-၁၀-၂၇ )**

---

**တက္ကသိုလ်လစ်ဘရယ်အသင်း ။** ညစာစားသောက်ပြီး၍ ခန်းမကြီးမှထွက်လာသောအခါနေ့ခင်းကဖိတ်စာတစ်စောင်ရထားသည်ကိုသတိရလာသည်နှင့် ကျောင်းသားသစ်များနှင့်တူသည့် ကျောင်းသားတစ်ယောက်၊ နှစ်ယောက်တို့အားမေးကြည့်ရာ သူတို့လည်း ဖိတ်စာရသည်ဟု ဆိုကြလေသည်။ သူတို့နှင့်အတူပင် ထိုဖိတ်ထားရာအခန်းသို့ လိုက်သွား၏။ အဆိုပါ ဖိတ်စာကား တက္ကသိုလ်လစ်ဘရယ်အသင်း၏ဖိတ်စာဖြစ်လေသည်။ ဖိတ်ထားရာအခန်းကား ခရိုက်ချပ်ချ်ကျောင်းတိုက်အတွင်းမှာပင်ဖြစ်၏။ အခန်းဝတွင် အခန်းရှင်နှင့်တွေ့ရာ ကျွန်တော်တို့အားနှုတ်ဆက်ပြီးလျှင် အခန်းအတွင်းသို့ ခေါ်သွားလေသည်။ ၎င်းအခန်းမှာ အပြင်ဘက်တွင် နုံချာသလောက်အတွင်းတွင် ခမ်းနားလှပေ၏။ ကုလားထိုင်များ၊ ဆိုဖာများ၊ လက်ဖက်ရည်စားပွဲများ၊ စာကြည့်စားပွဲများ၊ ပက်လက်ကုလားထိုင်များ၊ ကော်ဇောများမှစ၍ ကျောင်းသားအသုံးအဆောင်များပြည်နှက်လျှက်ရှိလသည်။ အခန်းမှာ အတော်ပင်ကျယ်၏။

ကျွန်တော်တို့ရောက်ကြ၍ များမကြာမီတွင်၊ အခြားကျောင်းသား ၄-၅ ယောက် ဝင်လာကြပြန်၏။ ကုလားထိုင်လွတ်များတွင် ဝင်၍ထိုင်ကြလေသည်။ တစ်ယောက်နှင့် တစ်ယောက်မသိကြသောကြောင့် အားရပါးရ ခင်ခင်မင်မင် စကားပြောဆိုခြင်းမရှိကြချေ။ ကျွန်တော်ကား သူတို့၏အကြားတွင် ကြောင်တက်တက်နေတော့၏။ “တိတ်တိတ်နေ ထောင်တန်”ဟူသော ရှေးစကားကို လက်ကိုင်ထားကာ တိတ်တိတ်ပင်နေ၏။

မကြာမီ ၎င်းအသင်းဥက္ကဋ္ဌဖြစ်သော ဒန်နီရယ်ဖူးတ်* ဆိုသူ ပေါက်လာလေသည်။ ထိုသူနှင့် ကျွန်တော်တို့တတွေအား အကြင်အခန်းရှင်က မိတ်ဖွဲ့ပေး၏။ ဥက္ကဋ္ဌနှင့် စကားတစ်ခွန်းစ၊ နှစ်ခွန်းစ ပြောကြားနေခိုက် အားလုံးကိုပင် ကာဖီတိုက်လေသည်။ ကာဖီသောက်ပြီးလျှင် အခန်းရှင်၏ တိုက်တွန်းချက်အရ အသင်းဥက္ကဋ္ဌက အသင်း၏ရည်ရွယ်ချက်များ၊ အသင်း၏ အကျိုးအကြောင်းများ၊ အသင်း၏အခြေအနေအကြောင်းများကို အတော်ကြာအောင်ပင် ပြောကြားလေသည်။ ကျွန်တော်တို့တတွေလည်း ကောင်းစွာနားထောင်နေကြကုန်၏။ ဒယ်နီရယ်ဖူးတ် ဆိုသူကား အတော်ပင် စကားပြောကောင်းသူတည်း။ သူပြောဆို၍ဆုံးသွားလျှင် နားထောင်နေသူတို့က ဝတ်ကျေဝတ်ကုန် တစ်ခွန်းစ၊ နှစ်ခွန်းစ မေးခွန်းများကို ထုတ်ကြ၏။ ၎င်းမေးခွန်းတို့ကား အရေးမကြီးလှပေ။ မေးခွင့်ရှိသာ

---

* Daniel Foot

မေးကြပြန်တူလေသည်။ အမေးများပြီးဆုံးသောအခါ နေရာမှထကာ အသင်း၊ ဥက္ကဋ္ဌနှင့် အခန်းရှင်တို့အားနှုတ်ခွန်းဆက်ကြပြီးလျှင် အသီးသီးထွက်ခဲ့ကြကုန်၏။ ဥက္ကဋ္ဌက မိမိတို့၏ အသင်းကိုဝင်ရန်တိုက်တွန်းသောအခါ စဉ်းစားဦး မည်ဟူ၍ သာပြောခဲ့လေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်ကား လေဘာအသင်း၊ ကွန်ဆာဗေးတစ်ဗ် အသင်း၊ ပြင်သစ်အသင်း၊ အင်္ဂလိပ်အသင်း၊ ဂျာမန်အသင်း၊ ဘာသာရေးအသင်းမှစ၍ အသင်းအမျိုးမျိုး၊ ဝါဒအမျိုးမျိုးတို့၏ စုဝေးထွန်းကား ရာနေရာဖြစ်လေသည်။ နှစ်ယောက်စုမိကလည်း တစ်သင်း၊ သုံးယောက်စုမိက လည်း တစ်သင်း၊ အသင်းတွေများလှပေ၏။

## ၁၂၈၉-ခုနှစ်။ သီတင်းကျွတ်လဆုတ် ၁၀- ရက်နေ့ ( ၂၀-၁၀-၂၇)

---

**အိန္ဒိယရာဇဝင် ။** နံနက် (၁၀)နာရီတွင်အိန္ဒိယကျောင်းဆောင်၌ အိန္ဒိယ ရာဇဝင် အတန်းတက်ရန်နေအိမ်မှ ထွက်လာခဲ့၏။ (၁၀)နာရီထိုး သည်နှင့်တစ်ပြိုင်နက် ၃၇ မင်း နတ်ရုပ်များထားရာအခန်းတွင် အိန္ဒိယရာဇဝင်အကြောင်းဟောပြောလေသည်။ ရာဇဝင်ကို ဟောပြောသူကား ဆာဗာနီလိုဗတ်[၁] အမည်ရှိသော အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့ဝင်ဟောင်း တစ်ယောက် ဖြစ်လေသည်။ အိန္ဒိယမြောက်ပိုင်းနယ်တစ်နယ်တွင် ဘုရင်ခံခေတ္တလုပ်ခဲ့ဖူးသည် ဟုသိရ၏။ ဟောပြောသည်ဆိုသော်လည်း စစ်စစ်အားဖြင့် မိမိရေးသားထားသော စာများကို ဖတ်ပြခြင်းမျှ ဖြစ်လေသည်။ ကျွန်တော်တို့တတွေက လိုက်ကူးကြရ၏။ ထိုဆရာကား ခပ်မာမာ၊ ခပ်ဆတ်ဆတ် စကားပြောလေ့ရှိလေသည်။ သူ့အတန်းကို အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့အတွက် သင်ကြားနေကြသော ကျောင်းသားအားလုံးပင် တက်ကြရ၏။ ဤနေ့အဖို့ တစ်နာရီသာ အတန်းတက်ရလေသည်။

**ဘဏ်တိုက်များ ။** (၁၁)နာရီ ကျောင်းဆင်းလျှင်ဘာကလေးဘဏ်တိုက်[၂] တွင်ငွေသွင်းရန် ကိုစံမောင်နှင့်အတူ ကောန်မက္ကက်လမ်း[၃] သို့ထွက်ခဲ့ကြလေသည်။ရောက်သောအခါ ကျွန်တော့်လက်ရှိ ငွေအားလုံးအပ်နှံ ထားခဲ့၏။ အင်္ဂလန်တွင် လူအများပင်ဘဏ်မှာငွေအပ်နှံ ထားလေ့ရှိကြလေသည်။

---

၁။ Sir Vene Lovat

၂။ Barclay Bank

၃။ Corn-Market Street

မြန်မာပြည်မှာကဲ့သို့ ငွေပို့ရှိမှ ဘဏ်မှာအပ်နှံထားကြသည်မဟုတ် လက်ထဲတွင် ရှိသမျှသောငွေတို့ကို အပ်နှံထားကြပြီးလျှင် လိုသောအခါကျမှ ထုတ်ယူလေ့ရှိကြ ကုန်၏။ ထို့ကြောင့်နေ့စဉ်နေ့တိုင်း ဘဏ်များ၌ စည်ကားလျက် နေလေသည်။ အောက်စ်ဖို့ဒ်တစ်မြို့ထဲတွင်ပင် ဘဏ်၃-၄ဘဏ်ရှိ၏။ ဈေးဝယ်သောအခါများ တွင်လည်း ချက်လက်မှတ်များကိုသာလျှင်ပေးလေ့ရှိလေသည်။ ငွေပျောက်ရှခြင်း။ သူခိုး အခိုးခံခြင်းဘေးတို့မှ ကင်းလေသည်။ များစွာအကျိုးရှိသော အလေ့အထ ပေတည်း။

## ၁၂၈၉-ခုနှစ်။ သီတင်းကျွတ်လဆုတ် ၁၀-ရက်နေ့ (၂၃-၁၀-၂၇)

**အိန္ဒိယကျောင်းသားများအသင်း ။** နံနက်စာမစားမီ ကျွန်တော့်အခန်းထဲ မှာပင်စာကြည့်နေခိုက် အခြားအခန်း တွင်နေထိုင်သောဂျိုရှီ* ဝင်လာပြီးလျှင် အိန္ဒိယကျောင်းသားများ၏ဖိတ်စာ တစ်စောင်ကိုပေးလေသည်။ ၎င်းဖိတ်စာကို ဖတ်ကြည့်ရာ ည ၈ နာရီခွဲအချိန်တွင် သူတို့၏အသင်းတိုက်၌ ကျောင်းသားသစ်များနှင့်ကျောင်းသားဟောင်းများ မိတ်ဖွဲ့ရန် အစည်းအဝေး ပွဲကိုကျင်းပမည့်အကြောင်းသိရ၏။ ဖိတ်စာယူလာသူ ဂျိုရှီအား၎င်းအသင်းတိုက်သို့မသွားတတ်ဟု ပြောပြသောအခါ ညစာစားပြီးချိန် တွင် ကျွန်တော်တို့၏ကျောင်းဝ၌လာ၍စောင့်နေမည်ပြောသောကြောင့် ၎င်း အသင်း အစည်းအဝေးသို့သွားမည်ဟု ဝန်ခံလိုက်လေသည်။

ထိုနေ့ကား တနင်္ဂနွေနေ့ဖြစ်သောကြောင့် အတန်းမတက်ရ၊ တစ်နေ့လုံး မြန်မာပြည်သို့စာရေး ၊ သတင်းစာဖတ်နှင့် အချိန်ကုန်လွန်ခဲ့၏။ညနေ လက်ဖက် ရည်သောက်ချိန်တွင် ကိုကျင်နှင့်ကိုရွှေဘော် ပေါက်လာသဖြင့် သူတို့နှင့်အတူပင် လက်ဖက်ရည်သောက်ရင်း တွေ့ကရစကားများကို ပြောဆိုနေကြသည်နှင့်ပင် (၆)နာရီထိုးလေသည်။ ကိုကျင်တို့ပြန်သွားကြပြီးနောက် များမကြာမီ ကျောင်း တွင် ညစာစားသောက်ရန် နေအိမ်မှထွက်ခဲ့၏။ ကျောင်းခန်းမကြီးထဲသို့ဝင်မည် ပြုမှ ဝတ်လုံမပါလာမှန်းသိရလေသည်။ အိမ်ပြန်ယူရန်လည်းအချိန်မရှိ။ ကိုကျင့် ထံ သွားငှားရမည်ကလည်း ကိုကျင်ကိုယ်တိုင်ညစာစားလျှင် ဝတ်လုံကိုဝတ်ရမည်။ မကြံတတ်သည်နှင့် အခန်းထဲသို့မဝင်ဘဲ ကိုကျင်တို့ကျောင်းနှင့်မနီးမဝေးရှိ ဆိုင်

---

* Joshi

တစ်ဆိုင်တွင်ညစာကို ဝင်စားရလေသည်။

ညစာစားပြီးလျှင် ဂျိုရှီနှင့်ချိန်ထားသည့်အတိုင်း ကျောင်းအဝင်ဝ နာရီစင်ကြီးအောက်သို့ ထွက်လာခဲ့၏။ ရောက်သောအခါ ကျွန်တော့်အား စောင့်နေသောဂျိုရှီနှင့် တွေ့၍ နှစ်ယောက်သား အိန္ဒိယကျောင်းသားများ အသင်းတိုက်သို့ သွားကြလေသည်။ ကျွန်တော်တို့ အနည်းငယ်နောက်ကျနေ၏။ အခြားကျောင်းသားများရောက်နှင့်နေကြလေပြီ။ ဂျိုရှီက ကုလားကျောင်းသား များနှင့် ကျွန်တော့်အား မိတ်ဖွဲ့ပေးလေသည်။ အသင်းတိုက်အတွင်း ကုလား ကျောင်းသားများမှာ ဆူဆူညံညံနှင့်နေကြ၏။ "ကုလားတိုက် ကျားဝင်" ဟူသော စကားကို သွား၍သတိရမိလေသည်။ အောက်စ်ဖို့ဒ်သို့ ရောက်နေသည်မှာ နှစ် နှစ်-သုံးနှစ်ကြာနေပြီဖြစ်သောကျောင်းသားတို့က ကျောင်းသားသစ်များ အပေါ်တွင် အထူးဂိုက်ထုတ်နေကြသည်ကိုလည်း မြင်ရလေသည်။

ဆူညံဆူညံလုပ်၍ဝကြသောအခါ အစည်းအဝေးပွဲကိုစတော့၏။ အစည်း အဝေးစသောအခါ အသင်းဥက္ကဋ္ဌလုပ်သူက ကျောင်းသားသစ်များနှင့်တွေ့ဆုံကာ မိတ်ဆွေဖြစ်ကြရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ကျောင်းသားသစ်တိုင်း အသင်းဝင်လိမ့်မည်ဟုမျှော်လင့်ကြောင်း၊ အကျပ်အတည်းနှင့်တွေ့ကြုံလျှင် အသင်းကအမြဲပင်ကူညီစောင့်ရှောက်မည်ဖြစ်ကြောင်းများကို ပြောကြား လေသည်။ ဥက္ကဋ္ဌကစကားပြောပြီးသောအခါ အခြားအသင်းသားတို့မှာ ဟိုနေရာ မှ ထပြော၊ သည်နေရာမှထပြောနှင့် တသောသောဆူညံ၍နေတော့၏။ တစ် ယောက်ပြောသည်ကို တစ်ယောက်ကပြောင်လှောင်၏။ စကားပြောသူတို့ ကလည်း အများအားဖြင့် မဆီမဆိုင်သည်ကို ပြောလိုပြော၊ နားထောင်နေသူတို့ ကလည်း အချက်မကျဘဲ လက်ခုပ်တီးလိုတီး၊ လှောင်လိုလှောင်နှင့် လုပ်နေကြ လေသည်။ တစ်စုံတစ်ယောက်သောသူ စကားပြော၍ကောင်းတုန်းတွင် ခြေသံ ခပ်ပြင်းပြင်းနှင့် အခန်းတွင်းသို့ ဝင်လာလိုဝင်လာ၊ အခန်းပြင်သို့ ထွက်သွားလို ထွက်သွားနှင့် စည်းမဲ့ကမ်းမဲ့ ကြနေကြကုန်၏။ အလွန်တရာမှပင် စိတ်ပျက်ဖွယ် ကောင်းလေသည်။

အဆိုပါကုလားကျောင်းသားတို့၏အစည်းဝေးပွဲတွင် ပတော်ဒီ နယ်စား[၁] ကိုလည်းတွေ့မြင်ခဲ့ရလေသည်။ ထိုသူမှာကစားခုန်စားဘက်တွင် အတော်ကလေး နာမည်ထွက်သူဖြစ်၏။ အောက်စ်ဖို့ဒ်တက္ကသိုလ်အတွက် ခရက် ကတ်၊ ဘီလိရက်၊ ဟော်ကီတို့ကိုကစားရသောကြောင့် အောက်စ်ဖို့ဒ်အပြာ သုံးမျိုးကိုရသူတည်း။ အောက်စ်ဖို့ဒ်တွင် အောက်စဖို့ဒ်အပြာ[၂] ကိုရသည်မှာ အတော် ဂုဏ်ရှိလေသည်။ ထိုပတော်ဒီနယ်စားမှာ အိန္ဒိယကျောင်းသားတို့၏ဂုဏ်ထူး

---

၁။ Nawab of Patudi ၂။ Oxfoid Blue

ဆောင်ဖြစ်၏။ သို့သော် သူလည်းလူဆူတစ်ယောက်ဖြစ်လေသည်။

အသင်းအစည်းအဝေးပွဲ ပြီးသောအခါ ဂျိုရှီနှင့်အတူပင် အသင်းတိုက်မှ နေအိမ်သို့ ပြန်ခဲ့ကြလေသည်။ လမ်းတွင် ဂျိုရှီကအသင်းအစည်းအဝေးပွဲကို မည်သို့သဘောရပါသနည်းဟုမေးရာ "အတော်သားဘဲ"ဟု ပြောလိုက်သည်။ စိတ်ထဲတွင်မူကား "ကုလားတိုက် ကျားဝင်"ဟူသောစကားကို ဖျောက်မရသေးပေ။

## ၁၂၈၉-ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့
## ( ၂၆-၁၀-၂၇ )

---

**ကျောင်းသားမဂ္ဂဇင်းများ ။** အိန္ဒိယကျောင်းဆောင်၌ ရာဇဝင်တန်းကို တက်ပြီးလျှင်အပြန်လမ်းထဲတွင် အမယ်အိုကြီးတစ်ယောက်ရောင်းနေသော အိုက်ဆစ်* ခေါ်ကျောင်းသားမဂ္ဂဇင်းတစ်စောင်ဝယ်ခဲ့လေသည်။ တစ်ညနေလုံးပင် ၎င်းမဂ္ဂဇင်းနှင့်အချိန်ကုန်၏။ ၎င်းမဂ္ဂဇင်း၏ အမည်ကို တက္ကသိုလ်ကျောင်းသားတို့၏ လှေပွဲများကျင်းပရာ အိုက်ဆစ်ခေါ်မြစ်မှ ယူလေသည်။ တက္ကသိုလ်ကျောင်းသားများကိုယ်တိုင် အုပ်ချုပ်ကာ ထုတ်ဝေသော မဂ္ဂဇင်းဖြစ်လေသည်။ မည်သည့်ကျောင်းတိုက်နှင့်မျှမသက်ဆိုင်ချေ။ ၎င်း အိုက်ဆစ်မဂ္ဂဇင်းကို ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေ၏။ စာတည်းကိုလည်း ကျောင်းသားအချင်းချင်းကပင်ခန့်ကြလေသည်။ စာတည်းကျောင်းထွက်ခါနီးတွင် သင့်လျော်သောကျောင်းသားတစ်ယောက်ကို ရွေးကာ မိမိနေရာကိုလွှဲအပ်၍ပေးခဲ့ရ၏။ အတော်ပင်စနစ်ကျလေသည်။

၎င်းမဂ္ဂဇင်းမှာ ကျောင်းသားများသဘောအလျောက်ထုတ်ဝေသော မဂ္ဂဇင်းဖြစ်သောကြောင့် ရေးသားပုံမှာ ကျောင်းသားများနှင့်လွန်စွာမှပင်သင့်တော်ပေသည်။ ခေါင်းကြီးပိုင်းကို ဖတ်လိုက်ရသည်နှင့်မတူ။ ကျောင်းသားများ၏ လေသံ၊ ကျောင်းသားများ၏အာဘော်မှာပေါ်၍လာလေသည်။ ရယ်ရွှင်ဖွယ်ရာများကိုလည်းကောင်း ကျောင်းသားတို့အား ခပ်နောက်နောက် ရေးသားထားသည်ကိုလည်းကောင်း ၊ တက္ကသိုလ်အဖွဲ့အား အပြစ်ဆိုထားသည်များကိုလည်းကောင်း ၊ ထိုခေါင်းကြီးပိုင်းတွင် တွေ့မြင်ရလေသည်။ ခေါင်းကြီးပိုင်းမှာ စာတည်း၏လက်ရာသာဖြစ်လေသည်။ စာတည်းကရွှင်ပျသူဖြစ်လျှင်ခေါင်းကြီး

---

* The Isis

ပိုင်းမှရှင်ပျမည်ပင်။ စာတည်းမှာလူတည်ဖြစ်လျှင် ခေါင်းကြီးပိုင်းမှာ တည်မည်ဖြစ်၏။ ထိုအခါက စာတည်းကား ခရိုက်ချပ်ချ်ကျောင်းသားဖြစ်လေသည်။ ခေါင်းကြီးပိုင်းအပြင် အောက်စ်ဖို့ဒ်၌ စာပေဖက်၊ ကစားဖက်၊ စကားဖက်မှစ၍ အဖတ်ဖတ်တွင် ထူးချွန်သော ကျောင်းသားတို့၏ အတ္တုပတ္တိတစ်စောင်လည်း အပါတ်စဉ်ပါလေသည်။ ထိုပြင်ကစားသတင်းများ ၊ သမဂ္ဂသတင်း ၊ စကားစစ်ထိုးပွဲသတင်းများ ၊ စာပေနှင့်ပတ်သက်သောသတင်းများလည်း ပါလေသည်။

ဤမဂ္ဂဇင်းအပြင် အခြားကျောင်းသားမဂ္ဂဇင်းများလည်းရှိသေး၏။ သို့ရာတွင် ကျောင်းသားများသည်ဤမဂ္ဂဇင်းလောက် အခြားမဂ္ဂဇင်းများကို မနှစ်သက်ကြချေ။ ကောင်းလည်းမကောင်းလှ။ ချာဝယ်*ဆိုသော မဂ္ဂဇင်းမှာ ဝယ်ဖတ်သူမရှိသောကြောင့် ပျက်လုပျက်ခင်ဖြစ်နေသည်ကို မြင်ရ၏။ ၎င်းချာဝယ်မဂ္ဂဇင်းအပြင် အောက်စ်ဖို့ဒ်တက္ကသိုလ်ရီဗျူးခေါ်မဂ္ဂဇင်းတစ်စောင်လည်းရှိသေး၏။ ၎င်းကတစ်လတစ်ကြိမ်ထွက်သောမဂ္ဂဇင်းတည်း။ ရေးသားပုံမှာလည်း စာသံပေသံပါလှ၏။

## ၁၂၈၉ ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။ (၂၈-၁၀-၂၇)

---

**မြန်မာသတင်းစာဂျာနယ်များ ။** အိန္ဒိယကျောင်းဆောင်တွင် ရာဇဝင်အတန်းတက်ပြီးလျှင် ကိုကျင်၏အခန်းသို့ထွက်လာခဲ့၏။ အခန်းထဲဝင်သွားသောအခါ အခန့်သင့်ပင် ကိုကျင်နှင့်တွေ့လေသည်။ ထိုအခိုက်တွင် ကိုကျင်ကားမြန်မာပြည်မှရောက်လာသောစာ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များကိုဖတ်နေ၏။ ကိုကျင့်ထံသို့ မိတ်ဆွေများကရေးလိုက်သော စာများတွင်ပါသော မြန်မာပြည်သတင်းများကို ကျွန်တော့်ဖတ်ပြလေသည်။ များစွာအားရလျက်နေကြ၏။ သတင်းစာ၊ မဂ္ဂဇင်း ၊ ဂျာနယ်များကိုလည်း တစ်ခုပြီးလျှင်တစ်ခုဖတ်လျက်နေကြကုန်၏။

ကျွန်တော်ကား မြန်မာပြည်မှထွက်လာစဉ်က အောက်စ်ဖို့ဒ်တက္ကသိုလ်မည်သည့်ကျောင်းတိုက်သို့ ရောက်မည်မသိသောကြောင့် မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့အား ကျွန်တော်ထံစာရေးရန် လိပ်ကိုမပေးခဲ့ရပေ။ အခက်နှင့်ကြုံလေတော့၏။ လန်ဒန်သို့ရောက်၍ ခရိုက်ချပ်ချ်ကျောင်းတိုက်သို့ဝင်ရမည်ဟု သိသောအခါကျမှ

---

* The Cherwell

ကျွန်တော်ထံစာပေးရန်လိပ်ကို မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့ထံပို့လိုက်ရလေသည်။ ကျွန်တော်၏စာများမှာ မြန်မာပြည်သို့ပင်ရောက်ကြဦးမည်မထင်။ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့၏ စာများကိုမျှော်လင့်ရန်ကား အသို့တတ်နိုင်ပါအံ့နည်း။

ကိုကျင်ဖတ်ပြီးသောသတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်အားလုံးကို သိမ်းရုံးကာ နေအိမ်သို့ယူခဲ့၏။ နေ့စာစားသောက်ပြီးသည်မှ ညစာစားချိန်တိုင်အောင် အဆိုပါ မြန်မာသတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် တို့ကို ဖတ်လေသည်။ ကျွန်တော်အတွက် ရတနာပုံဆိုက်သောနေ့ပေတည်း။

## ၁၉၂၉ ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့။
## ( ၃၀-၁၀-၂၇ )

---

**မာစ်တန်ရွာကလေး[၁]။** ကျွန်တော်တို့အား ဗြိတိသျှရာဇဝင်နှင့်ခနပေဒပညာ တို့ကို သင်ကြားပြသောဆရာ မစ္စတာဖစ်ဂျရယ်က ညနေ ၄နာရီခွဲ အချိန်တွင် အောက်စ်ဖို့ဒ်နှင့် ၃ မိုင်ခန့်ကွာသော မာစ်တန်ရွာရှိ မိမိ၏အိမ်၌လက်ဖက်ရည်သောက်ရန် ဖိတ်ထားသောကြောင့် ညနေ၃ နာရီခွဲ အချိန်ကပင် ကိုစံမောင်နှင့်အတူထွက်ခဲ့ကြလေသည်။ နာမည်ကျော် မော့ဒ်လင် ကျောင်းတိုက်မျှော်စင်[၂] မော့ဒ်လင်တံတားတို့ကိုကျော်ကာ လျှောက်၍သွားကြ လေသည်။ အချိန်စောသေးသောကြောင့် မော်တော်ဘတ်မစီးဘဲ လျှောက်သွား ကြခြင်းဖြစ်လေသည်။ လမ်းမသိသောကြောင့် လမ်းထဲတွင်တွေ့သော ပုလိပ်များ၊ လမ်းရှောက်နေကြသူများကို မေးရင်းနှင့်ပင်လျှောက်သွားကြလေသည်။ အောက်စ်ဖို့ဒ် အပြင်ဖက်သို့ရောက်လာသောအခါ ညီညာသော မြက်ခင်းများ၊ ရှင်းလင်းလျက်နေသော ဆင်ခြေလျှောတောင်ကုန်းကလေးများ၊ ကျောင်းတိုက် အသီးသီးတို့၏ကစားကွင်းများကို တွေ့မြင်သွား၏။

လေးနာရီဆယ့်ငါးမိနစ် အချိန်တွင် မစ္စတာဖစ်ဂျရယ်၏အိမ်သို့ရောက်ကြ လေသည်။ ဧည့်ခန်းထဲတွင် ကျောင်းသားလေးငါးယောက် ရောက်နှင့်နေကြ လေပြီ။ မစ္စတာဖစ်ဂျရယ်လည်း ကျွန်တော်တို့အား ထိုကျောင်းသားတို့နှင့်မိတ်ဖွဲ့ ပေးပြီးလျှင်လက်ဖက်ရည်တည်တော့သည်။ လက်ဖက်ရည်သောက်ရင်းစကား ပြောရသည်မှာ အားရပါးရမရှိလှပေ။ တစ်ယောက်ကစကားတစ်ခွန်းကိုစလိုက်၏။

---

၁။ Marston ၂။ Magdalen College Tower

နောက်တစ်ယောက် ကၖင်းအကြောင်းနှင့်ပတ်သက်၍ ထောက်ခံပြာဆိုလိုက်လေသည်။ အခြားတစ်ယောက်က ဤအကြောင်းနှင့်ပတ်သက်၍ မိမိသိထားသည်ကိုပြောပြန်၏။ ပြီးလျှင်အတန်ကြာငြိမ်သက်နေကြပြန်လေသည်။ ထို့နောက်တစ်ယောက်သောသူက အကြောင်းတစ်မျိုးကို စလိုက်ပြန်၏။ ယခင်နည်းအတိုင်းတစ်ယောက်တစ်မျိုး ဝတ်ကျေဝတ်ကုန် ပြောကြပြန်လေသည်။ ဤနည်းအတိုင်းအသက်မရှိသော စက်၏ပမာ စကားပြောကြားနေကြသည်မှာ စိတ်ပျက်ဖွယ်ရာကောင်းလှပေတော့သည်။ မြန်မာပြည်မှာကဲ့သို့ စိတ်ထဲတွင်ရှိတိုင်း အားရပါးရပြောရမည်ဆိုပြန်လျှင်လည်း စကားများသူဟူ၍ ထင်မှတ်ကြမည်ကိုစိုးရသေးသည်။ သို့ဖြစ်သောကြောင့် ကျွန်တော့မှာ တိတ်တိတ်နေထောင်တန်ခဲ့ရပေ၏။ ခြောက်နာရီ ထိုးသောအခါ အားလုံးပင် မစ္စတာဖစ်ဂျရယ်အား နှုတ်ဆက်၍ ပြန်ခဲ့ကြသတည်း။

## ၁၂၈၉ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့ ။
## ( ၃. ၁၁. ၂၇ )

---

**မြန်မာပြည်သား ။** ကျောင်းတွင်ညနေစာကိုစားပြီးနောက် အိမ်သို့ပြန်ခဲ့၏။ အိမ်ရောက်သောအခါ အိပ်ရန်စောနေသေးသောကြောင့် မြန်မာပြည်ရှိ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့ထံသို့စာရေးသားနေခိုက်အိမ်ရှင်အမယ်ကြီး ဝင်လာပြီးလျှင် ကျွန်တော့်အားကျောင်းသားတစ်ယောက်ကတွေ့လိုကြောင်းပြောကြားလေသည်။ဝင်လာပါစေဟုပြောလိုက်သောအခါကျွန်တော်နှင့်တစ်ခါမျှမတွေ့ဖူး၊ မသိဖူးသော ကျောင်းသားတစ်ယောက်ဝင်၍လာလေသည်။ အရွယ်ကား ကျွန်တော့်အရွယ်ခန့်ပင် ရှိပေလိမ့်မည်။ ဆံပင်မဲမဲ၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်နှာပေါက်မှာ ပန်ချာပီလိုလို၊ ရေဝတီလိုလို၊ ထူသူအားကျွန်တော့် အနားတွင်ရှိသော ကုလားထိုင် အလွတ်တစ်လုံးပေါ်တွင်ထိုင်ပါဟုပြောပြီးလျှင် မည်သို့ဆက်၍စကားပြောရမည်မသိသောကြောင့်အတော်ကလေးကြာအောင်ပင် စဉ်းစားလျှက်နေမိ၏။ ထိုအခါဧည့်သည်ကပင်စတင်၍ သူ၏အဖေမှာ မြန်မာပြည်တွင် ဆေးဆရာဝန်အဖြစ်ဖြင့် အစိုးရအမှုကိုထမ်းရွက်နေကြောင်း၊ အမည်မှာ ဆေဂေါ်* ဖြစ်ကြောင်း၊ သူ့ကို မြန်မာပြည်မှာပင်မွေးကြောင်း၊ သူ့အားငယ်ငယ်ကတည်းက ပညာသင်ကြားရန်အင်္ဂလန်သို့ ပို့ထား

---

* Saigol

ကြောင်း၊ အောက်စ်ဖို့ဒ်တက္ကသိုလ် ခရိုက်ချပ်ချ်ကျောင်းတိုက်သို့ ရောက်နေသည်မှာသုံးနှစ်ပင်ရှိပြီဖြစ်ကြောင်း၊ လူသစ်များစာရင်းတွင်မြန်မာပြည်မှလာသော ကျွန်တော်၏အမည်ကို တွေ့မြင်ရသောကြောင့် လာ၍တွေ့ဆုံ မိတ်ဖွဲ့ကြောင်းများကိုပြောကြားလေသည်။ ထိုသူပြောသောစကားကို ကြားလိုက်သောအခါ တစ်မျိုးအားတက်မိပေ၏။ ကျွန်တော်နှင့်မသိဖူးပါဘဲလျက် ဤကဲ့သို့ အားပေးစကားပြောကြားသည့်အတွက် ဆေဂေါ်အားကျေးဇူးတင်၍မဆုံးပြီ။

ကျွန်တော်ကမသိသောအချက်ကိုမေး၊ သူကသတိပေးစရာရှိသည် တို့ကိုပေးနှင့် နှစ်ယောက်သားအတော်အလွမ်းသင့်သွားကြလေသည်။ အောက်စ်ဖို့ဒ်တွင် ဘော့လုံးကစားခြင်း၊ လှေလှော်ခြင်း၊ ဘောလုံးရိုက်ခြင်းတစ်မျိုးမျိုးကိုပြုလုပ်သင့်ကြောင်း။ သို့မှသာလျှင် ကျောင်းသားများနှင့်အသိအကျွမ်းဖြစ်ပြီးလျှင် ကျောင်းအကြောင်း၊ ကျောင်းသားတို့အကြောင်းတိုကို သိနိုင်မည်ဖြစ်ကြောင်းကိုပြောပြလေသည်။ ကျွန်တော်မှာရောက်ခါစဖြစ်သောကြောင့် ရာသီဉတုနှင့်များစွာပနံမစားသေးသောကြောင့် အိမ်ထဲမှာပင် ကုပ်နေချင်သေးကြောင်း၊ နောင်အနေအထားအတော်ကလေးကျလာမှ ကစားတစ်မျိုးမျိုးကိုကစားမည်ဖြစ်ကြောင်း ပြန်ပြောလိုက်၏။ ဤသို့စကားကောင်းနေကြသည်မှာ ၁၀နာရီသို့တိုင်တော့သည်။ ၁၀နာရီ ထိုးပြီးနောက်မှ ဆေဂေါ်သူ၏နေအိမ်သို့ပြန်သွားလေသတည်း။

## ၁၉၈၉ ခုနှစ်။ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်နေ့။<br>( ၅-၁၁-၂၇ )

---

**ဂိုင်ဖေါက်စ်နေ့* ။** ညစာစားသောက်ရန် ကျောင်းသို့အသွားလမ်းထဲတွင် ကလေးတတွေ မီးအိုးများကိုဖေါက်၊ မီးပန်းများကိုရှို့နှင့် အထူးဆူညံနေကြသည်ကို တွေ့မြင်ရလေသည်။ ထူးဆန်းသည်ဟု စိတ်ထဲတွင်ထင်မိ၏။ ခန်းမကြီးထဲရောက်၍ ညစာစားသောက်နေခိုက် ကျွန်တော့်မိတ်ဆွေ ဘီ-ဘီ-ဆင်းဂ်က ထိုနေ့သည် ဂိုင်ဖေါက်စ်နေ့ ဖြစ်ကြောင်း၊ ညစာစားသောက်ပြီးလျှင် ကျောင်းသားများရှုပ်ပွေမြူးတူးကြသည်ကို သွားရောက်ကြည့်ရှုလျှင် ကောင်းမည်ဖြစ်ကြောင်း ပြောလေသည်။ ဂိုင်ဖောက်စ်ကား အင်္ဂလိပ်ပါလီမန်ကို ဖြိုပစ်ရန်လုပ်ကြံသူတည်း။ သို့သော်သူ၏အကြံမှာ မအောင်မြင်။ ထိုအကြောင်း

---

* Guy Fawkes Day

ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ၅ ရက်နေ့တွင် မီးအိုးဖေါက်၊ မီးပန်းရှို့ကာ မြူးတူးပျော်ပါးလေ့ရှိကြလေသည်။

ညစာစားသောက်ကြပြီးနောက် နှစ်ယောက်သား ကျောင်းမှထွက်လာခဲ့ကြပြီးလျှင် ကာဖက်စ်[၁] ခေါ် အောက်စ်ဖို့ဒ်တွင် လူစည်ကားသည့် လမ်းဆုံလမ်းခွသို့သွားကြ၏။ ၎င်းနေရာတွင် ထွေးလုံးရစ်ပတ်နှင့် တိုးလားဝှေ့လားလုပ်နေကြသည်ကို မြင်ရလေသည်။ မီးအိုးများ၊ မီးပန်းများကိုလည်း ဖေါက်ရှို့ကြကုန်၏။ တစ်ဖက်မှကျောင်းသားဆယ်ယောက်ခန့်လက်တွဲပြီးလာ၊ အခြားတစ်ဖက်မှလည်း ကျောင်းသားဆယ်ယောက်၊ ဆယ့်ငါးယောက်ခန့်လက်တွဲပြီးလာ၊ ထိုနှစ်သင်းတို့ ရင်ဆိုင်ဆုံမိကြသောအခါ အားရပါးရတိုးကြကုန်၏။ အားနည်းသောလူစုက အားမတန်သဖြင့် မာန်ကိုလျှော့ကြရလေသည်။ တစ်ခါတစ်ခါ လဲကြ၏။ တစ်ခါတစ်ခါလည်း လူအားကောင်းသောဘက်သို့ပါသွားကြလေသည်။ ဤနည်းအတိုင်း တစ်ဖက်နှင့်တစ်ဖက် တိုးလားဝှေ့လားနှင့်သာ ဆူညံနေကြလေတော့၏။ လမ်းဘေးမှ ရပ်ကြည့်နေသူတို့လည်း မရှားပေ။ ပုလိပ်များမူကား မလှုပ်မရှက်ရပ်နေကြလေသည်။ ကျောင်းသားအချို့တို့က ထိုပုလိပ်တို့အား နောက်တောက်တောက်လုပ်ကြသေး၏။ သို့သော်ပုလိပ်များမူကား အိန္ဒြေမပျက်ပင်။ စိတ်ဆိုးခြင်းလည်းမရှိကြ၊ တစ်နှစ်တစ်ခါပျော်ကြပေတော့ဟု မပြောသော်လည်းပြောသကဲ့သို့ မျက်နှာထားများနှင့် ရပ်နေကြသည်ကို မြင်ရလေသည်။ ထိုကျောင်းသားများ၊ ကလေးများ၊ မိန်းကလေးများ ရှုပ်ထွေးနေကြသည်ကို နာရီဝက်ခန့် ရပ်ကြည့်နေကြပြီးနောက် နေအိမ်သို့ ပြန်ခဲ့ကြကုန်၏။ မည်မျှကြာအောင် ရှုပ်ထွေးဆူညံနေကြဦးမည်ကိုကား မသိပြီ။

**၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်နေ့။**
**( ၁၄-၁၁-၂၇ )**

---

**ဆရာဒမ်းဒပ်စ် ။** နံနက်စာ စားသောက်ပြီးနောက် ဆေးလိပ်သောက်နေခိုက် ခါးပိုက်ဆောင်နေ့စဉ်မှတ်တမ်းစာအုပ်ကိုဖွင့်ကြည့်ရာ နေ့ခင်း(၁)နာရီ အချိန်တွင် ခရိုက်ချပ်ခ်ျကျောင်းအတွင်း ဆရာဒန်းဒပ်စ်[၂]၏ အခန်း၌နေ့စာစားသောက်ရန် ဆရာဒန်းဒပ်စ်ကဖိတ်ထားကြောင်း တွေ့ရ၏။

---

၁။ Carfax
၂။ Mr. Dundas

ဆရာဒန်းဒပ်စ်နှင့် သိလည်းမသိဖူး၊ သူ့ကိုမြင်လည်းမမြင်ဖူးပေ။ ကျောင်းအုပ်ကြီးနှင့်ကျောင်းဆရာများသည် ကျောင်းသားသစ်ကလေးတို့အား နံနက်စာ၊ နေ့စာများကို ဖိတ်ကျွေးလေ့ရှိသည်ဟူ၍ကား ကြားဖူးလေသည်။

၁၂ နာရီခွဲသောအခါ အဝတ်အစားလဲပြီးလျှင် ဆရာဒန်းဒပ်စ်၏ အခန်းသို့ ထွက်လာခဲ့၏။ သူ၏အခန်းကား ကျောင်းသားများစုဝေးရာ ဂျေ-စီ-အာ အခန်းအထက်ထပ်တွင် ရှိလေသည်။ အခန်းတံခါးကို ခေါက်လိုက်သောအခါ အစေခံတစ်ယောက် ထွက်လာပြီးလျှင် အမည်ကိုမေး၏။ အမည်ကို ပြောလိုက်သောအခါ ထိုအစေခံမှာ အခန်းထဲသို့ ပြန်ဝင်သွားလေသည်။ ကျွန်တော်ကား မဝင်ရသေး။ ခဏကြာမှထွက်လာပြီးလျှင် အတွင်းသို့ဝင်ခဲ့ရန်ပြော၏။ အခန်းထဲသို့ ရောက်သွားသောအခါ ဆရာဒန်းဒပ်စ်ကကောင်းစွာနှုတ်ဆက်ပြီးလျှင် ရောက်နှင့်နေကြသော ကျောင်းသားနှစ်ယောက်နှင့်မိတ်ဖွဲ့ပေးလေသည်။ ထိုကျောင်းသားတို့မှာလည်းကျွန်တော်ကဲ့သို့ပင်လူသစ်များဖြစ်ကြ၏။ သို့သော် သူတို့နှင့် တစ်ခါမျှ စကားမပြောဖူးသေးပေ။

သူတို့နှင့်တွေ့ရာလေးပါး စကားပြောနေကြခိုက် ဆရာဒန်းဒပ်စ်က သူသည် ကမ္ဘာစစ်ကြီးအတွင်းက ရန်ကုန်မြို့သို့ ရောက်ဖူးကြောင်း။ဆရာ ဦးဖေမောင်တင် ဆရာလုစ်တို့နှင့်လည်းသိကြောင်း။ ဆရာဦးဖေမောင်တင်မှာ ပညာအရည်အချင်းနှင့်များစွာပြည့်စုံကြောင်း။ ဆရာဦးဖေမောင်တင်၏ကျေးဇူးကြောင့် အနောက်နိုင်ငံများတွင် ဗုဒ္ဓဘာသာအကြောင်း အတော်သိနားလည်ကြ ကြောင်းများကို ပြောပြပြီးလျှင် ကျွန်တော်နှင့်ဦးဖေမောင်တင်တို့ ဆွေမျိုးတော် မတော်ကိုလည်း မေးလေသည်။ ကျွန်တော်က ဆရာဦးဖေမောင်တင်နှင့်ဆွေမျိုးမတော်သော်လည်း ဆရာတင့်တပည့်ရင်းဖြစ်ကြောင်းကို ပြောပြသောအခါ ဆရာဦးဖေမောင်တင် ထံစာရေးလျှင် သူကသတိရကြောင်းကိုလည်း ရေးလိုက်ရန်မှာ၏။ စကားပြော၍မဆုံးမီသူ မြန်မာပြည်ရောက်စဉ်က ဝယ်ခဲ့သောသစ်သားရုပ်များ၊ ကြေးရုပ်များကိုလည်း ပြလေသည်။ အချို့မှာစားပွဲပေါ်တွင်၊ အချို့ကားနံရံများ အပေါ်၌ထိုင်နေရပ်နေကြသည်ကိုမြင်ရ၏။ ၎င်းအရုပ်များကို မြင်ရသောအခါ ကျွန်တော့်မှာများစွာဝမ်းမြောက်မိလေသည်။ အကြောင်းကား ကိုယ့်တိုင်းပြည်၏လက်ရာများကို နိုင်ငံခြားတွင် အမြတ်တနိုးသိမ်းဆည်းထားသည်ကို တွေ့ရသောကြောင့်တည်း။ ၎င်းအရုပ်များတွင် ကြော့နေအောင် မဟာခြေဖျားကို ခတ်ဟန်ပြုနေသောကြေးရုပ်တုတစ်ခုလည်းပါလေသည်။ ထိုအရုပ်ကိုမြင်ကြရသောအခါ နေ့လည်စာစားရန်ကြသောကျောင်းသားကလေးတို့လည်း ချီးမွမ်းအံ့သြ၍မဆုံးတော့ပြီ။ ဤသို့သူတို့တတွေ ချီးမွမ်းနေကြသည်ကိုကြားရသောအခါ ကျွန်တော့်မှာ များစွာဂုဏ်တက်မိ၏။ အနောက်နိုင်ငံများတွင် အဟောင်းအမြင်း၊ အထူးအဆန်းတို့ကို ဂရုစိုက်ကာ စုဆောင်းလေ့ရှိကြသည်။ ဤသို့ စုဆောင်းကြပြီးနောက် အမြတ်တနိုးလည်းထားကြကုန်၏။ သို့ကြောင့်လည်း

အနောက်တိုင်းသားတို့သည်ဗဟုသုတနှင့်ပြည့်စုံပေသည်ဟုတွေးတောမိလေသည်။

ဤသို့စကားပြောနေခိုက် ကျောင်းသားသုံးယောက် ပေါက်လာကြပြန်၏။ သူတို့ကလည်း ကျွန်တော်ကဲ့သို့ ကျောင်းသားသစ်ကလေးများပင်။ကျွန်တော်တို့အား နောက်မှရောက်ကြကြသော ကျောင်းသားတို့နှင့် မိတ်ဖွဲ့ပေးပြီးနောက် နေ့လည်စာကို ကျွေးလေတော့၏။ စားသောက်နေခိုက် စကားပြောကြပုံမှာ အားမရလှပေ။ ပွင့်ပွင့်လင်းလင်းမဟုတ်ကြ၊ များစွာသတိထားကာ ပြောကြလေသည်။ ဆရာဒန်းဒပ်စ်ကား ကျောင်းသားများကြောင်တောင်တောင် မဖြစ်ကြစေရန်၊ မရှက်ကြစေရန်၊ အားမနာကြစေရန် အထူးဂရုစိုက်ရှာပေသည်။ သို့သော်ကျွန်တော်တို့မှာကား ကြောင်တောင်တောင်၊ ရှက်တက်တက်ဖြစ်နေကြကုန်၏။

စားသောက်ကြပြီးနောက် ခေတ္တမျှထိုင်ကာ စကားပြောနေကြသေးသည်။ ဤသို့စကားပြောနေရာမှာလည်း အားရပါးရမရှိလှပေ။နောက်ဆုံး၌ဆရာဒန်းဒပ်စ်အား တစ်ယောက်ပြီးတစ်ယောက်နှုတ်ဆက်ကာ အခန်းတွင်းမှထွက်လာခဲ့ကြလေသတည်း။ကျွန်တော်ထွက်မလာမီ နှုတ်ဆက်သောအခါ ဆရာဒန်းဒပ်စ်က အကြောင်းတစ်စုံတစ်ရာရှိလျှင် သူ့အားလာပြောရန်အကြောင်း၊ ကူညီရန်အသင့်ရှိကြောင်း၊ ကိုယ့်တိုင်းပြည်နှင့်ဝေးနေသော်လည်း အားမငယ်ရန်အကြောင်းတို့ကိုပြော၍ လွှတ်လိုက်လေသည်။

## ၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်နေ့။ ( ၁၇-၁၁-၂၇ )

---

**အောက်စဖို့ဒ်တက္ကသိုလ် သမဂ္ဂအသင်း ။** ကျောင်းတွင်ညစာစားသောက်ပြီးနောက် နေအိမ်သို့မပြန်သေးဘဲ အော်ရီရယ်ကျောင်းတိုက် ကိုကျင်၏အခန်းသို့ ထွက်ခဲ့လေသည်။ ကိုရွှေဘော်လည်း ရောက်နေလေသည်။ ကျွန်တော်ရောက်လျှင်ရောက်ချင်းပင် ကိုကျင်က သူတို့သည် သမဂ္ဂအသင်းတိုက်စကားအခြေအတင်ပြောပွဲသို့ သွားမည်ဖြစ်သောကြောင့် သူတို့နှင့်အတူတူလိုက်ရန် ခေါ်လေသည်။ ကျွန်တော်လည်း မငြင်းဘဲ လိုက်သွား၏။ရောက်သောအခါ စကားအခြေအတင်ပြောပွဲစရန်အချိန်အနည်းငယ်စောနေသေးသောကြောင့် အသင်းတိုက်ရှိအခန်းအဆောင်ဆောင်တို့ကို လှည့်ပတ်ကြည့်ရှုကြလေသည်။

အသင်းတိုက်မှာနှစ်ထပ်တိုက်ဖြစ်၏။ ဘီလိယက်ကစားရာအခန်း၊ စာရေး

ရန်အခန်း၊ သတင်းစာဖတ်ရန်အခန်း၊ ဝါယာလက်နားထောင်ရန်အခန်း၊ လက်ဖက်ရည်သောက်ရန်အခန်းမှစ၍ အခန်းအသီးသီးတွင်းသို့ဝင်ရောက်ကြည့်ရှုကြလေသည်။စာရေးရာအခန်းတွင် အသင်းသားများစာရေးသားရန် အသင်းတံဆိပ် ရိုက်နှိပ်ထားသော စာရေးစက္ကူ စာအိပ်၊ ကလောင်၊ မင်အိုးများ ရှိလေသည်။ ငါးသား ၄-၅ ယောက် ငြိမ်သက်စွာ စာရေးနေကြသည်ကို မြင်သောကြောင့် သူတို့အားမနှောင့်ယှက်လိုသဖြင့် အသာထွက်လာကြ၏။

ထိုအခန်းမှ ထွက်လာခဲ့ကြပြီးနောက် ပိဋကတ်တိုက်အတွင်းသို့ ဝင်ကြပြန်သည်။ ဤပိဋကတ်တိုက်တွင်ထားသော စာအုပ်များကား နောက်ဆုံးပေါ်၊ ခေတ်မှီသောစာအုပ်များ ဖြစ်လေသည်။ ကာလပေါ်ဝတ္ထုစာအုပ်များလည်း အမြောက်အမြားပင် ရှိ၏။ ကျောင်းတိုက် ပိဋကတ်တိုက်၊ တက္ကသိုလ်ပိဋကတ်တိုက်များတွင်ကားဌင်းစာအုပ်မျိုးမထား၊ နက်နဲသောစာအုပ်များ၊ ရှေးဟောင်းစာအုပ်များကိုသာထားလေသည်။ အသင်းပိဋကတ်တိုက်အတွင်း ကျောင်းသား ၃-၄ ယောက်မှာ ငြိမ်သက်စွာစာဖတ်နေကြသည်။ ထိုအခန်းမှ ထွက်လာခဲ့ကြပြီးနောက် ဝါယာလက်ထားရာအခန်း၊ ဘိလီယက်ကစားရာ အခန်းများထဲသို့ ဝင်ကြည့်ကြသေးသည်။ ပြီးမှ မနီးမဝေးရှိ စကားအခြေအတင်ပွဲများကျင်းပရာ အဆောင်သို့ ထွက်လာခဲ့ကြလေသည်။

ကျွန်တော်တို့ရောက်ကြသောအခါ အခန်းအတွင်းကျောင်းသားများပြည့်နေကြလေပြီ။ ကျောင်းသူများနှင့် ဧည့်သည်များကား အထက်ထပ်မှလာရောက်နားထောင်ကြရလေသည်။ ကျောင်းသားများနှင့်ရောနှောကာ နားထောင်ခြင်းမပြုကြရပေ။ ကျောင်းသူတို့အား သမဂ္ဂအသင်းဝင်ရန်ခွင့်မပြု၊ သူတို့လာရောက်နားထောင်လိုက ဧည့်သည်အဖြစ်ဖြင့်သာ လာရောက်နားထောင်ကြရလေသည်။

ကျွန်တော်တို့ရောက်၍များမကြာမီ သမဂ္ဂအသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်တို့မှာ အိန္ဒြေရစွာ စီတန်းလျက် အခန်းတွင်းသို့ဝင်လာကြပြီးလျှင် မိမိတို့အသီးသီးအတွက် သီးသန့်ထားသောနေရာများတွင် သွားထိုင်ကြကုန်၏။ အားလုံးပင် ပွဲလမ်းသဘင်တွင်ဝတ်ဆင်လေ့ရှိသောအင်္ကျီ၊ ဘောင်းဘီအနက်၊ ဘိုးခေါ်လည်စည်း အဖြူတို့ကိုဝတ်ဆင်ထားကြလေသည်။ အသင်းဥက္ကဋ္ဌမှာ စင်မြင့်ပေါ်တွင်ခင်းထားသောအလည်ခုံတွင်ထိုင်၏။ အသင်းငွေထိန်းနှင့် ပိဋကတ်တိုက်အုပ်တို့က သူ၏ဝဲယာတွင် အသီးသီးထိုင်ကြလေသည်။ အသင်းအကျိုးဆောင်ကား သူတို့၏ရှေ့တွင်ထိုင်ရ၏။ စင်မြင့်ပေါ်တွင်မဟုတ်၊ ဥက္ကဋ္ဌ၊ ငွေထိန်း၊ ပိဋကတ်တိုက်အုပ်တို့သာ စင်မြင့်ပေါ်၌ထိုင်ကြရလေသည်။

ဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များဝင်လာသည့်အချိန်မှစ၍ သူတို့ဆိုင်ရာနေရာများတွင် ထိုင်မိကြသည့်အချိန်တိုင်အောင် ကျောင်းသားများ ဆူညံစွာလက်ခုပ် လက်ဝါးတီးကာ ဩဘာပေးကြကုန်၏။ ဥက္ကဋ္ဌနှင့်အသင်းအမှုဆောင်များထိုင်မိကြသည့်အချိန်တိုင်အောင် ကျောင်းသားများ လက်ခုပ်လက်ဝါးတီးကာ

ဩဘာပေးကြကုန်၏။ ဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များထိုင်မိကြသည်နှင့် တစ်ပြိုင်နက် ယခင်အပတ်မှအစည်းအဝေးမှတ်တမ်းကို အသင်းအကျိုးဆောင် စာချီကဖတ်ကြားလေသည်။ ၄င်းမှတ်တမ်းမှာ တိုတိုတောင်းတောင်းနှင့် လိုရင်း အချက်များသာပါ၏။ အလွန်နေရာကျပေသည်။ ဖတ်ပြီးလျှင် ၎င်းမှတ်တမ်းကို အတည်ပြု၏။

ထို့နောက် စကားစစ်ထိုးပွဲ စလေတော့သည်။ အဆိုသွင်းသူ၊ ကန့်ကွက်သူ၊ ထောက်ခံသူတို့လည်း မိမိတို့နေရာအသီးသီးမှထကာ အဆိုသွင်းခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့ကိုပြုကြကုန်၏။ အများအားဖြင့် အသောဘက်ကို ခပ်ဆွယ်ဆွယ်ပြောကြလေသည်။ အချက်ကောင်းလေးများကိုပြောလိုက်သောအခါ နားထောင်နေကြသောကျောင်းသားတို့မှာ သဘောကျသဖြင့် ဆူညံစွာလက်ခုပ်လက်ဝါးတီးကြ၏။ သဘာပတိအဖြစ်အောင်ရွက်သော အသင်းဥက္ကဋ္ဌသည် စကားပြောနေသူတို့အားအချိန် မလွတ်စေရန် အမြဲသတိပေးလျက်နေ၏။ အချိန်စေ့သည်နှင့်တစ်ပြိုင်နက် လက်နှိပ်ခေါင်းလောင်းလေးကိုနှိပ်လိုက်လေသည်။ စကားပြောနေသူမှာ ဆက်လက်၍မပြောရတော့ပြီ။ အလွန်နေရာကျသောစနစ်ပေတည်း။ မြန်မာပြည်တွင်မူကား စကားပြောရန်တစ်ယောက်လျှင် ငါးမိနစ်စီပေးသော်လည်း စကားကြောရှည်သောသူတို့မှာ မိနစ်သုံးဆယ်တိုင်အောင် ပြောလေ့ရှိကြကုန်၏။

အထက်တွင်ဖေါ်ပြသောနည်းအတိုင်းအဆိုသွင်းသူ၊ ကန့်ကွက်သူ၊ ထောက်ခံသူတို့မှာ တစ်ယောက်ပြီးလျှင်တစ်ယောက်ပြောကြား၍သွားကြလေသည်။ ပြီးလျှင် လာရောက်နားထောင်သူတို့အထဲမှ စကားပြောလိုသူတို့၏ စာရင်းကို သဘာပတိကတောင်းလေသည်။ စကားပြောလိုသူတို့က မိမိတို့အမည်ကိုပေးကြရ၏။ စာရင်းကိုရလျှင် သဘာပတိက စကားပြောရန်တစ်ယောက်စီခေါ်လေသည်။ ထိုအခေါ်ခံရသောသူမှာ သဘာပတိ၏ရှေ့နားသို့သွားကာ ပရိတ်သတ်ဘက်သို့လှည့်၍ မိမိထင်မြင်ချက်ကို ပြောကြားရ၏။ ထိုသူတို့လည်း မိမိတို့အတွက်သတ်မှတ်ထားသောအချိန်ထက်ပို၍မပြောဆိုရ။ အချို့မှာ စကားပြော၍ တစ်ဝက်မျှမရမီအချိန်စေ့သွားသဖြင့် မိမိတို့နေရာတွင် ပြန်၍ထိုင်ကြရလေသည်။

ဤစကားပွဲတွင် ကျောင်းသား အမျိုးမျိုးအစားစားတို့ကိုမြင်ရ၏။အချို့မှာထင်ရာမြင်ရာ၊မဆိုင်သည့်အချက်များကိုပြောကြားလေ့ရှိကြလေသည်။ အချို့သော ကျောင်းသားအသစ်ကလေးများမှာလည်း အသံတုန်တုန်၊ ကြောက်ရွံ့ကြောက်ရွံ့နှင့်ပင်ပြောကြားနေကြကုန်၏။ အချို့လည်း ပရိသတ်၏ အရယ်ကိုခံကြရလေသည်။ဤသို့တစ်ယောက်ပြီးလျှင်တစ်ယောက်စကားပြောကြားနေသည်နှင့်ပင်အချိန်အတော်နှောင်း၍လာလေပြီ။ နားထောင်နေသောကျောင်းသားများလည်း တစ်ယောက်ပြီးလျှင်တစ်ယောက် အခန်းထဲမှ ထွက်လာခဲ့ကြကုန်၏။

နောက်ဆုံး၌အခန်းထဲတွင် ကျောင်းသားအနည်းငယ်သာကျန်တော့၍။ ဧည့်သည်များ၏နေရာတွင်လည်း တစ်ယောက်၊ နှစ်ယောက်သာကျန်တော့သည်။ နောက်ဆုံးစကားပြောကြားမည့်သူမရှိသောအခါကျမှ ဆန္ဒခွဲ၍။ ပြီးလျှင်အရှုံးအနိုင်ကိုသဘာပတိကကြေညာလေသည်။ ကြေညာပြီးသောအခါ အစည်းအဝေးဆုံးခန်းတိုင် ရောက်လေတော့သတည်း။

သမဂ္ဂအသင်း စကားပွဲများကို ကြာသပတေးနေ့ညတိုင်းကျင်းပလေသည်။ ပြောဆိုဆွေးနွေးရမည့်အကြောင်းအရာများကို ရွေးချယ်ရန်မှာ ဥက္ကဋ္ဌ၏တာဝန်ဖြစ်၍။ နေရာတကာတွင် ဥက္ကဋ္ဌ၏သြဇာချည်းပင်။ ဥက္ကဋ္ဌကိုတစ်နှစ်လျှင်သုံးကြိမ်လဲလေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်၌ တစ်နှစ်ကိုပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်းဟူ၍သုံးပိုင်း ပိုးခြားထား၏။ တစ်ပိုင်းလျှင်နှစ်လဖြစ်လေသည်။ သမဂ္ဂအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်တို့ကိုလည်းတစ်ပိုင်းလျှင် တစ်ကြိမ်ရွေးကောက်လေသည်။ သို့ဖြစ်သောကြောင့် တစ်နှစ်တွင်ဥက္ကဋ္ဌသုံးယောက်၊ စာချီသုံးယောက်၊ ပိဋကတ်တိုက်အုပ်သုံးယောက်၊ ငွေထိန်းသုံးယောက်ရှိ၏။ သမဂ္ဂဥက္ကဋ္ဌ၏ဂုဏ်မှာအလွန်အရေးကြီးသောကြောင့် ဥက္ကဋ္ဌဖြစ်ရန်များစွာကြိုးစားကြလေသည်။ အချို့ကျောင်းသားများမှာ ဥက္ကဋ္ဌဖြစ်ရန် မျှော်လင့်ချက်ရှိလျှင် စာမေးပွဲမဝင်သေးဘဲစောင့်ဆိုင်းနေလေ့ရှိကြ၏။အသင်းအမှုဆောင်များအသစ်လဲတိုင်းဓါတ်ပုံရိုက်ပြီးအသင်းတိုက်၏နံရံတွင် ချိတ်ဆွဲထားလေ့ရှိလေသည်။ ကျောင်းသားများအားကျစရာပင်။ ဤအသင်းတွင်ဥက္ကဋ္ဌလုပ်သွားသူတို့ အနက်နန်းရင်းဝန်ကြီးများ၊ အမတ်ချုပ်ကြီးများ၊ တိုင်းပြည်ခေါင်းဆောင်ကြီးများ ဖြစ်ခဲ့ဖူးကြလှလေပြီ။ ဤအသင်းကား ပါလီမန်သို့ဝင်ရန်လေ့ကျင့်နေရာဖြစ်၏။

**၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်နေ့။**
**(၂၀-၁၁-၂၇)**

---

**လမ်းလျှောက်ထွက်ကြခြင်း ။** အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားတို့မှာ တနင်္ဂနွေနေ့တိုင်းနံနက်စာ စားသောက်ပြီးလျှင်အောက်စ်ဖိုဒ်ပတ်ဝန်းရှိ မြို့ကလေး၊ ရွာကလေးများသို့ လမ်းလျှောက်ထွက်လေ့ရှိသည်။ကျွန်တော်နှင့်ကိုကျင်လည်း နံနက်စာစားသောက်ပြီးကြလျှင် အောက်စ်ဖို့ဒ် နှင့် ၂၆နိုင်ကွာသောအေးစ်ဗရီမြို့* ကလေးသို့အလည်သွားရန် ထွက်လာခဲ့ကြသည်။ ၁၅မိနစ်ခန့်သွားမိကြလျှင် အောက်စ်ဖို့ဒ်မြို့ပြင်သို့

---

* Aylesbury

ရောက်လာကြ၏။ကျွန်တော်တို့နှစ်ယောက် လျှောက်လာသောလမ်း၏ ဝဲယာတွင် လူနေအိမ်ခြေများပါး၍ပါး၍လာပြီးလျှင်၊သစ်ပင်ကွင်းပြင်များကို သာ တွေ့မြင်ရလေသည်။ကွင်းပြင်များမှာလည်း မြေပြန့်မဟုတ်၊ တောင်ကုန်း တောင်ဆင်းကလေးများဖြစ်လေသည်။ထိုတောင်ကုန်းများမှာမမြင့်လှပေ။ ခြံစည်းရိုးများမှာဆူးပန်းပင်ကလေးများဖြင့် ပြုလုပ်ထားသောကြောင့် အလွန်ကြည့်၍ကောင်း၏။ ၎င်းခြံစည်းရိုးတို့မှာမနိမ့်မမြင့် လူတစ်ရပ်ခန့်သာရှိလေသည်။ မြက်ခင်းကလေးများမှာ စိမ်းစိမ်းလန်းလန်းနှင့်နေသောကြောင့်ကျွန်တော်တို့နှစ်ယောက်သားလမ်းလျှောက်ရင်းစိတ် တစ်မျိုးပျော်ရွှင်လာကြပြီးလျှင်ကိုကျင်ကသီချင်းဆို၊ ကျွန်တော်ကပါးစပ်ဆိုင်းတီးကာ အနည်းငယ်ပျော်ရွှင်နေကြလေသတည်း။တောလမ်းဖြစ်သောကြောင့် ကျွန်တော်တို့သီချင်းသံ၊ ပါးစပ်ဆိုင်းသံများ ကိုမည်သူမျှမကြားရ၊ လွန်စွာပင်လွတ်လပ်ပေသည်။သီချင်းဆိုလိုက်၊ မြန်မာပြည်တွင် ဘုရားပွဲသွားကြသည့်အကြောင်းများကိုပြောလိုက်နှင့် ကျွန်တော်တို့နှစ်ယောက် မြန်မာပြည်သို့ရောက်နေကြသည်ဟု ထင်မှတ်လျက်နေကြလေသည်။ မှိုင်းမှိုင်းညို့ညို့နှင့်နေသောကောင်းကင်၊ လမ်းလေးရှိကွင်းပြင်များကို မြင်လိုက်သောအခါကျမှသာလျှင် မိမိတို့အင်္ဂလန်သို့ရောက်နေကြောင်း သတိရကြ၏။

ဤသို့သီချင်းဆိုရင်း၊ပါးစပ်ဆိုင်းတီးရင်း၊စကားများရင်းနှင့်ပင် ၇မိုင်ပေါက်၍လာကြလေသည်။ထိုအခါကျွန်တော့်ဖိနပ်နှစ်ဖက်က ဒုက္ခပေးစပြုကြလေ၏။ ဖိနပ်ပေါက်သဖြင့် စောစောတုန်းကကဲ့သို့ မပျော်ရွှင်နိုင်ပြီ။ခြေလှမ်းလည်း စောစောကကဲ့သို့မသွက်တော့ချေ။သို့သော် ကိုကျင်အား ဤအကြောင်းကို မပြောဘဲ လျှောက်မြဲအတိုင်းလျှောက်၍လာခဲ့၏။ကိုကျင်မှာမူ စောစောကကဲ့သို့ သီချင်းဆိုတုန်းပင်။ကိုကျင်သည် မြန်မာသီချင်းကြီးတို့ကို အတော်များများပင်ရလေသည်။ ကျွန်တော်ကား နောက်ယောင်ခံကာ ဟိုညာသည်ညာနှင့် ပါးစပ်ဆိုင်းလိုက်၍ တီးရ၏။ သီချင်းတစ်ပုဒ်မျှ ဟုတ်ဟုတ်မရချေ။

ကျွန်တော်တို့ ၄-နာရီခန့် သွားမိကြသောအခါ၊ အောက်စ်ဖို့ဒ်မှ ၁၃မိုင်ကွာသောသိမ်း*ခေါ်မြို့ကလေးသို့ရောက်ကြလေသည်။ အချိန်ကားနာရီပြန်တစ်ချက်ထိုးပြီ။ ကျွန်တော်၏ ညာဘက်ဖိနောင့်ကား ဖိနပ်ပေါက်ထားသဖြင့် အတော်ပင်နာနေသည်။ကိုကျင်အားအကြောင်းကို ပြောပြရလေသည်။ ကိုကျင်က အောက်စ်ဖို့ဒ်ကထွက်လာတုန်းကကဲ့သို့ပင် ပြုံးပြုံးရွှင်ရွှင်နှင့်ရှိသေး၏။ သူက အားပေးတိုက်တွန်းသောကြောင့် ကျွန်တော့်မှာဆက်လက်၍လိုက်လာခဲ့ရသော်လည်း စိတ်ကားများစွာမပါလှတော့ပြီ။ ကိုကျင်က ရယ်စရာမောစရာများကို ပြောပြသောကြောင့် ရယ်မောလိုက်ရသော်လည်း စိတ်ကမူကား ခြေနာသို့သာလျှင်ရောက်လျက်ရှိနေ၏။

---

* Thame

သို့နှင့်၁၆မိုင်ခရီးသို့ပေါက်၍လာကြလေသည်။ ကျွန်တော့်မှာ ခြေနာလှသဖြင့် ခရီးဆက်လက်၍မသွားနိုင်တော့ကြောင်း ကိုကျင်အားပြောသောအခါ၊ ကိုကျင်ကဆက်လက်သွားရန် အားပေးသေး၏။ သို့သော် ကျွန်တော်၏ခြေများက မူကားအတင်းငြင်းဆန်နေကြလေသတည်း။ ဤအခါကျမှ ကိုကျင်မှာ လက်လျှော့လိုက်ပြီးလျှင် ကျွန်တော့်အား မော်တော်ဘတ်နှင့် လိုက်လာရန် ပြောလေသည်။ သူကား ခရီးဆက်လက်၍သွားလို၏။ ကျွန်တော်က သဘောမတူနိုင်။ကျွန်တော်နှင့်အတူတူ မော်တော်ဘတ်နှင့် သွားရန် ဆွဲထားသောကြောင့် ဆိုင်းငံ့၍နေရရှာလေသည်။

မော်တော်ဘတ်ကို ကျွန်တော်တို့နှစ်ယောက် စောင့်စားနေသောနေရာကား သစ်ပင်ဟူ၍တစ်ပင်မျှမရှိ။ ကွင်းခေါင်ခေါင်ကြီးထဲတွင် ဖြစ်လေသည်။ အိမ်ခြေဆို၍ အစအနပင်မမြင်။ အနီးဆုံးအိမ်မှာ နှစ်မိုင်ကျော်ကျော်ခန့်ဝေးလေသည်။ ကျွန်တော်တို့နှစ်ယောက်သား လမ်းဘေးမြက်ခင်းပေါ်တွင်ထိုင်ကာ မော်တော်ဘတ်ကို စောင့် ကြည့်နေခိုက်တွင် ကိုကျင်ကား စကားပြောပင်မပျက်၊ မျက်နှာမှာလည်း ပြုံးရွှင်ရွှင်၊ အခြားသူဖြစ်မူကား ကျွန်တော့်အတွက်ခရီးဆက်၍ မသွားရသောကြောင့် များစွာစိတ်ပျက်ပေလိမ့်မည်။

ကျွန်တော်တို့ ထိုင်နေကြသောနေရာမှာ ကွင်းပြင်ကြီးအတွင်းတွင်ဖြစ်သောကြောင့်လေတိုက်လိုက်သည်မှာဆိုစရာမရှိပြီ။ လမ်းလျှောက်နေကြစဉ်က ချွေးထွက်နေသောကြောင့်အေးရမှန်းမသိ၊ ယခုကဲ့သို့ငြိမ်သက်စွာထိုင်လိုက်သောအခါကျမှချမ်း၍ လာလေတော့သည်။ ကျွန်တော်တို့တွင်လောင်းကွတ်အင်္ကျီထူကြီးများလည်းမပါလာ။ နာရီကားနေ့နာရီပြန်နှစ်ချက်ခွဲပြီ။ ကျွန်တော်တို့ထိုင်မိကြ၍ များမကြာမီအတွင်းမှာပင် ကောင်းကင်တွင်မိုးဆင်ကာမိုးကြီးရွာချလေတော့သတည်း။ အနားတွင်မိုးခိုစရာအိမ်လည်းမရှိ၊ မော်တော်ဘတ်ကလည်းမလာသေး၊ မိုးရေထဲတွင်ငုတ်တုတ်ခံနေကြရလေသည်။ ကျွန်တော်တို့၏ ဒုက္ခကိုစဉ်းစားကသိနိုင်၏။ ကျွန်တော့်မှာစိတ်ပျက်လှသောကြောင့် တညည်းညည်းတညူညူနေသော်လည်း ကိုကျင်မူကားအရယ်ပင်မပျက်၊အားပေးလျက်သာနေရှာသည်။

ဤသို့မိုးရေထဲတွင် မော်တော်ဘတ်ကိုမျှော်ပါသော်လည်းမပေါ်လာ၊ တစ်နာရီ ကုန်လွန်ခဲ့၏။ ထို့နောက်နှစ်နာရီကုန်လွန်ပြန်ပြီ။ ထိုအခါကျမှ ထိုနေ့မှာ တနင်္ဂနွေနေ့မှန်းသတိရကြလေသည်။ တနင်္ဂနွေနေ့တွင် အောက်စ်ဖို့ဒ်မှ အေးစ်ဗရီးသွားသော မော်တော်ဘတ်မရှိချေ။ အေးစ်ဗရီးမှ အောက်စ်ဖို့ဒ်သို့လာသော မော်တော်ဘတ်တစ်စီးသာ ရှိလေသည်။ ၎င်းမော်တော်ဘတ်မှာ ကျွန်တော်တို့ထိုင်နေရာသို့ ငါးနာရီခန့်တွင်ရောက်မည်ဖြစ်သောကြောင့် ၎င်းမော်တော်ဘတ်၏အလာကို မျှော်ကြရပြန်၏။ ဤသို့ဒုက္ခနှင့်ကြုံနေသောအခါများတွင် အချိန်ကား ကုန်ခဲလှပေသည်။ ကျွန်တော်နှင့်ပါလာသောနာရီမှာ

အသွားနှေးလှသည်ဟု ထင်မိကြ၏။

သို့နှင့် တစ်စတစ်စ မှောင်၍မှောင်၍ လာခဲ့လေသည်။ ငါးနာရီထိုးသော အခါ အလင်းရောင်မရှိတော့ပြီ။ ကျွန်တော်တို့နှစ်ယောက်ကား မှောင်ထဲတွင် ထိုင်ကာ မော်တော်ဘတ်ကမ္ဘဌာန်းကိုစီးဖြန်းနေကြလေသည်။ မကြာမီ မော်တော်ဘတ်၏ မီးရောင်ကို အဝေးတွင်မြင်ရသောအခါ ကျွန်တော်တို့ နှစ်ယောက်မှာ အားရဝမ်းသာ ၎င်းမီးရောင်ကိုသာလျှင် စိုက်၍ကြည့်နေကြ ကုန်၏။ ကျွန်တော်တို့အနီးသို့ရောက်လာ၍ မော်တော်ဘတ်မဟုတ် ကိုယ်ပိုင် မော်တော်ကားမှန်းသိရသောအခါ စိတ်မပျက်တတ်သောကိုကျင်ပင်လျှင် စိတ်ပျက်လေတော့သည်။ စိတ်ပျက်တတ်သော ကျွန်တော်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ငါးနာရီခွဲလျှင် မော်တော်ကား မီးရောင်ကိုမြင်ပြန်၏။ မော်တော်ကား အသွားအလာ နည်းသောလမ်းဖြစ်သောကြောင့် ထိုမီးကို မော်တော်ဘတ်၏မီးဟူ ၍ ထင်မှတ်နေကြပြန်လေသည်။ ထိုမီးရောင်မှာ နီးသည်ထက်နီး၍လာ၏။ ကျွန်တော်တို့နှင့် မနီးမဝေးသို့ရောက်သောအခါ ၎င်းမီးမှာ မော်တော်ဘတ်မီး ဟူ၍အသေအချာသိရ၏။ ကျွန်တော်တို့ ဝမ်းမြောက်ခြင်းကား ဆိုဖွယ်ရာမရှိ တော့ ပြီ။ သို့သော် ၎င်းမော်တော်ဘတ်မှာ ကျွန်တော်တို့နေထိုင်ရာလမ်းဘက်မှ မလာဘဲ ဖြတ်လမ်းတစ်လမ်းမှ ဖြတ်သန်းသွားသည်ကို တွေ့မြင်လိုက်ရလေသည်။ စိတ်ပျက် နေရန် အချိန်မရ၊ ကိုကျင်မှာ ထိုင်ရာမှရုတ်တရက်ထကာ လမ်းဆုံရာသို့ ပြေးလေ တော့၏။ ကျွန်တော်လည်း သူ၏နောက်မှ ကောက်ကောက်ပါအောင် ပြေးလိုက်ရလေသည်။ ဖိနပ်ပေါက်ထားသောကြောင့် ခြေနာနေသောကျွန်တော် ကား အသို့လျှင်မှီအောင်ပြေးလိုက်နိုင်ပါအံ့နည်း။ ပြတ်၍သာ ကျန်ခဲ့တော့၏။ ကျွန်တော်မှီအောင် မလိုက်နိုင်ကြောင်းသိရသောအခါကျမှ ကိုကျင်လည်းလက် လျော့ပြီးလျှင် ကျွန်တော့အားရပ်ကာစောင့်နေ၏။ မော်တော်ဘတ်ကား လွန် ၍သွားလေပြီ။

အတန်ကြာမှ ကိုကျင်၏အနားသို့ ကျွန်တော်ရောက်၏။ တစ်လမ်းလုံး လည်းမှောင်နေပြီ။ မိုးကလည်းဖွဲဖွဲရွာနေ၊ ကျွန်တော်တို့ကိုယ်များလည်း ရွှဲရွှဲစို၊ ကျွန်တော်၏ ခြေထောက်များ နာလိုက်သည်မှာလည်း ပြောစရာမရှိ။ မော်တော် ဘတ်လာရန်လည်း မရှိတော့ပြီ။ အနီးဆုံးရွာမှာလည်း သုံးမိုင်ခန့်ဝေးသေး၏။ အခက်ပင်၊ အသို့လုပ်ရ အံ့နည်း။ သိမ်းရွာကလေးသို့ ရောက်အောင်သွားရ တော့မည်။ ကျွန်တော်၏ ခြေဖနောင့်တို့မှာ မခံသာအောင်နာနေကြပြီ ဖြစ်သော ကြောင့် ဖိနပ်စီးကာ လမ်းမလျှောက် နိုင်တော့ပြီ။ ကိုကျင်၏အကြံ ပေးချက်အရ ဖိနပ်ခြေအိတ်တို့ကိုချွတ်၍ ခြေထောက်ချည်းကြိတ်ရလေတော့၏။ ဤအခါကျမှ ခြေနာအနည်းငယ် သက်သာလေသည်။ ခြေနာသက်သာသည်ကား မှန်ပေ၏။ ခြေဖဝါးအေးသည်ကားသည်းမခံနိုင်လောက်အောင် ဖြစ်တော့သည်။ ခြေအိတ်

စွပ်ကာ အိမ်အတွင်းနေသည်ပင်အေးလှပြီ။ ခြေအိတ်မပါ ခြေချည်းသက်သက် မိုးရေထဲတွင် လမ်းလျှောက်သွားလျှင် မည်မျှအေးမည်ကို ရေးသားနေရန်မလို စဉ်းစားကြည့်ပါက ပို၍သရုပ်ပေါ်ပေလိမ့်မည်။

ကျွန်တော်တို့နှစ်ယောက်သား ပြေးချည်တစ်ခါ၊ လျှောက်ချည်တစ်လှည့်နှင့်လာလိုက်ကြသည်မှာ ခြောက်နာရီခွဲမှ သိမ်းရွာကလေးသို့ရောက်ကြလေသည်။ တနင်္ဂနွေနေ့ဖြစ်သောကြောင့် တစ်ရွာလုံးတိတ်လျက်နေ၏။ အိမ်များ၊ ဆိုင်များလည်း ပိတ်ထားလေပြီ။ အကျပ်နှင့်ကြုံရပြန်၏။ တစ်ရွာလုံးကို လျှောက်ကြည့်ရာ ထောင့်တစ်ထောင့်တွင် ကာလသားသုံး-လေးယောက် စကားပြောနေကြသည်ကို မြင်ရလေသည်။ သူတို့အနီးသို့သွားကာ တက်စီရနိုင်မည်လားဟု ကိုကျင်က မေး၏။ရွာထဲတွင် တစ်စီမရှိ၊ ရိုးရိုးမော်တော်ကားကိုပင် အခများများပေးလျှင် ရနိုင်သည် ဟုပြောပြီးလျှင် မော်တော်ကားရုံတစ်ရုံသို့ ညွှန်လိုက်လေသည်။ ၎င်းရုံသို့သွားကာ တံခါးကို ခေါက်ပါသော်လည်း မည်သူမျှ ပြန်မထူး။ မည်သူမျှ တံခါးဖွင့်မပေးသဖြင့် စိတ်အိုက်နေကြရပြန်လေသည်။ မကြာမီ ကာလသားလေးတစ်ယောက် ပြေးလာပြီးလျှင် ညခုနစ်နာရီခွဲအချိန်တွင် အောက်စ်ဖို့ဒ်သို့သွားမည့် မော်တော်ဘတ်တစ်စင်း ရှိသည်ဟု ပြောရှာ၏။ ကျွန်တော်တို့ကား ခုနစ်နာရီခွဲသည်တိုင်အောင် မစောင့်နိုင်၊ တစ်ကိုယ်လုံး ရွှဲနေပေပြီ။ ချမ်းလိုက်သည်မှာလည်း ခိုက်ခိုက်တုန်။ ကျွန်တော် တို့၏အဖြစ်အပျက်ကို မြင်ကြသော အင်္ဂလိပ်ကလေးတို့မှာ သနားကြသောကြောင့် သူတို့ကိုယ်တိုင် ပျာပျာသလဲ မော်တော်ကားတစ်စီးကို ရှာ၍ပေးကြလေသည်။ သူတို့အား ကျေးဇူးတင်၍ မဆုံးပြီ။ မော်တော်ကားခ ၁၂ သျှီလင်နှင့် သဘောတူလိုက်ကြလေသည်။ အိမ်ပြန်ရောက်သောအခါ မော်တော်ကားသမားအား ၁၃ သျှီလင်ပေးလိုက်၏။

ကျွန်တော့်အိမ်ရှင် အမယ်ကြီး နှစ်ယောက်တို့လည်း တမျှော်မျှော်နှင့် စိတ်ပူနေကြကုန်၏။ ကျွန်တော်တို့၏အဖြစ်အပျက်ကို ပြောပြသောအခါ စုတ်တသပ်သပ်နှင့် ခြေနာများကို ဆေးထည့်ပေးသူကပေး၊ အအေးမမိစေရန် ရေနွေးနွေးနှင့် သံပရာရည်ကို ဖျော်တိုက်သူကတိုက်နှင့် အလုပ်ရှုပ်နေကြကုန်၏။ ညစာကိုမစားနိုင်။ စောစောပင်အိပ်ရာထဲ ဝင်ရတော့၏။ အိပ်ရာထဲရောက်သောအခါ နေ့ခင်းက ကြုံတွေ့ခဲ့သမျှအကြောင်းများကို စဉ်းစားရင်းပင် အိပ်ပျော်သွားလေတော့သတည်း။

## ၁၂၈၉ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်နေ့
## ( ၂၀. ၁၁. ၂၇ )

**မြန်မာပြည်မှစာ ။** နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ နေထိုင်ကောင်းသောကြောင့်ဝမ်းသာအားရလေသည်။ ခြေထောက်များမှာမူကား ကောင်းကောင်းမလှုပ်နိုင်၊ အတော်ပင်နာလျက်နေကြ၏။ အနာကိုဆေးထည့်ပြီးနောက် နံနက်စာစားရန် ဧည့်ခန်းထဲသို့ ဆင်းလာသောအခါ ဧည့်ခန်းစားပွဲပေါ်၌ စာ သုံး-လေးစောင်ကို တွေ့ရလေသည်။ ၎င်းစာတို့ကား မြန်မာပြည်မှမိတ်ဆွေ၊ ဆွေမျိုးများကပို့လိုက်သောစာများတည်း။ ကျွန်တော့်မှာဝမ်းသာလှသောကြောင့် ခြေနာသည်ကိုလည်းသတိမရ၊ နံနက်စာ စားသောက်ရန်ကိုလည်းသတိမရ၊ ၎င်းစာများကိုသာလျှင် အခေါက်ခေါက်အခါခါ ဖတ်လျက်နေတော့သတည်း။ အတန်ကလေးကြာမှ နံနက်စာစားရန် သတိရသဖြင့် နံနက်စာကိုစားသောက်နေသော်လည်း အစားတွင် စိတ်မရှိ၊ စာထဲမှာသာ စိတ်ရောက်ရှိမှုမက မြန်မာပြည်သို့ပင်ရောက်နေလေသည်။

ကျွန်တော့်မှာလမ်းကောင်းကောင်း မလျှောက်နိုင်သောကြောင့် အတန်းမတက်နိုင်၊ တစ်မနက်လုံး မြန်မာပြည်မှလာသောစာများနှင့်သာ အလုပ်ရှုပ်နေတော့၏။ အချို့စာဖတ်သူတို့က ကျွန်တော့်အားလွန်လွန်းလှသည်ဟုထင်ကောင်းထင်မှတ်ကြပေလိမ့်မည်။ ထင်လည်းထင်စရာပင်။ သို့သော် အကယ်ဖြစ်ပျက်သည့် အကြောင်းကို ရေးခြင်းမျှဖြစ်လေသည်။ မြန်မာပြည်မှ ထွက်လာသည်မှာ နှစ်လတိတိပင် ကြာပြီဖြစ်သော်လည်း ၎င်းနှစ်လအတွင်း မြန်မာပြည်မှစာတစ်စောင်ကိုမျှမရသေး။ နှစ်လကြာမှသာလျှင် ပထမအကြိမ် စာများကိုရခြင်းဖြစ်၏။ဤသို့ဖြစ်ရခြင်းမှာ ကျွန်တော်မလည်ပတ်သောကြောင့် ဖြစ်လေသည်။ အချက်အလက်သိထားသော သူတို့ကား လန်ဒန်မြို့၊ သောမတ်စ်ကွတ်က်ကုမ္ပဏီမှ ကျေးဇူးပြု၍ပေးပါဟုလိပ်တပ်ရန် ဆွေမျိုး၊ မိတ်ဆွေတို့အားမှာထားခဲ့ကြလေသည်။ လန်ဒန်မြို့သို့ရောက်သောအခါ သောမတ်စ်ကွတ်က်တိုက်သို့ သွားပြီးလျှင် မိမိတို့အမည်နှင့်ရောက်သောစာများကို မိမိတို့ထံပို့လိုက်ပါဟုမှာကြားထားကြလေသည်။ ဤသို့မှာထားသောသူတို့ကား အင်္ဂလန်သို့ရောက်မကြာမီပင် မြန်မာပြည်မှစာများကိုဖတ်ကြရလေသည်။ ကျွန်တော်ကားဤအချက်အလက်များကို မသိထားသောကြောင့် အောက်စ်ဖို့ဒ်သို့ရောက်၍နေရာတကျဖြစ်မှ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့ထံ စာရေးရလေသည်။ ကျွန်တော်၏စာများကို ရကြသောအခါကျမှသာလျှင် ကျွန်တော်၏လိပ်ကိုသိကြရ၏။ နောင်အင်္ဂလန်သို့ သွားမည့်သူတို့သည် ကျွန်တော်ကဲ့သို့ မဖြစ်ကြစေရန် စာပေးလိုလျှင် လန်ဒန်မြို့၊ သောမတ်စ်ကွတ်က်တိုက်မှ တဆင့်ပေးရန် မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့အား မှာထားသင့်ကြပေသည်။ (ဤကား စကားချပ်တည်း)

နံနက်စာစားသောက်ပြီးသည်မှ နေ့စာစားသောက်သည့်အချိန်တိုင်အောင် မြန်မာပြည်မှလာသော စာတို့နှင့်သာ အချိန်ကုန်တော့၏။ နေ့စာစားသောက်ပြီးနောက် မြန်မာပြည်ရှိ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတို့ထံ စာကောက်ရေးလေသည်။ စိတ်ပျော်ရွှင်နေသောကြောင့်လားမသိ၊ ကလောင်မှာ လွန်စွာမှပင်သွက်၏။ စာရေးပြီးနောက် ညနေ လက်ဖက်ရည်သောက်နေခိုက် စာပို့သမားလာ၍ စာနှစ်စောင်ကိုပေးပြန်လေသည်။ ၎င်းစာတို့မှာလည်း မြန်မာပြည်မှလာသောစာများဖြစ်ကြ၏။ ကျွန်တော့်မှာ ရတနာပုံဆိုက်နေပြီ။ ၎င်းစာနှစ်စောင်နှင့်ပင် တစ်ညနေလုံး အလုပ်ရှုပ်နေပြန်၏။ ကိုယ်တိုင်းပြည်မှ မထွက်ဖူးသေးသောသူတို့ကားမိဘ၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းတို့ကပေးလိုက်သောစာများ၏အရသာကို ကောင်းစွာ သိကြမည်မထင်၊ ကိုယ့်တိုင်းပြည်မှထွက်ပြီးလျှင် နိုင်ငံခြားသို့ခေတ္တဖြစ်စေ၊ အစဉ်ဖြစ်စေ သွားရောက်နေထိုင်ကြသူတို့မှာ ကိုယ့်တိုင်ပြည်မှလာသော စာတို့၏ အရသာထူးခြားကြောင်းကို ကောင်းကောင်းသိကြပေသည်။ အထူးချဲ့ထွင်ကာ ရေးသားနေရန်မလို။

**၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်နေ့။**
**( ၂၂. ၁၁. ၂၇ )**

---

**ဒဂုန် မဂ္ဂဇင်း ။** နံနက်စာစားရန်ဧည့်ခန်းထဲသို့ ဆင်းသွားရာ ဧည့်ခန်းစားပွဲပေါ်မှ ဒဂုန်မဂ္ဂဇင်းနှစ်အုပ်တို့ကို တွေ့မြင်ရ၏။ ၎င်းမဂ္ဂဇင်းတို့ကား မဂ္ဂဇင်းတိုက်မှ မေတ္တာလက်ဆောင်အဖြစ် ပို့လိုက်သော မဂ္ဂဇင်းတို့တည်း။ မဂ္ဂဇင်းတစ်အုပ်တွင် ကျွန်တော်သဘော်ပေါ်မှ ရေးပို့လိုက်သော ဆောင်းပါးတစ်စောင်ပါလာလေသည်။ ၎င်းဆောင်းပါးကိုဖတ်၍အားမရနိုင် အဖန်အထပ်ထပ်ဖတ်သတည်း။ ထို့နောက်မှ အခြားစာများကိုဖတ်၏။

ညနေသုံးနာရီထိုးသောအခါ ကိုကျင်ပေါက်လာသည်။ ခြေနာမည်သို့နေသေးကြောင်းသိလို၍ လာမေးခြင်းဖြစ်လေသည်။ ကျွန်တော့်ခြေနာများမှာ အနည်းငယ် သက်သာလာလေပြီ၊ သို့သော်ကျောင်းမတက်နိုင်သေးပေ၊မြန်မာပြည်မှစာများ၊ မဂ္ဂဇင်းများ ရောက်လာသောကြောင့် ခြေနာများကိုပင် ဂရုမစိုက်နိုင်ကြောင်းပြောပြသောအခါ ကိုကျင်များစွာပင် ရယ်လေသည်။ ကိုကျင်နှင့်အတူပင်ညနေလက်ဖက်ရည်သောက်လေသည်။ လက်ဖက်ရည်သောက်ရင်းနှစ်ယောက်သား မြန်မာပြည်အကြောင်း တွေ့ကရစကားများကို ပြောကြားလျက်နေကြ

ကုန်၏။ ရန်ကုန်တက္ကသိုလ်ကျောင်းအကြောင်းသို့လည်းရောက်၊ မိတ်ဆွေများအကြောင်းသို့လည်းရောက်၊ မြန်မာပြည်သို့ လွမ်းဆွတ်သောအကြောင်းသို့လည်းရောက်နှင့် တရောက်တည်းရောက်နေကြလေသတည်း။

ညနေ(၅)နာရီခွဲမှကိုကျင်ပြန်သွား၏ ကိုကျင်ပြန်သွားသည်နှင့်တစ်ပြိုင်နက် ဒဂုန်မဂ္ဂဇင်းတို့ကိုကိုင်၍ပြန်လေသည်။ ညစာစားချိန်ကျမှ မဂ္ဂဇင်းများကိုခေတ္တချထား၏။ ထို့နောက်ဆက်လက်၍ဖတ်ပြန်လေသည်။ ည၉သန်းခေါင်ကျော်မှအိပ်ရာထဲသို့ဝင်၏။

## ၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၅ ရက်နေ့။ (၁၃. ၁၁. ၂၇)

**မဂ္ဂဇင်းဆောင်းပါး ။** ခြေနာများက ကောင်းကောင်း မပျောက်တတ်သေးသည်ကတစ်ကြောင်း၊ ဒဂုန်မဂ္ဂဇင်းအတွက်ဆောင်းပါးရေးလိုသည်က တစ်ကြောင်းတို့ကြောင့် အတန်းမတက်ဘဲအိမ်တွင်ပင်ကုပ်လျက်နေကြ၏။ တစ်နေ့လုံးပင် ဒဂုန်မဂ္ဂဇင်းအတွက် ဆောင်းပါးရှည်ကြီးတစ်စောင်ကို ရေးနေလေသည်။ ၎င်းဆောင်းပါးတွင် လန်ဒန်မြို့၌တွေ့ကြုံရသည့်အကြောင်းများ၊ လန်ဒန်မြို့ရှိထူးဆန်းသောနေရာဌာနတို့အကြောင်းများ၊ လန်ဒန်မြို့ရှိ ပြတိုက်ကြီးတို့၏ အကြောင်းများကို ရေးသားဖေါ်ပြထားလေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်းကိုကားမရသေးချေ။ အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်း သက်သက်ဆောင်းပါးတစ်စောင်ကို ရေးသားလိုသောကြောင့်တည်း။

## ၁၂၈၉-ခုနှစ်။ နတ်တော်လဆန်း ၂ ရက်နေ့ ( ၂၅. ၁၁. ၂၇ )

**သမဂ္ဂအသင်းဥက္ကဋ္ဌများ၏စကားစစ်ထိုးပွဲ ။** ညစာကိုကျောင်းတွင်စားသောက်ပြီးလျင် ဘီ-ဘီဆင်းနှင့်အတူ သမဂ္ဂစကားစစ်ထိုးပွဲကျင်းပရာ အခန်းသို့ထွက်လာခဲ့ကြလေသည်။ ကျွန်တော်တို့ရောက်သောအခါ ၎င်းအခန်းမှာကျောင်းသားများ ပြည့်နှက်နေလေပြီ။ ကျွန်တော်တို့မှာ စိတ်အိုက်အိုက်နှင့် ထောင့်တစ်ထောင့်တွင်ဝင်ရပ်ကာ

စကာစစ်ထိုးပွဲ စမည့်အချိန်ကိုသာလျှင် စောင့်စားနေကြ၏။ ကျွန်တော်တို့ကဲ့သို့ ပင်ထိုင်စရာနေရာမရ၍ ရပ်နေသူတို့လည်းအများပင်။ စိတ်ပျက်စရာမရှိပေ။ ညောင်းကားညောင်းလှပေ၏။ ကျွန်တော်တို့၏ကျောင်းညစာစားချိန်မှာ အခြား ကျောင်းများထက်နောက်ကျသောကြောင့် အစည်းဝေးပွဲများဇာတ်ပွဲ များတွင်၊ နေရာကောင်းများကိုမရနိုင်။ သို့ဖြစ်၍ ကျွန်တော်တို့ကျောင်းသားများမှာ အစည်း အဝေးပွဲများဇာတ်ပွဲများတွင်နေရာ ကောင်းရလိုလျှင် ကျောင်းတွင်ထမင်းမစားဘဲ နေအိမ်တွင်ဖြစ်စေ ဟိုတယ်ဆိုင်တွင်ဖြစ်စေ ညစာစားလေ့ရှိကြလေသည်။

သမဂ္ဂအသင်းတိုက်တွင် ကျောင်းသားများ အထူးစည်ကားလျက်နေသည်မှာ အခြားကြောင့်မဟုတ်၊ သမဂ္ဂအသင်းဥက္ကဋ္ဌများ၏ စကားစစ်ထိုးပွဲ[၁] ကျင်းပရာနေ့ ဖြစ်သောကြောင့်တည်း။ ပထမပိုင်းတွင်ကျောင်းပိတ်ခါနီးပြီဖြစ်သောကြောင့် ဒုတိယပိုင်းအတွက်ဥက္ကဋ္ဌအသစ်နှင့် အမှုဆောင်အသစ်များကိုရွေးတော့မည်။ ဥက္ကဋ္ဌအသစ်နှင့် အမှုဆောင်အသစ်များကိုမရွေးမီ ကြာသပတေးညတစ်ညတွင် ဥက္ကဋ္ဌစကားစစ်ထိုးပွဲဟူသောအမည်ဖြင့် စကားစစ်ထိုးပွဲတစ်ခုကို ကျင်းပလေ့ရှိ လေသည်။ ၎င်းစစ်ထိုးပွဲ၌ လက်ရှိဥက္ကဋ္ဌ၊ ဥက္ကဋ္ဌဟောင်း၊ ထို့ပြင်ဥက္ကဋ္ဌနေရာ ကိုမှန်းထားသူများနှင့်စကားအပြောတွင် ထိပ်သီးဟူ၍ထားသော ကျောင်းသားများ ပါဝင်ပြောဆိုကြလေသည်။

လက်ရှိဥက္ကဋ္ဌကားမစ္စတာဘယ်ရီတန်ဆိုသူဖြစ်လေသည်။ ထိုညကား စကား စစ်ထိုးပွဲတွင်ပါဝင်သော သမဂ္ဂအသင်းဥက္ကဋ္ဌဟောင်းကား လော့ဘတ်ကင်းဟက်ဒ်[၂] ဖြစ်၏။ သူတို့နှင့်အတိုက်အခံပြောမည့်သူတို့ကားမစ္စတာဖူးတ်ဆိုသူနှင့်အခြား ကျောင်းသားများဖြစ်ကြလေသည်။ မစ္စတာဖူးတ်မှာ အောက်စ်ဖို့ဒ်တက္ကသိုလ် လစ်ဗရယ် အသင်း[၃]၏ဥက္ကဋ္ဌဖြစ်၏။ ကျွန်တော်အောက်စ်ဖို့ဒ်ရောက်ခါစကကျွန်တော်တို့ ကျောင်းခန်းတစ်ခန်းတွင် လစ်ဗရယ်အသင်းအကြောင်းလာ၍ဟောပြောသူ မစ္စတာဖူးတ်ပင်တည်း။ ထိုသူကားဒုတိယဥက္ကဋ္ဌရာထူးကိုမှန်းနေသူဖြစ်၏။ မစ္စတာ ဘယ်ရီတန်နှင့် လောဒ်ကင်းဟက်ဒ်တို့ကား ကွန်ဆာဗေးတစ်[၄]အသင်းဝင်များဖြစ် ကြလေသည်။ ဤစကားစစ်ထိုးပွဲတွင်တစ်ဖက်လျှင်သုံးယောက်စီ စကားပြော ရန်စီမံထားလေသည်။

ကျွန်တော်တို့မှာစကားစစ်ထိုးပွဲစမည့်အချိန်ကိုသာလျှင်စောင့်စားနေ ကြကုန်၏။ ဥက္ကဋ္ဌမင်းတို့ကား မကြွလာသေးပေ၊ အတန်ကလေးကြာမှ လက်ရှိဥက္ကဋ္ဌမစ္စတာဘယ်ရီတန်၊ဥက္ကဋ္ဌဟောင်းလော့ဒ်ဘတ်ကင်းဟက်ဒ်နှင့် စကားစစ်ထိုးပွဲတွင်ပါဝင်၍နွဲကြမည့် ပုဂ္ဂိုလ်တစ်စုတို့ စီတန်းကာ အကျီနက်၊

---

၁။ Presidential Debate
၂။ Lord Birkenhead
၃။ Liberal Club
၄။ Conservative Club

ဘောင်းဘီနက်၊ ရှပ်လက်မာ၊ ကော်လံတို့ကိုဝတ်စားလျက် ဝင်လာကြလေသတည်း။ လက်ခုပ်လက်ဝါးတီးလိုက်သည်မှာဆူညံ၍သွားတော့၏။ ထိုသူတို့အားလုံး စင်မြင့်ပေါ်သို့ရောက်ကြသောအခါ လက်ရှိဥက္ကဋ္ဌက မိမိ၏နေရာကုလားထိုင်မြင့်ပေါ်တွင်ထိုင်လေသည်။ အခြားပုဂ္ဂိုလ်တို့မူကား သူ၏ဝဲယာတွင်ထိုင်ကြ၏။ အချို့မှာဆေးပြင်းလိပ်ကြီးများခဲကာ ဟန်ထုတ်နေကြလေသည်။ ဆေးပြင်းလိပ်ရှားသော အင်္ဂလန်တွင်ကား ဆေးပြင်းလိပ်များကိုဟန် ထုတ်ရန်သောက်ကြကုန်။ ဆေးပြင်းလိပ်ပေါသောမြန်မာပြည်တွင်မူကား ဟန်ထုတ်လိုလျှင်ဆေးပြင်းလိပ်ကိုမသောက်၊ စီးကရက်ကိုသောက်ကြလေသည်။ ထူးဆန်းလှပေ၏။ အင်္ဂလန်၍ဆေးပြင်းလိပ်တစ်လိပ်လျှင် ငါးမူး၊ သုံးမတ်ပေးရလေသည်။ တော်ရုံလူ ဝယ်မသောက်နိုင်။ အခန့်စာများပင် ပွဲလမ်းသဘင်ကျမှ သောက်လေ့ရှိကြကုန်၏။

ဥက္ကဋ္ဌနှင့်စကားပွဲတွင် ဝင်နွှဲကြမည့်သူများ မိမိတို့၏နေရာတွင် အသီးသီးထိုင်မိကြသောအခါ၊ စာချီက ယခင်စကားပွဲ၏မှတ်တမ်းကို ဖတ်ပြလေသည်။ ထို့နောက် ၎င်းမှတ်တမ်းကိုအတည်ပြု၏။ ပြီးလျှင်စကားစစ်ထိုးပွဲကိုစတော့၏။ ပြောရမည့်အဆိုကား "ယခုလက်ရှိအစိုးရအပေါ်အယုံအကြည်မရှိ" ဟူသောအဆိုဖြစ်လေသည်။ မစ္စတာဖူးတ်ကအဆိုသွင်း၏။ လက်ရှိဥက္ကဋ္ဌမစ္စတာဘယ်ရီတန်နှင့် ဥက္ကဋ္ဌဟောင်း လော့ဘတ်ကင်းဟက်ဒ် တို့ကကန့်ကွက်ကြလေသည်။ ဤစကားစစ်ထိုးပွဲတွင် မစ္စတာဖူးတ်မှာ စကားပြောအကောင်းဆုံးဖြစ်၏။ အချက်လည်းပိုင်၊ ပြောဆိုပုံလည်း ကောင်း၊ ရယ်လည်း ရယ်ရလေသည်။ လက်ရှိဥက္ကဋ္ဌမစ္စတာဘယ်ရီတန်ကား မစ္စတာဖူးတ်လောက်မလာပေ။လော့ဘတ်ကင်းဟဒ်မှာအပွဲပွဲတွင် နွှဲခဲ့ဖူးသူဖြစ်သောကြောင့် အထူးဆိုစရာမရှိပြီ။ အပြောကောင်းလှ၏။ သို့ရာတွင် ပုဂ္ဂိုလ်ပြောဆိုပုံမှာ အထက်သံပါလွန်း၏။ စိတ်တိုပုံလည်းရလေသည်။

သူတို့ခြောက်ဦး စကားပြောကြားပြီးနောက်၊မဲဆန္ဒယူလေသည်။ အခြားကျောင်းသားတို့အားပြောဆိုခွင့်ကိုမပေးချေ။ "လက်ရှိအစိုးရအပေါ် အယုံအကြည်မရှိ" ဟူသောအဆိုမှာ ရှုံးသွားသည်။ လက်ရှိအစိုးရကား ကွန်ဆာဗေးတစ်ဗ်အစိုးရဖြစ်၏။

**၁၂၈၉ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်နေ့။**
**( ၂၅· ၉· ၂၇ )**

---

**အင်္ဂလန်တွင်ရေချိုးရပုံ ။** ညနေ လက်ဖက်ရည်သောက်ပြီးလျှင် ရေချိုးခန်းထဲသွား၍ရေချိုးလေသည်။ အင်္ဂလန်၌ ရေချိုးသည်ဆိုရသော်လည်း စစ်စစ်ကား ရေစိမ်ခြင်းမျှသာဖြစ်လေသည်။ အလွန်အေးသော တိုင်းပြည်ဖြစ်သောကြောင့် မြန်မာပြည်ကဲ့သို့ ရေလောင်း၍မချိုးနိုင်၊ အလွန်ချမ်းလှ၏။ ရေအေးနှင့် ရေနွေးတို့ကို လိုသလောက်စပ်ကာ လူတစ်ကိုယ်ဝင်နိုင်သော စည်ကြီးအတွင်းဝင်ကာ စိမ်ချိုးရလေသည်။ လောင်း၍ချိုးသကဲ့သို့ အားမရလှ။ ကိုယ်မှထွက်သော အညစ်အကြေးနှင့်ဆပ်ပြာရည်များမှာလည်း၊ ၎င်းစည်ထဲမှာပင်ရောထွေးနေသောကြောင့် မသတီစရာဖြစ်လေသည်။ မြန်မာပြည်ကဲ့သို့ ရေလောင်း၍ချိုးခြင်းမှာ ကျန်းမာခြင်းနှင့်များစွာညီညွတ်လေသည်။ အညစ်အကြေးများ၊ ဆပ်ပြာရည်များမှာ ရေကိုလောင်း၍ချိုးလိုက်သောအခါ ကိုယ်ပေါ်မှစီးဆင်း၍ သွားကြ၏။ သို့သော် မြန်မာပြည်မှာပင် အင်္ဂလိပ်ဆန်သူတချို့မှာ အင်္ဂလိပ်စနစ်အတိုင်းရေချိုးလေ့ရှိကြသည်။ ကိုယ့်ဒေသနှင့်ဆန့်ကျင်ဘက်ကြီးဖြစ်နေလေသည်။ အတုမယူသင့်သည့်နေရာတွင် အတုယူခြင်းပင်တည်း။

အင်္ဂလန်ပြည်တွင် အလွန်အေးလှသောကြောင့် နေ့စဉ်ရေမချိုးနိုင်။ မြန်မာပြည်မှာကဲ့သို့ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်ရေချိုးရန်ကား ခဲယဉ်းလှပေ၏။ တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်၊နှစ်ကြိမ်သာရေချိုးလေ့ရှိကြလေသည်။ ဤသို့ တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်၊နှစ်ကြိမ်ရေချိုးသော်လည်း အေးသောတိုင်းပြည်တွင်ဖြစ်သောကြောင့် ကိုယ်လက်စေးခြင်း၊ ချွေးစော်နံခြင်းမဖြစ်ပေ။ အချို့များမှာ တစ်လမှတစ်ကြိမ်နှစ်ကြိမ်သာ ရေချိုးကြသည်ဟူ၍ကြားရ၏။ ဘောလုံး ကစား၊ လှေလှော်သူတို့သာလျှင် နေ့စဉ်ရေချိုးကြလေသည်။

**၁၂၈၉ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့။**
**( ၂၇· ၁၁· ၂၇ )**

---

**မာတန်ကျောင်းတိုက်[*] ။** ကျောင်းတွင် ညစာစားပြီးနောက် ဘီ-ဘီဆင်းဂ်နှင့်အတူမာတန်ကျောင်းတိုက်သို့ သွားကြလေသည်။ ထိုကျောင်းတိုက်၌ဆင်းဂ်၏ မိတ်ဆွေတစ်ယောက်ရှိလေသည်။

---

* Merton College

၎င်းကျောင်းတိုက်ကား ကျွန်တော်တို့ကျောင်းနှင့်မဝေးလှ၊ ကျွန်တော်တို့ကျောင်း လောက်လည်းမကြီးပေ။ ၎င်းကျောင်းတိုက်အတွင်း အခန်းများကို ခေတ္တဝင် ကြည့်ပြီးနောက်၊ ဘီဘီဆင်းဂ်၏ မိတ်ဆွေကိုခေါ်ကာ အိန္ဒိယကျောင်းသားများ ၏အသင်းတိုက်* သို့သွားကြလေသည်။ ၎င်းအသင်းတိုက်တွင် မြန်မာပြည်သို့ အိန္ဒိယနိုင်ငံဝန်ထမ်းအလုပ်နှင့်သွားမည့်အေ-ကေ-ပေါ့တားဆိုသူနှင့်တွေ့ လေသည်။ ကုလားကျောင်းသားတစ်ယောက်က အသိဖွဲ့ပေးသောကြောင့် သူနှင့်အသိဖြစ်သွားသောအခါ ကျွန်တော့်အား မြန်မာပြည်အကြောင်းကိုမေး လေသည်။ ကျွန်တော်ကလည်း သိသမျှကိုဖြေ၏။ ကျွန်တော်တို့နှစ်ယောက်သား စကားကောင်းနေကြခိုက် အစည်းအဝေးပွဲစလေတော့သတည်း။ ယခင်ကျွန်တော် ရောက်စဉ်ကကဲ့သို့ပင် စည်းမဲ့ကမ်းမဲ့အစည်းအဝေးဖြစ်သည်။ နတ်တော်လဆန်း ၂ရက်နေ့ညကကျင်းပသော သမဂ္ဂအသင်းအစည်းအဝေးပွဲနှင့် ကွာခြားချင်သလို ကွာခြားနေသည်ကိုတွေ့မြင်ရ၏။

## ၁၂၈၉ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့
## ( ၉. ၁၁. ၂၇ )

---

**မြင်းစီးစစ်ဆေးပွဲ ။** နံနက်စာစားရန် ဧည့်ခန်းထဲသို့ ဆင်းလာရာစားပွဲ ပေါ်တွင် အစိုးရတံဆိပ်နှင့် စာတစ်စောင်ကိုတွေ့၍ ဖေါက်ကာဖတ်လိုက်သောအခါ အတော်ပင်စိတ်မောသွားလေသည်။ ၎င်းစာတွင် ပါသည်ကား ကျောင်းပိတ်ရက်အတွင်း ဒီဇင်ဘာလ ၁၃ရက်နေ့တွင် လန်ဒန်မြို့၌ မြင်းစီးအစမ်းစစ်ဆေးပွဲကျင်းပမည့်အကြောင်းဖြစ်လေသည်။ ကျွန်တော့်မှာ မြင်း ကျောပေါ်သို့တစ်ခါမျှ မတက်ဖူးသေး။ အသို့အစမ်းစစ်ဆေးပွဲကို ဝင်ရအံ့နည်း။ မြင်းစီးသင်ရန်လည်း ၁၄ရက်သာလိုတော့သည်။ မည်သို့လုပ်မည်မသိ၊ မြင်းစီး အစမ်းစစ်ဆေးပွဲဝင်မည်ဟူ၍ကား ကျောင်းစဖွင့်စကပင် သိလေသည်။ သို့သော် ဤသို့စောစောကျင်းပမည်ကိုကား အနည်းငယ်မျှမရိပ်မိပေ။

အခက်အခဲနှင့် ကြုံတွေ့လျှင် ကိုကျင့်ထံသို့ ပြေးလေ့ ရှိသည့်အတိုင်းနံနက် စာ စားသောက်ပြီးလျှင် ကိုကျင်ထံသို့သွားကာ အကြံတောင်း၏။ ကျောင်းမပိတ်မီ အတွင်း မြင်းစီးသင်ကြားပေးသောကျောင်းသို့သွား၍ သင်ကြားရန် အကြံ ပေး၏။ သူလည်း ဤကျောင်းမှာပင် မြင်းစီးလေ့ကျင့်နေသည်ဟုပြော၏။

---

၂။ Majlis Club

ကိုကျင်ကဲ့သို့နောက်ဆုံးနှစ်သမားများအတွက်ကား မြင်းစီးစစ်ဆေးပွဲကို မဝင်ချင်မနေရ၊ ဝင်ရမည်ဖြစ်၏။ ကျွန်တော်တို့ပထမနှစ်သမားများအတွက်မူကား စနစ်ကျကျနှင့်မြင်းစီးအစမ်းစစ်ဆေးပွဲကို ဝင်ရန်တိုက်တွန်းသောကြောင့် စိတ်ပါလာပြီးလျှင် မြင်းစီးဘောင်းဘီ၊ မြင်းစီးဖိနပ်တို့ကို သွားဝယ်ကြလေသည်။

မြင်းစီးဘောင်းဘီ၊ မြင်းစီးဖိနပ်တို့ကို ဝယ်ခဲ့ကြပြီးလျှင် အိန္ဒိယကျောင်းဆောင်သို့ ထွက်လာခဲ့ကြ၏။ အတန်းထဲရောက်၍ ဆရာကိုစောင့်နေခိုက် အချင်းချင်း စကားပြောနေကြရာ ကိုရွှေဘော်နှင့် ကိုစံမောင်တို့က သူတို့မြင်းစီးအစမ်းစစ်ဆေးပွဲကိုမဝင်လိုဟု ပြောလေသည်။ ဘီ-ဘီဆင်းဂ်ကလည်း ထိုနည်းပြောလေသည်။ ကျွန်တော်၏စိတ်ကလည်း မဝေခွဲနိုင်။ ကိုရွှေဘော်တို့ကဲ့သို့ အစမ်းစစ်ဆေးပွဲကိုမဝင်ဘဲ နေရကောင်းမည်လော။ ကိုကျင်တိုက်တွန်းသည့် အတိုင်းပင်ဝင်ရကောင်းမည်လောဟု သို့လော သို့လေ အတော်ကြာအောင် တွေးနေမိလေသည်။ ဤသို့တွေးတောရင်းနှင့်ပင် တစ်နေ့ကုန်လွန်ခဲ့၏။

**၁၂၈၉ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့**
**( ၁. ၁၂. ၂၇ )**

---

**မြင်းစီးအတတ်သင်ခြင်း ။** နေ့စာ စားသောက်ပြီးလျှင် ကိုကျင်၏အခန်းသို့ သွားကာ ကိုကျင်နှင့်အတူပင် မြင်းစီးဖိနပ်၊ ဘောင်းဘီများကိုဝတ်ဆင်ကြလေသည်။ ပြီးလျှင် မြင်းစီးသင်ကျောင်းသို့ ထွက်သွားကြ၏။ မြင်းစီးကျောင်းကားအခြားမဟုတ်၊ သွပ်မိုးသွပ်ကာရုံကြီးပင် ဖြစ်လေသည်။ ၎င်းရုံသို့ရောက်ကြလျှင် ကိုကျင်ကမြင်းတစ်ကောင်၊ ကျွန်တော်က မြင်းတစ်ကောင် ရွေး၍တက်စီးကြ၏။ မြင်းစီးအတတ်ကိုသင်ကြားပြသသော ဆရာကား ရုံကြီးအလယ်တွင်ရပ်ကာ မြင်းများအားအမိန့်ပေးလျက်နေလေသည်။ လက်ဦးမြင်းများကိုလျှောက်ခိုင်း၏။ မြင်းနှစ်ကောင်မှာလည်း လိမ္မာပြီးသားမြင်းများဖြစ်သောကြောင့် သခင့်အမိန့်အတိုင်း ရုံကြီးအတွင်း ပတ်၍လျှောက်ကြလေသည်။ ထို့နောက် ဆရာကမြင်းများအား ခပ်ဖြည်းဖြည်းပြေးခိုင်း၏။ မြင်းပြေးသောအခါ ကျွန်တော့်မှာ မြင်းကျောပေါ်မှ မကျစေရန် များစွာသတိထားရလေသည်။ ချွေးများပင် နဖူးမှတသွင်သွင်စီးဆင်း၍ လာကြကုန်၏။ ကိုကျင်ကားမြင်းစီးကျင့်ပြီးသားဖြစ်သောကြောင့် မထူးပြီ။ သို့နှင့်မြင်းပေါ်တွင် ၁ နာရီအချိန်ဖြုန်းပြီးလျှင် နေအိမ်သို့ပြန်ခဲ့လေသတည်း။ ညနေခင်းကမြင်းစီးထားသောကြောင့် ကိုယ်လက်နာနေသဖြင့် စောစောပင် အိပ်ရာဝင်လေသည်။

## ၁၂၈၉ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့
## ( ၃. ၁၂. ၂၇ )

**မြင်းစီးသူရဲကောင်း ။** နေ့စာ စားသောက်ပြီးနောက်မြင်းစီးဘိနပ်၊ မြင်းစီးဘောင်းဘီများကို ဝတ်ဆင်ကာ မြင်းစီးအတတ်သင်ကြားရာသို့ တစ်ယောက်ထည်းထွက်ခဲ့လေသည်။ မြင်းစီးရာရုံကြီး သို့ရောက်သောအခါ၊ အိုင်-စီ-အက် အတန်းသားလေး၊ ငါးယောက်တို့နှင့်တွေ့လေသည်။ ထိုသူတို့အနက်ကျွန်တော်တို့ အတန်းသား မဟာမက်ဟာဆန်ဆိုသူလည်း ပါလေသည်။ သူတို့အားလုံးပင် မြင်းစီးကျင့်ထားသည်မှာ အတော်ကြာပြီဖြစ်သောကြောင့် များးစွာကျင့်သားရနေကြလေပြီ။ ကျွန်တော်လည်းဝင်စီးသင့်ကြောင်း၊ တစ်နေ့က ကျွန်တော်စီးပုံမှာ နေရာကျကြောင်းများကို မြင်းစီးအတတ်သင်သောဆရာက ပြောပြသောအခါ ကျွန်တော့်မှာ အတော်ကလေးသွေးမြောက်သွားပြီးလျှင် မြင်းတစ်ကောင်ကိုရွေးစီး၍ အခြားကျောင်းသားများနှင့်အတူသွားရပ်၏။ မြင်းခြောက်ကောင်စီတန်းကာ ရပ်လျက်နေကြလေပြီ။ ကျွန်တော်၏မြင်းကား နောက်ဆုံးမြင်းဖြစ်၏။

လက်ဦးအရှိန်မရခင် တစ်ပတ် နှစ်ပတ် လျှောက်ခိုင်းလေသည်။ မြင်းများမှာလည်းလိမ္မာပြီးသား မြင်းများဖြစ်သောကြောင့် သခင့်အမိန့်အတိုင်း လိုက်နာကြ၏။ ထိုရုံကြီးအတွင်းသုံးလေးပတ် လျှောက်မိကြလျှင် ခပ်မှန်မှန်အပြေးခိုင်းလေသည်။ မြင်းအားလုံးပင် တစ်ကောင်ကိုတစ်ကောင် အားကျမခံပြေးကြ၏။ ကျွန်တော်ကားဟန်မလုပ်နိုင်။ ယိုင်တီယိုင်တိုင်ဖြစ်၍လာလေပြီ။ မြင်းပေါ်မှဇောက်ထိုး မကျစေရန် မနဲသတိထားရလေသည်။ တစ်ကိုယ်လုံးချွေးအတိပြီးနေ၏။ ရင်ထဲတွင်ကား တထိတ်ထိတ်ပင်။ သို့သော်မြေပေါ်သို့မကျသောကြောင့် ဝမ်းမြောက်ရတော့၏။

ဆယ့်ငါးမိနစ်ခန့် ခပ်မှန်မှန်အပြေးခိုင်းပြီးလျှင် ဒုန်းစိုင်းရန်အမိန့်ပေးပြန်လေသည်။ ခက်ပြီ၊ အသို့လုပ်ရအံ့နည်း။ ဒုန်းမစိုင်းဝံ့ဟူ၍ ဆရာအားပြောရမည်ကိုလည်းရှက်သေး၏။ မိမိကိုယ်ကို ရဲဆေးတင်ရလေတော့သည်။ အခြားမြင်းများဒုန်းစိုင်းကြသည်ကိုမြင်လျှင် ကျွန်တော့်မြင်းလည်း အငြိမ်မနေတော့ဘဲ ရှူတတဖြစ်လာ၏။ မိမိ၏အလှည့်မကျမီပင် ထိုမြင်းများနောက်မှလိုက်ကာ ဒုန်းစိုင်းလေသတည်း။ ကျွန်တော်မှာအေးကနဲဖြစ်ပြီးလျှင် လက်ယာဘက်သို့ ယိုင်သွား၏။ ထိုအခါလက်ဝဲ ဘက်သို့ အားပြုလိုက်လေသည်။ အားပြုလိုက်သည်မှာ အရှိန်လွန်သွားသောကြောင့် မဟန်နိုင်တော့ဘဲ လက်ဝဲဘက်တွင်ပင် ဗုံးကနဲကျလေတော့သတည်း။ ကျွန်တော်ကျသည်နှင့်တပြိုင်နက် ကျွန်တော့်မြင်းလည်း ရုတ်တရက်ရပ်လိုက်၏။ မြင်းသာမရပ်လိုက်ပါလျှင် ၎င်း၏နောက်ခြေနှစ်ဘက်မှာ ကျွန်တော်

၏နံရိုးပေါ်သို့လည်းကောင်း၊ နဖူးပေါ်သို့လည်းကောင်း လက်ပြင်ပေါ်သို့ လည်းကောင်း ကျတန်ရာ၏။ မြင်းပေါ်မှကျသဖြင့် အတော်ပင်အောင့်သွားသော် လည်း အခြားကျောင်းသားတို့အား ရှက်သောကြောင့် မြင်းပေါ်သို့တက်ကြ ပြန်လေသည်။

ဤအကြိမ်တွင် ကျွန်တော်၏မြင်းမှာကျွန်တော့်အား တစ်မျိုးစမ်းပြန်၏။ အရှိန်နှင့်ဒုန်းစိုင်းလာပြီးလျှင် ရုတ်တရက်ရပ်လိုက်ရာ၊ မြင်းမှာကားမထောင်းသာ၊ ကျွန်တော့်မှာမူ မြင်း၏ဦးခေါင်းကိုကျော်ကာ ဂွန်းပြန်၍ မြေပြင်ပေါ်သို့ ကျလေသတည်း။ ယခင်ကခါးအောင့်နေရသည့်အထဲတွင် ယခုတစ်ကြိမ်ဂွမ်းထိုးလျက်ကျ ပြန်သဖြင့် နေရာမှတော်တော်နှင့် မထနိုင်ပြီတော်ကြာမှခပ်ရှက်ရှက်နှင့်နေရာ မှထကာ မြင်းကိုအရှုံးပေးလိုက်ရလေ၏။ မြင်းစီးအတတ်သင်ကြားပေးသူ မြင်းရှင် အားမြင်းကိုအပ်၊ နှစ်ရက်အတွင်း မြင်းစီးခတစ်ပေါင်(ရွှေဂိုးတစ်ပြား) ပေးပြီး လျှင်ထိုရုံမှ ထွက်ခဲ့လေသတည်း။

**၁၂၈၉-ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်နေ့။**
**( ၅. ၁၂. ၂၇ )**

---

**လက်လျှော့ရခြင်း ။** ခါးအနည်းငယ် သက်သာသဖြင့် အတန်းတက်သော အခါမိတ်ဆွေများအား အကျိုးအကြောင်းကိုပြော ပြ၏။ မိတ်ဆွေအပေါင်းတို့လည်း တဝါးဝါးနှင့် ရယ်ကြပြီးလျှင် မိမိတို့ကဲ့သို့ အေးအေး မနေဘဲ အတတ်ဆန်းသောကြောင့် ခါးလည်းနာ၊ ငွေလည်းကုန်သည်ဟုပြောကာ ပြောင်လှောင်ကြလေသည်။ ကျွန်တော်ကားမည်သို့မျှ ပြန်မပြောနိုင်။ ကိုရွှေဘော်၊ ကိုစံမောင်၊ ဘီ-ဘီဆင်းဂ်တို့၏ အသင်းသားဖြစ်၍သွားလေသတည်း။

## ၁၂၈၉ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့
## ( ၆. ၁၂. ၂၇ )

**မိတ်ဆွေသစ် ။** နေ့စာ စားသောက်ပြီးလျှင် ခပ်ပျင်းပျင်းရှိသည်နှင့် ကိုရွှေဘော်၏အခန်းသို့ ထွက်ခဲ့လေသည်။ ကိုရွှေဘော်၏ အခန်းတွင် မြန်မာလိုလို၊ ဂျပန်လိုလို၊ ယိုးဒယားလိုလို၊ ကျောင်းသားတစ်ယောက်ကိုတွေ့ရ၏။အနောက်နိုင်ငံသားတို့၏ အဝတ်အစားများကို ဝတ်စားထားလျှင် မြန်မာ၊ ယိုးဒယား၊ ဂျပန်၊ တရုတ်တို့၏ ပုံပန်းမှာ အတူတူလိုဖြစ်နေလေသည်။ ကောင်းစွာ ခွဲခြား၍မရပေ။ ယိုးဒယားနှင့်မြန်မာတို့ကား ခွဲခြား၍မရအောင်ပင်တူလှ၏။ ကျွန်တော်အင်္ဂလန်သို့ ရောက်စက လန်ဒန်လမ်းများတွင် ယိုးဒယားတို့အားမြန်မာများဟုထင်မှတ်ကာ မှားပြီး နုတ်ဆက်မိသည်မှာလည်းအကြိမ်ကြိမ်။ ကျွန်တော်တို့အား ယိုးဒယားများဟုထင်ကာ ယိုးဒယားတို့ကလာရောက်နှုတ်ဆက်ကြသည်မှာလည်း အခါခါပင်။

ကိုရွှေဘော်၏ အခန်းထဲသို့ရောက်၍ ကိုရွှေဘော်ကမိတ်ဆက်ပေးသောအခါကျမှ ထိုကျောင်းသားမှာ မြန်မာပြည်သုံးဆယ်မြို့သား ကိုကျော်ညွန့်ဆိုသူမှန်းသိရလေသည်။ ကျွန်တော်တို့သုံးယောက်သားမှာဝမ်းသာအားရနှင့် စကားပြောနေကြကုန်၏။ နိုင်ငံခြားတွင်မြန်မာချင်းတွေ့ဆုံမိကြလျှင် တစိမ်းဖြစ်စေ၊ အသိဖြစ်စေ၊ မိတ်ဆွေအရင်းအချာကြီးများဖြစ်၍သွားလေ့ရှိလေသည်။

ကိုကျော်ညွန့်မှာ ရက်စပေါန်ရှင်*ခေါ် အောက်စ်ဖို့ဒ်တက္ကသိုလ်ဝင် စာမေးပွဲကိုဖြေဆိုရန် ဆရာတစ်ယောက်ကိုငှားကာ ပညာသင်ကြားနေသူဖြစ်၏။ အောက်စ်ဖို့ဒ်သို့ရောက်လာသည်မှာမကြာသေးချေ။ လက်တင်ဘာသာခက်ကြောင်းညည်းညူသည်ကို ကြားရလေသည်။ ကိုရွှေဘော်အခန်းမှာပင် ကျွန်တော်တို့သုံးယောက်သား ညနေလက်ဖက်ရည်သောက်ကြ၏။

**" စက်ခုတ်သံလား၊ မိုးသံလား " ။** လက်ဖက်ရည် သောက်နေ ကြခိုက် ကိုရွှေဘော်ကစက် သီချင်းဖွင့်လေသည်။ ကိုရွှေဘော်ဖွင့်သော ဓါတ်ပြားများအနက် မြန်မာဓါတ်ပြားနှစ် ပြားလည်းပါလေသည်။ ၎င်းတို့ကား ပဋ္ဋက္ကယားဇာတ်မှ " စက်ခုတ်သံလား၊ မိုးသံလား " အပိုဒ်ပါသည့်ဓါတ်ပြားနှင့် ဦးဘိုးစိန်ဆိုသော " မဲဇာတောင်ခြေ " ဓါတ်ပြားတို့ဖြစ်ကြလေသည်။ ကျွန်တော်နှင့်ကိုကျော်ညွန့်တို့ကား အင်္ဂလိပ်သီချင်းများကိုနားမထောင်လိုကြ။ အလွန်ဟောင်းမြင်းလှစွာသော "စက်ခုတ်သံလား မိုးသံလား" အပိုဒ်ပါသော ဓါတ်ပြားကိုသာလျှင် အကြိမ်ကြိမ်အဖန်ဖန်ဖွင့်ခိုင်းသောကြောင့်

---

* Responsion

ကိုရွှေဘော်ပင်အတော်စိတ်ညစ်သွား၏။ အကယ်၍သာ ကာလပေါ်မြန်မာသီချင်းများကိုကြားရမည်ဖြစ်မူကား မည်မျှကြည်နူးပျော်ရွှင်ကြမည်နည်း။ သို့ဖြစ်သောကြောင့်နောင်အင်္ဂလန်သွားမည့် သူတို့သည် မြန်မာဓါတ်ပြားများကို အပျင်းပြေ ဖွင့်ရန် ယူဆောင်သွားသင့်ကြပေသည်။

ကိုရွှေဘော်၏အခန်းထဲတွင် လက်ဖက်ရည်သောက်၊ စက်သီချင်းဖွင့်ကြပြီးလျှင်သုံးယောက်သား ကိုကျော်ညွန့်နေထိုင်ရာ ဝေါ်တန်လမ်း*၊ အိမ်နံပါတ်၉သို့ သွားကြလေသည်။ ကိုကျော်ညွန့်၏အခန်းတွင် ခေတ္တမျှနေပြီးလျှင် ကျွန်တော် ၏ နေအိမ်သို့ ပြန်ခဲ့လေသည်။ ကိုကျော်ညွန့်မှာလည်း ပျင်းရှာလွန်းသောကြောင့် သူ့ထံ မကြာမကြာအလည်လာရန်မှာလိုက်သေး၏။

**၁၂၈၉ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့**
**( ၇. ၁၂. ၂၇ )**

---

**ကျောင်းမပိတ်မီ ။** နေ့စာ စားသောက်ပြီးလျှင် ကိုကျော်ညွန့်၏အိမ်သို့ ထွက်လာခဲ့လေသည်။ ကိုရွှေဘော်လည်း ထိုအိမ်တွင် ရောက်နေ၏။ ယခင်ကကဲ့သို့သုံးယောက်သား စကားကောင်းနေကြလေသည်။ ကျောင်းပိတ်ရန်လေးရက်သာလိုတော့သဖြင့် ကျောင်းပိတ်ရက်အတွင်း အလည်အပတ်သွားမည့် နေရာများအကြောင်းကို ဆွေးနွေးကြလေသည်။ ကိုရွှေဘော်နှင့် ကိုကျော်ညွန့်မှာ ကျောင်းပိတ်လျှင် ပိတ်ချင်း ရထားနှင့်လန်ဒန်သို့သွားကြလိမ့်မည်။ ကျွန်တော်နှင့်ကိုကျင်တို့ကား အောက်စ်ဖို့ဒ်မှ အေးစ်ဗရီးသို့ မော်တော်ဘတ်နှင့်သွား၊ အေးစ်ဗရီးမှတစ်ဖန် လန်ဒန်သို့ မီးရထားနှင့်သွားရန် စီမံထားကြလေသည်။ ကျွန်တော်တို့တန်ဆောင်မုန်းလဆုတ် ၁၂ရက်နေ့က အေးစ်ဗရီးသို့ လမ်းလျှောက်ထွက်ကြစဉ်က ကျွန်တော်ခြေနာသဖြင့်လမ်းတစ်ဝက်မှ ပြန်လာခဲ့ရသည်ကို မကျေနပ်သောကြောင့်ရောက်အောင် သွားမည်ဟုအားခဲထားကြခြင်းဖြစ်သည်။

ညနေလေးနာရီထိုးလျှင် ကိုကျော်ညွန့်၏အခန်းမှာပင် ကျွန်တော်တို့လက်ဖက်ရည်သောက်ကြ၏။ လက်ဖက်ရည်သောက်ပြီးကြလျှင် ကိုစံမောင်တို့ကျောင်းသို့ထွက်ခဲ့ကြလေသည်။ ဦးကျော်ခိုင်တို့ကျောင်းသို့ရောက်သောအခါ ဦးကျော်ခိုင်၏အခန်းသို့ဝင်ကြသေး၏။ ဦးကျော်ခိုင်အခန်းတွင်မရှိ။ အပြင်သို့ထွက်သွား

---

* Walton Street

ကြောင်းသိရလေသည်။ ကိုစံမောင်တို့ကျောင်းရောက်သောအခါ ကိုစံမောင်၏ အခန်းတွင် ကိုစံမောင်နှင့် ဂျော့ဘိုးစောတို့ကို တွေ့ရလေသည်။ သူတို့မှာ ဝိုင်ယာလက်သီချင်းကို နားထောင်နေကြ၏။ ကျွန်တော်ရောက်သွားသောအခါ မြန်မာငါးယောက်သား တပျော်တပါးကြီးစကားပြောနေလိုက်ကြသည်မှာ ဆူညံ၍ သွားလေတော့သတည်း။ ကိုစံမောင်နှင့်ဂျော့ဘိုးစောတို့လည်း ကျွန်တော်တို့နည်းတူ ကျောင်းပိတ်မည်နေ့မှာပင် လန်ဒန်သို့သွားမည်ဖြစ်ကြောင်း၊ ကျောင်းပိတ်ထားခိုက်တွင် ပြင်သစ်ပြည်သို့အလည်အပတ်သွားမည့်အကြောင်းတို့ကို ပြောကြလေသည်။ ဤသို့ဆူဆူညံညံနှင့်စကားပြော နေကြခိုက် ကိုကျင်ပေါ်ကလာ၏။ အားလုံးပင်ပျော်ရွှင်ကြလွန်းသဖြင့် ဆူညံ၍သွားပြန်သတည်း။ အကယ်၍ သာဦးကျော်ခိုင် ထိုအခန်းထဲတွင်ရှိပါမူ အောက်စဖို့ဒ်တွင်ရှိသမျှသော မြန်မာကျောင်းသားအားလုံးစုံတော့မည်။ ဤသို့ကျွန်တော်တို့ မြန်မာကျောင်းသားတစ်စု စကားပြောနေကြခိုက်တွင် မြန်မာပြည်သို့ရောက်နေသည်ဟူ၍ပင် ထင်မှတ်မိပေသည်။ ညစာစားချိန်ကျမှ အသီးသီးကိုစံမောင်၏ အခန်းမှထွက်လာခဲ့ကြကုန်၏။

**အောက်စ်ဖို့ဒ်မြန်မာကျောင်းသားများ ။** ကျွန်တော်တို့ မြန်မာကျောင်းသားများတစ်စုမှာ ညနေလက်ဖက်ရည်သောက်ပြီးချိန်တွင်ဖြစ်စေ၊ ညစာစားသောက်ပြီးချိန်တွင်ဖြစ်စေ၊ တစ်ယောက်ယောက်၏ အခန်း၌ စုဝေးကာစကား ပြောလေ့ရှိကြလေသည်။ မြန်မာပြည်အကြောင်း ပြောသောအခါ ပြော၊စာပေအကြောင်းဆွေးနွေးသည့်အခါ ဆွေးနွေးစာမေးပွဲအကြောင်း မေးမြန်းသည့်အခါ မေးမြန်းနှင့်သာနေလေ့ရှိကြ၏။ ကျွန်တော်နေထိုင်သောအိမ်မှာ ကျောင်းဆောင်များနှင့် တစ်မိုင်ခန့်ဝေးကွာသောကြောင့်ကျွန်တော့်နေအိမ်သို့လာခဲ့ကြလေသည်။ ကျွန်တော်ကသာ သူတို့အခန်းများသို့ သွားလေ့ရှိ၏။

ကျောင်းမပိတ်မီအတွင်း ၃-၄ရက် တွင် တစ်ယောက်အခန်းသို့ တစ်ယောက်အလည်အပတ်သွားခြင်း၊ လန်ဒန်သို့သွားရန် ပြင်ဆင်ရန်ရှိသည်တို့ကို ပြင်ဆင်ခြင်းတို့နှင့်သာ အချန်ကုန်လွန်လေသည်။ ကျွန်တော်တို့မြန်မာကျောင်းသားချည်းမဟုတ် အင်္ဂလိပ်ကျောင်းသားအပေါင်းတို့လည်း ကျွန်တော်တို့ကဲ့သို့ အလုပ်ရှုပ်နေကြလေသည်။ သူတို့ကား ကျောင်းပိတ်လျှင် မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများနှင့်တွေ့ဆုံကြရမည်ဖြစ်သောကြောင့် ပျော်ရွှင်နေကြကုန်၏။ ကျွန်တော်တို့မြန်မာကျောင်းသားတို့မှာမူ လန်ဒန်မြို့နေ မိတ်ဆွေများနှင့် ပြန်၍တွေ့ဆုံကြရမည်ဖြစ် သောကြောင့်တစ်ကြောင်း၊ လန်ဒန်ရှိကုလားထမင်းဆိုင်၊ တရုတ်ထမင်းဆိုင်တို့တွင် ထမင်း၊ ခေါက်ဆွဲတို့ကို စားသောက်ကြရတော့မည် ဖြစ်သောကြောင့်တစ်ကြောင်းများကြောင့် ဝမ်းအသာကြီးသာလျက်နေကြလေသည်။ ကျောင်းပိတ်

ခါနီးတွင် စာကိုလည်း မဖတ်နိုင်တော့ပြီ။

**၁၂၈၉ ခု၊ နတ်တော်လဆုတ် ၂ ရက်နေ့**
**( ၁၀. ၁၂. ၂၇ )**

---

**ကျောင်းအုပ်ကြီး၏ဩဝါဒ ။** သို့နှင့် ကျောင်းပိတ်သောနေ့သို့ ရောက်လာ၏။ ကျွန်တော်တို့၏ ဝမ်းသာခြင်းကား ဆိုဖွယ်မရှိတော့ပြီ။ နံနက်စာစားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် လန်ဒန်သို့ ယူဆောင်သွားရမည့် ပစ္စည်းများကို အသင့်ပြင်ဆင်၍ပြီးလေပြီ။ ၁၁ နာရီခွဲလျှင် ၎င်းပစ္စည်းများတို့ကို အော်ရီရယ်ကျောင်းတိုက်၊ ကိုကျင်အခန်းသို့ ယူဆောင်ခဲ့၏။ လန်ဒန်တွင် အသုံးမလိုသော ပစ္စည်းတို့ကိုကား နေအိမ်တွင်ပင် အပ်နှံထားခဲ့လေသည်။

ကိုကျင်၏အခန်းတွင် ကျွန်တော်၏ပစ္စည်းများကိုနေရာချထားပြီးနောက် ကျောင်းခန်းမကြီးသို့ထွက်လာခဲ့၏။ ကျောင်းအုပ်ကြီးနှင့် ဆရာများမှာ အခန်းစွန်းစင်မြင့်ပေါ်ရှိ မိမိတို့၏ နေရာများတွင် အသီးသီးထိုင်နေကြလေပြီ။ ကျောင်းသားများလည်း ရောက်နေကြလေပြီ။ ကျောင်းအုပ်ကြီးအနီးတွင် ထိုင်နေသောဆရာကမိမိလက်ထဲတွင်ကိုင်ထားသောစာရင်းစာရွက်ကို ကြည့်ပြီးလျှင် ကျောင်းသား တစ်ယောက်၏အမည်ကိုခေါ်လိုက်၏။ ထိုဆရာ၏ အခေါ်ကိုခံရသောကျောင်းသားမှာ ကျောင်းအုပ်ကြီးအနီးသို့သွားရလေသည်။ ထိုကျောင်းသားမိမိ၏အနီးသို့ ရောက်လျှင် ကျောင်းအုပ်ကြီးက ထိုကျောင်းသား၏အကြောင်းဆရာများ၏အစီရင်ခံစာကို ဖတ်ပြပြီးလျှင် ဆုံးမစကားပြောကြားလေသည်။ ဆိုင်ရာဆရာက အကောင်းအစီရင်ခံထားသောကျောင်းသားဖြစ်လျှင် ထိုကျောင်းသားအား ချီးမွမ်းစကားပြောကြားပြီး နောက်နောင်ကို ထို့ထက်ကောင်းအောင်ကြိုးစားရန် ဆုံးမလွှတ်လိုက်သည်။ ဆိုင်ရာဆရာများကညံ့သည်ဟူ၍ အစီရင်ခံထားသော ကျောင်းသားအလှည့်သို့ရောက်သောအခါ နောင်ကို များစွာကြိုးစားရန် လိုသေးသောကြောင့် ကောင်းစွာကြိုးစားရန် ဩဝါဒပေး၍ လွှတ်လိုက်လေသည်။

ကျွန်တော်၏အလှည့်ကား နောက်ဆုံးဖြစ်၏။ ကျွန်တော်အားလည်း ယခုထက် ပိုမိုကြိုးစားရန်ပြောလွှတ်လိုက်လေသည်။ ဇန္နဝါရီလ ၂၂ ရက်နေ့တွင် ကျောင်းပြန်ဖွင့်မည့်အကြောင်းကို ပြောလိုက်သေး၏။ ကျောင်းခန်းမကြီးအပြင်ဘက်သို့ရောက်သောအခါ ကျွန်တော်ကိုယ်ကို လွတ်လပ်သော လူတစ်ယောက်

ဖြစ်သွားပြီဟု တွေးထင်မိလေသည်။ တစ်ယောက်တည်း ခုန်ပေါက်ပြေးလွှားချင်သော စိတ်များပင်ပေါ်ပေါက်လာ၏။ ကိုကျင်၏အခန်းတွင် ကိုကျင်နှင့်စကားခဏပြောကြပြီးနောက် ကိုကျင်တို့ကျောင်းအနီးရှိ ဆိုင်တစ်ဆိုင်တွင် နေ့စာစားသောက်ကြ၏။ပြီးလျှင် ၂နာရီ မိနစ်၂၀ တွင် မော်တော်ဘတ်စီးကာ အေးစ်ဗရီးသို့ထွက်ခဲ့ကြလေသည်။

မော်တော်ဘတ်လည်း မကြာမီက ကျွန်တော်တို့ လျှောက်၍လာခဲ့သောလမ်းအတိုင်းမောင်းနှင်လာခဲ့ရာ ကျွန်တော်ခြေနာ၍ ဒုက္ခရောက်နေသောနေရာကို ခပ်ဝေးဝေးမှ မြင်လိုက်ရသောအခါ ယခင်ကခြေနာများပင်ပြန်၍ ထချင်သလိုလို၊ ကြက်သည်းများပင် ထချင်သလိုလိုဖြစ်လေသည်။ထိုနေ့မှ သာယာသောနေ့ ဖြစ်သောကြောင့် မော်တော်ဘတ်ထဲမှ မြင်ရသောရှုခင်းမှာ အတော်ပင်သာယာလှပေ၏။ သို့နှင့်လာလိုက်ကြရာ အေးဒ်ဗရီးမြို့ကလေးသို့ ၄ နာရီ ၁၀မိနစ်တွင်ဆိုက်ရောက်လေသည်။ ခေတ္တမျှမြို့အတွင်း လျှောက်ကြည့်ကြပြီးနောက် ၄-နာရီနှင့် မိနစ် ၂၀တွင် ထွက်သောမီးရထားကိုစီးကာ လန်ဒန်သို့လိုက်ပါလာကြ၏။ အေးစ်ဗရီးမြို့ကလေး ကားမကြီးကျယ်လှပေ။ သေးသေးပင်၊ သို့သော်သန့်သန့်ရှင်းရှင်းကား ရှိလှပေ၏။

လန်ဒန်သို့ရောက်လျှင်ရောက်ချင်း ဆရာဦးဘဇော်နှင့် ကိုရှုံးမိုတို့အိမ်သို့သွားကြလေသည်။ ကျွန်တော်တို့တစ်စု ပြန်၍တွေ့ဆုံကြသောအခါ ဝမ်းမြောက်အားရလှသောကြောင့် စကားပြောလိုက်သည်မှာ ဆူညံ၍နေလေ၏။ အတော်ကလေးကြာမှ အိန္ဒိယ ဝိုင်-အမ်-စီ-အေ အသင်းတိုက်သို့သွားပြီးလျှင် ကုလားထမင်းကုလားဟင်းတို့ဖြင့် ပျော်ပွဲကြီးတည်ခင်းကျင်းပကြလေသည်။ ညစာစားသောက်ပြီးနောက်အိမ်ပြန်ရောက်သည်မှ နံနက်နာရီပြန်တစ်ချက်နှစ်ချက်တိုင်အောင်စကားကောင်းလျက်နေကြလေသတည်း။

# အခန်း (၄)

## နှစ်သစ်ကူးကျောင်းပိတ်ရက်
## လန်ဒန်-မြို့တွင်

**ရည်ညွှန်းချက် ။** အောက်စ်ဖို့ဒ်တက္ကသိုလ် မှတ်တမ်းကို ရေးသားနေသောကြောင့် အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်း သာပါသင့်သည်ဖြစ်သော်လည်း ကျောင်းပိတ်ထားခိုက် မြန်မာကျောင်းသားများမည်သို့နေထိုင်သည်၊ အချိန်ကိုမည်သို့ အသုံးပြုကြသည်။ မည်သည့်အရပ်တွင် နေထိုင်ကြသည်ကိုဖော်ပြသင့်သည်ဟု ထင်မှတ်မိလေသည်။ ဤသို့ထင်မှတ်သည့်အတိုင်း ဤအခန်းတွင် အောက်စ်ဖို့ဒ်တက္ကသိုလ်ပိတ်ထားခိုက် လန်ဒန်မြို့၌ ကျွန်တော်ကြားသိ၊ တွေ့မြင်သမျှအကြောင်းတို့ အကျဉ်းအားဖြင့် ရေးသားပါမည်။

မြန်မာပြည်၊ အိန္ဒိယပြည်တို့မှ လွှတ်လိုက်သော အိုင်စီအက်(စ်) အလုပ်သင်ကျောင်းသားများမှာ ကျောင်းပိတ်ထားခိုက်တင် လုံးလုံးလျားလျားအားလပ်ခွင့်မရကြချေ။ အကြောင်းမူကား လန်ဒန်မြို့ရှိ ရုံးများသို့သွားရောက်ခါ အမှုအခင်းစစ်ဆေးပုံများကို နားထောင်မှတ်သားကြရသောကြောင့်တည်း။ ဤသို့မှတ်သားထားသောမှတ်ချက်များကို စာမေးပွဲကျလျှင် တင်ပြကြရလေသည်။ ဤသည်လည်း စာမေးပွဲအတွက်ဘာသာတစ်ရပ်ဖြစ်သည်။

**၁၂၈၉-ခုနှစ်။ နတ်တော်လဆုတ် ၄ ရက်နေ့။**
**( ၁၂-၁၂-၂၇ )**

**လန်ဒန်ပုလိပ်ရုံးများ ။** လန်ဒန်မြို့တွင် ပုလိပ်ရုံးပေါင်း ၆ ရုံး ၇ ရုံးခန့် ရှိ၏။ ကျွန်တော်တို့နေထိုင်ရာနှင့်အနီးဆုံးသော ပုလိပ်ရုံးကာ ဘိုးလမ်း*ပုလိပ်ရုံးဖြစ်လေသည်။ ကျွန်တော်တို့အော်စ်ဖို့ဒ်မှဆင်းလာ၍ နှစ်ရက်

* Bow Street

ကြာသောအခါ နံနက်စာ စားသောက်ပြီးနောက် အမှုအခင်းစစ်ဆေးပုံများကို နားထောင်မှတ်သားရန် ဘိုးလမ်းပုလိပ်ရုံးသို့ ထွက်လာခဲ့လေသည်။ ဘိုးလမ်း မည်သည့်နေရာတွင်ရှိမှန်းမသိ၊ ပုလိပ်များကိုမေး၊ လမ်းသွားလမ်းလာတို့အား မေးမြန်းခြင်းဖြင့်သာလျှင် ဘိုးလမ်းပုလိပ်ရုံးသို့ရောက်သွား၏။ ကျွန်တော်တို့ အားဆိုင်ရာကပေးထားသောလက်မှတ်ကိုပြလိုက်ရာထိုင်၍ နားထောင်ရန် နေရာ တစ်နေရာကိုပေးလေသည်။

ကျွန်တော်ရောက်သွားပြီး များမကြာမီအတွင်းမှာပင် ရုံးမင်းတရားခွင် ပေါ်သို့ရောက်လာ၏။ ရုံးတွင်လူအတော်ပင် စည်ကား၍နေလေသည်။ ရှေးဦးဆုံး သောအမှုကား လန်ဒန်မြို့ “ နတ်သမီး ” နှိပ်ကွက်ရေးဥပဒေအရ ဖမ်းဆီး ထားသော “နတ်သမီး”အမှုအများဖြစ်လေသည်။ ထိုနတ်သမီးတို့မှာ အစိုးရလမ်း ပေါ်တွင် ယောကျ်ားတို့အား အရမ်းမဲ့ခေါ်နေသည်ကို ပုလိပ်များကမြင်သွား၍ အဖမ်းခံရသူများဖြစ်ကြ၏။ အမှုကို ခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် “ နတ်သမီး” တစ်ယောက်တရားခံ၏နေရာ သို့တက်လာလေသည်။ နှုတ်ခမ်းတွင်ဆေးနီခြယ် လျက် မျက်နှာတွင်ကားပေါင်ဒါ အပိန်းသား ရိုက်လိုက်သေး။ မျက်နှာပြောင်တိုက် ကာ ရပ်နေပြီးလျှင် တရားသူကြီးအားခပ်ပြုံးပြုံးလေးကြည့်၏။ တရားသူကြီးက အပြစ်ရှိမရှိမေးသောအခါ အပြစ်ရှိကြောင်းကိုဝန်ခံ၏။ တရားသူကြီးက ဒဏ်ရိုက် သောအခါ လက်ဆွဲအိတ်ထဲမှ ဒဏ်ငွေကိုထုတ်ပေးပြီးလျှင် ဒေါက်-ဒေါက်- ဒေါက်-ဒေါက်နှင့်ကြမ်းပြင်ကို ခပ်ပြင်းပြင်းနင်းလျက် ထွက်၍သွား၏။

ထို့နောက်အစဉ်အတိုင်းတစ်မှုပြီးတစ်မှုကိုခေါ်လေသည်။ အများအားဖြင့် နတ်သမီးအပေါင်းတို့သည် မိမိတို့၏အပြစ်ကိုဝန်ခံကာ ဒဏ်ငွေကိုဆောင်ကြ၏။ အချို့ကမူကား ဝန်မခံဘဲငြင်းနေသောကြောင့် သက်သေများကိုစစ်ဆေးရလေ သည်။ သူတို့အားဖမ်းသောပုလိပ်များကိုစစ်ဆေးပြီးနောက် အပြန်အလှန် မေးခွန်းများကို မေးခွင့်ပြုသောအခါ မဆီမဆိုင်သော မေးခွန်းတို့ကို မေးလိုမေး၊ ပုလိပ်တို့အား ငေါက်လိုငေါက်၊ မေးငေါ့လိုမေးငေါ့နှင့် အတွင်းသားရန်တွေ့လျက် နေကြသည်ကိုမြင်ရ၏။ တရားသူကြီးကမူကားသက်သေများထွက်ချက်အတိုင်း အကြင် “ နတ်သမီး ” တို့အားဒဏ်ရိုက်လိုက်သည်သာ များလေသည်။ ထိုအခါ ပြုံးရယ်ကာ ငွေပေး၍ထွက်သွားကြကုန်၏။ သက်သေဖြစ်ကြသောပုလိပ်များ လည်း ပြုံး၍သာကျန်ရစ်ခဲ့ကြလေသည်။ “ နတ်သမီး ” တို့၏အမှုများကို စစ်ဆေးပြီးလျှင် အရက်မူးများ၏အမှုတို့ကို စ၍စစ်ဆေး၏။ ထိုအရက်မူးများ လည်း ယခင် “နတ်သမီး” တို့ကဲ့သို့ပင် ဖြောင့်ချက်ပေးသူတို့သာ များလေသည်။ တရားသူကြီးက ထိုက်သင့်သောဒဏ်ကိုဆောင်စေ၏။ ထို့နောက် သူတောင်းစား တို့၏အမှုတို့ကို စစ်ဆေးပြန်၏။ လမ်းတွင်ပိုက်ဆံတောင်းနေသည်ကို ပုလိပ်ကမြင် သွား၍ ဖမ်းထားခြင်းဖြစ်လေသည်။ သူတောင်းစားတို့မှာ အများအားဖြင့်ကွယ် လှ၏။ ဒဏ်ငွေတပ်သော်လည်း ဆောင်စရာငွေမရှိသောကြောင့် ထောင်သို့သွား

ရသူတို့သာများလေသည်။ သူတောင်းစားတို့၏ အမှုများကိုစစ်ဆေးပြီးလျှင် မော်တော်ကားမောင်းသမား၊ မော်တော်ဘတ်မောင်းသမား တို့ကိုခေါ်လေသည်။ အချို့မှာညအခါ မီးမထွန်းဘဲ မောင်းသောကြောင့် အဖမ်းခံကြရ၏။ အချို့ကား သတ်မှတ်ထားသည်ထက် ပိုမိုလျှင်မြန်စွာမောင်းသောကြောင့် အဖမ်းခံရခြင်းဖြစ်လေသည်။ ၎င်းအမှုများကို စစ်ဆေးနေသည်နှင့်ပင် ၃ နာရီခွဲသွားတော့၏။ အခြားအမှုများကို စစ်ဆေးရန်အချိန်မရှိတော့သဖြင့် ရုံးဆင်းလေတော့သတည်း။ စစ်ဆေးပြီးသောအမှုများမှာ အမှုသေးများဖြစ်သောကြောင့် စာဖြင့်မရေးသားချေ။ ကျကျနနစစ်ဆေးရသော အမှုမျိုးကို မှတ်သားရမှ နေရာကျပေမည်။ ကျွန်တော်လည်း စိတ်ပျက်ပျက်နှင့်ပင်နေအိမ်သို့ပြန်ခဲ့၏။

## ၁၂၈၉-ခုနှစ်။ နတ်တော်လဆုတ် ၁၁ ရက်နေ့။
## ( ၁၉-၁၂-၂၇ )

---

**“ ရောင်ဝါမထွန်းချမ်းရှာလွန်း၍ ” ။** လန်ဒန်သို့ ရောက်သည့်နေ့မှအစပြု၍တစ်နေ့တစ်ခြား ပိုမို၍အေးလာလေသည်။ နေမင်းမှာလည်း ချမ်းရှာလွန်းသည့်အတွက် ရောင်ဝါမထွန်းတော့ပြီ။ တစ်နေ့ပတ်လုံးမှောင်နေသည်သာ များ၏။ နေ့ခင်းကြောင်တောင် မော်တော်ကား၊ မော်တော်ဘတ်၊ ဓါတ်ရထားများမှာ မီးထွန်းကာသွားလာနေကြရလေသည်။ နှင်းခါးကြီးမင်းမူလျက်နေသောကြောင့် လန်ဒန်တစ်မြို့လုံးမိုက်လျက်နေ၏။ အတော်ပင်စိတ်ပျက်ဖွယ်ကောင်းလေသည်။ ကျွန်တော်တို့ကား အကြောင်းမရှိလျှင် အိမ်ထဲမှ အိမ်ပြင်သို့မထွက်ဘဲ မီးဖိုဘေးတွင် တစ်နေ့လုံးကွေးလျက်သာ နေကြကုန်၏။

နတ်တော်လဆုတ် ၁၁ ရက်နေ့တွင် နှင်းခဲများကျနေသည်ကို ပထမအကြိမ်မြင်ရလေသည်။ နှင်းခဲများကျမည့်နေ့တွင် အခြားနေ့များလောက် မအေးပေ။ အနည်းငယ်ခံသာ၏။ နှင်းလည်းခါတိုင်းနေ့များလောက်မကျ၊ သို့သော်တစ်မိုးလုံးအုံ့လျက်နေလေသည်။ ဤသို့မိုးအုံ့၍နေရာမှ နှင်းခဲလေးများတစ်ဖွဲဖွဲကျလာ၏။ ၎င်းနှင်းခဲကလေးများ၏ပုံပန်းမှာ ရေခဲသုပ်၊ ရေခဲပေါက်စီလုပ်စားရန် ရေခဲတုံးကိုခြစ်ဖြင့် ခြစ်ထားသော ရေခဲမှုန်ကလေးများနှင့်တူလေသည်။ ကောင်းကင်မှကျလာပုံမှာ မြန်မာပြည်၌တပေါင်း၊တန်ခူးလများတွင် လက်ပံပင်များမှလဲများ မြေပြင်ပေါ်သို့ကျလာသည်နှင့် တူလှပေ၏။ အလွန်ကြည့်၍ကောင်းလေသည်။နှင်းခဲများ

ကျ၍ အတန်ကြာလျှင်လမ်းများ၊ အိမ်ခေါင်မိုးများပေါ်တွင် ဖြူဖွေးလျက်နေသောကြောင့် အလွန်ကြည့်၍ကောင်း၏။ လမ်းများပေါ်တွင်ဆားများပက်ဖြန်းထားသည်နှင့်တူလေသည်။ သစ်ရွက်မရှိ၊ မီးလောင်ငုတ်ကဲ့သို့ မဲနေသောသစ်ကိုင်းများပေါ်တွင် နှင်းခဲများတစ်လက်မ၊ နှစ်လက်မခန့်ထူအောင်တင်နေရာ လရောင်၊ နေရောင်များဟပ်လိုက်သောအခါ အထူးကြည့်၍ကောင်းလှပေသည်။ စိတ်ကိုများစွာ ကြည်နူးစေ၏။ မည်မျှကြည့်၍ကောင်းသည်ကို မြင်ဖူးသူတို့သာ သိလေသည်။ စာအားဖြင့်ကုန်စင်အောင် ရေးသားနိုင်မည်မဟုတ်ပေ။ နှင်းခဲကျသည်ကို တစ်ခါမျှမမြင်ဖူးသော ကျွန်တော်တို့အဖို့ကား များစွာထူးဆန်းလျက်နေ၏။ ဤသည်ကား ဗဟုသုတတစ်မျိုးဖြစ်လေသည်။

နှင်းခဲများ ကျခါစတွင် လမ်းသွားလမ်းလာတို့ မကြာမကြာချော်လဲကြလေသည်။ ချော်မလဲစေရန်များစွာသတိထားကာသွားလာကြရကုန်၏။ ဤသို့ချော်လဲခြင်းကိုတားဆီးကာကွယ်ရန် နှင်းခဲများကျလာသည်နှင့်တစ်ပြိုင် နက်လူသွားလူလာထူထပ်သောလမ်းများပေါ်တွင် သဲကိုသော်လည်းကောင်း ကျောက်စရစ်ခဲသေးသေးလေး များကိုသော်လည်းကောင်း ဆိုင်ရာမှလိုက်၍ ပက်ဖျန်းကြရလေသည်။ ဆိုင်ရာဆိုသည်မှာ လန်ဒန်မြို့မြူနီစပယ်အဖွဲ့ကိုဆိုလိုသည်။

နှင်းခဲများသုံး၊ လေးရက် ဆက်လက်၍ကျနေသောအခါ လမ်းများပေါ်တွင် နှင်းခဲများထူထပ်လျက်နေ၏။ လန်ဒန်လမ်းများပေါ်တွင် လေးလက်မ၊ ငါးလက်မခန့် ထူထပ်လျက်နေလေသည်။ အိမ်ဝင်းအတွင်းများတွင် နှစ်ပေ၊သုံးပေအထိထူလေသည်။ တောရွာများတွင်ကား လေး-ငါး-ခြောက်ပေ အထိထူထပ်နေသည်ဟုပြောဆိုလေသည်။ ဤသို့နှင်းခဲများထူထပ်နေသောအခါ ကလေးများထွက်၍ကစားလေ့ရှိကြကုန်၏။ နှင်းခဲများကိုလက်ဖြင့်လုံးကာ တစ်ယောက်ကိုတစ်ယောက်ပေါက် တမ်းကစားလိုကစား၊ နှင်းခဲဖြင့်အရုပ်ကြီးများလုပ်လိုလုပ်၊ အမျိုးမျိုးပြုလုပ်ကာ ကစားလိုကစားနှင့် အတော်ပင်ပျော်ပါးကြလေသည်။ အင်္ဂလိပ်တို့ကားနှင်းခဲများကို နှစ်စဉ်တွေ့မြင်နေကြရသောကြောင့် ရိုးနေပေပြီ။

ဤသို့လမ်းများပေါ်တွင် သုံး-လေးရက်ဆက်၍ကျထားသောနှင်းခဲတို့မှာ လက်ဦးတွင် ဖြူဖြူဖွေးဖွေးနှင့် ကြည့်၍ကောင်းသော်လည်း ၎င်းတို့အပေါ်တွင် လူများ နင်းဖန်များသောအခါ လမ်းပေါ်တွင်ရှိသောသဲများ၊ ဖုန်များနှင့် ရောစပ်လိုက်သကဲ့ သို့ဖြစ်ပြီးလျှင် မဲ၍ရွံ့စရာကောင်းလာလေသည်။ နှင်းခဲတို့မှာတစ်စတစ်စ ပျော်၍လာသောကြောင့် လမ်းများတွင် ဗွက်ပေါက်၍နေတော့၏။ ထိုအခါဆိုင်ရာမှလာပြီးလျှင် ၎င်းနှင်းခဲများကိုသိမ်းဆည်းရပြန်လေသည်။ နှင်းခဲများကပေမင့် မြူနီစပယ်ကူလီများကို အလုပ်ပေးသားပါကလားဟု တွေးတော်မိလေသည်။

**၁၂၈၉-ခုနှစ်။ ပြာသိုလဆန်း ၃ ရက်နေ့။**
**( ၂၅. ၁၂. ၂၇ )**

---

**အင်္ဂလိပ်ခရစ်စမတ်ပွဲနေ့ ။** ခရစ်စမတ်ပွဲနေ့မှာ တနင်္ဂနွေနေ့တွင်ကျလေသည်။ ထိုနေ့တွင်လန်ဒန်တစ်မြို့လုံး၊ အင်္ဂလန်တစ်ပြည်လုံး စည်စည်ကားကား ပျော်လား၊ ပါးလားနေကြမည် ဟုတွေးထင်မိ၏။ ကျွန်တော်တွေးထင်သည့်အတိုင်းမဟုတ်ပေ။ နေရာတကာတွင် ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည်ကို တွေ့မြင်ရ၍ အံ့သြမိ၏။ ဆိုင်ရှိသမျှပိတ်ထားသောကြောင့် နေ့စာစားသောက်ရန်ပင်ခက်နေလေသည်။ အင်္ဂလိပ်ဆိုင်များပိတ်ထားသောကြောင့် တရုတ်ဆိုင်များသို့သွားပြန်သောအခါလည်း တရုတ်ဆိုင်များပိတ်ထားသည် ကိုတွေ့မြင်ရပြန်၏။ အိမ်ပြန်ရောက်၍လက်ဖက်ရည်မှာသောက်မည်ဟု အိမ့်ရှင့်အား ပြောသောအခါ အစေခံခွင့်ယူသွားသောကြောင့် ရေနွေးအိုးတည်မည့်သူ မရှိဟုပြောပြန်လေသည်။ ညနေလေးနာရီထိုးသောအခါ ဆာလွန်းမက၊ဆာလှသဖြင့်ကျွန်တော်ကိုယ်တိုင် ရေနွေးအိုးတည်ကာ လက်ဖက်ရည်တစ်ခွက်စီနှင့်ကျေနပ်ကြရ၏။ အင်္ဂလိပ်ခရစ်စမတ်ပွဲနေ့တွင် လန်ဒန်မြို့၌ ကျွန်တော်တို့သုံးယောက်သား နေ့စာငတ်ကြသည်ကို မည်သည့်အခါမျှ မေ့နိုင်တော့မည်မဟုတ်ပေ။ ညစာစားချိန်ကျမှ အစေခံပြန်ရောက်လာ၏။

**၁၂၈၉-ခုနှစ်။ ပြာသိုလဆန်း ၅ ရက်နေ့။**
**( ၂၇-၁၂-၂၇ )**

---

**အယ်ဘတ်နှင့်ဝိတိုရိယပြတိုက်[၁]။** နံနက်စာ စားသောက်ကြပြီးနောက် ဆရာဇော်[၂] နှင့်အတူသူပန်းချီပညာသင်ကြားနေရာကျောင်းသို့ လိုက်သွားလေသည်။ ပန်းချီအတတ်ကို သင်ကြားရာ ကျောင်းခန်းများကို ဝင်ရောက်ကြည့်ရှုကြပြီးလျှင် ၎င်း ကျောင်းနှင့်ဆက် နေသော

---

၁။ Albeit and Victoria Museum

၂။ ဆရာဦးဘဇော်နှင့်ကျွန်တော်တို့မှာအလွန်ရင်းနှီးနေပြီဖြစ်သောကြောင့် သူ့အားကျွန်တော်တို့တတွေကဆရာဇော်ဟူ၍ခေါ်ကြလေသည်။ ဤမှတ်တမ်းတွင်လည်း ကျွန်တော်တို့ခေါ်သကဲ့သို့ ဆရာဇော်ဟူ၍ပင် ရေးသွားပါမည်။

အယ်ဘတ်နှင့်ဝိတိုရိယပြတိုက်သို့ ထွက်ခဲ့ကြလေသည်။ ၄င်းပြတိုက်အတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် နေ့စာကိုစားသောက်နေခိုက် အသက် ၁၈ နှစ်ခန့်သေးသေး သွယ်သွယ်၊ အချိုးအစားကျကျ၊ မိန်းကလေးတစ်ယောက်က ဆရာဇော်အား လာ၍နှုတ်ဆက်၏။ ထိုမိန်းကလေးထွက်သွားသောအခါ ဆရာဇော်အား ထို မိန်းကလေးအကြောင်းမေးကြည့်ရာ ထိုမိန်းကလေး၏ပုံတူကိုကြည့်၍ ဆွဲရန် ငှားထား သော မိန်းကလေးဖြစ်ကြောင်းပြောပြလေသည်။ တစ်ခါတစ်ခါ အဝတ်အစားမပါ ဘဲပင် ထိုမိန်းကလေး၏ပုံတူကို ထိုကျောင်းသားများ ဆွဲကြရသည်ဟူ၍လည်းပြော သေး၏။ အနောက်နိုင်ငံများမှာ ပိုက်ဆံရှာပုံဆန်းလှပေတကားဟု တွေးတောမိ လေသည်။

၄င်း လက်ဖက်ရည်ဆိုင်တွင် နေ့စာစားသောက်ကြပြီးနောက် အယ်ဘတ်နှင့်ဝိတိုရိယပြတိုက်ကြီးအတွင်း တစ်ခန်းဝင် တစ်ခန်းထွက် ကြည့်ရှု စရာများကို လျှောက်ကာကြည့်ရှုကြလေသည်။ ပြတိုက်တွင် လက်မှုပညာနှင့် ပတ်သက်သော ထူးဆန်းသည့်အရာများ လွန်စွာပေါ်များလေသည်။ နိုင်ငံခြား ပန်းချီကားတို့လည်း အတော်ပင်များ၏။ ဂျပန်ပန်းချီကား တရုတ်ပန်းချီကားတို့ ကိုလည်းများစွာပင် တွေ့မြင်ရလေသည်။ အခြားအခြားကြည့်ရှုဖွယ်တို့လည်း မနည်းပြီ။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားမှတ်တမ်းတွင်လည်း ဤပြတိုက် အကြောင်း အတော်စုံလင်စွာရေးသားဖေါ်ပြထားလေသည်။

**လောကဓါတ်ပြတိုက်** [၁]**။** အယ်ဘတ်နှင့် ဝိတိုရိယပြတိုက်ကြီးမှ ထွက်လာ ကြပြီးလျှင် ၄င်းနှင့်မျက်နှာချင်းဆိုင်တွင် တည်ရှိ သောလောကဓါတ်ဆိုင်ရာ ပြတိုက်ကြီးသို့ သွားကြပြန်၏။ ၄င်းပြတိုက်တွင်ကား စက်ကိရိယာအမျိုးမျိုး၊ စက်သင်္ဘောအမျိုးမျိုး၊ ရွက်လှေအမျိုးမျိုး၊ လေယာဉ်ပျံ အမျိုးမျိုးတို့၏ ပုံတူများနှင့်တကွ လောကဓါတ်ဘက်ဆိုင်ရာ ထူးဆန်းသည့် အရာဝတ္ထုအမျိုးမျိုးတို့ကို တွေ့မြင်ရလေသည်။

**စစ်ဘက်ဆိုင်ရာ ပြတိုက်**[၂]**။** လောကဓါတ်ဆိုင်ရာပြတိုက်မှ ထွက်လာခဲ့ ကြပြီးနောက် စစ်ဘက်ဆိုင်ရာပစ္စည်း အမျိုးမျိုး၊ လက်နက်အမျိုးမျိုးတို့ကိုသိမ်းထားရာ စစ်ပြတိုက်သို့ သွားကြလေ သည်။ ထိုပြတိုက် တွင်ကား အမြောက်၊ သေနတ်၊ တော်ပီတို၊ ရေငုပ်သင်္ဘော၊ ခဲ၊ ယမ်းမီးကျောက်မှစ၍ စစ်ထဲတွင် အသုံးပြုသော လက်နက်အမျိုးမျိုးတို့ကို တွေ့မြင်ရ၏။ လွန်ခဲ့သော ကမ္ဘာစစ်ကြီးအတွင်းက အသုံးပြုသော လက်နက်များ

---

၁။ Science Museum ၂။ War Museum

ကိုလည်းတွေ့မြင်ရလေသည်။ ဂျာမန်များလက်မှ ဖမ်းဆီးရမိလိုက်သော လက်နက်များလည်း ဤပြတိုက်တွင်ရှိ၏။ ၎င်းလက်နက်များနှင့်ဆိုင်ရာအညွှန်းများကို ဖတ်ရသည်မှာ လွန်စွာဗဟုသုတတိုးလေသည်။

**သဘာဝဆိုင်ရာပြတိုက်**[၁] **။** စစ်ဘက်ဆိုင်ရာပြတိုက်တွင် တစ်နာရီခန့် လှော့က်ကြည့်ကြပြီးနောက် သစ်ပင် တိရိစ္ဆာန် သတ္တုကျောက်အစရှိသော ဝတ္ထုပစ္စည်းများကို သိုမှီးထားရာ ပြတိုက်သို့သွားကြပြန်၏။ ထိုပြတိုက်တွင် ရှေးနှစ်ပေါင်းများစွာ အခါကသာရှိ၍ ယခုအခါတွင်မရှိသောတိရိစ္ဆာန်တို့၏ အရိုးကြီးများကို မြင်ရလေသည်။ ၎င်းအရိုးကြီးများအပြင် အခြားထူးဆန်းသောတိရိစ္ဆာန်အရိုးများ ငှက်သေများ ကျောက်များ သတ္တုများ မှစ၍ ဗဟုသုတရဖွယ် အမျိုးမျိုးတို့ကို တွေ့မြင်ရသေးသည်။ ပြတိုက်ကြီးအတွင်း တစ်နာရီခန့် လှော့က်ကြည့်ကြပြီးနောက် အိမ်သို့ပြန်လာခဲ့ကြလေသည်။ အဆိုပါပြတိုက်များမှာ တစ်တိုက်နှင့်တစ်တိုက် မဝေးလှပေ။ ထိုပြတိုက်များနှင့် ဗြိတိသျှပြတိုက်ကား အတော်ပင် အလှမ်းဝေးလေသည်။ လန်ဒန်မြို့တွင်ကား ပြတိုက်ပေါင်းစုံ၍သာနေပေသည်။ မြန်မာပြည်၌မူ ပြတိုက်တစ်တိုက်ပင် ပြစရာမရှိ။ ဝမ်းနည်းဖွယ်ကောင်းလှပေတော့သည်။ အင်္ဂလိပ်ကျောင်းသားလေးတို့မှာအဆိုပါပြတိုက်ကြီးများရှိသောကြောင့် ဗဟုသုတအမျိုးမျိုးတို့ကို မပင်ပန်းဘဲနှင့် ရကြလေသည်။ မြန်မာပြည်ကျောင်းသားများကား ဤသို့ဗဟုသုတမျိုးကို အဘယ်မှာလျှင် ရနိုင်ကြပါအံ့နည်း။

## ၁၂၈၉-ခုနှစ်။ ပြာသိုလဆန်း ၉ ရက်နေ့။
## ( ၃၁-၁၂-၂၇ )

---

**အင်္ဂလိပ် နှစ်သစ်ကူးပွဲ ။** ပြာသိုလဆန်း (၉)ရက်နေ့ညတွင် မိမိအိမ်၌ နှစ်သစ်ကူးပွဲ အထိမ်းအမှတ်ဖြင့် ကျွေးမွေးလိုသောကြောင့် လာရောက်ကြရန် မြန်မာပြည်တွင် အရေးပိုင်လုပ်ခဲ့ဖူးသူ မစ္စတာပါကင်က ဖိတ်ထားသောကြောင့် နေ့ခင်းနာရီပြန်နှစ်ချက်အချိန်တွင် ဝိတိုရိယဘူတာရုံသို့ ကိုရုံးမိုနှင့်အတူ ထွက်ခဲ့ကြလေသည်။ ဘူတာရုံတွင် ကိုခင်မောင်ဖြူနှင့်ဆုံ၏။ ဝိတိုရိယဘူတာရုံမှ မီးရထားစီးလာပြီးလျှင် ဗစ်က်လေ[၂] ခေါ် ရွာကလေး

---

၁။ Natural History Museum ၂။ Bickley

သို့ သွားကြလေသည်။ ၎င်းရွာကလေးသို့ ညနေ (၄)နာရီအချိန်တွင် ရောက်ကြ၏။ ဘူတာရုံတွင် မစ္စတာပါကင်နှင့် သူ၏သားကလေးများ လာရောက်ကြိုဆိုနေကြလေသည်။ သူတို့နှင့်အတူတူပင် လိုက်ပါသွားကြ၏။ မစ္စတာပါကင်၏အိမ်တွင် ဦးကျော်ခိုင်နှင့် ကိုတင်အုန်းတို့ ရောက်နှင့်နေကြလေပြီ။ ကျွန်တော်တို့ရောက်၍ မကြာမီအတွင်းမှာပင် ဦးရွှေဘော်တစ်ယောက်ထည်းပေါက်လာသည်။

အားလုံးအရောက်ညီကြသောအခါ စကားများကြ၊ သီချင်းဆိုကြ၊ ကကြ၊ ကစားကြ၊ ညစာစားကြနှင့် အတော်ပင်ပျော်ပါးကြလေသည်။ ကျွန်တော်က "မဲဇာတောင်ခြေ"ရတုကိုဆို၏။ ကိုတင်အုန်းက ကာလပေါ် မြန်မာသီချင်းတစ်ပုဒ်ကိုဆိုလေသည်။ ဦးကျော်ခိုင်၊ ကိုခင်မောင်ဖြူနှင့် ကိုရှုံးမိုတို့က လက်ခုပ်တီးကြ၏။ ကျွန်တော်တို့ အလှည့်ပြီးလျှင် မစ္စတာပါကင်၏ သားကလေးများနှင့် တူကလေးတို့က ပြဇာတ်တစ်ဇာတ် ခင်းကြလေသည်။ အရက်ဆိုင်လည်းပါ၏။ အရက်မူး၍ ပုလိပ်ဖမ်းသည်လည်းပါ၏။ ရုံးရောက်၍ တရားသူကြီးက စစ်ဆေးသည်လည်းပါ၏။ တရားသူကြီးက စီရင်ချက်ချသောအခါ တရားခံက ပြန်ပြောသောနေရာတွင် တသောသောနှင့် ရယ်ကြရလေသည်။

ကလေးများ သူတို့အလျောက် ကျကျနန ပြဇာတ်ကို ခင်းကျင်းပြသနိုင်ခြင်းအား ချီးမွမ်းမိပေသည်။ သူတို့ကား ကျောင်းတွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း၊ ကျင့်သားကျနေပြီဖြစ်သောကြောင့် အကြောက်အရွံ့မရှိ ရဲရဲတင်းတင်းပြောဝံ့ ဆိုဝံ့ရှိကြ၏။ မြန်မာကလေးတို့အားလည်း ဤသို့သင်ကြားပြသထားသင့်ပေသည်။ အိမ်တွင် လူစုမိသောအခါ၌ ဤသို့ပြဇာတ်ကလေး တစ်မျိုးမျိုးကို ခင်းကျင်းပြသမည်ဆိုလျှင် အလွန်ပျော်စရာကောင်းပေလိမ့်မည်။

ဤသို့ ပျော်ပျော်ပါးပါး ဆူဆူညံညံနှင့်ပင် (၉)နာရီထိုးလေသည်။ (၉)နာရီထိုးသည်နှင့် တစ်ပြိုင်နက် ညဥ့်နက်စာ* ကိုကျွေးပြန်လေသည်။ ကိတ်မုန့်၊ ပေါင်မုန့်၊ နွားနို့၊ ကာဖီမှစ၍ စားချင်ရာကို စားသောက်ကြကုန်၏။ စားသောက်ပြီးလျှင် ကျွန်တော်တို့ မြန်မာတစ်စု ဘူတာရုံသို့ ထွက်လာခဲ့ကြလေသည်။ မစ္စတာပါကင်နှင့် သူ၏ သားများကလိုက်၍ပို့ကြ၏။ နေအိမ်သို့ (၁၀)နာရီကျော်မှ ရောက်ကြသတည်း။

---

၁။ Supper

**၁၂၈၉-ခုနှစ်။ ပြာသိုလဆန်း ၁၀-ရက်မှ**
**လဆုတ် ၃-ရက်နေ့အထိ။**
**( ၁-၁-၂၈ ) မှ ( ၉-၁-၂၈ )**

**နှစ်ဆန်းစတွင် ။** နှစ်ဆန်းတစ်ရက်နေ့မှ (၉)ရက်နေ့တိုင်အောင် မယ်ရရီဘုံး[၁]အရပ်ရှိ ပုလိပ်ရုံးသို့ သွားကာ အမှုအခင်းများကို နားထောင် မှတ်သားလေသည်။ ရာသီဥတုမှာ တစ်နေ့တခြား ဆိုးရွား၍လာ၏။ နားရွက်ကလေးများမှာ အေးရှာကြလွန်း၍ နီရဲလာပြီးလျှင် စပ်လျက်နေကြလေတော့သည်။ ၎င်းတို့ပူလာအောင် မကြာမကြာ လက်များဖြင့်ပွတ်ပေးရ၏။ နှာခေါင်းလည်း နားရွက်များနည်းတူ နီရဲ၍လာလေသည်။ သို့သော်နားရွက်များလောက်မဆိုးပေ။ အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ မီးနားတွင်ပင် ကွေးနေချင်သော်လည်း အလုပ်ဝတ္တရားများကရှိနေသောကြောင့် စိတ်ကိုတင်းကာ ရုံးတက်ရလေသည်။ များစွာစိတ်ပျက်မိ၏။

**၁၂၈၉-ခုနှစ်။ ပြာသိုလဆန်း ၄ ရက်နေ့။**
**( ၁၀-၁-၂၈ )**

**ပါလီမန်လွှတ်တော် ။** နံနက်စာ စားသောက်ပြီးနောက် ဆရာဇော်နှင့်အတူ အထက်အောက်ပါလီမန်လွှတ်တော် အဆောက်အဦကြီးများသို့ သွားရောက် ကြည့်ရှုကြလေသည်။ ပါလီမန် အစည်းအဝေးပွဲများကို ကျင်းပသော အချိန်မဟုတ်သောကြောင့် အတွင်းသို့ဝင်ခွင့်ရ၏။ ကျွန်တော်တို့ကဲ့သို့ပင် ပါလီမန်လွှတ်တော်များကို လာရောက်ကြည့်ရှုနေကြသော နိုင်ငံခြားသားတို့လည်း အတော်ပင်များလေသည်။ နံရံတွင် ရေးဆွဲထားသော ပန်းချီကားများမှာခမ်းနားလှပေသည်။

**ဝက်မင်းစကားဟော[၂]။** ပါလီမန်အဆောက်အဦများမှာ ထွက်လာခဲ့ကြပြီးနောက် အိန္ဒိယဘုရင်ခံချုပ်ဟောင်း ဝါရင်ဟေ့စတင်း[၃]ကိုတရားစွဲဆိုသောအခါ စစ်ဆေးရာဖြစ်သော ဝက်မင်းစတားဟောခေါ် ခန်းမ

၁။ Marylebone
၂။ Westminster Hall
၃။ Warren Hastings

ကြီးကိုသွားရောက်ကြည့်ရှုကြလေသည်။ ၄င်းခန်းမကြီးမှာ အတော်ပင် ကြီးလေသည်။ ဝါရင့်ဟေ့စတင်းအားစစ်ဆေးစဉ်က ထိုပုဂ္ဂိုလ်ကြီးရပ်သောနေရာကို ကြေးပြားဖြင့် မှတ်သားထား၏။ ၎င်းခန်းမကြီးအတွင်း စားပွဲကုလားထိုင်ဟူ၍ ပစ္စည်းတစ်စုံတစ် ရာမရှိ။ ကြမ်းပြင်ချည်းကိုသာ မြင်ခဲ့ရလေသည်။ လော့ဒ်မကောလေး[၁] ရေးသားသောဝါရင့်ဟေ့စတင်း၏အတ္ထုပ္ပတ္တိတွင်ကား ၎င်းခန်းမကြီးကို အထူးချဲ့ထွင် တန်ဆာဆင်ကာ ရေးသားထားလေသည်။

**ဝက်မင်းစကား ဘုရားရှိခိုးကျောင်း[၂]။** ဝက်မင်းစကားခန်းမကြီးမှ ထွက်လာခဲ့ကြပြီးလျှင် ဝက်မင်းစတား ဘုရားရှိခိုးကျောင်းသို့ သွားကြပြန်၏။ လမ်းတစ်ခုသာ ခြားလေသည်။ ၎င်းဘုရားရှိခိုးကျောင်းကြီးအတွင်း အင်္ဂလန်ပြည်၌ အုပ်စိုးခဲ့ကြသောဘုရင်များ၊ နာမည်ကျော်စစ်ဗိုလ်ချုပ်ကြီးများ၊ နာမည်ကျော်တိုင်းပြည်ခေါင်းဆောင်ကြီးများ၊ နာမည်ကျော်လက်ာဆရာကြီးများ၊ နာမည်ကျော်စာရေးဆရာကြီးတို့၏ သင်္ချိုင်းများရှိလေသည်။ သာမန်လူများ ဤဘုရားရှိခိုးကျောင်းကြီးအတွင်း မြှုပ်နှံထားရာ သင်္ချိုင်းတို့ကို မြင်ရသောအခါ သူတို့ရေးသားထားခဲ့သော စာများ၊ လင်္ကာများကို သတိရမိလေသည်။

**နန်းရင်းဝန်အမတ်ကြီး၏အိမ် ။** ဝက်မင်းစတား ဘုရားရှိခိုးကျောင်းကြီးမှ ထွက်လာခဲ့ပြီးနောက် မနီးမဝေးရှိ အင်္ဂလန်နန်းရင်ဝန်အမတ်ကြီး၏ နေထိုင်ရာ ဒေါင်းနင်းလမ်း[၃] အိမ်အမှတ် (၁၀)သို့ သွားရောက်ကြည့်ရှုကြသေး၏။ ၎င်းအိမ်ကို အပြင်ဘက်မှ လာရောက်ကြည့်ရှုနေကြသောနိုင်ငံခြားသားတို့လည်း မြင်ခဲ့ရလေသည်။ ၎င်းအိမ်ကား နာမည်ကြီးသလောက် ခမ်းနားခြင်းမရှိလှပေ။ ရိုးရိုးအိမ်များနှင့် တစ်စားတည်းပင်။ ရှေးအခါက ကျွန်တော်တို့ထင်မှတ်သကဲ့သို့ ဝန်းကျယ်ကျယ်ကြီးနှင့်လည်းမဟုတ်၊ ပုလိပ်များ၊ စစ်သားများဝိုင်းအုံ၍ ထားသည်လည်းမဟုတ်၊ လမ်းဘေးတွင် ကပ်လျက် အစောင့်အကြပ်မရှိသောအိမ်ပေတည်း။ မြန်မာပြည်ဘုရင်ခံ မင်းကြီး၏ အိမ်တော်လောက်ပင်မခမ်းနားပေ။

---

၁။ Lord Maculay
၂။ Westminster Abbey
၃။ Dawning Street

**၁၂၈၉-ခုနှစ်။ ပြာသိုလဆုတ် ၆ ရက်နေ့။**
**( ၁၂. ၁. ၂၈ )**

---

**လန်ဒန်မျှော်စင်* ။** ကျောင်းပိတ်ထားခိုက်တွင် လန်ဒန်မြို့ရှိ နာမည်ကျော် အဆောက်အဦများ၊ ရာဇဝင်တွင် ထင်ရှားသောနေရာ ဌာနများသို့ သွားရောက်ကြည့်ရှုကြရန် ကြံစည်ထားသည့်အတိုင်း ဆရာဇော်နှင့် ကိုရုံးမိုတို့ကိုပါခေါ်ပြီးလျှင် အင်္ဂလိပ်ရာဇဝင်တွင် ထင်ရှားခဲ့သော လန်ဒန်မျှော်စင် ခေါ်သည့်ရဲတိုက်ကြီးသို့ သွားရောက်ကြည့်ရှုကြလေသည်။ ကျွန်တော်တို့နေထိုင်သောနေရာမှ အတောင်ပင်လှမ်းသောကြောင့် မီးရထားစီး၍ သွားကြ၏။ ရဲတိုက်အတွင်းသို့ အခပေး၍ ဝင်ရလေသည်။ ရဲတိုက်သို့ရောက်သောအခါ ရဲတိုက်အတွင်းရှိ အဆောက်အဦတစ်ခုထဲသို့ဝင်ကြည့်လိုလျှင် အခပေးရပြန်၏။ ပိုက်ဆံယူ၍ မဆုံးနိုင်။ သို့သော် လာရောက်ကြည့်ရှုသူတို့ကား ပြည့်နှက်လျက်နေလေသည်။ သို့ဖြစ်သောကြောင့်လည်း အင်္ဂလိပ်တို့မှာ ဗဟုသုတနှင့် ပြည့်စုံကြပေသည်ဟု တွေးတောမိ၏။

ရဲတိုက်အတွင်း အခန်းတစ်ခန်းတွင် နန်းစဉ် ကျောက်သံပတ္တမြားတို့ကို သိမ်း၍ထားလေသည်။ အရှင် ဘုရင်ဧကရာဇ်မင်းမြတ်နှင့် မိဖုရာခေါင်ကြီးတို့၏ သရဖူ၊ ဦးသျှောင်တို့လည်း ဤအခန်းထဲမှာပင် ရှိလေသည်။ နန်းစဉ် ကျောက်သံပတ္တမြားတို့ကို ကြည့်ရှုလိုလျှင် ပိုက်ဆံထပ်မံ၍ပေးရပြန်၏။ ကြည့်ရှုသူတို့မှာ တိုး၍ပင်မပေါက်ပေ။ ပြည့်နှက်လျက်နေ၏။ အစုလိုက် အစုလိုက် အလှည့်ကျဝင်၍ ကြည့်ရှုရလေသည်။ နန်းစဉ်ကျောက်သံပတ္တမြားထားရာ အတွင်းခန်းကလေးကို သံတိုင်ကြီးများဖြင့် ဝိုင်းရံထား၏။ အစောင့်ပုလိပ်သားတို့လည်း သုံးလေးယောက်ခန့် ရှိလေသည်။ မိမိတို့အလှည့်ကျ၍ အခန်းထဲဝင်ပြီးလျှင် သံတိုင်များအပြင်ဘက် ခပ်ဝေးဝေးမှ ကြည့်ရသော်လည်း ကြာကြာမကြည့်ရ၊ ခေတ္တကလေးမျှသာ ကြည့်ရှုရပေသည်။ ကြည့်ပြီးလျှင်ပြီးချင်း အပြင်သို့ ထွက်ရန် အစောင့်များက သတိပေးလျက်သာ နေကြကုန်၏။

သံတိုင်ကြီးများဖြင့် လုံခြုံစွာသိမ်း၍ထားသော နန်းစဉ် ကျောက်သံ ပတ္တမြားတို့ကား ရှု၍မငြီးနိုင်လောက်အောင်ပင် တဝင်းဝင်းတပြောင်ပြောင်၊ တောက်လောင်ဘနန်း၊ ဆန်းကြယ်လှပေသည်။ ၎င်းတို့အထက်တွင် ဓါတ်မီး တစ်လုံးကို ထွန်းထားသည့်အတွက် မီး၏အရောင်နှင့် စိန်ရောင်၊ ပတ္တမြားရောင်တို့မှာ ပဏာရပြီးလျှင် ဝင်းပြောင်တောက်ပလျက်နေလေတော့သတည်း။ ကြည့်ရှုနေကြသူတို့လည်း စုတ်တသပ်သပ်၊ ရင်တမမနှင့် အံ့ဩကာရှိနေကြကုန်၏။ ဤသို့သော အဘယ်မှာလျှင် ငြီးငွေ့ပါအံ့နည်း။ ရတနာအစစ်တို့ကား လူတို့၏

---

၁။ Tower of London

မျက်ရစ်ဆိုသည်မှာ မှန်လှပေသည်။ လူတို့၏စိတ်ကို အေးချမ်းသာယာစေသည် ဆိုသည်မှာ မှန်လှပေတော့၏တကား။ ၎င်းရတနာတို့ကို ခပ်ကြာကြာကလေး အားပါးတရာ ကြည့်ရှုနေလိုသော ဆန္ဒရှိပါသော်လည်း အစောင့်အကြပ်များက မြန်မြန်ထွက်ရန် အမြဲပြောနေကြသောကြောင့် မထွက်ချင်ထွက်ချင်၊ အားမရ တရနှင့်ပင် ထိုအခန်းမှ ထွက်လာခဲ့ရလေသတည်း။

ဝင်းရဲတိုက်အတွင်း အခြားကြည့်ရှုစရာများကို လှည့်လည်ကြည့်ရှုကြပြီး နောက်နေအိမ်သို့မီးရထားစီးကာ ပြန်လာခဲ့ကြလေသည်။

**၁၂၈၉-ခုနှစ်။ ပြာသိုလဆုတ် ၈ ရက်နေ့။**
**( ၁၄-၁-၂၈ )**

**လန်ဒန်တိရစ္ဆာန်ရုံ ။** လန်ဒန်မြို့ မျှော်စင်ကြီးမှ ပြန်လာခဲ့ကြပြီးနောက် (၂) ရက်ကြာသောအခါ လန်ဒန်တိရစ္ဆာန်ရုံသို့သွားရန် ဆရာဇော်ကအဖော်ညှိသောကြောင့် ကျွန်တော်တို့သုံးယောက်သားမော်တော်ဘတ်စီးကာ တိရစ္ဆာန်ရုံရှိရာသို့ ထွက်ခဲ့ကြ၏။ တိရစ္ဆာန်ရုံသို့ရောက်၍ အဝင်ဝတွင် ရုံဝင်ခကိုပေးကြပြီးနောက် ဥယျာဉ်ကြီးအတွင်းရှိသော တိရစ္ဆာန်များ၊ ငှက်များ၊ ငါးများကိုလှည့်လည်ကြည့်ရှုကြလေသည်။

ဆင်များထားရာရုံတွင် မြန်မာပြည်မှ ဆင်တစ်ကောင်ကို မြင်ရ၏။ ကျွန်တော်တို့အား စိုက်ကြည့်နေသည်ကိုထောက်သဖြင့် ၎င်းဆင်သည် ကျွန်တော်တို့အား မြန်မာများဟူ၍ သိကောင်းသိပေလို့မ်မည်။ ၎င်းဆင်ကို ကိုယ်တွယ်ကြည့်ချင်သောစိတ်များပင် ပေါ်ပေါက်၍လာလေသည်။ သို့သော် အကိုင်ခံလျှင်တော်၏။ အကိုင်မခံဘဲ နှာမောင်းနှင့်ဆော်လိုက်မှဖြင့် ခက်တော့မည်ဟု တွေးတောမိသဖြင့် ထိုင်နေရာမှ ထွက်ခဲ့လေသည်။

ထိုနောက် ကျားများထားရာသို့ ရောက်ကြ၏။ ၎င်းရုံတွင်လည်း မြန်မာပြည်မှ ကျားမတစ်ကောင်ရှိလေသည်။ မည်မျှကြာအောင် ဤရုံအတွင်း အကျဉ်းခံနေခဲ့ရသည်မသိ၊ ခမျာမှာ ပိန်ချုံးလျက်နေလေပြီ။ ၎င်းအား သနားမိတော့၏။

၎င်းကျားများထားရာရုံမှ ထွက်လာပြီးနောက် ငါးအမျိုးမျိုးတို့ကို ထားရာသို့ရောက်ကြပြန်၏။ ရုံထဲဝင်ရန် ပိုက်ဆံထပ်မံ၍ ပေးရပြန်လေသည်။ ပိုက်ဆံကုန်လမ်းချည်းသာတည်း။ ငါးအမျိုးမျိုးတို့ကို မှန်အိမ်ကြီးများနှင့် လှောင်ထားလေသည်။ ငါးဆိုသည်မှာ စုံ၍သောနေတော့၏။ အော့တ်တိုပတ်စ်* ခေါ် ထူးဆန်း

* Octopus

သည့် ရေသတ္တဝါတစ်မျိုးလည်း ရှိလေသည်။ ၎င်းသတ္တဝါ၌ နှာမောင်းရှစ်ချောင်း ရှိ၏။ ထိုနှာမောင်းများဖြင့် လူမှစ၍ သတ္တဝါဟူသမျှတို့၏ သွေးကိုစုတ်ယူလေ့ ရှိလေသည်။ ၎င်းသတ္တဝါများထားရှိရာအရပ်တွင် လေှမှောက်၊ သင်္ဘောမှောက် သည်ရှိသော် အသက်ရှင်ရန် ခဲယဉ်း၏။ ရေမြင်းမှစ၍ အခြားထူးဆန်းသော ရေသတ္တဝါ အမျိုးမျိုးတို့ကိုလည်း တွေ့မြင်ရသေးသည်။

ထိုရုံမှထွက်လာခဲ့ကြပြီးလျှင် မျောက်များ၊ မြွေများ၊ ငှက်များထားရာရုံ အသီးသီးသို့လည်း သွားရောက်ကြည့်ရှုကြသေး၏။ ၎င်းတို့၏အကြောင်းများကို ရှည်အံ့စိုး၍ မရေးသားတော့ပြီ။ တိရစ္ဆာန်ရုံအတွင်း တစ်နေ့ပတ်လုံး လျှောက်ကြည့် ကြပြီးနောက် ညနေအချိန်သို့ရောက်မှ အိမ်သို့ပြန်ခဲ့ကြလေသတည်း။

**၁၂၈၉-ခုနှစ်။ ပြာသိုလဆုတ် ၁၀ ရက်နေ့။**
**( ၁၆-၁-၂၈ )**

---

**သစ်ပင်ပန်းပင်အမျိုးမျိုးဥယျာဉ် ။** နံနက်စာ စားသောက်ကြရင်း ကျွန်တော်တို့ သုံးယောက်သားမှာ ဗဟုသုတအတွက် သွားရောက်ကြည့်ရှုရန် ကျန်သေးသောနေရာဌာနများကို စဉ်းစားဆွေးနွေးလျက် နေကြကုန်၏။ ကိုရုံးမိုက သစ်ပင်၊ ပန်းပင်အမျိုးမျိုးတို့ကို စိုက်ပျိုးထားရာ ကျူးခေါ် ဥယျာဉ်*သို့ သွားရန်အကြံပေး၏။ အားလုံးသဘောတူလိုက်ကြလေသည်။ နံနက်စာ စားသောက်ပြီးသည်နှင့်တပြိုင်နက် အဝတ်အစားလဲကာ အဆိုပါဥယျာဉ်သို့ ထွက်ခဲ့ကြလေသည်။

အလွန်သေသေသပ်သပ် ကျကျနန စီမံစိုက်ပျိုးထားသည့်သစ်ပင် အမျိုးမျိုး တို့နှင့် တန်ဆာဆင်ထားသော ဥယျာဉ်အတွင်းသို့ ဝင်လိုက်ရလျှင်ပင် တစ်မျိုး စိတ်ပျော်ရွှင်လာ၏။ သို့သော်ကျွန်တော်တို့ရောက်သွားသောအခါကားအခါကောင်း မဟုတ်ပေ။ အလွန်အေးလှသောရာသီဖြစ်သောကြောင့် သစ်ပင်များမှာ အရွက် များပင် မကပ်နိုင်ရှာကြပေ။ နွေဦးပေါက်စအခါတွင် ရောက်သွားလျှင် မည်မျှ ကြည်နူးဘွယ် ကောင်းပေမည်နည်း။

သစ်ပင်၊ ပန်းပင်တို့ကို အပြင်အပတွင်သာ စိုက်ပျိုးထားသည်မဟုတ်။ ဧရာမ မှန်အိမ်ကြီးများအတွင်း၌ စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင် တို့လည်း မနည်းပြီ။ ၎င်းမှန်အိမ်ကြီးများအတွင်းရှိ သစ်ပင်၊ ပန်းပင်တို့ကား ပူအိုက်သော

---

* Kew Garden

တိုင်းပြည်များမှ ယူဆောင်လာသော သစ်ပင်၊ ပန်းပင်တို့ဖြစ်လေသည်။ အကယ်၍ အပြင်အပ၌ စိုက်ပျိုးထားမည်ဆိုလျှင် အအေးမိ၍ သေကုန်ကြလိမ့် မည်။ မှန်အိမ်များထဲတွင်ကား ထိုအပင်များ လိုသလောက်သော အပူငွေ့ကို ပေး၍ ထားလေသည်။ ထို့ကြောင့် ပူအိုက်သောတိုင်းပြည်များမှ အပင်တို့မှာအသက်ရှင်လျက် နေကြကုန်၏။ သစ်ပင်များကို တစ်ပတ်ရိုက်ကာ သွေးဆောင်ထားခြင်းပေတည်း။ ခမျာသစ်ပင်၊ ပန်းပင်တို့မှာ မိမိတို့နေထိုင်ပေါက်ဖွားရာ တိုင်းပြည်ဟူ၍ ထင်မှတ်ကာ အပျော်ကြီးပျော်နေကြပြီးလျှင် အကိုင်းတွေ၊ အညွန့်တွေ၊ အရွက်တွေ၊ အဖူးအပွင့်တွေနှင့် ဝေဆာလျက်နေကြကုန်၏။

ဥယျာဉ်အတွင် မှန်အိမ်ကြီးတစ်လုံးတွင် အမေရိကန်တောင်ပိုင်းမှ ယူဆောင်လာသော ကြာလင်ပန်းပင်ကြီးများ ရှိလေသည်။ ၎င်းကြာလင်ပန်းရွက်ကြီးများမှာ တကယ့်လင်ပန်းပင်ကြီးများကို မျှော၍ထားသကဲ့သို့ ရေပေါ်တွင် ပေါ်လျက်နေကြ၏။ အရွက်တစ်ရွက်အတွင်း လူတစ်ယောက်ဝင်၍ ထိုင်နိုင်လောက်အောင်ကြီးလေသည်။ ကျွန်တော်တို့ရောက်သွားသောအခါမှာ ကြာပန်းများပွင့်ချိန်မဟုတ်သောကြောင့် အပွင့်များကို မမြင်ခဲ့ရပေ။ အဆိုပါ မှန်အိမ်ကြီးများအတွင်း အပူငွေ့ကို လွှတ်ထားသောကြောင့် နွေးလျက်နေ၏။ အပြင်အပသို့ပင်မထွက်ချင်။ ၎င်းမှန်အိမ်ကြီးများအတွင်းမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် အအေးဓာတ်က ဖမ်းလိုက်သဖြင့် မခံနိုင်အောင် ဖြစ်၍သွားလေသည်။ ကျွန်တော်တို့ သုံးယောက်သားမှာ ထိုဥယျာဉ် အတွင်းမှာပင် တစ်နေ့လုံး လျှောက်ကြည့်နေကြ၏။ ညနေမှအိမ်သို့ ပြန်လာခဲ့ကြလေသည်။

**၁၂၈၉ ခုနှစ်။ ပြာသိုလဆုတ် ၁၂ ရက်နေ့။**
**( ၁၈-၁-၂၈ )**

---

**ဟမ်တန်နန်းတော်*။** လည်ပတ်ကြည့်ရှုရန် နေရာဌာနများကို စဉ်းစား၍
မ ရ
သဖြင့် နံနက်စာစားသောက်ပြီးလျှင် မီးဖိုနားတွင် ထိုင်ကာ သုံးယောက်သား ရောက်မိရောက်ရာ စကားတို့ကို ပြောကြားနေခိုက် ကိုသက်စု နှင့်ကိုချစ်သောင်းတို့ ပေါက်လာကြလေသည်။ ဟမ်တန်နန်းတော်ဟောင်းသို့ သွားရောက်ကြည့်ရှုရန် ကျွန်တော်တို့အား လာခေါ်ကြကြောင်းပြောသောအခါ ကျွန်တော်နှင့် ကိုရုံးမိုတို့မှာ အားရဝမ်းသာ အဝတ်အစားလဲကာ

---

* Hampton Court

လိုက်ပါသွားကြလေသည်။ ဆရာဇော်ကား မီးနားမှမခွာချင်သောကြောင့် အိမ်မှာပင် ကျန်ရစ်ခဲ့လေသည်။

အဆိုပါ ဟမ်တန်နန်းတော်မှာ များစွာဟောင်းသေးသော နန်းတော် မဟုတ်ချေ။ ၎င်းနန်းတော်အကြောင်း ရေးသားထားသော စာအုပ်တစ်အုပ်ကို ဝယ်ဖတ်ရင်း နန်းတော်အဆောင်အဆောင်တို့ကို ဝင်ရောက်ကြည့်ရှုကြလေ သည်။ သလွန်မှစ၍ အသုံးအဆောင် အမျိုးမျိုးတို့မှာ နေရာမရွေ့ ရှေးအခါက အတိုင်းပင် ရှိနေ ကြကုန်၏။ အနောက်နိုင်ငံများတွင် အဟောင်းအမြင်းများကို ရှိသေသမှု ကြည့်ရှုသိမ်းဆည်းထားခြင်း အလေ့အထမှာ ကြီးမားလှပေသည်။ ဤသို့သော အလေ့မျိုးရှိသောကြောင့်လည်း နောင်လာနောင်သားတို့မှာ ဗဟု သုတတိုးပွားကြပေသည်။ မြန်မာပြည်တွင်လည်း ဤအလေ့အထမျိုးကို ပြုစုပျိုး ထောင်သင့်လှပေ၏။ နန်းတော်အတွင်း ကြည့်ရှုစရာရှိသည်တို့ကို ကြည့်ရှု၍ ဝသော အခါ နေအိမ်သို့ ပြန်လာခဲ့ကြလေသတည်း။

## ၁၂၈၉ ခုနှစ်။ ပြာသိုလဆုတ် ၁၃ ရက်နေ့။
## ( ၁၉-၁-၂၈ )

---

**အောက်စ်ဖို့ဒ်သို့ မပြန်မီ ။** နောက်တစ်နေ့တွင် အောက်စ်ဖို့ဒ်သို့ ပြန်ရတော့ မည်ဖြစ်သောကြောင့် အဝတ်အစားတို့ကို သိမ်း ဆည်းပြင်ဆင်နေသည်ကို ဆရာဇော်နှင့် ကိုရုံးမိုတို့မြင်ကြလျှင် မျက်နှာမသာကြ ချေ။ တစ်လကျော်မျှ ပျော်ပျော်ပါးပါး အတူသွားအတူလာ နေကြပြီးနောက် ခွဲခွာရတော့မည် ဖြစ်သောကြောင့် ဝမ်းနည်းကြခြင်းဖြစ်လေသည်။ ကိုကျင်၊ ဆရာဇော်၊ ကိုရုံးမိုနှင့် ကျွန်တော်တို့မှာ နိုင်ငံခြားတွင် ညီရင်းအစ်ကိုများကဲ့သို့ ဖြစ်နေကြလေသည်။ ကိုကျင်ကားကျောင်းပိတ်စက ပြင်သစ်ပြည်သို့ အလည်သွား ၏။ ပြင်သစ်ပြည်မှ ပြန်ရောက်ပြီးနောက် တစ်ရက်၊ နှစ်ရက်ခန့် လန်ဒန်တွင် ကျွန်တော် နှင့် အတူနေပြီးလျှင် စာကျက်ရန် အောက်စ်ဖို့ဒ်သို့ တက်သွားလေ သည်။ ကျွန်တော်တို့ သုံးယောက်သာလျှင် ဤကျောင်းပိတ်ရက်အတွင်း တပျော်တပါး မခွဲခွာဘဲရှိနေကြလေသည်။

ကျောင်းပိတ်ထားခိုက် တစ်လကျော်ကျော် အတောအတွင်းတွင် လန်ဒန် မြို့၌ ဗဟုသုတရရန်ရှိသော ဌာနများသို့သွား၊ တရုတ်ဆိုင်တွင် ခေါက်ဆွဲ၊ ဆန်ပြုတ် များကိုသွားစား၊ ညနေတိုင်လျှင် ရုပ်ရှင်ကြည့်၊ အားနေလျှင် မြန်မာပြည် အကြောင်းပြော၊ မီးဖိုနားတွင်ကွေးကာ ထွေရာလေးပါးဆွေးနွေးကြ၊ ငြင်းချက်

ထုတ်ကြသည်နှင့်ပင် အချိန်ကုန်လွန်၍ သွားလေတော့၏။ စာအုပ်များကား အဘယ်သို့ ရောက်နေကြသည်မသိ။ မြှုပ်ချက်သားကောင်းလှပေ၏။ ကျောင်းပိတ်သောနံနက်က ကျောင်းအုပ် ကြီးပေးလိုက်သောသြဝါဒမှာ ကျောင်းတိုက်မှာပင် ကျန်ရစ်ခဲ့လေပြီ။

ဤသို့ မီးဖိုနားတွင် တွေးတော၊ စကားပြောနေကြစဉ် ဆရာဇော်မှာ မကြာမကြာ ပန်းချီအကြောင်းကို ပြောလေ့ရှိသည်။ ကျွန်တော်ကလည်း ကဗျာအကြောင်း၊ စာပေအကြောင်းတို့ကို ပြောကြားဆွေးနွေးလေ့ရှိ၏။ ရှေးအခါက ပန်းချီပညာဆိုသည်မှာ မည်သို့နေမှန်းမသိသော ကျွန်တော်မှာ ဆရာဇော်၏ ဟောပြောချက်ကြောင့် ပန်းချီပညာကို အတော်ပင် ဝါသနာပါ၍လာလေသည်။ ကိုရုံးမိုကား ပန်းချီပညာကိုလည်း ဝါသနာမပါ၊ စာပေကိုလည်း ဂရုမစိုက်၊ ပြင်သစ်စကားကိုသာ တွင်တွင်ကြီးသင်ကြားလျက်နေလေသတည်း။

# အခန်း (၅)

## ဒုတိယပိုင်း

**၁၂၈၉-ခုနှစ်၊ ပြာသိုလဆုတ် ၁၄ ရက်နေ့**
**( ၂၀. ၁. ၂၈ )**

---

**ကျောင်းသို့အပြန် ။** နံနက် (၁၀) နာရီခွဲတွင် ဆရာဇော်ကို ကိုရုံးမိုတို့အား နှုတ်ဆက်ပြီးလျှင် နေအိမ်မှ ထွက်ခဲ့လေသည်။ သူတို့မှာ ကျောင်းတက်ရန် ရှိကြသောကြောင့် ဘူတာရုံသို့ဆင်း၍ မပို့နိုင်ကြချေ။ ပက်ဒင်တန်ဘူတာသို့ရောက်လျှင် စောသေးသဖြင့် မီးရထားစောင့်ရာ အခန်းတစ်ခန်းထဲသို့ ဝင်ကာ သတင်းစာတစ်စောင်ကို ဖတ်နေ၏။ နံနက်ရထားနှင့် အောက်ဒ်ဖိုဒ့်သို့သွားမည့် ကျောင်းသားတို့ကား မနည်းပြီ။ ဘူတာရုံတွင် ရယ်လား မောလားနှင့် ရှုပ်ယှက်ခတ်နေကြကုန်၏။ မြန်မာပြည်တက္ကသိုလ်ကျောင်းသားများနှင့် မခြားပြီ။

(၁၁) နာရီနှင့် (၁၅) မိနစ်တွင် မီးရထားထွက်၏။ ကျောင်းဖွင့်ကာနီးသောကြောင့် မီးရထားတစ်စင်းလုံး တက္ကသိုလ်ကျောင်းသားများနှင့် ပြည့်လျက်နေလေသည်။ တက္ကသိုလ်ကျောင်းသားများ ဝတ်စားပုံမှာ သာမန်လူများ ဝတ်စားပုံနှင့် အနည်းငယ်ကွာခြားလေသည်။ ပြာတာကာ ဖလန်နယ်ဘောင်းဘီပွကြီးနှင့်အပြင်အင်္ကျီထူထူပွပွ၊ နီကျံ့ကျံ့ပြာတာတာများလို ဝတ်စားလေ့ရှိကြ၏။ ကျောင်းသားမဟုတ်သူတို့ကား ဘောင်းဘီနှင့်အင်္ကျီအဆင်တူများကို ကျကျနနဝတ်စား လေ့ရှိကြလေသည်။ တက္ကသိုလ်ကျောင်းသားများမှာ အခြားလူများနှင့် မတူရလေအောင် တမင်သက်သက် ဝတ်စားလေရော့သလားဟု တွေးတောမိလေသည်။ ကျွန်တော်တို့လည်း တက္ကသိုလ်ကျောင်းသားများဖြစ်ကြသောကြောင့် သူတို့ကဲ့သို့ပင် လိုက်၍ဝတ်ကြ၏။ အောက်စ်ဖို့ဒ်၌ အဝတ်အစားကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် တက္ကသိုလ်ကျောင်းသားမှန်း၊ အရပ်သားမှန်း ခွဲခြား၍ သိနိုင်လေသည်။

(၁၂) နာရီ၊ (၄၅) မိနစ်တွင် မီရထား အောက်စ်ဖို့ဒ် ဘူတာတွင်ဆိုက်၏။ မီးရထားပေါ်မှဆင်းပြီး တက်စီတစ်စီးနှင့် ကျောင်းသို့ထွက်ခဲ့လေသည်။

---

* Second Term

ကျောင်းအဝင်ဝတွင် တံခါးမှူးအား ကျွန်တော်အတွက်သတ်မှတ်ထားသော အခန်းကိုမေး၍ မြက်ခင်းအဆောက်အဦ[၁] လှေခါးပေါက်နံပါတ်(၆)[၂]၊ အခန်းနံပါတ်(၁)[၃]ဟူ၍ ညွှန်ကြားလိုက်လေသည်။ တံခါးမှူးညွှန်ကြားလိုက်သောအခန်းသို့တိုက်ရိုက်သွား၏။ ၎င်းအဆာက်အဦမှာ ခရိုက်ချပ်ချ်ကျောင်းတိုက်မြက်ခင်းကြီးဘက်သို့ မျက်နှာမူနေသောကြောင့် ၎င်းအား မြက်ခင်းအဆောက်အဦးဟူ၍ ခေါ်ဆိုလေသည်။

ကျွန်တော်ရသောအခန်းတို့ကား အောက်ဆုံးထပ်တွင် တည်ရှိလေသည်။ လှေခါးပေါက် တစ်ပေါက်လျှင် အခန်း (၁၂) ခန်းရှိ၏။ ကျောင်းသားတစ်ယောက်လျှင် (၂) ခန်းကျ ရသောကြောင့် လှေခါးပေါက် တစ်ပေါက်လျှင် ကျောင်းသား (၆) ယောက်နေထိုင်ရလေသည်။ ကျွန်တော်၏ အခန်း (၂) ခန်းတို့မှာ တစ်ခန်းလျှင် ပေ (၂၀) ပတ်လည်ခန့် ရှိပေလိမ့်မည်။ အောက်ဆုံးထပ်တွင် တည်ရှိသောကြောင့် အခြားအခန်းတို့ထက် ပို၍အေးလေသည်။ ဧည့်ခန်းတွင် စားပွဲ၊ ကုလားထိုင်၊ ဆိုဖာမှစ၍ အသုံးအဆောင်အတော်ပင်များ၏။ ၎င်းပစ္စည်းတို့ကို ပေါက်ဈေးနှင့် ဝယ်ယူရလေသည်။ ထိုဝယ်သူကျောင်းသား ကျောင်းထွက်သွားသည်ဖြစ်စေ၊ အခြားအခန်းသို့ ပြောင်းသွားသည်ဖြစ်စေ ဤအခန်းသို့လာမည့်သူအားရောင်းခဲ့ရပြန်လေသည်။ ကိုယ်တိုင်ရောင်းဝယ်နေရန်မလို၊ ဆိုင်ရာကျောင်း အုပ်ချုပ်သူတို့က စီမံပေး၏။ အကယ်၍ အပိုင်မဝယ်လိုလျှင် ၎င်းတို့ကို ငှားယူနိုင်၏။ ငှားသောအခ တစ်နှစ်လျှင်(၃)ပေါင်(ရွှေဒင်္ဂါး၃ပြား)ခန့်ပေးရလေသည်။

ကျွန်တော်နှင့်အတူပါလာသော သားရေအိတ်ကို အခန်းထဲ၌ထားခဲ့ပြီးလျှင် ယခင် ကျွန်တော်နေထိုင်ခဲ့သောအိမ်သို့ ပစ္စည်းများကိုယူရန်သွားလေသည်။ မကြာမီ ကျောင်းသို့ ပြန်ရောက်လာ၏။ ကျောင်းထဲရောက်ခါစ ဖြစ်သောကြောင့် ကြောင်တောင်တောင် နေလေတော့သည်။ မီးဖိုတွင် မီးမရှိ၊ မီးအဖိုခိုင်းရမှာကလည်း စကောက်များ မည်သည့်နေရာတွင်ရှိမှန်းမသိသောကြောင့် အခက်နှင့်ကြုံနေရလေသည်။ အောက်စ်ဖို့ဒ်၌ ကျောင်းသားများခိုင်းသော အစေခံများကို စကောက်ဟု ခေါ်လေသည်။ စကောက်များကို မမြင်သဖြင့် ကိုကျင်၏အခန်းသို့ သွားကာ ကိုကျင်နှင့်အတူ ညနေလက်ဖက်ရည်ကို သောက်လေသည်။ မိုးချုပ်မှ ပြန်လာခဲ့၏။

---

၁။ Meadow Building
၂။ Stair Case No.6
၃။ Room No.1

**စကောက်ဟန်ဖ*။** ကျွန်တော့်အခန်းထဲသို့ ပြန်ရောက်သောအခါ ဧည့်ခန်း မီးဖိုထဲတွင် မီးနှင့်အသင့်ဖြစ်နေသည်ကို တွေ့သဖြင့် မီးဖို နားတွင် ထိုင်ကာ မိမိနေရာသစ်အကြောင်း၊ နေထိုင်ရပုံအကြောင်းများကို စဉ်းစား နေခိုက် တံခါးခေါက်သံ ကြားသည်နှင့် "ဝင်ခဲ့ပါ" ဟု ဆိုလိုက်သောအခါ အသက် (၃၀) ခန့်ရှိ အင်္ဂလိပ်တစ်ယောက် ဝင်လာလေသည်။ အကဲကို ကြည့်လိုက်သောအခါ စကောက်ဖြစ်ကြောင်းကို သိရ၏။ ထိုသူကပင် စတင်၍ မိမိမှာ စတောက်ဖြစ်ကြောင်း၊ မည်သည့်အရာကိုမဆို မိမိအားခိုင်းပါမည့်အကြောင်း၊ မိမိအမည်မှာ ဟန်ဖရီဖြစ်ကြောင်း၊ နောက်တစ်နေ့ နံနက်စာအတွက် မည်သည့် အစာကို စားလိုကြောင်း၊ မည်သည့်အချိန်တွင် အိပ်ရာမှ နိုးစေလိုကြောင်းများကို ရိုသေစွာပြောရှာ၊မေးရှာလေသည်။ ယခင်အိမ်တွင် နေထိုင်ရပုံနှင့်မတူ၊ တမျိုး ပြောင်းလဲ၍ လာလေပြီ။ ဟန်ဖရီအား မေးစရာရှိသည်ကိုမေး၊ မှာစရာရှိသည်ကို မှာပြီးလျှင် လွှတ်လိုက်၏။

ဟန်ဖရီထွက်သွားသည့်အခါ ညစာစားချိန်သို့ ရောက်နေပြီဖြစ်သော ကြောင့် ထမင်းစားခန်းမကြီးသို့ ထွက်ခဲ့၏။ ကျွန်တော်၏ အခန်းများနှင့် ကျောင်း ခန်းမကြီးကား ကပ်လျက်နေသောကြောင့် အလွန်နေရာကျလေသည်။ ထမင်းစား ပွဲတွင် မိတ်ဆွေဘီ. ဘီ. ဆင်းဂ်နှင့်တွေ့သဖြင့် ကျောင်းပိတ်ရက်အတွင်း ကြုံကြိုက် ခဲ့ပုံအကြောင်းများကို ညစာစားရင်း မေးမြန်းပြောဆိုကြလေသည်။ ပြောဆို မေးမြန်း၍ မဝသေးသဖြင့် ကျွန်တော့်အခန်းသို့ ဘီ. ဘီ. ဆင်းဂ်အား ခေါ်ခဲ့ပြီး လျှင် နှစ်ယောက်သား အားပါးတရ ဆက်လက်ပြောကြားနေကြ၏။ တော်တော် ညဉ့်နက်မှ ဘီ. ဘီ. ဆင်းဂ်ပြန်သွားလေသည်။

**ယောင်တိ ယောင်တ။** ပထမပိုင်းတွင်ကျောင်းအတွင်း၌မနေထိုင်ခဲ့ရသော ကြောင်းကျောင်းအတွင်းနေထိုင်ရသော ကျောင်းသား တို့ လိုက်နာရမည့် ဥပဒေစည်းမျဉ်းများကို ကောင်းစွာမသိပေ။ ကျောင်းအတွင်း နေထိုင်ရသည်မှာလည်း ချောင်ချောင်ချိချိရှိသည်ဟု စိတ်ထဲတွင်မထင်။ ကျောင်းသား သစ်ကဲ့သို့ ဖြစ်နေလေသည်။ ရေချိုးခန်း၊ အိမ်သာတို့ပင် မည်သည့်နေရာတွင် နေမှန်းမသိ။ ညနေကလည်း ဟန်ဖရီအား မမေးလိုက်မိပေ။ နောက်တစ်နေ့ နံနက် ဟန်ဖရီလာသောအခါကျမှ မေးရန်ရှိသည်တို့ကို စာဖြင့်ရေးသာပြီးနောက် အိပ်ရာဝင်လေတော့သတည်း။

---

* Humphrey

**၁၂၈၉ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက်နေ့။**
**( ၂၁. ၁. ၂၈ )**

---

**ဘဝသစ်။** နံနက် (၇) နာရီခွဲ အိပ်၍ကောင်းတုန်းအချိန်တွင် စကောက် ဟန်ဖရီတံခါးလာ၍ ခေါက်သောကြောင့် အိပ်ရာမှနိုးရ၏။ ဝင်လာခဲ့ဟု အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဟန်ဖရီ ရေနွေးပုံကလေးကို ကိုင်ကာ အခန်းတွင်းသို့ ဝင်လာလေသည်။ ကျွန်တော်အား နှုတ်ဆက်ပြီးနောက် ရေးနွေးပုံကလေးကို မျက်နှာသစ်စားပွဲပေါ်တွင် သွား၍တင်လေသည်။ ပြီးလျှင် အလွန် မှောင်မဲ၍ စိတ်ပျက်စရာကောင်းသော နံနက်ဖြစ်သည်ဟု ဟန်ဖရီကပင် စ၍ ပြောပြန်၏။ အင်္ဂလိပ်ရာသီဥတုမှာ အခုကောင်း၊ အခုဆိုးနှင့် အတည်တကျ မရှိသောကြောင့် အင်္ဂလန်ပြည်တွင် လက်ဦးဆုံး တွေ့ဆုံကြသောအခါ ရာသီဥတု ကောင်းမကောင်းမှ အစပြု၍ နှုတ်ဆက်စကား ပြောလေ့ရှိကြလေသည်။

ဟန်ဖရီကလည်း ကျွန်တော့်အား နှုတ်ဆက်ပြီးနောက် ခုတင်ခြေရင်းတွင် ချွတ်၍ထားသော ဖိနပ်ကို ပွတ်တိုက်ဆေးသုတ်ရန် ယူပြီးလျှင် အပြင်သို့ထွက် သွား၏။ ဟန်ဖရီထွက်သွားလျှင် အိပ်ပြန်၏။ အင်္ဂလန်၌ ဆောင်းအချိန်တွင် စောစောထရမည်ကို မည်သူမကြောက်ပဲနေအံ့နည်း။ (၈) နာရီခွဲမှ အိပ်ရာထကာ ဟန်ဖရီယူလာသော ရေနွေးနှင့် ရေအေးတို့ကို ရောစပ်ကာ မျက်နှာသစ်လေ သည်။ ဟန်ဖရီယူလာစက ရေမှာအတော်နွေးနေသော်လည်း ကျွန်တော် ဆက်လက်၍ အိပ်ပျော်သွားသောကြောင့် အနည်းငယ် အေးလျက်နေလေပြီ။ အင်္ဂလန်၌ ဆောင်းတွင်းအခါ ရေနွေးနှင့်မျက်နှာသစ်ကြသည်မှာ ထုံးစံပင်ဖြစ် လေသည်။ မည်သည့်ကျောင်း၊ မည်သည့်ဌားအိမ်၊ မည်သည့် ဟိုတယ်မှာမဆို နံနက်၊ ညနေမျက်နှာသစ်ချိန်များတွင် ရေနွေးကိုပေးလေသည်။ ရေနွေးမရှိလျှင် မျက်နှာမသစ်နိုင်၊ သို့ဖြစ်သောကြောင့် နံနက်စောစောတွင် ရေနွေးတောင်းရ၊ ရေနွေးပေးရသည်မှာ အလုပ်ကြီးတစ်ခုဖြစ်လျက်နေလေသည်။

မျက်နှာသစ်ပြီးနောက် ဧည့်ခန်းသို့ထွက်လာသောအခါ မီးဖိုအနား ခုံကလေး ပေါ်တွင် ကျွန်တော်မှာထားသောအစားအစာများကို တွေ့ရလေသည်။ ၎င်းတို့ကို စားပွဲပေါ်သို့ အင်္ဂလိပ်မဂ္ဂဇင်းတစ်အုပ်ကိုဖတ်ရင်းစာသောက်၏။

**ကျောင်းတိုက်ဥပဒေ။** ကျောင်းဖွင့်စဖြစ်သောကြောင့် သင်ခန်းစာနှင့်ဆိုင် သောစာအုပ်များကိုမဖတ်လို။ နံနက်စာ စားသောက် ပြီးလျှင် အခြားအလုပ်ကလည်းမရှိသောကြောင့် ခရိုက်ချပ်ချ်ကျောင်းတိုက်ဥပဒေ စာအုပ်ကို ကောက်၍ဖတ်၏။ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ကျောင်းသားများ လိုက်နာရသော ဥပဒေမှာ နှစ်မျိုးနှစ်စားရှိလေသည်။ တက္ကသိုလ်ကျောင်းသား အပေါင်းတို့မှာ မိမိတို့၏ ကျောင်းတိုက်အတွင်း၌ဖြစ်မူ ကျောင်းတိုက်ဥပဒေ

စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရ၏။ ကျောင်းတိုက်အပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် တက္ကသိုလ်ဥပဒေအတိုင်း လိုက်နာရလေသည်။ ဥပမာ ခရိုက်ချပ်ချ်ကောင်းသားတို့သည် နံနက်(၈) နာရီ အိပ်ရာမှထကာနာမည်သွားထိုးရခြင်း၊ ခန်းမကြီးအတွင်း တနင်္ဂနွေတစ်ပတ်လျှင် (၄)ကြိမ်ညစာ သွားစားရခြင်းတို့မှာ ကျောင်းတိုက်ဥပဒေစည်းကမ်းများအရ ဖြစ်လေသည်။ ည(၉) နာရီကျော်လျှင် လမ်းပေါ်တွင် တက္ကသိုလ်ကျောင်းသားတိုင်း တက္ကသိုလ်ဝတ်လုံကို ဝတ်၍ သွားလာရသည်မှာ တက္ကသိုလ်ဥပဒေအရဖြစ်၏။ အချုပ်ကား တက္ကသိုလ်ဥပဒေတို့မှာ တက္ကသိုလ် ကျောင်းသားအားလုံးနှင့် သက်ဆိုင်လေသည်။ ကျောင်းတိုက်ဥပဒေ စည်းမျဉ်းတို့ကား တက္ကသိုလ်ကျောင်းသားတို့ နှင့်မသက်ဆိုင်ချေ။ ဆိုင်ရာဆိုင်ရာ ကျောင်းတိုက်သားတို့နှင့်သာ သက်ဆိုင်လေသည်။ ခရိုက်ချပ်ချ်ကျောင်းတိုက်ဥပဒေများမှာ ခရိုက်ချပ်ချ်ကျောင်းတိုက်သားတို့နှင့်သာသက်ဆိုင်၏။ အောရီရယ်ကျောင်းတိုက်သားတို့နှင့် မသက်ဆိုင်။ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ကျောင်းတိုက် (၃၀) နီးပါးရှိသောကြောင့် ကျောင်းတိုက်ဥပဒေ စည်းမျဉ်းတို့လည်း လွန်စွာမှ များပြားလှပေသည်။

**အလည်အပတ်ထွက်ခြင်း။** ကျောင်းတိုက် ဥပဒေများကို ဖတ်ပြီးနောက် ခပ်ပျင်းပျင်းရှိသည်နှင့် ကိုကျင်တို့ကျောင်းတိုက်သို့ ထွက်ခဲ့၏။ ကိုကျင်နှင့်ခေတ္တမျှစကားပြောပြီးနောက် ကျွန်တော်တို့နှစ်ယောက် အတူတူပင် ကိုရွှေဘော်၏အခန်းသို့ သွားကြပြန်လေသည်။ ကိုရွှေဘော်၏အခန်းတွင် ထင်ရာမြင်ရာများကို ပြောကြားနေကြ၏။ နေ့စာစားသောက်ချိန်ရောက်မှ ကျွန်တော်တို့နှစ်ယောက် ကိုရွှေဘော်၏အခန်းမှ ထွက်ခဲ့ကြလေသည်။

**အိုက်ဆစ်မြစ်ကလေး*။** နေ့စာစားသောက်ပြီးနောက် ကျွန်တော်အခန်းနှင့်ကိုက်တစ်ရာခန့်အကွာ အိုက်ဆစ်မြစ်ကလေးဘက်သို့ ထွက်ခဲ့၏။ ၎င်းမြစ်ကလေးသို့ ပထမအကြိမ်ရောက် ခြင်းဖြစ်လေသည်။ မြစ်ကလေး သို့ရောက်သောအခါ ကျောင်းသားပေါင်းတို့ လှေလှော်ကျင့်နေသည်ကို မြင်ရ၏။ မြင်ကလေးတစ်ခုလုံး လှေများဖြင့် ပြည့်ကျပ်လျက်နေလေသည်။ တက်မကိုင်များ၏ အမိန့်ပေးသံ၊ သင်ကြားပြသသူတို့က ကမ်းပေါ်မှ အမိန့်ပေးနေသော အသံများဖြင့် ဆူညံလျက်သာနေတော့၏။ မြစ်ကလေးဟူ၍ အမည်ပေးထားသော်လည်း ၎င်းမှာ မြန်မာပြည်ရှိ ချောင်းကလေး၊ စမ်းကလေး များခန့်သာရှိလေသည်။ ထိုကျဉ်းမြောင်းလှစွာသော မြစ်ကလေးအတွင်း လှေတစ်စင်းနှင့်တစ်စင်း မတိုက်မိစေရန် ရှောင်တိမ်းကာ လူးလာ လှော်ခတ်သွား

* The Isis

ကြသည်မှာ လွန်စွာပင် ကြည့်ကောင်း၏။

**အိမ်ထောင်ပစ္စည်း။** ညနေ (၄) နာရီထိုးသည်နှင့် တစ်ပြိုင်နက်မြစ်ဘက်မှ တက်လာခဲ့လေသည်။ ညနေ လက်ဖက်ရည်သောက် မည်ဟုကြည့်လိုက်ရာ လက်ဖက်ရည်အိုးလည်း မရှိ၊ လက်ဖက်ရည်ပန်းကန်များလည်း မရှိ၊ ရေနွေးတည်ရန်ရေနွေးအိုးလည်းမရှိ၊ ဟန်ဖရီအားမေးရမှာကလည်းဟန်ဖရီ မရှိ၊အိမ်သို့ပြန်သွားလေသည်။ လက်ဖက်ရည်ခပ်ဆာဆာနှင့်ပင်ဂျေ. စီ. အာ*သို့ သွားပြီးလျှင် သတင်းစာဖတ်ရင်း လက်ဖက်ရည်မှာ၍ သောက်ရလေသည်။ ၎င်းအခန်း တွင် လက်ဖက်ရည်မှာသောက်နေကြသောကျောင်းသားတို့လည်း မနည်းပြီ။

လက်ဖက်ရည်သောက်ပြီးနောက် အခန်းသို့ပြန်ခဲ့၏။ (၅) နာရီခွဲအချိန် တွင် ဟန်ဖရီပေါက်လာလေသည်။ သူ့အားလက်ဖက်ရည်ပန်းကန်၊ လက်ဖက်ရည် အိုးများအကြောင်းမေးသောအခါ ကိုယ့်လက်ဖက်ရည်ပန်းကန်၊ လက်ဖက်ရည်အိုး များကိုကိုယ်တိုင်ဝယ်ထားရကြောင်း၊ လက်ဖက်ရည်ပန်းကန်၊ လက်ဖက်ရည် အိုးများသာမဟုတ် ဇွန်း၊ ခရင်း၊ ဓား၊ လက်သုတ်ပုဝါ၊ စားပွဲခင်း၊ အိပ်ရာခင်း တို့ကိုပါ ဝယ်ထားရကြောင်းကို ပြောပြလေသည်။ ကျွန်တော် အောက်စ်ဖို့ဒ်သို့ ရောက်သည်မှာ (၃) လပင် ကျော်ပြီဖြစ်သော်လည်း နှစ်ဦးတုန်းကကျောင်း အပြင်ဘက်တွင် နေထိုင်ခဲ့ရသူဖြစ်သောကြောင့် ကျောင်းအတွင်း၌ နေထိုင်ပုံ အကြောင်းများကို မသိပေ၊ လူစိမ်းပြင်ပြင်ကဲ့သို့ဖြစ်နေ၏။ ကျောင်းအတွင်း၌ နေပုံထိုင်ပုံအကြောင်းများကို မိတ်ဆွေကိုကျင်၊ ကိုရွှေဘတို့ထံ မမေးမြန်း ခဲ့သည်ကို နောင်တကြီးစွာရလေသည်။ ၎င်းအိမ်တွင် နေစဉ်ကမူကား စားရေး သောက်ရေး အတွက်အနည်းငယ်မျှမပူရပေ။ လက်ဖက်ရည်သောက်ချိန် လက်ဖက်ရည်၊ နေ့လည်စာစားချိန် နေ့စာ၊ညစာစားချိန်ညစာ အသင့်ရလေသည်။ မိတ်ဆွေများအားဖိတ်၍ လက်ဖက်ရည်တိုက်လိုသောအခါဖြစ်စေ၊ နေ့လည်စာ ကျွေးလိုသောအခါတွင်ဖြစ်စေ၊ အိမ်ရှင်အားပြောလိုက်ရုံနှင့် ကိစ္စချော၏။

ဟန်ဖရီနှင့်ခေတ္တ စကားပြောပြီးနောက် သူယူလာသောရေနွေးနှင့်ပင် မျက်နှာသစ်၏။ ထို့နောက် အဝတ်အစားလဲလေသည်။ များမကြာမီ ညစာစားချိန် သို့ရောက်သဖြင့် ခန်းမကြီးသို့ထွက်ခဲ့၏။ ကျွန်တော့်အခန်းနှင့် ညစာစားရာခန်းမ ကြီးတို့မှာနီးကပ်လျက်နေသောကြောင့် အချိန်မကုန်ပေ။ ၎င်းအိမ်တွင်နေစဉ် ကမူကား အနည်းဆုံးနာရီဝက်တင်ကြိုကာ ထွက်ခဲ့ရလေသည်။ ညစာ စာရေးအတွက်ကား ကျောင်းအတွင်းနေထိုင်ရသည်က ပိုမိုနေရာကျ၏။

---

* Junior Common Room

**၁၂၈၉ ခုနှစ်၊ ပြာပို့တွဲလဆန်း ၁-ရက်နေ့။**
**(၂၂. ၁. ၂၈)**

---

**နည်မည်ရေးထိုးခြင်း**[၁]**။** တနင်္ဂနွေနေ့နံနက်ဖြစ်သောကြောင့် ကျွန်တော့်အခန်းနှင့် ပေ၅၀ခန့်သာ ဝေးကွာသောဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံတို့၏ပယောဂကြောင့် ဟန်ဖရီလာ၍ မနိုးမီပင် အိပ်ယာနိုးလေသည်။ သို့သော်မျက်နှာသစ်စရာ ရေနွေးကလည်းမရှိသေး။ အိပ်ရာထဲတွင်လည်း ကွေးနေချင်သေးသောကြောင့် အိပ်ရာမှမထသေးဘဲ ဆက်လက်ကာကွေးနေ၏။ (၇)နာရီခွဲလျှင် ဟန်ဖရီရေနွေးယူလာလေသည်။ မျက်နှာသစ်၊ အဝတ်လဲနေသည်နှင့်ပင် (၈) နာရီထိုး၏။ (၈)နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဝတ်လုံပြတ်ကလေး ကျောင်း သားများအား စောင့်ရှောက်အုပ်ထိန်းရသောဆရာ[၂]လည်း ရောက်လာ၏။ ကျောင်းသားလေး၊ငါး၊ခြောက်ယောက် အသင့်ရောက်နေကြလေပြီ။ အချို့လည်း မိမိတို့၏အခန်းများမှ ပျာယီးပျာယာနှင့် ပြေးလာကြလေသည်။ ဆရာအခန်းဝသို့ ရောက်လျှင် တံခါးမှူးကခန်းမကြီး၏တံခါးကိုဖွင့်လိုက်၏။ ဆရာကရှေ့ကျောင်းသားက နောက်မှဝင်သွားပြီးလျှင် စားပွဲပေါ်တွင်ထားသော စာရွက်များပေါ်၌ မိမိတို့နာမည်များကို ရေးသားကြရ၏။ ပြီးလျှင်အသီးသီး ထွက်လာကြလေသည်။ ဆရာကားမနီးမဝေးရှိ မီးဖိုအနားတွင်မီးလှုံကာ ကျောင်းသားများ နာမည်ထိုးရာနေရာသို့ စောင်းမြောင်းကြည့်ရှုလျက်နေ၏။ ဤသို့စောင်းမြောင်းကာ ကြည့်သည်မှာ အခြားကြောင့်မဟုတ်၊ ကျောင်းသားများ သေသေသပ်သပ် ဝတ်စားလာကြ၏လော၊ ဝတ်လုံများဝတ်လာကြ၏လောဟု သိလိုသောကြောင့်တည်း။ ဝတ်လုံကိုမဝတ်လာသော်လည်းကောင်း လည်စည်းမပါသော်လည်းကောင်း၊ ကျနသသပ်စွာ ဝတ်စားမလာသော်လည်းကောင်း နာမည်မထိုးရ။

ကျောင်းသားများ နာမည်ထိုးရန်အချိန် ၅ မိနစ်ခန့် ရလေသည်။ ၅ မိနစ်မှ ကျော်လွန်လျှင် စောင့်နေသောဆရာသည် နာမည်ထိုးပြီးသားစာရွက်ကိုယူ၍ အခန်းပြင်သို့ ထွက်သွား၏။ ပထမနှစ်ကျောင်းသားတို့မှာ တနင်္ဂနွေတစ်ပတ်လျှင် ၅ ကြိမ် နာမည်သွား၍ ထိုးရလေသည်။ နှစ်နှစ်၊ သုံးနှစ်ရပြီးသား နှစ်ကြီးသမားကျောင်းသားတို့ ကား တနင်္ဂနွေတစ်ပတ်လျှင် လေးကြိမ်သာ နာမည်ထိုးရ၏။ ဤနေရာ၌ ကျောင်းတွင်နေထိုင်ရသူတို့ထက် ကျောင်းအပြင်ဘက်တွင်နေထိုင်ရသူတို့က နေရာကျလေသည်။ နံနက်စောစောထပြီး နံမည်ထိုးရန်မလို။

ကျောင်းသားများ နံနက်စောစော အိပ်ရာမှထကြစေရန် အထက်တွင် ဖော်ပြခဲ့သော ဥပဒေ စည်းမျည်းကို ပြုလုပ်ထားဟန်တူလေသည်။ နံနက်စောစော

---

၁။ Rool Call

၂။ Senior Censor

နာမည်ထိုးလိုလျှင် ဘုရားရှစ်ခိုး ကျောင်းတက်ရမည်။ မည်သည့်ဘက်ကမျှ မသက်သာပေ။ တစ်စုံတစ်ယောက်သောကျောင်းသားမှ နံနက်ရှစ်နာရီမတီးမီ ကျောင်းအပြင် သို့ထွက်သွားမည်ဆိုလျှင် နာမည်ထိုးရန်လည်းမလို၊ဘုရားရှစ်ခိုး ကျောင်းလည်းမတက်ရ၊ ကျောင်းအဝင် တံခါးမှူးက ထိုကျောင်းသား၏အမည်ကို မှတ်ယူထားလိုက်ပြီးလျှင် ဆိုင်ရာဆရာထံသို့ ၎င်းအမည်ကိုပို့ လိုက်လေသည်။ ဤသို့ကျောင်းသားများ စောစောထကြစေရန် ဥပဒေစည်းမျဉ်းကို ပြုလုပ်ထားသော်လည်း အချို့ကအအိပ်စုံမက်သော ကျောင်းသားတို့ မူကား ခန်းမကြီးထဲသွား၍ လက်မှတ်ထိုးပြီး လျှင်ပြန်၍အိပ်လေ့ရှိကြလေသည်။ ကိုးနာရီ၊ ဆယ်နာရီထိုးမှအိပ်ယာမှထကြသည်။ အချို့ကျောင်းသားတို့လည်း ကျောင်းအပြင်ဘက်သို့ ထွက်ကြလေသည်။ တံခါးမှူးကမိမိတို့၏အမည်များကို ရေးမှတ်ယူလိုက်သည်နှင့် တစ်ပြိုင်နက်ဝင်လာကြပြီးလျှင် မိမိတို့၏အခန်းသို့ပြန်ကာ ကွေးကြလေသည်။ ဥပဒေလွတ်ရုံလေး လိုက်နာကြသည်မှာ အလွန်နေရာကျ၏။ ဝိနည်းအရှောင်ကောင်းသော ကျောင်းသားတစ်စုပေတည်း။

ကျောင်းတိုက်အားလုံးမှာပင် ဤသို့ကျောင်းခန်းမကြီးသို့သွားကာ နာမည်ရေးထိုးရသည်မဟုတ်ပေ။ အချို့ကျောင်းများတွင် နံနက်စာကို ခန်းမကြီးတွင် လာ၍စားရလေသည်။ နံနက်စာစားသောက်ရန်အတွက် အိပ်ယာမှစောစောထကြရ၏။ ကျွန်တော်တို့ကျောင်းတွင်မူကား ကျောင်းသားများသည် မိမိတို့၏အခန်းထဲတွင် နံနက်စာစားသောက်ကြရသောကြောင့် နံနက်နာမည်ထိုးရသောဥပဒေရှိလေသည်။

ကျောင်းခန်းမကြီးတွင် နာမည်ထိုးပြီးနောက် ကျွန်တော့်အခန်းထဲမှာပင် ဟန်ဖရီယူခဲ့သောနံနက်စာကိုစားသောက်၏။ ကျွန်တော်တို့ကျောင်းတွင် ကျောင်းသားများကြိုက်ရာကိုမှာ၍ စားနိုင်လေသည်။ ကျောင်းတွင်ရနိုင်သော အစားအစာစာရင်းကိုလည်း ကျောင်းသားတစ်ယောက်လျှင် တစ်အုပ်ကျပေးထား၏။ ထွေထွေထူးထူး စားတတ်သော ကျောင်းသားတို့မှာ စရိတ်ပို့ကုန်လေသည်။ အချို့ကျောင်းတိုက်များတွင် ဤသို့ကြိုက်ရာကိုမှာ၍ စားသောက်နိုင်သည်မဟုတ်။

**ခရိုက်ချပ်ချ် မြက်ခင်းပြင်းကြီး။** နံနက်စာစားသောက်ပြီးလျှင် ကျွန်တော့်အခန်းမှ မြင်နေရသော ခရိုက်ချပ်ချ် မြက်ခင်းကြီးကိုပတ်၍လျှောက်လေသည်။ ၎င်းမြက်ခင်းကြီးကိုပတ်ကာ လမ်းဖောက်၍ ထား၏။ လမ်းဘေးတွင်လည်း သစ်ပင်ကြီးများကို စီတန်းကာစိုက်ထားလေသည်။ ဆောင်းတွင်အခါဖြစ်သောကြောင့် ၎င်းသစ်ပင်ကြီးများတွင် အရွက်တစ်ရွက်မှမရှိပေ။ တနင်္ဂနွေနေ့နံနက်ဖြစ်သောကြောင့် ကျွန်တော်ကဲ့သို့ ခရိုက်ချပ်ချမ်မြက်ခင်းကြီးအတွင်း လမ်းလျှောက်နေကြသောကျောင်းသားအရပ်သားတို့လည်း အတော်ပင် များလေသည်။ လမ်းလျှောက်ရာမှပြန်လာပြီး

နောက် တစ်နေ့ပတ်လုံးခပ်အေးအေးပင် မြန်မာပြည်သို့ စာရေးနေ၏။

### ၁၂၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်နေ့။
### (၂၄-၁-၂၈)

**ဈေးဝယ်ထွက်ခြင်း။** နံနက်စာ စားသောက်ပြီးလျှင် ကိုကျင့်အခန်းသို့ သွား၍ ကိုကျင်ကိုခေါ်ပြီးလျှင်ရေနွေး အိုး၊ လက်ဖက်ရည်ခရား၊ ဓား၊ လက်သုတ်ပုဝါ၊ စားပွဲခင်းတို့ကိုလျှောက်၍ဝယ်၏။ အခန်းထဲတွင် ဆွဲထားရန် ဓာတ်ပုံများ၊ ပန်းချီကားများ၊ လည်းမကျန်ပေ။ ကျောင်းဖွင့်ကာစဖြစ်သောကြောင့် ၎င်းပစ္စည်း တို့ကိုလက်ငင်းဝယ်လေသည်။ ပိုက်ဆံအတော်ပင်ကုန်လေသည်။ ၎င်းပစ္စည်းတို့ကို ရောင်းသောဆိုင်များမှာကျွန်တော်တို့၏ကျောင်းနှင့်မဝေးပေ။ ရန်ကုန်တက္ကသိုလ်မှာတုန်းကကဲ့သို့ တစ်စုံတစ်ခုကို အလိုရှိလျှင်ဝေးလံသောခရီးသို့ သွားကြရသည် မဟုတ်ပေ။ အောက်စ်ဖို့ဒ်တက္ကသိုလ်လက်အောက်ခံ ကျောင်းတိုက်များမှာ မြို့လည်ခေါင်တွင်တည်ရှိကြလေသည်။ စာအုပ်ဆိုင်၊ ကုန်စုံဆိုင်၊ အဝတ်ဆိုင်စသောဆိုင်ပေါင်းတို့မှာ ကျောင်းတိုက်များနှင့် မျက်နှာချင်းဆိုင်နေကြသည်လည်းရှိလေသည်။ ၎င်းဆိုင်းများသည်တက္ကသိုလ်ကျောင်းသားတို့အားမှီခိုနေကြကုန်၏။

### ၁၂၈၉ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့
### (၂၆-၁-၂၈)

**တောမ်*။** ကျွန်တော်ကျောင်းအတွင်းသို့ရောက်သည်မှာ တနင်္ဂနွေတစ်ပတ်ပင်ကြာခဲ့ပြီးဖြစ်သော်လည်း အနေအထားမကျသေး၊ ခပ်ကြောင်ကြောင် ခပ်ယောင်ယောင်ပင်ဖြစ်နေသေး၏။ ကျောင်းအတွင်းတွင် မိတ်ဆွေတစ်ယောက်မျှ မရှိသေးသောကြောင့် ကိုကျင်၊ကိုရွှေဘော်၊ ကိုစံမောင်တို့၏ ကျောင်းများသို့သာလျှင် အားတိုင်းအလည်သွားလေသည်။ သူတို့ကလည်း ကျွန်တော်အခန်းသို့ အလည်အပတ် မကြာမကြာ လာကြလေ

* Tom

သည်။

ညစာစားသောက်ပြီးနောက် ကိုကျင်တို့ကျောင်းသို့ အလည်သွားလိုသော်လည်း ရာဇဝင်နှင့်ဆိုင်သော စာတစ်ပုဒ်ကိုရေးသားရန် ရှိသောကြောင့် ရာဇဝင်စာအုပ်တစ်အုပ်ကို အခန်းထဲမှာပင်ဖတ်နေ၏။ ကိုးနာရီနှင့်ငါးမိနစ်အချိန်တွင် ကျွန်တော်တို့ကျောင်း အဝင်ဝရှိ မျှော်စင်ကြီးပေါ်မှ ခေါင်းလောင်းထိုးသံကို ကြားရသောအခါ အားအားယားယား ရေတွက်၍ကြည့်မိပေသည်။ ခေါင်းလောင်းသံ ရပ်စဲသွားသောအခါ တစ်ရာ့တစ်ချက် ရေတွက်၍ရ၏။ ရှေးအခါက ၎င်းခေါင်းလောင်းထိုးသံကို ကြားခဲ့ရသည်မှာ နေ့တိုင်းလိုလိုပင်ဖြစ်သော်လည်း တစ်ခါမျှရေတွက်၍ မကြည့်မိပေ။ ယခုအခါမှသာ ရေတွက်၍ကြည့်ပေသည်။ ရေတွက်ကြည့်သောအခါလည်း ခေါင်းလောင်းထိုးသောအချက်ပေါင်းမှာ ငါးဆယ်လည်းမဟုတ်၊ ခုနှစ်ဆယ့်ငါးလည်းမဟုတ်၊ တစ်ရာလည်းမဟုတ်၊ ထူးထူးဆန်းဆန်း တစ်ရာ့တစ် ဖြစ်နေလေသည်။ ကျွန်တော်ရေတွက်သည်မှာ ပို၍ပင်သွားသလော။ ဤသို့လည်းမဟုတ်တန်ရာ။ သေသေချာချာ ရေတွက်ခြင်း ဖြစ်လေသည်။ ခေါင်းလောင်း ထိုးသူကပင် တစ်ချက်ပို၍ ထိုးမိသလောဟု တွေးတော ဒွိဟ ဖြစ်နေ၏။ ကျွန်တော် မရှင်းမလင်း ဖြစ်နေသောအချက်ကို တွေ့လိုတွေ့ငြား အနီးအနားတွင်ရှိသော စာအုပ်စင်ကလေးပေါ်မှ အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်း ရေးသားထားသောစာအုပ်ကို ယူဖတ်လေသည်။ ၎င်းစာအုပ်ကို ဖတ်လိုက်ရမှ ကျွန်တော်၏ မရှင်းလင်းသောအချက်မှာ ရှင်းလင်း၍သွားလေတော့သတည်း။

ခေါင်းလောင်းထိုးသောအချက်ပေါင်းမှာ ကျွန်တော်ရည်တွက်ထားသကဲ့သို့ တစ်ရာတစ်ချက်ပင်ဖြစ်၏။ အဘယ့်ကြောင့် တစ်ရာ့တစ်ချက်တိတိ ထိုးပါသနည်း။ ခရိုက်ချပ်ချ်ကျောင်းတိုက် တည်ထောင်စက ကျောင်းတွင် ကျောင်းသားပေါင်း တစ်ရာ့တစ်ယောက်မျှသာ ရှိလေသည်။ ထိုတစ်ရာ့တစ်ယောက်သော ကျောင်းသားတို့ ကိုးနာရီနှင့်ငါးမိနစ်တွင် ကျောင်းအတွင်းသို့ပြန်၍ ဝင်ကြရန် အချက်ပေးသော ခေါင်းလောင်းဖြစ်၏။ ကျောင်းသားတစ်ယောက်အတွက် ခေါင်းလောင်းတစ်ချက် ထိုးလေသည်။ ကျွန်တော်တို့ လက်ထက်တွင်ကား ခရိုက်ချပ်ချပ်ကျောင်းတိုက်တွင် ကျောင်းသားလေးရာကျော် ရှိလေသည်။ သို့သော် ကျောင်းသားဦးရေရှိသလောက် ခေါင်းလောင်းမထိုးဘဲ ယခင် ကျောင်းတည်စကအတိုင်းပင် တစ်ရာတစ်ချက်သာ ညတိုင်းထိုးလျက်နေ၏။ အကယ်၍ ကျောင်းသားရှိသလောက် တစ်ချက်ကျထိုးမည်ဆိုလျှင် ခေါင်းလောင်းထိုးသူမှာ သေဖွယ်ရာသာရှိတော့သည်။

တောမ်၏အသံမှာ အောက်စ်ဖို့ဒ် တစ်မြို့လုံး ဆူညံ၍သွား၏။ အောက်စ်ဖို့ဒ် တစ်မြို့လုံးသာမက အနီးအနားရှိ မြို့ကလေး၊ ရွာကလေးများသို့ပင် ပေါက်ရောက်၍ သွားလေသည်။ ဤခေါင်းလောင်းသံဆုံးသည်နှင့် တစ်ပြိုင်နက်

ကျောင်းတိုက်တံခါးများကို ပိတ်လိုက်လေသည်။ ကျွန်တော်တို့ကျောင်းတိုက် တစ်တိုက်တည်းသာမဟုတ်၊ ကျောင်းတိုက်တိုင်း၌သို့ပင်။ ကျောင်းများကို တိုက်တံခါးပိတ်သည်နှင့်တပြိုင်နက် ကျောင်းသားများ မိမိတို့ကျောင်းတိုက် အပြင်သို့မထွက်ရတော့ပြီ။ သို့သော်ကျောင်းအတွင်းတွင် အခြားကျောင်းတိုက်များမှ အလည်ရောက်နေကြသော အခြားကျောင်းသားတို့မူကား ထွက်ခွင့်ရကြ၏။ ထို့ပြင် ကျောင်းတံခါးပိတ်ပြီးမှ ခရီးလွန်နေသော ကျောင်းသားတို့လည်း မိမိတို့ ကျောင်းတိုက်အတွင်းသို့ ပြန်ဝင်ခွင့် ရကြလေသည်။ သို့သော် ဒဏ်ငွေကို ပေးကြ၏။ ကျောင်းတံခါး ပိတ်ပြီးနောက် အခြားကျောင်းတိုက်မှ ကျောင်းသားများ ဝင်ခွင့်မရတော့ပြီ။

ကျောင်းသားအားလုံးပင် ညဆယ်နှစ်နာရီမထိုးမီ မိမိတို့ကျောင်းတိုက် အတွင်း ပြန်ရောက်နေကြရလေသည်။ ညဆယ့်နှစ်နာရီထိုးမှ ကျောင်းအတွင်းသို့ ပြန်မရောက်သော ကျောင်းသားမှာ ကြီးလေးသောအပြစ်ကိုခံရလေသည်။ တစ်ခါတစ်ရံ ကျောင်းမှနုတ်ပယ်ခြင်းကို ခံရ၏။ ကျောင်းတံခါးပိတ်ပြီးသည်မှ ညဆယ့်နှစ်နာရီ အတွင်းပြန်ရောက်သော ကျောင်းသားတို့ကာ ဒဏ်ငွေပေးရသော်လည်း အပြစ်ကား မရှိပေ။ ပိုက်ဆံပေးနိုင်လျှင် တစ်နှစ်ပတ်လုံး ကျောင်းတံခါးပိတ်ပြီးမှ ပြန်ဝင်နိုင်၏။ ဤနေရာတွင် ကျောင်းအပြင်ငှားအိမ်များ၌ နေရသော ကျောင်းသားတို့ထက် နေရာကျလေသည်။ ငှားအိမ်များတွင် နေထိုင်ကြသော ကျောင်းသားတို့မှာ ညဆယ့်နှစ်နာရီ မထိုးမီ အိမ်ပြန်ရောက်ကြသော်လည်း ဒဏ်ငွေကား မပေးရ။ ကျောင်းသားများ မည်သည့် အချိန် တွင် အိမ်ပြန်ရောက်ကြောင်းကို အိမ်ရှင်တို့က တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ် ကျောင်းအုပ်ကြီးများထံ အစီအရင်ခံကြရလေသည်။

**၁၂၈၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့**
**(၃၀-၁-၂၈)**

---

**စာရောက်သောနေ့။** မြန်မာပြည်နှင့် အိန္ဒိယပြည်မှ စာများသည် လန်ဒန်မြို့ သို့စနေနေ့တိုင်းရောက်၏။ အောက်စ်ဖို့ဒ်သို့ကား တနင်္လာနေ့ နံနက်တွင် မှန်မှန်ရောက်လေသည်။ တနင်္လာနေ့နံနက်တွင် စာရောက်မည်ဖြစ်သောကြောင့် တနင်္ဂနွေနေ့ညကပင် စာအကြောင်းကို စဉ်းစားရင်း အိပ်ရာထဲတွင် တကြောင်ကြောင်နှင့်နေ၏။ မိုးလင်းခဲလှသည်ဟူ၍လည်း မကြာမကြာ ထင်မိလေသည်။

နံနက်စောစော ခန်းမကြီးအတွင်း နာမည်ထိုးပြီးနောက် အခန်းထဲသို့ ပြန်ရောက်သောအခါ စားပွဲပေါ်တွင် စာ၊ သတင်းစား၊ မဂ္ဂဇင်းများစုပုံနေသည်ကို မြင်ရ၏။ ကျွန်တော်၏ ဝမ်းသာခြင်းကားအထူးပြောဖွယ်ရာမရှိပြီ။ စာမူများကို တစ်စောင်ပြီးလျှင်တစ်စောင်ဖောက်ကာ ဖတ်လိုက်သည်မှာ ဆယ်စောင်မျှ ရှိလေသည်။ စည်းစိမ်ရှိလှပေ၏။ သို့ပင်စာဆယ်စောင်မျှရသော်လည်း နည်းသေးသည်ဟု ထင်မှတ်ကာ စာမရေးသူမိတ်ဆွေ၊ ဆွေမျိုးတို့အား ဒေါသထွက်မိလေသည်။ နိုင်ငံခြားသို့ရောက်နေသော ကျောင်းသားတိုင်းပင် မိမိတို့မျှော်လင့်နေသော ဆွေမျိုး၊ မိတ်ဆွေတို့ထံမှ စာများကို မရလျှင် ဝမ်းလည်းနည်း၊ စိတ်လည်းပျက်၊ ဒေါသလည်းထွက်လေ့ ရှိကြကုန်၏။ (ဤကားစကားချပ်တည်း။)

ရောက်လာသော စာဆယ်စောင်လုံးကို အားရပါးရဖတ်ပြီးနောက်မှ နံနက်စာကို စားရမှန်းသတိရလေတော့သည်။ နံနက်စာစားရင်း ဒဂုန်မဂ္ဂဇင်းကိုလည်းကောင်း၊ သူရိယမဂ္ဂဇင်းကိုလည်း၊ သူရိယနေ့စဉ်သတင်းစာတို့ကိုလည်းကောင်း ဖတ်လျက်နေ၏။ သူရိယနေ့စဉ်သတင်းစာကို ယူထားသောကြောင့် တနင်္ဂနွေတစ်ပတ်အတွက် သတင်းစာခြောက်စောင်လုံးကို တစ်ချိန်တည်း ရလေသည်။ တစ်စောင်ပြီးလျှင် တစ်စောင်ဆက်၍ဖတ်ရ၏။ မြန်မာပြည်တွင် လွန်ခဲ့သော တစ်လခန့်အခါက ဖြစ်ပျက်ခဲ့သောသတင်းများကို အထူးအဆန်းလုပ်ကာ ဖတ်နေသည်မှာ ရယ်စရာပင်ကောင်းတော့သည်။ သို့သော် ၎င်းသတင်းများကို မကြားမသိရသေးလျှင် အသစ်ပင်ဖြစ်သည်ဟု အောက်မေ့ ရ၏။

မဂ္ဂဇင်း၊ သတင်းစာထဲတွင် စိတ်ဝင်စားနေတုန်းမှာပင် အတန်းတက်ရန် အချိန်သို့ရောက်သဖြင့် ဝတ်လုံပြတ်ကလေးကိုဆွဲကာ အခန်းထဲမှထွက်ခွာသွားရသော်လည်း စိတ်ကမူကား သတင်းစာ၊ မဂ္ဂဇင်းများထဲသာ ရောက်၍နေလေသည်။ အတန်းထဲ၌ ဆရာများ စာပို့ချနေသည်ကို နားထောင်နေခိုက်တွင် ကျွန်တော့်စိတ်မှာ မြန်မာပြည်သို့ ထွက်ပြေးသောကြောင့် မနည်းပင်ဖမ်းဆီးထားရ၏။ နေ့ခင်းကျောင်းလွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် အခန်းသို့ပြန်လာပြီးလျှင် မဖတ်ရသေးသော ဆောင်းပါး၊ ဝတ္ထုများကိုဖတ်လေသည်။ တစ်နေ့လုံး မဂ္ဂဇင်း တို့နှင့် အချိန်ကုန်လေသတည်း။

**၁၂၈၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်နေ့**
**(၁-၂-၂၈)**

---

**အယူရှိလျှင် အပေးရှိရမည်။** တနင်္လာနေ့သည် မြန်မာပြည်မှ စာရေသောနေ့ ဖြစ်သကဲ့သို့ ဗုဒ္ဓဟူးနေ့ကား မြန်မာပြည်သို့ စာပြန်ရသောနေ့ ဖြစ်လေသည်။ တနင်္လာနေ့တွင် မြန်မာပြည်မှာ စာရသော အခါ ပျော်သလောက် ဗုဒ္ဓဟူးနေ့တွင် မြန်မာပြည်သို့ စာပြန်ရသည်မှာ မပျော်လှပေ။ အယူရှိလျှင် အပေးရှိရမည်ဟူသော ရှေးလူကြီးတို့၏စကားမှာမှန်သော်လည်း ယူသောအခါ များများယူလို၍ ပေးသောအခါမူကား အနည်းငယ်မျှသာ ပေးလိုသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ သို့ဖြစ်သည့်အတိုင်း မိတ်ဆွေများထံမှ စာရှည်ရှည်များကိုရမှ ကျေနပ်သော်လည်း မိမိမူကား စာရှည်ရှည်ကိုမရေးလို။ ခပ်တိုတိုပင်ရေးလေ့ရှိ၏။ အေးလွန်းသောကြောင့်စာရှည်ရှည်မရေးနိုင်။ စာကျက်နေရသောကြောင့် စာရှည်ရှည်မရေးနိုင်၊ စသောအကြောင်းများကို အကြောင်းပြလေ့ရှိလေသည်။ မိတ်ဆွေများကလည်း ဤနည်းအတိုင်းပင် စာမေးပွဲနီး၍ စာရှည်ရှည် မရေးနိုင်၊ အလုပ်များနေ၍ စာရှည်ရှည်မရေးနိုင်စသည်ဖြင့် ဆင်ခြင်ပေးကာ စာတိုတိုကလေးများကိုရေးသောအခါမူကား မြွေချင်းခြေမြင်သကဲ့သို့ “အလကား ဒီလူတွေ ညာတာဘဲ” ဟုဆိုကာ မကျေမနပ် ဖြစ်မိလေသည်။

တနင်္လာနေ့တုန်းက မဂ္ဂဇင်း၊ သတင်းစာများကို ဖတ်နေရသောကြောင့် ပြန်စာများကို မရေးနိုင်။ အင်္ဂါနေ့တွင်ကား သတင်းစာ၊ မဂ္ဂဇင်းများကိုဖတ်ပြီး နောက် မြန်မာပြည်အကြောင်း တွေးတောစဉ်းစားနေရသောကြောင့် စာမရေးနိုင်။ ဗုဒ္ဓဟူးနေ့ တစ်နေ့လုံးလည်း အပျင်းနတ်ဖမ်းစားထားသောကြောင့် မရေးနိုင်။ ဗုဒ္ဓဟူးနေ့ည ကျသောအခါမှသာလျှင် လာသမျှသော စာတို့အတွက် ပြန်စာများကို ရေးရလေတော့သတည်း။ ညဉ့်နက်သန်းခေါင်မှ ပြီးလေသည်။ နာရီပြန် တစ်ချက်၊ နှစ်ချက်ထိုးမှ အိပ်ရာဝင်ရ၏။ စာရေးပြီးလျှင် အခန်းရှေ့ရှိ သေတ္တာကလေးတွင် စာများကို ထည့်လိုက်လေသည်။ နံနက်စောစောတွင် စာယူသော အစေခံက ထိုစာများကိုယူ၍ စာတိုက်တွင် သွားထည့်၏။

## ၁၂၈၉-ခုနှစ်၊ တပိုတွဲလဆန်း ၁၃- ရက်နေ့
## (၃-၂-၂၈)

**အခန်းနီးချင်း။** ကျွန်တော်အောက်စ်ဖို့ဒ်သို့ ရောက်သည်မှာ သုံးလ ကျော်ကျော် လေးလနီးပါးပင်ကြာပြီဖြစ်သော်လည်း ဆေးဂေါ်*နှင့် ဘီဘီ ဆင်းဂ်တို့မှတစ်ပါး အခြားခရိုက်ချပ်ချ်ကျောင်းသား တစ်စုံ တစ်ယောက်နှင့် မျှအသိမိတ်ဆွေမဖြစ်သေးပေ။ အခြားကျောင်းသားများနှင့် မဆို ထားဘိ၊ ကျွန်တော်နှင့် လှေခါးပေါက်တစ်ပေါက်တည်းတွင် နေထိုင်ကြသော ကျောင်းသားများနှင့်ပင် အသိမိတ်ဆွေ မဖြစ်သေး။ လှေခါးပေါက်တစ်ပေါက် တည်းတွင် နေထိုင်ကြသော ကျောင်းသားများနှင့်မဆိုထားဘိ၊ ကျွန်တော်၏ အခန်းတွင်နေထိုင်သည့်ကျောင်းသားနှင့်ပင် အသိအကျွမ်း မဖြစ်သေးပါတကား။

ဤသို့ အသိအကျွမ်းမဖြစ်ကြခြင်းကြောင့် သူတို့အားလည်း အပြစ်မဆို နိုင်။ ကျွန်တော့်အားလည်း အပြစ်မဆိုသာ။ အင်္ဂလိပ်တို့ ထုံးစံအတိုင်းဆိုလျှင် တစ်စုံတစ်ယောက်သောသူက မိတ်ဖွဲ့မပေးဘဲ တစ်ယောက်နှင့်တစ်ယောက် အသိ မိတ်ဆွေဖွဲ့ခြင်းကိုပြုလုပ်လေ့မရှိ။ ထိုပြင်လည်း အင်္ဂလိပ်လူမျိုးတို့မှာ အများအား ဖြင့် စကားနည်းကြ၏။ မိမိတို့အချင်းချင်း မည်သို့ပင် အရွှန်းအနောက်များကို ပြောကြားလေ့ရှိကြသော်လည်း တစိမ်းတရံဆံတို့ရှေ့တွင်ကား ဣန္ဒြေရရ သိက္ခာ ကြီးမားစွာနှင့် နေလေ့ရှိကြသည်။ ဤကား အင်္ဂလိပ်လူမျိုးတို့၏ ထူးခြားသော ဂုဏ်ပုဒ်တစ်ခုဖြစ်၏။ ဤသို့ဣန္ဒြေသိက္ခနှင့် ခပ်တည်တည်နေကြသော သူတို့ အား လူမျိုးကွဲကျွန်တော်က အဘယ်မှာလျှင် စတင်၍မိတ်ဆွေဖွဲ့ရန် တတ်နိုင်အံ့ နည်း။ သူတို့အချင်းချင်းမှ ခပ်တည်တည် နေထိုင်လေ့ရှိသောသူတို့မှာ လူမျိုး ကွဲဖြစ်သော ကျွန်တော့်အား အဘယ်မှာလျှင် စတင်ကာ မိတ်ဆွေဖွဲ့ကြပါအံ့နည်း။ ရန်ကုန်တက္ကသိုလ်မှာမူကား ကျောင်းရောက်၍ တစ်ရက် နှစ်ရက်အတွင်းမှာပင် သူ့အခန်းကိုယ်သွား ကိုယ့်အခန်းသူလာနှင့် မိတ်ဆွေဖြစ်သွားလေ့ရှိကြ၏။

ကျွန်တော်၏ အခန်းမှာ အောက်ဆုံးထပ်တွင် တည်ရှိသောကြောင့် သူတို့အဆင်းနှင့် ကျွန်တော့်အဝင်၊ ကျွန်တော်အထွက်နှင့် သူတို့အတက်တွေ့ဆုံ မိကြသော်လည်း ဝါတော် ၆၀ ရပြီးသား ဆရာတော်ကြီးများကဲ့သို့ ဣန္ဒြေသိက္ခာ ကြီးမားစွာနှင့်နေကြလေသည်။ ကျွန်တော်မှာလည်း သူတို့၏ အလေ့အထကို ရသွားသောကြောင့်လားမသိ၊ သူတို့ကဲ့သို့ပင် မျက်နှာထား ခပ်တည်တည်ထားကာ သူတို့ရှေ့တွင် သွားလာ ဝင်ထွက်လျက်နေလေသည်။ တစ်ခါတစ်ခါ "သူမာလျှင် မာ စိန်စောင်းပါကွဲ့၊ သူပျော့လျှင် အရည်ဖြစ်နိုင်ငဲ့" ဆိုသော မန်လည် ဆရာတော်၏ ကဗျာတစ်ပိုင်း တစ်စကိုပင် ရွတ်ဆိုမိ၏။'

---

* Saigol

ဤသို့နေထိုင်လာခဲ့ရာ အတော်ပင်ကြာခဲ့၏။ တပို့တွဲလဆန်း ၁၃-ရက် နေ့ညတွင် ညစာစားသောက်ပြီးနောက် အခန်းထဲတွင် နေဗေဒ စာအုပ်ကို ဖတ်နေခိုက် တံခါးခေါက်သံကို ကြားရလေ၏။ "ဝင်ခဲ့ပါ" ဟုဆိုလိုက်သည်နှင့်တစ်ပြိုင်နက် အရပ်မြင့်မြင့်၊ ပိန်ပိန်သေသေး၊ ဆံပင်ကောက်ကောက်၊ အဝတ်အစား ဝတ်ပုံမသေ မသပ်၊ မျက်မှန်ကိုတပ်လျက် ကျောင်းသား တစ်ယောက်ဝင်၍ လာ၏။ အရပ်မြင့်သည် ဆိုရာ၌ ခြောက်ပေနှင့်နှစ်လက်မ ခန့်မြင့်လေလိမ့်မည်။ ဤကျောင်းသားကား ကျွန်တော်၏အခန်းနှင့် မျက်နှာချင်းဆိုင်အခန်းတွင် နေထိုင်သည့် မိုး* ဆိုသူပင် ဖြစ်လေသည်။ သူနှင့်မျက်နှာချင်း ဆိုင်မိသည်မှာ လေး ငါး ခြောက်ခါခန့် ရှိလေပြီ။ သူ့အမည်ကိုကား အခန်းရှေ့ တွင် ရေးသားထားသောကြောင့် သိရလေသည်။ ဝင်လာသူ မိုးကပင်စတင်၍ နှုတ်ဆက်စကား ပြောကြားလေသည်။ မီးနားတွင်ထိုင်ရန် ပြောပြီးလျှင် စီးကရက်ကို တည်၏။ ထို့နောက် ဆက်လက်စကားပြောကြလေသည်။ သိခါစ ဖြစ်သောကြောင့် စကား ပြောရသည်မှာ အားမရပေ။ သူက တစ်ခွန်းကောင်း နှစ်ခွန်းကောင်းမေး၊ ကျွန်တော်က သူမေးသမျှကို ဖြေ၊ ထိုနောက် ကျွန်တော်က တစ်ခွန်းကောင်း နှစ်ခွန်းကောင်းမေး၊ ကျွန်တော်မေးသမျှကို သူကဖြေနှင့်သာ နေကြလေတော့သည်။

"သူပျောင်းလျှင် အရည်ဖြစ်နိုင်ငဲ့" ဟူသော ကဗျာနှင့်လျော်ညီစွာ သူက ကိုယ့်အခန်းသို့လာပြီးလျှင် မိတ်ဆွေဖွဲ့သည်ကို ကိုယ်ကစကားပြောရုံနှင့် နေရာမကျသေး၊ ကာဖီးကလေး တစ်ခွက်လောက်တိုက်မှ နေရာကျတော့မည်ဟု တွေးမိသည့်အတိုင်း ရေနွေးအိုးတည်ပြီးလျှင် ကာဖီဖျော်၍ တိုက်၏။ ကာဖီသောက်ရင်း စကားပြောကြလေသည်။ ကာဖီပူပူကလေး ဝမ်းထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် စကားပြောရ သည်မှာ သွက်၍လာ၏။ အင်္ဂလန်တွင် စကားနည်းကြသည်မှာ အေးလွန်းသောကြောင့်ပေလော ဟူ၍ပင် တွေးတောမိလေသည်။

ကာဖီသောက်ရင်း စကားကောင်းနေကြကုန်၏။ အတော်ညဉ့်နက်မှ မိုးပြန်သွားလေသည်။ မပြန်သွားမီ တပို့တွဲလဆန်း ၁၅ ရက်နေ့ (၅. ၂. ၂၈) ညနေ ၄ နာရီအချိန်တွင် သူ့အခန်း၌ လက်ဖက်ရည်လာသောက်ရန် ဖိတ်သွား၏။ ဤသို့ဖိတ်သောကြောင့် ကျေးဇူးတင်ကြောင်း၊ ဖတ်ထားသောအချိန်တွင် ဆက်ဆက်လာမည့် အကြောင်းတို့ကို ပြောလိုက်သတည်း။

အိပ်ရာဝင်သောအခါ အမျိုးမျိုးစဉ်းစားမိလေသည်။ အင်္ဂလန်တွင် အသိဖွဲ့ပေးမည်သူမရှိလျှင် သူတကအား အသိသွား၍မဖွဲ့ရဟူသော စည်းကမ်း မှာ အချို့နေရာ၌သာမှန်၍ အချို့နေရာတွင်ကား မမှန်ပေ။ အချို့ကသာ လိုက်နာ၍ အချို့ကား မလိုက်နာကြချေ။ လောကတွင် မည်သည့်အရာမဆို တစ်ဖက်သတ်

---

* Thomas Mo

တည်း မမှတ်ထားသင့်ဟူသော ဥပဒေတစ်ခု ကို ရလိုက်သောဟူ၏။

## ၁၂၈၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်နေ့ (၅-၂-၂၈)

မိတ်ဖွဲ့ပွဲ။ ညနေ ၄ နာရီထိုးသောအခါ မိုးအခန်းသို့ ကူ၍သွားလေသည်။ မိုး၏ အခန်းထဲတွင် အခြားကျောင်းသာတစ်ယောက်ရောက်နှင့်နေလေပြီ။ မိုးက ထိုကျောင်းသားနှင့် မိတ်ဖွဲ့ပေး၏။ ထိုကျောင်းသား၏ အမည်မှာ ဂျော့ဂရိုဗ်စ်[၁] ဖြစ်လေသည်။ မိုးမှာ လက်ဖက်ရည်ပန်းကန်၊ လက်ဖက်ရည်အိုးများနှင့် အလုပ်များနေခိုက်တွင် ကျွန်တော်တို့ နှစ်ယောက်ကား တစ်ခွန်းချင်း စကားပြောနေကြလေသည်။

ဂရိုဗ်စ်အား ရှေးကသုံးလေးကြိမ်ပင် မြင်ဖူး၏။ ကျွန်တော်တို့၏ လှေကားပေါက်နှင့် သုံးပေါက်ခြားသော လှေကားပေါက်ရှိ အခန်းတစ်ခန်းတွင် နေထိုင်သူဖြစ်လေသည်။ သူဝတ်လေ့ရှိသော ဝတ်လုံရှည်ကိုမြင်ခြင်းအားဖြင့် စကာလားရှစ်ရသူ စကောလားဖြစ်ကြောင်း သိရ၏။ လူတော်ကလေးတစ်ယောက် ဖြစ်ဟန်တူလေသည်။ သူ၏ ပုံပန်းကား မိုးနှင့်ဆန့်ကျင်ဘက်ဖြစ်၏။ မိုးမှာ ၆ ပေကျော်ကျော်မြင့်လေသည်။ ဂရိုဗ်စ်ကား ၅ ပေ မျှသာမြင့်၏။ မိုး၏ အသားမှာနီပြီးလျှင် အကြည့်ရဆိုး၏။ ဂရိုဗ်စ်ကား အသားဖြူဖြူ မျက်နှာပေါက်လည်း ကောင်းလေသည်။ မိုးမှာ လေးလေး လံလံ၊ ဂရိုဗ်စ်ကား သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်ရှိ၏။ မိုးမှာအင်္ဂလန်တွင် နာမည်ကျော် အီတန်ကျောင်း[၂] ထွက်ဖြစ်၍ ဂရိုဗ်စ်မှာ ယောက်နယ်[၃] ဗရက်ဖို့ဒ်မြို့[၄] သဒ္ဒါကျောင်းမှလာသူဖြစ်လေသည်။ ကျွန်တော်တို့ သုံးယောက်သား အတော်ကလေးပင် လက်ဆုံးကျ၍သွား၏။ ၅ နာရီခွဲ၍ မိုးအား နှုတ်ဆက်ပြီးလျှင် အသီးသီး မိမိတို့အခန်းများသို့ ပြန်မည်အလုပ်တွင် ဂရိုဗ်စ်က မိုးနှင့်ကျွန်တော်အား သူ့အခန်းတွင် တပို့တွဲလဆုတ် ၃ ရက်နေ့ (၈. ၂. ၂၈) ၄ နာရီအချိန်တွင် လက်ဖက်ရည်သောက်ရန် ဖိတ်ပြန်လေသည်။ ကျေးဇူးတင်ကာ လက်ခံလိုက်ကြလေသတည်း။

---

၁။ George Groves
၂။ Eton
၃။ York
၄။ Bradford

**၁၂၈၉ ခုနှစ်၊ တပိုတွဲလဆုတ် ၁၃ ရက်နေ့။**
**(၈. ၂. ၂၈)**

---

**ဒုတိယမိတ်ဖွဲ့ပွဲ။** ညနေလမ်းလျှောက်ရာမှ အပြန် ၄ နာရီထိုးလျှင်မိုးကို ခေါ်ကာ ဂရိုဗ်၏အခန်းသို့ ထွက်ခဲ့ကြလေသည်။ သူ၏အခန်းမှာ ထိပ်ဆုံးခန်းဖြစ်သောကြောင့် တမောပင် တတ်ကြရ၏။ အခန်းတံခါးကို ခေါက်ပြီး ဝင်သွားကြသောအခါ အသင့်စောင့်နေသော ဂရိုဗ်စ်ကို တွေ့ကြရ၏။ သူ၏အခန်းမှာ သေသေသပ်သပ် ရှိလှပေသည်။ ကျွန်တော်နှင့်မိုးတို့၏ အခန်းများကား ထွေးလုံးညစ်ပတ်ဖြစ်နေကြသည်။ ဟန်ဖရီက ရှင်းလင်းနိုင်လွန်းသော်ကြောင့်သာ အနည်းငယ်ကြည့်ကောင်းလေသည်။ ဟန်ဖရီက ဂရုမစိုက်ပါလျှင် ကျွန်တော်တို့၏ အခန်းနှစ်ခန်းမှာအတော်ပင် ဆိုးပေလိမ့်မည်။ မိုးနှင့် ကျွန်တော်မှာ အတော်ပင် သဘောတူကြလေသည်။ ဝတ်စားရာတွင်လည်း သေသေသပ်သပ်မရှိ။ မလွန်ဝွကျတတ နေကြလေသည်။

ကျွန်တော်တို့ သုံးယောက်သား စကားပြောနေကြခိုက် ကျောင်းသားနှစ်ယောက် ပေါက်၍လာကြပြန်၏။ ထိုသူတို့နှင့် ကျွန်တော်တို့အား ဂရိုဗ်စ်က မိတ်ဖွဲ့ ပေးလေသည်။ သူတို့နှစ်ယောက်ကား မာတန်[၁] ကျောင်းတိုက်သားများဖြစ်ကြ၏။ နှစ်ယောက်လုံးပင် မပု မမြင့် အရွယ်တော်များ ဖြစ်ကြလေသည်။ တစ်ယောက်မှာ စကားနည်း၍ ကျန်တစ်ယောက်ကား စကားအလွန်များ၏။ စကားများသူ၏ အမည်မှာ ဂရီးဗ်စ်[၂] ဖြစ်လေသည်။ စကာနည်းသူ၏အမည်ကား ဘိုဝင်[၃] ဖြစ်၏။ လက်ဖက်ရည်သောက်ကြရင်း ဂရီးဗ်ဆိုသူမှာ အပြောင်အပျက်များကို ပြောသောကြောင့် ကျွန်တော်တို့တစ်တွေမှာ အတော်ပင် ရယ်ကြရလေသည်။ သူနှင့်အတူလာသောသူကား စကားပြောဖော်မရ ရယ်ဖော်သာရလေသည်။

**မြန်မာဘုန်းကြီးကျောင်းများ။** ဤသို့စကားကောင်းနေကြခိုက် တစ်ယောက်သောသူက ကျွန်တော်မည်သည့်တိုင်းပြည်မှလာကြောင်းကို မေးလေသည်။ ကျွန်တော်က မြန်မာပြည်မှလာကြောင်းကို ပြောသောအခါ ဂရီးဗ်စ်က မြန်မာပြည်မှာ ကျောက်သံ ပတ္တမြားပေါသည်ဟု ကြားဖူးကြောင်း၊ သို့သော် မည်သည့်နေရာတွင် ရှိမှန်းမသိကြောင်း၊ ကျောက်သံပတ္တမြားပေါသောတိုင်းပြည်ဖြစ်သောကြောင့် အလွန်နေရာကျမည်ဖြစ်ကြောင်းတို့ကို ပြောလေသည်။ ထိုအခါ ကျွန်တော်က မြန်မာပြည်တွင်

---

၁။ Merton College
၂။ John Greaves
၃။ Henry Bowen

ကျောက်တွင်း၊ ပတ္တမြားတွင်း၊ ရေနံတွင်းများ ရှိသည်ဆိုသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ သို့သော် လူအများအတွက် အကျိုးရှိသော အရာမှာ ပတ္တမြားတွင်း ရေနံတွင်းများမဟုတ်၊ ဘုန်းတော်ကြီးကျောင်းများသာ ဖြစ်ကြောင်းပြန်ပြောလိုက်၏။

ထိုအခါ မိုးက ကြားဝင်ပြီးလျှင် ဘုန်းတော်ကြီးကျောင်းများမှာ ရေနံတွင်းများထက် အဘယ်ကြောင့် ပို၍ တိုင်းသူပြည်သားတို့၏ အကျိုးကိုဆောင်ပါသနည်းဟု မေးလေသည်။ ကျွန်တော်က ဘုန်းကြီးကျောင်းများသို့ မည်သူမဆို သွားပါလျှင် ထမင်းဟင်းအတွက်လည်း မပူပင်ရ၊ တည်းခိုးရန် လည်းမပူရ လက်ထဲတွင် ပိုက်ဆံတစ်ပြားမျှမရှိသော်လည်း ဘုန်းကြီးကျောင်းများ ရှိသောကြောင့် မြန်မာပြည်တစ်ပြည်လုံး လှည့်လည်သွားနိုင်ကြောင်းများကို ပြောပြသောအခါ အားလုံးပင် များစွာသဘောကျကြလေသည်။ ၅ နာရီခွဲလျှင် ဂရိုဗ်စ်အား နှုတ်ဆက်ကြပြီး အသီးသီး ပြန်ကြမည် အပြုတွင် ကျွန်တော်က ၎င်းတို့အားလုံးကိုပင် တပို့တွဲလဆုတ် ၅ ရက်နေ့ညနေ ၄ နာရီအချိန်တွင် လက်ဖက်ရည်သောက် ဖိတ်ကြားခဲ့၏။

## ၁၂၈၉ ခုနှစ်၊ တပိုတွဲလွဆုတ် ၅ ရက်နေ့။<br>(၁၀. ၂. ၂၈)

---

**အသွားရှိလျှင် အလာရှိရမည်။** နေ့စာစာပြီးလျှင် ကျောင်းသားများစုဝေးရာအခန်းရှိ အသင်းဆိုင်တွင် ပေါင်မုန့်၊ ကိတ်မုန့်နှင့် အခြား မုန့်အမျိုးမျိုးတို့ကို ငါးယောက်စာ သွား၍မှာ၏။ ထိုနောက် လမ်းလျှောက်ရန် အပြင်သို့ ထွက်ခဲ့၏။ (၃) နာရီခွဲအချိန်တွင် အခန်းသို့ ပြန်ရောက်သောအခါ မှာထားခဲ့သောမုန့်များ ရောက်နေသည်ကို တွေ့မြင်ရလေသည်။ ရေနွေးအိုးတည်၊ ပန်းကန်များကို ပြင်ဆင်ပြီးနောက် ဧည့်သည်များ၏အလာကို စောင့်နေ၏။ (၄) နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ဂရီးဗ်စ်နှင့် ဘိုဝင်တို့ ပေါက်၍လာကြလေသည်။ ထိုနောက် မိုးနှင့် ဂရိုဗ်စ်တို့ ပေါက်လာကြ၏။

လူစုံသောအခါ လက်ဖက်ရည်ပွဲကို စလေတော့သတည်း။ လက်ဖက်ရည်သောက်ရင်း ရောက်တတ်ရာရာကို မေးမြန်းလေ့ရှိကြသည့်အတိုင်း ဂရိုဗ်စ်က မြန်မာပြည်တွင် မည်သည့်ကစားမျိုးကို ကစားသနည်းဟု မေးလေသည်။ ကျွန်တော်က အင်္ဂလိပ်များ ကစားသော ဘောလုံးကန်ခြင်း၊ ဘောလုံးရိုက်ခြင်းများကို ပြုလုပ်ကြသည်ဟု ပြန်ပြောသောအခါ မိုးက မြန်မာကစားမျိုး မရှိ

သလောဟု မေးမြန်းလေသည်။ ကျွန်တော်က ခြင်းလုံးကစားခြင်းမှာ မြန်မာ ကစားမျိုးဖြစ်ကြောင်း ပြနပ်၍ပြော၏။ ထိုအခါ အားလုံးကပင် ခြင်းလုံးကစား သည်မှာ မည်သို့ကစားသည်ကို သိလိုကြောင်း ပြောကြပြန်လေသည်။ ကျွန်တော် မှာ အကျပ်နှင့်ကြုံနေတော့၏။

**အောက်စ်ဖို့ဒ်ခြင်းဝိုင်း။** နောက်မှသတိရသည်နှင့် ကျွန်တော်၏သေတ္တာ ထဲတွင်ပါလာသော ခြင်းလုံးကို ယူထုတ်ပြီး ပြလေသည်။ သူတို့က ကစား၍ပြပါဟုပြောသောကြောင့် တစ်ချက် နှစ်ချက် အခန်းထဲတွင်ပင်ခတ်၍ပြရ၏။ ကျွန်တော်ခတ်သည်ကို မြင်ကြလျှင် သူတို့လည်း ခတ်ချင်စိတ်ပေါက် လာကြပြီးလျှင် သူတို့ပါခတ်လိုသည်ဟုပြော၏။ အခန်း ထဲရှိ ကုလားထိုင်၊စားပွဲများကို ထောင့်တစ်ထောင့်တွင် စုထားပြီးနောက် ကျွန်တော်၏ အခန်းမှာပင် ခြင်းပွဲကိုကျင်းပလေတော့သတည်း။ သူတို့မှာ ခြင်းလုံးကို ခြေနှင့် ထိရန်ပင် များစွာကြိုးစားသတိထားကာခတ်ကြရရှာပေသည်။ သူတို့ထံသို့ ခြင်းလုံးကိုမြှောက်၍ပေးလိုက်သောအခါ ခြင်းလုံးနှင့်ခြေထောက်မထိဘဲ ဗလာကျဲ သည်သာများ၏။ ဤမျှကောင်းသောခြင်းဝိုင်းမှာ မန္တလေးအိမ်တော်ရာခြင်းဝိုင်း ထက်ပင် သာလိမ့်ဦးမည်လားဟု တွေးတောမိလေသည်။

ခြင်းခတ်ရာမှအတော်မောသောအခါကျမှ အပြင်အင်္ကျီများကိုဝတ်ကာ ပြန်၍ ထိုက်ကြလေသည်။ အမောအတော်လေးပြေမှ ခြင်းလုံးခတ်ခြင်းမှာ ကျန်းမာရေးအတွက် အလွန်ကောင်းမည်ဖြစ်ကြောင်း ၎င်းကစားနည်းမျိုးကို တတ်မြောက်ရန်များစွာ ခဲယဉ်းမည်ဖြစ်ကြောင်း ပြောဆိုချီးမွမ်းကြလေသည်။ ခေတ္တမျှ စကားပြောပြီးနောက် မိမိတို့အခန်းအသီးသီးသို့ ပြန်သွားကြကုန်၏။ မပြန်မီ ဂရီးဗ်က သူ၏အခန်းတွင် တပို့တွဲလဆုတ် ၇ ရက်နေ့ ညနေလေးနာရီ တွင် လက်ဖက်ရည်လာ၍ သောက်ရန် ဖိတ်သွား လေသည်။

**၁၂၈၉ ခုနှစ်၊ တပိုတွဲလဆုတ် ၈ ရက်နေ့။**
**(၁၃. ၂. ၂၈)**

---

**ရေခဲခြင်း။** အင်္ဂလိပ်ရာသီဥတုမှာ တစ်နေ့တစ်ခြားအေး၍၊ အေး၍ လာခဲ့သည်မှာ တပို့တွဲလပြည့်ကျော်သောအခါ ကမ်းကုန် အောင် အေးလေတော့သည်။ ရေများပင်ခဲစပြု၏။ အိုက်စစ်မြစ်ကလေး၏ လက်တက်ဖြစ်သော ချာဝယ်ခေါ် မြစ်ကလေးမှာ လုံးလုံးပင်ခဲသွားလေသည်။

ကမ်းတစ်ဖက်မှတစ်ဖက်သို့လျှောက်ကာ ဖြတ်ကူးနိုင်၏။ ရေခဲခါနီးလျှင် မြစ်အတွင်းရှိရေမှာ စီးတီးတီးဖြစ်၍ လာလေသည်။ ကျောက်ကျောကိုကျိုထား သည်နှင့်တူ၏။ ထိုနောက် တစ်စတစ်စ အပေါ်ရုံမှစ၍ ခဲလာလေသည်။ ရေခဲ ပေါ်တွင် လျှောက်သောအခါ အောက်ကမခိုင်ပါလျှင်၊ ကျွံသွားတတ်သောကြောင့် များစွာသတိထားကြရလေသည်။

အိုက်စစ်မြစ်ကလေးမှာ ရေခဲအတိမဖြစ်သွားသော်လည်း မြစ်အတွင်းရှိ ရေမှာ စီးကပ်ကပ်ဖြစ်နေသောကြောင့် လှေလှော်ခြင်းကို ခေတ္တရပ်ဆိုင်းထားကြ ရလေသည်။ လူသစ်များ၏ လှေပြိုင်ပွဲကို ကျင်းပနိုင်ရန်မှာလည်း ၁၃ ရက်သာ ကျန်တော့သည်ဖြစ်သောကြောင့် လှေသမားများမှာ မကျေမနပ်ဖြစ်နေကြ သည်ဟု ကြားရ၏။ ကျွန်တော်တို့၏မိတ်ဆွေဂရိုဗ်စ်မှာ ကျွန်တော်တို့ကျောင်း၏ လှေနံပါတ်နှစ်၏ တက်မကိုင်ဖြစ်သောကြောင့် လှေလှော်ခြင်းနှင့်ပတ်သတ်သော အကြောင်းများကို သူ့ထံမှ မကြာမကြာ ကြားသိရလေသည်။

## ၁၂၈ ခုနှစ်၊ တပိုတွဲလဆုတ် ၉ ရက်နေ့။ (၁၄. ၂. ၂၈)

---

**စကိတ်*စီးခြင်း။** နေ့စာ စားသောက်နေတုန်း ဘီ-ဘီဆင်းဂ် ပေါက် လာ၏။ သူ၏လက်ထဲ၌ ရေခဲပေါ်တွင်စီး၍ ကစားရသော စကိတ်ကို တပ်ထားသည့်ဘိနပ်တစ်ရံ လည်းပါ၍လေသည်။ မေးသောအခါ အဖ်လီရေခဲခင်းသို့သွား၍ စကိတ်စီးရန် လာခဲ့သည်ဟုပြောပြီးလျှင် ကျွန်တော်အား လိုက်ခဲ့ရန် မရမကခေါ်၏။ ကျွန်တော်က စကိတ်မစီးတတ်ကြောင်း ပြောသော်လည်းမရ၊ အတင်းမရမက ခေါ်သောကြောင့် လိုက်ပါသွားရလေသည်။

ထိုနေရာသို့ရောက်သောအခါ ကျောင်းသား၊ ကျောင်းသူ၊ အရပ်သား၊ အရပ်သူမှစ၍ လူအများပင် ခြေတစ်ဖက်ထောက်ကာ လက်တစ်ဖက်မြှောက်ကာ နှစ်ယောက် တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ တွဲကာ ဟိုထိုးသွားလိုက်နှင့် အမျိုးမျိုး ကစားနေကြသည်ကို မြင်ရ၏။ ဘီ-ဘီ-ဆင်းဂ်ကား ထိုနေရာသို့ရောက်သည်မှာ သုံးလေးခေါက်ပင် ရှိပြီဖြစ်သောကြောင့် စကိတ်စီးခြင်းကို ကောင်းစွာကျွမ်းကျင် နေလေပြီ။ ကျွန်တော့်မှာမူ တစ်ခါမျှ မစီးဖူးသေးသောကြောင့် မစီးဝံ့ပေ။ သို့သော်

---

* Skate

ဘီဘီဆင်းဂ်က တိုက်တွန်းလှသည်တစ်ကြောင်း အနီးအနားတွင် အားရပါးရ ပျော်ပါးစွာစီးနေကြသည်ကို အားကျသည်က တစ်ကြောင်းတို့ကြောင့် ဘီဘီဆင်းဂ် ၏ စကိတ်တပ်ထားသော ဖိနပ်ကိုစီးကာ ခပ်ကြောက်ကြောက်နှင့် ထိုးလိုက်ရာ ဗိုင်းကန ရေခဲပေါ်တွင် လဲလေတော့၏။ အနီးအနားတွင် ကစားနေကြသော သူတို့ လည်း အိန္ဒြေမဆည်နိုင်တော့ပြီ။ သို့သော် အိန္ဒြေကြီးသော သူများ ဖြစ်ကြသောကြောင့်ဟက်ဟက်ပက်ပက်ရယ်မောခြင်းကို မပြုကြဘဲ မျက်နှာလွှဲ လိုက်ကြသည်ကိုသာ မြင်ရလေသည်။ မျက်နှာလွှဲကာ ရယ်ကြသည်နှင့် တူ၏။ သူတို့ရယ်သည်ကိုကား ကျွန်တော်မမြင်ရပေ။ ရေခဲပေါ်တွင်လဲသည့်အတွက် အတော်ပင် အောင့်သွားလေသည်။ ဘီဘီဆင်းဂ်ကထူမှ ထနိုင်တော့၏။ နောက် ထပ်မစမ်း ဝံ့တော့ပြီ၊ သူတကာပျော်ပါးစွာ စီးနေသည်ကိုသာ ခေတ္တရပ်ကြည့် နေပြီးနောက် ကျောင်းတိုက်သို့ ပြန်လာခဲ့လေသည်။

### ၁၂၈၉ ခုနှစ်၊ တပိုတွဲလဆုတ် ၁၁ ရက်နေ့။
### (၁၆. ၂. ၂၈)

**ကစားပွဲများ။** ရေခဲပေါ်တွင် ချော်လဲပြီးနောက် ခါး အနည်းငယ် အောင့်နေသောကြောင်း နှစ်ရက်တိုက်တိုင် အတန်း လည်းမတတ်၊ အခန်းထဲမှလည်း မထွက်ဘဲ နေခဲ့လေသည်။ ကိုရွှေဘော်၊ ကိုကျင်၊ ကိုစံမောင်၊ ဘီဘီဆင်းဂ်၊ ဂရိဗ်စ်၊ မိုးတို့ တစ်ယောက်ပြီးလျှင် တစ်ယောက် ကျွန်တော့်အခန်းသို့ပေါက်လာကြလေသည်။ ဘီဘီဆင်းဂ်လာသောအခါ ရေခဲပေါ်တွင်ချော်လဲသောအကြောင်းကို နှစ်ယောက်သားပြောပြကာ ရယ်မော လေ့ရှိကြ၏။

သုံးရက်မြောက်သောနေ့တွင် နေစာ စားသောက်ပြီးနောက် စာအုပ် တစ်အုပ်ကို ဖတ်နေခိုက် ဘီဘီဆင်းဂ် ဟော်ကီဒုတ်တစ်ချောင်းကိုကိုင်ကာ ပေါက်လာလေသည်။ မေးသောအခါ ကျွန်တော်တို့ကျောင်းကစားကွင်းတွင် ဟောကီကစားရန် သွားမည်ဟုပြော၏။ ကျွန်တော် အောက်စ်ဖို့ဒ်တက္ကသိုလ် သို့ရောက်နေသည်မှာ အတော်ပင်ကြာပြီ ဖြစ်သော်လည်း ကျွန်တော်တို့ကျောင်း ၏ကစားကွင်း မည်သည့်နေရာတွင် နေမှန်းမသိပေ။ အေးလွန်းလှသဖြင့် အပြင် အပသို့ မထွက်သည်တစ်ကြောင်း၊ ကျောင်း များ၊ ကစားကွင်းများ နှင့် ဝေးကွာ သောငှားအိမ်တွင် နှစ်ဦးနေထိုင်သည်ကတစ်ကြောင်း တို့ကြောင့် ဖြစ်လေသည်။

ဟော်ကီပွဲကိုကြည့်ရန် ဘီဘီဆင်းဂ်နှင့်အတူ ထွက်ခဲ့ကြလေသည်။

ခရိုက်ချ်မြက်ခင်း[၁] ကိုဖြတ်၍ချာဝယ်ခေါ် မြစ်လက်တက်လေးကိုကျော်လိုက်လျှင် ကျွန်တော်တို့ကျောင်း၏ ကစားကွင်းသို့ရောက်တော့၏။ ချာဝယ်မြစ်လက်တက် ကလေးကိုဖြတ်ကူးရန် လှေကလေးတစ်စင်းကိုထားလေသည်။ ကျွန်တော်တို့ ကျောင်းသားများသာ ထိုလှေကလေးကိုအသုံးပြုရ၏။ အခြားကျောင်းသားများ အသုံးမပြုကြရချေ။

ကျွန်တော်တို့ရောက်၍ မကြာမီ ဟောကီရိုက်ပွဲကို စတင်ကျင်းပတော့၏။ ကျွန်တော်တို့၏ကျောင်းနှင့် ကိုစံမောင်တို့၏ကျောင်း ယှဉ်ပြိုင်ကစားကြလေသည်။ဘီ-ဘီဆင်းဂ်လည်း ဝင်ရောက်ကစားလေသည်။ အခြားကျောင်းသားများနှင့်အတူ ကျွန်တော်တို့ကျောင်းဘက်မှ အားပေးနေခိုက် မိုးနှင့် ဂရိုဗ်စ်တို့လည်း ပေါက်လာကြသည်။ ဟော်ကီရိုက်ပွဲတွင် ဘီ-ဘီဆင်းဂ် အတော်နာမည်ရလိုက်လေသည်။ ဘီ-ဘီဆင်းဂ် မှာ အိန္ဒိယပြည် အာလ်ဟာဘတ် တက္ကသိုလ်အချင်းချင်း ကစားသောပွဲတွင် ထူးထူးချွန်ချွန်ကစားနိုင်လေသည်။ အောက်စ်ဖို့ဒ်ဟော်ကီ အတန်းအစားမှာ အိန္ဒိပြည်ဟော်ကီအတန်းအစားလောက်မမြင့်ဟု ဘီ-ဘီဆင်းဂ် ပြော၍သိရ၏။ ဘီ-ဘီဆင်းဂ်ကြောင့် ကျွန်တော်တို့ကျောင်းက နှစ်ဂိုး အနိုင်ရလေသည်။ ဟော်ကီပွဲပြီးသွားသောအခါ သြဘာသံကြီးမှာ ဆူညံ၍ သွားလေသတည်။ ကျွန်တော်တို့ကျောင်းသား အပေါင်းမှာ ဘီ-ဘီဆင်းဂ် ထံသို့ လာကြပြီးလျှင် ချီးမွမ်းစကားပြောကြလေသည်။ ထို့နောက်ကစားကွင်းမှ ထွက်လာခဲ့ကြကုန်၏။

အောက်စ်ဖို့ဒ်တွင် ကစားခုန်စားဘက်၌ ကျွမ်းကျင်သူတို့မှာ စာတော်သူတို့ထက်ပင် ပိုမို၍ နာမည်ထွက်ကြလေသည်။ လူတကာ၏ အချီးအမွမ်းကိုလည်း များစွာခံကြရ၏။ အလုပ်အကိုင်လျှောက်ထားသော အခါများတွင်လည်း ကစားခုန်စားဘက်တွင်နာမည်တွက်သူတို့မှာ လွယ်ကူစွာအလုပ်အကိုင်ကို ရကြလေသည်။ ထို့ကြောင့် ကျောင်းသားပေါင်းတို့မှာ အများအားဖြင့် ကစားဘက်တွင် နာမည်ထွက်ရန်ပိုမို၍ကြိုးစားလေ့ရှိကြသည်။ မည်သည့်ကစားဘက်မှာမဆို၊ ကိန်းဗရစ်တက္ကသိုလ်[၂]နှင့်ယှဉ်ပြိုင်ကစားရသော ကျောင်းသားတို့မှာ မျက်နှာအရှိဆုံးဖြစ်လေသည်။ လှေလှော်ခြင်း၊ ဘောလုံးကန်းခြင်း၊ ဘောလုံးရိုက်ခြင်းမှ စ၍ လူကြိုက်များသော ကစားများတွင် ကိန်းဗရစ်တက္ကသိုလ်နှင့် ယှဉ်ပြိုင်ကစားရသော ကျောင်းသားအား အောက်စ်ဖို့ဒ်အပြာ[၃] ဟုခေါ်လေသည်။ အောက်စ်ဖို့ဒ် တက္ကသိုလ်၏ အရောင်မှာ အပြာရင့်ဖြစ်လေသည်။ ဤကိုအစွဲပြု၍ ဥပစာနည်းအားဖြင့် အောက်စ်ဖို့ဒ်တက္ကသိုလ်ဘက်မှပါဝင်ကစားရသောသူအား အောက်စ်ဖို့ဒ်

၁။ Christ Church Meadows
၂။ Cambridge University
၃။ Oxford Blue

အပြာ ဟူ၍ ခေါ်ဆိုကြခြင်းဖြစ်လေသည်။

ကစားခုန်စားခြင်းကို များစွာအားပေးသော တက္ကသိုလ်ဖြစ်သောကြောင့် နေ့စာစားသောက်ကြပြီးသည်နှင့်တစ်ပြိုင်နက် ကျောင်းသားတိုင်းလိုလိုပင် ကစားကွင်းသို့ ဆင်းလေ့ရှိလေသည်။ နေခင်းနာရီပြန် (၂)ချက်ထိုးလျှင် ကစားကွင်းဘက် အိုက်ဆစ်မြစ်ဘက်သို့သွားနေကြသော ကျောင်းသားအပေါင်းတို့မှာ ရှုပ်ထွေးလျက်နေလေတော့၏။ နေ့ခင်း (၂) နာရီမှ (၄) နာရီအတွင်း ကျောင်းသားအားလုံး လိုလိုပင် ကစားကွင်းနှင့် အိုက်ဆစ်မြစ်ကလေးအတွင်းသို့ ရောက်နေကြလေသည်။ စာကြမ်းပိုးများသာလျှင် မိမိတို့၏အခန်းများထဲတွင် စာဖတ်နေလေ့ရှိကြ၏။ အချို့ကျောင်းသားတို့မှာ မိမိတို့ကိုယ်တိုင် ကစားခုန်စားခြင်းကို မလေ့လာကြသော်လည်း မိမိတို့ကျောင်းဘက်မှ သွားရောက်အားပေးလေ့ ရှိကြလေသည်။ အချို့သော ကျောင်းသားတို့ကား အောက်စ်ဖို့ဒ်ဝန်းကျောင်းရှိ ရွာကလေးများသို့ လမ်းလျှောက်ထွက်ကြ၏။ (၄) နာရီထိုးမှသာလျှင် အသီးသီး မိမိတို့အခန်း သို့ပြန်ကာ ညနေ လက်ဖက်ရည်သောက်ကြလေသည်။ အင်္ဂလန်တွင် ဤသို့ကစားခုန်စားခြင်းကို အထူးအားပေးသောတက္ကသိုလ်တို့မှာ အောက်စ်ဖို့ဒ်နှင့် ကိန်းဗရစ်တက္ကသိုလ်တို့သာတည်း။

**၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့။**
**(၂၁. ၂. ၂၈)**

---

**ကရဝတီ ဖောင်များ။** နေ့စာစားသောက်ပြီးနောက် လွန်ခဲ့သည့်နေ့က ရောက်လာသော ဒဂုန်မဂ္ဂဇင်းကို ဖတ်နေခိုက် ဂရိုဗ်စ် ပေါက်၍လာလေသည်။ ခေတ္တမျှ စကားပြောနေကြပြီးနောက် သူနှင့်အတူတူ လေလျှော်ကျင့်ရာ အိုက်ဆစ်မြစ်ကလေးသို့ လိုက်သွား၏။ ကျောင်းနှင့် မြစ်ကလေးကား မဝေးလှပေ။ မြစ်ကလေးသို့ရောက်သောအခါ ကမ်းဘေးတွင် ဆိုက်၍ထားသော ကျွန်တော်တို့ကျောင်း၏ ကရဝိတ်ဖောင်ထဲသို့ ဆင်းကြလေသည်။ ကရဝိတ်ဖောင် ဆိုရာ၌ အခန်း ကဲ့သို့ကျနစွာ စီမံထားသော လှေကြီးကို ဆိုလို၏။ ၎င်းဖောင်အထဲတွင် စားပွဲ၊ ကုလားထိုင်၊ မီးဖိုနှင့်အသင့်၊ လှေသားများ အဝတ်အစားလဲရာ အတွင်းခန်းလေးတစ်ခန်းလည်း ရှိလေသည်။ ၎င်းဖောင်အတွင်း နံရံတွင်ကား ကျောင်းတိုက်အတွက် လှေလှော်ခဲ့ဖူးကြသော ကျောင်းသားတို့၏ ဓာတ်ပုံများကို ချိတ်၍ထား၏။ အားကျစရာပင်တည်း။ စားပွဲပေါ်တွင်ကား သတင်းစာ၊ မဂ္ဂဇင်းတို့မှာ စုံ၍သာ နေလေတော့သည်။

ကျွန်တော်တို့ရောက်သွားသောအခါ ၎င်းဖောင်အတွင်း၌ လှေသား အတော်အသင့် ရောက်နေကြလေပြီ။ မကြာမီပင် လှေသားများ စုံလင်ပြီဖြစ် သောကြောင့် လှေနှစ်စင်းထွက်၍သွားကြလေသည်။ လှေနံပါတ် (၂)၏ တက်မကိုင်ကား ကျွန်တော်၏မိတ်ဆွေ ဂရိုဗ်စ်ပင်ဖြစ်သည်။ မြစ်ထဲတွင် ပြိုင်လှေ များနှင့် ရှုပ်ထွေးနေလေတော့သည်။ တက်မကိုင်များ၏ အမိန့်ပေးသံ၊ ကမ်းပေါ်မှ စက်ဘီးများကိုစီးကာ လိုက်၍သင်ကြားပြသနေသူတို့၏ အမိန့်ပေးသံတို့မှာ တစ်မြစ်လုံးဆူညံနေ၏။ ကျွန်တော်လည်း ကြည့်ကောင်းသည်နှင့် ကရဝိတ်ဖောင် အထက်ထပ်မှရပ်ကာ ကြည့်နေလေသည်။ ကျောင်းတိုက်တစ်တိုက်လျှင် ကရဝိတ် ဖောင်တစ်ဖောင်စီရှိ၏။ ၎င်းတို့အားလုံး မြစ်ဘေးတွင် စီတန်းကာဆိုက်ထား ကြသည်မှာ ကြည့်၍လွန်စွာမှပင် ကောင်းလေသည်။

**ပွဲမဝင်ခင် အပြင်မှ ကျင်းပ။** အထက်တွင်ဖော်ပြခဲ့ပြီးသည့် အတိုင်း မြစ်တစ်ခုလုံးဆူညံနေအောင် လှေလှော် ကျင့်နေသည်မှာအခြားကြောင့်မဟုတ်။ တပေါင်းလဆန်း (၈) ရက်နေ့ (၂၇. ၂. ၂၈) ညနေမှ အစပြု၍ (၆) ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သောလှေပြိုင်ပွဲတွင် ဝင်၍နွှဲရန် ကျင့်နေကြခြင်း ဖြစ်လေသည်။ ဤပြိုင်ပွဲများမှာ လူသစ်များအဖို့သာဖြစ်၏။ လူဟောင်းများပါဝင်ရသော ပြိုင်ပွဲကိုကား ကဆုန်၊ နယုန်လလောက်မှ ကျင်းပ လေ့ရှိလေသည်။ ယခုကျင်းပမည့် ပြိုင်ပွဲမှာ ကျောင်းသားသစ်များ၏ အစွမ်းကို သိရန် ကျင်းပသောပြိုင်ပွဲမျှသာဖြစ်၏။

လှေသားအပေါင်းတို့လည်း သင်ကြားသူတို့၏ အမိန့်ပေးခြင်း၊ ငေါက်ငန်း ခြင်း၊ အပြစ်တင်ခြင်း တို့ကို ခံကြရပြီးနောက် (၄) နာရီထိုးသောအခါ မိမိတို့၏ကရဝိတ် ဖောင်များသို့ ပြန်လာခဲ့ကြလေသတည်း။ အားလုံးပင် ချွေးတလုံးလုံးနှင့် နေတော့၏။ အလွန်အေးသောတိုင်းပြည်မှာပင် ချွေးတလုံးလုံးနှင့်နေသော လှေသမားတို့မှာ မည်မျှ မောပန်းကြမည်နည်း။

ကရဝိတ်ဖောင်ပေါ်တွင် ဂရိုဗ်စ်က မိတ်ဖွဲ့ပေးသောကြောင့် လှေကား ၃-၄ ယောက်နှင့် အသိအကျွမ်းဖြစ်၍ သွားလေသည်။ သူတို့အားလုံးနှင့်အတူတူပင် ကျောင်းသို့ပြန်လာခဲ့၏။ ပြိုင်ပွဲနီးပြီဖြစ်သောကြောင့် လှေသားများမှာ စီးကရက်ကို ဖြတ်လိုက် ကြရလေပြီ။ ညတိုင်းလည်း (၁၀) နာရီ မထိုးမီ အိပ်ရာဝင်ကြရလေပြီ။ နံနက်တိုင်းလည်း လျှောက်ပြေးကြရလေပြီ။

**၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့။**
**(၂၇. ၂. ၂၈)**

---

**လူသစ်များ၏လှေပြိုင်ပွဲ*။** လှေပြိုင်ပွဲများ ကျင်းပမည့်နေ့ဖြစ်သော ကြောင့်ကျောင်းသားသစ်များမှာ လှုပ်လှုပ် ရွရွဖြစ်နေကြလေသည်။ ကျောင်းသားကြီးများကအမှုပင်မထားကြပေ။ ကဆုန်၊နယုန်တွင်ကျင်းပမြဲဖြစ်သော လှေပြိုင်ပွဲများကိုသာလျှင် ပြိုင်ပွဲဟူ၍ အယူ ရှိကြဟန်တူလေသည်။ အောက်စ်ဖို့ဒ်လှေပြိုင်ပွဲမျိုးကို တစ်ခါမျှမမြင်ဖူးသော ကျွန်တော် ကား များစွာမှပင်ကြည့်ချင်လှတော့၏။

ညနေ လေးနာရီမထိုးမီ ဂရိုဗ်စ်နှင့်အတူ ကျွန်တော်တို့ကျောင်းတိုက်၏ ကရဝိတ်ဖေါင်သို့ ထွက်လာခဲ့ကြလေသည်။ ကျွန်တော်တို့ရောက်သောအခါ လှေလှော် မည့်သူများ၊ အားပေးရန်လာရောက်ကြသော်ကျောင်းသားများ ရောက်နှင့်နေကြပေပြီ။ လှေလှော်မည့်ကျောင်းသားတို့၏ရင်ထဲတွင် တုန်လှုပ်နေကြပေလိမ့်မည်။ လာရောက် ကြည့်ရှုအားပေးကြသော ကျောင်းသားအပေါင်းတို့ကလည်း လှေလှော်မည့်သူတို့အား လက်ဆွဲနှုတ်ဆက်ကာ မိမိတို့ကျောင်းအတွက် ကောင်းကောင်းကြိုးလိုက်ကြရန် အားပေး လျက် နေကြလေသည်။ ဤသို့ ကရဝိတ်ဖောင်ပေါ်တွင် စုရုံးစုရုံးနှင့်နေခိုက် ကျွန်တော် တို့၏မိတ်ဆွေ မိုးလည်း တစ်ယောက်တည်းပေါက်လာ၏။

သုံးနာရီ လေးဆယ့်ငါးမိနစ်အချိန်တွင် ဖောင်အသီးသီးမှ ပြိုင်ပွဲတွင် ဝင်နွှဲကြ မည့်လှေများ ထွက်သွားကြလေသည်။ ကျွန်တော်တို့ကျောင်း၏ လှေနံပါတ်နှစ်လည်း ထွက်သွား၏။ ၎င်းလှေထွက်သွားသောအခါ ကရဝိတ်ဖောင်ပေါ်တွင်ကျန်ခဲ့ကြသော ကျောင်းသားအပေါင်းက လက်ခုပ်လက်ဝါးတီးကာ ဆူညံစွာအားပေးလိုက်ကြလေ သည်။ ကျွန်တော်တို့မိတ်ဆွေ ဂရိုဗ်စ်မှာ ဟန်ပါပါနှင့်တက်မကိုင်၍ သွား၏။ အခြားကရဝိတ်ဖောင်များမှလည်း ကျွန်တော်တို့ကဲ့သို့ပင် သူတို့၏လှေများကို အားပေးကာလွှတ်လိုက်လေသည်။ မြစ်တစ်ခုလုံးကျောင်းသားတို့၏ အားပေးသံ၊ ဩဘာသတို့ဖြင့် ဆူညံ၍ သွားလေတော့သတည်း။ ပြိုင်ပွဲတွင်ပါဝင်ရမည့် လှေအပေါင်း တို့လည်း လှေများလွှတ်မည့်နေရာ မြစ်ညာသို့ တက်သွားကြလေသည်။

လှေများထွက်သွားကြသည်နောက် ကျွန်တော်တို့တစ်စုလည်း လှေများလွှတ် မည့်နေရာသို့ မြစ်ကမ်းဘေးလမ်းအတိုင်း လျှောက်သွားကြကုန်၏။ မိုးနှင့် ကျွန်တော်မှာ စကားတပြောပြောနှင့်ပင် လှေများလွှတ်မည့်နေရာသို့ရောက်သောအခါ လှေ ဆယ့်နှစ်စင်းခန့် စီတန်းကာ ဆိုက်ထားသည်ကို မြင်ရလေသည်။ တစ်စင်းနှင့် တစ်စင်းမှာ လှေတစ်ပြန်ခန့် ဝေး၏။ လေးနာရီတိတိတွင် လှေများကိုလွှတ်လိုက်လေ သတည်း။ လှေများကိုလွှတ်လိုက်သော အမြောက်သံကို ကြားရသည်နှင့်တစ်ပြိုင်နက်

---

* Torpids

ကျောင်းသားအပေါင်း တို့၏အော်ဟစ်သံ၊ ခေါင်းလောင်းသံ၊ သေနတ်သံတို့မှာ ဆူညံ၍သာသွား၏။ ကမ်းဘေးတစ်လျှောက် ပြေးလိုက်ကာ အားပေးကြသော ကျောင်းသားတို့လည်း အလွန်ပင်များ၏။ မိမိတို့ကျောင်းလှေနှင့်အခွာ၊ မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ မိမိတို့ကျောင်းအမည်များကို ခေါ်ကာ အားပေးလျှက်နေကြလေသည်။

တာတစ်ဝက်ခန့် လှော်မိလျှင် ကျွန်တော်တို့ကျောင်းလှေမှာ ရှေ့လှေနှင့်နီးကပ်သွား၏။ ကမ်းဘေးမှပြေး၍လိုက်လာသော ကျွန်တော်တို့၏အားပေးသံ၊ လက်ခုပ်သံ၊ ခေါင်းလောင်းသံ၊ သေနတ်သံတို့မှာ နားကွဲလုမတတ်။ ကျွန်တော်တို့ကျောင်းလှေသားများလည်း အားတက်လာကြပြီးလျှင် အားကုန်လွှတ်၍ ကြကြ၏။ ကျွန်တော်တို့ကျောင်း၏ လှေဦးမှာ ရှေ့လှေ၏ပဲ့နှင့်ထိလိုက်မည်အလုပ်တွင် ရှေ့လှေ၏တက်မကိုင်က ခပ်ဖယ်ဖယ်ကလေး လုပ်လိုက်သောကြောင့် လွတ်သွား၏။ ထိုလှေကိုအားပေးကာ ပြေး၍လိုက်ကြသော ကျောင်းသားတို့၏သြဘာသံကြီးမှာ ဆူညံ၍သွားလေသည်။ ကျွန်တော်တို့ ကျောင်းသားတွေကလည်း မကျေနပ်ကြချေ။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ လှေကိုဆက်လက်အားပေး၊ သူတို့ကလည်း သူတို့လှေကိုဆက်လက်ကာ အားပေးနှင့်သာ မောရမှန်းပန်းရမှန်းမသိ၊ ပြေး၍လိုက်လာကြကုန်၏။

နောက်ဆုံးပန်းဝင်ခါနီးတွင် ကျွန်တော်တို့ကျောင်းလှေဦးနှင့် ထိုလှေ၏ပဲ့တို့မှာ ထိ၍သွားလေတော့သည်။ ကျွန်တော်တို့ဝမ်းမြောက်ခြင်းကား ဆိုဖွယ်မရှိပြီ။ ကျွန်တော်တို့ရှေ့မှလှေကို အားပေးကြသော ကျောင်းသားတို့၏ အသံကား တိတ်ဆိတ်သွား၏။ ကျွန်တော် တို့ကျောင်း၏လှေဦးနှင့် ရှေ့လှေ၏ပဲ့ထိလိုက်သည်နှင့်တစ်ပြိုင်နက် ရှေ့လှေ မှတက်မကိုင်က လက်ကိုမြှောက်လိုက်ရလေသည်။ ထို့နောက် လှေနှစ်စင်းစလုံး ကမ်း ဘေးသို့ ကပ်လိုက်ကြရ၏။ နောက်မှလိုက်လာကြသော လှေများလည်း အထက်တွင်ဖော်ပြခဲ့သည့်နည်းအတိုင်း တစ်စင်းကိုတစ်စင်းမိအောင်လိုက်ကြရလေသည်။ အချို့လည်းမိကြ၊ အချို့က မမိ၊ ဤသို့မမိဘဲ ပန်းဝင်သည့်လှေကဝင်၊ အဖမ်းခံရသောကြောင့် လမ်းတစ်ဝက်တွင်ဆိုက်ထားရသောလှေကလည်း ဆိုက်ထားနှင့် ပထမပွဲပြီးဆုံးခြင်းသို့ရောက်လေသတည်း။

ပထမပွဲပြီးလျှင် လှေအပေါင်းတို့လည်း အသီးသီးဆိုင်ရာ ကျောင်းကရဝိတ်ဖောင်များရှိရာသို့ လှော်လာကြလေသည်။ အနိုင်ရလာသောလှေများ၊ မိမိတို့ကရဝိတ်ဖောင်အနီးသို့ရောက်သောအခါ ကရဝိတ်ဖောင်ပေါ်ရှိ ကျောင်းသားများက ဆူညံစွာသြဘာပေးကြကုန်၏။ အမိခံရသောလှေများ ပြန်လာကြသောအခါမူကား ဤသို့သြဘာပေးခြင်းကိုမပြုကြပေ။ အားငယ်စရာကောင်းလှပေတော့သည်။

ကျွန်တော်တို့လူစုလည်း ကရဝိတ်ဖောင်ပေါ်သို့ ပြန်လာကြပြီးလျှင် လှေကားများနှင့် လက်ဆွဲနှုတ်ဆက်ကာ ဝမ်းမြောက်စကားပြောကြားလျှက် နေကြ၏။ ဂရိုဗ်စ်လည်း ရွှင်ပြုံးကာအပျော်ကြီးပျော်နေလေပြီ။ ဤသို့ကရဝိတ်ဖောင်ပေါ်တွင် စကားပြောကာလက်ဖက်ရည်သောက်ကာနေကြသည်နှင့်ပင် လေးနာရီလေးဆယ်ငါးမိနစ် သို့ရောက်ခဲ့၏။ ကျွန်တော်တို့ကျောင်း၏ လှေနံပါတ်တစ် ထွက်ရတော့မည်။

ထိုလှေတွင် လှော်ရမည့် လှေသားတို့လည်း အသီးသီးလှေအတွင်းသို့ ဆင်းကြကုန်း၏။ ရင်ထဲတွင်တထိတ်ထိတ်နှင့်နေကြဟန်တူလေသည်။ သူတို့ မျက်နှာကား တကယ့်စစ်ပွဲကြီးတွင် ဝင်၍နွဲရမည်ကဲ့သို့ တည်တည်ကြီးနေကြကုန်၏။ ငါတို့ကျောင်းအတွက် ရင်နှစ်ခြမ်းကွဲစေတော့ လက်မလျှော့ပြီ ဟူသော မျက်နှာထားမျိုးနှင့်လှေအတွင်းထိုင်နေကြသော လှေတော်သားများကို မြင်ကြရ သော ကျွန်တော်တို့ကား အဘယ်မှာလျှင်အားမပေးဘဲ ရှိပါအံ့နည်း။ ထိုလှေသားများ လှေပေါ်တွင်ထိုင်မိကြ၍ အတန်ကလေးကြာလျှင် တက်မကိုင်ကအမိန့်ပေးလိုက်သောကြောင့် ကရဝိတ်ဖောင်မှ ထွက်ခွာသွားလေသတည်း။ ကျန်ရစ်ခဲ့သောကျောင်းသား အပေါင်းတို့မှာလည်း ကဂဝိတ်ဖောင်ပေါ်မှနေ၍ ဆူညံစွာလက်ခုပ်၊ လက်ဝါးတီးကာ ဩဘာပေးလိုက်ကြကုန်၏။ ကိုယ့်ကျောင်းကို ကိုယ်ခင်မင်ခြင်းသည် ဓမ္မတာပါတကား။ ဩဘာပေးသော အသံကိုကြားလိုက်ရသော လှေသားတို့ကား မည်မျှအားတတ်ကြမည်နည်း။

ကျွန်တော်တို့ကျောင်း၏ လှေနံပါတ်တစ်ထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့လူစုလည်း ယခင်ကနည်းအတိုင်း လှေများလွှတ်ရာ မြစ်ညာသို့ ထွက်ခဲ့ကြကုန်၏။ အခြားကျောင်းသားများလည်း ဤနည်းအတူပင်။ သို့နှင့်ပထမအမြောက်သံကို ကြားလိုက်ရ၏။ လှေသားအားလုံး ကမ်းဘေးမှခွာကြရလေသည်။ သို့သော် ကမ်းဘေးမှ ကြိုးနှင့် ဆိုင်းထားရ၏။ ထို့နောက် ဒုတိယမြောက်သံကို ကြားရလေသည်။ ထွက်ရတော့အံ့။ လှေသားအပေါင်းတို့လည်း မိမိတို့၏ တက်များကိုကိုင်ကာ တတိယ၊ အမြောက်သံကို နားစွင့်ကာ ထောင်နေကြကုန်၏။ အသည်းထိတ်စရာ၊ အသည်းယားစရာကောင်းလှ၏။ လှေသားများကိုမဆိုထားဘိ ကမ်းဘေးတွင်ရပ်နေကြသော ကျွန်တော်တို့ပင် အသက်ရှူမှား နေကြကုန်၏။ ဤလှေလွှတ်သောနေရာတွင် တစ်ယောက်ယောက်က အလှော်မှားလျှင် ခက်တော့မည်။ ဤနေရာတွင် နေရာကျလိုက်လျှင် စိုးရိမ်ဖွယ်မရှိ၊ နေရာမကျလိုက်ပါက လည်းဒုက္ခပင်၊ လှေသားများကမိမိတို့ကျောင်းတိုက်များအတွက် သေသေကြေကြေ၊ မနိုင် မနေဟူသော မျက်နှာထားမျိုးနှင့် နောက်ဆုံးအချက် ပေးသော အမြောက်သံကိုသာလျှင် စောင့်စားနေကြလေသတည်း။

ဤသို့အသက်ကိုပင် မှန်မှန်မရှူဘဲ စောင့်စားနေကြခိုက်တွင် " ဒိုင်း " ဟူသော နောက်ဆုံးအချက်ပေးသံကြီးကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် လှေသားတို့လည်းတက်ကုန်လွှတ်ကြကုန်၏။ ၎င်း "ဒိုင်း" ဟူသော အသံကြီးနှင့် ကျောင်းသားတို့၏ အားပေးကြသော ဆူညံသည့်အသံတို့မှာ တစ်ပြိုင်နက်ထွက်ပေါ်လာပြီးလျှင် လုံးထွေးသွားတော့၏။ "ဒိုင်း" ဟူသောအသံကြီးမှာထွက်ပေါ်လာသည်နှင့် ပျောက်ကွယ်သွားသော်လည်း ကျောင်းသားအပေါင်းတို့၏အားပေးသော အသံများကား မပျောက်သွားဘဲ ဆက်လက်၍သာဆူညံနေတော့၏။

လှေများလွှတ်သောနေရာမှ ကိုက်နှစ်ရာခန့် လှော်မိကြလျှင် ကျွန်တော်တို့ ကျောင်း၏လှေမှာ ရှေ့လှေနှင့်နီး၍လာခဲ့၏။ သို့သော်နောက်လှေမှာလည်း ကျွန်တော်

တို့ ကျောင်း၏ လှေနှင့်နီး၍လာလေသည်။ ကျွန်တော်တို့ကား ကျွန်တော်တို့၏လှေကို အားပေး၊ အခြားကျောင်းသားတို့ကလည်း အသီးသီးမိမိတို့ကျောင်းတိုက်မှ လှေများကိုအားပေးရင်းနှင့်ပင် ပြေးလိုက်ကြကုန်၏။ အိုက်ဆစ်မြစ်ကလေးမှာ ကျဉ်းမြောင်းလှသောကြောင့် ကျွန်တော့်ပြေးရာ ကမ်းခြေနှင့်လှေများမှာ ပေနှစ်ဆယ် သာကွာပေလိမ့်မည်။

သို့နှင့်တာတစ်ဝက်ခန့်တွင်ရှိသော မြစ်ကွေ့ကလေးသို့ရောက်လာကြလေသည်။ ဤနေရာသို့ရောက်သောအခါ ရှေ့လှေနှင့်ကျွန်တော်တို့၏လှေမှာကပ်နေလေပြီ၏။ ကျွန်တော်တို့လှေနှင့် နောက်လှေမှာလည်း ထိလုမတတ်၊ ကမ်းပေါ်မှအားပေး နေကြသော ကျောင်းသားအပေါင်းတို့၏ တစ်ခဲနစ်သောအသံကြီးမှာ နားထဲသို့ စူးဝင်၍ ဝင်သွားလေသည်။ ကျောင်းသားများ၏ အားပေးသောအသံသာမဟုတ်။ သေနတ်သံ၊ မီးအိုးသံ၊ ခေါင်းလောင်းသံမှစ၍ ဆူညံသော အသံဟူသမျှတို့မှာ ဤနေရာ သို့ရောက်နေကြကုန်၏။ "လှော်လိုက်ကြ" "ဒို့ကျောင်းဆောင်ကွာ" "ဒါမှဒို့ကျောင်း ဆောင်" ဆိုသောအသံများ၊ "နီးပြီ၊ နီးပြီ၊ မိတော့မယ်" ဆိုသောအသံများမှာ ကမ်းပေါ် မှ ဆင်းလာကြပြီးလျှင် လှေသားများ၏နားထဲသို့ဖောက်ထွင်းသွားကြကုန်၏။ တက်မကိုင် တို့၏ အမိန့်ပေးသံတို့မှာလည်း နားကွဲ လုမတတ်ဆူညံလှပေ၏။ တက်များမှာလည်း သွက်၍ သွက်၍ လာကြလေပြီ။ လှေသားအပေါင်းတို့မှာ မောလွန်း သဖြင့် နှာခေါင်းနှင့် အသက် မရှူနိုင်။ ခံတွင်းများဖြင့်သာ အသက်ရှူကြကုန်၏။ မျက်နှာ များမှာလည်း အကြောပြိုင်းပြိုင်း ထလျက်နေကြလေပြီ။ သို့ပင် မောလှပန်းလှ သော်လည်း လက် မလျှော့၊ "ဒို့ကျောင်း" အတွက်မဟုတ်ပါလော။ မိမိတို့ နားထဲတွင် မည်သည့် အသံကိုမျှမကြားရ၊ "ဒို့ကျောင်း" ဆိုသောအသံကိုသာလျှင် ကြားနေကြလေသည်။ "ဒို့ကျောင်း" ရှုံးသည်ထက် အသက်သေသည်က မြတ်သေး၏ ဟူသောဇွဲမျိုးနှင့် လှော်နေကြသောလှေသားတို့အား မြင်ရသောကျွန်တော်တို့က အဘယ်မှာလျှင် မကြည်ညိုဘဲ နေနိုင်အံ့နည်း။

ဤသို့တစ်ခဲနက်သော အားပေး သံကြီးများအကြားတွင် ကျွန်တော်တို့ကျောင်း ၏ လှေဦးနှင့်ရှေ့လှေ၏ပဲ့တို့မှာထိသွား၏။ ရှေ့လှေမှ တက်မကိုင် လက်မြှောက်လိုက် သည်ကိုမြင်ကြရသော ကျွန်တော်တို့ကျောင်းသားအပေါင်းတို့၏ ဩဘာသံကား ဟိန်း ၍သာသွားတော့၏။ ရှေ့လှေနှင့် နောက်လှေတို့ကို အားပေးနေကြသော ကျောင်းသား တို့၏ အသံကား မီးကိုရေနှင့်သတ်လိုက်ဘိသကဲ့သို့ တိတ်၍သွားလေသတည်း။ ကျွန်တော်တို့လှေနှင့် ရှေ့လှေတို့ရပ်ကာ ကမ်းဘေးကပ်လိုက်ကြရသောအခါ နောက်လှေမှာ မကျေမနပ်နှင့်ပင်ရှေ့သို့ဆက်လက်၍ လှော်သွားရလေသည်။ ကျွန်တော် တို့ကျောင်းတိုက်လှေသားများမှာ မောလွန်းမက မောလှသဖြင့် ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် လှေကိုမှောက်လိုက်ပြီးလျှင် ရေထဲတွင်စိမ်နေကြကုန်၏။ တက်မကိုင်ကား မောသူမဟုတ်သောကြောင့် ကုန်းပေါ်တွင် ခဏတက်ကာ နေရလေသည်။ ရှေ့လှေမှ လှေသားတို့မှာ လှေကိုမမှောက်လိုက်ကြသော်လည်း လှေဝမ်းထဲတွင် တက်များကို

မှီကာ ခေါင်းငိုက်စိုက်ကျနေကြလေတော့သတည်း။

လှေသားအပေါင်းတို့ကား မိမိတို့ကျောင်းအသီးသီးအတွက် သက်စွန့်ကြိုးပမ်း အမှုတော်ကိုထမ်းရွက်ကြပေသည်။ ဇွဲလည်းကောင်း၊ သတ္တိလည်းကောင်းကြပါ ပေသည်။ မိမိတို့ကျောင်းကိုချစ်ခင်ရာ၌ အတုယူဖွယ်ကောင်းလှပေတော့သည်။ ထိုကျောင်းသားများကြီးပြင်းလာကြသောအခါ မိမိတို့ကျောင်းကို အဘယ်မှာ လျှင်မေ့နိုင်ကြတော့အံ့နည်း။ လှေလှော်ခြင်းအတတ်မှာ ကျောင်းကိုချစ်ခင်စေတတ် သော ဆေးတစ်မျိုးဖြစ်လေသည်။

ဒုတိယလှေပွဲပြီးလျှင် ကျွန်တော်တို့လူစုမှာ စကားတပြောပြောနှင့်ပင် ကျောင်း၏ကရဝိတ်ဖောင်သို့ပြန်လာခဲ့ကြ၏။ ရောက်၍ကရဝိတ်ဖောင်ပေါ်တွင် ဆူညံဆူညံနှင့်စကားပြောနေကြခိုက် ကျွန်တော်တို့ ကျောင်းလှေမှာ ရောက်၍လာလေ သည်။ ကရဝိတ်ဖောင်ပေါ်မှ ဆူညံစွာ ဩဘာပေးလိုက်ကြသေး၏။

ခြောက်နာရီတွင်လှေပွဲတစ်ပွဲ ကျန်သေး၏။ ၎င်းပွဲတွင် ကျွန်တော်တို့ကျောင်း ၏ လှေမပါသောကြောင့် များစွာစိတ်မပါလှပေ။ ခြောက်နာရီထိုးခါနီးတွင် ယခင်က ကဲ့သို့ပင် ကရဝိတ်ဖောင်အသီးသီးမှ လှေများထွက်သွားကြလေသည်။ ခြောက်နာရီထိုး သည်နှင့် တစ်ပြိုက်နက် တတိယပွဲကို စလေတော့သည်။ ယခင်နည်းအတိုင်းပင် ဆူညံ၍ သွားပြန်လေသည်။ ကျွန်တော်တို့ကျောင်း၏ လှေမပါသောကြောင့် ၎င်းပြိုင်ပွဲကို ကရဝိတ်ဖောင်ပေါ်မှ စောင့်ကာကြည့်ကြ၏။ ခြောက်နာရီဆယ့်ငါးမိနစ်တွင် ပထမနေ့ အတွက် ပြိုင်ပွဲပြီးသဖြင့် အသီးသီးနေထိုင်ရာကျောင်းများသို့ ပြန်ကြလေသတည်း။

**၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်နေ့။**
**(၃. ၃. ၂၈)**

---

**လှေပွဲပြီးသောည။** အထက်တွင်ဖော်ပြသည့်နည်းအတိုင်းလှေပွဲကို ကျင်းပလာခဲ့ကြသည်မှာ ခြောက်ရက်တိုင်တိုင် ကြာ လေသည်။ ကျွန်တော်တို့လူစုလည်း ညနေတိုင်းပင် ၎င်းလှေပွဲသို့ရောက်ကြ၏။ မိမိတို့ကျောင်းဘက်မှအားပေးကြရဖန်များသောကြောင့် အသံများပင် ဝင်၍နေ ကြလေပြီ။ ကျွန်တော်တို့ကျောင်းလှေ နံပါတ်နှစ်မှာလေးကြိမ်နိုင်၍ နှစ်ကြိမ်အမိခံ ရလေသည်။ လှေနံပါတ်တစ်ကား နှစ်ကြိမ်နိုင်၍ လေးကြိမ်အမိခံရ၏။

လှေပွဲပြီးသောညဖြစ်သောကြောင့် လှေသားများနှင့် သူတို့၏မိတ်ဆွေများ ပါ ဆူညံနေကြလေတော့သည်။ ဤသို့ဆူညံကြသည်မှာ တစ်ကျောင်းတိုက်တည်း မဟုတ်၊ ကျောင်းတိုက်တိုင်းတွင် ဖြစ်လေသည်။ လှေပွဲခြောက်ပွဲစလုံးတွင် အနိုင်ရ

သော ကျောင်းတိုက်များတွင်ကား အကျွေးအမွေးများနှင့် ပျော်ပွဲကြီးများ ကျင်းပကြလေသည်။ အရက်မူးသူများ၊ ကျောင်းအတွင်းမီးပုံကြီးများကို ပုံကာ ဝိုင်း၍ကသူက၊ အရက်မူးပြီးလျှင် ကျောင်းအတွင်းရှိပြတင်း ပေါက်မှန်များကို ခဲဖြင့်ပေါက်သူက ပေါက်၊ တားမနိုင်၊ ဆီးမရ၊ အောင်ပွဲကြီးများကို အသီးသီး ကျင်းပကြလေသည်။ ကျောင်းအုပ်ချုပ်သူများကလည်း မျက်နှာလွှဲကာ မမြင်ချင် ယောင်ဆောင်နေကြလေသည်။ မိမိတို့ကျောင်းအတွက် မျက်နှာလွှဲကာ မမြင်ချင် ယောင်ဆောင်နေကြလေသည်။ မိမိတို့ကျောင်းအတွက် ဇွဲကောင်းကောင်းနှင့် ကြဲလာကြသော လှေသမားများ မဟုတ်ပလော။ ထိုသူတို့၏ပျော်ရွှင်ခြင်းကို အဘယ့်ကြောင့်တားဆီးရပါအံ့နည်း။ ထိုညတွင် ခွဲပစ်သော ပြတင်းပေါက်မှန်များ အတွက် တစ်ကျောင်းလုံးကအညီအမျှ ခံကြရလေသည်။

လှေသားအပေါင်းတို့မှာ နှစ်လ၊ သုံးလတိုင်တိုင်ခြိုးခြံလာခဲ့သမျှ ထိုညတွင် အစွမ်းကုန်ပျော်လိုက်ကြလေသည်။ လှေပွဲတွင်ပါဝင်ကြမည့်ကျောင်းသားတို့ကား အမျိုးမျိုးတွင်ခြိုးခြံခဲ့ကြရ၏။ (၁၀) နာရီတွင် အိပ်ရာဝင်ကြရသည်သာမက နံနက်စောစောထကာ ပြေးကြရလေသေးသည်။ ကျောင်းတိုက်လှေအသင်း ဥက္ကဋ္ဌ ကိုယ်တိုင် လှေသားများ အချိန်မှန်မှန် အိပ်မအိပ် ညတိုင်းလိုက်၍ စစ်ဆေးလေ့ရှိ၏။ လှေသားများမှာ နှစ်လ၊ သုံးလတိုင်တိုင် ဆေးလိပ်၊ အရက်တို့ကို မသောက် ကြရ။ နေ့စဉ်မှန်မှန် လှေလှော်ကျင့်ရန်မြစ်သို့ဆင်းရလေသည်။

## ၁၂၈၉၊ တပေါင်းလဆုတ် ၂ ရက်နေ့။ (၇. ၃. ၂၈)

---

**ကျောင်းအုပ်ကြီးနှင့်ကျောင်းအုပ်ကြီးကတော်။** ကျောင်းအုပ်ကြီး ဒေါက်တာ ဝိုက်*က မိမိတို့နှင့်အတူ ကာဖီလာ၍ သောက်ရန် ဖိတ်ကြားသောစာကို ရထားသည်မှာ (၂) ရက်ခန့်ပင် ကြာလေပြီ။ ကျောင်းကိစ္စနှင့်ပတ်သက်၍ နှစ်ကြိမ်၊ ၃ ကြိမ် ကျောင်းအုပ်ကြီးနှင့် တွေ့ခဲ့ဖူးပြီ ဖြစ်သော်လည်း နီးနီးကပ်ကပ်ကား မတွေ့ကြုံခဲ့ဖူးသေး။ ထို့ကြောင့် သွေ့ထံသွား၍ ကာဖီသောက်ရမည်ကို ခပ်လန့်လန့်ဖြစ်မိ၏။ ကာဖီသောက်နေရင်း မည်သည့်အကြောင်းကို မေးမည်နည်း။ စာအကြောင်း ပေအကြောင်းကိုပင် မေးမည်လေ။ သူ၏ရှေ့တွင် မည်သို့ပြောဆိုနေထိုင်ရမည်နည်း စသည်ဖြင့် အမျိုးမျိုးစိုးရိမ်မိလေသည်။ ကျွန်တော်တို့၏ မိတ်ဆွေ ဘီ. ဘီ. ဆင်းဂ်အား မေး

---

* Dr.White

သောအခါသူလည်း ကျောင်းအုပ်ကြီးထံမှ ဖိတ်စာရကြောင်းပြော၏။ အနည်းငယ် အားတက်လာပြီးလျှင် နှစ်ယောက်အတူတူသွားရန် တိုင်ပင်ထားကြလေသည်။

ခန်းမကြီးအတွင်း နှစ်ယောက်သား ညစာ စားသောက်ကြပြီးနောက် (၈) နာရီထိုးသည်နှင့်တစ်ပြိုင်နက် ကျောင်းအုပ်ကြီးနေထိုင်ရာအဆောင်သို့ သွားကြ၏။ ကျောင်းအုပ်ကြီးနေထိုင်ရာအဆောင်ကား ကျွန်တော်တို့ညစာစားသောက်ရာ ခန်းမကြီးနှင့် ကပ်လျက်နေလေသည်။ အခန်းပေါင်းများစွာရှိလေသည်။ စာကြည့်ခန်းတွင် စာအုပ်ပေါင်းမြောက်မြားစွာရှိ၏။ များစွာ သွားရည်ယိုမိလေသည်။ အခြားအခန်းများမှာလည်း အလွန်းခမ်းနားလှပေ၏။ ၎င်းအခန်းများကို ဖြတ်ကျော်သွားပြီးနောက် ဧည့်ခန်းထဲသို့ရောက်သွားကြလေသည်။ ကျောင်းအုပ်ကြီး၏ အစေခံကား ကျွန်တော်တို့၏ လမ်းညွှန်းတည်း။ ဧည့်ခန်းအတွင်း ကျောင်းအုပ်ကြီးကတော်နှင့် ကျောင်းသား သုံး လေးယောက် ထိုင်နေကြလေ သည်။ ကျွန်တော်တို့နှစ်ယောက် အခန်းထဲသို့ ဝင်သွားသောအခါ ကျောင်းအုပ်ကြီး ဒေါက်တာပိုက်မှာ မိမိတို့ ထိုင်နေရာမှ ထလာပြီးလျှင် ကျောင်းအုပ်ကြီးကတော် နှင့်လည်းကောင်း၊ ဦးစွာရောက်နေနှင့်ကြသော ကျောင်းသားများနှင့်လည်းကောင်း ကျွန်တော်တို့အား မိတ်ဖွဲ့ပေး၏။

ကျောင်းအုပ်ကြီးက မိတ်ဖွဲ့ပေးပြီးနောက် ကျွန်တော်တို့ နှစ်ယောက်မှာ ကုလားထိုင်၊ ဆိုဖာအလွတ်များပေါ်တွင် ထိုက်ကြလေသည်။ ၎င်းဧည့်ခန်းရှိ မီးဖိုကြီးမှာ ကြီးလှသဖြင့် တစ်ခန်းလုံး နွေးလျက်နေတော့၏။ ကျွန်တော်တို့ ထိုင်မိကြ၍ မကြာမီအတွင်းမှာပင် အစေခံ ကာဖီကို ယူလာလေသည်။ ကျောင်းအုပ်ကြီး ကတော်က ကျောင်းသားများအတွက် ကာဖီကိုငှဲ့၍ပေး၏။ ကာဖီသောက်ရင်း တစ်ယောက်တစ်ခွန်း စကားပြောနေကြလေသည်။ ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်ကြီးကတော်တို့က ကျွန်တော်နှင့် ဘီ. ဘီ. ဆင်းဂ်တို့အား အိန္ဒိယနှင့် မြန်မာပြည်အကြောင်းကို မေးမြန်းကြ၏။ ကျန်ကျောင်းသားတို့က နားထောင်နေကြလေသည်။

**တစ္ဆေရှိ မရှိ။** ဤသို့ တစ်ယောက်တစ်ခွန်း စကားပြောနေကြရာမှ တစ္ဆေ အကြောင်းသို့ ရောက်သွား၏။ အချို့က တစ္ဆေရှိကြောင်း ယုံကြည်ကြလေသည်။ အချို့က မယုံကြည်ကြ။ မိမိတို့၏ ထင်မြင်ချက်ကို အသီးသီး ပြောကြကုန်၏။ ကျောင်းအုပ်ကြီးက တစ္ဆေရှိကြောင်းမယုံ၊ ကျောင်းအုပ်ကြီးကတော်ကယုံကြည်လေသည်။ ဤသို့ တစ္ဆေအကြောင်းပြောနေကြခိုက် ကျောင်းအုပ်ကြီးက ကျွန်တော်တို့ကျောင်းတိုက်နှင့် မျက်နှာချင်းဆိုင် ပင်းဗရုတ်က်ကျောင်းတိုက်* အခန်းတစ်ခန်းတွင်နေသော ကျောင်းသား

* Pembroke College

တစ်ယောက်မှာကြိုးဆွဲချပြီး သေလိုက်ကြောင်း၊ နောက်တစ်နှစ်တွင်လည်း ဤအခန်း၌နေသော ကျောင်းသားမှာ ထိုနည်းတူ ကြိုးဆွဲချပြီးသေလိုက်ပြန်ကြောင်း၊ ဤသို့ဆက်ကာ ကြိုးဆွဲချ၍သေရာ အခန်းဖြစ်သော်ကြောင့် ပင်းဗရုတ်က် ကျောင်းအုပ်ကြီးက ကျောင်းသားများကို ထိုအခန်းတွင် မထားတော့ကြောင်း၊ ဤသို့ကျောင်းသားနှစ်ယောက်စလုံး ဤအခန်း၌ဆက်လက်၍ ကြိုးဆွဲချကာ သေလိုက်ကြသည်မှာ အံ့သြစရာကောင်းကြောင်းများကို ပြောပြလေသည်။ အားလုံးပင် အံ့သြကြကုန်၏။ ၎င်းပင်းဗရုတ်က်ကျောင်းတိုက်ကား အင်္ဂလိပ်အဘိဓါန်ကို ပထမဦးဆုံးတီထွင်သူစာရေးဆရာကျော် ဒေါက်တာဂျွန်ဆင် ကျောင်းသားဘဝက နေထိုင်ရာကျောင်းတိုက်ဖြစ်လေသည်။

ကျောင်းအုပ်ကြီးပြောပြီးလျှင် ကျောင်းသားများကလည်း တစ္ဆေအကြောင်းနှင့် ပတ်သက်၍ မိမိတို့ကြားဖူးသမျှ အကြောင်းများ၊ ထင်မြင်ချက်များကိုပြောပြကုန် ၏။ နောက်ဆုံး၌ ကျောင်းအုပ်ကြီးကတော်က ကျွန်တော့်အား မြန်မာပြည်တွင် တစ္ဆေ ရှိမရှိ၊ တစ္ဆေရှိကြောင်း ယုံ၊ မယုံများကို မေးမြန်းလေသည်။ ဤသို့မေးမြန်းလိုက်သောအခါ ကျွန်တော်က မြန်မာပြည်တွင်လည်း အင်္ဂလန်မှာကဲ့သို့ပင် တစ္ဆေရှိကြောင်း ယုံကြည်သူလည်းရှိ၊ မယုံကြည်သူလည်း ရှိကြောင်း ပြန်ဖြေလိုက်၏။ ကျွန်တော်ကိုယ်တိုင် တစ္ဆေကို မြင်ဖူး သည်၊ မမြင်ဖူးသည်ကို မေးမြန်းလေသည်။ ကျွန်တော်ကိုယ်တိုင် တစ္ဆေတစ်ကောင်ကိုမျှ မမြင်ဖူးသော်လည်း တစ္ဆေအကြောင်းများကို နေ့စဉ်ပင်ကြားနေရကြောင်း၊ မဂ္ဂဇင်းများမှာ ပင်တစ္ဆေသူရဲဝတ္ထုများကိုရေးသားလေ့ရှိကြကြောင်းကို ပြောပြ၏။

ဤသို့ ကာဖီသောက်ရင်း စကားပြောလား၊ ရယ်လားမောလားနှင့်ပင် (၁၀)နာရီထိုး၏။ ကျောင်းသားအားလုံး ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်ကြီးကတော် တို့အား နှုတ်ဆက်ပြီးနောက် မိမိတို့အခန်းသို့ ပြန်လာခဲ့ကြလေသည်။ ကျောင်းအုပ်ကြီးနှင့်ကျောင်းအုပ်ကြီးကတော်တို့မှာ ကျွန်တော်တို့တတွေ ကြောင်တောင်တော်၊ ရွံ့တွန့်တွန့်မဖြစ်ကြစေရန် များစွာဂရုစိုက်ရှာကြလေသည်။ ဒေါက်တာဝှိုက်မှာ ကျောင်းအုပ်ကြီးဖြစ်သော်လည်း မိမိ၏တပည့်များနှင့် စကားပြောကြားရာတွင် ဟန်ကြီးပန်ကြီး မလုပ်ဘဲ မိတ်ဆွေများကဲ့သို့ ပြောကြားရှာပေသည်။ အောက်စ်ဖို့ဒ်ရှိ ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာများမှာ မိမိတို့တပည့်များနှင့် ပေါင်းသင်းဆက်ဆံကြသောအခါ ရွှေရွှေဖော်ဖော် ပေါင်းသင်ဆက်ဆံလေ့ရှိကြ၏။ သို့သော်စာသင်ကြားရေးနှင့် ပတ်သက်လာသောအခါတွင် မူကား ညှာတာထောက်ထားခြင်းမရှိ၊ ဥပဒေအတိုင်းသာလျှင် ဆောင်ရွက်လေ့ရှိကြလေသည်။

**၁၂၈၉ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်နေ့။**
**(၁၀. ၃. ၂၈)**

---

**ပျော်ပွဲစား။** မြန်မာပြည်ဆွေမျိုးများထံမှ ပို့လိုက်သော ငါးပိကြော်နှစ်ပုံး ရောက်လာသည်နှင့် မြန်မာမိတ်ဆွေများအား ညနေ(၄)နာရီ အချိန်တွင် လက်ဖက်ရည်သောက်လာရန် ဖိတ်ကြားထားသည့်အတိုင်း (၄) နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် ကိုကျင်၊ ကိုရွှေဘော်၊ ကိုစံမောင်၊ ကိုအောင်ညွန့်၊ ဦးကျော်ခိုင်တို့ရောက်လာကြလေသည်။ ရောက်သည်နှင့်တစ်ပြိုင်နက် ငါးပိကြော် တစ်ပုံးကို ဖောက်ပြီးလျှင် ပေါင်မုန့်နှင့်ကျွေး၏။ စားလိုက်ကြသည်မှာ အားရစရာကြီး ဖြစ်လေသည်။ လက်ဖက်ရည်ကိုပင် ကောင်းစွာမသောက်နိုင်ကြတော့ပြီ။ ကျွန်တော့် အားကျေးဇူးတင်၍လည်း မဆုံးနိုင်။

ကျွန်တော်၏ အခန်းထဲတွင် ငါးပိကြောင်နှင့်ပေါင်မုန့် တို့ကိုစားသောက်ကြပြီး နောက်အတော်ကြာအောင်ပင် မြန်မာပြည်အကြောင်း၊ လှေပြိုင်ပွဲအကြောင်း၊ ကျောင်းပိတ်လျှင် အမြို့မြို့သို့လည်ပတ်ကြမည့်အကြောင်းများကို ဆွေးနွေး၊ ပြောကြားလျက်နေကြလေသည်။ ဦးကျော်ခိုင်နှင့် ကိုစံမောင် တို့မှာပြင်သစ် သို့သွားကြမည်။ ကိုရွှေဘော်က လန်ဒန်ပုလိပ်ရုံးတို့တွင် အမှုများကိုသွားရောက် နားထောင်မည်ဟုပြောသည်။ ကျွန်တော်နှင့်ကိုကျင်တို့ကား အင်္ဂလန်ပြည်ရှိ ပင်လယ် ကမ်းခြေမြို့တစ်မြို့သို့ သွားရောက်လည်ပတ်ရန် တိုင်ပင်ထားကြလေသည်။ ဤသို့ ကျွန်တော့်အခန်းတွင် စကားပြောနေကြပြီးနောက် (၆) နာရီထိုးမှ အသီးသီး မိမိတို့ ကျောင်းတိုက်များသို့ ပြန်သွားကြလေသည်။

အင်္ဂလန်တွင် ပညာသင်ကြားနေကြသော မြန်မာကျောင်းသားတို့အဖို့ထူး မြတ် သောအစာကား ငါးပိကြော်သာတည်း၊ တစ်ယောက်ထံသို့ ငါးပိကြော်ရောက်လျှင် မိတ်ဆွေအပေါင်းတို့အားဖိတ်ကာ ပေါင်မုန့်နှင့်ကျွေးသည်မှာ ထုံးစံပင် ဖြစ်နေလေပြီ၊ အကယ်၍ မြန်မာပြည်မှ ငါးပိကြော် ရောက်လာပါလျက် မိတ်ဆွေများအား ဖိတ်၍ မကျွေးမိလျှင် အပြစ်တင်ခံကြရလေသည်။ မြန်မာပြည်တွင်ရှိစဉ်က ငါးပိကြော်ကို မစားတတ်သူတို့ပင်လျှင် အင်္ဂလန်ပြည်သို့ရောက်သောအခါ ငါးပိကြော်ကို ခုံခုံမင်မင် စားသောက်လေ့ရှိကြ၏။ ဟိုတယ်ဆိုင်တွင် ညစာတစ်နပ်ကျွေးသည်ထက် ငါးပိကြော်နှင့် ပေါင်မုန့်ကျွေးသည်က ပိုမိုနေရာကျလေသည်။ အချို့မှာမည်သူ့ထံ ငါးပိကြော်ရောက် သည် ဟူသောသတင်းကို နားထောင်ကာ ငါးပိကြော်ရောက်ရာ မိတ်ဆွေတို့ထံသွား၍ အတင်းကျွေးခိုင်းလေ့ရှိကြ၏။ ထို့ကြောင့်မည်သူထံမဆို ငါးပိကြော်ရောက်လာလျှင် ကြာကြာမခံ၊ သုံးလေးရက်အတွင်းပင် ကုန်သွားလေ့ရှိ၏။

## ၁၂၈၉ ခုနှစ်၊ တပေါင်းလဆုတ် ၉-ရက်နေ့။
## (၁၄. ၃. ၂၈)

**ပြဇာတ်ရုံ။** ညစာစားသောက်ပြီးကြပြီးနောက် ကျွန်တော်၏အခန်းတွင် စီးကရက်တစ်လိပ်ကိုဖွာကာ ဟိုတွေးသည်တွေးနှင့် လုပ်နေခိုက်၊ တံခါးခေါက်သံကြားသည်နှင့်ဝင်လာခဲ့ရန် ပြောလိုက်သောအခါ ဂရိုဗ်စ်နှင့်မိုးတို့ဝင်လာကြလေသည်။ စကားတစ်ခွန်းနှစ်ခွန်းမျှ ပြောပြီးနောက် အောက်စ်ဖို့ဒ်ပြဇာတ်ရုံသစ်တွင် ရှိတ်စပီးယား၏ပြဇာတ်တစ်ဇာတ်ကိုသွားကြည့်ရန် သူတို့နှင့်အတူတူလိုက်ခဲ့ရန်ခေါ်ကြ၏။ ကျွန်တော်လည်း ခပ်ပျင်းပျင်းရှိသည်နှင့် ဝတ်လုံပြကလေးကိုဆွဲကာ ၎င်းတို့နှင့်အတူ လိုက်သွားလေသည်။ ဂရိုဗ်စ်၌လည်းဝတ်ရုံပါ၏။ မိုး၌ကား ဝတ်ရုံမပါ၊ဝတ်ရုံပြန်၍ယူရန် မိုးအားကျွန်တော်ပြောသော်လည်းကိစ္စမရှိဟုပြောကာ ကျွန်တော်တို့နှင့်အတူလိုက်လာလေသည်။

ဤသို့သုံးယောက်အား အောက်စ်ဖို့ဒ် ပြဇာတ်ရုံသစ်သို့ ထွက်လာခဲ့ကြရာ ကောန်မတ္တက်လမ်း[၁] သို့ရောက်သောအခါ တက္ကသိုလ်ပုလိပ်[၂]နှင့် ခွေးဘီလူး[၃] တို့ကိုအဝေးမှမြင်ကြရလေသည်။ တက္ကသိုလ်ပုလိပ်ကား အခြားမဟုတ်၊ တက္ကသိုလ်ဥပဒေများကို ကျူးလွန်သော ကျောင်းသားတို့အား ဖမ်းရန် ကျောင်းတိုက်အသီးသီးမှ ရွေး၍အလှည့်ကျခန့်ထားသော ကျောင်းဆရာများဖြစ်လေသည်။ ၎င်းတို့ကို ပရော့တ်တာဟုခေါ်လေသည်။ ထိုပရော့တ်တာခေါ် တက္ကသိုလ်ပုလိပ်တို့အား ကူညီရန်အမြဲတန်းခန့်ထားသူတို့ကို ကျောင်းသားများက ခွေးဘီးလူးဟူ၍ ခေါ်ကြလေသည်။

တက္ကသိုလ်ပုလိပ်နှင့် ခွေးဘီးလူတို့ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်တော် (၃) ယောက်မှာ လမ်းတစ်ဖက်သို့ ဖြတ်ကူးပြီးလျှင် မိုးကို အလယ်မှထားကာလျှောက် သွားကြကုန်၏။ သို့သော်ဘေးမှလိုက်ကြသော ကျွန်တော်နှင့် ဂရိုဗ်စ်တို့၏အရပ်မှာနိမ့်၍ မိုး၏အရပ်ကားမိုးထိုးနေသောကြောင့် မိုးကိုကာကွယ်ရန်မည်သို့မျှမတတ်နိုင်။ မိုး၌ဝတ်လုံမပါကြောင်းမှာ ထင်ရှားလျက်နေ၏။ အကြင်တက္ကသိုလ်ပုလိပ်နှင့် ခွေးဘီးလူါတို့ နီးလာ သောအခါ တစ်ယောက်သောသူက မိုးတွင်ဝတ်လုံမပါသည်ကို ရုတ်တရက်မြင်လိုက်သည် နှင့်တစ်ပြိုင်နက် ကျွန်တော်တို့ဘက်သို့ဖြတ်လာလေသည်။ ကျွန်တော်တို့လည်း မည်သို့မျှမတတ်နိုင် မိုးမှာမုချဒဏ်အရိုက်ခံရတော့မည်။ မိုးကား ကလေးဆိုးနှင့်တူသော ကျောင်းသားဖြစ်သောကြောင့် စကားပြောပင်မပျက်၊ အပြုံးပင်မပျက်၊ ကျွန်တော်နှင့်ဂရိုဗစ်တို့ကား သူအစားစိုးရိမ်လှသောကြောင့် စကားမပြောနိုင်ကြချေ။

မကြာမီ ခွေးဘီးလူးအမည်ခံသူမှာ ကျွန်တော်တို့အနီးသို့ရောက်လာ၏။ ရောက်လျှင်ရောက်ချင်း မိမိဆောင်ထားသောဦးထုပ်ကိုချွတ်ကာ မိုးအား

၁။ Con. Market Street ၂။ Proctor ၃။ Bull dogs

ပရော့တ်တာက ခေါ်ကြောင်းပြောပြလေသည်။ မိုးကား အပြုံးပင်မပျက်၊ ထိုခွေးဘီးလူး၏ နောက်သို့ကောက်ကောက်ပါအောင် လိုက်သွား၏။ ကျွန်တော်တို့နှစ်ယောက်လည်း သူ၏နောက် မနီးမဝေးမှလိုက်သွားကြလေသည်။ အနီးသို့ရောက်သောအခါ မရော့တ်တာကပင် မိုး၏အမည်နှင့် ကျောင်းတိုက်ကိုမေး၏။ မိုးကမိမိ၏အမည်နှင့် ကျောင်းတိုက်၏ အမည်များ ကို ပြောပြလေသည်။ မိုး၏အမည်နှင့် ကျောင်းတိုက် အမည်များကို မှတ်ယူပြီးလျှင် နောက်တစ်နေ့နံနက် (၁၀) နာရီတွင် သူ့ထံသို့လာရန်ပြ မှာပြီးနောက် ထွက်သွား၏။ ကျွန်တော်တို့သုံးယောက်လည်း ပြဇာတ်ရုံသစ်ရှိရာသို့ ထွက်ခွာခဲ့လေသတည်း။

လမ်းထဲတွင် မိုးမှာ စကားပြောပင်မပျက်။ အလွန်ဆုံး ၂ သျှိလင်ခွဲ ဒဏ်ငွေပေးရ တော့မပေါ့ဟု ဆို၏။ သို့နှင့် ကျွန်တော်တို့လူစု ပြဇာတ်ရုံအဝသို့ ရောက်ကြလေသည်။ ရောက်လျှင်ရောက်ချင်း ကျွန်တော်တို့သုံးယောက်သား ကိုယ့်အတွက်ကိုယ် လက်မှတ် ကိုအသီးသီးဝယ်ကာ ပြဇာတ်ရုံထဲဝင်ကြသည်။ ရန်ကုန်တက္ကသိုလ်တွင်နေစဉ်က မူကား မိတ်ဆွေများနှင့်အတူ ရုပ်ရှင်သွားကြသောအခါ တစ်ယောက်ကအားလုံး အတွက် လက်မှတ်ဝယ်လေ့ရှိသည်ကို ကြုံခဲ့ရသော ကျွန်တော်၏ စိတ်တွင်ကား ဤသို့ ကိုယ့်အတွက် ကိုယ်လက်မှတ်ဝယ်ရသည်ကိုမြင်လျှင် ခပ်ဆန်းဆန်းနေ၏။ သို့သော် အင်္ဂလန်တွင် ဤအလေ့မှာဆန်းသောအလေ့မဟုတ်ပေ။ အလွန်ရှင်းသောအလေ့ဖြစ် တော့၏။

ကျွန်တော်တို့ ရုံထဲရောက်၍ မကြာမီပင် ပြဇာတ်ကို စတင်၍ ပြလေတော့ သတည်။ လက်ဦး၌ ပြဇာတ်တွင်ပါဝင်သူတို့၏ ပြောကြားသောစကားများကို မဖမ်းနိုင် မြန်လွန်းသည်ဟုထင်၏။ သို့သော် တစ်စတစ်စနားလည်၍လာပြီးလျှင် သူတို့ပြော သမျှစကားကိုဖမ်းနိုင်လေသည်။ ပြဇာတ်ရုံထဲတွင် တက္ကသိုလ်ကျောင်းသားတို့သာ များ၏။ (၁၁) နာရီအချိန်တွင် ပြဇာတ်ပြီးသဖြင့် ကျွန်တော်တို့သုံးယောက်သား ကျောင်းသို့ ပြန်လာခဲ့ကြလေသတည်း။

**၁၂၈၉ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်နေ့။**
**(၁၅. ၃. ၂၈)**

**သိမ်းရဆည်းရ။** နောက်နှစ်ရက်ကြာလျှင် ကျောင်းပိတ်တော့မည် ဖြစ်သော ကြောင့်သိမ်းရဆည်းရနှင့်ပင် ကျွန်တော့်မှာ အတော်အလုပ် ရှုပ်လျက်နေလေသည်။ ကိုကျင်၊ ကိုရွှေဘော်တို့ထံမှ ငှားထားသောစာအုပ်များ၊ စာကြည့်ခန်း၊ ပိဋကတ်တိုက်များမှ ငှားထားသော စာအုပ်များကို ပြန်ပေးရ၊

မည်သည့်နေတွင် လန်ဒန်မြို့သို့ ဆင်းလာမည့်အကြောင်း၊ မိတ်ဆွေ ကိုရုံးမို၊ ဆရာဇော် တို့ထံ စာရေးရ၊ အချို့ချို့သော မိတ်ဆွေတို့၏ အခန်းများသို့သွားကာ နှုတ်ဆက်ရနှင့် အချိန်ကုန်လွန်မှန်းမသိ ကုန်လွန်ခဲ့လေ၏။

စကောက်ဟန်ဖရီနှင့် သူ၏လက်ထောက်ဖြစ်ကြသော ဝေါတာ[၁]နှင့် ဂျော့[၂] တို့မှာလည်း အထူးသဖြင့် ကြိုးစားကာအလုပ်ကိုလုပ်ကြလေသည်။ သူတို့၏မျက်နှာ များမှာလည်း အထူးပင်ရွှင်ရွှင်ပျပျ ရှိနေကြကုန်၏။ စကောက်ဟန်ဖရီနှင့်လက်ထောက် များထူးခြားသည်ကို တွေ့မြင်ရသောအခါ အဘယ်ကြောင့် ဤသို့ ထူးခြားပါသနည်း ဟု တွေးတောမိ၏။ ကျောင်းပိတ်သောအခါ ကျောင်းသားများ ပျော်ရွှင်ကြသကဲ့သို့ သူတို့လည်း ကျောင်းပိတ်ထားခိုက် အားလပ်ခွင့်ရတော့မည်ဖြစ်သောကြောင့် ရွှင်ပျ ကြသည်ဟု ယူဆပြီးလျှင် အမှုမဲ့ အမှတ်မဲ့သာနေလေသည်။

နေ့ခင်း အတန်းတက်ရာမှ ပြန်လာပြီးနောက် နေ့စာ စားသောက်နေခိုက် ကိုကျင်နှင့်ကိုရွှေဘော်တို့နှစ်ယောက်သား ပေါက်လာကြ၏။ သူတို့လည်း ကျောင်းပိတ် ခါနီးပြီ ဖြစ်သောကြောင့် ရွှင်ပျလျက်နေကြလေသည်။ မည်သည့်ကျောင်းသားသည် ကျောင်းပိတ်ခါနီးလျှင် မပျော်ရွှင်ဘဲ နေပါအံ့နည်း။ သုံးယောက်သား ကျွန်တော်၏ အခန်းထဲ၌ စကား ပြောနေကြသည်မှာ အတောမသတ်ပြီ။ ကျွန်တော့်အခန်းမှာပင် ညနေ လက်ဖက်ရည် သောက်ကြ၏။ လက်ဖက်ရည်သောက်ကြရင်း မြန်မာပြည် အကြောင်း၊ လန်ဒန်မြို့အကြောင်း၊ ကျောင်းပိတ်ရက်အတွင်း လည်ပတ်သွားလာမည့် အကြောင်းတို့ကို ဆွေးနွေးပြောကြားလျက်နေကြလေသည်။ အားရဝမ်းမြောက်၍ မဆုံးပြီ။ ကျောင်းပိတ်လျှင် မိဘရပ်ထံသို့ ပြန်မည့်အင်္ဂလိပ်ကျောင်းသားတို့ကား မည်မျှ ဝမ်းမြောက်မည်နည်း။

လက်ဖက်ရည်သောက်ကြပြီးနောက် တက္ကသိုလ်ဥယျာဉ်သို့လမ်းလျှောက်ထွက် သွားကြ၏။ ဥယျာဉ်ကို တစ်ပတ်ပတ်ပြီးလျှင် ကိုရွှေဘော်၏အခန်းဝင်ကာ စက်သီးချင်း ဖွင့်ကြလေသည်။ ညစာစားချိန်တိုင်အောင် ကိုရွှေဘော်၏ အခန်းမှာပင် စကားပြော လား၊ သီချင်းဆိုလား၊ စက်သီချင်းဖွင့်လားနှင့် နေကြကုန်၏။ ညစာစားချိန်သို့ ရောက်မှသာ ကျွန်တော်နှင့် ကိုကျင်တို့ နှစ်ယောက် ကိုရွှေဘော်၏ အခန်းမှထွက်ခဲ့ကြလေသတည်း။

**စာသေတ္တာ။** ညစာ စားသောက်ကြပြီးနောက် စာမကျက်ချင်သည်နှင့်မြန်မာ ပြည်သို့ပေးပို့ရန် စာများကိုရေး၏။ (၁၁) နာရီထိုးမှ ပြီးလေ တော့သည်။ စာပေါင်း (၁၅) စောင်နှင့်နှင်ရှိ၏။ အတော်ပင် မောသွားလေသည်။ စိတ်ပါလက်ပါနှင့်ရေးသောအခါများတွင် မောရမှန်းမသိ၊ အချိန်ကုန်မှန်းမသိပေ။ စာအားလုံးကို ရေးပြီးသောအခါကျမှသာလျှင် အချိန်ကုန်မှန်း သိရုံမျှမက အတော်မောသွားကြောင်းကိုလည်း သိရေလေသည်။ ၎င်းစာများကို စာအိတ်ထဲထည့်၊

၁။ Walters ၂။ George

တံဆိပ်ခေါင်းကပ်ပြီးလျှင် လှေခါးပေါက်ဝရှိ စာထည့်ရန်ထားသော သေတ္တာကလေးထဲတွင် ထွက်၍ထည့်၏။ ကျွန်တော်၏စာများကို ထည့်ပြီးသည်နှင့်တစ်ပြိုင်နက် ကျောင်းပြာတာက စာများကိုလာ၍သိမ်းလေသည်။

ကျွန်တော်တို့ကျောင်း၌ လှေခါးပေါက်တိုင်းတွင် စာထည့်ရန် သေတ္တာကလေး တစ်လုံးစီရှိ၏။ နံနက် (၉) နာရီတွင်တစ်ကြိမ်၊ နေ့ (၁၂) နာရီတွင်တစ်ကြိမ်၊ ညနေ (၆) နာရီတွင်တစ်ကြိမ်၊ ည (၁၁) နာရီတွင်တစ်ကြိမ် ကျောင်းပြာတာက စာများကို လာ၍သိမ်းယူ သွားရလေသည်။ စာတိုက်တွင် ထည့်ရန်စာများကို စာတိုက်သို့၊ အခြားကျောင်းများတွင်သွား၍ ပေးရန်စာများကို ဆိုင်ရာသို့ပို့၊ ကျောင်းအတွင်း ပေးရန်စာများကိုလည်း ဆိုင်ရာ ကျောင်းသားတို့ထံ သွားပေး၏။

အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းသားများသည် အရေးမကြီးသော အကြောင်းအရာများကို ပြောကြားလိုသောအခါလည်းကောင်း၊ လက်ဖက်ရည်သောက်ဖိတ်၊ ညစာစားရန်ဖိတ်သောအခါများတွင်လည်းကောင်း စာဖြင့်ရေးသား၊ ဖိတ်ကြားလေ့ရှိလေသည်။ တစ်ကျောင်းတည်းတွင် နေထိုင်ကြသောကျောင်းသားအချင်းချင်းပင်လျှင် ဤသို့စာဖြင့်ရေးကာပြောကြားလေ့ရှိကြလေသည်။ ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာများက ကျောင်းသားများနှင့် တွေ့လိုသောအခါများတွင်လည်း တစ်ယောက်ယောက်အား အခေါ်ခိုင်းလေ့မရှိဘဲ စာဖြင့်ဖြစ်စေ၊ စက္ကူကတ်ကလေးနှင့်ဖြစ်စေ ရေးပြီးလျှင် စာသေတ္တာကလေး အတွင်းထည့်ထား၏။ မကြာမီပင် ဆိုင်ရာကျောင်းသားတို့၏ လက်တွင်းသို့ ၎င်းစားများရောက်လေသည်။

**၁၂၈၉ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်နေ့။**
**(၁၆. ၃. ၂၈)**

---

**နှုတ်ဆက်ပွဲ။** ကျောင်းပိတ်ရက် တစ်ရက်သာကျန်တော့သဖြင့် မိတ်တွေဖြစ်ကြသောမိုးနှင့် ဂရိုဗ်စ်တို့အား နှုတ်ဆက်ရန် ကျွန်တော်၏ အခန်းနှင့် မျက်နှာချင်းဆိုင် မိုး၏ အခန်းသို့ ည (၈) နာရီခန့်အချိန်တွင် ကူးသွား၏။ အခန်းထဲဝင်ကာ မိုးကိုရှာပါသော်လည်း မတွေ့သဖြင့် ဂရိုဗ်စ်၏ အခန်းသို့ ထွက်ခဲ့လေသည်။ ရောက်သောအခါ အခန့်သင့်ပင် ဂရိုဗ်စ်၏ အခန်းထဲတွင် မိုးကိုပါတွေ့သဖြင့် အားရပါးရ နှုတ်ဆက်ကြ၏။ ဂရိုဗ်စ်နှင့် မိုးတို့မှာ မိဘဆွေမျိုးတို့နှင့် တွေ့ရတော့မည်ဖြစ်သောကြောင့် များစွာဝမ်းသာအားရ ဖြစ်နေကြလေသည်။ ဂရိုဗ်စ်မှာ မိမိ၏ မိဘ၊ ညီအကိုများအတွက် လက်ဆောင်များကိုပင် ဝယ်ထားလေပြီ။ မိုးကား မိမိရသော ပိုက်ဆံကိုသုံးစွဲပစ်လိုက်ပြီဖြစ်သောကြောင့် အိမ်အပြန်မျက်နှာမလှပေ။ လက်ဆောင်တစ်စုံတစ်ရာ

ကိုမျှ မဝယ်သွားနိုင်ရှာ။ ကျွန်တော်ကား မိဘ၊ ဆွေမျိုးများနှင့်ဝေးနေရသူဖြစ်သောကြောင့် မိုးနှင့်ဂရိုဗ်စ်တို့ကိုအားကျပြီးလျှင် ဝမ်းနည်းမိ၏။ မြန်မာပြည် ရန်ကုန်တက္ကသိုလ်မှာသာ ဖြစ်မူကား မည်မျှကောင်းပေလိမ့်မည်နည်း ဟူ၍လည်း တွေးတောမိလေသည်။ ရန်ကုန်တက္ကသိုလ်မှာတုန်းက ကျောင်းပိတ်သောအခါ ညီကလေး၊ တူကလေးများ အတွက် (၆)ပြားဈေးမှ အရုပ်ကလေး၊ ကစားစရာကလေးများကို ဝယ်သွားလေ့ ရှိသည်ကိုလည်း သတိရပေ၏။

ဤသို့ သုံးယောက်သား ပျော်ပါးစွာစကားပြောနေကြရင်း ဂရိုဗ်စ်က ရေးနွေးအိုးတည်လေသည်။ ရေနွေးအိုးဆူသောအခါ ကာဖီဖျော်၍ မုန့်သေတ္တာ နှင့်တိုက်လေသည်။ တစ်ယောက်လျှင် နှစ်ခွက်စီသောက်ရင်း နှုတ်ဆက်ပွဲကို ကျင်းပကြ လေသတည်း။ ကျောင်း မပိတ်မီ နောက်ဆုံးညဖြစ်သော်ကြောင့် အတော့်ညည့်နက် အောင်ပင် စကားပြောနေကြလေသည်။ ကျောင်းပိတ်ထားခိုက် စာကျက်ကြမည့် အကြောင်း၊ ပင်လယ်ကမ်းခြေမြို့များသို့ အလည်အပတ်သွားမည့်အကြောင်း၊ တစ်ယောက်ထံတစ်ယောက် စာမကြာမကြာပေးရန် အကြောင်းတို့ကိုမှာကြား ပြောဆိုနေကြ၏။ ဤသို့ ပြောဆိုနေကြခိုက် သတိရလာသဖြင့် ကျွန်တော်တို့ သုံးယောက် ပြဇာတ်သွားကြည့်ကြသောညက မိုးဝတ်လုံမပါသွားသောကြောင့် ဒဏ်မည်မျှ အရိုက်ခံရကြောင်းကို မိုးအားမေးသောအခါ ဒဏ်ငွေ ၃ သျှီလင်ပေး ရကြောင်း ပြန်ပြောလေသည်။ အားလုံးပင် ရယ်မောကြ၏။

**သောက်ရှူး။** ဤသို့ စကားပြောကြားနေခိုက် ဂရိုဗ်စ်က ကျွန်တော်၏စကောက် များအား ဘောက်ရှူးမည်မျှပေးမည်နည်းဟု မေးလေသည်။ မည်မျှပေးရမည်ကို မသိကြောင်း၊ မည်မျှပေးလျှင် သင့်လျော်မည့်အကြောင်းများကို ကျွန်တော်က ပြန်၍မေးသောအခါ စကောက်ကြီးအား တစ်ပေါင် (ရွှေဒင်္ဂါးတစ်ပြား) လက်ထောက်တို့အား တစ်ယောက်လျှင် ၁၀ သျှီလင်စီပေးသင့်ကြောင်းကို ပြောပြ သောအခါ ကျွန်တော့်စိတ်တွင် အတော်ပင် ထူးဆန်း၍သွား၏။ ကျောင်းတံခါးပိတ် လျှင် ဘောက်ရှူးကပင် ရွှေဒင်္ဂါး (၂) ပြား ကုန်ကျနေသောကြောင့်တည်း။

ကျွန်တော်တို့ မြန်မာပြည်တွင် မုန့်ပဲ ဝယ်စားသောအခါ ဝယ်စားသူက အဆစ် တောင်းလျှင် ရောင်းသူက အဆစ်ပေးရ၏။ အင်္ဂလန်တွင်မူကား ထမင်းဆိုင်တွင် နေ့စာ ညစာများကို သွားစားသောအခါလည်းကောင်း၊ လက်ဖက်ရည်ဆိုင်များတွင် လက်ဖက် ရည်သွားသောက်သောအခါလည်းကောင်း၊ မိမိစားသောက်သော အစားအစာတို့၏ တန်ဖိုးအပြင် အစေခံတို့အား အပိုဘောက်ရှူးပေးရလေသေးသည်။ တစ်သျှီလင်ဘိုး ဝယ်စားလျှင် နှစ်ပဲနီခန့်ပေးရ၏။ ထိုအစေခံများက တောင်းကြသောကြောင့်မဟုတ်ပါ။ ထုံးစံဖြစ်နေကြောင့် ဖြစ်ပါသည်။ အဆစ်တောင်းလေ့ရှိသော မြန်မာများ၏ မျက်စိတွင်ကား ထူးဆန်းလျက် နေလေတော့သတည်း။

ယခုလည်း စကောက်ခေါ် အစေခံများအား ကျောင်းကအခပေး၍ ငှားထားပါ

လျက် ကျောင်းပိတ်သောအခါ ကျောင်းသားတို့က ဘောက်ရှူးပေးရသည်မှာ ထူးဆန်းလှပေသည်။ ရောမမြို့တွင်နေလျှင် ရောမမြို့သားကဲ့သို့ ကျင့်ရမည်ဟူသော အင်္ဂလိပ်စကားပုံအရ အောက်စဖို့ဒ်တက္ကသိုလ်တွင်နေလျှင် အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းသားကဲ့သို့ ကျင့်ရပေမည်။ မလွဲသာတော့ပြီ၊ လွန်ခဲ့သည့်နေ့က ပစ္စည်းများကိုသိမ်းဆည်းရာတွင် စကောက်ဟန်ဖရီတို့ ပျော်ရွှင်နေကြသည်မှာ ဘောက်ရှူးရခါနီးသောကြောင့် ဖြစ်ဟန်တူ၏။

ကျွန်တော်တို့ သုံးယောက်သာ စကားကောင်းနေသည်နှင့်ပင် (၁၁) နာရီထိုးတော့၏။ ထိုအခါကျမှ ကျွန်တော်နှင့်မိုးတို့ ဂရိုဗ်စ်အား နှုတ်ဆက်ပြီးလျှင် ပြန်လာခဲ့ကြလေသည်။

## ၁၂၈၉ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်နေ့။ (၁၇. ၃. ၂၈)

---

**ကျောင်းပိတ်သောနေ့။** နံနက်စောစောကပင် ကိုရွှေဘော်လန်ဒန်မြို့သို့ဆင်းသွားလေပြီ။ ကျွန်တော်ကား နေ့ခင်း (၁) နာရီအချိန်တွင် ကျောင်းအုပ်ကြီး၏ ဩဝါဒကို နာခံရဦးမည်ဖြစ်သောကြောင့် နံနက်ရထားနှင့် လန်ဒန်သို့မဆင်းနိုင်၊ ကိုကျင်ကလည်း ကျောင်းပိတ်လျှင်ပိတ်ချင်း လန်ဒန်သို့မဆင်းသေး၊ ကျောင်းမှာပင် တနင်္ဂနွေတစ်ပတ်ခန့် စာကျက်နေလိုသေးသောကြောင့် ကျွန်တော်တစ်ယောက်တည်း လန်ဒန်သို့ဆင်းရန် စီမံထားလေသည်။

နေ့ခင်း နာရီပြန်(၁) ချက်ထိုးသောအခါ ခန်းမကြီးသို့သွားရ၏။ ယခင်တစ်ကြိမ်ကျောင်းပိတ်သောနေ့တုန်းကကဲ့သို့ပင် အခန်းအဆုံး စင်မြင့်ပေါ်တွင် ကုလားထိုင်များနှင့်ထိုက်နေကြသော ကျောင်းအုပ်ကြီးနှင့် ဆရာများရှေ့မှောက်သို့ တစ်ယောက်ပြီးလျှင်တစ်ယောက်သွားကာ ကျောင်းအုပ်ကြီး၏ ဩဝါဒကို ခံယူကြရလေသည်။ ယခင်ကကဲ့သို့ပင် ကျောင်းသားများအား ကျောင်းအုပ်ကြီးက သတိပေးတန်ပေး အပြစ်ဆိုတန်ဆို၊ ချီးမွမ်းတန် ချီးမွန်းပြီးလျှင် လွှတ်လိုက်လေသတည်း။

**ခရီးဖော်များ။** ကျောင်းအုပ်ကြီး၏ ဩဝါဒကို ခံယူပြီးလျှင် နာရီပြန် (၂) ချက်ရထားကိုမှီရန်ခပ်မြန်မြန်ပင် မီးရထားဘူတာရုံသို့ထွပ်ခဲ့၏။ ဘူတာရုံ တစ်ရုံလုံးတွင် တက္ကသိုလ်ကျောင်းသားများနှင့် ပြည့်နှက်နေသည်ကို မြင်ရ လေသည်။ အားလုံးပင် ရွှင်ရွှင်ပျပျနှင့်ရှိနေကြကုန်၏။ နာရီပြန် (၂) ချက်ထိုး၍ ဘူတာရုံတွင်မီးရထားလာ၍ဆိုက်သောအခါ အသီးသီး မိမိတို့နှင့် နီးရာတွဲ

ထဲသို့ တက်ကြလေသည်။ ကျွန်တော်တက်သော တွဲထဲတွင် အသက် (၃၀) နှင့် (၄၀)တွင်း ယောကျ်ားလေးယောက်ပါလာလေသည်။ ၎င်းတွဲထဲသို့ ကျွန်တော် ရောက်ပြီးနောက် တက္ကသိုလ်ကျောင်းသား သုံးယောက် နောက်ထပ်တက်လာကြ သေး၏။ ကျွန်တော်တို့စီးသောတွဲကား(၈)ယောက်စီးတွဲကလေးဖြစ်သောကြောင့် နောက်ထပ်မည်သူမျှ တက်မလာတော့ချေ။

အတန်ကြာလျှင် မီးရထားလည်း ဘူတာရုံမှထွက်လာခဲ့၏။ ကျွန်တော်စီး လာသည့် တွဲထဲပါလာသော ခရီးသည်များအနက် သုံးယောက်မှာ သတင်းစာ ကို ဖတ်လာကြကုန်၏။ နှစ်ယောက်မှာ စာအုပ်ကိုယ်စီ ဖတ်လာကြလေသည်။ ကျွန်တော်ကား စာကိုလည်းမဖတ်၊ သတင်းစာကိုလည်းမကြည့် ဝိုက်မျဉ်းခြင်း လည်းမရှိ၊ ထင်ရာမြင်ရာကို လျှောက်တွေးကာလာခဲ့လေသတည်း။ ဤသို့ တစ်ယောက်နှင့် တစ်ယောက် စကားတစ်ခွန်းကိုမျှ မပြောဘဲ လိုက်လာကြသည် မှာ လန်ဒန်မြို့သို့သာရောက်လေတော့၏။ အလွန်နေနိုင်ကြသော ပုဂ္ဂိုလ်များပါ တကားဟု တွေးတောမိလေသည်။ အင်္ဂလန်တွင် မီးရထား၊ ခေတ်ရထား၊ မော်တော်ဘတ်များဖြင့် ခရီးသွားကြသောအခါ ဆူညံစွာ စကားပြောသွားကြ ခြင်းမရှိ၊ တိတ်ဆိတ်စွာ သွားလာကြသည်ကိုသာမြင်ရလေသည်။

**ပျော်ပျော်ရွှင်ရွှင်။** လန်ဒန်မြို့ ပတ်ဒင်တန် ဘူတာရုံသို့ ရောက်သောအခါ ကိုမိုးမိုနှင့်ဆရာဇော်တို့ စောင့်နေကြသည်ကို မြင်ရလေ သည်။ ကျွန်တော်၏ ဝမ်းသာခြင်းကား ဆိုဖွယ်မရှိပြီ၊ မီးရထားမဆိုက်မီပင် တွဲထဲမှ ခုန်ဆင်းကာ ဆရာဇော်တို့ရှိရာသို့ ပြေးလေတော့၏။ ဆွေမျိုးများနှင့် ခွဲခွာ၍ နိုင်ငံခြားတွင် ပညာသင်ကြားနေသူများဖြစ်သောကြောင့် ကိုရှုံးမို၊ ကိုကျင်၊ ဆရာဇော်နှင့် ကျွန်တော်တို့လေးယောက်မှာ အလွန်ရင်းနှီးနေကြလေသည်။

နှုတ်ဆက်စကား ပြောဆိုကြပြီးနောက် ဆရာဇော်က ရှန်ဟဲတရုတ်ဆိုင် တွင် ခေါက်ဆွဲကြော်၊ ထမင်းကြော်များကို သွားရောက်စားသောက်ရန် ခေါ် သောကြောင့် သုံးယောက်သား မြေထဲမီးရထားကို ပြောင်းစီးကာ ထွက်ခဲ့ကြ၏။ ရှန်ဟဲတရုတ်ဆိုင်တွင် ခေါက်ဆွဲကြော်၊ ထမင်းကြော်များကိုမှာစားရင်း စကားပြော လိုက်ကြသည်မှာ မဆုံးပြီ၊ ကျွန်တော်က ကျွန်တော်တွေ့ကြုံခဲ့ရသော အကြောင်း များကိုပြော၊ ကိုရှုံးမိုးကလည်း သူတွေ့ကြုံရသော အကြောင်းများကိုပြောနှင့် တသောသော နေကြလေသည်။ ဆရာဇော်ကမူကား အစ်ကိုကြီးကဲ့သို့ ကျွန်တော်တို့နှစ်ယောက် သား အားရပါးရ စကားပြောဆိုနေကြသည်ကို ပြုံးလျက်ကြည့်နေ၏။ မိမိကမူကား စကားများစွာမပြောချေ။

ရှန်ဟဲဟိုတယ်ဆိုင်တွင် အတော်ကြာအောင်ပင်စကားပြောဆိုကြပြီး နောက် နေအိမ်သို့ပြန်လာခဲ့ကြလေသည်။ ကျွန်တော်၏ပစ္စည်းများကား လွန်ခဲ့ သည် တစ်ရက်နှစ်ရက်ကပင် ရောက်နေနှင့်ကြလေပြီ၊ အိမ်ပြန်ရောက်၍

အဝတ်အစားများလဲကြပြီးကြလျှင်မီးဖိုနံဘေးတွင်ထိုင်ကာ ဆက်လက်၍စကား ပြောနေကြပြန်၏။ မဆုံးတော့ပြီ၊ (၁၂) နာရီကျော်မှ အိပ်ရာထဲဝင်ကြ၏။ အိပ်ရာ ထဲရောက်သည်နောက်ပင်လျှင် စကားလှမ်း၍ ပြောနေကြလေသေးသည်။ အိပ်ပျော်သွားမှသာလျှင် စကားပြောရပ်သွားတော့သတည်း။

## အခန်း (၆)

## ဒုတိယပိုင်း ကျောင်းပိတ်ရက်

**၁၂၈၉ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက်နေ့မှ**
**တန်ခူးလဆန်း ၁၀ ရက်နေ့။**
**(၁၈. ၂. ၂၈ မှ ၃၀. ၃. ၂၈)**

---

**ကျောင်းပိတ်ခါစတွင် ။** အောက်စ်ဖို့ဒ်တက္ကသိုလ် ပိတ်လိုက်ပြီဖြစ်သော်လည်း ကိုရုံးမို၏ စက်အတတ်သင်ကျောင်း၊ ဆရာဇော်၏ ပန်းချီ အတတ်သင်ကျောင်းတို့မှာ မပိတ်ကြသေးချေ။ နံနက်စာစားသောက်ပြီးလျှင် ကိုရုံးမိုနှင့်ဆရာဇော်တို့မှာ အသီးသီးမိမိတို့ ကျောင်းများသို့ ထွက်သွားကြကုန်၏။ ကျွန်တော် လည်းလန်ဒန်မြို့ရှိ ပုလိပ်ရုံးတစ်ရုံးသို့သွားကာ အမှုအခင်းတို့ကို နားထောင်မှတ်သားလေသည်။ ညနေ (၅) နာရီထိုးမှ နေအိမ်သို့ ပြန်ရောက်ကြ၏။ သုံးယောက်စလုံး အရောက်ညီကြသောအခါ ရှန်ဟဲ တရုတ်ဆိုင်သို့သွားကာ ညစာ စားသောက်လေ့ရှိကြ လေသည်။ ညစာ စားသောက်ပြီး၍ အပြန်တွင် ရုပ်ရှင်ဝင်ကြည့်သည့်အခါတွင်ကြည့်၊ ဟိုက်ပတ်ဥယျာဉ်အတွင်းဝင်ကာလမ်းလျှောက်သည့်အခါ လျှောက်နေကြသောကြောင့် နေအိမ်သို့ ည(၁၁) နာရီ(၁၂) နာရီထိုးမှသာ ပြန်ရောက်ကြ၏။

**ပြင်သစ်အမယ်ကြီး။** ကျွန်တော်တို့နေထိုင်သော အိမ်မှာ ယခင်လန်ဒန်သို့ ရောက်စကနေသောအိမ်မဟုတ်ပေ၊ အားစ်ကုတ်မြေထဲဘူတာရုံနှင့် မနီးမဝေး ရက်ဒ်ကလစ်လမ်း* အိမ်နံပါတ်(၇)တွင်ဖြစ်၏။ အိမ်ရှင်မှာပြင်သစ်အမယ်ကြီးဖြစ်လေသည်။ အသက်(၆၀) နီးပါခန့်ရှိ၏။

---

* Redcliff Street

ထမင်းဟင်းကို ကောင်းစွာချက်တတ်သည်သာမက ပြင်သစ်ဟင်းအမျိုးမျိုး၊ ကုလားဟင်းအမျိုးမျိုးတို့ကိုလည်း ချက်တတ်လေသည်။ ကျွန်တော်တို့မရောက်မီအခါက ၎င်းကုလားက ထမင်းချက်နည်း၊ ဟင်းချက်နည်းတို့ကို အမယ်ကြီးအား သင်ကြားပြသခဲ့လေသည်။ တရုတ်ဆိုင်တွင် ညစာသွား၍ မစားသောအခါများတွင် အမယ်ကြီးချက်ကျွေးသော ထမင်းဟင်းတို့ကိုပင် မြိန်ရှက်စွာစားသောက်ကြရသောကြောင့် အတော်ပင်နေကျ၏။ အမယ်ကြီးမှာ သဘောလွန်စွာကောင်းကောင်းလေသည်။ သို့သော် ငွေကြေးနှင့်ပတ်သတ်သောအခါ၌မူကား အနည်းငယ်မျှအားနာခြင်းမရှိပေ။ တစ်ခါတစ်ခါ အငြင်းအခုံပင်ဖြစ်ကြရ၏။ သို့သော် လန်ဒန်မြို့ထမင်းငှားကျွေးသူတို့၏ ဓလေ့ထုံးစံမှာ ဤသို့သော် ဖြစ်သောကြောင့် ဤအမယ်ကြီးကိုသာလျှင် ဝ ကွက်ကာအပြစ်မဆိုသာချေ။ ငွေရေးကြေးရေနှင့်ပတ်သက်၍ အားမနာတတ်ခြင်းမှတပါး ဤအမယ်ကြီးအပေါ်၌ အခြားဆိုစရာမရှိ၊ အမယ်ကြီး၏ အမည်ကားမဒန်းရပ်ကော်တ် ဖြစ်၏။

**မီးနားကွေးရ၊ နွေးလှပေသည်။** ပုလိရုံးများတွင် အမှုအခင်းမရှိသောအခါဖြစ်စေ၊အမှုအခင်းနည်းပါးသောအခါဖြစ်စေအိမ်သို့ (၁၂)နာရီ၊ နာရီပြန် (၁)ချက်တွင် ပြန်ရောက်လေ့ရှိ၏။ ကိုရုံးမိုးနှင့်ဆရာဇော်တို့ကား ညနေ (၅) နာရီထိုးမှ ပြန်ရောက်ကြလေသည်။ တစ်ယောက်တည်း ပျင်းပျင်းရှိသည့်နှင့် ကိုရုံးမိုးတို့အား စောင့်စားရင်း မီးနားတွင် ရာဇဝင်စာအုပ်၊ ဓနဗေဒစာအုပ်များကို ဖတ်လေ့ရှိ၏။ ဤသို့ နွေးနွေးကလေး ဆိုဖာပေါ်တွင် စာဖတ်နေ၍ များမကြာမီအတွင်းမှာပင် မိ၏တန်ခိုးကြောင့် တစ်စတစ်စအိပ်ငိုက်လာပြီးလျှင် ဆိုဖာပေါ်တွင် အိပ်ပျော်၍သွားလေ့ရှိလေသည်။ ကိုရုံးမိုးနှင့်ဆရာဇော်တို့ ကျောင်းမှပြန်လာကြည်၍ နှိုးသောအခါကျမှနိုးတော၏။ မိမိဖက်သောစာများကိုကား အနည်းငယ်မျှ မမှတ်မိ။ အိပ်ပျော်သွားခိုက် မက်သောအိပ်မက်များကိုသာလျှင် မှတ်မိလေသည်။ အင်္ဂလန်တွင် မီးနှင့်ခပ်ဝေးဝေး စာကျက်ပြန်လျှင် အေးလွန်းသောကြောင့် မနေနိုင်။ မီးနားတွင်ထိုင်ကာ ကျက်ပြန်ပါကလည်း အိပ်ပျော်၍ သွားလေ့ရှိ၏။ ထိုကြောင့်နွေဦးပေါက်မှသာလျှင် ကောင်းစွာစာကျက်ရလေသည်။ သူတကာကား မပြောတတ်။ ကျွန်တော်ကား ဤအတိုင်း ဖြစ်၏သို့နှင့် ကျောင်းပိတ်ရက် (၁၀) ရက်ကုန်လွန်ခဲ့လေသတည်း။

## ၁၂၈၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့။ (၃၁. ၃. ၂၈)

---

**အလည်ထွက်ခြင်း။** ကိုကျင်းကား အောက်ဒ်ဖို့ဒ်တွင် စာကျက်ရသည်မှာ ပျင်းလာသဖြင့် လန်ဒန်သို့ဆင်းလာပြီးလျှင် ကျွန်တော်တို့နှင့်အတူတူလာရောက်နေထိုင်လေသည်။ မိတ်ဆွေတစ်ယောက်တိုးလာသဖြင့် ယခင်ကထက်ပင် ပျော်ရွှင်ကြသေး၏။ ကိုရုံးမိုနှင့် ဆရာဇော်တို့ကျောင်းများလည်း ပိတ်လေပြီ။ ရှုန်ဟဲတရုတ်ဆိုင်၌ ကျွန်တော်တို့ လေးယောက်သား ညစာစားသောက်နေကြခိုက်တွင် ကိုကျင်က ကျောင်းပိတ်ရက်တွင် ပင်လယ်ကမ်းခြေမြို့ကလေးတစ်မြို့သို့ အလည်အပတ်ထွက်လျှင် ကောင်းလိမ့်မည်ဟု အကြံပေးလေသည်။ ကျွန်တော်တို့အားလုံး သဘောတူထောက်ခံကြ၏။ ဆရာဇော်ကား ကောင်းကြောင်းထောက်ခံ၏။ သို့သော်မလိုက်လို၊ အိမ်မှာပင် မီးဖိုနားတွင် ပန်းချီကားများကို ဆွဲနေလိုသည်ဟု ပြောလေသည်။ မည်သို့မျှခေါ်၍မရ။ ဆရာဇော်ကား ထွက်ပြီးသောဆင်စွယ် ဝင်တယ်မရှိသော လူစားဖြစ်သောကြောင့် ကျွန်တော်တို့ လက်လျှော့ကြရ၏။ ညစာ စားသောက်ပြီး၍ အိမ်ပြန်ရောက်သောအခါ ဟေးစတင်းမြို့[၁] ကလေးအနီးရှိ စိန်လီရိုနာဒ်[၂] ခေါ် ပင်လယ်ကမ်းခြေမြို့ကလေးသို့သွားရန် သဘောတူလိုက်ကြပြီးလျှင် အမျိုးမျိုးစီမံကြ၏။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၂ ရက်နေ့။ (၁. ၄. ၂၈)

---

**အလုပ်ချိန်နှင့်အပျော်အပါးချိန်။** နံနက်စာစားသောက်ပြီးနောက် နေအိမ်မှထွက်ခဲ့ကြပြီးလျှင် ကျွန်တော်တို့သွားမည့် မြို့ကလေးတွင် နေထိုင်ရန် နေရာများကို စီမံကြလေသည်။ ဤသို့စီမံရာတွင် ကိုကျင်က ခေါင်းဆောင်၊ ကျွန်တော်နှင့်ကိုရုံးမိုတို့က နောက်လိုက်များဖြစ်ကြ၏။ မသွားမီက နေရာထိုင်ခင်းများအတွက် မစီမံထားပါလျှင် နောင်ထိုမြို့ကလေးသို့ ရောက်သောအခါ နေရာထိုင်ခင်းမရမည်ကို စိုးရိမ်ရလေသည်။ ရုံးပိတ်၊ ကျောင်းပိတ်ရက်များတွင် ပင်လယ်ကမ်းခြေမြို့များသို့ အပျော်အပါး ထွက်ကြသည်မှာ အင်္ဂလန်တွင် လွန်စွာခေတ်စားနေ၏။ အင်္ဂလိပ်များသည် အလုပ်လုပ်သော ရက်များတွင် မခိုမကပ်ဘဲ ကြိုးစားကာလုပ်ကိုင်ကြပြီးလျှင် အားလပ်ခွင့်ရလျှင် မည်သည့်အရပ်သို့ အပျော်အပါး ထွက်ရမည်ကိုသာ ကြံစည်စိတ်ကူးနေကြသော

သူတို့တည်း။ အင်္ဂလိပ်နှင့်သစ်ကူး ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များတွင် မြန်မာပြည်၌ ကျိုက်ထီးရိုးသို့ ဘုရားသွားကြသည်နှင့် ခင်ဆင်ဆင်တူ၏။ မြန်မာပြည်တွင် အများအားဖြင့် ဘုရားကိုယိုးမယ်ဖွဲ့ ပျော်ပွဲထွက်ကြလေသည်။ အင်္ဂလန်တွင်ကား ပျော်ပွဲသက်သက်ထွက်ကြ၏။ ဤသည်သာလျှင် ခြားနားခြင်းပေတည်း။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့။ (၂. ၄. ၂၈)

**စိန်လီရိုနာဒ်သို့အသွား ။** နံနက်စာစားသောက်ပြီးနောက် ကိုကျင်၊ ကိုရုံးမိုတို့နှင့်အတူစိန်လီရိုနာဒ်သို့သွားမည့် မော်တော်ဘတ်ဆိုဒ် ထားရာသို့သွားကြလေသည်။ ကျွန်တော်တို့ရောက်၍ အတော်ကလေးကြာလျှင် လန်ဒန်မြို့မှ မော်တော်ဘတ်ထွက်ခဲ့သတည်း။ လန်ဒန်မြို့မှ ထွက်သွား၍ မကြာမီပင် သာယာသာတောင်ကုန်းကလေးများ၊ စိမ်းလန်းသောလွင်ပြင်များ၊ သန့်ရှင်းသောရွာကလေးများကို ဖြတ်ကျော်၍လာရာ အတော်ပင် ကြည်နူးပျော်ရွှင်ဖွယ် ကောင်းလေသည်။

ကျွန်တော်တို့ စီးလာသောမော်တော်ဘတ်ထဲတွင်ကျွန်တော်တို့သုံးယောက်အပြင်၊ အမယ်ကြီးနှစ်ယောက်၊ မိန်းကလေးသုံးယောက်၊ အရွယ်လတ်လတ် မိန်းမနှစ်ယောက်၊ ခပ်ငယ်ငယ် ယောကျ်ားနှစ်ယောက်၊ အသက် (၅၀) ခန့် ယောကျ်ားတစ်ယောက် ပါလာလေသည်။ သူတို့အနက်အများအားဖြင့် ဝတ်ပုံစားပုံ တောဆန်သောကြောင့် လမ်းတစ်လျှောက်ရှိ ရွာကလေးများ၌ ဆင်းမည့်သူများဟု ထင်မှတ်ရ၏။ သူတို့မှာ မြို့ကြီးသူမြို့ကြီးသားတို့ကဲ့သို့ဟန်ထုတ်ကာ သွားကြသူများမဟုတ်ချေ။ တစ်ယောက်နှင့်တစ်ယောက် အသိအကျွမ်း မဟုတ်ကြသော်လည်း မေးမြန်းစရာရှိလျှင်မေးမြန်း၊ ပြောကြားစရာရှိလျှင်ပြောကြားသွားကြ၏။ သူတို့နှင့်ခရီးသွားရသည်မှာ လွတ်လွတ်လပ်လပ်ရှိလေသည်။ မြို့ကြီးသူမြို့ကြီးသူတို့နှင့်အတူ ခရီးသွားရသောအခါ အိန္ဒြေလုပ်ရသည်နှင့်ပင် လွတ်လပ်ခြင်းမရှိပေ။

လန်ဒန်မြို့မှ အတော်ကလေး ဝေးလာသောအခါ တစ်ယောက်သောသူကလေချွန်၏။ ရှုမျှော်ခင်း၏ သာယာသောအရသာကို ခံစား၍လာသော မိန်းကလေးတစ်ယောက်က မအောင့်နိုင်ဘဲ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးဆိုလေသည်။ မြို့ကြီးသူ မြို့ကြီးသားတို့ကမူကား ရိုင်းသည်ဟူ၍ ဆိုကောင်းဆိုပေလိမ့်မည်။ မော်တော်ဘတ်ထဲတွင်ပါလာသော မြို့ကြီးသူနှင့်တူသည့် အမယ်ကြီး နှစ်ယောက်

မှာ ထိုမိန်းကလေးအားလည်းကောင်း၊ လေချွန်လာလေသာလုပ်လင်ပျိုအားလည်းကောင်း၊ မျက်စောင်းထိုးကာ၊ မေးငေါ့ကာနှင့်လုပ်လာကြလေသည်။ သို့သော်ထို မိန်းကလေးနှင့် လုလင်ပျိုတို့ကား မသိရှာကြပေ။ သိကြသော်လည်း ဂရုစိုက်မည် မထင်။ မည်သည့်တိုင်းပြည်မှာမဆို အိန္ဒြေလုပ်ကာဟန်ဆောင်လေ့ရှိသော မြို့ကြီးသူ မြို့ကြီးသားများ ရှိကြသကဲ့သို့ ဟန်လုပ်ခြင်းမရှိ၊ နဂိုအတိုင်းသွားလာ နေထိုင်ကြသည့် ကျေးတောသူ ကျေးတောသားတို့လည်း ရှိကြသတည်း။

**စိန်လီရိုနာဒ်။** မော်တော်ဘတ်စီးလာသူတို့မှာလမ်းတွင်ရှိသောရွာကလေး များ၌ တစ်ယောက်ပြီးလျှင်တစ်ယောက် ဆင်းသွားကြသဖြင့် စိန်လီရိုနာဒ် မြို့ကလေးသို့ရောက်ခါနီးသော် ကျွန်တော်တို့သုံးယောက်နှင့် မြို့ကြီးသူ ဟူ၍ထင်ရသော မိန်းမကြီး နှစ်ယောက်သာကျန်တော့၏။ အကြင်မိန်းမကြီး နှစ်ယောက်ကား ကျွန်တော်တို့ကဲ့သို့ စိန်လီရိုနာဒ် မြို့ကလေးသို့ လာကြဟန် တူလေသည်။

စိန်လီရိုနာဒ်မြို့ကလေးတွင် မော်တော်ဘတ်ဆိုက်သည်နှင့်တစ်ပြိုင်နက် တက်စီတစ်စီးကိုငှားပြီးလျှင် ကျွန်တော်တို့ အခန်းငှားထားရာ ဟိုတယ်သို့ ထွက်လာခဲ့ကြ၏။ ရောက်သောအခါ အခန့်သင့်ပြင်ထားသော အခန်းများ သို့ဝင်ကာ ပစ္စည်းများကို ရောချထားကြလေသည်။ နေ့စာစားသောက်သော အချိန်ကျော်လွန်ပြီ ဖြစ်သောကြောင့် သုံးယောက်သား အခန်းတစ်ခန်းတွင် စကား ပြောရင်း ညနေလက်ဖက်ရည်သောက်ချိန်ကိုသာလျှင် စောင့်စားနေကြ၏။ ကျွန်တော်တို့ရသော အခန်းများမှာ (၃) ထပ်ပေါ်ရှိ အခန်းများ ဖြစ်ကြလေသည်။ ထိုအခန်းများမှကြည့်လိုက်လျှင် ပင်လယ်ကို အတိုင်းသားမြင်နေရ၏။ ပင်လယ် အတွင်း လှိုင်းတံပိုးတို့မှာလည်း စားမယောင်၊ ဝါးမယောင် ဆူညံ၍နေကြလေ တော့သည်။ ကျွန်တော်တို့ကား ထိုအခန်းမှနေ၍ ပင်လယ်ဘက်သို့မျှော်ကြည့်ကာ မြန်မာပြည်ကို လွမ်းဆွတ်လျက် နေကြသတည်း။

ဤသို့စကားပြောလိုက်၊ ပင်လယ်ကြီးကို မျှော်ကြည့်လိုက်နှင့် လုပ်နေကြ ရင်းပင် လက်ဖက်ရည်သောက်ချိန်သို့ရောက်သဖြင့် အောက်ဆုံးထပ် လက်ဖက် ရည်သောက်ရာအခန်းတွင် လက်ဖက်ရည်ဆင်း၍သောက်ကြလေသည်။ ထိုအခန်း တွင် ထိုက်မိကြသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့နှင့် မနီးမဝေးစားပွဲ၌ ကျွန်တော် တို့နှင့် အတူမော်တော်ဘတ်ထဲတွင် ပါလာကြသော မိန်းမကြီးနှစ်ယောက်တို့ကို မြင်ရ၏။ သူတို့ကလည်း ကျွန်တော်တို့ကို မှတ်မိ၊ ကျွန်တော်တို့ကလည်း သူတို့ကို မှတ်မိကြလေသည်။ သို့ရာတွင် မြို့ကြီးသူ မြို့ကြီးသားပီသစွာ နှုတ်ဆက်ခြင်း၊ စကားပြောခြင်းတို့ကို မလုပ်ကြဘဲ အိန္ဒြေသိက္ခာကြီးမားစွာနှင့် မသိလိုက် မသိဘာသာ လက်ဖက်ရည်သောက်နေကြကုန်၏။

လက်ဖက်ရည်သောက်ပြီးကြလျှင် ကမ်းနားလမ်းကို လျှောက်ကြ၏။

ကျွန်တော်တို့ကဲ့သို့ လမ်းလျှောက်နေကြသူတို့လည်း အမြောက်အမြားပင်။ လမ်းဘေးရှိကုလားထိုင်၊ ခုံရှည်ကလေးများပေါ်တွင်ထိုက်ကာပင်လယ်လေကိုရှူရှိုက်နေသူတို့လည်းမနည်းပြီ။ ပင်လယ်စပ်တွင် ပျော်ပါးစွာရေကူးနေသူတို့လည်း အနန္တ။

ဤသို့ ကျွန်တော်တို့သုံးယောက်သား လမ်းလျှောက်၍သွားကြသောအခါ ယောကျ်ားမိန်းမ၊ လူကြီးလူငယ် အားလုံးပင် ကျွန်တော်တို့အား လူထူး လူဆန်းများ အလားစိုက်၍ ကြည့်ကြသည်သာ များလေသည်။ ကျွန်တော်နှင့် ကိုရိုးမိုတို့မှာ အနေခက်ရုံမျှမက မခံချင်ဖြစ်ပြီး ဒေါသပင်ထွက်မိကြ၏။ ကိုကျင်ကား အနည်းငယ်မျှ အမှုမထားပေ။ လန်ဒန်နှင့်အောက်စ်ဖို့ဒ်တို့တွင် နိုင်ငံခြားသားတို့၏ မျက်နှာမှာရှိးနေပြီဖြစ်သောကြောင့် ဤသို့စိုက်ကြည့်ခြင်းကိုမခံကြရပေ။ ပင်လယ်ကမ်းခြေ မြို့များတွင်မူကား နိုင်ငံခြားသားမျက်နှာမဲများကို မမြင်ဖူးကြသောကြောင့် အထူးအဆန်းလုပ်ကာ စိုက်ကြည့်ကြခြင်း ဖြစ်လေသည်။ စိုက်ကြည့်သူတို့မှာ အရေးမကြီးကြသော်လည်း စိုက်ကြည့်ခြင်းကို ခံရသော သူတို့ကား အခံရခက်လှ၏။

ပင်လယ်ကမ်းနားတွင်တစ်ခေါက်နှစ်ခေါက်မျှ လမ်းလျှောက်ကြပြီးနောက် ကျွန်တော်တို့တည်းသော ဟိုတယ်သို့ ပြန်လာခဲ့ကြ၏။ ပြန်ရောက်သောအခါ ညစာစားချိန်နီးပြီဖြစ်သောကြောင့် ရေမိုးချိုး၊ အဝတ်အစားလဲကြပြီးလျှင် ညစာစားသောအခန်းသို့ ဆင်းခဲ့ကြလေသည်။ ညစာစားပြီးလျှင် အပြင်အပသို့ မထွက်ကြတော့ပြီ။ နေ့ခင်းကခရီးပန်းလာသောကြောင့် စောစောပင်အိပ်ရာဝင်ကြလေသည်။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့။ (၃. ၄. ၂၈)

---

**ဒွိယံ-ဒွိယံ၊ စုံတွဲ-စုံတွဲ။** နံနက်စာစားသောက်ပြီးနောက် မြို့၏အစွန်းဖြစ်သောပင်လယ်ကမ်းပါးကြီးပေါ်သို့သွားကာ ဓာတ်ပုံရိုက်ကြ၊ ပြေးလွှားကစားကြ၊ သီချင်းဆိုကြနှင့် ပျော်ရွှင်နေကြလေတော့သည်။ ပင်လယ်ကမ်း ပါးကြီးများကား မြင့်စောက်လှပေ၏။ လှိုင်းတံပိုးကလည်းထ၊ လေကလည်းကြွသဖြင့် ထိုနေရာတစ်ဝိုက်တွင် ဆူညံ၍သာနေတော့သတည်း။

ဝင်းကျောက်ကမ်းပါးကြီးနှင့် ဆက်လျက်နေသော ကွင်းပြင်ထဲတွင်လည်းကောင်း၊ ကျောက်ဆောင်များပေါ်တွင်လည်းကောင်း၊ ကမ်းပါကြီးအောက်

သောင် ပြင်တွင်လည်းကောင်း၊ ဒွိယံ-ဒွိယံ၊ စုံတွဲ-စုံတွဲ စကားပြောနေကြသော အပျို၊ လူပျို၊ ယောကျ်ား မိန်းမ အမြောက်အမြားတို့ကို မြင်ရလေသည်။ ပျော်ပျော် ပါးပါး ပြေးလွှား နေသူများ သီချင်းဆိုနေသူများလည်း ရှိ၏။

နေ့စာ စားသောက်ချိန်ကျမှ ပြန်လာခဲ့ကြလေသည်။ နေ့စာ စားသောက် ပြီးလျှင် တရေးတမောအိပ်၊ (၄) နာရီထိုးသောအခါ လက်ဖက်ရည်ထသောက်ကြ၊ ထိုနောက် ယခင်နေ့ကကဲ့သို့ လမ်းထွက်လျှောက်ကြသေး၊ ယခင်နေ့ကကဲ့သို့ပင် စိုက်ကြည့်ခြင်းကို ခံကြရသေး၊ ယခင်နေ့ကကဲ့သို့ပင် ဒေါသထွက်မိကြသေး၏။

ညစာစားသောက်ပြီးလျှင် ပင်လယ်ရေပြင်ထဲတွင် ဆောက်လုပ်ထားသော ရုံးကြီးသို့ သွားရောက်ကြည့်ရှုကြလေသည်။ ၎င်းရုံးကြီးကား ပျော်ပွဲရုံကြီးဖြစ်၏။ ကမ်းခြေမှ ပေ (၃၀၀) ခန့်တွင် ဆောက်လုပ်ထားလေသည်။ ၎င်းရုံကြီးသို့သွားရန် တံတားကြီးကို ဆောက်လုပ်ထား၏။ ၎င်းရုံထဲတွင် ကပွဲများ၊ မျက်လှည့်ပွဲများကို ကျင်းပလေ့ရှိလေသည်။ ထိုရုံထဲသို့ဝင်ရန် အခပေးရ၏။ ကျွန်တော်တို့ သုံးယောက် စလုံးကလည်း အကလည်း မတတ်၊ အကလည်း ဝါသနာမပါသောကြောင့် ပိုက်ဆံ မဖြုန်းဘဲ ပြန်လာခဲ့ကြလေသည်။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်နေ့။ (၄. ၄. ၂၈)

---

**ဟေ့စတင်းစ်**[၁] ။ နံနက်စာ စားသောက်ပြီးလျှင် စိန်လီရိုနာဒ် နှင့် မနီးမဝေးရှိ ဟေ့စတင်းစ်မြို့ကလေးသို့ သွားကြလေသည်။ ထိုမြို့နှင့် ကပ်လျက် ဘတ္တယ်[၂] ခေါ် မြို့ကလေးသို့လည်း ရောက်ကြ၏။ ထိုမြို့ကလေးကား ဟေ့စတင်းစ်စစ်ပွဲကို တိုက်ခိုက်ရာမြို့ကလေးပေတည်း။ ရာဇဝင်တွင် အတော် ကျော် ကြားခဲ့၏။ ထိုစစ်ပွဲကို တိုက်ခိုက်ရာ နေရာကလေးသို့ သွားရောက်ကြည့်ရှုသော အခါ အင်္ဂလိပ်မိန်းကလေး ကျောင်းတစ်ကျောင်းကို ဖြတ်ကျော်၍ သွားရလေ သည်။ ၎င်းကျောင်းအနီးသို့ရောက်သောအခါ မိန်းကလေးကျောင်းသူများ စိုက်၍ကြည့်ကြပြီးလျှင် ပြုံးသူကပြုံး၊ လှောင်သူကလှောင်၊ နောက်သူကနောက်၊ ရယ်သူကရယ်နှင့် လုပ်ကြ၏။ သူတို့၏ မျက်စိထဲတွင် လူထူးလူဆန်းတွေဟု ထင်မှတ်ကြဟန် တူလေသည်။ ကျွန်တော် နှင့်ကိုရုံးမိုတို့မှာ ဒေါသလည်းထွက်၊ စိတ်လည်းပျက်ကြသဖြင့် ခြေလှမ်းများပင် မှားလုမတတ်ဖြစ်၍သွားကြလေသည်။

---

၁။ Hustings ၂။ Battle

ကိုကျင်းကား နကမွတိပင်။

ဧင်းဘတ္တယ်ခေါ် မြို့ကလေးမှပြန်၍လျှောက်လာကြရာ ကျွန်တော်တို့ တည်းနေသော ဟိုတယ်သို့ ညနေလက်ဖက်ရည်သောက်ချိန်ကျမှ ရောက်ကြလေသည်။ လက်ဖက်ရည်သောက်ပြီးနောက် မည်သည့်နေရာသို့မသွားဘဲ အခန်းထဲမှာပင် လှိုင်း တံပိုးတို့ကိုကြည့်ရင်း စကားပြောနေကြလသည်။ ညစာ စားသောက်ပြီးနောက်လည်း မည်သည့်နေရာသို့မသွား၊ နောက်တစ်နေ့တွင် အိစ်ဗေါန်း*ခေါ်ပင်လယ်ကမ်းခြေမြို့သို့သွားကြမည်ဖြစ်သောကြောင့် ပစ္စည်းများကို သိမ်းဆည်းနေကြ၏။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၁ ရက်နေ့။ (၅. ၄. ၂၈)

---

**အိစ်ဗောန်းမြို့ ။** နံနက်စာစားသောက်ပြီးနောက် ဟိုတယ်ခန်းများကို ရှင်းလင်းပေးကြလေသည်။ ထိုနောက် အိစ်ဗောန်းမြို့သို့ မော်တော်ဘတ်စ်ကာ ထွက်လာခဲ့ကြလေသည်။ ဧင်းမြို့ကား စိန်လီရိုနာဒ်မြို့ကလေးနှင့် များစွာမဝေးလှပေ။ အိစ်ဗောန်းမြို့တွင် ကျွန်တော်တို့ လန်ဒန်မှ ထွက်မလာမီက စီစဉ်ထားသောဟိုတယ်၌ သွားရောက်တည်းခိုကြလေသည်။

ဧင်းမြို့ကား ကျွန်တော်တို့ရောက်ခဲ့ပြီးသော စိန်လီရိုနာဒ် မြို့ကလေးထက် များစွာ မခြားနားလှပေ။ ဇီးဖြူးသီးတစ်လုံးနှင့်တစ်လုံး များစွာမကွဲပြားသကဲ့သို့တည်း။ မြို့အနေအထားလည်း အတူတူ၊ ပင်လယ်ကမ်းခြေလည်း အတူတူ၊ လမ်းများ၊ ဥယျာဉ်ကလေးများလည်း အတူတူဖြစ်ကြ၏။ အိစ်ဗောန်းမြို့က စိန်လီရိုနာဒ်မြို့ကလေးထက် ကြီးပြီးလျှင် အပျော်အပါးလာသူ လူဦးရေများ၊ ခုံရှည်ကလေးများကို ခင်ကျင်း၍ထား၏။ လမ်းတစ်လျှောက်လုံးတွင်လည်း ပန်းများကို စိုက်ပျိုး၍ထားသောကြောင့် ရှုချင်စဖွယ်တင့်တယ်လှပေသည်။ ဧင်းပန်းပင်ကလေးများအကြားရှိ ကုလားထိုင်၊ ခုံရှည်ကလေးများပေါ်တွင် ထိုင်ကာ ပင်လယ်ကမ်းခြေကို မျှော်၍ကြည့်လိုက်သောအခါ အတော်ပင် စိတ်ကြည်နူးဖွယ် ကောင်းလှပေ၏။

---

* Eastbourne

အဆိုပါ ခုံရှည်ကလေးများမှာ မြူနီစပယ်အဖွဲ့ကထားသော ခုံရှည်ကလေးများ ဖြစ်သောကြောင့် ၎င်းတို့အပေါ်တွင် မည်သူမဆို အခမဲ့ ဝင်ထိုင်နိုင်လေသည်။ ကုလား ထိုင်များကား းတစ်စုံတစ်ယောက်သောသူက လာ၍ထားသောကြောင့် မည်သူမဆို ၎င်းတို့အပေါ်တွင် သွား၍ထိုင်မိလျှင် ပိုက်ဆံပေးကြရ၏။ ပိုက်ဆံယူပုံ ယဉ်လှပေသည်။ အင်္ဂလန်ပြည်တွင် ပိုက်ဆံအမျိုးမျိုးယူကြ၏။ မည်သည့်အရာကိုမှ အလကားမရပေ။ ညနေခင်းတွင် ကမ်းနံဘေး၌ ဘင်ခရာတီးလေ့ရှိ၏။ ထိုဘင်ခရာတီးရာ ပတ်ဝန်းကျင်တွင် ကုလားထိုင်များ ဝိုင်း၍ထားလေသည်။ ဘင်ခရာတီးနေသည်ကို ရပ်၍နားထောင်လျှင် ပိုက်ဆံမပေးရ။ အကယ်၍ အနီးအနား ကုလားထိုင်များပေါ်တွင် သွားထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် မယောင်မလည်နှင့် ပိုက်ဆံကောက်ခံသူပေါက်၍လာတော့၏။ အလျှုအတန်းတွင် ဝါသနာထုံသော မြန်မာများစိတ်တွင်ကား ထူးဆန်း၍နေလေသည်။ ဓနလွှမ်းမိုးခြင်းခံနေကြရသော အင်္ဂလိပ်တို့၏စိတ်တွင်ကား အဘယ်မှာလျှင် ထူးဆန်းပါအံ့နည်း။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂ ရက်နေ့မှ ၆ ရက်နေ့။ (၆. ၄. ၂၈ မှ ၁၀. ၄. ၂၈)

---

**ရောက်ပါသော်လည်း ပျော်ပါဘဲ။** အိစ်ဗောန်းမြို့မှာပင် လေး ငါးရက် နေထိုင်ကြလေသည်။ အားလပ်ခွင့်ယူကာ အပျော် အပါးလာကြသော အင်္ဂလိပ်များမှာ ပျော်ပါးကြပေ၏။ ကျွန်တော်တို့ကား ကိုယ့်တိုင်းပြည်မဟုတ်သောကြောင့် မပျော်လှ။ သူတကာကဲ့သို့ ရေဆင်းကူးရမှာကတည်း အေးလွန်းလှသောကြောင့် မကူးဝံ့ကြချေ။ ပျော်ပျော်ရွှင်ရွှင် နေထိုင်ရန် ထွက်လာခဲ့ကြပါသော်လည်း မပျော်ရွှင်သည့်အပြင် ပျင်းပင်ပျင်းနေကြလေပြီ။ ထိုမြို့တွင် နေထိုင်သည့်အတွင်း နေ့တိုင်းလိုလိုပင် ကျွန်တော်တို့ သုံးယောက်သားမှာ နံနက်စာစားသောက်ပြီးလျှင် ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်ကာ ထွေရာလေးပါး စကားပြောကြ၊ အင်္ဂလိပ်များ စုံတွဲ ချစ်တင်းဆိုနေသည်ကို အားကျကြ၊ ရှုမျှော်ခင်းကောင်းသောနေရာကလေးများကို ဓာတ်ပုံရိုက်ယူကြသည်နှင့်ပင် အချိန်ကုန်လွန်လေသတည်း။ အင်္ဂလိပ်များကဲ့သို့ အားရပါးရ ပျော်ပျော်ပါးပါး မနေထိုင်ခဲ့သော်လည်း ပင်လယ်ကမ်းခြေမြို့များသို့သွားကာ အင်္ဂလိပ်များ မည်သို့ ပျော်ပါးစွာ နေထိုင်ကြသည်ကိုကား သိခဲ့ရလေသည်။ ဗဟုသုတတစ်မျိုးပင်။

နှောင်းတန်ခူးလဆုတ် (၆) ရက်နေ့ (၁၀. ၄.၂၈) နံနက်စာ စားသောက်ပြီးနောက် မော်တော်ဘတ်စ်ကား လန်ဒန်သို့ပြန်လာခဲ့ကြလေသတည်း။

## ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၉ ရက်နေ့။ (၁၃. ၄. ၂၈)

**လန်ဒန်သင်္ကြန်။** သင်္ကြန်အကျနေ့တွင် မော်လမြိုင်၊ စစ်တွေမြို့တို့တွင် ပျော်ပျော်ပါးပါး အကြီးအကျယ် ရေကစားနေကြပေလိမ့်မည်။ အခြားမြို့များတွင်လည်း လုလင်ပျို၊ လုံမပျိုတို့သည် တစ်ယောက်ကို တစ်ယောက် ရေပက်ကာပျော်ပါးနေကြပေလိမ့်မည်။ ရက်ကြီးခါကြီးအတွင်း ဥပုသ်ဇရပ်သို့ထွက်ကာ ဥပုသ်ဆောက်တည်နေကြပေလိမ့်မည် စသည်ဖြင့် ညောင်ရေသွန်းပွဲတော်ကို လက်ဝဲသုန္ဒြအမတ်ကြီး တမ်းတဘိသကဲ့သို့ ကျွန်တော်တို့လည်း တမ်းတမိကြလေသည်။ "ပွဲခါညောင်ရေ" ရတုကိုပင် ရွတ်ဆိုမိ၏။

အင်္ဂလန်သို့ရောက်နေကြသော မြန်မာကျောင်းသားအပေါင်းတို့ကား အေးသောတိုင်းပြည်တွင် ဖြစ်သောကြောင့် တစ်ယောက်အားတစ်ယောက် ရေလောင်းတမ်း၊ ရေပက်တမ်း ကစား၍ မဖြစ်ပေ။ အကယ်၍ ဤသို့ ရေပက်တမ်း၊ ရေလောင်းတမ်းကစား၍ဖြစ်စေကာမူ ယောက်ျားအချင်းချင်း ရေကစား၍ စည်းစိမ်မရှိလှ။ အင်္ဂလိပ် မိန်းကလေးတို့အား ရေသွားလောင်းရမှာကလည်း အမှုရောက်ပေလိမ့်မည်။ အမှုမရောက်မီပင် အရှူးဟူ၍ အထင်ခံရမည်။ သင်္ကြန်အခါတွင် မြန်မာပြည်ကို လွမ်းဆွတ်ခြင်း၊ ယခင်နှစ်များက ပျော်ပျော်ပါးပါး ရေကစားခဲ့ခြင်းများကို ပြန်လည်စဉ်းစားခြင်းဖြင့်သာ စိတ်ကိုဖြေရ၏။

မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများထံသို့ နှစ်ဟောင်းကုန်လွန်၍ နှစ်သစ်ကူးပြောင်းသောအခါတွင် ကျန်းမာချမ်းသာကြပါစေဟူသော စာများကိုရေး၍ ထည့်ကြလေသည်။ အချို့မှာ ကဗျာ၊ လင်္ကာကလေးများကိုစပ်ကာ မြန်မာပြည်နေ မိတ်ဆွေများထံသို့ ပို့ကြ၏။ အချို့ကလည်း မြန်မာထမင်း၊ မြန်မာဟင်းများကို ကိုယ်တိုင်ချက်ပြုတ်ကာ မိတ်ဆွေတို့အား ဖိတ်ကျွေးကြ၏။ အချို့ကမူ ပျော်ပွဲစားထွက်ကြ၏။ ကျွန်တော်တို့ လူစုကား မီးနားတွင်ထိုင်ကာ မြန်မာပြည်တုန်းက သင်္ကြန်အခါတွင် ပျော်ပါးခဲ့သည့် အကြောင်းများကို ပြန်ပြောင်းကာ စဉ်းစား၍ နေကြကုန်၏။ ဤသို့ စကားကောင်း၍ ခပ်ညောင်းညောင်းရှိလာကြသောအခါ ရှန်ဟဲ တရုတ်ဆိုင်သို့ ပြေးကြပြီးလျှင် ခေါက်ဆွဲ၊ ထမင်းကြော်တို့ကို ဝယ်စားကြကုန်၏။

**၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၁၄ ရက်နေ့မှ ကဆုန်လဆန်း ၈ ရက်နေ့။ (၁၈. ၄. ၂၈ မှ ၂၆. ၄. ၂၈)**

---

**ပန်းချီပညာ။** ကျောင်းဖွင့်ရန် (၁၀) ရက်ခန့် ကျန်သေးသည် ဖြစ်သော်လည်းအေးအေးဆေးဆေး စာကျက်ရန်အလို့ငှာ ကိုကျင်တစ်ယောက်တည်း အောက်စ်ဖို့ဒ်သို့ ပြန်သွားပြီ ဖြစ်သောကြောင့် ကျွန်တော်တို့သုံးယောက်မှာ ပျင်း၍ကျန်ရစ်ခဲ့ကြလေသည်။ ကိုကျင်ပြန်သွားပြီးနောက် ကျွန်တော်တို့မှာ စာဖတ်သည့်အခါဖတ်၊ စကားများသည့်အခါများ၊ ရုပ်ရှင်သွားသည့်အခါသွားနှင့်သာလျှင်နေ၏။

နံနက် (၉) နာရီ (၁၀) နာရီထိုးမှ အိပ်ရာထပြီးလျှင် နံနက်စာစားသောက်လေ့ရှိကြလေသည်။ နံနက်စာစားသောက်ပြီးကြလျှင် မီးနားမှမခွာဘဲ စာဖတ်သည့်အခါဖတ်၊ စကားကောင်းသည့်အခါကောင်းနေကြ၏။ ဤသို့ စကားကောင်းသည့်အခါများတွင် ကျွန်တော်ကဆရာဇော်အား ပန်းချီပညာအကြောင်းကို မေးမြန်းလေ့ရှိလေသည်။ ဆရာဇော်လည်း စိတ်ရှည်လက်ရှည် ပြောပြရှာ၏။ ပန်းချီပညာအကြောင်း ရေးသားထားသော စာအုပ်များကိုလည်း အဖတ်ခိုင်းလေသည်။ ကိုရုံးမိုးကား စက် အတတ်သင်ကြားနေသည်များကိုသာ လေ့လာခဲ့သည်တစ်ကြောင်းတို့ကြောင့် ပန်းချီပညာကိုလည်းကောင်း၊ ကဗျာလင်္ကာများကိုလည်းကောင်း ဝါသနာမပါ၊ အရေးမလုပ်ပေ။ ကျွန်တော်က လင်္ကာကဗျာကိုဝါသနာပါ၊ ဆရာဇော်ကပန်းချီပညာကိုဝါသနာပါသူများဖြစ်သောကြောင့် လေပေးအလွန်ဖြောင့်နေကြလေတော့သည်။ ပန်းချီပညာနှင့် ကဗျာလင်္ကာပညာတို့ကား ညီအစ်ကိုတော်စပ်သောကြောင့်တည်း။

ဤသို့ကျွန်တော်တို့နှစ်ယောက် ပန်းချီပညာ၊ လင်္ကာကဗျာများအကြောင်းများကို ဆွေးနွေးနေကြသောအခါတွင် ကိုရုံးမိုးကား ပြင်သစ်စာအုပ်တစ်အုပ်ကိုဖတ်ရင်း ပြင်သစ်စာပေ လေ့လာနေလေသည်။ ကျွန်တော်တို့၏အိမ်ရှင်မှာပြင်သစ်အမယ်ကြီးဖြစ်သောကြောင့် ကိုရုံးမိုးနှင့် အတော်လေပေးဖြောင့်နေကြ၏။ ကိုရုံးမိုက ပြင်သစ်စကားပြော၊ ပြင်သစ်စာဖတ်သည်ကို ကျွန်တော်တို့နှစ်ယောက်ကနားငြီး၊ ကျွန်တော်တို့နှစ်ယောက်ပန်းချီပညာအကြောင်း၊ လင်္ကာကဗျာအကြောင်းများကို ပြောကြားနေကြသောအခါ သူကနားငြီးနှင့် နေကြလေတော့သည်။ ဤသို့ဝါသနာချင်း မတူကြသောသူများ အတူတကွနေထိုင်ကာ ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်စွာရှိနေကြသည်မှာ အတော်ပင်ထူးဆန်းလေသည်။

မီးနားတွင်ထိုင်ကာ စကားပြောနေကြ၍ နေ့ခင်းနာရီပြန်တစ်ချက်နှစ်ချက်တီးသောအခါ အဝတ်အစားများလဲကြပြီးလျှင် တရုတ်ဆိုင်သွားကာ နေ့စာ

စားသောက်လေ့ရှိကြ၏။ နေ့စာ စားသောက်ကြပြီးနောက် လန်ဒန်မြို့တွင်းရှိ ပန်းချီပြတိုက်ကြီးများသို့ သွားရောက်ကာလှည့်လည်ကြည့်ရှုကြလေသည်။ ကိုရုံးမိုး ကား အားနာသောကြောင့်သာ ကျွန်တော်တို့နှင့်လိုက်လာခဲ့သောလည်း စိတ် ကားများစွာမပါလှပေ။ ပန်းချီပြတိုက်များသို့ရောက်သောအခါ ဆရာဇော်က ပန်းချီကားကောင်းနှင့် ကားညံ့များကို နှိုင်းယှဉ်၍ပြပြီးလျှင် ကားတစ်ကားက အခြားကားထက်အဘယ်ကြောင့်သာကြောင်းများကို စိတ်ရှည်လက်ရှည် ပြောပြ လေ့ရှိ၏။ ကိုရုံးမိုးအားနာ၍ နားထောင်သော်လည်း စိတ်ထဲတွင်ကား အလကားအရာတွေဘဲဟု ထင်မှတ်နေပုံရလေသည်။

ပန်းချီကားပြတိုက်ကြီးများတွင်ပန်းချီးကားများကို လျှောက်ကြည့်နေကြ သည်နှင့်ပင် တစ်နေ့လုံး အချိန်ကုန်၏။ ပန်းချီကား ပြတိုက်မှ ထွက်လာကြပြီးလျှင် တရုတ်ဆိုင်တွင် ညစာသွားစားသည့်အခါ သွားစား၊ အင်္ဂလိပ်ဆိုင်များတွင် သွားစား သည့်အခါ သွားစား၊ အီတယ်လီယန်ဆိုင်များတွင်သွားစားလေ့ရှိကြလေသည်။ ညစာ စားသောက်ကြပြီးနောက် ကိုရုံးမိုနှင့် ရုပ်ရှင်ရုံသို့သွားကြပြန်လေသည်။ ရုပ်ရှင်သို့မသွားသောအခါများတွင် ဟိုက်ပတ်စကားပြောပွဲများသို့ သွားကြ၏။ သို့နှင့် ကျောင်းဖွင့်သောနေ့သို့ ရောက်၍လာလေသတည်း။

## အခန်း (၇)

## တတိယပိုင်း

**၁၂၉၀ ခုနှစ်၊ ကဆုန်လဆန် ၉ ရက်နေ့။**
**(၂၇. ၄. ၂၈)**

---

**ကျောင်းတော်ပြန် ။** လန်ဒန်မြို့မှ နံနက် (၁၁) နာရီ ရထားနှင့်ထွက်ခဲ့ရာ နေ့ခင်းတွင် ကျောင်းသို့ပြန်ရောက်လေတော့၏။ ယခင်ကျောင်း ပြန်ဖွင့်စဉ် အခါကကဲ့သို့ အိမ်ပြောင်းရွှေ့ရခြင်းကိုလည်း မလုပ်ရ။ ကျောင်းအတွင်း အခန်းရှာရသောကြောင့် ကြောင်တောင်တောင်လည်းမဖြစ်။ အခန့်သား ကျွန်တော်၏ အခန်းသို့ သွားလေသည်။ အခန်းထဲတွင် ပစ္စည်းများကို နေရာချနေခိုက် ကိုကျင်ရောက်လာ၍ ကိုကျင်နှင့်အတူတူပင် အားရပါးရ စကား ပြောနေကြပြီးနောက် ကိုကျင်၏အခန်းသို့လိုက်သွား၏။ ကိုရွှေဘော်ကားမရောက် သေး။ ညရထားနှင့်မှမရောက်မည်ဟုသိရလေသည်။

ညစာစားသောက်ပြီးနောက် မိုးနှင့်ဂရိုဗ်စ်တို့၏ အခန်းများသို့သွားလေသည်။ ကျောင်းပိတ်ရက်အတွင်း တွေ့ကြုံခဲ့ရပုံ အကြောင်းများ၊ အလည်အပတ်ထွက် သည့် အကြောင်းများကို ပြောကြ၏။ ကျွန်တော်တို့၏ မိတ်ဆွေ ဘီ. ဘီ. ဆင်းဂ် လည်းရောက်လာလေသည်။ ည(၁၁) နာရီကျော်မှ အသီးသီး ပြန်ခဲ့ကြ၏။

**၁၂၉၀ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်နေ့။**
**(၃. ၅. ၂၈)**

---

**နွေဦးပေါက်သော် ။** အင်္ဂလန်ပြည်တွင် ဆောင်းဥတုအခါ၌ စိတ်ပျက်စရာ၊ စိတ်ညစ်စရာကောင်းသလောက် နွေဦးပေါင်လာသော အခါ ပျော်စရာကောင်းလှပေသည်။ ကောင်းကင်ပြင်တွင် မြူခိုးများ၊ နှင်းများ

---

* Third Term.

ကင်းစင်သောကြောင့် နေ၏အလင်းရောင်မှာ ကောင်းစွာတောက်ပြောင်လေပြီ၊ (၆)လ၊ (၇)လပတ်လုံး နေ၏အလင်းရောင်ကို ကောင်းစွာမရဘဲ အလွန်ချမ်းအေး ခြင်းဘေးကို ကြုံတွေ့ကြရသူအပေါင်းတို့မှာ မြူနှင်းကင်းစင်သော နေ၏ အလင်း ရောင်ကို တွေ့မြင်ကြသောအခါ များစွာဝမ်းမြောက်ကြလေ၏။ နံနက်၊ နေ့ခင်း၊ ညနေမရွေးသစ်လွင်သော အဝတ်အစားတို့ကို ဝတ်စားကြပြီးလျှင် ကွင်းပြင်၊ မြင်ခင်း၊ ဥယျာဉ်များအတွင်း သို့ထွက်ကာလမ်းလျှောက်လေ့ရှိ၏။ (၆) လ၊ (၇) လပတ်လုံးအိမ်တွင်ကုပ်ကာ မီးနားတွင်သာထိုင်နေကြသော သူတို့မှာနေ၏ အလင်းရောင်ကို ခံစားကြရသောအခါ အဘယ်မှာလျှင် မပျော်ရွှင်ဘဲ နေကြအံ့ နည်း။ ကမ္ဘာဦးသူများ နေနှင့်လတို့ကို တွေ့မြင်ကြရသောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြသည်မှာ ဤသို့ပင်ဖြစ်မည်လောဟုတွေးတောမိလေသည်။ အချို့ မှာ ဝမ်းမြောက်ကြလှသောကြောင့်လားမသိ၊ နေပူကျဲကျဲ ကွင်းပြင်ထဲတွင် တစ်နေ့လုံး နေပူစာလှုံနေလေ့ရှိကြ၏။ (၆) လပတ်လုံး သပိတ်မှောက်နိုင်ကြလေပြီ။ ကျွန်တော် တို့၏ကျောင်းအခန်းများတွင်လည်း မီးမဖိုကြတော့ပြီ။ ကျောက်မီးသွေးဖိုးအတော် ပင်သက်သာ၏။

**ငှက်အပေါင်းတို့၏မြည်သံ သောင်းသောင်းညံ။** လူများသာ ပျော်ရွှင်ကြသည်မဟုတ်။ ငှက်များလည်း ပျော်ရွှင်ကသည်ပင်။ နံနက်ခင်း၊ နေ့ခင်း၊ ညနေခင်းမရွေး၊ ငှက်ကလေးများ ကြွေး ကြော်မြည်တမ်းနေကြသည်ကို ကြားရသော သူအပေါင်းမှာ ကြည်နူး နှစ်သက်၍ မဆုံးတော့ပြီ။ နေ့တာမှာလည်း အတော်ရှည်၍လာပြီဖြစ်သောကြောင့် နံနက်(၄) နာရီထိုးလျှင် ငှက်များ၏ ကြွေးကြော်သံကို အိပ်ရာထဲမှနေ၍ကြားရ၏။ ည(၈)နာရီ၊ (၉)နာရီတိုင်အောင်ပင် အလင်းရောင်မပျက်သေးပေ။ ဆောင်းတွင်း အခါတုန်းက နံနက်(၈)နာရီတွင် မိုးလင်း၊ ညနေ (၄)နာရီတွင် မိုးချုပ်သည်ကို ကြုံခဲ့ရသောကျွန်တော်တို့မှာ အထူးဝမ်းမြောက်အံ့သြ၍ နေကြလေတော့သတည်း။

**သစ်ပင်များ။** အသက်ရှိသော ငှက်များသာ မဟုတ်၊ အသက်မရှိသောသစ်ပင် ပန်းပင်တို့သည်လည်းပျော်ရွှင်နေကြသည်ကို မြင်ရလေ သည်။ ဆောင်းတွင်းအခါ မီးလောင်သစ်ပင်များကဲ့သို့ မဲခြောက်လျက်နေသော သစ်ပင်အပေါင်းမှာ စိမ်းလန်းသော အရွက်များကိုဆောင်ကာ လွန်စွာမှပင် တင့်တယ်ကြပေ၏။ မြက်ခင်းများအတွင်း အလေ့ကျပေါက်နေကြသော ဒေစီ* ခေါ်ပန်းပင်ကလေးတို့မှာပွင့်လျက်နေကြပြီ။ စိမ်းလဲ့လဲ့ မြက်ခင်းများအကြား တွင် ပန်းပွင့်ဝါဝါကလေးများပွင့်နေကြသည်မှာ ပန်းမွေ့ရာခင်းထားသည်နှင့်

---

* Daisy

တူလှပတော့သည်။ တမင်သက်သက်ပြုစု စိုက်ပျိုးထားသော ပန်းပင်တို့မှာလည်း အချို့ပွင့်ကြကုန်၏။ အချို့ငုံကြကုန်၏။ အချို့ ဖူးကြကုန်၏။ ဤသို့ သာယာသော အခြင်းအရာကို တွေ့မြင်ကြရသောသူတိုင်းပင် ပျော်ရွှင်ကြမည်ကား မလွဲတည်း။

**မြစ်ကလေးများ။** အောက်စ်ဖို့ဒ် ပတ်ဝန်းကျင်တွင် စီးဆင်းလျက် နေကြကုန်သောအိုက်ဆစ်နှင့်ချာဝယ် မြစ်ကလေးတို့မှာလည်း သာယာဖြည်းညှင်းစွာ စီးဆင်းလျက်နေကြလေသည်။ ၎င်းတို့မှာမြစ်ဟူသော အမည်များကိုယူထားကြသော်လည်း မြန်မာပြည်ရှိ စမ်းကလေးများ၊ ချောင်းကလေးများမျှသာရှိကြ၏။ နံနက်စောစောတွင် ကျောင်းမှထွက်ပြီးလျှင် ခရိုက်ချ်ပ်မြက်ခင်းကြီးကိုပတ်ကာ ၎င်းမြစ်ကလေးများဘေးတွင် လမ်းလျှောက်၍သွားသောအခါ လွန်စွာမှပင် ကြည်နူးရွှင်လန်းခြင်းဖြစ်၏။ ကျွန်တော်ကဲ့သို့ နံနက်ခင်း၏ သာယာခြင်း အရသာကို ခံစားရန်လာကြသော ကျောင်းသားများ၊ အရပ်သားများလည်း မနည်းပြီ။ ဤသို့ သာယာသောမြက်ခင်းကြီးကိုပတ်၍ လျှမ်းလျှောက်နေခိုက် မြန်မာပြည်ကိုလည်း ကောင်း၊ မိမိနေရပ်ကိုလည်းကောင်း၊ မိဘဆွေမျိုးများမှစ၍ ချစ်ခင်သောမိတ်ဆွေတို့ကိုလည်းကောင်း လွမ်းဆွတ်တမ်းတမိလေသည်။ ဤနေရာ၊ ဤနေ့အခါသည် မြန်မာပြည်တွင်ဖြစ်က ကောင်းလေစွဟု တောင့်တမိ၏။ စိတ်ညစ်ရသောအခါ၌ လည်းကောင်း၊ ဝမ်းမြောက်ပျော်ရွှင်စရာတို့နှင့် ကြုံတွေ့ရသောအခါတွင်လည်းကောင်း မိမိ၏ နေရပ်၊ မိမိ၏ ချစ်ခင်သူတို့အား လွမ်းဆွတ်တမ်းတမိခြင်းသည် လူတို့၏ ဓမ္မတာပင်တကား ဟူ၍လည်း တစ်ယောက်တည်း စဉ်းစားမိ၏။

လန်ဒန်မြို့တွင်းမှာ အိမ်ခြေထူထပ်သောကြောင့် သစ်ပင် ပန်းပင်များ၊ ကျေးငှက်များကို တွေ့မြင်ခဲ၏။ အောက်စ်ဖို့ဒ်ကား တောမြို့ကလေးဖြစ်သောကြောင့် သစ်ပင်၊ ကျေးငှက်များ ပေါများလေသည်။ သို့ဖြစ်သောကြောင့် နွေဦးပေါက်စအခါတွင် အောက်စ်ဖို့ဒ်က လန်ဒန်ထက်ပို၍ သာယာသည်ဟု မှတ်ထင်ရပေသည်။

**၁၂၉၀ ခုနှစ်၊ ကဆုန်လဆုတ် ၄ ရက်နေ့။**
**(၇. ၅. ၂၈)**

---

**လှေငှားရန် ။** နံနက် (၁၀) နာရီတွင် အတန်းတက်မည်ဟု အိန္ဒိယကျောင်းဆောင်သို့အသွားကျောင်းအဝင်ဝ တောမ်မျှော်စင်ကြီး[၁] အောက်တွင် ဂရိုဗ်စ်နှင့်တွေ့လေသည်။ သူလည်းဗေလီရယ်[၂] ကျောင်းတိုက်တွင် အတန်းတက်ရန်သွားမည်ဖြစ်သောကြောင့် နှစ်ယောက်သား ကောန်မက္ကက်လမ်း[၃] အတိုင်းလျှောက်၍လာကြ၏။ လမ်းထဲတွင် ဂရိုဗ်စ်ကပန့်[၄] ခေါ်လှေကလေး တစ်စင်းကို သူ၊ ကျွန်တော်နှင့်မိုးတို့ သုံးယောက်စုပြီးငှားလျှင် တစ်ယောက် တစ်ပေါင် (ရွှေဒင်္ဂါး တစ်ပြားစ) ခန့်ကျမည်ဖြစ်ကြောင်း၊ အကယ်၍ ကိုယ်ပိုင်ငှားထားသောပန့်မရှိလျှင် နောင်မြစ်ကလေးတစ်လျှောက်တွင် ပန့်စီးချင်သောအခါ ငှား၍ရမည်မဟုတ်ကြောင်းကို ပြောပြလေသည်။ ၎င်းအစုစပ်တွင် ကျွန်တော်လည်းပါဝင်ရန် သဘောတူလိုက်၏။

နေ့စာစားသောက်နေခိုက် မိုးနှင့် ဂရိုဗ်စ်တို့ ကျွန်တော်၏အခန်းသို့ ပေါက်လာကြလေသည်။ ကျွန်တော် နေ့စာစားသောက်ပြီးလျှင် သူတို့နှင့်အတူ ကျောင်းနှင့်မနီးမဝေး ဖော်လီဗရစ်(ဂျ်)[၅] ခေါ်တံတားသို့ လိုက်သွားလသည်။ ၎င်းတံတား နှင့်ကပ်လျက် တည်ထားသည့် လှေလုပ်၊ လှေငှားသော ကုမ္ပဏီများတွင် ပန့်ခေါ်လှေပြားလေး များ၊ ကနူး[၆]ခေါ်လှေကလေးများ ကိုငှားနိုင်လေသည်။ ပထမ ကုမ္ပဏီ တွင်သွားငှားသောအခါ ငှားရမ်လှေတစ်စင်းမျှမရှိ၊ အားလုံးကိုပင် ငှားလိုက်ပြီဟု ပြောသောကြောင့် ဒုတိယကုမ္ပဏီသို့ သွားကြလေသည်။ ၎င်းကုမ္ပဏီတွင် ပန့်များမရှိ ကနူးများသာရှိသဖြင့် တတိယကုမ္ပဏီကျမှ ပန့်တစ်စင်းကို (၂) လအတွက် (၂) ပေါင်ခွဲ (ရွှေဒင်္ဂါး နှစ်ပြားခွဲ) ပေး၍ ငှားခဲ့ကြလေသည်။ ၎င်းပန့်ကလေးကို ကျွန်တော်တို့ (၃) ယောက်သား ပိုင်ဆိုင်ခွင့်ရကြလေပြီ၊ ၎င်းအားမည်သည့်အချိန်မဆို အသုံးပြုနိုင်ပြီ။ အောက်စ်ဖို့ဒ်၌ လှေငှားစားသူတို့ပင်များစွာ စီးပွားလမ်းဖြောင့်ပါကလားဟု တွေးတောမိ၏။ ကျွန်တော်တို့၏ လှေကလေးကို ထိုကုမ္ပဏီမှာပင် ပြန်၍အပ်ထားခဲ့ကြပြီးလျှင် ကျောင်းသို့ပြန်လာခဲ့ကြလေသတည်း။

---

၁။ Tom Tower
၂။ Balliol College
၃။ Corn-Market Street
၄။ Punt
၅။ Folly Bridge
၆။ Canoe

## ၁၂၉၀ ခုနှစ်၊ ကဆုန်လဆုတ် (၇) ရက်နေ့။ (၁၀. ၀၅. ၂၈)

---

**ကြည်နူးဖွယ်။** နေ့ခင်းက တိုင်ပင်ထားသည့်အတိုင်း ညစာစားပြီးနောက် ၇နာရီခွဲ၊ ၈နာရီခန့်အချိန်တွင် ဂရိုဗ်စ်၊ မိုး၊ ဘီ. ဘီ. ဆင်းဂ် နှင့်ကျွန်တော်တို့လေးယောက်သား အိုက်ဆစ်မြစ်ဖျားသို့ ပန့်လှေကလေးနှင့် ထွက်လာခဲ့ကြသည်။ ထိုအချိန်မှာ၈နာရီခန့်ရှိပြီဖြစ်သော်လည်း အလင်းရောင်မပျောက် သေးပေ။ နွေကာလတွင် အင်္ဂလန္တ် ၁၀ နာရီ၊ ၁၁ နာရီတိုင်အောင်ပင်အလင်းရောင် ရှိနေသေး၏။

ကျွန်တော်တို့စီးလာကြသောပန့်လှေကလေးမျိုးကိုတက်ဖြင့်လှော်ခတ်လှေ့ မရှိကြ၊ ထိုးဝါးဖြင့်ထိုးလေးရှိကြလေသည်။ ၎င်းထိုးဝါးနှင့်ပင် ပဲ့ကိုင်ရလေ၏။ အကယ်၍လှေ့မထိုးတတ်လျှင်လှေကလေးမှာ မှန်မှန်ဖြောင့်ဖြောင့်မသွားသောကြောင့် ခရီးကြန့်ကြာလေ့ရှိလေသည်။ အိုက်ဆစ်မြစ်ကလေးမှာ အလွန်ဆုံးတစ်လံမျှသာနက် ၏။ အချို့နေရာတွင် တစ်တောင်မျှသာနက်လေသည်။ မြစ်ကလေးမှာ ကျဉ်းမြောင်းလှ သဖြင့် လှေကလေးတစ်စင်းနှင့် တစ်စင်းကို သတိထား၍ တိမ်းရှောင်သွားကြရ၏။ မြစ်ကလေး ဘေးတွင် မိုးမခပင်များ ဟောသောန်*ခေါ် ချုံကလေးများ ပေါက်ရောက် နေသောကြောင့် အလွန်သာယာလှပေ၏။ မြစ်ရေမှာ လျှင်မြန်စွာ စီးဆင်းခြင်းမရှိ၊ ငြိမ်သက်ဖြေညှင်းစွာသာ စီးဆင်းနေသောကြောင့် ရေပြင်ပေါ်တွင်ကျနေသောသစ်ပင် ရိပ်တို့မှာ လွန်စွာမှပင် ကြည့်၍ကောင်း၏။

လမ်းထဲတွင်ဖတ်ရန် မိုးကစာအုပ်တစ်အုပ်ကို ယူခဲ့လေသည်။ ဂရိုဗ်စ်က မိမိ၏စက်သီးချင်းနှင့် ဓာတ်ပြားများကို ယူခဲ့၏။ ကျွန်တော်တို့စ၍ထွက်လာကတည်းက ပင် ဂရိုဗ်စ်၏စက်သီချင်းကို ဖွင့်လာသောကြောင့် မိုးမှာစာအုပ်ကို ဖတ်ခွင့်မရတော့ပြီ။ အခြားလှေကလေးများတွင်လည်း စက်သီချင်း၊ ဝါယာလက်များ ပါဝင်လာကြောင့် တစ်မြစ်လုံး သီးချင်းသံများဖြင့် ဆူညံ၍နေလေတော့သတည်း။ အချို့လှေကလေးများ မှာ ကမ်းဘေးချုံများအကွယ်တွင် ဆိုက်ထားကြ၏။ ၎င်းလှေကလေးများ အပေါ်တွင် လည်း ကျောင်းသားကျောင်းသူ အပေါင်းတို့မှာ စာဖတ်သူတို့ကဖတ်၊ တီးတိုးစကား ပြောကြားနေသူတို့လည်းရှိ၊ မြစ်ကလေးနှင့်ညနေခင်း၏သာယာခြင်းမရသာကို ခံစား နေသူတို့ကလည်းမရှား၊ နက်နက်နဲနဲစဉ်းစားနေသူတို့ကလည်းအများပင်။ စုံတွဲတွေ လည်းရှိ၊ နှစ်ယောက်သုံးယောက်တွဲကာ စကားပြောနေသူတို့လည်းရှိ၊ တစ်ယောက် တည်း ငေးမောကာ တွေးတောနေသူတို့လည်းရှိလေသည်။ ပျော်စရာကောင်းလှ ပေ၏။

ဤသို့တစ်စတစ်စနှင့် မြစ်ညာသို့ဆန်တက်လာခဲ့ကြရာ ကျွန်တော်တို့၏

---

* Hawthorn

ကျောင်းနှင့်အတော်ပင် ဝေးကွာလာလေသည်။ အခြားလှေကလေး တစ်စင်း နှစ်စင် ကိုသာတွေ့ရတော့၏။ ကြည်နူးဖွယ်ကောင်းသော ညနေခင်း၏အရသာကိုခံစားရင်း မြစ်ညာသို့တက်သွားဆဲတွင် ကျွန်တော်တို့၏ကျောင်းအဝင်ဝ မျှော်စင်ကြီးမှ ခေါင်းလောင်းထိုးသံကို ကြားရလေသည်။ ထိုခေါင်းလောင်းထိုးသော အချိန်မှာ ၉-နာရီ ၅မိနစ် ဖြစ်သော်လည်း အလင်းရောင်ရှိသေး၏။ ခေါင်းလောင်းထိုးသံကိုငြိမ်သက်စွာ နားထောင်နေကြပြီးနောက်မှ လှေကလေးကိုလှည့်ကာ ပြန်ခဲ့ကြလေသည်ကျောင်းတိုက် သို့ ၁၀ နာရီထိုးမှရောက်ကြ၏။

**၁၂၉၀ ခုနှစ်၊ ကဆုန်လဆုတ် (၉) ရက်နေ့။**
**(၁၂. ၅. ၂၈)**

---

**မိတ်ဆွေများ ။** ညစာ စားသောက်ပြီးနောက် ကျွန်တော်၏အခန်းသို့ ပြန်၍ ဆေးလိပ်သောက်ရင်း ထွေရာလေးပါးစဉ်းစားနေခိုက် ဘီ-ဘီ-ဆင်းဂ် ပေါက်လာလေသည်။ ဘီ-ဘီ-ဆင်းဂ်ကား ကျောင်းအတွင်း၌ အခန်းရသော်လည်း အပြင်ဘက်တွင် အနေချောင်၊ စရိတ်ချောင်သောကြောင့် အပြင်ဘက်တွင် နေထိုင်၏။ ကျောင်းတွင်ညစာလာ၍ စားသောက်တိုင်း ကျွန်တော်၏အခန်းသို့လာကာ စကားပြောလေ့ရှိလေသည်။ တစ်ခါတစ်ခါလည်းသူနှင့်အတူတူပင် စာဟောပွဲ၊ ရုပ်ရှင်ပွဲ ဇာတ်ပွဲများသို့ သွားလေ့ရှိ၏။ အများအားဖြင့်ကား ကျွန်တော်၏အခန်းမှာပင် ကာဖီသောက်ရင်း စကားပြောနေလေ့ရှိလေသည်။

ဘီ-ဘီ-ဆင်းဂ်မှာ အတော်လည်ပတ်သော ကျောင်းသားဖြစ်သောကြောင့် သတင်းထူးတို့ကို များစွာရလေသည်။ ၎င်းသတင်းထူးများကို ကျွန်တော်နှင့်တွေ့သော အခါ ဖောက်သည်ချလေ့ရှိ၏။ တစ်ခါတစ်ခါလည်း လန်ဒါန်မြို့တွင် တွေ့ကြုံသော မိန်းကလေး များ၏ အကြောင်းကိုပြောပြလေသည်။ ရိုးသားဖြောင့်မတ်သူဖြစ်သော်လည်း မိမိ၏မိတ်ဆွေ မိန်းကလေးများနှင့် ပတ်သက်၍ များစွာကြွားဝါလေ့ရှိ၏။ တစ်ခါတစ်ခါ ကျွန်တော်က အမှားဖမ်းလိုက်သောအခါ ခပ်အမ်းအမ်းဖြစ်သွားလေသည်။

ကျွန်တော်တို့ ကျောင်းတိုက်တစ်တိုက်လုံးတွင် ကျွန်တော်နှင့် ဘီ-ဘီ-ဆင်းဂ်တို့မှာ အခင်မင်ဆုံးသော မိတ်ဆွေများဖြစ်ကြ၏။ ကျွန်တော်တို့၏ ကျောင်းတိုက်တွင် မြန်မာကျောင်းသား တစ်ယောက်မျှမရှိ၊ ယိုးဒယားမင်းသားတစ်ယောက်၊ အင်ဒေါခေါ် အိန္ဒိယပဒေသရာဇ်နယ်စားစော်ဘွား*တစ်ယောက်ရှိလေသည်။ သူတို့နှစ်ယောက်စလုံး

---

* Maharaha of Indore

မှာ ကျွန်တော်တို့ထက်အရင် ကျောင်းသို့ ရောက်နေကြသည်တစ်ကြောင်း၊ မင်းမျိုး စိုးမျိုး ဖြစ်ကြသည်ကတစ်ကြောင်း၊ အောက်စ်ဖို့ဒ်တွင် တစ်ယောက်နှင့်တစ်ယောက် အသိမိတ်ဆွေဖြစ်ရန် ခဲယဉ်းသည်တစ်ကြောင်းတို့ကြောင့်၊ ထိုယိုးဒယားမင်းသား၊ မဟာရာဇာတို့နှင့် ကျွန်တော်တို့မှာ အသိအကျွမ်းများ မဖြစ်ကြချေ။

အင်္ဂလိပ်ကျောင်းသားများအထဲမှ ဂရိုဗ်စ် နှင့်မိုးတို့သာ ကျွန်တော်တို့နှင့်ခင်ခင် မင်မင် အကျွမ်းဝင်ကြလေသည်။ အခြားကျောင်းသားတို့နှင့်ကား အကျွမ်းမဝင်ကြ။ မေး ပြောခေါ်ထူးသော အသိကျောင်းသားတို့ကား ၄-၅-၆ ယောက်ခန့်ရှိပေလိမ့်မည်။ အမေရိကန်မှ လာရောက်ပညာသင်ကြားနေကြသော ရုဒ်စကောလား* ကျောင်းသား လေငါးယောက်လည်းရှိလေသည်။ သူတို့နှင့်ကျွန်တော်တို့မှာ ညစာစားသောက်သော အခါ တစ်ပွဲတည်းစားလေ့ရှိကြသောကြောင့် အတော်အတန် သိကျွမ်းနေကြလေ သည်။

## ၁၂၉၀-ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့
## ( ၁၅. ၅. ၂၈ )

**စာမေးပွဲများ ။** စာမေးပွဲများနီးကပ်လာပြီဖြစ်သောကြောင့် ကျောင်းတက်သူများ အလွန်နည်းပါး နေလေပြီ။ မြန်မာပြည်ကျောင်းများတွင် စာမေးပွဲ နီးသောအခါ အလွတ်စာကျက်ကြရန် ကျောင်းပိတ်ပေးလေ့ရှိလေသည်။ အောက်စ်ဖို့ဒ် တွင်ကား ဤသို့ကျောင်းပိတ်ပေးရန်မလို။ ကျောင်းသားများ အတန်းမတက်လိုလျှင် နေနိုင်သည်ပင်။ စာသင်ခန်းများတွင် နာမည်ခေါ်ခြင်း၊ နာမည်မှတ်ခြင်း အလျဉ်းမရှိ ပေ။ စာဟောပြောသော ကထိက၊ ပါမောက္ခစသော ပုဂ္ဂိုလ်တို့ကလည်း မိမိတို့သင်ကြား ပြသသော စာပေများကို လာ၍လိုက်သူများမှာ မည်သူမည်ဝါဟူ၍မသိကြ။ အချို့သော အတန်းများတွင် စာလိုက်သူကျောင်းသားများမရှိသောကြောင့် စောစောကပင် ပိတ် ထားကြရလေသည်။

အိန္ဒိယနိုင်ငံ ဝန်ထမ်းအဖွဲ့ အတွက်သင်ကြားနေသူတို့ကား အတန်းမှန်မှန် တက်ကြရလေသည်။ စာသင်ကြားပြသသော ဆရာများကလည်း နာမည်ခေါ်၊ နာမည် မှတ်ကြလေသည်။ အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့ဝင် များဖြစ်ကြသောကြောင့် အိန္ဒိယ ပြည်စနစ်အတိုင်း လိုက်နာကြလေရော့သလားဟု တွေးတောမိလေသည်။ ကျွန်တော် တို့မှာ ၁၉၂၀-အောက်စ်ဖို့ဒ်တွင် စာမေးပွဲဝင်ကြရမည်မဟုတ်။ နိုင်ငံဝန်ထမ်းအဖွဲ့ဝင်

* Rhode Scholar

တို့အတွက် ခန့်ထားသော ကော်မရှင်အဖွဲ့က လန်ဒန်မြို့၌ ဩဂုတ်လတွင် စစ်ဆေးလိမ့်မည်။

**၁၂၉၀ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့။**
**( ၁၇. ၅. ၂၈ )**

---

**နံနက်ခင်း၏အရသာ ။** အင်္ဂလန်တွင် နွေဥတုအခါ၌ နံနက် ၃ နာရီခွဲ ၄ နာရီအချိန်ကပင် မိုးလင်းနေသောကြောင့် စောစောစီးစီး ငှက်သံများဖြင့် ဆူညံနေလေ့ရှိလေသည်။ အောက်စ်ဖို့ဒ်နံနက်ခင်း၏ သာယာခြင်းကိုကြည့်ရှုလိုသောကြောင့် နံနက် ၅ နာရီတွင် အိပ်ရာမှထပြီးလျှင် ကျောင်းအပြင်ဘက်သို့ထွက်မည်လုပ်သော်လည်း ကျောင်းတံခါးမဖွင့်သေးသောကြောင့် ကျောင်းအတွင်းမြက်ခင်းကြီးမှာပင် လမ်းလျှောက်ကာ နံနက်ခင်း၏အရသာကို ခံစားရပေသည်။ ဤကျောင်းကြီး၊ ဤမြက်ခင်း၊ ဤမျှော်စင်၊ ဤခေါင်းလောင်းတို့ကား အနှစ် ၄၀၀ ပင်တည်ခဲ့ကြလေပြီ။ ကျောင်းသားအမျိုးမျိုး၊ ကျောင်းဆရာအမျိုးမျိုးတို့နှင့်လည်းတွေ့ကြုံခဲ့ရလေပြီ။ ယခုလည်း တွေ့ကြုံဆဲပင်၊ နောင်မည်မျှကြာအောင် တည်နေကြဦးမည်နည်း။ ဤသို့ ထွေရာလေးပါး စဉ်းစား၍နေမိလေသည်။ အခြားကျောင်းသားတို့ကား အိပ်၍ကောင်းတုန်းဖြစ်၏။

ထို့နောက် ၆ နာရီထိုး၍ တံခါးမှူးက ကျောင်းတံခါးကိုဖွင့်လိုက်သောအခါ အပြင်ဘက်သို့ထွက်ပြီးလျှင် အိုက်ဆစ်မြစ်နှင့် ချာဝယ်ဖြစ်ကလေးဘေးတွင် ခပ်ဖြေးဖြေး လမ်းလျှောက်၍နေလေ၏။ ၎င်းမြစ် ကလေးတို့မှာ သာယာလှပေ၏။ ၎င်းမြစ်ကလေးများဘေးတွင် ပေါက်ရောက်နေကြသော သစ်ပင်များပေါ်တွင်လည်းကောင်း၊ ချုံကလေးများကြားတွင်လည်းကောင်း၊ ငှက်အပေါင်းတို့မှာ သောင်းသောင်းဖြဖြ ကြွေးကြော်၍နေကြကုန်၏။ အဘယ်မှာလျှင် မကြည်နူးဘဲ ရှိပါအံ့နည်း။

(၇) နာရီထိုးသည်နှင့် တစ်ပြိုင်နက် လှေပွဲတွင် ဝင်နွှဲကြမည့် ကျောင်းသားတို့မှာ ဘောင်းဘီတို၊ အင်္ကျီလက်ပြတ် များကိုဝတ်ကာ ခရိုက်ချပ်၍ မြက်ခင်းကြီးကို ပတ်၍ ပြေးနေကြသည်ကို မြင်ရလေသည်။ ထိုလှေသားတို့ကား နံနက်တိုင်းမြက်ခင်းကြီးကို တစ်ပတ်ပတ်ကာပြေးကြရ၏။ လှေသားများသာမဟုတ်၊ ကျွန်တော်တို့ကဲ့သို့ နံနက်ခင်း၏သာယာခြင်း အရသာကို ခံစားလိုသော ကျောင်းသား၊ ကျောင်းဆရာ၊ အရပ်သူ အရပ်သားတို့လည်း အတော်များလေသည်။ ဤသို့လျှောက်နေ၍ ၈ နာရီထိုးသော အခါကျမှ ကျောင်းသို့ပြန်လာခဲ့သတည်း။

## ၁၂၉၀ ခုနှစ်၊ နယုန်လဆန်း ၂ ရက်နေ့။
## ( ၂၀. ၅. ၂၈ )

**တနင်္ဂနွေနေ့ ။** နယုန်လဆန်း ၂ ရက်နေ့ကား တနင်္ဂနွေနေ့ဖြစ်သောကြောင့် နံနက် ၅ နာရီခွဲ၊ ၆ နာရီကပင် ဘုရားရှိခိုး ကျောင်းများမှ ခေါင်းလောင်းသံတို့မှာ ဆူညံ၍နေလေတော့သည်။ ကျောင်းတိုင်း ကျောင်းတိုင်းတွင် ဘုရားရှိခိုးကျောင်း တစ်ကျောင်းစီရှိ၏။ ၎င်းဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံတို့မှာသေးသေးလည်းရှိ၊ ကျယ်ကျယ်လည်းပါလေသည်။ ဆောင်းတွင်းအခါတွင် စောစောအိပ်ရာမှ မထလေရကား ၎င်းခေါင်းလောင်းသံများကို မကြားရပေ။ ယခုမှသာ ၎င်းခေါင်းလောင်းသံအမျိုးမျိုးတို့ကို ကြားရပေသည်။ အလွန်သာယာလှပေ၏။ အောက်စ်ဖို့ဒ်ရှိ ကျောင်းတိုက်များမှာ ခရစ်ယာန်ဘုန်းကြီးကျောင်းများသာတည်း။ ၎င်းကျောင်းတိုက်များ တည်နေကြပုံ၊ ကြီးပွားလာကြပုံတို့မှာ မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ စာသင်တိုက်များနှင့် လွန်စွာတူလေသည်။

တနင်္ဂနွေနေ့များတွင် (၉) နာရီထိုးမှ ကျောင်းခန်းမကြီးတွင် နာမည်ထိုးရလေသည်။ အကယ်၍ (၉) နာရီတွင် နာမည်မထိုးလိုလျှင် (၁၀) နာရီတွင် ဘုရားရှိခိုးကျောင်းတက်ရ၏။ တနင်္ဂနွေနေ့တွင် ကျောင်းသားများစာကျက်လေ့ မရှိကြချေ။ နံနက်စောစောကပင် အောက်စ်ဖို့ဒ်ပတ်ဝန်းကျင်ရှိ မြို့ကလေး၊ ရွာကလေးများသို့ လမ်းလျှောက်ထွက်လေ့ရှိကြ၏။ အချို့လည်းလန်ဒန်မြို့သို့ နေ့ချင်းပြန် တိတ်တဆိတ်အလည်သွားလေ့ရှိကြလေသည်။ အများအားဖြင့်ကား အိုက်ဆစ်မြစ်ထဲတွင် လှေကလေးများစီးကာ စာဖတ်၊ စက်သီချင်းဖွင့်၊ ပျော်ပွဲစားထွက်လေ့ရှိ၏။

## ၁၂၉၀ ခုနှစ်၊ နယုန်လဆန်း (၆) ရက်နေ့။
## ( ၂၄. ၅. ၂၈ )

**နွေဦးတု လှေပြိုင်ပွဲများ ။** ကျောင်းတိုက် အချင်းချင်း နွေဦးတု လှေပြိုင်ပွဲများကျင်းပမည့်တနင်္ဂနွေအပတ်ဖြစ်သောကြောင့် အောက်စ်ဖို့ဒ်တစ်မြို့လုံး စည်ကားလျက်နေလေပြီ။ ဌာအိမ်များ၊ ဟိုတယ်များတွင် ဧည့်သည်များ ပြည့်ကျပ်နေ၏။ လှေပြိုင်ပွဲများတွင် ဝင်နွှဲကြမည့်ကျောင်းသားတို့၏ မိဘ၊ ဆွေမျိုး၊ ရည်းစားစသောသူတို့မှာ မိမိတို့၏ တူ၊ သား၊ မောင်၊ အစ်ကို၊ ရည်းစားတို့ လှေပွဲတွင် ဝင်နွှဲကြသည်ကို ကြည့်ရှုအားပေးရန် လာရောက်ကြခြင်း ဖြစ်လေသည်။ ကျောင်းသားဟောင်းအချို့လည်း လာရောက်ကြ၏။ တက္ကသိုလ်ကျောင်းတိုက်များနှင့်

မပတ်သက်သော သူများပင်လျှင် နာမည်ကျော် လှေပြိုင်ပွဲများကို လာရောက်ကြည့်ရှုကြလေသည်။ နံနက်စောစောကပင် အောက်စ်ဖို့ဒ်လမ်းများ၊ ဈေးဆိုင်များ၊ စာအုပ်ဆိုင်များတွင် ဧည့်သည်များ ရှုပ်ထွေးလျက် နေကြကုန်၏။ ဓာတ်ပုံများကိုဝယ်သူဝယ်၊ နောင်အမှတ်အသားအဖြစ် သိမ်းထားရန် ပစ္စည်းများကို ဝယ်သူဝယ်၊ ကျောင်းသားများ ထုတ်ဝေသောအိုက်ဆစ်မဂ္ဂဇင်းကို ဝယ်သူကလည်းဝယ်၊ ကျောင်းခန်းမကြီးများတွင်လည်းကောင်း၊ ကျောင်းတိုက်ဥယျာဉ်များတွင်လည်းကောင်း၊ ကျောင်းပတ်ဝန်းကျင်များတွင်လည်းကောင်း အဆိုပါဧည့်သည်များကို တွေ့မြင်ရလေသည်။

ဤတနင်္ဂနွေအပတ်တွင် ကျင်းပမည်ဖြစ်သောလှေပွဲများကား လွန်ခဲ့သော ၂ လ ၃ လ အတွင်းက ကျင်းပခဲ့သော လှေပွဲများထက် ကြီးကျယ်လေသည်။ ယခင်ကျင်းပခဲ့သော လှေပွဲများကား ကျောင်းသားသစ်များ အတွက်ဖြစ်၏။ ယခုလှေပြိုင်ပွဲတွင်ကား ကျောင်းသားတိုင်း ဝင်လှော်နိုင်လေသည်။ ကျွန်တော်တို့ ကျောင်းတိုက်မှ လှေ (၃) စင်းသွင်း၏။ လှေနံပါတ် (၁)ကား အိုက်ဆစ်မြစ်တွင် တံခွန်စိုက်* ဖြစ်လိမ့်ဦးမည်ဟု ကျောင်းသားတိုင်းကထင်မှတ်လေသည်။ ဤသို့ထင်မှတ်ကြသည့်အတိုင်း ကျွန်တော်တို့ ကျောင်းတိုက်ကတံခွန်စိုက်ဖြစ်မည်လောဟု စောင့်ကြည့်ရဦးမည်။

ညနေ (၃)နာရီအချိန်မှ အစပြု၍ အိုက်ဆစ်မြစ်ကလေးအတွင်း၍လည်းကောင်း၊ မြစ်ကမ်းဘေးရှိ လူသွားလူလာလမ်းပေါ်တွင်လည်းကောင်း၊ ကျောင်းတိုက်အသီးသီးတို့၏ ကရဝိတ်ဖောင်များပေါ်တွင်လည်းကောင်း၊ မိန်းမ၊ ယောကျ်ား၊ ကျောင်းသား ကျောင်းသူ၊ လူကြီး၊ လူငယ်၊ လူရွယ်လူလတ်များ ပြည့်နှက် စည်ကားနေလေသည်။ လှေပွဲများတွင် ဝင်နွှဲကြမည့် ကျောင်းသားအပေါင်းတို့မှာလည်း မိမိတို့ကျောင်း၏အရောင် ဗလေဇာအင်္ကျီများကို ဝတ်စားကာလူးလာခတ်နေကြကုန်၏။ အချို့ကားအဖြူ အညို အနက်စသည်ဖြင့်အမျိုးမျိုးပင်။ ၎င်းဗလေဇာ အင်္ကျီအိတ်များအပေါ်တွင် မိမိတို့ ကျောင်းဆောင် အသီးသီးတို့၏တံဆိပ်များကိုတပ်ထားလေသေးသည်။

ကျောင်းဆောင် အသီးသီးတို့၏ ကရဝိတ်ဖောင်များအပေါ်တွင်လည်းကောင်း၊ မြစ်ကလေး၏ကမ်းဘေး လူသွားလူလာလမ်းပေါ်တွင်လည်းကောင်း၊ ကမ်းဘေးရေစပ်တွင် ဆိုက်ထားသောပန့်ခေါ် လှေပြားကလေးများပေါ်တွင်လည်းကောင်း၊ အပြာ၊ အဝါ၊ အဖြူ ဖက်ဖူးရောင်ဂါဝန်၊ အင်္ကျီများကို လှပစွာဝတ်စားထားကြသောမိန်းမပျိုများလည်း မနည်းပေ။ အချို့မှာ ကျောင်းသားများ၏ နှမတော်သူ၊ ဆွေမျိုးတော်စပ်သူများဖြစ်ကြလေသည်။ အချို့ကားချစ်ခင်ရင်းနှီးသောမိတ်ဆွေ၊ ရည်းစားများဖြစ်ကြလေသည်။ အချို့လည်း ဒွိယံ ဒွိယံ၊ စုံတွဲစုံတွဲ၊ ပူးတွဲ၍ လူးလာခပ်နေကြကုန်၏။ အလွန်ပျော်ရွှင်အားရနေကြလေသည်။ ဤအခါကား ကျောင်းသားများ အစွမ်းကုန်ပျော်ပါးကြသောအခါပေတည်း။

---

* Head of the River

ကျွန်တော်တို့မှာ နိုင်ငံခြားသားလည်းဖြစ်ပြန်၊ ကျောင်းသို့ရောက်ခါစ ပထမနှစ်သမားလည်းဖြစ်ပြန်၊ အသိအကျွမ်းလည်းနည်းပြန်သောကြောင့် သူတကာ ပျော်ရွှင်နေကြသော်လည်း မပျော်ရွှင်နိုင်၊ ကြောင်တက်တက်ဖြစ်နေကြလေသည်။ ၎င်းလှေပြိုင်ပွဲများမှာ ကျွန်တော်တို့နှင့်မဆိုင်သကဲ့သို့ ထင်မှတ်မိကြ၏။ အကယ်၍သာကိုယ့်တိုင်းပြည်တွင်ဖြစ်မူကား ကိုယ့်ဆွေမျိုး၊ ကိုယ့်အသိမိတ်ဆွေများနှင့် မည်မျှပျော်ပါးကြမည်နည်း။ ရန်ကုန်တက္ကသိုလ်မှာတုန်းက ဤသို့သောပွဲလမ်းသဘင်များတွင် မိတ်ဆွေအပေါင်းအသင်းနှင့် ရယ်လားမောလားနေခဲ့သည်များကို သတိရမိပေ၏။ ဤသို့ ပျော်ရွှင်ဖွယ်ကောင်းသော အချိန်အခါတွင် ထင်သလောက်မပျော်ရွှင်ရသည်ကိုလည်း ဝမ်းနည်းမိပေသည်။

သို့နှင့် (၄) နာရီထိုး၏။ ပထမလှေပွဲစလေပြီ။ ၎င်းလှေပွဲတွင် ကျွန်တော်တို့ကျောင်း၏ လှေနံပါတ် (၃)ပါဝင်လေသည်။ ဘီ-ဘီ-ဆင်းဂ်နှင့် ကျွန်တော်မှာ တက္ကသိုလ်လှေသင်းရုံရှေ့မှ ရပ်၍ကြည့်ကြ၏။ အခြားလှေများ ပေါ်လာကြသော်လည်း ကျွန်တော်တို့လှေ မပေါ်လာသောကြောင့် အခြားလှေက မိသွားပြီဟု သိရလေသည်။ အတန်ကြာမှ ကျွန်တော်တို့လှေမှာ ခပ်ဖြေးဖြေးကလေး ခပ်၍လာသည်ကိုမြင်ရ၏။ တက်မယကိုင်ဖြစ်သော ကျွန်တော်တို့၏မိတ်ဆွေ ဂရိဗ်စ်မှာ မျက်နှာအပျက်ကြီးပျက်နေလေတော့၏။ ထို့နောက် ကျွန်တော်တို့ကျောင်း ကရဝိတ်ဖောင်သို့သွားကာ လက်ဖက်ရည်သောက်ကြလေသည်။

လက်ဖက်ရည်သောက်နေကြရင်း (၅)နာရီထိုး၏။ (၅)နာရီထိုးသည်နှင့်တစ်ပြိုင်နက် ဒုတိယပွဲစလေသည်။ ထိုပွဲတွင်ကျွန်တော်တို့ကျောင်း၏ လှေနံပါတ် (၂) ပါ၏။ ဤပွဲကို ကျွန်တော်တို့ကျောင်းကရဝိတ်ဖောင်ပေါ်မှ စောင့်၍ကြည့်ကြရာ ကျွန်တော်တို့လှေ မပေါ်လာချေ။ မေးကြည့်သောအခါ အမိခံရကြောင်း သိရလေသည်။ လှေတစ်စင်းသာ ကျန်တော့၏။ ကျွန်တော်တို့ကျောင်းသားအားလုံးပင်တတိယလှေပွဲကို စိတ်အားထက်သန်စွာနှင့် စောင့်စား၍နေကြကုန်၏။

(၆)နာရီထိုးသည်နှင့် တစ်ပြိုင်နက် တတိယလှေပွဲစလေတော့သည်။ ဆူညံ၍သွား၏။ ကျွန်တော်တို့လူစုမှာ ကျောင်းကရဝိတ်ဖောင်ပေါ်မှ စိတ်အားထက်သန်စွာနှင့်စောင့်စားနေကြလေသည်။ များမကြာမီ ကျွန်တော်တို့ကျောင်း၏လှေ ကာဒီနယ်ဝူစီ[၁]မှာ ထိပ်ဆုံးမှပေါ်၍လာ၏။ သို့သော်စိတ်မချစရာ ဗရေးစ်နိုးစ်ကျောင်းတိုက်[၂]လှေမှာ နောက်နားမှ ကပ်လျက်လာလေသည်။ မိလုမိလုနှင့် ဖြစ်နေပေ၏။ ကျွန်တော်တို့လူစုမှာ ကျောင်းကရဝိတ်ဖောင်ပေါ်မှနေ၍ အသံကုန်အော်ဟစ်ကာ အားပေးကြလေသည်။ ခမျာ လှေသားတို့မှာ အစွမ်းကုန်ကြိုးစားကာ လှော်ခတ်ကြပါ၏။ သို့သော်နောက်မှ ကပ်၍လိုက်လာကြသော လှေသားတို့၏ ခွန်အားကကောင်းလှသဖြင့် ကျွန်တော်တို့လှေမှာ ကရဝိတ်ဖောင်ရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အမိခံလိုက်ရလေသည်။

---

၁။ Cardinal ၂။ Brasenose College

ဗရေးစ်နိုးစ်ကျောင်းတိုက်လှေကို အားပေးလာကြသော သူတို့၏အသံမှာ နားကွဲလုမတတ် ဆူညံ၍သွား၏။ ကျွန်တော်တို့တစ်တွေ၏ အသံကိုကား မကြားရတော့ပြီ။ သက်မကြီးများချလိုက်သော အသံကိုသာလျှင် ကြားရလေသည်။ လှေသားတို့၏ စိတ်ပျက်ခြင်းကား ဆိုစရာမရှိတော့ပြီ။ သူတို့၏မျက်နှာများက သက်သေခံနေကြလေသည်။ ကျွန်တော်တို့ကျောင်းတိုက်မှ သွင်းသောလှေ (၃) စင်းလုံးရှုံးသောကြောင့် ကျောင်းသားအားလုံးပင် စိတ်အပျက်ကြီးပျက်ကာ ကျောင်းသို့ ပြန်လာကြလေသတည်း။

**၁၂၉၀ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်နေ့။**
**( ၃၀. ၅. ၂၈ )**

---

**လှေပွဲပြီးသောနေ့ ။** နွေကာလ လှေပြိုင်ပွဲကြီးကို နယုန်လဆန်း (၆) ရက်နေ့ညနေမှ အစပြု၍ (၆) ရက်တိုင်တိုင် အိုက်ဆစ်မြစ်ကလေးအတွင်းကျင်းပ၏။ နေ့တိုင်းပင် လူများစည်ကားလျက် နေလေသည်။ ကျွန်တော်တို့ကျောင်းတိုက်မှသွင်းသောလှေ (၃)စင်းမှာလည်း နေ့တိုင်းလိုလိုပင် ရှုံးနေသောကြောင့် ကျွန်တော်တို့ကျောင်းတိုက်သားတို့မှာ စိတ်အပျက်ကြီး ပျက်နေကြလေသည်။ နယုန်လဆန်း (၁၂)ရက်လှေပွဲကြီးပြီးသောညကား လှေသားတို့အတွက် လွတ်လပ်ခွင့်ရသောည၊ ပျော်ပွဲခံသောညကြီး ဖြစ်လေသည်။ (၆) ရက်လုံးနိုင်သော ကျောင်းသားများတွင် ပျော်ရွှင်ကြခြင်းမှာ အထူးရေးသားနေရန် မလိုတော့ပေ။ မူးကြ၊ ရစ်ကြ၊ ပျော်ကြ၊ ပါးကြ၊ ဆူညံကြ၊ ပြတင်းပေါက်များကို ရိုက်ခွဲကြ၊ မီးပုံကြနှင့် ဖြစ်ချင်သလိုဖြစ်နေကြကုန်၏။ လွန်ခဲ့သည့် (၂)လ (၃)လတုန်းက ကျင်းပခဲ့သော လူသစ်များ၏လှေပွဲပြီးသောညတွင် ဆူညံကြသည်ထက်ပင် သည်းသေးသည်။ ကျွန်တော်တို့ကျောင်းလှေများမှာ နေ့စဉ်လိုပင် ရှုံးသောကြောင့် ကျွန်တော်တို့ ကျောင်းတိုက်သားတို့မှာ များစွာမဆူလှပေ။ သို့သော် အနည်းငယ် မူးရစ်ပြီးလျှင် ကျောင်းတိုက်အတွင်းမှာပင် အော်ဟစ်ကာသီချင်းဆိုကြသေး၏။

## ၁၂၉၀ ခုနှစ်၊ နယုန်လဆန်း (၁) ရက်နေ့။
## ( ၃. ၆. ၂၈ )

**ဘော့လုံးရိုက်ပွဲများ ။** လှေပွဲများ ပြီးသွားပြီဖြစ်သောကြောင့် ဆိုက်ဆစ်မြစ်ကလေးမှာ ခြောက်သွေ့သွေ့ကြီး ဖြစ်၍နေတော့၏။ လှေပွဲမပြီးမီက လှေလှော်နေကြသော ကျောင်းသားတို့မှာ ကရစ်ကက်၊ တင်းနစ်ဘော့လုံးရိုက်ရာကစားကွင်းများသို့ ရောက်ကုန်ကြလေပြီ။ တက္ကသိုလ်ကရစ်ကက်အသင်း ကစားရာနေရာကား တက္ကသိုလ်ဥယျာဉ်အတွင်းဖြစ်လေသည်။ တက္ကသိုလ်ကရစ်ကက် အသင်းသားတို့မှာ ကိန်းဗရစ်တက္ကသိုလ်ကရစ်ကက် အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျင့်နေကြလေသည်။ ကျောင်းပိတ်သောအခါကျမှ လန်ဒန်မြို့ လော့ဒ်စခေါ် ကရစ်ကက်ကွင်းတွင် သွားရောက်ကစားကြရပေလိမ့်မည်။ အိန္ဒိယပြည် ပတော်ဒီနယ်စားလည်း တက္ကသိုလ်ကရစ်ကက်အသင်းတွင် ပါဝင်ကစားရလေသည်။ အလွန်တော်သူဖြစ်သောကြောင့် မကြာမကြာပင် သတင်းစာများက ချီးမွမ်းခြင်းကို ခံရလေသည်။

## ၁၂၉၀ ခုနှစ်၊ နယုန်လဆုတ် (၃) ရက်နေ့။
## ( ၅. ၆. ၂၈ )

**ဥယျာဉ်ပွဲ ။** ညနေ (၅) နာရီခွဲ အချိန်တွင်ကျောင်းအုပ်ကြီး ဒေါက်တာဝိုက်၏ဥယျာဉ်ပွဲသို့ ကျောင်းသားများနှင့် အတူသွားလေသည်။ ၎င်း ဥယျာဉ်ပွဲသို့ ကျွန်တော်တို့ ကျောင်းတိုက်သားအားလုံး၊ အခြားကျောင်းတိုက်တို့မှ ဆရာများ၊ ဆရာကတော်များ၊ မြို့ပေါ်ရှိ လူကြီးလူကောင်းများ လာရောက်ကြလေသည်။ ကျောင်းသားအပေါင်းတို့မှာ ကျောင်းအုပ်ကြီး၏ ပန်းခြံအတွင်း လာရောက်ကြလေသည်။ ကျောင်းသားအပေါင်းတို့မှာ ကျောင်းအုပ်ကြီး၏ ပန်းခြံအတွင်း စုရုံးစုရုံးနှင့် ရှိနေကြကုန်၏။ ကိုယ့်လူစုနှင့်ကိုယ့်လူစု စကားအမျိုးမျိုး ပြောကြားနေကြလေသည်။ အချို့ဧည့်သည်များလည်း ကျွန်တော်တို့နည်းတူပင်။

ဤသို့ စုရုံးစုရုံးနှင့်နေ၍ အတန်ကလေးကြာလျှင် ကျောင်းအုပ်ကြီးအိမ်အတွင်း၌ ကာဖီအစရှိသော စားစရာသောက်စရာများကို လာရောက်စားသောက်ရန် ခေါ်သောကြောင့် တစ်စုတစ်ဝေးကြီးသွား၍ စားသောက်ကြလေသည်။ စားပွဲရှည်ကြီးရှေ့တွင်ရပ်ကာကြိုက်ရာကိုယူ၍ စားသောက်ကြကုန်၏။ ပျော်သူတို့ကားပျော်ကြ၊ ကျွန်တော်နှင့် ဘီ. ဘီ. ဆင်းဂ်တို့ကား များစွာမပျော်ရွှင်ကြချေ။ သို့နှင့် (၇)နာရီထိုးသောအခါ ကျောင်းအုပ်ကြီးကတော်နှင့် ကျောင်းအုပ်ကြီးတို့အား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေသတည်း။

## ၁၉၂၀ ခုနှစ်၊ နယုန်လဆုတ် (၈) ရက်နေ့၊ ( ၁၀. ၆. ၂၈ )

---

**တွေးပူမိသည် ။** နံနက်စာစားသောက်နေကြတုန်း စကောက်ဟန်ဖရီ စာတစ်စောင်ကိုလာ၍ပေးလေသည်။ ၎င်းစာကား လန်ဒန်မြို့ရှိ နိုင်ငံဝန်ထမ်း အဖွဲ့ဝင်တို့အား အုပ်ချုပ်သောကော်မီရှင်အဖွဲ့၏အကျိုးဆောင်တို့ထံမှ စာဖြစ်၏။ ဖောက်၍ဖတ်လိုက်သောအခါ အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့ဝင်တို့အတွက် စာမေးပွဲများကို ဩဂုတ်လအတွင်းကျင်းပမည့်အကြောင်း သိရှိရလေသည်။ ၎င်းစာနှင့်အတူ စာမေးပွဲအချိန်စာရင်းလည်း ပါလာ၏။

၎င်းစာကိုဖတ်ပြီးနောက် ကျွန်တော့်မှာအတော်ပင် စိတ်မောသွားသောကြောင့် နံနက်စာကိုပင် ကောင်းစွာမစားနိုင်တော့ပြီ။ အကြောင်းမူကားဖြေဆိုရမည့်စာတို့ကို ဟုတ်ဟုတ်ဟတ်ဟတ် မကျက်မှတ်ရသေးသောကြောင့် ဖြစ်လေသည်။ မြန်မာပြည်မှ ထွက်လာစဉ်က အောက်စ်ဖို့ဒ်သို့ရောက်လျှင် စာကိုကောင်းစွာကြိုးစားလေ့လာမည်ဟု အားခဲခဲ့သော်လည်း အင်္ဂလန်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရာသီဥတုကအေးလွန်း၊ အနေအထားကလည်းမကျသေး၊ နေရာတကာတွင် ကြောင်တောင်တောင်ကလည်း ဖြစ်နေ၊ မြန်မာပြည်ကိုလည်း လွမ်းဆွတ်သောကြောင့် စာကိုကောင်းစွာမကျက်ရပေ။ စာကိုဖတ်သော်လည်း စာထဲတွင်စိတ်မရောက်၊ မြန်မာပြည်သို့သာ ရောက်နေသောကြောင့် ဖတ်သမျှစာတို့ကို မမှတ်မိချေ။

အင်္ဂလန်ပြည်သို့ရောက်၍ အနေအထားအတော်ကျလာသောအခါ စာကျက်နိုင်ပြီဖြစ်သော်လည်း ချမ်းလွန်းသောကြောင့် ကောင်းစွာမကျက်နိုင်၊ မီးနားတွင် ကပ်ကာ စာကျက်ပြန်လျှင် အိပ်ပျော်သွားလေ့ရှိသောကြောင့် စာကျက်၍မဖြစ်ပေ။ အောက်စ်ဖို့ဒ်တွင် ကောင်းစွာစာကျက်၍ မရသောကြောင့် ကျောင်းပိတ်ရက်အတွင်း လန်ဒန်တွင်စာကျက်မည်ဟု အားခဲထားသော်လည်း ကျောင်းပိတ်၍လန်ဒန်သို့ရောက်သောအခါ မိတ်ဆွေများနှင့် စကားပြောလား၊ လည်ပတ်လား၊ တရုတ်ဆိုင်သွားလား နှင့်သာ အချိန်ကုန်လေတော့သည်။

နွေပေါက်လာပြန်သောအခါ နံနက်လမ်းလျှောက်၊ နေ့ခင်းအတန်းတက်၊ ညနေလှေပွဲ ဘော့လုံးရိုက်ပွဲများသို့သွား၊ ညစာစားပြီးလျှင် မိတ်ဆွေများ အခန်းသို့ သွားကာ စကားပြောနှင့် စာကျက်ရသည်ဟူ၍မရှိ။ ယခုစာမေးပွဲနီးမှ နောက်တကြီးစွာ ရနေလေတော့သည်။ လွန်ခဲ့သောရက်များ၊ လများက စာကိုမှန်မှန်ကျက်ခဲ့လျှင် ကောင်းလေစွဟူ၍လည်း တွေးတောမိလေသည်။ တစ်လကျော်ကျော်အတွင်း နေ့ရောညဥ့်ပါ ကြိုးစား၍ ကျက်မည်ဆိုလျှင် စာမေးပွဲအောင်နိုင်သေး၏ဟု စိတ်ကိုဖြေကာ ယနေ့မှအစပြု၍ စာကျက်တော့မည်ဟုဆုံးဖြတ်ကာ စာကျက်မည့်အချိန်စာရင်းကို ကောက်ရေးလေသတည်း။

**၁၂၉၀ ခုနှစ်၊ နယုန်လဆုတ် (၁၁) ရက်နေ့။**
**( ၁၃. ၆. ၂၈ )**

---

**ဖွဲ့ညှံ့သူ ။** စာကျက်ရန်ဆုံးဖြတ်ခဲ့သည့်အတိုင်း မိတ်ဆွေများထံသို့ မသွားဘဲ နေ့ရောညပါ စာကိုကြိုးစား၍ ကျက်လာခဲ့သည်မှာ (၂) ရက်သာ ရှိသေး၏။ ယနေ့နံနက်စာစားသောက်ပြီးလျှင် လမ်းလျှောက်လိုသောဆန္ဒပေါ်လာသည်နှင့် ခရိုက်ချပ်ချ်မြက်ခင်းကို တစ်ပတ်လျှောက်၏။ ကျောင်းသို့ပြန်ရောက်လျှင် တင်းမတိမ်သေးသောကြောင့် ကျောင်းတိုက်ပန်းခြံထဲသို့သွားကာ ပန်းပွင့်ပန်းဖူးကလေးများကို ကြည့်ရှုပြန်လေသည်။

(၁၀) နာရီထိုးသောအခါ အတန်းတက်၊ နာရီပြန် (၁)ချက်ထိုးသော် အခန်းသို့ပြန်ကာ နေ့စာစား၊ လွန်ခဲ့သောရက်များကမူကား နေ့စာစားပြီးလျှင် စာကျက်၏။ ယနေ့တွင်ကား စာကျက်ရမည်ကို ခပ်ပျင်းပျင်းရှိသည်နှင့် တက္ကသိုလ်ဥယျာဉ်သို့သွားကာ ကရစ်ကက်ရိုက်သည်ကို ကြည့်လေသည်။ (၃) နာရီခွဲလျှင် စာကျက်ရန်အခန်းသို့ပြန်လာသော်လည်း ကိုရွှေဘော်တို့ကျောင်းရှေ့သို့ရောက်သောအခါ ကိုရွှေဘော်၏အခန်းထဲဝင်ကာ စကားပြောလေသည်။ (၄) နာရီထိုးလည်းမပြန်သေး၊ (၅) နာရီထိုးလည်းမပြန်သေး၊ (၆) နာရီထိုးလည်းမပြန်သေး၊ (၇) နာရီထိုး၍ ညစာစားခါနီးမှ ကျောင်းသို့ပြန်လာခဲ့လေသည်။ ညစာစားပြီးနောက် စာကျက်မည် ပြုသော်လည်း၊ ဘီ. ဘီ. ဆင်းဂ် ပေါက်လာသောကြောင့် နှစ်ယောက်သား စကားပြော နေလိုက်ကြသည်မှာ (၁၁) နာရီသို့ တိုင်တော့၏။ ဘီ. ဘီ. ဆင်းဂ် ပြန်သွားသောအခါ စာကျက်ရန်အချိန်မရှိတော့ပြီ။ အိပ်ရာဝင်ရတော့၏။ လွန်ခဲ့သောသုံးရက်က ဆုံးဖြတ်ချက်တို့မှာ ပျက်စီး၍ သွားကြလေသတည်း။ ဖွဲ့ညှံ့သော သူပါတကားဟု မိမိကိုယ်ကို အပြစ်ဆိုမိလေသည်။

**၁၂၉၀ ခုနှစ်၊ ဝါဆိုလဆန်း (၄) ရက်နေ့။**
**( ၂၀. ၆. ၂၈ )**

---

**နွေဥတုကျောင်းမပိတ်မီ ။** နွေဥတုအတွက် ကျောင်းပိတ်တော့မည်။ ကျွန်တော်၏ အောက်စ်ဖို့ဒ်ကျောင်းသက်လည်း(၁)နှစ်ပြည့်တော့မည်။ ညစာစားသောက်ပြီး၍ခန်းမကြီးထဲမှ ထွက်လာရာ အခန်းတံခါးဝတွင် မိတ်ဆွေ ဂရိုဗ်စ်၊ မိုးတို့နှင့်တွေ့၍ သူတို့အား ကျွန်တော်၏အခန်းသို့ခေါ်ခဲ့လေသည်။ ရောက်လျှင် ရေနွေးအိုးတည်၍ ကာဖီတိုက်၏။ ကာဖီသောက်ရင်း ထွေရာ

လေးပါး စကားပြောနေလိုက်ကြသည်မှာ (၁၁) နာရီသို့တိုင်လေတော့သည်။ ကျောင်းပိတ်ထားခိုက် မိုးနှင့်ဂရိုဗ်စ်တို့ အလည်အပတ်ထွက်ကြမည့်အကြောင်း၊ တစ်ယောက်ထံတစ်ယောက် စာရေးရန်အကြောင်းများကို ပြောကြားကြလေသည်။ ကျွန်တော်မှာ ဩဂုတ်လတွင် စာမေးပွဲဖြေဆိုရမည်ဖြစ်သောကြောင့် ကျောင်းပိတ်ထားခိုက် စာကျက်ရမည့်အကြောင်း၊ စာမေးပွဲပြီးသောအခါ စကော့လန်ပြည်သို့ အလည်အပတ်သွားရန် အကြံရှိကြောင်း များကိုပြော၏။ (၁၁) နာရီထိုးမှ အသီးသီးပြန်သွားကြလေသည်။

## အခန်း (၈)

# နွေဦးတုကျောင်းပိတ်ရက်

**စာမေးပွဲမဝင်မီ ။** ဇူလိုင်လအကုန်တွင် နွေဦးတုအတွက် ကျောင်းပိတ်လိုက်သောကြောင့် အောက်စ်ဖို့ဒ်မှဆင်းလာပြီးလျှင် လန်ဒန်မြို့တွင်ကိုရုံးမို၊ ဆရာဇော်တို့နှင့်အတူ တစ်အိမ်တည်းနေထိုင်ကာ စာကျက်နေရလေသည်။ စာကျက်သည်ဆိုသော်လည်း ထိထိရောက်ရောက်ကျက်နိုင်သည်မဟုတ်ပေ။ ကိုရုံးမိုတို့နှင့် စကားကောင်းသည့်အခါကောင်း၊ ခေါက်ဆွဲသွားစားသည့်အခါစား၊ ရုပ်ရှင်သွားသည့်အခါသွား၊ မိတ်ဆွေများ အလည်လာသောအခါ သူတို့နှင့် စကားကောင်းသည့်အခါကောင်းနှင့်သာလျှင် ရက်များကုန်လွန်မှန်းမသိကုန်လွန်၍ လာခဲ့၏။ နေ့တာကလည်း အလွန်ရှည်သောကြောင့် စောစောမအိပ်နိုင်၊ သန်းခေါင်ကျော်မှသာ အိပ်ရာဝင်ကြ၏။ ညဉ့်နက်မှ အိပ်ရာဝင်သောကြောင့် နံနက်စောစောအိပ်ရာမှမထနိုင် (၉)နာရီ (၁၀)နာရီထိုးမှသာ အိပ်ရာမှထလေ့ရှိကြလေသည်။ အင်္ဂလန်တွင်နွေအခါ၌ နေ့တာရှည်လှ၏။ ည(၁၁)နာရီထိုးသည့်တိုင်အောင်ပင်အလင်းရောင်မပျောက်သေး။

ကျွန်တော်မှာ အပေါ်ယံအားဖြင့် စာကြိုးစားနေသည်ဟု ဆိုရသော်လည်း စင်စစ်ကား စာကိုဟုတ်ဟုတ်ဟတ်ဟတ် ကြိုးစားနေသည်မဟုတ်ပေ။ စာအုပ်များ၊ မှတ်စုများကို ဖတ်သည်မှန်၏။ သို့သော် ၎င်းမှတ်စုတို့မှာ ခေါင်းထဲတွင်ကြာကြာမနေ၊ ရန်ကုန်တက္ကသိုလ်တွင် နေစဉ်ကစာမေးပွဲကို များစွာအလေးပြုပြီးလျှင် စာမေးပွဲအောင်ရန် အထူးကြိုးစား၏။ အင်္ဂလန်သို့ရောက်လာသောအခါတွင်မူကား စာမေးပွဲအကြောင်းကို စိတ်ကူးလိုက်လျှင် အထူးစိတ်ပူမိပေသည်။ သို့သော် ၎င်းစိတ်ပူခြင်းမှာ ကြာရှည်မခံ၊ မကြာမီပျောက်ကွယ်၍သွားလေ့ရှိ၏။ သို့နှင့် ဇူလိုင်လတစ်လလုံး ကုန်လွန်၍သွားလေသည်။

**ဩဂုတ်လစာမေးပွဲ ။** ဩဂုတ်လအလယ်လောက်မှ အစပြု၍ ဩဂုတ်လကုန် ခါနီးတိုင်အောင်လန်ဒန်မြို့ရှိ နိုင်ငံဝန်ထမ်း ကော်မီရှင်အဖွဲ့၏ ဌာနတွင် စာမေးပွဲကို သွားရောက်ဖြေဆိုရလေသည်။ ကျွန်တော့်မှာ ကောင်းစွာမဖြေဆိုနိုင်၊ များစွာစိတ်ပူမိ၏။ သို့သော်အခြားမိတ်ဆွေများက သူတို့လည်း ကောင်းစွာ

မဖြေဆိုနိုင်ဟုပြောကြသောကြောင့် အနည်းငယ်သက်သာရာရပေသည်။ စာမေးပွဲအတွက် လုံးပမ်းနေရသည်နှင့်ပင် ဩဂုတ်လကုန်လွန်သွားလေသတည်း။

**စာမေးပွဲပြီးသော်** ။ စာမေးပွဲပြီးသွားသောအခါ ဦးခေါင်းပေါ်မှ ဝန်ထုပ်ကြီးကျသွားပြီဖြစ်သောကြောင့် ကိုရုံးမို၊ ဆရာဇော်တို့နှင့် စကားကောင်းချင်သလိုကောင်း၊ တိရစ္ဆာန်ရုံ၊ ပြတိုက်၊ ပန်းချီကားပြတိုက်၊ နန်းတော်များသို့ သွားရောက်ကြည့်ရှုချင်သလို ကြည့်ရှု၊ ရုပ်ရှင်သို့ သွားချင်သလိုသွား၊ ဆောင်းပါးများ ရေးချင်သလိုရေးနှင့် အချိန်ကို သုံးလည်းသုံး၊ ဖြုန်းလည်းဖြုန်းနေလေသည်။ ကျောင်းသားတို့၏ ထုံးစံအတိုင်း စာမေးပွဲ အောင်သည်၊ မအောင်သည်ကို ဂရုမစိုက်နိုင်၊ စာမေးပွဲဝန်ထုပ်ကြီးကျသွားသည်ကိုပင် ဝမ်းအသာကြီးသာလျက်နေလေသတည်း။

ကျောင်းပြန်ဖွင့်ရန် ရက်အတော်ပင်ကျန်သေးသည် တစ်ကြောင်း၊ ကျွန်တော်နှင့် တစ်သင်္ဘောတည်း မြန်မာပြည်မှ လာကြသော ကိုစောအုံးတင်၊ ဆရာကိုဘ၊ ကိုထင်အိုင်တို့ လည်းရှိသည့်ပြင် ကိုစောအုံးတင်ကလည်း သူတို့နေထိုင်ရာ အက်ဒင်ဗရာမြို့သို့ အလည်အပတ်လာရန် မကြာမကြာ စာရေးသောကြောင့် တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်ကလည်း စာရေးကျော်ပုဂ္ဂိုလ်ကြီး ဆာဝေါ်တာ စကော့၏ မွေးဖွားရာအရပ်သို့ ရောက်ဖူးလိုသည်တစ်ကြောင်းတို့ကြောင့် အက်ဒင်ဗရာမြို့သို့ အလည်အပတ်သွားရန် စိတ်ကူးမိသည့်အတိုင်း ဆရာဇော်နှင့် ကိုရုံးမို တို့အားအဖော်ညှိသော်လည်း သူတို့က မလိုက်လိုကြသောကြောင့် တစ်ယောက်တည်းသွားရန် စီမံရ၏။ ကိုစောအုံးတင်ထံ စာလှမ်း၍ရေးလိုက်၏။ ကိုစောအုံးတင်ထံမှ လာဖြစ်အောင်လာရန်ရေးလိုက်သောပြန်စာကို ၂-ရက်၊ ၃-ရက်အတွင်းရလေသည်။

**၁၂၉၀-ခုနှစ်၊ တော်သလင်းလဆုတ် (၁၃) ရက်နေ့။**
**( ၁၁. ၉. ၂၈ )**

---

**အက်ဒင်ဗရာသို့** ။ နံနက်စာ စားသောက်ပြီးလျှင် နေအိမ်မှ ကင်းဂ်ကရော့စ်[၁] ဘူတာရုံသို့ တက်စီတစ်စီးနှင့် ထွက်ခဲ့ကြလေသည်။ အက်ဒင်ဗရာ သို့သွားမည် စကော့ပျံ[၂] ခေါ်မီးရထား (၁၀) နာရီထိုးမှထွက်မည်။

---

၁။ Kings Cross ၂။ Flying Scot

ဘူတာရုံတွင် ကိုရုံးမို၊ ဆရာဇော်တို့နှင့်စကားပြောနေကြ၏။ အက်ဒင်ဗရာသို့ အသွားအပြန် တတိယ တန်းလက်မှတ်ကို ၄ပေါင်ခွဲပေး၍ ဝယ်ရ၏။ မီးရထားထွက်ရန် အချိန်နီးသောအခါကျမှ တတိယတွဲတစ်ထဲသို့တက်လိုက်လေသည်။ ဆရာဇော် တို့အား နှုတ်ဆက်နေဆဲ မီးရထားလည်း ဘူတာရုံမှ ထွက်လာသတည်း

**ဂျပန်များ ။** ဆရာဇော်တို့နှင့်အားရပါးရ နှုတ်ဆက်နေသည့်အတွက်ကျွန်တော် တက်စီးသောတွဲထဲတွင်မည်သူမည်ဝါ ပါလာသည်ဟူ၍ပင် မကြည့် မိပေ။ မီးရထားထွက်သောအခါကျမှ ကြည့်မိတော့၏။ ကျွန်တော်၏တွဲထဲတွင် ကျွန်တော့်အပြင် ဂျပန်ခရီးသည် နှစ်ဦးလည်း ပါလာလေသည်။ သူတို့အား မေးကြည့် သောအခါ အက်ဒင်ဗရာမြို့သို့သွားမည်ဖြစ်ကြောင်း၊ ဂျပန်ပြည်မှ ထွက်လာပြီးလျှင် ဗဟုသုတအလို့ငှာ အတိုင်းတိုင်းအပြည်ပြည်သို့လှည့်နေသည်မှာ အတော်ကြာပြီဖြစ် ကြောင်း။ အီတလီ၊ ဂျမဏီ၊ ပြင်သစ်၊ ဘယ်ဂျန်၊ ဟော်လန်၊ ဒင်းမတ်ပြည်များသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း၊ စကော့တလန်မှနေ၍ အမေရိကန်ပြည်သို့သွားဦးမည်ဖြစ် ကြောင်းများကို အင်္ဂလိပ်လိုမပြီ ကလာ၊ ပြီကလာနှင့်ပြောပြကြလေသည်။ ဂျပန်လူမျိုး တို့ ဒေသန္တရဗဟုသုတလိုလားပုံကို ချီးမွမ်းမိတော့သည်။ သို့ကြောင့်လည်း သူတို့မှာ ကမ္ဘာပေါ်တွင် ထင်ပေါ်နေကြကုန်၏။

အရှေ့နိုင်ငံသားအချင်းချင်းဖြစ်သောကြောင့် မီးရထားထွက်၍ များမ မကြာမီအတွင်းမှာပင် ခင်ခင်မင်မင်ဖြစ်၍ သွားကြလေသည်။ ကျွန်တော့်အား ဂျပန် ပြည်သို့အလည်အပတ်လာရန်ခေါ်၏။ သူတို့၏လိပ်များကိုလည်း ပေးခဲ့လေသည်။ ကျွန်တော်ကလည်း နောင်အကြောင်းညီညွတ်လျှင် အလည်လာခဲ့မည့်အကြောင်း၊ ဤသို့ ဖိတ်မန္တက ပြုသောကြောင့် ကျေးဇူးတင်ကြောင်းများကို ပြောပြလေသည်။

**နေ့စာ။** ဤသို့ဂျပန် နှစ်ယောက်နှင့် စကားပြော၍ ကောင်းတုန်းမှာပင် နေ့စာစားချိန်သို့ရောက်သဖြင့် နေ့စာစားရာအခန်းသို့ သုံးယောက် သား ထွက်၍သွားကြ၏။ မီးရထားသွားနေခိုက်ဖြစ်သော်လည်း တစ်တွဲနှင့်တစ်တွဲ ကူးနိုင်ရန်ဆက်၍ထားလေသည်။ နောက်ဆုံးတွဲမှ ခေါင်းတွဲတိုင်အောင် သွားနိုင်၏။ မီးရထားတွဲထဲမှာပင် ဆေးလိပ်၊ မီးခြစ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်၊ ပို့စကတ် ဓာတ်ပုံများကို ရောင်းလေသည်။ ဤပစ္စည်းများကိုမဆိုထားဘိ၊ ဆံပင်ညှပ်သောဆိုင် ပင်ရှိ၏။ အတော်နေရာကျလေသည်။ ကျွန်တော်တို့ နေ့စာစားသောက်နေ ခိုက်မှာပင် နာမည်ကျော်ယောက်မြို့ကို မီးရထားဖြတ်ကျော်၍လာခဲ့၏။ ကျွန်တော်တို့စီးလာ သောမီးရထားကား မည်သည့်မြို့မှာမှ မဆိုက်၊ လန်ဒန်မှ အက်ဒင်ဗရာသို့ တိုက်ရိုက် သွားသောမီးရထားဖြစ်လေသည်။

**ရှုမျှော်ခင်း။** မီးရထားထဲမှ မြင်ရသောရှုမျှော်ခင်းကား လွန်စွာမှပင် သာယာလှပ၏။ တစ်ခါတစ်ခါ စိမ်းလန်သောမြတ်ခင်းများ၊ တစ်ခါတစ်ခါ စိမ်းလန်းသောမုန်လာ၊ ကော်ဖီ၊ အာလူးခင်းများ၊ တစ်ခါတစ်ခါ တောင်ကုန်းကလေးများ၊ သစ်ပင်ထူထပ်သော တောအုပ်ကလေးများကို မြင်ရလေသည်။ တစ်ခါတစ်ခါလည်း သာယာသောရွာကလေးများကို ဖြတ်ကျော်၍လာ၏။ အချို့ ရွာကလေးများမှာ အိမ်ခြေ ၁၀-အိမ်၊ ၁၅-အိမ် မျှသာရှိပေလိမ့်မည်။ ၎င်းရွာကလေးများမှာလည်း သန့်ရှင်းလှသဖြင့် ကြည့်၍ အလွန်ကောင်းလေသည်။ ကောက်သိမ်းချိန် ဖြစ်သောကြောင့်စက်များဖြင့်ကောက်ရိတ်နေကြသည်ကိုလည်းကောင်း၊ ကောက်လှိုင်းများကို စက်ဖြင့် သိမ်းနေကြသည်ကိုလည်းကောင်း၊ တွေ့မြင်ရလေသည်။ ဤသို့ အစဉ်အတိုင်းခုတ်နှင့်လာရာ ဒါလင်တန်၊ ဒါလန်၊ နယူးကာဆယ် စသောမြို့များကို တစ်မြို့ပြီးလျှင်တစ်မြို့ ဖြတ်ကျော်၍လာခဲ့၏။ ညနေ လက်ဖက်ရည်သောက်ပြီး၍ အက်ဒင်ဗရာမြို့သို့ရောက်ခါနီးတွင် မီးရထားမှာ ပင်လယ်ကမ်းခြေမှ ကပ်၍ခုတ်နှင့်လာ၏။ ပင်လယ်အတွင်းသွားလာနေကြသော မီးသင်္ဘောကြီးငယ်တို့ကို မီးရထားထဲမှ မြင်ရလေသည်။ ၅-နာရီခွဲအချိန်ကျမှ ပင်လယ်ကမ်းခြေမှခွာခဲ့၏။ ၆-နာရီထိုးလျှင် မီးရထား အက်ဒင်ဗရာဘူတာရုံတွင်ဝင်၍ဆိုက်လေသည်။ လန်ဒန်နှင့် အက်ဒင်ဗရာ မှာ ၃၉၂-မိုင် ကွာဝေးသော်လည်း ၈-နာရီနှင့် ရောက်သည်ကိုထောက်သော် 'စကော့ပျံ' မှာ မြန်မာပြည် မီးရထားများထက် လွန်စွာပို၍လျှင်မြန်ကြောင်း သိနိုင်လေသည်။

မီးရထားဘူတာရုံတွင် ကိုစောသက်စိန်၊ ကိုစောအုံတင်၊ ကိုထင်အိုင်၊ ကိုရွှေဇံတို့ အသင့်လာကြိုနေကြသောကြောင့် သူတို့နှင့်အတူပင် လိုက်သွား၏။ ကျွန်တော့်အတွက် ကိုစောအုံတင် ငှားထားသောအခန်းသို့ခေါ်သွားကြလေသည်။ ထိုအခန်းတွင် ခေတ္တမျှနေ ကြပြီးနောက် ၈-နာရီ ထိုးသောအခါ အားလုံးပင် ဟိုတယ်ဆိုင်တစ်ဆိုင်သို့ သွားကာ ညစာစားသောက်ကြလေသည်။ ၉-နာရီခွဲ နေအိမ်သို့ပြန်ခဲ့၏။ ကိုစောအုံတင်တို့လည်း အသီးသီး မိမိတို့နေအိမ်သို့ပြန်သွားကြလေသည်။

**၁၉၃၀-ခုနှစ်၊ တော်သလင်းလဆုတ် (၁၄) ရက်နေ့။**
**(၁၂-၉-၂၈)**

---

**ဖို့သ်တံတား* ။** နံနက်စာ စားသောက်ပြီးလျှင် ကိုစောသက်စိန်နှင့်အတူ မော်တော်ဘတ်စ်ကားဖြင့်ဖို့သ်တံတားသို့ ထွက်ခဲ့၏။ လမ်းခရီး တွင် ရှုမျှော်ခင်းကား သာယာလှပပေ၏။ မြန်မာပြည် ရှုမျှော်ခင်းများနှင့်ခပ်ဆင်ဆင်

---

* Forth Bridge

တူလေသည်။ တောင်တက် တောင်ဆင်းများ၊ တောကလေးများ၊ စမ်းချောင်းကလေးများ၊ ဂျုံခင်းများကို တစ်လမ်းလုံး တွေ့မြင်သွားကြလေသည်။ အက်ဒင်ဗရာမှ ဖို့သ်တံတားသို့ မိနစ် (၂၀) ခန့်သာသွားရ၏။ မော်တော်ဘတ်ခ အသွားအပြန် ၁-သျှီလင် ၄-ပဲနီ (မြန်မာငွေ ၁-ကျပ်) မျှသာပေးရလေသည်။

တံတားကြီးမှာ နာမည်ကျော်သလောက်ကြီးကြောင်းကို သိရလေသည်။ တံတားကြီးအနီးတွင် စစ်သင်္ဘော ၄-စင်း ဆိုက်ထားသည်ကိုလည်း မြင် ရ၏။ ကျွန်တော်မှာ တံတားကြီးကို ကြည့်ရှုအံ့ဩနေခိုက် တံတားအတွင်းဘက်မှ ကုန်သင်္ဘောကြီးတစ်စင်း ထွက်လာသည်ကို တွေ့မြင်ရလေသည်။ ၎င်းသင်္ဘောကြီးမှာ ကြီးမားလှသောကြောင့် တံတားအောက်မှထွက်နိုင်မည် မထင်သဖြင့်စောင့်ကြည့်နေမိလေသည်။ တံတားအောက် သို့ရောက်သောအခါ ကောင်းစွာထွက်သွားနိုင်သည်ကိုမြင်ရမှ ယုံလေတော့၏။ တံတားကြီးကို ဖြတ်ကျော်လိုသောဆန္ဒပေါ်ပေါက်လာသောကြောင့် တံတားစောင့်အားမေးကြည့်ရာ တံတားကိုဖြတ်ကျော်လိုလျှင် အက်ဒင်ဗရာမြို့ရှိ မီးရထားအရာရှိထံမှ အမိန့်စာကိုယူခဲ့ရမည်ဟု ပြောသောကြောင့် မဖြတ်ကျော်ခဲ့ရချေ။ (၂) နာရီထိုးလျှင် အက်ဒင်ဗရာသို့ ပြန်ခဲ့ကြလေသတည်း။

**အက်ဒင်ဗရာရဲတိုက် ။** ဖို့သ်တံတားမှပြန်လာကြပြီးနောက် အက်ဒင်ဗရာရဲတိုက်သို့သွားကြပြန်လေသည်။ ၎င်းရဲတိုက်ကြီးကားမြို့နှင့်ကပ်လျက်ရှိသော တောင်ကမ်းပါးကြီး၏ထိပ်ပေါ်တွင်တည်ရှိ၏။ ရဲတိုက်ကြီးမှနေ၍ ကြည့်လိုက်လျှင် တောင်အောက်ရှိမြို့အတွင်း သွားလာနေကြသော မော်တော်ကား၊ ဓာတ်ရထား၊ ဘတ်ကားနှင့် လူများကို ငယ်ငယ်ကလေးမြင်ရလေသည်။ တောင်ကမ်းပါးကြီး၏တစ်ဖက်ချိုင့်ကြီးကိုပန်းခြံပြုလုပ်ထား၏။ ၎င်းပန်းခြံထဲတွင် အဆင့်ဆင့် အနိမ့်အမြင့်ပြုလုပ်စီမံထားသောလမ်းကလေးများ၊ ရှုကလေးများ၊ ပန်းကွက်ကလေးများကိုမြင်ရသည်မှာ ကြည်းနူးဖွယ်ကောင်းလှပေသည်။

အဆိုပါ ရဲတိုက်ထဲဝင်ကြည့်ရန် အခ မပေးရသော်လည်း ရဲတိုက်အတွင်းရှိထူးဆန်းသည့်နေရာများ၊ ထူးဆန်းသည့်ပစ္စည်းများထားရာ အခန်းများထဲသို့ဝင်ကြည့်ရန်ကား တစ်ယောက်လျှင်ခြောက်ပဲနိပေးရလေသည်။ စကော့လန်ဘုရင်မင်းမြတ်၏သရဖူနှင့် မင်းမြောက်တန်ဆာများထားရာအခန်း၊ ပွဲလန်းသဘင် ကျင်းပရာအခန်းများအတွင်းသို့ ရှေးဦးစွာဝင်ကြည့်ကြ၏။ ထို့နောက်လွန်ခဲ့သော ကမ္ဘာစစ်ကြီးအတွင်းတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော စကော့စစ်သားတို့အား အထိမ်းအမှတ်အဖြစ်ဖြင့် ဆောက်လုပ်ထားသော ပြတိုက်အတွင်း ဝင်ကြည့်ကြသေး၏။ ၎င်းအတွင်း စကော့စစ်တပ်တို့၏ အလံများကို နံရံ၌ထောင်ထားလေသည်။ ကမ္ဘာစစ်အတွင်းက ၎င်းစစ်တပ် တို့တိုက်ခိုက်ပါဝင်ခဲ့ပုံအကြောင်းများကိုလည်း နံရံတွင် ကမ္ပည်းကျောက်စာများ ထိုးထားသေး၏။ အတန်ကြာပင် ၎င်းရဲတိုက်အတွင်းလျှောက်ကြည့်ကြပြီးနောက် နေအိမ်သို့ ပြန်ခဲ့ကြလေသတည်း။

ညခုနှစ်နာရီတွင် ကိုစောအုံတင်ပေါက်လာ၏။ သူနှင့်အတူတူ အက်ဒင်ဗရာမြို့အတွင်း လှည့်ပတ်ကြည့်ရှုကြလေသည်။ အလွန်စည်ကားသောမီးရထား ဘူတာရုံနှင့် ဥယျာဉ်များသို့ရောက်ကြ၏။ မည်သည့်နေရာသို့သွားမည်ဟု ရည်ရွယ်ခြင်းမပြုဘဲ ခြေဦးလှည့်ရာသို့သွားကြခြင်း ဖြစ်လေသည်။ လမ်းတွင် ကိုစောအုံတင်က အင်္ဂလန်ပြည် ပညာသင်ကြားရေးအကြောင်းများကို ပြောပြလေသည်။

**၁၉၃၀- ခုနှစ်၊ တော်သလင်းလဆုတ် (၁၅) ရက်နေ့။**
**(၁၃-၉-၂၈)**

---

**ဆာဝေါတာစကော့၏အိမ်။** နာမည်ကျော် စာရေးဆရာကြီး ဆာဝေါတာ စကော့အနိစ္စ ရောက်သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း သူ၏လက်ာ၊ ဝတ္ထုများမှာ ယခုတိုင်ကျော်ကြားလျက် ရှိနေသေး၏။ ၎င်းစာများကိုဖတ်ရသော သူအပေါင်းတို့မှာ ဆာဝေါတာစကော့၏နေထိုင်ရာ၊ မွေးဖွားရာအရပ်သို့ လာရောက်ကြည့်ရှုလေ့ရှိကြလေသည်။ ဆာဝေါတာစကော့၏ နေအိမ်သို့သွားရောက်ကြည့်ရှုလိုသူတို့အဖို့ သောမတ်စ်ကွတ်က်ကုမ္ပဏီက မော်တော်ကားများကို စီမံထားလေသည်။

ကျွန်တော်တို့လည်း ဆာဝေါတာစကော့၏အိမ်သို့သွားရောက်ကြည့်ရှုလိုသူ တစ်ယောက်ဖြစ်သောကြောင့် နံနက်စာစားသောက်ပြီးလျှင် သောမတ်စ်ကွတ်က် တိုက်ရှေ့မှ မော်တော်ဘတ် စ၍ထွက်လေသည်။ ၎င်းတိုက်မှ ထည့်လိုက်သော လမ်းညွှန် တစ်ယောက်လည်း ပါ၏။

လမ်းတစ်လျှောက်တွင် တွေ့မြင်သွားရသော ရှုမျှော်ခင်းကား သာယာလှပ၏။ ထင်းရှူးတောများတောင်ကုန်းကလေးများ၊ မြစ်ကလေး၊ စမ်းချောင်းကလေးများကို ဖြတ်ကျော်သွားေလသည်။ မြစ်ကလေးများဟူ၍ ဆိုရသော်လည်း မြန်မာပြည်၏ စမ်းချောင်းကလေးများမျှသာ ရှိလေသည်။ နာမည်ကျော် တွိဒ်[၁] ခေါ် မြစ်ကလေးဘေးမှာလည်း မကြာမကြာမောင်းနှင်၍သွား၏။ မြစ်ကလေးငြိမ်သက်စွာ စီးဆင်းနေသည်မှာ လွန်စွာမှပင် ကြည့်၍ကောင်းလေသည်။

အက်ဒင်ဗရာမြို့မှ ထွက်လာ၍ နှစ်နာရီ ခန့်ကြာသောအခါ အက်ဗောတ်ဖို့ဒ်[၂] ခေါ် ဆာဝေါတာစကော့၏အိမ်သို့ရောက်ကြ၏။ ၎င်းအိမ်ကား တွိဒ်မြစ်ကလေး၏ ကမ်းဘေး တောတောင်များအကြားတွင် တည်ရှိလေသည်။ အိမ်ဘေးပတ်ဝန်းကျင်ကို

---

၁။ The Tweed ၂။ Abbotsford House

လျှောက်ကြည့်ကြပြီးလျှင် အိမ်အတွင်းသို့ဝင်ကြည့်ကြ၏။ အိမ်ထဲဝင်ရန်လူတစ်ယောက်လျှင် တစ်သျှီလင်ပေးရလေသည်။ တစ်နေ့လျှင် ငွေ ၁ဝ-ခန့်အိမ်ရှင်ကရ၏။ မြန်မာပြည်တွင် မူကား စာရေး ဆရာကျော် တစ်ယောက်ယောက် အိမ်ထဲသို့ဝင်ကြည့်ရန် မည်သူမျှ ပိုက်ဆံ ၁-ပဲပေး မည်မထင်။ အခမဲ့ကြည့်ရမည်ဆိုသော်လည်း ကြည့်ရှုမည့်သူရှိမည်မဟုတ်။ အနောက်နိုင်ငံ များတွင် စာရေးကျော်များအား ကြည်ညိုရိုသေကြပါပေ၏။ အားပေးကြပါပေ၏။

ဆာဝါတာစကော့၏အိမ်ထဲတွင် အခန်းပေါင်းများစွာရှိလေသည်။ ကျွန်တော်တို့ ပထမဝင်သောအခန်းကား ဆာဝေါတာစကော့၏ အဝတ်အစား အသုံးအဆောင်များ ထားရာအခန်းဖြစ်၏။ ဦးထုပ်၊ ဘောင်းဘီ၊ အင်္ကျီ၊ မြင်းကုန်းနှီးများကို မှန်အိမ်ကြီးထဲတွင် သိမ်း၍ထားလေသည်။ ဆာဝေါတာစကော့၏ စားပွဲ၊ ကုလားထိုင် များလည်း ဤအခန်းထဲတွင်ပင်ရှိ၏။ စာရေးကျော်ပုဂ္ဂိုလ်ကြီး အနိစ္စရောက်သည်မှာ နှစ်ပေါင်းများစွာပင်ကြာပြီဖြစ်သော်လည်း သူ၏အသုံးအဆောင် အဝတ်အစားများကို ကောင်းမွန်ကျနစွာ သိမ်းဆည်း ထားသူတို့အား များစွာချီးမွမ်းမိတော့၏။

အဆိုပါအခန်းမှ ထွက်ခဲ့ကြပြီးလျှင် ဆာဝေါတာစကော့၏ စာရေးရာအခန်းသို့သွားကြပြန်လေသည်။ ၎င်းအခန်းအလယ်တည့်တည့်တွင် စာရေးစားပွဲတစ်လုံးနှင့် ကုလား ထိုင်တစ်လုံးတို့ကို မြင်ရလေသည်။ ကမ္ဘာတစ်ဝှမ်းလုံး ပြန့်နှံ့နေကြသော လင်္ကာ၊ ဝတ္ထုများကို ဖွဲ့ဆိုရေးသားသည်မှာ ၎င်းစားပွဲမှာပင် ဖြစ်တန်ရာ၏။

ထိုနောက် ဆာဝေါတာစကော့၏ စာအုပ်များထားရာ အခန်းသို့ရောက်သွားကြလေသည်။ ၎င်းအခန်းထဲတွင် စာအုပ်ပေါင်း ၂၀၀၀၀ ကျော်ကျော်ရှိသည်ဟု လမ်းညွှန်လုပ်သူက ပြောပြလေသည်။ ဟုတ်ကောင်းဟုတ်ပေလိမ့်မည်။ ၎င်းအခန်းမှနေ၍ ကြည့်လိုက်လျှင် တွိဒ်မြစ်ကလေးကို အတိုင်းသား မြင်နေရလေသည်။ အလွန်သာယာလှပေ၏။ ထို့ကြောင့်လည်း ဆာဝေါတာစကော့မှာ ကမ္ဘာကျော်သော စာများကို ရေးသားဖွဲ့ဆိုနိုင်ပေသည်တကားဟု စဉ်းစားမိလေသည်။

၎င်းအခန်းမှထွက်လာကြပြီးလျှင် ဓါး၊ လှံ၊ သေနတ်၊ သံချပ်အင်္ကျီ အစရှိသော လက်နက်များထားရာ အခန်းထဲသို့ဝင်ကြပြန်လေသည်။ အခန်းနံရံတွင် ချိတ်ထားသော ဓါး၊ လှံ၊ သေနတ်၊ သံချပ်အင်္ကျီ၊ သံခမောင်တို့မှာ အတော်ပင်များ၏။ ဆာဝေါတာစကော့၏ရာဇဝင်ဝတ္ထုများတွင် ပါဝင်အသုံးတော်ခံခဲ့ကြသော လက်နက် များဖြစ်ကြလေသည်။ ထိုအခန်းအတွင်းရှိသာ လက်နက်အမျိုးမျိုးတို့ကို ကြည့်ရှုကြပြီးနောက် ၎င်းအိမ်မှ ထွက်လာခဲ့ကြလေသည်။

**မေဗလီ ဟိုတယ် ။** ကျွန်တော်တို့လူစု ဆာဝေါတာစကော့၏အိမ်မှ ထွက်လာကြသောအခါနေ့နာရီပြန် ၁-ချက်ထိုးတော့မည်။ နာရီဝက်ခန့်သွားမိလျှင် မဲရိုးစ်*ခေါ် ရွာကလေးသို့ရောက်ကြ၏။ ၎င်းရွာကလေးတွင် တည်ရှိသော

* Melrose

ဝေဗာလီဟိုတယ်ဆိုင်တွင် နေ့စာစားသောက်ကြလေသည်။ ၎င်းဟိုတယ်နှင့် မနီးမဝေး တွင် မဲရိုးစ် ဘုရားရှိခိုး ကျောင်းပျက်ရှိ၏။ ၎င်းဘုရားရှိခိုးကျောင်းပျက်ကို သွားရောက် ကြည့်ရှုကြသေးသည်။ ကျွန်တော်တို့ ရောက်သွားသောနေ့ ကြာသပတေးနေ့ဖြစ် သောကြောင့် တစ်ရွာလုံး တိတ်ဆိတ်လျက်နေ၏။

**ဆာဝေါတာစကော့၏သင်္ချိုင်း ။** ၂-နာရီခွဲ အချိန်တွင် မဲရိုးစ် ရွာကလေးမှ ထွက်လာကြပြီးလျှင် ဆာဝေါတာစကော့၊ သူ၏ဇနီး နှင့် ဆွေးမျိုးများကိုမြှုပ်နှံထားရာဖြစ်သော ဒရိုင်ဗရာ[၁] ခေါ် ဘုရားရှိခိုးကျောင်း သို့သွားကြပြန် လေသည်။ ၃-နာရီထိုးလျှင် အဆိုပါ ဘုရားရှိခိုးကျောင်းသို့ ရောက်ကြ ၏။ ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ဝင်ကြည့်ရန် တစ်ယောက်လျှင် ၆-ပဲနီ ပေးရ လေသည်။ ဘုရားရှိခိုးကျောင်းက ကျော်ကြားသောကြောင့်မဟုတ်၊ ဆာဝေါတာ စကော့၏မြှုပ်နှံထားရာဘုရားရှိခိုးကျောင်းဖြစ်သောကြောင့်သာ နေ့စဉ်ပင် ၎င်းဘုရား ရှိခိုးကျောင်းသို့ လူအရောက်အပေါက်များ၏။

**ကဲဆိုးရွာ၂ ။** အဆိုပါဘုရားရှိခိုးကျောင်းတွင် နာရီဝက်ခန့် လှည့်လည်ကြည့်ရှုကြပြီး နောက်ထွက်လာခဲ့ကြရာ ညနေ ၅-နာရီတွင် ကဲဆိုးခေါ်သောရွာ ကလေးသို့ ရောက်ကြလေသည်။ ထိုရွာကလေးရှိ ဟိုတယ်ဆိုင်တစ်ဆိုင်တွင် လက်ဖက် ရည်ဝင်၍သောက်ကြ၏။ လက်ဖက်ရည်သောက်နေရာအခန်းမှ မျှော်ကြည့်လိုက်လျှင် မနီးမဝေးတွင် သာယာဖြည်းညှင်းစွာ စီးဆင်းနေသော မြစ်ကလေးကို အတိုင်းသား မြင်နေရလေသည်။ ၎င်းနေရာမှာ အလွန်တိတ်ဆိတ် သောနေရာဖြစ်သောကြောင့် ခပ်အေးအေး လာရောက်နေထိုင်ရန်ကောင်းသော နရာဖြစ်လေသည်။ ညနေ ၆- နာရီအချိန်တွင် ထိုရွာကလေးမှထွက်ခဲ့ကြရာ အက်ဒင်ဗရာသို့ ၈-နာရီထိုးမှ ရောက်ကြ လေသတည်း။

၁။ Dryburgh ၂။ Kelso

## ၁၂၉၀- ခုနှစ်၊ တော်သလင်းလဆန်း (၁) ရက်နေ့။ (၁၄-၉-၂၈)

**စကော့တလန်အင်းအိုင်များ ။** ရန်ကုန်တက္ကသိုလ် ဥပစာတန်းတွင် ပညာသင်ကြားခဲ့စဉ်က "အင်းအိုင်သူ"[၁] ခေါ် သောလင်္ကာကိုသင်ကြားရလေသည်။ ၎င်းလင်္ကာကလေးမှာ စကော့တလန်အင်းအိုင်များ၊ ရှုမျှော်ခင်းများ၏သာယာပုံကို သီကုံးဖွဲ့ဆိုထားသော လင်္ကာကလေးဖြစ်၏။ ထိုလင်္ကာကို သင်ကြားနေစဉ်အခါက အလွန်အကြူးနှစ်သက်ခဲ့ဘူး၏။ ယခုကား အခါကောင်းနှင့်ကြုံနေလေပြီ၊ ၎င်း လင်္ကာကလေးတွင် ပါဝင်သောနေရာဌာနများ ကိုသွားရောက်ကြည့်ရှုလိုသောဆန္ဒပေါ် လာသည့်အတိုင်း နံနက်စာ စားသောက်ပြီးလျှင် သောမတ်စ်ကွတ်က်တိုက်သို့ထွက်လာခဲ့၏။ ၎င်းတိုက်တွင်စကော့လန် အင်းအိုင်များသို့ သွားရောက်ကြည့်ရှုရန်လက်မှတ်တစ်စောင်ကို ဆယ့်ခုနှစ်သျှီလင် ခြောက်ပဲနီပေး၍ဝယ်လေသည်။ ကျွန်တော်ကဲ့သို့ အင်းအိုင်များကို သွားရောက်ကြည့်ရှုမည့်သူတို့အား ဆယ့်ငါးဦး ခန့်ရှိပေလိမ့်မည်။

ကိုးနာရီတိတိတွင် သောမတ်စ်ကွတ်က် တိုက်ရှေ့မှမော်တော်ဘတ် ထွက်လေသည်။ လမ်းညွှန်တစ်ယောက်လည်းပါ၏။ လော့(က်)လိုမောန်[၂]ခေါ် ကန်ကြီးမှာ မြူနှင်းတဝေဝေနှင့်နေသော တောင်များအကြားတွင်တည်ရှိသောကြောင့် အလွန်ကြည့်ရှု၍ကောင်းလှပေ၏။ ထိုကန်ကြီးပတ်ဝန်းကျင်တွင်လည်း ထင်းရှူးပင်များပေါက်လျက်နေသောကြောင့် အလွန်ကြည့်ရှု၍ ကောင်းလှပေ၏။ ထိုကန်ကြီး ပတ်ဝန်းကျင်တွင်လည်း ထင်းရှူးပင်များ ပေါက်လျက်နေသောကြောင့်ကန်ကြီးကို ပိုမို၍သာယာစေ၏။ ကျွန်တော်တို့ စီးလာသော မော်တော်ဘတ်မှာ ထိုကန်ကြီးကို ပါတ်ခါမောင်းနှင်၍လာလေသည်။ "အင်းအိုင်သူ" ခေါ် လင်္ကာကလေးတွင် ဆာဝေါ်တာစတော့ ဖွဲ့နွဲ့ထားသည်ထက်ပင် ပိုမိုသာယာသည်ဟု ထင်မှတ်မိ၏။

ဤသို့ကန်ကြီးကိုပတ်ပြီးမောင်းနှင်လာရာ နေ့ခင်းနာရီပြန်တစ်ချက်ထိုးလျှင် လပ်စ်[၃] ခေါ် ရွာကလေးအတွင်း အညောင်းဆန့်ကြပြီးနောက်ထွက်လာခဲ့ကြပြန်၏။

**ထရော့ဆက်စ်[၄] ။** ညနေ လေးနာရီတွင် ထရော့ဆက်စ်ခေါ် သော တောသို့ရောက်ကြလေသည်။ "အင်အိုင်သူ" လင်္ကာကလေးတွင် ဖွဲ့နွဲ့ထားသကဲ့သို့ပင် သာယာလှပေ၏။ မြန်မာပြည်တွင်လည်း ဤသို့သာယာသော တောတောင်များရှိသည်ပင်၊ သို့ရာတွင် လင်္ကာဆရာကြီးများက ဖွဲ့နွဲ့သီဆို ချီးမွမ်းလိုက်သောအခါ ကျမှပိုမိုသာယာသည်ဟု မှတ်ထင်လေ့ရှိကြလေသည်။ သျှင်ဥတ္တမကျော်

၁။ The Lady Of The Lake
၂။ Loce Lomond
၃။ Luss
၄။ Trossachs

တောလား၊ သျှင်မဟာရဋ္ဌသာရ ရွှေစက်တော်သွားတောလားတို့မှာ သာဓကများ ပေတည်း။

ထရော့ဆက်စ်တွင် ခေတ္တမျှအညောင်းဆန့်ရင်းလျှောက်ကြည့်ကြပြီးနောက် ထွက်လာခဲ့ကြရာ အန်ကတ်စတား[၁] ခေါ်သော ရွာကလေးသို့ ငါးနာရီတွင်ရောက်ကြလေသည်။ ထိုရွာကလေးရှိ ဟိုတယ်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ကြ၏။ ထို့နောက် ဆက်လက်၍ လာခဲ့ကြရာ အက်ဒင်ဗရာသို့ ရှစ်နာရီကျော်မှ ပြန်ရောက်ကြလေသည်။

## ၁၂၉၀-ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်နေ့။ (၁၉-၉-၂၈)

**ဂျွန်နော့စ်**[၂] **။** စကော့လန် အင်းအိုင်များသို့ လှည့်ပတ် ကြည့်ရှုပြီးသည်နောက်သုံးရက်တိုင်တိုင် မည်သို့မျှမသွားချေ။ နေကြပ်ကြပ်မကောင်းသည်ကတစ်ကြောင်း၊ မြန်မာပြည်သို့ စာရေးရန်ရှိသည်တစ်ကြောင်းတို့ကြောင့်ဖြစ်လေသည်။ လေးရက်မြောက်သောနေ့တွင်ကား နေ့စာ စားသောက်ပြီးနောက် ဂျွန်နော့စ်၏နေအိမ်သို့ သွားရောက်ကြည့်ရှုလေသည်။ ဂျွန်နော့စ်ကား စကော့လန်ရာဇဝင်တွင် ထင်ရှားကျော်ကြားခဲ့သော ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကြီး အနိစ္စရောက်သည်မှာ ကြာပြီဖြစ်သော်လည်း သူ၏နေအိမ်ကိုကားမပျက်စီးအောင် အသေအချာ ကြည့်ရှုစောင့်ရှောက်၍ ထားလေသည်။ အိမ်ထဲဝင်ကြည့်ရန်အတွက် ခြောက်ပဲနိပေးရ၏။ အင်္ဂလန်၊ စကော့လန်ပြည်များတွင် ထူးဆန်းသော အရာဝတ္ထုများကို အများအားဖြင့် ပိုက်ဆံပေးမှ ကြည့်ရှုရလေသည်။ ကျွန်တော်ကဲ့သို့ ပိုက်ဆံပေးကာ ဝင်ရောက် ကြည့်ရှုနေကြသူတို့လည်းအများပင်၊ ၎င်းအိမ်အတွင်းတွင် ရှေးဟောင်းစားပွဲ၊ ကုလားထိုင်မှစ၍ အသုံးအဆောင် အမျိုးမျိုးတို့ကို တွေ့မြင်ရလေသည်။

**စကော့လန် အမျိုးသားပြတိုက် ။** အဆိုပါအိမ်မှ ထွက်လာခဲ့ပြီးနောက် နာမည် ကျော် ဟိုလီရုဒ်နန်းတော်[၃] သို့ သွားရောက် ကြည့်ရှုမည်ဟုလျှောက်သွားရာလမ်းထဲတွင် မိုးမိသောကြောင့် ဆိုင်တစ်ဆိုင်တွင် အတန် ကြာအောင်မိုးခိုနေရလေသည်။ မိုးစဲသွားသောအခါ အချိန်နှောင်း

၁။ Ancaster ၂။ John Knox ၃။ Holyrood Palace

နေပြီဖြစ်သောကြောင့် ဟိုလီရိုဒ်နန်းတော်သို့မသွားဘဲ စကော့လန်အမျိုးသား ပြတိုက်သို့ ထွက်ခဲ့လေသည်။ ၎င်းပြတိုက်မှာ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်လောက် မကြီးကျယ်ပေ၊ လူလည်းမစည်းကား၊ သို့ရာတွင် ကိုယ်ပိုင်ပြတိုက်တစ်တိုက် ရှိသေးသောကြောင့် မြန်မာပြည်ထက်ကား သာပေသေးသည်ဟု အောက်မေ့မိ၏။ ၎င်းပြတိုက်ထဲတွင် အတော်ကြာအောင် လျှောက်ကြည့်နေပြီးနောက်မှ နေအိမ်သို့ ပြန်လာခဲ့လေသတည်း။

## ၁၂၉၀-ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက်နေ့။ (၂၀-၉-၂၈)

**ဟိုလီရုဒ် နန်းတော် ။** နံနက်စာ စားသောက်ပြီးနောက် ဟိုလီရုဒ် နန်းတော်သို့ထွက်ခဲ့လေသည်။ ကျွန်တော်နေထိုင်သောအိမ်နှင့်များစွာမဝေးပေ။ ရောက်သွားသော အချိန်မှာ အနည်းငယ်စောနေသောကြောင့် လာရောက်ကြည့်ရှုသူ အနည်းငယ်သာရှိ၏။ နန်းတော်ထဲသို့ဝင်ကြည့်ရန် ခြောက်ပဲနီ ပေးရလေသည်။ နန်းတော်ဝင်းအတွင်းရှိ ဘုရားရှစ်ခိုး ကျောင်းထဲမှပင် စကော့လန် ဘုရားများ၊ မင်းဆွေမင်းမျိုးများ မြှုပ်နှံထားရာသင်္ချိုင်းများ ရှိလေသည်။

ထို့နောက် စကော့လန် ဘုရင်မင်းမြတ်တို့၏ ရုပ်ပုံများထားရာ အခန်းထဲသို့ ဝင်ကြည့်၏။ ရုပ်ပုံပေါင်းတစ်ရာရှိသည်ဟုစာရင်းတွင် ပါလေသည်။ ၎င်းရုပ်ပုံအပေါင်းတို့မှာ ဘုရင်မင်းမြတ်များ၏ ရုပ်ပုံချည်းမဟုတ်၊ မင်းညီမင်းသားများ၏ ရုပ်ပုံများလည်းပါလေသည်။

ထိုအခန်းမှ ထွက်ခဲ့ကြပြီးနောက် မေရီ အမည်ရှိသော စကော့လန်ဘုရင်မ၏ ကြင်ရာတော်ဒန်လေ[၁] ၏ဧည့်ခန်းထဲသို့ဝင်ကြည့်၏။ ၎င်းအခန်းနှင့် ကပ်လျက် အိပ်ခန်းထဲသို့ ဝင်ကြည့်၏။ ၎င်းအခန်းနှင့်ကပ်လျက် အိပ်ခန်းထဲသို့ဝင်ကြည့်သောအခါ ဒန်လေ၏ကုတင်၊ မွေ့ရာများကို တွေ့မြင်ရလေသည်။ အဆိုပါ အခန်းများ၏ အထက်ထပ်တွင်ကား မေရီဘုရင်မ၏[၂] အခန်းများရှိလေသည်။ အိပ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အပျိုတော်များနေထိုင်ရာအခန်းများကို တွေ့မြင်ခဲ့ရ၏။ ၎င်းအထပ်မှာပင် ဘုရင်မနှင့်ယဉ်ပါးဖူးသော အီတလီစောင်းဆရာရဇ္ဇီယို[၃]အား ဘုရင်မ၏ ရှေ့တော်တွင်ပင် ကြင်ရာတော်၏ဘက်တော်သားတို့ကသတ်ရာ အခန်းကလေးကိုလည်းတွေ့ရလေသည်။ ဤအကြောင်းမှာ ရာဇဝင်တွင်များစွာထင်ရှား၏။ မေရီဘုရင်မ၏

၁။ Lord Darnley
၂။ Mary Queen of Scots
၃။ Rizzio

အခန်းများ အပြင်၊ ဝိတိုရိယာ ဘုရင်မကြီး၊ ဧဒွတ် ဘုရင်မင်းမြတ်၊ ဂျော့ဘုရင်မင်းမြတ်တို့ စကော့လန်သို့ကြွလာတော်မူသည့်အခါ နေထိုင်ရာ အခန်းများအတွင်းသို့ ဝင်ကြည့်ကြသေး၏။

**၁၂၉၀-ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်နေ့။**
**(၂၂-၉-၂၈)**

---

**လန်ဒန်သို့အပြန် ။** နံနက်စာ စားသောက်ပြီး ဆယ်နာရီ အချိန်မှာ အက်ဒင်ဗရာမြို့မှထွက်လာခဲ့လေသည်။ မိတ်ဆွေအားလုံးပင် ဘူတာရုံသို့ ဆင်းပို့ကြသောကြောင့် ကျေးဇူးတင်ရသေး၏။ ကျွန်တော်စီးလာသော တွဲထဲတွင် အသက် သုံးဆယ်ခန့်ရှိ လင်မယားနှစ်ယောက် ပါလာလေသည်။ သူတို့မှာ အချစ်နလံထလာကြသော ကြောင့်လားမသိ။ တစ်လမ်းလုံး အတောမသတ်အောင် စကားပြောလာကြ၏။ ညနေ ခြောက်နာရီ လန်ဒန်မြို့သို့ ရောက်မှ သူတို့၏ စကားပြောခြင်းမှ ရပ်သွားလေတော့သည်။

**၁၂၉၀- ခုနှစ်။ တော်သလင်းလဆန်း (၁၂) ရက်နေ့။**
**(၁၀-၁၀-၂၈)**

---

**ခွဲရဦးမည်။** အောက်ဒ်ဖို့ဒ်သို့ များမကြာမီ ရက်အတွင်း ပြန်ရတော့မည် ဖြစ်သောကြောင့် အတူနေ၊ အတူသွား၊ အတူစားဘက် ကိုရုံးမို၊ ဆရာဇော်တို့နှင့် ခွဲရမည်ကို စိတ်ပျက်လျက်နေ၏။ သွားရခါနီးလေ၊ စကားပြော၍ကောင်းလေ၊ တရုတ်ထမင်းဆိုင်သို့ သွားလေပင်။ ကျွန်တော်တို့ သုံးယောက် အနက် ဆရာဇော်မှာ အသက်အကြီးဆုံးဖြစ်သောကြောင့် နေရာတကာတွင် ဆင်ခြင်ရန်အမြဲမပြတ်ဆုံးမဩဝါဒ ပေးလေ့ရှိ၏။ ကျွန်တော်တို့နှစ်ယောက်မှာလည်း ဆရာဇော် ပြောဆိုဆုံးမသော စကားအတိုင်း လိုက်နာဆောင်ရွက်လေ့ရှိကြလေသည်။ သို့နှင့် ကျွန်တော်တို့အင်္ဂလန်သို့ရောက်သည်မှာ တစ်နှစ်ကြာခဲ့လေ၏။

# အခန်း (၉)

# ဒုတိယနှစ်

**အမှာ ။** မြန်မာပြည်မှထွက်လာကတည်းက တစ်နှစ်ကုန်လွန်သည့်တိုင်အောင် နေ့စဉ်မှတ်တမ်းအဖြစ်ဖြင့် ရေးသားလာခဲ့သည် ဖြစ်သောကြောင့် အင်္ဂလန်အကြောင်း၊ လန်ဒန်အကြောင်း၊ အောက်စ်ဖို့ဒ်တက္ကသိုလ်အကြောင်း များမှာ အတန်စုံလင်စွာပါဝင်ခဲ့လေပြီ။ ဒုတိယနှစ်တွင်လည်း နေ့စဉ်မှတ်တမ်း အဖြစ် ရေးသားနေမည်ဆိုလျှင် ယခင်နှစ်ကသိပြီးသား ဖတ်ပြီး သားအကြောင်းတို့ သာလျှင် ထပ်ကာထပ်ကာ ပါဝင်ရေန်အကြောင်းရှိသဖြင့် ငြီးငွေ့ဖွယ်ရာကောင်း နေပေလိမ့်မည့်ပြင် ဤမှတ်တမ်းမှာလည်း လိုသည်ထက်ပို၍ ရှည်လျားနေရန် အကြောင်းရှိလေသည်။ သို့ဖြစ်သောကြောင့်ဤအခန်းတွင် ယခင်ကမရေးသားခဲ့ ရသေးသော အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့်သက်ဆိုင်သည့် အကြောင်းများကိုသာ လျှင် အကျဉ်းချုံး၍ ရေးသားဖော်ပြပါမည်။

## နှစ်ကြီးသမား

ကျွန်တော်တို့မိတ်ဆွေတစ်စုမှာ ဒုတိယနှစ်ကျောင်းပြန်ဖွင့်၍ ကျောင်း သို့ရောက်လာကြသောအခါ ယခင်နှစ်တုံးကကဲ့သို့ကြောင်တောင်တော် မဖြစ် တော့ဘဲ နှစ်ကြီးသမားကျောင်းသားဟောင်းတို့၏ ထုံးစံအတိုင်း ခပ်တည်တည် သွားလာဝင်ထွက်နေကြကုန်၏။ ယခင်နှစ်တုန်းကကဲ့သို့ ကျောင်းဝင်ရသော အခန်းအနား၊ တက္ကသိုလ်ဝင်ရသောအခန်းအနားတို့တွင်လည်း မပါဝင်ရတော့ပြီ။ အတော်ပင် ပျော်ရွှင်လျက်နေကြကုန်၏။ ကျောင်းသားသစ်အပေါင်းတို့ မျက်နှာ သေကလေးများနှင့် ဟိုမေး၊ သည်မေး၊ ဟိုပြေး၊ သည်ပြေးနှင့်နေကြ သည်ကိုမြင် လျှင် ပြုံးမိကြလေသည်။ အချို့ကျောင်းသားသစ်ကလေးများမှာ ဟန်ဟန်ပန်ပန် ဝတ်စားကာ ကျောင်းထဲတွင် ထွက်ဝင်သွားလာနေကြသည်ကိုမြင်လျှင် "သည် ကျောင်းသားသစ် ကလေးတွေဟန်များလှပါတယ်" ဟု အချင်းချင်း ပြောဆိုမိကြ လေသည်။ အချို့ကျောင်းသာသစ်ကလေးများ မသွားတတ်မလာ တတ်ဖြစ်နေကြ သည်ကို မြင်ပြန်၍ "သည်ကျောင်းသားသစ် ကလေးတွေကိုက အ, တတနိုင်ပါ တယ်" ဟုဆိုကာရယ်မောမိကြလေသည်။ မိမိတို့လည်း ယခင်နှစ်တုန်းကဤ

ကျောင်းသားတို့ကဲ့သို့ပင် အဆိုအပြောခံခဲ့ရသည်များကို သတိမရကြတော့ပေ၊ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် သာမဟုတ် ရန်ကုန်တက္ကသိုလ်တွင်လည်း ဤနည်းအတိုင်းပင် ကျောင်းသားသစ်ကလေးများကို ကဲ့ရဲ့လှေ့ရှိကြလေသည်။ ရန်ကုန်တက္ကသိုလ်တွင်သာမဟုတ် အခြားတက္ကသိုလ်များ၊ အခြားကျောင်းများတွင်လည်း ဤသို့ပင်ဖြစ်ကြမည်မှာ ယုံမှားစရာမရှိပေ။

နှစ်ကြီးသမားဘဝသို့ ရောက်သွားပြီဖြစ်သောကြောင့် တနင်္ဂနွေတစ်ပတ်လျှင် (၄)ရက်သာနာမည်ထိုးရတော့၏။ ကျောင်းသားသစ်ဘဝတုံးက (၅) ရက်နာမည်ထိုးခဲ့ရလေသည်။ ယခင်နှစ်တုန်းက ကျွန်တော်တို့အား မထီလေးစားလုပ်ခဲ့ကြသောကျောင်းသားကြီးများလည်း ယခုနှစ်တွင် ခေါ်ခေါ်ပြောပြောလုပ်ကြလေပြီ။ ကျွန်တော်တို့လူစုက ကျောင်းသားသစ်များအပေါ်တွင် ဟန်ထုတ်ကြပြန်၏။ ယခင်နှစ်တုန်းက ကျောင်းသားများစုဝေးရာအခန်းသို့ သွားသောအခါ ခပ်ကြောင်ကြောင်နေခဲ့သော်လည်း ယခုနှစ်တွင်ကား ထွက်ချင်သလိုထွက်၊ ဝင်ချင်သလိုဝင်၊ မည်သူ့အားမျှ ဂရုမစိုက်တော့ပြီ။ လွတ်လပ်ခွင့်ကို များစွာရနေကြကုန်၏။

နှစ်ကြီးသမား ကျောင်းသားကြီးများနှင့်သာ အကျွမ်းတဝင် ဖြစ်နေကြသည်မဟုတ်၊ ကျောင်းအုပ်ကြီးမှစ၍ ကျောင်းဆရာအားလုံးနှင့်ပင် နေရာမကျသည်ကိုမြင်ရလျှင် တနည်းနည်းဖြင့် ဆုံးမလေ့ရှိလေသည်။ ကျွန်တော်တို့လက်ထက်က ရန်ကုန်တက္ကသိုလ်ကျောင်းတွင် လူပါးခပ်ဝဝ ကျောင်းသားသစ်တို့အား စကားပြောဆိုရာတွင်လည်းကောင်း၊ ကစားကွင်းတွင်လည်းကောင်း၊ ကျောင်းသားများစုဝေးရာ အခန်းတွင်လည်းကောင်း၊ နှစ်ကြီးသမား ကျောင်းသားများက ဆုံးမလေ့ရှိကြလေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင်ကား၊ တိုက်ရိုက်ဆုံးမကြသည်ကများလေသည်။ ညစာစားခန်းထဲတွင် စကားပြောမှားလျှင်ဖြစ်စေ၊ ကြမ်းတမ်းရုန့်ရင်းသောစကားပါသွားလျှင်ဖြစ်စေ၊ ထမင်းစားပွဲတွင်စားနေကြသော ကျောင်းသားတို့အားလည်းကောင်း၊ စကားကြမ်းကိုပြောဆိုမှားသော ကျောင်းသားကအရက်တိုက်ရလေသည်။ ထိုထက်ကြမ်းသော ဆုံးမခြင်းတစ်မျိုးကား ကျောင်းသား တို့အဝိုင်းဖမ်းပြီးလျှင်နောက်သလိုလိုလုပ်ကာရေကန်များ၊ ချောင်းကလေး များအတွင်းသို့ ပစ်ချလေ့ရှိလေသည်။ ထို့ပြင်လည်း အမျိုးမျိုးသောနည်းတို့ဖြင့် ယဉ်ပါးအောင်ပြုလုပ်ကြလေသေး၏။ ဤအလေ့အထမျိုး တစ်စတစ်စ ပပျောက်ကုန်ပြီ။

ဒုတိယနှစ်တွင် ကျွန်တော်နေထိုင်သည့်အခန်းကား ခရိုက်ချပ်ချ် ကျောင်းဆောင်၏ မီးဖိုအပေါ်ထပ်တွင်ဖြစ်လေသည်။ ၎င်းအခန်းကို ကျွန်တော်ရွေးသည်မှာ အခြားကြောင့်မဟုတ်၊ နေ့ရောညပါ နွေးနေသော အခန်းဖြစ်သောကြောင့်တည်း။ အတော်ပင်နေထိုင်ရကောင်း၏။ အခန်း၏လခလည်း သက်သာလေသည်။ အင်္ဂလိပ်ကျောင်းသားတို့ကား၊ အလွန်နွေးသည်၊ အလွန်ပူသည် ဟုဆိုကာ ၎င်းအခန်းကိုမယူလိုကြချေ။ ကျွန်တော်နှင့်ကား အခန့်သင့်နေပေ၏။

ကျွန်တော်၏အခန်းအထက်ထပ်တွင် ဂျုံးဆိုသော ကျောင်းသားသစ်တစ်ယောက်ရောက်၍လာလေသည်။ ကျွန်တော့်အားသူ့ကဲ့သို့ပင် ကျောင်းသားသစ်ဟုထင်မှတ်သောကြောင့် ကျွန်တော်၏အခန်းသို့လာပြီးလျှင် သူတော်ကြောင်း၊ သူတတ်ကြောင်း လာ၍ကြွားလေတော့၏။ ကျွန်တော်ကလည်း သူထင်သည့်အတိုင်း ကျောင်းသားသစ်အနေဖြင့် ပြန်၍ပြောသဖြင့် အတော်ပင်သဘောကျသွားလေသည်။ ဂျုံးသွားလာနေထိုင်ပြောဆိုပုံမှာ ဟန်ခပ်များများ၊ ဂိုက်ခပ်ထွားထွားဖြစ်သောကြောင့် ကျောင်းဖွင့်၍ မျှားမကြာမီအတွင်းမှာပင် နှစ်ကြီးသမားကျောင်းသားတို့၏ မျက်စိတွင် အမြင်ကတ်လျက်နေကြ၏။ ညနေမိုး၏အခန်းတွင် ကျွန်တော်တို့လူစုလက်ဖက်ရည် သောက်နေကြခိုက် ကျွန်တော်ကဂျုံးနှင့်တွေ့ဆုံပုံအကြောင်း၊ သူနှင့်လိုက်လျော်ညီစွာ ပြောကြား လိုက်ကြောင်းများကိုပြောပြသောအခါ အားလုံးကပင် ဂျုံးကိုချဉ်နေကြပြီ ဖြစ်သောကြောင့် တစ်နည်းနည်းနှင့်ဆုံးမရန် တိုင်ပင်ကြလေသည်။

ညစာစားသောက်ပြီးနောက် ကျောင်းသား (၁၀) ယောက်ခန့်စု၍ ဂျုံး၏အခန်းသို့သွားပြီးလျှင် သရော်တော်တော် နောက်တောက်တောက်လုပ်ရန် မိုးက အကြံပေး၏။ ကျွန်တော်တို့အားလုံးသဘောတူကြလေသည်။ ထိုနေ့ညစာစားသောက်ပြီးကြလျှင် ကျောင်းသား (၁၀) ယောက်ခန့်စု၍ ဂျုံး၏အခန်းသို့သွားကြ၏။ ထိုအချိန်တွင် ဂျုံးမှာ သတင်းစာတစ်စောင်ကို ဖတ်နေလေသည်။ ကျွန်တော်တို့လူစုဝင်သွားကြသောအခါ မည်သည့်အကြောင်းကြောင့် လာမှန်းမသိသောကြောင့် ထိုင်ကြရန် ပြောပြီးလျှင် အကြောင်သားကျွန်းတော်တို့အားစိုက်၍ကြည့်နေလေသည်။ သူနှင့် မသိသူတို့လည်းအတော်ပင်ပါ၏။ ကျွန်တော်က မိတ်ဖွဲ့ပေးရလေသည်။ မိတ်ဖွဲ့ပေးပြီးလျှင် မိုးကကာဖီ အတိုက်ခိုင်း၏။ ခမျာမှာရေနွေးအိုးတည်နေခိုက် ကျောင်းသား အချို့ကသူ့သေတ္တာထဲမှာ မုန့်သေတ္တာမှစ၍ စားစရာသောက်စရာတို့ကို ထုတ်ကာ စားသောက်ကြလေသည်။ ဂျုံးရိပ်မိလေပြီ။ သို့သော်ရယ်ကာသာ ကြည့်နေရ၏။ အတန်ကြာလျှင်ကျောင်းသားတစ်ယောက်က ဂျုံးအား စာအကြောင်းပေအကြောင်း ကိုမေးလေသည်။ ဂျုံးခမျာမိမိအားသက်သက်နောက်လိုက်သောကြောင့် မေးကြောင်း ကိုသိသဖြင့် မဖြေဘဲပြုံးနေသောအခါ ကျောင်းသားအားလုံးက ဝိုင်း၍ရယ်ကြလေသည်။ ဂျုံးမှာမျက်နှာပျက်ကာ မဟာအရှက်တော်ကြီး ကွဲလေတော့၏။ အတန်ကြာအောင် နောက်တောက်တောက် စကားများကိုပြောကြားကြပြီးနောက် ထိုအခန်းမှ ထွက်လာခဲ့ ကြ၏။ ထိုနေ့မှအစပြု၍ ဂျုံးမှာ ကြွားလည်းမကြွားဝံ့၊ ဟန်လည်း မထုတ်ဝံ့တော့ပြီ။

## တက္ကသိုလ်လှေပြိုင်ပွဲ

လှေပြိုင်ပွဲဆိုရာ၌ ယခင်ကရေးသားခဲ့ပြီးဖြစ်သော ကျောင်းတိုက်အချင်းချင်းပြိုင်သည့် လှေပြိုင်ပွဲများအကြောင်းကို ရေးသားလိုရင်းမဟုတ်၊ အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် ကိန်းဗရစ်တက္ကသိုလ်တို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော လှေပြိုင်ပွဲအကြောင်းကို ရေးသားလိုရင်းဖြစ်လေသည်။ ၎င်းလှေပြိုင်ပွဲကို လန်ဒန်မြို့တွင် မတ်လအကုန်လောက်တွင် နှစ်စဉ်ကျင်းပ၏။ ဤသို့နှစ်စဉ်ကျင်းပလာသည်မှာ နှစ်ပေါင်း(၁၀၀)ပင်ကျော်လွန်ခဲ့လေပြီ။ လှေတစ်စင်းတွင် လှေသား(၈)ယောက်ပါလေသည်။ သူတို့လှော်ရသောအကွာအဝေးမှာ (၄)မိုင်ခွဲဖြစ်လေသည်။ ဤလှေပွဲတွင် ပါဝင်ကြသောလှေသားတို့မှာ တက္ကသိုလ်ကျောင်းသားများ၏ ထိပ်သီးအကောင်းဆုံး လှေသားများ ဖြစ်ကြလေသည်။ လှေပြိုင်ပွဲမကျင်းပမီ (၄)(၅)လကပင် အရေးတကြီးကျင့်ထားရလေည်။ ဤလှေပြိုင်ပွဲတွင်ပါဝင်ကြရသောသူတို့မှာ တစ်ကမ္ဘာလုံးတွင်ကျော်ကြား၍သွား၏။ ၎င်းလှေပြိုင်ပွဲတွင် ဝင်၍နွှဲဖူးလျှင် တစ်သက်လုံးမမေ့နိုင်တော့ချေ။

လှေပြိုင်ပွဲမကျင်းပမီ တစ်လလောက်ကပင် သတင်းစားများတွင် ဤလှေပွဲအကြောင်း ကြွေးကြော်ကြလေပြီ။ မည်သည့်တက္ကသိုလ်ကနိုင်မည်၊ မည်သည့် တက္ကသိုလ်ကတော်သည် မည်သည့်တက္ကသိုလ်ကမည်သို့ကျင်နေကြသည်။ မည်သည့်တက္ကသိုလ်လှေသားတို့ကို မည်သူကသင်ကြားနေသည့် စသည်ဖြင့် ဆောင်းပါးရှင် သတင်းစာဆရာတို့က မပြတ်ပင်ရေးသားနေကြကုန်၏။ လှေပွဲတွင် ဝင်၍နွှဲကြရမည့်သူတို့မှာလည်း လှေပွဲအတွက်သာလျှင် လုံးပမ်းနေကြလေသည်။ စာသင်ကြားခြင်းကိုကား လုံးလုံးလွှတ်ထားကြ၏။ ဆိုင်ရာကျောင်းဆရာများကလည်း လှေပွဲမပြီးမချင်း ထိုလှေသားတို့အား အခွင့်အရေးကောင်းစွာပေးထားကြလေသည်။

လက်ဦးတွင် အောက်စ်ဖို့ဒ်မှာပင် ညနေတိုင်း လှေကျင့်ကြရ၏။ အတော်ကလေး ကျင့်သားရလာသောအခါ အောက်စ်ဖို့ဒ်နှင့်လန်ဒန်အကြား ဟင်လေ*ခေါ်နေရာတွင်သွား၍ကျင့်ကြရလေသည်။ လှေပွဲနီးသောအခါ လန်ဒန်မြို့သို့သွား၍ကျင့်ကြရ၏။ ထိုလှေသားများကို လှေသင်းဥက္ကဋ္ဌကသာ ရွေးချယ်ရလေသည်။ ၎င်း လှေအသင်းနှင့်ပတ်သက်၍ ဥက္ကဋ္ဌလုပ်သူမှာ ဩဇာအရှိဆုံးဖြစ်၏။ ကျောင်းဆရာများ ကျောင်းအုပ်များနှင့် မည်သို့မျှ မသက်ဆိုင်ချေ။

လှေပွဲကျင်းပသောနေ့တွင် လန်ဒန်မြို့အတွင်း လူများစွာ စည်ကားလျက်နေပေ၏။ အင်္ဂလန်ပြည် မြို့တိုင်းမြို့တိုင်းမှ လာရောက်ကြည့်ရှုအားပေးကြလေသည်။ စကော့လန်၊ အိုင်ယာလန်၊ ပြင်သစ်ပြည်များမှပင် လာရောက်

* Henley

ကြည့်ရှုကြသည်ဟု ကြားရ၏။ ထိုလှေပွဲကို လာရောက်ကြည့်ရှုသူတို့မှာ ငါးသိန်း ထက်မနည်းဟူ၍ ခန့်မှန်းကြလေသည်။ ထိုနေ့တွင် မီးရထား၊ မီးသင်္ဘော၊ ဓာတ်ရထား၊ မော်တော်ဘတ်ကုမ္ပဏီများမှာ ငွေဝင်လမ်းများစွာဖြောင့်ကြလေသည်။

အများအားဖြင့် နံနက်စောစော (၈) နာရီ (၉) နာရီအချိန်တွင် လှေပွဲကို ကျင်းပလေ့ရှိ၏။ မိုးမလင်းခင်ကပင် သိမ်းမြစ်ကမ်းခြေတွင်လူများ စည်ကားလျက်နေလေပြီ ဤသို့လူတို့စည်းကားသောအခါများတွင် ပိုက်ဆံကို အမျိုးမျိုးကြံပြီးယူသူတို့ကလည်းရှိသေး၏။ ဖဲကြိုးအပြာနု၊ အပြာရင့်တို့ဖြင့် ပန်းပွင့်ကလေးများကို ပြုလုပ်ပြီး ရောင်းသူတွေကလည်းမရှား၊ အပြာနုရောင်၊ အပြာရင့်ရောင်တို့ဖြင့် ပြုလုပ်ထားသော ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကိုပြုလုပ်၍ ရောင်းသူတို့ကလည်း အများအပြားပင်။ အပြာရင့်မှာ အောက်စ်ဖို့ဒ်တက္ကသိုလ်၏အရောင်၊ အပြာနုကား ကိန်းဗရစ်တက္ကသိုလ်၏အရောင်ဖြစ်လေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းများနှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်လှေကို အားပေးသူတို့မှာ အပြာရင့်ဖဲပွင့်ကလေးများကို ဝယ်ကာရင်မှာထိုးကြလေသည်။ ကိန်းဗရစ်ကျောင်းသားများနှင့် ကိန်းဗရစ်တက္ကသိုလ်ကိုအားပေးသူတို့ကလည်း အပြာနုဖဲကြိုးပွင့်ကလေးများကိုဝယ်ကာ ရင်မှာထိုးကြလေသည်။ သို့နှင့်တပျော်တပါး အုတ်အုတ်ကျက်ကျက်နေ၏။

လှေပြိုင်ပွဲ မစမီအတွင်း အငြင်းပွားနေသူတို့ကလည်းရှိသေး၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မခံချင်အောင်ပြောနေသူတို့လည်း အများပင်။ အချို့လည်းလူစုလူဝေးနှင့် "အောက်စ်ဖို့ဒ်-အောက်စ်ဖို့ဒ်" ဟူ၍ အော်နေကြ၏။ မခံချင်သူအချို့လည်း "ကိန်းဗရစ် - ကိန်းဗရစ်" ဟူ၍ ပြန်အော်ကြလေသည်။ ဤသို့တစ်ဘက်နှင့်တစ်ဘက် မခံချင်အောင် အော်ဟစ်နေကြသော်လည်း ခိုက်ရန်မဖြစ်ကြချေ၊ လှေပြိုင်ရာ မြစ်ကမ်းဘေးတွင် ဆူညံဆူညံနေကြစဉ် ကောင်းကင်တွင်လည်း တဝီဝီနှင့် လေယာဉ်ပျံများပျံသန်း ရစ်ဝဲနေကြကုန်၏။ မြစ်ထဲတွင်လည်း မော်တော်သင်္ဘော၊ မီးသင်္ဘောများထူထပ် ရှုပ်ထွေးနေ၏။

အချိန်စေ့သောအခါ လှေနှစ်စင်းတို့ကို ယှဉ်၍လွှတ်လိုက်လေတော့သတည်း။ လှေများကိုလွှတ်ရာ အနီးအနားတွင်ရှိသောသူများကား ဆူညံ၍သွား၏။ အဝေးမှစောင့်ကြည့်နေသူတို့ကား မမြင်ကြရသေးချေ။ လှေနှစ်စင်းလှော်လာသောအခါ ၎င်းတို့၏နောက်မှ မော်တော်သင်္ဘော၊ မီးသင်္ဘောတို့လည်း စီတန်း၍ လိုက်လာကြကုန်၏။ လေယာဉ်ပျံများလည်း ကောင်းကင်တွင် ပျံဝဲနေတုန်းပင်။ ကမ်းဘေးတွင် စောင့်ကြည့်နေသူတို့လည်း မိမိတို့အနီးတွင် လှေများရောက်လာကြသောအခါ ဆူညံစွာအားပေးကြလေသည်။ လှေသား များမှာလည်း သေသေကျေကျေ အားစိုက်ကာ လှော်ကြကုန်၏။ အတန်ကြာလျှင် လှေပွဲကြီးပြီး၍ သွားတော့သတည်း။ နိုင်သောဘက်မှ အားတက်ကြကုန်၏။ ရှုံးသောဘက်မှ

စိတ်ပျက်ကြလေသည်။ လှေပွဲပြီးသောအခါ မြစ်ကမ်းခြေမှ ပြန်လာကြသော လူထုကြီးကား တိုး၍မပေါက်အောင်ပင် ကြီးပေ၏။ ပုလိပ်များအထူးပင်အလုပ်ရှုပ်နေကြလေသည်။ လှေပွဲပြီး၍ အတန်ကြာသောအခါကျမှ လူထုကြီးကွဲ၍သွား၏။

ကမ္ဘာစစ်ကြီးပြီးကတည်းက အောက်စ်ဖို့ဒ်တက္ကသိုလ်မှာ တစ်ကြိမ်သာ အနိုင်ရသေး၏။ ကိန်းဗရစ်ချည်း အနိုင်ရခဲ့လေသည်။ ယခုထက်တိုင် ဤကဲ့သို့ပင်။ အဘယ်ကြောင့်ဤသို့ဆက်ကာ ဆက်ကာ ရှုံးနေရကြောင်းကို သတင်းစာများတွင် အမျိုးမျိုးရေးကြ၊ အမျိုးမျိုးအကြံပေးကြ၊ ဆိုင်ရာကျောင်းသားများ၊ ကျောင်းသားဟောင်းများက အမျိုးမျိုး ကြိုးစားဆောင်ရွက်ကြသော်လည်း ယခုထက်တိုင် ကိန်းဗရစ်ကိုမနိုင်သေးချေ။ နောင်မည်မျှကြာအောင် ဤသို့ရှုံးနေဦးမည်နည်း။

## တက္ကသိုလ်ကျောင်းသူများ

အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် မိန်းမကောလိပ် ကျောင်းလေးကျောင်းနှင့် တက္ကသိုလ်ကျောင်းသူတို့ကို စောင့်ရှောက်ကြည့်ရှုသော အဖွဲ့တစ်ဖွဲ့ ရှိလေသည်။ မိန်းမ ကောလိပ်ကျောင်းများကို ရှေးဦးစွာ တည်ထောင်ဖွင့်လှစ်သည်မှာ အင်္ဂလိပ်တက္ကရာဇ်၁၈၇၉ ခုနှစ်က ဖြစ်သောကြောင့် ၎င်းကျောင်းများ ထွန်းကားလာသည်မှာ အနှစ် (၅၀) ခန့်သာရှိသေး၏။ အောက်စ်ဖို့ဒ်တက္ကသိုလ်ကို တည်ထောင်သည်မှာ အနှစ် (၈၀၀၀) ပင် ကျော်ပြီဖြစ်သော်လည်း လွန်ခဲ့သော် အနှစ်(၅၀)အတွင်းကျမှ မိန်းမကောလိပ်ကျောင်းများကို တည်ထောင်ဖြစ်သည်မှာ ထူးဆန်းလျက်နေလေသည်။ မိန်းမများကို ယောကျ်ားများနှင့် တန်းတူအခွင့်အရေးများကို ပေးလေ့ရှိသော အင်္ဂလန်နိုင်ငံမှာပင် အောက်စ်ဖို့ဒ်တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင်တို့မှာ မိန်းမများအား ပညာသင်ကြားရေး၌ ယောကျ်ားများနှင့် တန်းတူမထားခဲ့ချေ။

မိန်းမများက အသင်းအပင်းများကိုဖွဲ့ကာ ဆူဆူပူပူ အခွင့်အရေးများကို ထပ်တလဲလဲတောင်းဆိုမှသာလျှင် အားတုံ့အားနာနှင့် မိန်းမတို့အား တက္ကသိုလ်တွင် ပညာသင်ကြားခွင့်ကို ပြုလိုက်သော်လည်း သိပ္ပံ၊ ဝိဇ္ဇာစသော တက္ကသိုလ်ဘွဲ့များကိုကား မပေးကြချေ။ ခမျာတက္ကသိုလ်ကျောင်းသူတို့မှာ ပညာကို ထူးထူးချွန်ချွန် တတ်မြောက်ကြစေကာမူ တက္ကသိုလ်ဘွဲ့များကို မရကြသောကြောင့် အခက်ကြုံနေကြရပြန်လေသည်။ မိန်းမအသင်းများက ထပ်မံကာ အခွင့်အရေးတို့ကိုတောင်းကြရပြန်၏။ အင်္ဂလိပ်သက္ကရာဇ် ၁၉၂၀ ပြည့်နှစ်ကျမှသာလျှင် တက္ကသိုလ်ကျောင်းသူများသည် တက္ကသိုလ်ကျောင်းသားများကဲ့သို့ တန်းတူ အခွင့်အရေးတို့ကိုရကြလေသည်။ ထိုနှစ်မှအစပြု၍ တက္ကသိုလ်ကျောင်းသူများမှာ၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ထူးများကို ဆွတ်ခူးကြကုန်၏။ မြန်မာမိန်းမတို့ကား ဤသို့သော အခွင့်

အရေးများကို ဆူဆူ ပူပူ တောင်းဆိုကြရသည် မဟုတ်ပေ။ ရန်ကုန်တက္ကသိုလ်ကို စတင်ထည်ထောင်ကတည်းကပင် အခွင့်အရေးများကို ယောကျ်ားများနှင့် တန်းတူ ပေးထားလေသည်။

မိန်းမတို့အား ယောကျ်ားများနှင့် တန်းတူထားလေ့ရှိသော အင်္ဂလန် ပြည်၌ပင် အောက်စ်ဖို့ဒ်တက္ကသိုလ်ကြီးတွင် အဘယ်ကြောင့် မိန်းမများအား တန်းတူမထားခဲ့ကြောင်းကို အနည်းငယ်ရှင်းလင်း ဖော်ပြရပေမည်။ အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ ရန်ကုန်တက္ကသိုလ်ကဲ့သို့ အစိုးရကတည်ထောင်သောတက္ကသိုလ် မဟုတ်ပေ။ မန္တလေး၊ အမပူရ၊ စစ်ကိုင်း၊ ပခုက္ကူတို့တွင်ရှိနေကြသော စာသင် တိုက်မျိုးမှ တစ်စတစ်စတိုးတက်၍လာသောတက္ကသိုလ်ဖြစ်လေသည်။ ယခု မန္တလေးတွင်ရှိနေကြသော မစိုးရိမ်တိုက်၊ ဝိသုဒ္ဓါရုံတိုက်များသို့သွားပြီးလျှင် ၎င်းကျောင်းတိုက်များတွင် မိန်းမများ လာ၍ စာလိုက်ရန် ခွင့်ပြုမည်မဟုတ်၊ ထို့အတူ သာသနာရေးအရိပ်အငွေ့မကင်း၊ ဘုန်းကြီးအရိပ်အငွေ့ မကင်းသော အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် မိန်းမများအား စာသင်ကြားခွင့်မပြုသည်မှာ မထူး ဆန်းလှပေ။

မိန်းမများအား ဘွဲ့ထူးပေးခြင်း၊ စာလိုက်ခွင့်ပြုခြင်းတို့ကိုမဆိုထားဘိ၊ လောကဓာတ်ပညာများကိုပင် ရှေးအခါက အောက်စ်ဖို့ဒ်တက္ကသိုလ်တွင်သင် ကြားခွင့်မပြုပေ။ နောင်မှခေတ်ကိုမလွန်ဆန်နိုင်သောကြောင့်သာ လောကဓာတ် ပညာရပ်များ၊ ခေတ်ကာလ စာပေများကို တစ်စတစ်စ သင်ကြားခွင့်ပြုလေသည်။ တက္ကသိုလ်ကိုတည်ထောင်စက ဘာသာရေးသက်သက်အတွက် တည်ထောင်ခြင်း ဖြစ်လေသည်။ ယခုအခါတွင် မိန်းမများမှာ ယောကျ်ားလေးတို့နှင့် တန်းတူအခွင့် အရေးများကို ရနေကြလေပြီ။ နောက်ကို မည်သို့ပြောင်းလဲဦးမည်မသိရသေး။ အလွန်ရှေးဆန်၍ ခေါင်းမာလှစွာသော အောက်စ်ဖို့ဒ်တက္ကသိုလ်ပင်လျှင် ငြင်း ဆန်ရင်း၊ ကန့်ကွက်ရင်း တစ်စတစ်စ ခေတ်၏အလိုကိုလိုက်၍ပေးရရှာလေသည်။ ခေတ်ဆိုသောအရာကား ထူးဆန်းလှပေစွ။

မလွှဲသာသောကြောင့် ကျောင်းသူတို့အား ကျောင်းသားတို့နှင့် တန်းတူ အခွင့်အရေးတို့ကို ပေးပါ၏။ သို့သော် ရန်ကုန်တက္ကသိုလ်မှာကဲသို့ နေရာ တကာ တွင် ကျောင်းသူတို့အား ကျောင်းသားများထက် အခွင့်အရေးတို့ကို ပိုမို၍ မပေး ချေ။ စာလိုက်ရန် အတန်းတက်သောအခါ ယောကျ်ားကျောင်းသားများကဲ့သို့ ပင် ဝတ်လုံကိုဝတ်ကြရ၏။ တက္ကသိုလ်ဦးထုပ်ကို ဆောင်းကြရ၏။ ယောကျ်ား ကျောင်းသားများထိုင်သော ခုံများမှာပင် ထိုင်ကြရ၏။ ရန်ကုန်တက္ကသိုလ်မှာကဲ့သို့ ရှေ့ခုံရှည် တစ်ခုံနှစ်ခုံတို့ကို ကျောင်းသူများအတွက် သီးသန့်ထားခြင်းမရှိပေ။ ရှေးဦးရောက်လျှင်ရှေ့ခုံတွင်ထိုင်ရ၏။ နောက်ရောက်လျှင် နောက်ခုံတွင် ထိုင်ရ လေသည်။

အတန်းထဲတွင်ဖြစ်စေ၊ အတန်းဆင်းသောအခါဖြစ်စေ၊ အတန်းမတက်သေး၍ အခန်းအပြင်ဘက်တွင် စောင့်စားနေသောအခါဖြစ်စေ ကျောင်းသားများနှင့် ကျောင်းသူတို့မှာ ကိုယ့်အိန္ဒြေနှင့် ကိုယ် ခပ်တည်တည်နေလေ့ရှိကြလေသည်။ နောက်ခြင်း၊ ပြောင်ခြင်း၊ သရော်ခြင်းကား အလျင်းမရှိ။ ကျောင်းသားများ ၏စိတ်တွင် ကျောင်းသူများဟူ၍သဘောမထားကြဘဲ မိမိတို့ကဲ့သို့ ကျောင်းသားများဟူ၍သာ သဘောထားကြဟန်တူလေသည်။ ကျောင်းသူများအနားတွင် ရစ်ဝဲ ရစ်ဝဲ ရစ်သီသီ လုပ်နေသောကျောင်းသားများကိုလည်း မမြင်ရချေ။ စကားသွား၍ပြောခြင်း၊ စာအုပ်သွား၍ ငှားခြင်းတို့ကိုလည်း မမြင်ရ။

၁၉၂၀ ပြည့်နှစ်မှအစပြု၍ တက္ကသိုလ်ကျောင်းသူတို့မှာ တက္ကသိုလ်ကျောင်းသားများနှင့် တန်းတူအခွင့်အရေးတို့ကိုရကြသည်ဟု ဆိုရစေကာမူ တက္ကသိုလ်သမဂ္ဂအသင်းက ကျင်းပသော စကားအခြေအတင်ပြောပွဲများကို နားထောင်လိုကြလျှင် ဧည့်သည်အဖြစ်ဖြင့် အထက်ထပ်မှ လာရောက်နားထောင်ကြရလေသည်။ ခများများမှာ မျက်နှာငယ်ကြရှာပေ၏။ မြန်မာပြည်တွင်မူကား တက္ကသိုလ်သမဂ္ဂအသင်းသား အဖြစ်ဖြင့် ကျောင်းသူများအား ဝင်ခွင့်ပြုထားရုံမျှမကသေး၊ "ဝင်ကြပါ၊ ဝင်ကြပါ" ဟူ၍ အမှုဆောင်တို့က တစာစာနှင့်ပြောကြားနေကြသော်လည်း မည်သူမျှမဝင်ကြချေ။ ဤသို့မဝင်ကြသည်ကို မကျေနပ်ကြသဖြင့် သတင်းစာများမှာလည်းကောင်း၊ မဂ္ဂဇင်းများမှာလည်းကောင်း မကြာမကြာဆောင်းပါးများရေးကာ တိုက်တွန်းခြင်း၊ အပြစ်ဆိုခြင်းတို့ကိုပြုကြ လေသည်။ ယခုထက်တိုင် (၁၂၉၆ ခု) မတုန်မလှုပ်နေကြလျက်ပင်။ ရန်ကုန်တက္ကသိုလ်ကျောင်းသူများမှာ မျက်နှာကြီးကြပေစွ။

အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားတို့မှာ အဝတ်အစားကို ဂရုမစိုက်။ တော်စွလျော်စွာပင် ဝတ်စားလေ့ရှိကြကြောင်းကို မှတ်တမ်းအစနားတွင်ရေးသားခဲ့လေပြီ။ တက္ကသိုလ်ကျောင်းသူများမှာလည်း တက္ကသိုလ်ကျောင်းသားများကဲ့သို့ပင် အဝတ်အစားကိုဂရုမစိုက်။ ရိုးရိုးအဝတ်အစားတို့ကို ဝတ်ကာ အတန်းတက်လေ့ရှိကြလေသည်။ နံနက်ခင်း၊ ညနေခင်း၊ ညခင်းများတွင် လမ်းထဲ၌လည်းကောင်း၊ စာဟောပွဲများ၌လည်းကောင်း၊ အသင်းအစည်းအဝေး ပွဲများ၌လည်းကောင်း၊ အဝတ်အစား သစ်သစ်လွင်လွင်နှင့် ကျောင်းသူတို့ကို များစွာမတွေ့မမြင်ရပေ။ ကျောင်းတက်သောအခါဖြစ်စေ၊ အဝတ်အစား ပြိုင်ပွဲများကို ကျင်းပလေ့မရှိကြ။ အားကျနည်းယူဖွယ် ကောင်းလှပေတော့သည်။

## အောက်စ်ဖို့ဒ်တက္ကသိုလ် နှင့် မန္တလေးတက္ကသိုလ်

အောက်စ်ဖို့ဒ်တက္ကသိုလ်ကို စတင်ထည်ထောင်ခဲ့ပုံ၊ ၎င်းတက္ကသိုလ်ကြီးပွားတိုးတက်လာပုံ၊ ၎င်းတက္ကသိုလ်တွင် ပညာသင်ကြားပုံများမှာ မန္တလေးစာသင်တိုက်

များနှင့် လွန်စွာမှပင်တူသောကြောင့်၊ ၎င်းတို့ကို နှိုင်းယှဉ်ကာ ဖော်ပြသင့်သည်ဟု ထင်မှတ်မိပေ၏။

လွန်ခဲ့သော နှစ်ပေါင်း (၈၀) ခန့်အခါက ခရစ်ယာန်ဘာသာဝင် ဘုန်းကြီးကျောင်းများကို တည်ထောင်ကာ ဘာသာရေးစာပေများကို သင်ကြားပြသလေသည်။ ထိုခေတ်ထိုအခါက အလွတ်စာသင်ကျောင်းဟူ၍ မရှိ။ ဘုန်းကြီးကျောင်းများသာရှိသောကြောင့် ၎င်းဘုန်းကြီးကျောင်းများတွင် လာရောက်ကာ ပညာသင်ကြားကြရ၏။ ပညာတတ်မြောက်၍ ကျောင်းထွက်သွားကြသောအခါ ဘုရင်မင်းမြတ်၏ ဆရာတော်များဖြစ်ကြပြီးလျှင် ဩဇာတိက္ကမကြီးသွားကြသူတို့လည်း ရှိ၏။ အချို့လည်း ဘာသာရေးဘက်တွင် ရာထူးကြီးများကို ရကြလေသည်။ သို့နှင့်အောက်စ်ဖို့ဒ်၊ ကိန်းဗရစ်စသော တက္ကသိုလ်တို့တွင် တစ်စတစ်စ ကျောင်းသားများတိုးပွား၍လာလေသည်။

စာသင်သားများမှာ ယခုအခါမှာကဲ့သို့ လူဝတ်ကြောင်များမဟုတ်၊ ခရစ်ယာန် ဘုကြီးများသာဖြစ်ကြလေသည်။ ယခုအခါ မန္တလေးစာသင်တိုက်များတွင် ပညာသင်ကြားနေကြသော ရဟန်း၊ သာမဏေတို့နှင့် မခြားပြီ။ ကျောင်းတိုက်စည်းကမ်းဥပဒေများ ဖြစ်လေသည်။ တက္ကသိုလ်အတွင်းရှိ ကျောင်းတိုက်တိုင်းတွင် ဘုရားရှိခိုးကျောင်းတစ်ကျောင်းစီရှိ၏။

နှစ်ပေါင်းအတော်ကြာသောအခါ ဘာသာရေး စာပေများကိုသာ မသင်ကြားဘဲ ဂရိတ်ဘာသာ၊ လက်တင်ဘာသာ၊ စိတ်အတတ်ပညာ၊ ရာဇဝင်ပညာများကိုပါ စတင်သင်ကြားလေသည်။ ထိုထက် နှစ်ပေါင်း အတော်ကြာလာပြန်သောအခါ ဂဏန်းသင်္ချာ၊ ဆေးအတတ်ပညာ၊ လောကဓာတ်ပညာအစရှိသော လောကီပညာအရပ်ရပ်တို့ကို ခေတ်အလိုကိုလိုက်ကာ သင်ကြားပြသလေသည်။ သို့သော် ကျောင်းအုပ်ချုပ် သူတို့ကမူကား များစွာ မနှစ်သက်ကြပေ။ ခေတ်ကို မလွန်ဆန်နိုင်သောကြောင့်သာ ခွင့်ပြုကြကုန်၏။

လောကဓာတ်ပညာတို့ စတင်သင်ကြားသောအခါ လူဝတ်ကြောင်များပင်လာရောက် ပညာသင်ကြားကြလေသည်။ သို့သော် ဘုန်းကြီးတို့လိုက်နာရသော ဥပဒေများအတိုင်း လိုက်နာကြရလေသည်။ ခရစ်ယန်ဘာသာဝင်မဟုတ် သူတို့ကိုလည်း အောက်စ်ဖို့ဒ်တွင် ပညာသင်ကြားခွင့်ကိုမပြုပေ။ ကျောင်းဆရာ၊ အားလုံးမှာလည်း ဘုန်းကြီးများသာဖြစ်ကြလေသည်။ လူဝတ်ကြောင်ဆရာဟူ၍ မရှိ။

ထိုနောက် အတော်ကြာလာသောအခါကျမှ ခရစ်ယာန်မဟုတ်သူများ၊ နိုင်ငံခြားသားများကို ပညာသင်ကြားခွင့် ပြုလေသည်။ ကျောင်းဆရာကလည်း ဘုန်းကြီးဖြစ်ရန်မလို။ သို့သော် ကျောင်းသားကျောင်းသူတို့မှာ အတန်းတက်သောအခါဖြစ်စေ၊ ကျောင်းအုပ်ကျောင်းဆရာများနှင့် တွေ့ဆုံသောအခါဖြစ်စေ၊ ကျောင်းတွင် ညစာ သွားစားသောအခါဖြစ်စေ၊ ည (၉) နာရီကျော်၍ မြို့အတွင်း သွားလာသည့်အခါဖြစ်စေ၊ ခရစ်ယာန်ဘုန်းကြီးတို့၏ အဝတ်အစားဖြစ်သော ဝတ်လုံမဲမဲကို

ဝတ်စားရလေသည်။ ကျောင်းသားများ ပညာသင်ကြားရပုံ၊ ကျောင်းအတွင်း နေထိုင်ရပုံတို့မှာလည်း ဘုန်း ကြီးကျောင်းများ၏ အရိပ်အငွေ့ မကင်းပေ။

အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ပညာသင်ကြားလိုသူတို့မှာ တက္ကသိုလ် မဝင်မီ ကျောင်းတိုက်တစ်တိုက်တွင် ဦးစွာဝင်ခွင့်ရထားရလေသည်။ တက္ကသိုလ် လက်အောက်တွင် ကျောင်းတိုက်ပေါင်း (၃၀) နီးပါးရှိ၏။ ၎င်းကျောင်း တိုက်တစ် တိုက်တွင် ဝင်ခွင့်ရပြီးမှ တက္ကသိုလ်ကလက်ခံလေသည်။ ၎င်းကျောင်းတိုက်တို့မှာ မန္တလေးဘုရားကြီးတိုက်၊ မစိုးရိမ်တိုက်၊ ဝိသုဒ္ဓါရုံတိုက်များနှင့် ခပ်ဆင်ဆင် တူလေသည်။ ကျောင်းတိုက် ကျောင်းတိုက်တိုင်တွင် ကျောင်းတိုက်သားများကို အုပ်ချုပ်ရသော တိုက်အုပ်၊ တိုက်ကြပ်၊ စာချမှစ၍ ဆရာအစားစား ရှိလေသည်။ မန္တလေး ကျောင်းတိုက်များတွင်လည်း ဤနည်းအတိုင်းပင်။

အဆိုပါ ကျောင်းတိုက်တစ်တိုက်သို့ ကျောင်းသားတစ်ယောက် ရောက်သွားလျှင် ကျောင်းအုပ်ကြီးက သင့်လျော်သော ကျောင်းဆရာတစ်ယောက် ယောက်၏ လက်သို့ အပ်လိုက်လေသည်။ ၎င်းကျောင်းသားအား အဆိုပါကျောင်း ဆရာကစာသင်ကြားရေး၊ အကျင့်စာရိတ္တကောင်းရေး၊ နေထိုင်စားသောက်ရေးမှစ ၍နေရာတကာတွင်ကြည့်ရှုစောင့်ရှောက်ရလေသည်။ မန္တလေးကျောင်းတိုက်များ တွင် အတူနေဆရာ တပည့်များကဲ့သို့ ဖြစ်ကြ၏။ အဆိုပါ ကျောင်းသားများနှင့် ဆရာတို့မှာ ကျောင်းတိုက်အတွင်း အရင်းအနှီးဆုံးသောသူများ ဖြစ်ကြလေသည်။ ကျောင်းအုပ်ကြီးက ထိုကျောင်း သား၏ အကြောင်းကိုသိလိုလျှင် အဆိုပါဆရာ အားသာလျှင် မေးမြန်းလေသည်။ အကြင်ကျောင်းသား၏ အကောင်းအဆိုးမှာ အဆို ပါဆရာ၏ တာဝန်ဖြစ်၏။ အကြင် ကျောင်းသားမှာပညာဘက်တွင် ထူးချွန်လျှင် သူ၏ ဆရာမှာ မျက်နှာအလွန်ရှိ၏။

အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားမှန်လျှင် မည်သည့်ကျောင်းတိုက် မှာ မဆို၊ စာသွားလိုက်နိုင်လေသည်။ ရန်ကုန်တက္ကသိုလ်မှာကဲ့သို့ အတန်းမတက် လျှင် မနေရသော ဥပဒေမရှိ။ မန္တလေးကျောင်းတိုက်များမှာကဲ့သို့ မိမိတို့ နှစ်သက် ရာ ကျောင်းတိုက်များသို့သွားကာ မိမိတို့နှစ်သက်ရာစာများကို လိုက်နိုင်လေသည်။ ကျောင်းဖွင့်သောအခါ မည်သည့်ကျောင်းတိုက်တွင် မည်သူသည် မည်သည့်စာပေ တိုပကို ပို့ချမည်ဟူ၍ တက္ကသိုလ်ဂေဇက်တွင် ကြော်ငြာလေသည်။ တက္ကသိုလ် ကျောင်းသားအပေါင်းတို့သည် ၎င်းဂေဇက်တွင်ဖတ်ပြီးလျှင် မိမိတို့နှစ်သက်ရာ ဆရာများ ပို့ချသောစာကို သွား၍ လိုက်လေ့ရှိကြလေသည်။ စာပေအပို့အချ ကောင်းသောဆရာ၏ အခန်းတွင် ကျောင်းသားများ အထူးသဖြင့် စည်ကားပေ ၏။ စာပေအပို့အချမကောင်းသော ဆရာ၏အခန်းတွင်ကား ကျောင်းသားများစွာ မရှိ၊ ခြောက်သွေ့သွေ့နေလေသည်။ မန္တလေးစာသင်တိုက်များ၏ စနစ်လည်း ဤနည်းအတိုင်းဖြစ်၏။ ရန်ကုန်တက္ကသိုလ်တွင်ကားဤသို့မဟုတ်။ စာပေပို့ချသော ဆရာမှာကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ထိုဆရာပို့ချသောဘာသာ

ကိုယူသော ကျောင်းသားမှန်သမျှ သူ၏ အခန်းသို့သွား ၍ စာလိုက်ကြရလေသည်။ မည်သူလာသည်၊ မလာသည်ကိုလည်း စာရင်းစာအုပ်ဖြင့် မှတ်ထားသေး၏။ အတန်းမှန်မှန်မတက်သော ကျောင်းသားများ အား ကျောင်းအုပ်ကြီးက ခေါ်၍ ကြိမ်းသေး၏။ သို့ဖြစ်သောကြောင့် အောက်စ်ဖို့ဒ်တက္ကသိုလ်၏ ပညာသင်ကြားပုံစနစ်မှာ ရန်ကုန်တက္ကသိုလ်စနစ်နှင့် များစွာကွဲပြား၍ မန္တလေးစာသင်တိုက်များ၏စနစ်နှင့်များစွာမှပင်တူလေသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းသားကျောင်းသူတို့မှာ အခြားကျောင်းတိုက်တွင်သွား၍လိုက်သောစာအပေါ်တွင် များစွာအားမကိုးကြ။ မိမိတို့ကျောင်းတိုက်နည်းပြဆရာ၏ ဩဝါဒ အပေါ်မှာ သာလျှင် များစွာအားထားကြလေသည်။

အနည်းဆုံး တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ မိမိတို့၏နည်းပြဆရာထံသို့သွားကာ မိမိတို့နှင့်ဆိုင်ရာ သင်ခန်းစာများအကြောင်း ရေးသားထားသောစာများကို ပြကြရလေသည်။ အများအားဖြင့် နည်းပြဆရာ၏အခန်းထဲတွင် တစ်ယောက်ချင်း တွေ့ဆုံကာ သင်ခန်းစာအကြောင်းကို ဆွေးနွေးလေ့ရှိကြ၏။ ဖတ်ရန်စာအုပ်များကိုလည်း ညွှန်ကြားလေသည်။ မကြာမကြာ နည်းပြဆရာက မိမိ၏တပည့်များအား လက်ဖက်ရည်သောက်ဖိတ်၊ နံနက်စာစားရန် ဖိတ်ခေါ်ပြီးလျှင် စာအကြောင်း၊ ပေအကြောင်းတို့ကိုလည်း ဆွေးနွေးသေး၏။ ဆရာနှင့်တပည့်တို့မှာ မိတ်ဆွေ အရင်း အချာ၊ တိုင်ပင်ဖော်၊ တိုက်ပင်ဖက် ဖြစ်နေကြကုန်၏။ မန္တလေးကျောင်းတိုက်များရှိ ဆရာတပည့်များကဲ့သို့တည်း။

အထက်ပါ စာသင်ကြားပုံ၊ နေထိုင်ကြပုံ အကြောင်းများကို ထောက်ထားခြင်းအားဖြင့် အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် မန္တလေးစာသင်တိုက်တို့မှာ များစွာတူကြလေသည်ဟုဆိုရ၏။ အကယ်၍ မြန်မာပြည်တွင် အင်္ဂလိပ်ကျောင်းများ အင်္ဂလိပ်တက္ကသိုလ်ကျောင်းများကို မတည်ထောင်ခဲ့ပါမူ၊ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ပခုက္ကူ မုံရွာမြို့များတွင်ရှိနေကြသော စာသင်တိုက်များမှာ အောက်စ်ဖို့ဒ်တက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်ကျောင်းကြီးများ ဖြစ်လာရမည်မှာ မုချပင်ဖြစ်တော့သတည်း။

## အောက်စ်ဖို့ဒ်တွင် နေ့တစ်နေ့

အောက်စ်ဖို့ဒ်တွင် ကျောင်းသားများ နေ့စဉ်နေ့တိုက်း မည်သို့နေထိုင်၊ သွားလာ၊ ပေါင်းသင်းဆက်ဆံနေကြကြောင်းကို အနည်းငယ် ရေးသားရပေမည်။ ကျောင်းတိုက် တစ်တိုက်နှင့်တစ်တိုက် ဥပဒေ စည်းကမ်းများမှာ အနည်းငယ်ကွဲပြားကြသော်လည်း ယေဘုယျအားဖြင့် အတူတူပင်ဖြစ်၏။ ကျောင်းသားများ ပေါင်းသင်းဆက်ဆံကြပုံမှာလည်း အတူတူပင်ဖြစ်လေသည်။

နံနက်စောစော အိပ်ရာမှထသည့်အချိန်မှ အိပ်ရာဝင်သည်တိုင်အောင် ကျောင်းသားများ နေထိုင်ကြပုံကို ရေးသားပေအံ့၊ နံနက် (၆) နာရီခွဲ၊ (၇) နာရီ အချိန်တွင် ကျောင်းအစေခံ စကောက်များက မျက်နှာသစ်ရန် ရေနွေးကို လာ၍ ပေးကြ၏။ အိပ်ရာမှထ၊ မျက်နှာသစ်၊ အဝတ်အစားလဲပြီးလျှင် ကျောင်းခန်းမ ကြီးသို့သွား၍ နာမည်ထိုးရလေသည်။ အချို့ကျောင်းတိုက်တို့တွင် နာမည်သွား၍ မထိုးရ၊ သို့သော် နံနက်စာကိုကျောင်းခန်းမကြီးတွင် သွားရောက်စားသောက် ကြရလေသည်။ ကျွန်တော်တို့၏ ကျောင်းတိုက်တွင်ကား နံနက်စာကို ကျောင်းသား များ၏ အခန်းတွင် စားသောက်ကြရ၏။ မိမိတို့ကြိုက်ရာ အစားအစာတို့ကို မှာ၍ စားသောက်နိုင်လေသည်။ ကျသလောက်ပေးရ၏။ ဆိုင်တွင် ဝယ်စားသည်နှင့် အတူတူပင်။ ကျောင်းခန်းမကြီးတွင် နာမည်ထိုးပြီး၍ ပြန်လာသောအခါစကောက် အသင့်ယူထားသော အစား အစာတို့ကို မီးဖိုနားတွင် မီးလှုံရင်း စားသောက်ကြ၏။ ပြီးလျှင် သတင်းစာကို ဖတ်လိုဖတ်၊ သင်ခန်းစာများကို လေ့လာလိုလေ့လာ အစမ်းစာမျာကို ရေးလို ရေးကြလေသည်။

(၁၀) နာရီထိုးလျှင် စာလိုက်ရန် အသီးသီးဆိုင်ရာကျောင်းတိုက်များသို့ ထွက်သွားကြ၏။ စာမလိုက်သော ကျောင်းသားတို့မှာ စာအုပ်ဆိုင်များသို့ လည်းကောင်း၊ ပိဋကတ်တိုက်များသို့လည်းကောင်း၊ သမဂ္ဂအသင်းတိုက်သို့ လည်းကောင်း သွားကြလေသည်။ နာရီပြန် (၁) ချက်ထိုးမှ မိမိတို့အခန်းများသို့ အသီးသီးပြန်လာကြပြီးလျှင် နေ့စာစားသောက်ကြ၏။ အချို့လည်း ဆိုင်တွင် သွားရောက်စားသောက်ကြလေသည်။

နေ့စာ စားသောက်ပြီး၍ နာရီပြန် (၂) ချက်ထိုးလျှင် ကျောင်းသားတိုင်း လိုလိုပင် မိမိတို့ကျောင်းကစားကွင်းများသို့ ဆင်းကြလေသည်။ (၂) နာရီနှင့် (၂) နာရီခွဲ အချိန်အတွင်း ကျောင်းသားများ မိမိတို့၏ ကစားကွင်းများသို့ သွားလနေကြသည်မှာ လမ်းများတွင် ရှုပ်ထွေးလျက်နေတော့၏။ ကစားဝါသနာ မပါသော ကျောင်းသားတို့က လမ်းလျှောက်ထွက်ကြလေသည်။ နာရီပြန် (၂) ချက်နှင့် (၄) နာရီအတွင်း ကျောင်းတိုက်များတွင် ကျောင်းသားများကို မမြင်ရပေ။ စာကိုများစွာကြိုးစားသော သူတို့ပင် ၎င်းအချိန်တွင် စာဖတ်လေ့မရှိကြ။

(၄) နာရီထိုးလျှင် ကစားကွင်းများမှ အသီးသီး ပြန်လာကြပြီးနောက် မိမိတို့အခန်းများတွင် လက်ဖက်ရည်သောက်လေ့ရှိကြလေသည်။ မိတ်ဆွေများ ကိုလည်းဖိတ်ကာ လက်ဖက်ရည်တိုက်လေ့ရှိကြ၏။ ဤအခါတွင် မိတ်ဖွဲ့ခွင့်ရလေ သည်။ (၅) နာရီ၊ (၅) နာရီခွဲလျှင် လက်ဖက်ရည်ပွဲပြီးလေတော့၏။ ဤအချိန်မှ ညစာမစားမီအကြားတွင် စာဖတ်လေ့ရှိကြလေသည်။ အချို့မှာ ဆရာများပေးလိုက် သော သင်ခန်း စာများကို လေ့လာ၊ ရေးသားလေ့ရှိကြ၏။ အချို့လည်း မိမိတို့၏ နည်းပြဆရာများထံသွားကာ စာပေအကြောင်း ဆွေးနွေးကြလေသည်။

(၇) နာရီ၊ (၇) နာရီခွဲလျှင် ညစာစားသောက်ကြရ၏။ ညစာ စားသောက်

ကြပြီးလျှင် ကျောင်းမှထွက်ကာ မိမိတို့နှစ်သက်ရာသို့ သွားကြလေသည်။ ရုပ်ရှင်၊ ပြဇာတ် ပွဲများသို့ သွားသူသွား၊ တရားဟောပွဲ၊ စာဟောပွဲများသို့ သွားသူသွား၊ မိတ်ဆွေအခန်းသို့ သွားပြီးလျှင် ကာဖီသောက်ရင်း လေထွားသူထွား၊ အောက်စ်ဖို့ဒ် ဝန်းကျင် ရွာကလေးများသို့ မော်တော်ကားနှင့် အပျော်အပါး ထွက်သူထွက်၊ ကြာသပတေးနေ့ ညများတွင် သမဂ္ဂအသင်းတိုက်သို့သွားကာ စကားစစ်ထိုးပွဲကို နားထောင်သူက ထောင်နှင့် ရှုပ်ထွေးလျက်နေလေတော့သည်။ ကျောင်းသားများ တက္ကသိုလ်ဥပဒေကို မကျူးလွန်ကြစေရန် စောင့်ရှောက်ရသော ဆရာတို့ကလည်း ညတိုင်းလိုလိုပင် လှည့်လည်ကျောင်းသားတို့အား လိုက်ဖမ်းလေ့ရှိကြ၏။

ဤသို့ညဦးလွန်၍ ည (၁၀) နာရီ၊ (၁၁) နာရီထိုးမှသာ မိမိတို့အခန်းသို့ ပြန်ကာ အိပ်ကြလေသည်။ ညအခါ စာကျက်သူတို့ကား အလွန်ရှား၏။ သို့နှင့် တစ်နေ့ဝင်တစ်နေ့ထွက် ရက်တွေ၊ လတွေ ကုန်လွန်ခဲ့လေသတည်း။ ကျောင်းသား များစာကျက်ရန် အချိန်ကားများစွာမရပေ။ အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းသား များမှာ ကျောင်းပိတ်ရက်အတွင်းမှာသာ စာကို ဟုတ်ဟုတ်ဟတ်ဟတ် ကျက်ကြရ လေသည်။ ဤကား အောက်စ်ဖို့ဒ်နေ့တစ်နေ့၏အကြောင်းပေတည်း။

## ကိုယ်ပိုင်အုပ်ချုပ်ရေး

အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ကစားသောနေရာ၌လည်းကောင်း၊ အသင်း အပင်းဖွဲ့စည်းသောနေရာများတွင်လည်းကောင်း၊ ကျောင်းသားအပေါင်းတို့မှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို များစွာရကြလေသည်။ ကျောင်းတိုက်တွင်ရှိသော ကျောင်းသား များ စုဝေးရာအခန်း၊ ၎င်းအခန်းများတွင် ရောင်းချသော လက်ဖက်ရည်ဆိုင်များကို ကျောင်းသားများ၏ ကော်မတီကပင် အုပ်ချုပ်ရ၏။ ကျောင်းသားများ၏ စာပေ အသင်းများ၊ စကားပြောအသင်းများ၊ ကစားအသင်းများကို အုပ်ချုပ်ရာ၌ ကျောင်းဆရာ ကျောင်းအုပ်ကြီးတို့ ပါဝင်စွက်ဖက်ခြင်း မရှိကြချေ။ ကျောင်းသား များသဘောအလျောက် စီမံအုပ်ချုပ်ကြသည်သာများ၏။ ဤသို့ ကျောင်းသားများ အား လွှတ်၍ ထားသော်လည်း အသင်းအပင်းများမှာ ဆုတ်ယုတ်ပျက်စီးခြင်းမရှိ၊ တိုးတက်ကြီးပွားလျက် သားနေကြလေည်။ ကျောင်းသားများအုပ်ချုပ်ခွင့်ကို ဤသို့ လွှတ်လပ်စွာပေးထားသောကြောင့် နောင်ကျောင်းထွက်၍ အလုပ်အကိုင် လုပ်ကြသောအခါ အုပ်ချုပ်ရေးများကို နားလည်လျက်နေကြကုန်၏။

တက္ကသိုလ်လှေသင်းတွင် ဥက္ကဋ္ဌမှာ သြဇာအရှိဆုံးဖြစ်လေသည်။ တက္ကသိုလ် လှေပြိုင်ပွဲတွင် ပါဝင်ရမည့်သူတို့ကို ရွေးကောက်ရာတွင်လည်း ဥက္ကဋ္ဌ တစ်ဦးတည်းကတာဝန်ယူ၍ ရွေးကောက်ရလေသည်။ ကျောင်းသား၊ ကျောင်း ဆရာ၊ ကျောင်းအုပ်များသည် ဤအရေးတွင် ပါဝင်စွက်ဖက်ခြင်းမရှိပေ။ လှေသင်း နှင့်ပတ်သက်လျှင် ဥက္ကဋ္ဌမှာမည်သူ၏ သြဇာကိုမျှမခံရဘဲ မိမိဘသောအလျောက်

စီမံနိုင်လေသည်။ ထို့အတူ ဘော့လုံးအသင်း၊ ကရစ်ကတ်အသင်း၊ တင်းနစ်အသင်းများ၏ ဥက္ကဋ္ဌများမှာလည်း မိမိတို့ဆိုင်ရာ အသင်းများတွင် သြဇာအရှိဆုံးသော ပုဂ္ဂိုလ်များဖြစ်ကြ၏။ သမဂ္ဂအသင်းနှင့် စာပေအသင်းများတွင်လည်း ဤနည်းအတိုင်းပင်။

သမဂ္ဂအသင်း စကားခြေအတင်ပြောပွဲများအတွက် စကားပြောမည့်သူတို့ကိုရွေးကောက်ရာ၌လည်းကောင်း၊ ပြောဆိုမည့်အကြောင်းအရာတို့ကို ရွေးချယ်ရာ၌လည်းကောင်း သမဂ္ဂအသင်းဥက္ကဋ္ဌတစ်ဦးတည်း၏ တာဝန်သာ ဖြစ်လေသည်။ ထို့ကြောင့် ဥက္ကဋ္ဌမှာအရွှန်းကြိုက်တတ်သူဖြစ်လျှင် စကားပြောပွဲတွင် ပြောဆိုရသော အကြောင်းအရာမှာ ရယ်စရာအကြောင်းအရာတို့သာများလေသည်။ တိုင်းရေးပြည်ရေး ဝါသနာပါသောကျောင်းသားဥက္ကဋ္ဌဖြစ်သွားပြန်လျှင် တိုင်းရေးပြည်ရေးနှင့်ပတ်သက်သော အကြောင်းအရာတို့ကိုသာပြောကြားကြရ၏။

အိုက်ဆစ်ခေါ် တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ ထုတ်ဝေသောမဂ္ဂဇင်းကိုလည်း ကျောင်းသားများစုပေါင်းကာ ထုတ်ဝေလေသည်။ ဤအဖွဲ့တွင်လည်း အယ်ဒီတာမှာ သြဇာအကြီးဆုံးဖြစ်၏။ အယ်ဒီတာကိုလိုက်၍ ၎င်းမဂ္ဂဇင်း၏ အာဘော်မှာပြောင်းလဲလေသည်။ အယ်ဒီတာမှာ အရွှန်းဘက်သန်လျှင် မဂ္ဂဇင်းမှာ ရယ်ရွှင်ဖွယ်နှင့် ပြည့်လျက်နေလေသည်။ အယ်ဒီတာမှာအတည်သမားဖြစ်လျှင်မဂ္ဂဇင်း၏အာဘောမှာလည်း တည်၍လိုက်လာ၏။ အယ်ဒီတာတစ်ဦးကျောင်းထွက်သွားမည်ဆိုလျှင် အယ်ဒီတာအသစ်တစ်ယောက်ကို မိမိနေရာတွင် ခန့်ခ့ရလေသည်။ ဤသို့တက္ကသိုလ်ကျောင်းသားဘဝကတည်းကပင် အသင်းအပင်းများကို လွတ်လပ်စွာ စီမံဆောင်ရွက်နိုင်လာကြသော သူတို့မှာ ကျောင်းမှထွက်ကြ၍ အလုပ်အကိုင်ကို လုပ်ကိုင်ကြသောအခါ များစွာလွယ်ကူပေသည်။

## အောက်ဖို့ဒ်သို့ သွားလိုသူတို့အဖို့

အောက်စ်ဖို့ဒ်တက္ကသိုလ်ဝင်လိုလျှင် မည်သူထံ လျှောက်ထားရမည်။ မည်မျှ စရိတ်ကုန်ကျမည်။ မည်သို့ စီမံဆောင်ရွက်ရမည် စသောအချက်များကို စာဖတ်သူ အပေါင်းတို့ သိချင်ကောင်း သိချင်ကြပေလိမ့်မည် ဖြစ်သောကြောင့် အနည်းငယ် ရှင်းလင်းဖော်ပြရပေမည်။ အောက်စ်ဖို့ဒ်တက္ကသိုလ် ဝင်လိုလျှင် ရှေးဦးစွာ ၎င်းတက္ကသိုလ် လက်အောက်ခံကျောင်းတိုက်တစ်တိုက်သို့ ဝင်ခွင့်တောင်ကြရလေသည်။ အောက်စ်ဖို့ဒ်တွင် ကျောင်းတိုက်ပေါင်း (၃၀) နီးပါရှိ၏။ ၎င်းတို့အနက် မိန်းမကျောင်းတိုက်လည်း (၄) ကျောင်းရှိလေသည်။ အဆိုပါကျောင်းတိုက်များက လက်ခံပြီးနောက်မှ တက္ကသိုလ်ဝင်ခွင့်ပြု၏။

ကျောင်းတိုက်များသို့ဝင်ရန်မှာ ဆိုင်ရာကျောင်းတိုက်များက ကျင်းပသော စားမေးပွဲများကို ဝင်ရောက်ဖြေဆိုရလေသည်။ ၎င်းစာမေးပွဲတို့မှာ မြန်မာများအဖို့

မလွယ်ကူပေ။ လက်တင်ဘာသာ၊ ဂရိတ်ဘာသာများ ပါဝင်နေသောကြောင့်တည်း။ မြန်မာများအဖို့ကား ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ၊ သိပ္ပံစာမေးပွဲများကို အောင်မြင်ပြီးမှ သာ အောက်စ်ဖို့ဒ်သို့ သွားရန်သင့်ပေသည်။ ဂုဏ်ထူးနှင့်အောင်သွားလျှင် သာ၍နေရာကျလေသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ၊ သိပ္ပံစာမေးပွဲများကို မဖြေဆိုရဘဲတက္ကသိုလ်ဝင်ခွင့်ရလေသည်။

နိုင်ငံခြားမှလာကြသော ကျောင်းသားတို့မှာ ကျောင်းတိုက်များသို့ဝင်ခွင့်ကို တိုက်ရိုက်လျှောက်ထားခြင်းမပြုရပေ။ ဆိုင်ရာကိုယ်စားလှယ်များထံမှတဆင့်လျှောက်ထားရလေသည်။ ဥပမာ မြန်မာပြည်မှစ၍ အရှေ့နိုင်ငံကျောင်းသားများမှာ အရှေ့နိုင်ငံကျောင်းသားများ၏ အုပ်ချုပ်ရေးအဖွဲ့၏အကျိုးဆောင်* ထံမှတစ်ဆင့်လျှောက်ထားကြရလေသည်။ ဤသို့လျှောက်ထားရာတွင်လည်း စောစောစီးစီးကလျှောက်ထားပါမှ ဝင်ခွင့်ရလေသည်။ နှစ်တိုင်း နှစ်တိုင်း အောက်တိုဘာလတွင် ကျောင်းဝင်ခွင့်ရရန် ဇန္နဝါရီလလောက်က လျှောက်ထားပါမှ အတော်ကျပေမည်။ သို့မဟုတ်လျှင် နောက်ကျနေတတ်၏။ အထက်တွင် ဖော်ပြခဲ့ပြီးသောအကျိုးဆောင်ထံသို့ စာရေးသောအခါတွင်လည်း မိမိဝင်လိုသောကျောင်းတိုက်အမည်၊ အကယ်၍ ၎င်းကျောင်းတိုက်က လက်မခံလျှင် အခြားမည်သည့်ကျောင်းတိုက်သို့ ဝင်လိုကြောင်းများကိုလည်း အသေအချာ ဖော်ပြရမည်။

အရည်အချင်းနှင့် ပြည့်စုံပြီးလျှင် စောစောစီးစီးက လျှောက်ထားပါသော်လည်း ကျောင်းဝင်ခွင့် ရချင်မှရသေး၏။ အကြောင်းမူကား ကျောင်းတိုက်တိုင်းတွင် နိုင်ငံခြားသားတို့ကို လက်မခံ။ လက်ခံသော ကျောင်းတိုက်မှာလည်း တစ်ကျောင်းတိုက်လျှင် တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် စသည်ဖြင့်သာ လက်ခံလေသည်။ ဝင်ချင်တိုင်း လက်မခံ။ အောက်စ်ဖို့ဒ်သို့ ဝင်လိုသော မြန်မာ၊ ကုလား၊ ယိုးဒယား၊ တရုတ်၊ ဂျပန်တို့မှာ တစ်နှစ်တစ်နှစ်လျှင် အတော်ပင် များလေသည်။ ကျောင်းဝင်လိုသော ကျောင်းသားဦးရေကများ၍ ကျောင်းတိုက်များက လက်ခံရန်သတ်မှတ်ထား သောကျောင်းသားဦးရေက နည်းသောကြောင့် လျှောက်ထားသူတိုင်းမဝင်ရပေ။ ထူးချွန်၍ ကံကောင်းသောသူတို့သာ ဝင်ခွင့်ရကြကုန်၏။ နိုင်ငံခြားသားများ အောက်စ်ဖို့ဒ်သို့ ဝင်ခွင့်တောင်းကြရသည်မှာ ထီထိုးသည်နှင့် ခပ်ဆင်ဆင် တူလေသည်။

အောက်စ်ဖို့ဒ်၌ နေထိုင်ရသော ကျောင်းစရိတ်မှာ ကျောင်းတိုက်ကိုလိုက်၍ အနည်းအများ ကျလေသည်။ အချို့ ကျောင်းတိုက်များ၌ စားစရိတ်၊ ကျောင်းလခ၊ နေထိုင်ရာအခန်းခများကိုပါ အားလုံးခြုံ၍ ပေးရလေသည်။ အချို့ ကျောင်းတိုက်များ၌မူကား နေထိုင်ရာ အခန်းအမျိုးမျိုးရှိ၍ အခမှာလည်း ကျောင်းလျှင် ကောင်း

* The Secretary, Delegacy of Oriental Student, Indian Institute: Oxford

သည့်အလိုက်၊ အမျိုးမျိုး တိုး၍ပေးရလေသည်။ စားစရိတ်မှာလည်း မိမိစား သလောက်တွက်၍ပေးရ၏။ ကျောင်းလခကား ကျောင်းတိုက်တွင် အတူတူ လောက်ပင် ဖြစ်လေသည်။ အချို့ကျောင်းတိုက်တွင် ကျောင်းစရိတ် ပိုကုန်၍ အချို့ကျောင်းတိုက်တွင်ကား သက်သာ၏။

အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် စာသင်ရန် တစ်နှစ်ကို (၃) ပိုင်း ပိုင်းခြား ထားသည်။ တစ်ပိုင်းလျှင် တနင်္ဂနွေ (၈) ပတ်သာရှိ၏။ ထို့ကြောင့် အောက်စ်ဖို့ဒ် တွင် တစ်နှစ်စာသင်ကြားသည် ဆိုရသော်လည်း စင်စစ်အားဖြင့် (၆) လသာင် ကြားရလေသည်။ စရိတ်ကြီးသောကျောင်းများ၌ တစ်ပိုင်းလျှင် သို့မဟုတ် တနင်္ဂနွေ (၈) ပတ်လျှင် ကျောင်းစရိတ် (၅၅) ပေါင်မှ ပေါင် (၆၀) အထိ ကုန်ကျလေသည်။ မြန်မာ ငွေတစ်ထောင်နီးပါးဖြစ်၏။ စရိတ်နည်းသော ကျောင်းတိုက်ပေါင်းတွင် ပေါင် (၅၀) မှ (၅၅) ပေါင်အထိကုန်ကျလေသည်။ ယခုဖော်ပြသောစရိတ်မှာ ကျောင်းစရိတ် သက်သက်ဖြစ်ဖြစ်၏။ ကျောင်းသား များသဘောအတိုင်း သုံးစွဲသော စရိတ်မပါ သေးချေ။ စာအုပ်ဖိုးမှစ၍ အတိုအထွာ သုံးစရိတ်များလည်း မပါသေး။ အောက်စ်ဖို့ဒ်နှင့် ကိန်းဗရစ်တက္ကသိုလ်တို့မှာ အင်္ဂလိန်ပြည်တွင် စရိတ်အကုန် အကျအများဆုံးသော တက္ကသိုလ်များဖြစ်ကြလေသည်။

## နိဂုံး

မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ် ၁၂၉၀ ပြည့်နှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၂၇ ခုနှစ် ၁၉၂၈ ခုနှစ်များတွင် အောက်စ်ဖို့ဒ်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် ကပင် အောက်စ်ဖို့ဒ်မှတ်တမ်းကို ရေးသာမည်စိတ်ကူးမိလေသည်။ သို့သော် စိတ်ကူးမျှသာဖြစ်၍ စင်စစ်ကား မရေးသားဖြစ်ပေ။ အတိုကောက်မှတ်ချက် ကလေးများကိုသာ စာအုပ်လွတ်တစ်အုပ်တွင် မှတ်သားထားခဲ့၏။ ၎င်း အတိုကောက် မှတ်ချက်ကလေး များအပေါ်တွင်သာ ထောက်ထားကာ ဤမှတ်တမ်း ကို ရေးသားရသောကြောင့် ထိုစဉ်အခါက အတိုကောက် မှတ်တမ်းကလေးများ ကို ရေသားခဲ့မိသည်ကိုပင် ဝမ်းမြောက်ရပေတော့သည်။

အောက်စ်ဖို့ဒ်တွင် ပညာသင်ကြားခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်ရောက် လျှင် ဤမှတ်တမ်းကိုရေးသားမည်ဟု အားခဲလာသော်လည်း အလုပ်သင်ကြားရန် အတွက် တစ်မြို့မှတစ်မြို့သို့ ပြောင်းရွှေ့နေရသည် တစ်ကြောင်း၊ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရသည်တစ်ကြောင်းတို့ကြောင့် မှတ်တမ်းကို မရေးသားဖြစ်ဘဲ

လေးငါးနှစ်ခန့် ကုန်လွန်ခဲ့ပြန်၏။ စိတ်ကားပါ၍၊ လက်မပါဖြစ်နေလေတော့သည်။

ဤသို့ အလုပ်များသောကြောင့် ရက်လများကို ရွှေ့ဆိုင်းကာ မရေးသားဘဲနေလျှင် နောင် ရေးသားဖြစ်တော့မည်မဟုတ်ဟူ၍ တွေးတောမိသောကြောင့် လွန်ခဲ့သော တစ်နှစ်ခန့်အခါက အားတင်းကာ ရေးသားရခြင်းဖြစ်လေသည်။ ဤသို့ စတင်ကာ ရေးသားသော်လည်း လက်ရှိလုပ်ကိုင်ရန် အလုပ်ဝတ္တရားတို့မှာ များပြားလှသောကြောင့် မကြာမကြာဖြတ်၍ ထားခဲ့ရပေ၏။ တစ်လမှာမှ စာမျက်နှာ (၁၀) မျက်နှာ၊ (၁၅) မျက်နှာပြီးရန် များစွာ ကြိုးစားရပေသည်။ ဤသို့ ရွှေ့ဆိုင်း ရွှေ့ဆိုင်းနှင့် ရေးသားလာခဲ့သည်မှာ တစ်နှစ်နီးပါကြာမှပင် ဆုံးခန်းတိုင်ရောက်လေတော့သတည်း။

ဤမှတ်တမ်းကို ရေးသားပြီးသော ယခုအချိန်ကား မြန်မာသက္ကရာဇ် ၁၂၆၉ ခု၊ တပေါင်းလဆန်း (၉) ရက်၊ အင်္ဂါနေ့ည (၈) နာရီခွဲတိတိ အချိန်ဖြစ်၏။ ဤမှတ်တမ်းကို အဆုံးသတ်ရေးသောနေရာကား မြောင်းမြနယ်၊ ကမာကိုင်ရွာအပိုင်၊ ဝါးနွယ် ချောင်းခေါ် ရွာသိမ်ရွာငယ်ကလေးအနီးရှိ ချောင်းကလေးအတွင်း ဆိုက်၍ထားသော "ဖျာပုံ" ခေါ် အစိုးရသင်္ဘောကလေးအပေါ်တွင် ဖြစ်လေသည်။ ဤမှတ်တမ်းကို ရေးသား၍ ပြီးဆုံးသောအချိန်တွင် ဝါးနွယ်ချောင်းရွာကလေးအတွင်း ကာလသားတို့မှာ ပျော်ပါးစွာ တီးမှုတ်နေကြကုန်၏။ တပေါင်းလပြည့်နေ့တွင် အတီးအမှုတ်တို့ဖြင့် ပျော်ပါးစွာ အလှူလုပ်ကြရန်ကျင့်နေကြသည်ဟု သိရလေသည်။ ခပ်လှမ်းလှမ်း တောလမ်းထဲ၌လည်း ညဥ့်ငှက် နှစ်ကောင်၊ သုံးကောင်တို့မှာ ပျော်ပါးစွာ မြူးတူး အော်မည်နေကြကုန်၏။ ဤမှတ်တမ်းကို ရေးသားသော ကျွန်တော်မှာလည်း တစ်နှစ်နီးပါး ရေးသား၍လာသော မှတ်တမ်းတည်းဟူသော ဝန်ထုပ်ကြီး ကျသွားပြီဖြစ်သောကြောင့် အားပါးတရ ဝမ်းမြောက်၍နေတော့၏။ ငှက်ရောလူပါ ပျော်ရွှင်စွာရှိကြခိုက် ပြီးဆုံးရသောမှတ်တမ်းဖြစ်သောကြောင့် စာဖတ်သူအပေါင်းတို့လည်း ဤမှတ်တမ်းကိုဖတ်လျှင်ရွှင်ပျသောအရသာကို ခံစားရလိမ့်မည်ဟု မျှော်လင့်၏။ ဤစာမှာလည်း အစဉ်အမြဲတည်သွားမည်ဟု မျှော်လင့်ပါကြောင်း။

ဤမှတ်တမ်းကိုရေးသားရာတွင် အကြံဉာဏ်ပေးခြင်းဖြင့် ကူညီသော ပါမောက္ခဦးဖေမောင်တင်အားလည်းကောင်း၊ ဤမှတ်တမ်းကို ပုံနှိပ်ရာတွင် ကူညီသော ကိုဝန်၊ ကိုသိန်းဟန်နှင့် ကိုချစ်တင်တို့အားလည်းကောင်း၊ ကျွန်တော်အကြမ်းရေးသားထားသောမှတ်တမ်းကို အချောကူးပေးသော ကျွန်တော်၏ဇနီး ခင်ခင်မြင့်အားလည်းကောင်း များစွာကျေးဇူးတင်ပါသည်။

**မြန်မာစာပေကြီးပွားတိုးတက်ပါစေသတည်း။**

**သိပ္ပံမောင်ဝ**

www.burmeseclassic.com



## အောက်စ်ဖို့ဒ်တွင် ပညာသင်ကြားခဲ့ဖူးသော မြန်မာကျောင်းသားများ

| | | | |
|---|---|---|---|
| ၁။ | ဦးကျော် | ဝတ်လုံတော်ရ | ဗေလီရယ်ကောလိပ်[၁] |
| ၂။ | ဦးဖေမောင်တင် | ပါမောက္ခ | အိစ်ဆီတာကောလိပ်[၂] |
| ၃။ | ဦးစိုးညွန့် | ဝတ်လုံတော်ရ | ဗေလီရယ်ကောလိပ် |
| ၄။ | ဦးထင်ဝါး | အိုင်. အဖ်. အက် | ခရိုက်ချပ်ချ်[၃] |
| ၅။ | ဦးမောင်မောင် | အိုင်. စီ. အက် | ဘုရင်မကောလိပ်[၄] |
| ၆။ | ဦးနို | ဝတ်လုံတော်ရ | စိတ်ကက်သ်ရင်း[၅] |
| ၇။ | ဦးခင်မောင်ရင် | အိုင်. စီ. အက် | ဟာဒ်ဖို့ဒ်ကောလိပ်[၆] |
| ၈။ | ဦးကျော်ခိုင် | အိုင်. စီ. အက် | နျူးကောလိပ်[၇] |
| ၉။ | ဦးကျင် | အိုင်. စီ. အက် | အော်ရီရယ်ကောလိပ်[၈] |
| ၁၀။ | ဦးစံမောင် | အိုင်. စီ. အက် | ဘုရင်မကောလိပ် |
| ၁၁ | ဂျော့ဘိုးစော | အစိုးရပညာတော်သင် | ဂျီးဆပ်စ်ကောလိပ်[၉] |
| ၁၂ | ဦးရွှေဘော် | အိုင်. စီ. အက် | ဝပ်ဒမ်ကောလိပ် |
| ၁၃။ | ဦးစိန်တင် | အိုင်. စီ. အက် | ခရိုက်ချပ်ချ် |
| ၁၄။ | ဦးအောင်စိုး | အိုင်. စီ. အက် | ဝပ်ဒမ်ကောလိပ်[၁၀] |
| ၁၅။ | ဦးစောစိန်တင် | ဘီ. အဖ်. အေ (၁) | ဗရေးစနိုးကောလိပ်[၁၁] |
| ၁၆။ | ဦးစံ | ဘီ. အဖ်. အေ (၁) | ဘုရင်မကောလိပ် |
| ၁၇။ | ဦးစောဟန် | အိုင်. စီ. အက် | ဝပ်ဒမ်ကောလိပ် |
| ၁၈။ | ဦးသိန်း | ဘီ. အဖ်. အက် (၁) | နျူးကောလိပ် |
| ၁၉။ | ဦးအောင်ဘော် | ဘီ. အဖ်. အေ (၁) | ခရိုက်ချပ်ချ် |
| ၂၀။ | ဦးထွန်းကျော် | ဘီ. အဖ်. အေ (၁) | ခရိုက်ချပ်ချ် |
| ၂၁။ | ဦးရွှေမြ | အိုင်. စီ. အက် | ခရိုက်ချပ်ချ် |
| ၂၂။ | ဦးကျော်သိန်း | အိုင်. စီ. အက် | စိန့်ဂျွန်းကောလိပ်[၁၂] |
| ၂၃။ | ဦးချမ်းသာ | အိုင်. စီ. အက် | နျူးကောလိပ် |
| ၂၄။ | ဦးစိုးတင့် | အိုင်. စီ. အက် | ဝပ်ဒမ်ကောလိပ် |

၁။ **Balliol College**
၂။ **Exeter College**
၃။ **Christ Church**
၄။ **Queen's College**
၅။ **St. Catherine's**
၆။ **Hertford College**
၇။ **New College**
၈။ **Oriel College**
၉။ **Gesus College**
၁၀။ **Wadham College**
၁၁။ **Brasenose College**
၁၂။ **St. John's College**